www.burmeseclassic.com



ကံကော် ဝတ်ရည်

တက္ကသိုလ်ဘုန်းနိုင်

# သူငယ်ချင်းလို့ပဲ ဆက်ပြီးခေါ်မယ်ဒါ

BURMESE CLASSIC .com

www.burmeseclassic.com



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ... နိုင်

## တက္ကသိုလ်ဘုန်းနိုင်

*စကားသစ္စာ*
*မှန်သောခါဝယ်*

www.burmeseclassic.com



*ဩဇာလေးနက်*
*ပေါ်ဆီတက်၍*
*နှယ်မြက်သစ်ပင်*
*ဆေးဖက်ဝင်၏။*

ရှင်မဟာသီလဝံသ

# သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တစ်လေ
တွေ့ငြားပေမူ၊ စာပေကျေးကျွန်
ငါ့ဝတ်ပွန်ပြီ၊ ငါအမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ
မလုပ်ပါတည်း ။ ။

တက္ကသိုလ်ဘုန်းနိုင်

sic.com

www.burmeseclassic.com



## ပထမဆုံးအကြိမ် စဆုံး ပုံနှိပ်ခြင်းအတွက်
## စာရေးသူ၏ အမှာစာ

ထုတ်ဝေပြီးဖြစ်သည့် "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ခိုင်" တတိယတွဲ၌ ဤဝတ္ထုကြီးသည် အဘယ်ကြောင့် ဤမျှရှည်သွားခဲ့ရကြောင်း ကျွန်တော် အစီရင်ခံခဲ့ပြီး ဖြစ်ပါသည်။

ထိုအစီရင်ခံစာ၌ ကျွန်တော်သည် ဤဝတ္ထုကြီးတွင် ဇာတ်ကောင်တို့၏ သဘာဝစာရိတ္တလက္ခဏာကို ကြိုးစား ခွဲခြမ်းစိတ်ဖြာ လေ့လာထားကြောင်း ဆိုခဲ့ပါသည်။ ကျွန်တော် တောင်းပန်ထားသည့်အတိုင်း စာဖတ်သူ ပြည်သူအများထံမှ ဝေဖန်ဆွေးနွေးစာအများ ယနေ့တိုင် တဖွဲဖွဲ မစဲအောင် ရောက်နေဆဲဖြစ်သဖြင့် ဝမ်းသာကျေးဇူးတင်မိပါသည်။

ကျွန်တော့်ရည်ရွယ်ချက်ကို နားလည်သဘောပေါက်ကြရုံမက အနုပညာစနစ်အရ ကျွန်တော် မဖော်ပြဘဲ မြှုပ်ကွယ်ထားခဲ့သည့် အချက်များကိုပင် ထိုးထွင်းခွင်းမြင်ကာ ဆွေးနွေးကြသည့်အတွက် ယနေ့ စာဖတ်ပရိသတ်ကြီး၏ အဆင့်အတန်းကို အံ့သြမိပါသည်။ အားရမိပါသည်။ ရှိလည်း ရှိသေမိပါသည်။ ရေမြင့်မှ ကြာတင့်ဟူသော စကားရှိပါသည်။ မှီခိုအားထားရာ၊ တည်တွယ်ရာဖြစ်သော ရေနှင့် ပမာတူသည့် စာဖတ်သူ ပြည်သူတို့ မြင့်လာသမျှ ကြာပန်းမည်သော ကျွန်တော်တို့ စာရေးသူများ တင့်တယ်ကြရပါမည်။ စာရေးဆရာတစ်ဦးအနေနှင့် အနာဂတ်အတွက် ဝမ်းသာအားတက်မိပါသည်။

ကျွန်တော့်ထံ စာရေးဆွေးနွေးသူများကို တစ်ဦးချင်း သီးသန့် စာပြန်ပါဦးမည်။ ယခု ဤအမှာစာ တွင်မူ ယေဘုယျသဘောခြုံလျက် ဆွေးနွေးချင်ပါသည်။

ဇာတ်ကောင်များကို ဖန်တီးရာ၌ **မူသေပုံစံများ (Types)**အဖြစ် ဖန်တီးခြင်းနှင့် စိတ္တဗေဒသဘောအရ **လျှို့ဝှက်နက်နဲသော လူစင်စစ်များ (Complex Human Beings)**အဖြစ် ဖန်တီးခြင်းဟူ၍ စနစ်နှစ်မျိုး ရှိပါသည်။ မူသေပုံစံများ၏ အကောင်းဆုံး ဥပမာကို ဇာတကများ၌ တွေ့နိုင်ပါသည်။ ဘုရားအလောင်းနှင့် ဒေဝဒတ်အလောင်း၊ ယသော်ဓရာအလောင်းနှင့် စိဉ္စမာနအလောင်း ...။ သူတို့သည် မူသေပုံစံများ ဖြစ်ပါ၏။ ဘုရားအလောင်းဟုဆိုလျှင် အားလုံး၌ ကောင်းပြသည်။ အမြဲတမ်း အောင်မြင်ပြသည်။ ဒေဝဒတ်အလောင်းဟု ဆိုလျှင် အားလုံး၌ ယုတ်ပြမည်။ အမြဲတမ်း ဆုံးရှုံးပြမည်။ မူသေပုံစံများ၏ သဘာဝ စာရိတ္တလက္ခဏာ များသည် ရိုးရှင်း၍စင်းသည်။ **သူတို့၏ အပြုအမူကို ကာလ၊ ဒေသမရွေး ကြိုတင်ခန့်မှန်း သိနိုင်သည်**။ လူစင်စစ်များကား ဘုရားအလောင်းချည်း မဟုတ်။ ဒေဝဒတ်အလောင်းချည်း မဟုတ်။ အားလုံး၌ မကောင်း၊ အားလုံး၌ မယုတ်။ အမြဲတမ်း မအောင်မြင်သကဲ့သို့ အမြဲတမ်း မရှုံး။ သူတို့၏ သဘာဝ စာရိတ္တ လက္ခဏာများကား ဆန်း-ရှုပ်၍ နက်နဲသည်။ သူတို့၏ အပြုအမူကို **ကာလ ဒေသအလိုက် ကြိုတင် ခန့်မှန်း၍ မသိနိုင်**။

" ခိုင် "ဝတ္ထုကြီးမှ ဇာတ်ကောင်များကို စိတ္တဗေဒသဘောအရ လျှို့ဝှက်နက်နဲလျက် **အစိုးမရသော** လူစင်စစ်များအဖြစ် ဖန်တီးကြည့်ထားပါသည်။

လူစင်စစ်များ၌ **မသိစိတ်**နှင့် **အသိစိတ်**ဟု ဝေါဟာရသုံး၍ ခေါ်ရသော နက်နဲသော စိတ္တဗေဒ သဘောတို့ ရှိသည်။ မသိစိတ်မှ လုပ်ချင်မှုနှင့် အသိစိတ်မှ မလုပ်မှု၊ မသိစိတ်မှ မလုပ်ချင်မှုနှင့် အသိစိတ်မှ မလုပ်မှုတို့ ထာဝရ ရန်းကန်ဆန့်ကျင်နေကြသည်။ ကာလဒေသ ပယောဂများ ဝင်နှောင့်လိုက်သောအခါ လူ့စိတ်နှင့် လူ့အပြုအမူသည် နားမလည်နိုင်အောင် ဆန်းကြယ်၍ မကျေနပ်နိုင်အောင် အဖြေမရ ရှိတတ်သည်။ ဤနေရာတွင် လူ၌ရှိသော **စိတ္တဗေဒသဘော** ဆိုသောစကားနှင့် **ကာလဒေသ ပယောဂ** ဟူသော စကားနှစ်ရပ်ကို အထူးသတိထား ဆင်ခြင်ကြစေလိုပါသည်။ လူသည် စိတ်ချည်းမဟုတ်။ လူသည်

www.burmeseclassic.com



ရုပ်ချည်းမဟုတ်။ စိတ်သဘော၊ ရုပ်သဘောတို့ ဆန်းစုံစွာ ပေါင်းကာ ဖွဲ့ကာ ပြန်ကာလှန်ကာ တုံ့ကာလှယ်ကာ အသွယ်သွယ်သော **အညမည**တရားတို့ အနွယ်နွယ် အခက်ခက် အနက်နက် အနဲနဲ မစဲနိုင် မရပ်နိုင် ဆိုင်ပြိုင် စိုးမိုး ကြိုးဆွဲဖန်တီး ခြယ်လှယ်အပ်သော **သတ္တဝါ**တစ်ဦး ဖြစ်လေသည်။ **လောကသုံးပါး**၌ အထွဋ်အထိပ် အဓိပတိလည်း မည်သည်။ အဆန်းတကြယ် အံ့ဖွယ်လည်း မှန်သည်။ **အဖြေ**လည်း ဟုတ်သည်။ **ပဟေဠိ**လည်း ဟုတ်သည်။ ကတ္တားလည်း မှန်၏။ ကံလည်း မှန်၏။ ကြိယာလည်း ဖြစ်သကဲ့သို့ နာမ်လည်း ဖြစ်နေပါ၏။ လူ့အကြောင်းကို သဒ္ဒါနည်းနှင့် သရုပ်ခွဲပြ၍ မရပါ။ သင်္ချာနည်းနှင့် ဆန်းစစ် တွက်ကြည့်၍လည်း မသိနိုင်ပါ။ ထိုမျှအံ့ဖွယ်ဆန်းပြားသော လူ့သဘာဝကို ပိုင်သမျှ၊ နိုင်သမျှ၊ သိသမျှ၊ မြင်သမျှမှ သုံးသပ်ကြည့်ရှုသောအခါ စိတ်ဝင်စားဖွယ် အနုပညာများ ပေါ်ပေါက်လာ၏။

" ခိုင့် "အတွက် အသည်းနှင့်သူများ၊ " မောင့် "အတွက် ရင်ဆို့သူများ၊ " ငြိမ်းမောင် "အတွက် ငိုမိသူများ၊ " လှိုင့် "အတွက် ကြေကွဲသူများသည် ဤအမှာစာကို ဖတ်ပြီးသောအခါ သူတို့ခများတွေသည် လူတွေသာ ဖြစ်သည်ဟု ခွင့်လွှတ်ဖြေသိမ့်နိုင်ကြပါစေသတည်း။

မေတ္တာရည်လျက်
တက္ကသိုလ်ဘုန်းနိုင်
၂၁ . ၇ . ၆၄

www.burmeseclassic.com



## အပိုင်း တစ်
## ကြိုင် – မြိုင် – လှိုင် – ခိုင်လုံးရယ်

၁။ ဘဝတစ်လွှာ
၂။ သမုဒယ အရုဏ်ဦး
၃။ သစ်ရွက်လက်ဆောင်
၄။ သူငယ်ချင်း ခိုင် …
၅။ ခိုင်နှင့်လည်း ကျောင်းနေစဉ်
၆။ ပုံပမာ တင်ပြသည်
၇။ ဒုတိယလူတစ်ယောက်
၈။ ညီအစ်ကိုနှင့် ညီအစ်မများ

## အပိုင်း နှစ်
## ခိုင်လုံးရယ် မွေး

၉။ မိခိုင် သူ့ကြောင့်
၁၀။ တစ်ရေးမှောင့်သူ
၁၁။ ပင်ပင်နီ ယောထဘီနှင့်
၁၂။ ခိုင်ရဲ့မောင်
၁၃။ မုန်တိုင်းရိပ်ဆင်
၁၄။ လွမ်းရစ်တော့ မြိုင်
၁၅။ မွေးရစ်လေဦး ခိုင်

## အပိုင်း သုံး
## စန်းလငွေ မှုန်ရစ်တော့လေး

၁၆။ သည်သောင်ယံဝယ်
၁၇။ ကြယ်မကြွေသောည
၁၈။ လွမ်းရစ်လေဦး

www.burmeseclassic.com



## အပိုင်း လေး
## ချစ်ခြင်းငယ် ဘယ်မပြိုင်


၁၉။ အိပ်မက်ပမာလည်

၂၀။ တစ်နေ့တော့ မောင်ပြန်လာသည်

၂၁။ နစ်ရသူတစ်ဦး

၂၂။ မေတ္တာတေးရှင်

၂၃။ သူတစ်ယောက်မှာ

၂၄။ မုန်းသည်ဆိုသော နေ့

၂၅။ သူ့အတွက် တစ်ရွက်တစ်လွှာ


## အပိုင်း ငါး
## ပြိုင်ငိုချင်စမ်းပါဘိလေး


၂၆။ တစ်ယောက်တစ်မြေ

၂၇။ သူ့မှာ အိပ်မက်တွင်းက လူပေမို့

၂၈။ သူ့အတွက် ကိုယ့်မှာတမ်း

၂၉။ ကြုံလေပြန်ရသည် ခိုင်

၃၀။ တစ်ပြည်စံ ဘဝ

၃၁။ ပြိုင်ငိုချင်စမ်းပါဘိလေး


## အပိုင်း ခြောက်
## သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ... ခိုင်


၃၂။ မောမြေမြင့် ကွန်းထောင်ဆောင်

၃၃။ မဖြောင့်ပျံ့လွင့် နှောင်ကြိုးဝင့်သည်

၃၄။ လှိုင့်အတွက် ချယ်ရီဦး

၃၅။ လွမ်းစေတီဦး

၃၆။ နမပြာဝင်း နေရစ်မင်း


sic.com

www.burmeseclassic.com



"ချစ်ရိပ်ပွင့်ကို
လုလင့်ဘာသာ
ပျူငှာဆန်းဆို
လွမ်းလိုလိုနှင့်
သံချိုမြမြ
နှမပြာဝင်း
နေရစ်မင်းဟု . . ."

ရှင်အဂ္ဂသမာဓိ

www.burmeseclassic.com



# အပိုင်းတစ်

## ကြိုင် – မြိုင် – လှိုင် – နိုင်လုံးရယ်


၁ ဘဝတစ်လှွာ

၂ သမုဒယ အရှဏ်ဦး

၃ သစ်ရွက်လက်ဆောင်

၄ သူငယ်ချင်း နိုင်

၅ နိုင်နှင့်လည်း ကျောင်းနေစဉ်

၆ ပုံပမာ တင်ပြသည်

၇ ဒုတိယလူတစ်ယောက်

၈ ညီအစ်ကိုနှင့် ညီအစ်မများ

www.burmeseclassic.com



## ( ၁ ) ဘဝတစ်လွှာ

ဘဝဟူသည်ကို သစ်ရွက်နှင့် ပမာပုံခိုင်း၍
နှိုင်းစတမ်းဆိုပါလျှင် …

တစ်ရိုးတံအလွှာငယ် တစ်ဆယ်မကနှင့်
ကြွယ်လှသော စိန်ပန်းရွက်နှယ် ဘဝမျိုးလည်း ရှိသည်။

တစ်ညှာတွင် တစ်လွှာရှိ၍ ဤတစ်လွှာပင်တစ်ရွက်မည်သော
ညောင်ရွက်ကဲ့သို့ ဘဝမျိုးလည်း ရှိပါ၏။

ခိုင်နှင့် ကျွန်တော့်ဘဝမှာမူ …
နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသည့်
စွယ်တော်ရွက်ပမာသာ ဖြစ်ခဲ့ရသည်။
တစ်လွှာကြွေခဲ့လေပြီမင့် တစ်ရွက်မမည်လေတော့သော
အထီးကျန် ဤဘဝငယ် …

sic.com

www.burmeseclassic.com



"ချစ်ရိပ်ပွင့်ကို
လုလင့်ဘာသာ
ပျူငှာဆန်းဆို
လွမ်းလိုလိုနှင့်
သံချိုမြမြ
နမပြာဝင်း နေရစ်မင်းဟု ..."

နမပြာဝင်း နေရစ်မင်းဟု ... နေရစ်မင်းဟု ... နေရစ်မင်းဟု ...

ကျွန်တော့်ရင်တွင် ဟိုတောင်ယံမှ ရိုက်ခတ်တုံ့ပြန်လာသော ဥသြငှက်၏ နွေတေးပမာ ဤကဗျာ၏ နောက်ဆုံးစာပုဒ်များ ပဲ့တင်ထပ်နေသည်။

စာပေ၊ ကဗျာ၊ လင်္ကာကို မြတ်နိုးရကောင်းမှန်း ... သိစ။ စာပေ၊ ကဗျာ၊ လင်္ကာကို မြတ်နိုးရကောင်းမှန်း သိသော်လည်း စာပေ၊ လင်္ကာ၊ ကဗျာဆိုသည်မှာ သမုဒ္ဒယသစ္စာ အရင်းတည်၍ ဒုက္ခသစ္စာ ကြွင်းလေသည်သော ဘဝလမ်း၌ာနေ၌ သောကဝဋ်ကြီး နှောင်ပတ်ချည်မိလေရာမှ ပေါက်ဖွားခြင်းကို ရှင်းလင်း မသိစဉ် သမယ ... ဟိုစဉ်ကာလများကတည်းက " **ရှင်အဂ္ဂသမာဓိ** "၏ " **နေမိဘုံခန်းပျို့** "လာ ဤစာပိုဒ်များကို အကြောင်းမဲ့တ,သ အကြိမ်ကြိမ် နှုတ်မှ ခုံခုံမင်မင် စိတ်ကူးယဉ် ရေရွတ်ခဲ့ဖူးသည်။

ယခုမူ ... နှုတ်မှ မရွတ်သာ။ ရင်မှာသာ ပဲ့တင်ထပ်ရသော ဤကဗျာသည် ခိုင့်အတွက် ဖြစ်ရပါလေ ပြီကော ...။

" မောင့်ကို ခွင့်လွှတ်ပါလေ ခိုင်၊ နှောင်ဘဝဆိုသည်လည်း ရှိပါစေ ခိုင် ...။ ဘဝတို့ အကြိမ်ကြိမ် ပြန်လည်ဖွားမြောက်လေသော သံသရာဆိုသည်နှင့် သံသရာ၌ ပြန်လည်တွေ့ဆုံတတ်သော ရေစက် ဆိုသည်လည်း ရှိပါစေ ခိုင် ...။

သံသရာလမ်းဘုံဘဝ ကွန်းထောက်တစ်စခန်းမှာ ရေစက်အဟုန်ကြောင့် ခိုင်နှင့် မောင် ပြန်တွေ့ဆုံလျှင် ... မောင့်ကို ခွင့်လွှတ်နိုင်ပါစေ ခိုင် ..."

မရှိတော့ပြီဖြစ်၍ မကြားနိုင်လေသူတစ်ဦးကို စကားဆိုသူတစ်ဦးအား ရူးသွပ်သူဟု ဆိုကြပါလေ။ ဆိုကြစမ်းပါလေ။ ကျွန်တော်သည် ရူးသွပ်နေသူတစ်ဦး အမှန်ဖြစ်ပါ၏။ အကြောင်းမှာ အထက်ပါ ကျွန်တော့် စကားတို့ကို ချစ်လှစွာသော ခိုင်တစ်ယောက် မကြားနိုင်တော့ပါလေ ...။ ကျွန်တော် မည်မျှကြားစေချင်ဦးတော့၊ ချစ်သောခိုင် မကြားနိုင်တော့ပါလေ။

ခိုင်မကြားနိုင်မှန်း သိလျက်နှင့် ...

" နမပြာဝင်း၊ နေရစ်မင်းဟု ..." ဤစကားကို ကျွန်တော့်နှုတ်မှ မရေရွတ်ရဲ၊ ရေရွတ်ခဲ့သော် ... မမြင်နိုင်သော တောင်လေရူးသည် မသိနိုင်သည့် နွေတိမ်ခိုးတို့ နောက်ဆွယ်ရှိ ဝိညာဉ်လောက၏ မှောင်ခိုးရိပ်မှ ဆိတ်ဆိတ်သုဉ်းသုဉ်း ရပ်နေရလေရမည့် ခိုင့်ဆီ သယ်ဆောင်သွားသည် ဆိုပါအံ့။

ခိုင် အထင်မလွဲစေလိုပါ ...။

" နမပြာဝင်း၊ နေရစ်မင်း ..."ဟု ကျွန်တော်မပြောရက်ပါ။ တတ်နိုင်လျှင် မပြောချင်ပါ။

နွေ၏ပင်အိုကို စွန့်ခွာမြေသက် လေထက်ပါလေသူ ရွက်ဝါတို့အား ပင်အိုသည် နှုတ်ဆက်စကား မဆိုနိုင်သကဲ့သို့ ကျွန်တော်လည်း မဆိုနိုင်ချင်ပါ။

ခက်သည်မှာ ... ခိုင်သည် ရွက်ဝါမဟုတ်။ ကျွန်တော်သည်လည်း ပင်အိုမဟုတ်။

ကြုံရချက် နာသမျှမှာ ... ရွက်ဝါနှင့် ပင်အိုပမာပင် မနှိုင်းသာခဲ့။ ပင်အိုအတွက်မူ ညိုသောရွက်တို့ ကြွေစင်လေလျှင် ပျိုသောရွက်တို့ ဝေလွင်ပေမည်။

www.burmeseclassic.com



နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသည့် စွယ်တော်ရွက်လျှင် တစ်လွှာကြွေခဲ့ပြီမို့ တစ်ရွက် မမည်လေသကဲ့သို့ မပြည့်စုံတော့သော အထီးကျန် ဤဘဝဝယ် ဘယ်အချိန်ထိ ရပ်တည်နေရမှန်း မသိနိုင်သည့် ကျွန်တော်နှင့်စာလျှင် ပင်အိုသည် ကံကောင်းလေပါသည်။ ခံစားမှု မရှိ၍လည်း ပို၍ကံကောင်းလေပါသည်။

ခံစား စံစားမှုရှိသော သုံးပါးလောကဝယ် … ဒုလ္လဘဟူ၍ အမြင့်မြတ်ဆုံးဆိုသော အတိတ်ကိုလည်း မမေ့။ ပစ္စုပ္ပန်ကိုလည်းသိ။ အနာဂတ်ကိုလည်း ကြိုမြင်တတ်သောလူ ဖြစ်နေရသည့် ကျွန်တော်သည်သာ ကံအဆိုးဆုံး ဖြစ်နေရပါ၏။ လူတစ်ယောက်အနေနှင့် ပိုင်ဆိုင်ထားရသော ထက်မြက်သည့် အာရုံတရားတို့နှင့် ဥပါဒါန် ဖုတ်၊ တဏ္ဍေ ခိုအောင်းမှီတွယ်ရာ သက္ကာယဒိဋ္ဌိ မနောစိတ်ဂူ ငါစွဲဟူသည်တို့ကိုပင် မုန်းတီးရလေမည်လား မပြောတတ်။

“ ပတ်ဝန်းကျင်ကိုလည်း မမြင်ချင်၊ မကြားချင်၊ မသိချင်ပါ ခိုင် …။ အတိတ်ဆိုတာကိုလည်း မေ့ချင်ပါသည် ခိုင် …။ ပစ္စုပ္ပန်မှာလည်း မောင်မပျော်ပါဘူး ခိုင် …။ အနာဂတ်ဆိုတာကိုတော့ တွေးမိတိုင်း ကြောက်လန့်မိတယ် မိခိုင်ရယ် …”

မမြင်ချင်သော်လည်း ပတ်ဝန်းကျင်ကို ကျွန်တော် မြင်နေရသည်။

ကျွန်တော် မြင်နေရသော ပတ်ဝန်းကျင်မှာ လေငင်တိုင်း ရိုင်းရိုင်းသဲသဲ ဝဲဝဲလွင့်လွင့်၊ ဆင့်ဆင့်ဆက်ဆက် ကြွေသက်နေသော ရွက်ဝါရွှေ မြေခသည့် နွေလရက်ဆည်းဆာရိပ် ပြာရီရီတည်း။ ကျွန်တော် ရပ်တည်နေရာမှာ မြေပုံမိုမို့ အုတ်ဂူညို့ညို့တို့ဖြင့် မျှို့အသရေ မရှိပါလေသော သချိုင်းမြေသာတည်း။

ရွက်ဝါဆိုသည်မှာ ဇာတ်လမ်းဆုံးခန်းတွင် လွမ်းတေးမဆိုဘဲ ငိုပွဲကို ဟန်အမူအရာဖြင့် သယ်ယူတတ်သည့် ရာသီ၏ ကချေသည်များသာဖြစ်ပါ၏။

ရာသီကချေသည်တို့၏ ငိုပွဲကို အသည်းကြွေလုဖြင့် ရှုမြင်နေရင်း ကျွန်တော်သည်သာ မငိုရဲပါ။

“ ငိုချင်ပါရဲ့ ခိုင် …။ ဒါပေမယ့် ဆိတ်ငြိမ်တဲ့ ခိုင်ရဲ့ ဝိညာဉ်လောကဟာ မောင့်ရဲ့ ငိုရှိုက်သံတွေကြောင့် နှောင်းဘဝသောက ပဲ့တင်ချက်နဲ့ မပျက်စီးစေလိုဘူး မိခိုင် …”

မိခိုင်တစ်ယောက် ဖြစ်ရာဘဝမှာ ငြိမ်းချမ်းနိုင်ပါစေ …။

“ မောင့်ဘဝတော့ မငြိမ်းချမ်းနိုင်တော့ပါဘူး မိခိုင်ရယ် …။ မောင့်အပေါ် ခိုင် ချစ်သမျှ၊ ဖြစ်ခဲ့ရတဲ့ အကြောင်းကံဆိုးကို အပြုံးနဲ့ မုန်းမိလေသမျှ မောင့်ဘဝမှာ ငြိမ်းချမ်းရေးဆိုတာ မရှိနိုင်တော့ပါဘူး ခိုင်ရယ်”

သိလျက်နှင့်လေ၊ ချစ်ဝိပါက်ဟု ဆိုများ ဆိုကြပါစေ။ ကျွန်တော် ဖြစ်ရသည်မှာ ကြယ်ကြွေကို လည်ကာကောက်သည့် တစ်ယောက်သော သူရူးပမာသာ ဖြစ်ပါ၏။

ကျွန်တော် ရှာဖွေကောက်သော ကြယ်ကြွေများမှာ မရှိတော့ပြီဖြစ်သော အတိတ်ကာလမှ လွမ်းဆွတ်တမောဖွယ်ရာများသာ ဖြစ်ပါ၏။

ခိုင်နှင့် ကျွန်တော် အတူကျင်လည်ခဲ့ရသည့် အတိတ်ကာလမှာ လွမ်းဆွတ်တမောဖွယ်ရာများသာ ဖြစ်ပါ၏။

www.burmeseclassic.com



## ( ၂ ) သမုဒယ အရုဏ်ဦး

" ခိုင် " ဟုခေါ်သော မိန်းကလေးတစ်ဦး ဤလောက၌ ရှိမှန်း စသိသောအချိန်တွင် ကျွန်တော်သည် ၁၁–နှစ်သားသာ ရှိပါသေး၏။

ထိုနေ့ညနေတွင် နွေ၏ ကြွေသုဉ်းလု နိဂုံးရက်များအတွင်း ဖြစ်ပါသည်။

မိုးမတိုင်ခင် လေဆင်၍ ကောင်းကင်၌ တိမ်ညိုမှိုင်းကာ လေရိုင်းသည် မုန်တိုင်းပမာ တိုက်ခတ်လာနေ၏။

ကျွန်တော်သည် ပီယာနိုရှေ့တွင် စိတ်မပါဘဲ ဂီတသင်ခန်းစာကို လေ့ကျင့်နေရ၏။ စ,စဦးကမူ ပီယာနိုခလုတ်ဖြူဖြူပေါ် နှိပ်၍ အသံသာသာများ ထွက်ပေါ်လာလျှင် ကျွန်တော် ပျော်ရွှင်ခဲ့ဖူးသည်။ ဖေဖေက ဂီတကို သင်ခန်းစာတစ်ရပ်အဖြစ် ကျွန်တော့်အား သင်ပေးသောအခါတွင်မူ ဂီတသင်ခန်းစာသည် ကျွန်တော့်အတွက် ကျောင်းသင်ခန်းစာများပမာ ပင်ပန်းပျင်းရိဖွယ်ဖြစ်လာ၏။

မိုးဦးလေဦးကျဝယ် လျှပ်စီးလက်လျှင် မျက်စိမှိတ်ရင်း ... မိုးခြိမ်းသံကြားလျှင် နားနှစ်ဖက်ကို လက်ညှိုးနှစ်ဖက်ဖြင့် ပိတ်ရင်း အိပ်ယာတွင်း၌ ထိတ်ထိတ်လန့်လန့် နွေးနွေးထွေးထွေး ကွေးနေခြင်းကို ကျွန်တော် တပ်မက်သည်။ ယခုမူ မိုးခြိမ်းသံအား မလွှမ်းနိုင်သော ပီယာနိုကို တီးနေရသဖြင့် ကျွန်တော် စိတ်ပင်ပန်းနေ၏။

ကျွန်တော်သည် သည်းမခံနိုင်သည့်အဆုံး၌ ပီယာနိုခလုတ် အံဖုံးကိုပိတ်ကာ အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့သည်။

ကျွန်တော့်မေမေသည် ကျွန်တော့်အား ဆီးကြိုပွေ့ယူသည်။

" ပီယာနိုမတီးတော့ဘူးလား၊ မိုးခြိမ်းသံတွေကို ကြောက်တယ် ထင်တယ်၊ မေမေ အခုပဲ သားဆီ လာခဲ့တော့မလို့ ..."

မေမေ့ရင်ခွင်တွင်းသို့ ရောက်သောအခါ ကျွန်တော့်ကိုယ်မှာ နွေးထွေးသွား၍ မိုးခြိမ်းသံနှင့်တကွ မည်သည့်အရာကိုမျှ မကြောက်တော့။

" မောင် ... မိုးခြိမ်းသံကို မကြောက်ပါဘူး။ ပီယာနိုကိုတော့ မတီးချင်တော့ဘူး မေမေ ... မေမေ မောင့်ကို ပုံပြောပြမလား ..."

မေမေသည် လှိုက်လှဲစွာ ရယ်သည်။

" သားက မိုးမှ မချုပ်သေးဘဲ ပုံနားထောင်ချင်လို့ ဘယ်ဖြစ်မလဲ၊ မေမေ ညစာပြင်ရဦးမယ်။ သားကြိုက်တယ်ဆိုတဲ့ ဝါးပိုးမျှစ်နဲ့ ပုစွန်ကြော့ကြီးတွေ ကြော်ထားတယ်။ မောင် ထမင်းစားမြိန်ဦးမယ် "

ကျွန်တော်သည် မေမေ့စကားကြောင့် ဗိုက်တွင်းမှ ဆာလာသည်။ ဝါးပိုးမျှစ်ကလည်း ချိုသည်။ ပုစွန်ကြော့ကြီးတွေကလည်း ချိုသည်။ ဝါးပိုးမျှစ်နှင့် ပုစွန်ကြော့သည် အလွန် အရသာရှိ၏။

" ဟာ ... မေမေပြောတာနဲ့ မောင် ထမင်းစားချင်ပြီ "

"မောင်ကလည်း စားရမှာပေါ့၊ ကျန်တဲ့ဟင်းတွေက မကျက်သေးဘူး။ မေမေ မြန်မြန်ချက်လိုက်မယ်။ မောင် ဖေဖေ့ဆီသွား "

ကျွန်တော်သည် စာကြည့်ခန်းရှိ ဖေဖေ့ဆီသို့ ထွက်ခဲ့သည်။ ဖေဖေက ငါးလက်မခန့်ထူသော စာအုပ်ကို ဖတ်နေသည်။

" မောင်ဘာလာလုပ်တာလဲ၊ ပီယာနိုလက်ဆင့် ပြီးပြီလား "

ဖေဖေသည် မျက်မှန်ကို မ,၍ ကျွန်တော့်အား ကြည့်ရင်းမေးသည်။

" ပြီးပါပြီ ဖေဖေ။ ကျွန်တော့်ကို ပုံပြောမလား ..."

ဖေဖေက ရယ်သည်။

www.burmeseclassic.com



" မောင်က ကလေးမှ မဟုတ်ဘဲ။ ဖေဖေက ပုံပြောရမှာလား …"

ဤစကားကို ပြောရိုးပြောစဉ်မို့သာ ပြောသည်။ ဖေဖေသည် ပုံပြောရန် အဆင်သင့်ဖြစ်နေသည်။ ဖေဖေက ကျွန်တော့်အား သူပြောပြဖူးသည့် မဆုံးသေးသော (မွန်တီခရစ္စတိုမြို့စား) ပုံပြင်က စပြောသည်။

ထိုအခိုက်တွင်ပင် အိမ်ရှေ့တံခါးဝမှ ဆူဆူညံညံအသံများ ကြားရသည်။

ဖေဖေနှင့် ကျွန်တော်သည် အိမ်ရှေ့သို့ထွက်လာခဲ့သည်။

အိမ်ဝ၌ မေမေရောက်နှင့်ပြီ။ ခေါက်တံခါးအပြင်ဘက်၌ လူသုံးဦး ထီးကိုယ်စီဖြင့် ရပ်နေကြသည်။ ရပ်နေသည်ဆို၍ ငြိမ်သက်စွာရှိနေသည်ဟု မဆိုလို။ သူတို့အားလုံးမှာ အရေးကြီးသော ဟန်အမူအယာရှိသည်။ ကျွန်တော်တို့အား လာ၍အနှောက်အယှက်ပေးမိသည့်အတွက် အားနာကြောင်းလည်း ထင်ရှားနေသည်။

" ဘာကိစ္စလဲကွဲ့ …"

မေမေက စတင်မေးလိုက်သည်။

" ဩော် … ကျွန်တော်တို့ ဟိုဘက်က နောက်ပြောင်းလာတဲ့ တရားသူကြီးအိမ်ကပါ …"

လူသုံးဦးအနက် အသက်လေးဆယ်ခန့်ရှိ အသားညိုညို ကတုံးဆံတောက်နှင့် ယောကျ်ားတစ်ဦးက ဆိုသည်။

" တရားသူကြီးအိမ်ကလား … မြရေ … တံခါးဖွင့်ပေးလိုက်ပါ "

ဖေဖေကပြောသဖြင့် မေမေသည် ခေါက်တံခါးကို ဖွင့်ပေးလိုက်သည်။ သို့ရာတွင် သူတို့က အိမ်တွင်းသို့ မဝင်။ ကတုံးဆံတောက်နှင့်လူကသာ ရိုသေစွာ ဆက်ပြောသည်။

" ဆရာကြီးတို့ကို လာအနှောက်အယှက်ပေးမိလား မသိဘူး။ ဒါပေမယ့် တရားသူကြီး သမီးလေး တစ်ယောက် ပျောက်သွားလို့ လာစုံစမ်းတာပါ "

ဖေဖေ၊ မေမေနှင့် ကျွန်တော်တို့သည် တစ်ဦးမျက်နှာ တစ်ဦးကြည့်လိုက်မိကြသည်။ ထို့နောက် ဖေဖေက အဖြေအစား မေးခွန်းတစ်ခု ပြန်ထုတ်သည်။

" တရားသူကြီးသမီးက ဘယ်အရွယ်လောက်ရှိသလဲ "

" ကိုးနှစ်သမီးလောက် ရှိပါပြီ …"

"ဆရာကြီးတော့ မတွေ့မိဘူး၊ ဒါပေမယ့် မြရေ တွေ့မိလား၊ သားကော တွေ့မိသလား "

ဖေဖေက မေမေနှင့် ကျွန်တော်ဘက်သို့လှည့်၍ ပြန်မေးသည်။

မေမေနှင့် ကျွန်တော်က ပြိုင်တူခေါင်းခါပြသည်။

ဖေဖေသည် သူတို့ဘက်သို့လှည့်၍ ပြန်မေးပြန်သည်။

" နေပါဦး … ဘယ်အချိန်က ဘယ်လိုပျောက်သွားတာလဲ "

" အဲဒါတော့ ကျွန်တော်တို့လည်း မသိဘူး။ ကလေးက ဒီလိုပဲ၊ တစ်ခါတစ်လေ ဒီလိုပဲ လျှောက်ထွက်သွားတတ်တယ်။ ဒီဘက်ခြံထဲများ ရောက်နေမလားလို့ ကျွန်တော်တို့ လိုက်ရှာတာပဲ"

" အေးလေ … ဆရာကြီးတို့တော့ မတွေ့မိဘူး။ နေဦး၊ ကျန်တဲ့လူတွေ မေးကြည့်လိုက်ဦးမယ် "

ဖေဖေသည် အိမ်ရှိ အစေခံအားလုံးကို ခေါ်၍ စစ်မေးသည်။ မည်သူကမျှ တရားသူကြီးသမီးလေးကို တွေ့သည်ဟု မဆိုကြ။

လူသုံးဦးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြီး …

" ဒီလိုဆိုရင်တော့ ဘယ်ထွက်သွားတယ် မသိဘူး။ ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော်တို့ လိုက်ရှာလိုက်ဦးမယ် "ဟု ဆို၍ ထွက်ခွာရန်ပြင်သည်။

" အို … နေကြဦးလေ၊ အိမ်နီးနားချင်းတွေပဲ၊ ဆရာကြီးတို့လည်း လိုက်ကူရှာပေးမှာပေါ့ …။ ဟေ့ ဖိုးခင်နဲ့ မောင်ညို လိုက်ခဲ့ကြစမ်း …။ ထီးတွေ မိုးကာတွေလည်း ယူခဲ့"

www.burmeseclassic.com



ကျွန်တော်တို့၏ ဒရိုင်ဘာ ကိုဖိုးခင်နှင့် ထမင်းချက် ကိုမောင်ညိုတို့သည် ဖေဖေ့အမိန့်အတိုင်း အိမ်အတွင်းသို့ ပြေးဝင်၍ မိုးကာနှင့် ထီးများကို ယူလာကြသည်။

ဖေဖေက မိုးကာအင်္ကျီ ဝတ်နေခိုက် ကျွန်တော်က ဝင်ပြောသည်။

" ဦးလေး ... ကိုဖိုးခင်၊ မောင့်မိုးကာလည်း သွားယူဗျာ ...။ မောင်လည်း လိုက်မယ် "

ဖေဖေသည် ထုံးစံအတိုင်း ကျွန်တော်အား ပြုံးပြုံးကြည့်၍ ခေါင်းခါရင်း တားမြစ်သည်။

" မောင်မလိုက်ပါနဲ့ ... နေခဲ့ပါ ...။ မိုးရွာကြီးထဲ အအေးမိနေပါဦးမယ် "

ဖေဖေသည် ကျွန်တော့်ကို အလိုလိုက်မြဲဖြစ်သည်။ အလိုလိုက်သော ဖေဖေက တားမြစ်သောအခါ နာခံရမည်ကိုလည်း ကျွန်တော် နားလည်သည်။ ထို့ကြောင့် ကျွန်တော် ဘာမျှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်သည်။

ဖေဖေက ဝါတာပရု(ဖ်) ဖော့ဦးထုပ်ကိုဆောင်းရင်း စုံစမ်းသည်။

" ဒါထက် တရားသူကြီးမင်းရော ရှိရဲ့လား ..."

ကတုံးဆံတောက်နှင့်လူကပင် ပြန်ဖြေသည်။

" တရားသူကြီးမင်းက ရန်ကုန်ဘက် ကိစ္စရှိလို့ ထွက်သွားတယ်။ သင်္ဘော မဆိုက်သေးဘူး "

ဖေဖေသည် ရှေ့ဆက်မမေးတော့ဘဲ " ကဲ ... လာကြ၊ လာကြ "ဟု ခေါ်၍ ရှေ့မှ ခေါင်းဆောင် ထွက်သွားသည်။

ကျွန်တော်က မိုးပေါက်များ မြေပြင်သို့ ပြင်းထန်စွာ ကျဆင်းလျက်ရှိသည့် ခြံတွင်းမှ ဖေဖေတို့လူသိုက် ပျောက်သွားသည်အထိ ငေးကြည့်နေမိသည်။

" ကဲ ... မောင် ... ဝင်လေ မေမေ တံခါးပိတ်တော့မယ် "

မေမေက ဆိုသည်ကို ကျွန်တော်က ပြန်တောင်းပန်သည်။

" နေပါဦး မေမေရာ ... ဖေဖေတို့ ပြန်လာတဲ့အထိ စောင့်ရအောင် "

" ဟဲ့ လူလေးရဲ့ ... လူပျောက်ရှာတယ်ဆိုတာ ဘယ်အချိန်ပြန်လာမှန်းမသိဘူး၊ လာကွယ် ... ဝင်ပါ "

ကျွန်တော်သည် မကျေမနပ်နှင့် မေမေနှင့်အတူ အိမ်ထဲသို့ ဝင်ခဲ့သည်။

" ကောင်မလေးက ဘာဖြစ်လို့ ပျောက်သွားရတာလဲ "

" မေမေ ဘယ်လိုလုပ်သိမလဲ မောင်ရ ... မေမေလည်း အခုမှ ကြားရတာပဲဥစ္စာ "

" ကောင်မလေးက မိုးရေလျှောက်ချိုးတာလားမှ မသိတာဘဲ "

" မိုးရေလျှောက်ချိုးတာဆိုရင် ဝေးဝေးလံလံ ဘယ်သွားပါ့မလဲ "

ကျွန်တော်က ပြုံးရယ်လိုက်သည်။

" မေမေ ဘယ်လိုလုပ်သိလဲ "

" ဟဲ့ ... မောင်လည်း မိုးရေလျှောက်ချိုးဖူးတာပဲ မဟုတ်လား၊ ဘယ်တုန်းက ဝေးဝေးသွားဖူးလို့လဲ "

မေမေ့စကားသံကြောင့် ကျွန်တော် ပို၍သဘောကျသွားသည်။

" ဟော ... မေမေက သိပ်အတာပဲ။ မောင်က သွားတာမှ အဝေးကြီးသွားတာ၊ ကျိုက်ဇောခိကုန်း ဟိုဘက်တောင် ရောက်သေးတယ် "

မေမေသည် မျက်လုံးပြူးသွားသည်။ ထို့နောက် မျက်နှာထန်ချင်ယောင်ပြု၍ အသံမာဘဲ ကြိမ်းသည်။

" ကြည့်စမ်း ... ပေါ်ပြီ။ မောင် နောက်ဘယ်တော့မှ မိုးရေထွက်မချိုးရတော့ဘူး "

" မောင်က အလကားပြောတာပါ ... ဟိုဂါတ်တဲဝင်းထဲအထိလောက်ပဲ ရောက်ပါတယ်။ အဲဒါတောင် ကိုမောင်ညိုကြီး လိုက်လိုက်ခေါ်လို့ ပြန်ပြန်လာခဲ့ရတာ မေမေသိရဲ့သားနဲ့ ..."

မေမေသည် ခေါင်းခါရင်း ကျွန်တော့်ကို စိတ်ဆိုးဟန်မပါဘဲ မျက်စောင်းထိုးသည်။

" မောင် သိပ်တတ်နိုင်တာပဲ ... ခုတစ်မျိုး တော်ကြာတစ်မျိုး။ ကဲ .... လာပါ။ မီးဖိုထဲ လိုက်ခဲ့ "

www.burmeseclassic.com



ကျွန်တော်သည် မေမေနှင့်အတူ မီးဖိုထဲ လိုက်ခဲ့သည်။

မီးဖိုခန်းအတွင်း၌ ဒေါ်စာဥကြီးသည် ဟင်းအိုးများဖြင့် အလုပ်ရှုပ်နေသည်။ မမေစန်းက ဆေးကြော ပြီးသား ပန်းကန်များကို ရေသုတ်နေသည်။

“ သားဆာရင် စားမလား ”

“ ဖေဖေပြန်လာမှ အတူတူစားပါ့မယ်။ ဟိုကောင်မလေး ... တွေ့လား၊ မတွေ့လားမှ မသိဘဲ ”

“ ကောင်မလေးတွေ့တာ မတွေ့တာနဲ့ ... ငါ့သားနဲ့ ဘာဆိုင်လို့လဲ ...”

“ မောင်သိချင်လို့ပါ ”

မေမေသည် ဖေဖေပြန်လာလျှင် အဆင်သင့် ထမင်းစားနိုင်ရန် မမေစန်းကို ကြီးကြပ်ညွှန်ကြားနေခိုက် ကျွန်တော်က ဒေါ်စာဥကြီးနားသို့ ကပ်သွားသည်။

ကျွန်တော့် ဒေါ်စာဥကြီးသည် အသားဖြူဖြူ ဝဝဖိုင့်ဖိုင့်နှင့် ဖိုးဝရုပ်ကြီးလို ချစ်စရာကြီးဖြစ်သည်။ သူ့အနီးသို့ ကျွန်တော် ကပ်သွားသောအခါ ဒေါ်စာဥကြီးသည် တစ်ချက်ပြုံးပြ၍ အလိုက်သိစွာ ဒယ်အိုးတွင်းမှ ပုစွန်ကြော်ကြီးသုံးလေးကောင်ကို ဆယ်ပေးသည်။

“ ပူတယ်နော် မောင် ... မှုတ်ပြီးစား ”

ကျွန်တော်သည် ဒေါ်စာဥကြီးပေးသော ပုစွန်များကို မစားသေးဘဲ စကားပြောမိသည်။

“ ဒေါ်လေး ... ဟိုဘက်အိမ်က တရားသူကြီးသမီးလေး ပျောက်သွားလို့တဲ့ ”

ဒေါ်စာဥကြီးသည် “ အင်း ... အင်း ”ဟု ဆိုကာ သူ့လက်မောင်းတုတ်တုတ်တွဲတွဲကြီးများ လှုပ်ခါ ယမ်းအောင် မှူစ်နှင့် ပုစွန်ကို အားရပါးရ လှော်မွှေကြော်ချက်နေသည်။

“ အခု ... အဲဒီကောင်မလေးကို ရှာဖို့ ဖေဖေရော ဦးလေးကိုဖိုးခင်ရော၊ ကိုမောင်ညိုကြီးရော လိုက်သွားကြတယ် ”

“ အင်း ... အင်း ”

ဒေါ်စာဥကြီးသည် သူ့လက်မောင်းသားကြီးလှုပ်အောင် ဆက်၍ကြော်လှော်နေသည်။

“ ကောင်မလေးက ကိုးနှစ်သမီးပဲ ရှိသေးတယ်တဲ့ ... သိလားဗျ ”

“ အင်း ... အင်း ”

ဒေါ်စာဥကြီးသည် အင်းအင်းသာ လိုက်၍ သူ့လက်မောင်းကြီးများက တလှုပ်လှုပ်ဖြင့် ဆက်လက် ကြော်မြဲကြော်နေသည်။

“ ဒေါ်လေးကလည်း အင်းအင်းပဲ လုပ်နေ၊ မောင်ပြောတာ နားထောင်ပါဦး ”

ဒေါ်စာဥကြီးသည် အကြော်မပျက်။ သို့ရာတွင် ကျွန်တော့်ကို ပြုံးချိုစွာကြည့်၍ ပြန်ပြောသည်။

“ ဒေါ်လေးနားထောင်နေပါတယ်။ ကောင်မလေး ပျောက်သွားတယ်။ ဆရာကြီးတို့ လိုက်ရှာကြတယ်။ အင်းလေ ... အဲဒါဘာဖြစ်လဲ ”

ကျွန်တော်သည် ဒေါ်စာဥကြီးနားနား ကပ်သွား၍ ပြောသည်။

“ ကောင်မလေးကို ဗသျှူးခေါင်းဖြတ် ဖမ်းသွားလားမသိဘူး။ ဒါပေမယ့် ဒေါ်လေးပဲ ပြောတာပဲ၊ ဗသျှူးခေါင်းဖြတ်က သဇင်ပန်းပန်ထားတဲ့သူမှ ဖြတ်တယ်ဆို၊ အခု သဇင်ပန်း မပေါ်သေးဘူး၊ ဒီတော့ ကောင်မလေးကို ဗသျှူးခေါင်းဖြတ် ...”

ကျွန်တော့်စကား မဆုံးလိုက်ရ၊ ဒေါ်စာဥကြီးသည် ယောက်မကြီးကို လွှတ်ချလိုက်သည်။ မျက်လုံးကြီး ပြူး၍ ဟိုကြည့်သည်ကြည့်လုပ်သည်။

ဖေဖေနှင့် မေမေသည် ကလေးများအား ခြောက်လှန့်သည်ကို မကြိုက်။ သို့ရာတွင် ဒေါ်စာဥကြီးသည် ကျွန်တော့်ကို ထန်းပင်လောက်ရှိသော တစ္ဆေကြီးများအကြောင်း၊ နားရွက်ကြီးများကို စောင်ပမာ ဖက်၍ ခြုံအိပ်တတ်သော သဘက်ကြီးများအကြောင်း၊ ဒီဇင်ဘာလ သဇင်ပန်းများပွင့်လျှင် သဇင်ပန်းပန်သူကို လိုက်၍

ခေါင်းဖြတ်တတ်သော ဗသျှူးခေါင်းဖြတ်များအကြောင်း စသည်ဖြင့် မဟုတ်ကဟုတ်က ကြောက်စရာအစုံကို ပြောပြတတ်သည်။ ပြောပြပြီးတိုင်းလည်း ကျွန်တော့်ကို နှုတ်ပိတ်တတ်သည်။

" မောင် ဒေါ်လေးပြောတာတွေကို ဆရာကြီးနဲ့ မမမြကို ပြန်မပြောနဲ့နော်၊ ပြီးတော့ ကိုကို့ကိုလည်း မပြောရဘူး။ ပြန်ပြောရင် နောက် အဲဒီအကြောင်းတွေ ဘယ်တော့မှ ဒေါ်လေး မပြောတော့ဘူး "

ဤသည်ကား ကျွန်တော်နှင့် ဒေါ်စာဥကြီးတို့၏ နားလည်မှုစာချုပ်ဖြစ်သည်။ ယခု ကျွန်တော်က ဗသျှူးခေါင်းဖြတ်အကြောင်း တိုးတိုးပင်ပြောသော်လည်း ဒေါ်စာဥကြီးသည် ထိတ်လန့်၍ ဟိုဟိုဒီဒီ ကြည့်မိခြင်း ဖြစ်သည်။ ကံအားလျော်စွာ မေမေသည် ခပ်လှမ်းလှမ်း၌ မမေစန်းနှင့်အတူ အလုပ်များနေသည်။

ဒေါ်စာဥကြီးသည် သူ့ပါးဖောင်းဖောင်းကြီးနှင့် နှုတ်ခမ်းဖောင်းဖောင်းကြီးများကို ဘရိုတ်ထိန်း၍ ခန္ဓာကိုယ်နှင့် မလိုက်အောင် တိုးသည့်လေသံနှင့် ပြောပြ၏။

" ကောင်မလေးကို ဗသျှူးခေါင်းဖြတ် ခေါ်သွားတာ မဟုတ်ဘူး။ ဒီအချိန် ဗသျှူးခေါင်းဖြတ် မပေါ်သေးဘူး ... ဥစ္စာစောင့် ခေါ်သွားတာလားမှ မသိဘဲ "

ကျွန်တော်သည် ဒေါ်စာဥကြီး၏ အသစ်အဆန်းဖြစ်သည့် ဥစ္စာစောင့် ဆိုသောစကားကြောင့် စိတ်ဝင်စားသွားသည်။

" ဒေါ်လေး အဲဒီ ... ဥစ် ... ဘာဒင်း "

" ဥစ္စာစောင့် .... ဥစ္စာစောင့် "

" အဲဒီ ... ဥစ္စာစောင့်ဆိုတာ ဘာလဲ "

ဒေါ်စာဥကြီးသည် လေသံကို ဒယ်အိုးထဲမှ ဆီပွက်သံထက်ပင် တိုး၍ပြောသည်။

" ဥစ္စာစောင့်ဆိုတာ လူမဟုတ်ဘူး။ သရဲလည်း မဟုတ်ဘူး ...။ ယောကျ်ားလည်း မဟုတ်ဘူး။ မိန်းမ ... ပြီးတော့ သိပ်ချောတယ် ..."

" လူမဟုတ်ဘူး၊ သရဲလည်း မဟုတ်ဘူး၊ ယောကျ်ားလည်းမဟုတ်ဘူး၊ ပြီးတော့ သိပ်ချောတယ်။ သူက ဘာလို့ ကောင်မလေးကို ခေါ်သွားရမှာလဲ "

ထိုစဉ် မေမေသည် တစ်ဖက်ထမင်းစားခန်းမှ ထွက်လာသည်။ ဒေါ်စာဥကြီးသည် ကပျာကယာ ယောက်မကြီးကို ကိုင်၍ မွှစ်ဆက်ကြော်သည်။ ကြော်ရင်းလည်း ကျွန်တော့်ကို ပြောသည်။

" မောင် ... ဒေါ်လေးတို့ပြောတာတွေ ဆရာကြီးကို ပြန်မပြောရဘူး၊ မမမြကိုလည်း မပြောရဘူး။ ကိုကို့ကိုလည်း မပြောရဘူး "

" အင်းပါ ဒေါ်လေးရာ ... မောင်ဘယ်တုန်းက ပြောဖူးလို့လဲ "

" အေးအေး ... ပြန်မပြောနဲ့ ကြားလား။ ဒေါ်လေး မောင့်ကို ဥစ္စာစောင့်အကြောင်းရယ်။ ပြီးတော့ ကပ်ကြီးသုံးပါးတိုက်တဲ့အကြောင်းရယ် ပြောပြဦးမယ် "

မေမေသည် ကျွန်တော့်အနီးသို့ ရောက်လာသည်။ ဒေါ်စာဥကြီးက မှင်ဟန်မပျက်ဘဲ တရှဲရှဲနှင့် မွှစ်ဆက်ကြော်သည်။ ကျွန်တော်ကလည်း ကတိရှိသည်နှင့်အညီ ဘာမျှအထွေအထူးမပြောခဲ့ဟန် အတန် အေးနေပြီဖြစ်သော ပုစွန်ကြော်များကို မှင်သေသေဖြင့် စားနေသည်။

မေမေသည် ကျွန်တော့်ပုခုံးကို အသာပုတ်၍ ပြုံးချိုစွာဖြင့် ဆိုသည်။

" ငါ့သား ဆာလှပလား ..."

" မောင် မဆာသေးပါဘူး၊ ဒေါ်စာဥကြီးနဲ့ စကားပြောနေတာပါ "

" စာဥနဲ့ ငါ့သား ဘာတွေပြောနေကြသလဲ ..."

ဒေါ်စာဥကြီးသည် ကျွန်တော့်ကို ထိတ်လန့်တကြား မော့ကြည့်ရှာသည်။

" ဒေါ်လေးက ကျွန်တော့်ကို ဟို ... ဥစ် ... ဥစ် ... ဒေါ်လေး ဘာတဲ့ "

ဒေါ်စာဥကြီးသည် မေမေ့ဘက်သို့ ပျာပျာသလဲ လှည့်၍ဖြေသည်။

www.burmeseclassic.com



" မောင်က နေ့ခင်းစာ ဘာစားရမလဲလို့ ဟို … အုန်း … အုန်း အဲ … ပေါင်မုန့်အုန်းနို့ဆမ်း ကျွေးမယ်လို့ ပြောတာ "

ကျွန်တော်သည် ဒေါ်စာဥကြီးကို စိတ်မချမ်းသာအောင် စ,ခဲ့ရသဖြင့် စိတ်ကျေနပ်သောကြောင့် အိမ်ရှေ့ခန်းသို့ ထွက်လာသည်။

ကျွန်တော် အိမ်ရှေ့သို့ရောက်သောအခါ အဆင်သင့်ပင် ဖေဖေတို့လည်း ပြန်ရောက်လာသည်။ ဖေဖေတို့အသံ ကြားရသဖြင့် မေမေလည်း ထွက်လာခဲ့သည်။

မေမေ တံခါးဖွင့်ပေးအပြီး၌ ဖေဖေက ဆို၏။

" မြရေ … ကိုကို့ဆေးသေတ္တာ ပေးကွယ် …"

" ဘာလဲကိုကို၊ ကောင်မလေး ပြန်တွေ့ခဲ့ပလား "

" တွေ့ခဲ့တယ်၊ ဟို … ကျိုက်ဖောဓိကုန်းနားမှာ "

မေမေသည် ကျွန်တော့်အား မသိမသာ မျက်စောင်းထိုးပြ၍ ဆေးသေတ္တာ သွားယူသည်။ ကျွန်တော်သည် စိုးရိမ်တကြီးဖြင့် ဖေဖေ့နား ကပ်သွားမိသည်။

" ဖေဖေ … ကောင်မလေး ခေါင်းမပြတ်ဘူး မဟုတ်လား …"

ဖေဖေက ကျွန်တော့်အား မျက်မှောင်ကြုတ်ကြည့်သည်။ ကျွန်တော်ကလည်း စကားမှားသွားမှန်း သတိပြုမိ၏။

" ကောင်မလေးက ဘာလို့ခေါင်းပြတ်ရမှာလဲ …"

ရုတ်တရက် ကျွန်တော် ဖြေစရာမရှိ။

ကျွန်တော့်ဖေဖေသည် ဆရာဝန်ကြီးတစ်ဦးပီပီ အရေးထဲတွင် ခေါင်းအေးအေးထား၍ စဉ်းစားနိုင်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော့်စကားအမှားမှ အကြောင်းတရားစုံကို ချက်ချင်း ရိပ်မိသွားသည်။

" ငါ့သားကို ဗသျှူးခေါင်းပြတ်အကြောင်း ဘယ်သူပြောတာလဲ "

ကျွန်တော် ပြန်မဖြေနိုင်။ သို့ရာတွင် ဖေဖေက နားလည်စွာပြုံး၍ မှတ်ချက်ချသည်။

" သားကို စာဥပြောတယ် မဟုတ်လား "

ကျွန်တော်သည် ဒေါ်စာဥကြီးကို သစ္စာရှိစွာဖြင့် အဖြေမပေးဘဲ ငြိမ်နေသည်။

ဖေဖေ့ပါးများ နီရဲနေသည်ကိုထောက်၍ အလွန်စိတ်ဆိုးနေကြောင်း သိသည်။ သို့ရာတွင် ကံအားလျော်စွာ အချိန်မီပင် မေမေက ဆေးသေတ္တာကိုယူ၍ ပြန်ရောက်လာသည်။ ဖေဖေသည် ဘာမျှမပြောတော့ဘဲ ဆေးသေတ္တာကိုယူ၍ တစ်ဖက်ခြံသို့ ထွက်ခွာသွားသည်။

ကျွန်တော်က မေမေ့ကို မေးမိသည်။

" မေမေ … ကောင်မလေး ဘာဖြစ်လို့လဲ "

" မေမေလည်း ဘယ်သိမလဲ … မောင်နဲ့ ဒီမှာရှိနေတာပဲ "

ဤသို့ ကျွန်တော်တို့သားအမိ အိမ်တွင်း ပြန်ဝင်လာခဲ့ကြသည်။

ဤအကြိမ်တွင်မူ ကျွန်တော်သည် မီးဖိုထဲသို့ မသွားတော့ဘဲ ထမင်းစားပွဲတွင် ဝင်ထိုင်၍ စဉ်းစား နေမိသည်။

တရားသူကြီးသမီး ကောင်မလေးကို ပြန်တွေ့ခဲ့ပြီ ဆိုသည်။ ဒေါ်စာဥကြီးက ဥစ္စာစောင့် ခေါ်သွားသည်ဟု ဆိုသည်။ ဖေဖေကလည်း ဆေးအိတ်ကို ယူသွားသည်။ ဥစ္စာစောင့်ဆိုတာသည် ကောင်မလေးကို ဘာလုပ်လွှတ်လိုက်သနည်း။

ကျွန်တော့်အတွေးနှင့်ကျွန်တော် ချာချာလည်နေခိုက် ဖေဖေ၊ ကိုမောင်ညိုနှင့် ကိုဖိုးခင်တို့ ပြန်ရောက် လာကြသည်။

www.burmeseclassic.com



ဖေဖေ အပေါ်ထပ်သို့ အဝတ်လဲရန် တက်သွားသည်။ မေမေကလည်း ဒေါ်စာဥကြီးတို့အား ထမင်းပြင်ရန် ညွှန်ကြားကာ တက်လိုက်သွားသည်။

မမေစန်းက ဒေါ်စာဥကြီး ခူးခပ်ပေးသည်များကို ယူဆောင်သွား၍ ထမင်းပွဲပြင်သည်။ အမြန်အဆန် အဝတ်စားလဲခဲ့သော ကိုမောင်ညိုကလည်း မမေစန်းကို ကူသည်။

ကိုမောင်ညိုနှင့် မမေစန်းတို့ ထမင်းပွဲပြင်သည်ကို ကြီးကြပ်ရင်း ဒေါ်စာဥကြီးသည် ကျွန်တော့်အနီးသို့ ကပ်လာသည်။

“ ဒေါ်လေး … ကောင်မလေးကို ဥစ္စာစောင့်က ဘာလုပ်လွှတ်လိုက်တယ် မသိဘူး ”

“ ရှူး … တိုးတိုး၊ မောင်က ဥစ္စာစောင့်အကြောင်း သိပ်သိချင်တယ်လား ”

“ သိချင်တာပေါ့ ဒေါ်လေး ”

“ သိချင်ရင် … နက်ဖြန်နေ့ခင်းကျတော့ ဒေါ်လေးအခန်း လာခဲ့။ ပြောပြမယ် ”

ဤသို့ ကျွန်တော်တို့ စာချုပ်နေစဉ် အဝတ်အစားလဲပြီး၍ ဖေဖေနှင့် မေမေ ဆင်းလာသည်။ ဖေဖေက စားပွဲထိပ်မှ ထိုင်သည်။ မေမေက ဖေဖေ့လက်ဝဲဘက် စားပွဲအလယ်၌ ထိုင်သည်။ ဖေဖေနှင့် မျက်နှာချင်းဆိုင် အခြားစားပွဲထိပ်တွင် ကျွန်တော် ထိုင်ရသည်။ ကိုကိုရှိလျှင် ကျွန်တော်ထိုင်သောနေရာတွင် ကိုကို ထိုင်သည်။ ထိုအခါ ကျွန်တော်က မေမေ့အနီးတွင်ဖြစ်စေ၊ ဒေါ်စာဥကြီးအနီးတွင်ဖြစ်စေ ထိုင်လေ့ရှိသည်။

ကျွန်တော်တို့ ထမင်းစ စားသည်။

ကျွန်တော်သည် ကျွန်တော် အလွန်ကြိုက်သော ဝါးပိုးမှျစ်နှင့် ပုစွန်ကြော့ကြော်ကို ထမင်းနှင့် မြိန်ရေရှက်ရေ ကုန်းလွေးနေခိုက် မေမေက ဖေဖေ့ကို မေးသည်။

“ ကလေးမလေးက ဘာဖြစ်တာတဲ့လဲ ကိုကို ”

ဖေဖေသည် ခဝဲသီးဟင်းချိုကို သောက်နေရာမှ မေမေ့ကို လှမ်းကြည့်သည်။ ရုတ်တရက် မဖြေဘဲ စဉ်းစားသယောင် ငြိမ်နေပြီး ထမင်းတစ်လုပ်ဝါးပြီးမှ ဆို၏။

“ ကိုကိုတော့ အတပ်မပြောနိုင်သေးဘူး။ ဒါပေမယ့် မြကို ကိုကို တစ်ခါပြောပြဖူးတဲ့ စိတ်ရောဂါလို့ ထင်တာပဲ ”

မေမေသည် ဖေဖေ့အား တစ်ချက်စိုက်ကြည့်လိုက်သည်။ ဘာမျှတော့ဆက်မမေး။ ဆက်မေးသူမှာ ကျွန်တော်သာလျှင်ဖြစ်သည်။

“ စိတ်ရောဂါဆိုတာ ဘာလဲ ဖေဖေ ”

ဖေဖေသည် တွေသွား၏။ ထို့နောက် ထမင်းစားကို ရပ်ကာ အဓိပ္ပါယ်ပြည့်ဝစွာဖြင့် ရှင်းပြ၏။

“ မောင်နားထောင်၊ စာဥလည်း နားထောင်၊ စိတ်ရောဂါဆိုတာ ဖျားတာလည်းမဟုတ်ဘူး၊ နာတာလည်းမဟုတ်ဘူး၊ ဘာမှဖြစ်တာလည်း မဟုတ်ဘူး၊ ဉာဏ်မရှိတဲ့ လူကြီးတွေကြောင့် ကလေးတွေ ဒုက္ခမရောက်သင့်ဘဲ ရောက်တာကို ခေါ်တာ။ ဒီတော့ စာဥ လောကကြီးမှာ မရှိတဲ့ ဗသျှူးခေါင်းဖြတ်တို့ ဘာတို့ ဆိုတာတွေ မောင့်ကို မဟုတ်ကဟုတ်က မပြောနဲ့၊ ကြားလား။ အဲ … ပြောရင်တော့ နင့်ကို လူကြီးတန်မဲ့ စိတ်ရောဂါရတယ်ဆိုပြီး စိတ်ရောဂါကုဆေးရုံ ပို့ပစ်လိုက်မယ် ကြားလား”

ဖေဖေပြောသော စကားအားလုံးကို ကျွန်တော်နားမလည်ပါ။ သို့ရာတွင် ထမင်းကို ဖြောင့်ဖြောင့် မမျိုနိုင်အောင် ဩန္တဲ့ပျက်သွားသော ဒေါ်စာဥကြီး၌ လူကြီးတန်မဲ့ စိတ်ရောဂါစွဲကပ်နေပြီလော …။

ကျွန်တော်သည် ပါးဖောင်းဖောင်းကြီးဖြင့် ချစ်စရာကောင်းသော ဒေါ်စာဥကြီးကို သနားစွာ လှမ်းကြည့်ခိုက် ဒေါ်စာဥကြီးက ထမင်းဝိုင်းမှ ထပြေးသည်။ ကျွန်တော်က အိပဲ့အိပဲ့ လှုပ်တုပ်လှုပ်တုပ်နှင့် ရေစည်ပိုင်းလိမ့်သွားဟန်ရှိသော ဒေါ်စာဥကြီး၏ နောက်ကျောကို ငေးစိုက်ကြည့်နေခိုက် ဖေဖေက ရယ်သည်။

ဖေဖေ ရယ်သဖြင့် ကျွန်တော်က မစိုးရိမ်ဘဲ မေးမိသည်။

“ ဒေါ်စာဥကြီးက တကယ်ပဲ စိတ်ရောဂါရနေသလား ”

www.burmeseclassic.com



ကျွန်တော့်အမေးကြောင့် ဖေဖေသည် ထမင်းသီးအောင် ဆက်ရယ်သည်။

" မောင့်ဒေါ်လေးက မဟုတ်တာတွေပြောလို့ ဖေဖေက ခြောက်လိုက်တာပါ။ ဗုဒ္ဓဘုရားခေါင်းဖြတ်တို့၊ သရဲတို့ဆိုတာ လောကမှာ မရှိဘူး။ မောင့်ကို ရင်ခွဲရုံ ဖေဖေ ခေါ်ဖူးသားပဲ၊ သေနေတဲ့လူကို ဖေဖေက ဓားကြီးနဲ့ ခွဲတော့ သူက ဘာပြန်လုပ်နိုင်သလဲ "

" သေတဲ့လူက ဘာပြန်လုပ်နိုင်မလဲ "

" အဲ မောင်သိသားပဲ၊ သေတဲ့လူက ဘာပြန်လုပ်နိုင်သလဲ၊ စာဥက သေတဲ့လူကို တစ္ဆေဖြစ်တယ်၊ ဘာဖြစ်တယ်နဲ့ မဟုတ်ကဟုတ်က ခြောက်တယ်၊ အဲဒီလို မဟုတ်ကဟုတ်ကကို ကြောက်တတ်တဲ့လူကို စိတ်ရောဂါရှိတယ်လို့ ခေါ်တယ် "

ကျွန်တော်က မေမေ့ကို လှမ်းကြည့်သည်။ မေမေကလည်း ပြုံးပြုံးရယ်ရယ်ဖြင့် ဖေဖေ ပြောသည်ကို ထောက်ခံသည့်ဟန် ခေါင်းညိတ်နေသည်။

ကျွန်တော်သည် ဒေါ်စာဥကြီးကို သနားသွား၏။ ဖေဖေပြောသည့်အတိုင်းဆိုလျှင် ဒေါ်စာဥကြီးသည် မဟုတ်ကဟုတ်က လျှောက်ပြောနေသော စိတ္တဇရောဂါသည် ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် ထမင်းစားပြီးသောအခါ ဒေါ်စာဥကြီးအခန်းသို့ သွားသည်။ ဒေါ်စာဥကြီးသည် ခေါင်းကိုက်သည်ဟုဆိုကာ အိပ်ရာထဲ၌ စောစောဝင်နေသည်။

" ဒေါ်လေး ခေါင်းကိုက်နေသလား … အဲဒါ ဖေဖေပြောတဲ့ စိတ်ရောဂါဖြစ်မှာပဲ၊ ဒေါ်လေးလည်း ဘာလို့ မဟုတ်ကဟုတ်ကတွေ ယုံတာလဲ "

" ဒေါ်လေးက မဟုတ်ကဟုတ်ကတွေ ပြောတာမဟုတ်ဘူး၊ မောင်ကသာ ဆရာကြီးကို ဘာမဟုတ်က ဟုတ်ကတွေ သွားတိုင်တာလဲ "

ဒေါ်စာဥကြီးသည် ကျွန်တော့်ကို သူ့အခန်းတွင်းမှ တွန်းထုတ်သည်။ သူ့အခန်းတံခါးကို မပိတ်မီ ကျွန်တော့်အတွက် ဝမ်းနည်းဖွယ်စကားကိုလည်း ဆိုသည်။

" မောင့်ကို နောက်ဘယ်တော့မှ မပြောတော့ဘူး … သိရဲ့လား၊ မောင်က နှုတ်မလုံဘဲ၊ အစက ဒီက ဥစ္စာစောင့်နဲ့ ကပ်ကြီးသုံးပါးအကြောင်း ပြောပြမလို့။ အခုတော့ ဘယ်တော့မှ မပြောတော့ဘူး။ သွား … သွား စေတနာတွေ ဝေဒနာဖြစ်တယ် "

ဒေါ်စာဥကြီးက တံခါးကို ဆောင့်ပိတ်လိုက်သောအခါ ကျွန်တော်သည် ဝမ်းနည်းပမ်းနည်း ထွက်ခဲ့ရပါ၏။

www.burmeseclassic.com



## ( ၃ ) သစ်ရွက်လက်ဆောင်

ယခုအချိန်ထိ ကျွန်တော်သည် ကျွန်တော်နေခဲ့သော မြို့၏အမည်ကို မပြောရသေး။ ကျွန်တော်တို့ မြို့အမည်မှာ သန်လျင်ဖြစ်ပါသည်။

သန်လျင်မြို့တော်သည် အောက်မြန်မာပြည်၏ ပြင်ဦးလွင်ဟု ဘွဲ့ရသည့် တိုင်အောင် သန့်ရှင်းစင်ကြယ်ကာ ခေတ်မီသော မြို့တစ်မြို့ဖြစ်ပါသည်။ ဘီအိုစီကုမ္ပဏီ၏ အချက်အချာဒေသဖြစ်၍ သန်လျင်မြို့သည် ပင်ကိုယ်သဘာဝ တင့်တယ်လှပခြင်း၌ ဥရောပဆန်စွာ ပြုပြင်ထားမှုကြောင့် ခေတ်မီစွာ သပ်ရပ် စနစ်ကျသော မြို့တစ်မြို့ဖြစ်သည်။

ထိုစဉ်က သန်လျင်ဆေးရုံကြီးသည် ရန်ကုန်ဆေးရုံကြီးထက်ပင် ကိရိယာတန်ဆာ ပြည့် စုံလင်သည်ဟု သတင်းပြေးသည်။ သန်လျင်ဈေးကြီးအတွင်း အမဲသားငါးရုံတွင် ယင်ကောင် မဝင်အောင် သံဇကာဆုံလည် တံခါးကြီးများ တပ်ထားသည်။

ပညာရေးအားဖြင့် တစ်ပြည်လုံးမှ ကြေးရတတ်သားသမီးများ လာရောက်အပ်ရသည်အထိ နာမည်ကြီးသော စိန်ဂျော့ဂျက် သာသနာပြုကျောင်းကောင်းအပြင် ဟံသာဝတီခရိုင်၌ တစ်ခုတည်းဖြစ်သည့် အမေရိကန် မက်ဒသစ် ဟိုက်စကူးကျောင်းကြီးလည်းရှိသည်။

ဘီအိုစီကုမ္ပဏီ ကြီးစိုးရာမြို့ဖြစ်သဖြင့် သန်လျင်မြို့အပါအဝင် ဟံသာဝတီခရိုင်၏ အရေးပိုင်၊ ရာဇဝတ်ဝန်ဆိုလျှင် ဘိလပ်သားအစစ်များ ဖြစ်လေ့ရှိ၏။ ခရိုင်ဆရာဝန်ဆိုလျှင်လည်း ဘိလပ်သားစစ်စစ်ပင် ဖြစ်သည်။

ကျွန်တော့်ဖေဖေ ဒေါက်တာဦးသက်ဖေသည် ဘိလပ်ပြန်မဟုတ်သော်လည်း ဘုံဘေတက္ကသိုလ်ထွက် ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ ထို့ကြောင့် ကိန်းခန်းကြီးသော သန်လျင်ဆေးရုံကြီးတွင် လက်ထောက် ဆရာဝန်ကြီးတစ်ဦးဖြစ်နေသည်။

ကျွန်တော်တို့မှာ မိဘနှစ်ပါးလုံးဘက်မှ ဘိုးဘွားဘီဘင်များ လက်ထက်ကစ၍ သန်လျင်ဇာတိ ဖြစ်သည်။ ဖေဖေသည် ဆေးရုံကြီးဝင်းအတွင်း၌ အိမ်ရသော်လည်း မနေ။ သန်လျင်သဘော်ဆိပ်သို့ ပြေးသော ကားလမ်းနှင့် ရုံးလမ်းထောင့်ဂါတ်နှင့် မနီးမဝေးတွင် ကျွန်တော်တို့ မိဘဘိုးဘွားပိုင် လေးဧကခန့်ကျယ်သော ခြံနှင့် တိုက် ရှိသည်။ ကျွန်တော်တို့ခြံနှင့် စပ်လျက်ရှိသော တစ်ဖက်ခြံမှာ သူဌေးပိုင်ခြံတစ်ခုဖြစ်၍ အိမ်ကောင်းကောင်း ဆောက်ကာ အရာရှိများကို ငှားရမ်းထားလေ့ရှိသည်။ ယခု ထိုတစ်ဖက်ခြံ၌ အသစ် ပြောင်းလာသော နယ်ပိုင်ရာဇဝတ်တရာသူကြီး ငှားနေသည်။

တရားသူကြီးသည် ပြောင်းလာစဖြစ်သဖြင့် ကျွန်တော်တို့နှင့် တစ်ဦးနှင့်တစ်ဦး မခင်မင်ကြသေး။ သို့ရာတွင် ထိုတစ်ညက ကလေးပျောက်သည်နှင့်ပတ်သက်၍ လူကြီးချင်းမှာ ခင်မင်သွားကြသည်။

လူကြီးများထံမှ ကျွန်တော်သိရသမျှ တရားသူကြီး၌ သမီးလေးယောက်ရှိသည်ဆို၏။ သို့ရာတွင် သူတို့အားလုံးနှင့် ကျွန်တော် မသိကျွမ်းသေး။

မိုးရွာပြီးစ တစ်နေ့လည်တွင် ကျွန်တော်သည် ကျွန်တော်တို့ခြံ အနောက်ဘက်သို့ ထွက်လာခဲ့သည်။ သန်လျင်မြို့သည် မိုးရွာပြီးစ၌ အလွန် လှပစင်ကြယ်သည်။ ရွှံ့နွံဟူ၍ မတွေ့ဖူး။ မိုးရေဆေးကြောသဖြင့် ဖွေးဖွေးနုသော သဲဖြူဖြူများသာ ရှိသည်။ မိုးရေဖြင့် စွတ်စိုသော ဤသဲဖြူတို့ဖြင့် ဆော့ကစားရသည်ကို ကျွန်တော် နှစ်သက်သည်။

မြေပြင်၌ ထိုင်လိုက်၍ ခြေတစ်ချောင်းကိုကွေးပြီး ထောင်ထားပါ။ ခြေဖမိုးအပေါ်၌ သဲတို့ကိုပုံပါ။ သဲတို့သည် မုန့်စိမ်းပေါင်း အစိုင်အခဲပမာ မြင့်တက်လာသောအခါ သိပ်သည်းအောင် လက်ဖဝါးများဖြင့် ရိုက်ပေးပါ။ ထို့နောက် သတိထား၍ ညင်ညင်သာသာဖြင့် ခြေဖဝါးကို နှုတ်ယူလိုက်ပါ။ ထိုအခါ အပေါက်ဝ

www.burmeseclassic.com



တစ်ဖက်သာရှိသော အက်စကီးမိုး ရေခဲအိမ်ပမာ ခုံးခုံးလုံးလုံးသဏ္ဍာန် ကျန်ရစ်သည်။ ဤသဲအိမ်ကို ကျွန်တော်က ဗိုလ်အိမ်ဟုခေါ်သည်။

မိုးရွာဆဲ ရေချိုးရသည်မှာ ပျော်စရာကောင်းသည့်နည်းတူ မိုးစဲပြီးစ သဲဖြူဖြူတို့ဖြင့် ဗိုလ်အိမ် ဆောက်တမ်း ကစားရသည်မှာလည်း ထိုစဉ်ကစာမဖွဲ့နိုင်အောင်ပင် ရွှင်မြူးဖွယ်အတိပြည့်နေ၏။

ကျွန်တော်က ဗိုလ်အိမ်ကို ဆန်းဆန်းကြယ်ကြယ် ဆောက်တတ်သည်။ သဲဗိုလ်အိမ်၌ ပြတင်းပေါက်များ ဖောက်ကာ မီးခြစ်ဘူး၊ စီးကရက်ဘူးများကို ပြတင်းပေါက်များအဖြစ် တပ်တတ်သည်။ ဗိုလ်အိမ် ပတ်ဝန်းကျင်ကို သဲတံတိုင်းကာ၍ ဝင်းခတ်သည်။ ဝင်းခြံအတွင်း၌ တောပန်း၊ တောပွင့်တို့ကို စိုက်၍ ပန်းခြံလည်းဖန်တီးတတ်သည်။

ဗိုလ်အိမ်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့သော ကျွန်တော်သည် ခြံအပြင်ဘက် မြရာပင်ကြီး တစ်ပင်အောက်မှာ တွေ့ရသောသဏ္ဍာန်ကြောင့် ခြေလှမ်းများ တုံ့သွားသည်။

မြရာပင်ခြေကို မှီ၍ ကောင်မလေးတစ်ယောက်သည် အဝေးသို့ ငေးကြည့်နေသည်။ ငေးကြည့်ရာဆီ၌ ရွှေကင်းသည့်အပြင် ရာသီဥတုဒဏ်ကြောင့် မှိုင်းညိုနေသော ကျိုက်ဖောမိစေတီတော်ကြီးကို ဖူးတွေ့နိုင်သည်။

ကျွန်တော်သည် သူ့အနီးသို့ ချဉ်းကပ်သွားသည်။ အနီးရောက်သောအခါမှ ကျွန်တော် အံ့သြရ ပြန်သည်။

ကောင်မလေးသည် ကျွန်တော့်ထက် ငယ်သည်။ သို့ရာတွင် သူ့လက်တွင်း၌ စာအုပ်တစ်အုပ်ရှိ၍ ဘေး၌လည်း အခြားတစ်အုပ် ရှိသေးသည်။ ကျွန်တော့်အား အံ့အားအသင့်စေဆုံးမှာ သူ့မျက်နှာပေါ်မှ ကျွဲကော်ကိုင်း မျက်မှန်ကြီးဖြစ်သည်။

ကျွန်တော် သူ့အနီးသို့ရောက်သောအခါ သူက မော့၍ မျက်မှန်ကြီးဖြင့် ကြည့်သည်။ ကျွန်တော်တို့ နှစ်ဦးသည် အတန်ကြာစွာ စကားမပြောဘဲ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေမိသည်။ ကျွန်တော်က စတင် နှုတ်ဆက်သည်။

"ဘာလုပ်နေတာလဲ "

သူကလက်တွင်းမှ စာအုပ်ဆီ ကြည့်၍ ပြန်ဖြေသည်။

"ကဗျာဖတ်နေတာ "

"ဘာရယ် ..."

သူက ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်ကာ ထပ်ဖြေသည်။

"ကဗျာဖတ်နေတာ ..."

"ကဗျာဆိုတာဘာလဲ "

မချောလေးက ပြန်မဖြေဘဲ သူ့လက်တွင်းမှ စာအုပ်ကို ထိုးပေးသည်။ ကျွန်တော်က တတ်သရွေ့၊ မှတ်သရွေ့ ဖတ်ကြည့်သည်။ ဘာမျှတော့ နားမလည်။ သို့ရာတွင် ခပ်တည်တည်ပင် စာအုပ်ကိုပြန်ပေးပြီး မေးသည်။

"နင် မျက်စိမှုန်လို့ မျက်မှန်တပ်ထားတာလား "

ပထမဦးစွာ သူကလေးက ရယ်သည်။ ရယ်ရင်း မျက်မှန်ကို ဖြုတ်၍ မျက်မှန်ကွင်းအတွင်းသို့ သူ့လက်ညှိုးဖြူဖြူလေးကို ထိုးပြသည်။ လက်ညှိုးလေးသည် မျက်မှန်ကို ဖောက်၍ ထွက်လာသည်။ မှန်မရှိသော မျက်မှန်ပါတကား ...။ ကျွန်တော်လည်း သဘောကျစွာ ရယ်၏။

သူကလေးသည် မှန်မရှိသော မျက်မှန်ကို ပြန်တပ်လိုက်ပြီး ခပ်တည်တည်ဖြင့် ကျွန်တော့်အား မေးသည်။

"နင့်နာမည် ဘယ်လို့ခေါ်လဲ "

"မောင် ..."

www.burmeseclassic.com



" ဘာရယ် ...၊ မောင် ...၊ မောင်မောင် ဟုတ်လား "

" မောင်မောင် မဟုတ်ဘူး၊ မောင် ...။ ငါ့အဖေရော၊ ငါ့အမေကရော၊ ငါ့ဆရာမကရော မောင်လို့ပဲ ခေါ်တယ် "

မချောလေးက ဘာကို သဘောကျသည်မသိ ပြုံးသည်။

ကျွန်တော်က ခေါင်းညိတ်ရင်း ပြန်မေး၏။

" နင့်နာမည်ကကော "

" ခိုင် ..."

" ဘာရယ် ... ခိုင်၊ တစ်လုံးတည်းပဲလား "

ခိုင်သည် စဉ်းစားသယောင် တွေဝေပြီးမှ ပြန်ဖြေသည်။

" တစ်လုံးတည်းတော့ မဟုတ်ဘူး၊ သူတို့ခေါ်သလိုခေါ်ရင် နှစ်လုံးခေါ်လို့ရတယ် "

" သူတို့ဆိုတာ ဘယ်သူလဲ "

" တို့အိမ်က လူကြီးတွေပေါ့ "

" လူကြီးတွေက ဘယ်လိုခေါ်လဲ ..."

" မိခိုင် ... နင်တစ်လုံးတည်း မခေါ်ချင်ရင် ငါ့ကို မိခိုင်လို့ခေါ်ပေါ့ "

ကျွန်တော်က သူ့ကို စေ့စေ့ကြည့်ရင်း ခေါင်းခါပြသည်။

" မိခိုင်လို့ မခေါ်ချင်ပါဘူး။ ခိုင်လို့ပဲ မောင်ခေါ်မယ်။ မောင့်ကိုလည်း မောင်လို့ပဲ ခေါ်ရမယ်နော် ..."

ခိုင်က ပြုံးပြုံးလေး ခေါင်းညိတ်သည်။

မိတ်ဆွေဖွဲ့ပြီးသော ကျွန်တော်က ကျေကျေနပ်နပ်နှင့် ခိုင့်ဘေးတွင် ဝင်ထိုင်သည်။ ဝင်ထိုင်ရင်းလည်း ခိုင့်ကို ခြေဆုံး၊ ခေါင်းဆုံးကြည့်မိသည်။ ခိုင်က ပြန်ကြည့်သောအခါ ကျွန်တော်က ပြုံးပြသည်။ ထိုအခါ ခိုင်က ပြန်ပြုံးသည်။ ဤသို့သုံးလေးခါ အပြန်အလှန် ပြုံးပြပြီးသောအခါ ကျွန်တော်တို့ ရင်းရင်းနှီးနှီး ဖြစ်သွားပြီး ရဲရဲတင်းတင်း ရှိလာသည်။

" အဲဒီမျက်မှန်အပျက်ကြီး ဘာလို့တပ်ထားတာလဲ "

" မျက်မှန်အပျက်ကြီးမဟုတ်ပါဘူး၊ ခိုင့်ဘိုးဘိုး မျက်မှန်အဟောင်းကြီးပါ "

" အင်းလေ ... ခိုင်က ဘာလို့ မျက်မှန်အဟောင်းကြီး တပ်ထားရတာလဲ "

ခိုင်၏ မျက်နှာလေးသည် မသိမသာညှိုးကျသွားသည်။ အတန်ကြာမှ လေးလေး,လေး ဖြေသည်။

" ဘိုးဘိုးက စာဖတ်ရင် မျက်မှန်ကြီးနဲ့ ဖတ်တယ်။ စာကြီးကြီးဖတ်ရင် မျက်မှန်ကြီးကြီး တပ်ရတယ် ..."

ဒီအချက်ကိုမူ ကျွန်တော်က မှန်ကန်ကြောင်း ထောက်ခံမိပါသည်။

" အေး ... ဟုတ်တယ်၊ စာကြီးကြီးဖတ်ရင် မျက်မှန်ကြီးကြီးတပ်ရတယ်။ မောင့်ဖေဖေ ဖတ်တဲ့ စာအုပ်တွေက အကြီးကြီးတွေပဲ။ ဖေဖေ့မျက်မှန်ကြီးလဲ အကြီးကြီးပဲ "

ခိုင်သည် ဘာမျှပြန်မပြောဘဲ သူ့စာအုပ်ကိုသာဖွင့်၍ စာမျက်နှာများ လှန်၏။

" အဲဒါဘာစာအုပ်လဲ "

" ကဗျာ "

" အဲဒီ ကဗျာဆိုတဲ့စကားကို ငါ နားမလည်ဘူး "

" ဒါဖြင့် နားထောင်၊ ခိုင်ဖတ်ပြမယ် "

ခိုင်သည် စာမျက်နှာများ ဆက်လှန်သည်။ တစ်နေရာ ရောက်သောအခါ ခဲတံအနီဖြင့် လိုင်းတားထားသော စာပိုဒ်များကို ဖတ်ပြသည်။

www.burmeseclassic.com



**“ အနုမြသွင်၊ တောတစ်ခွင်လည်း၊ ပြောင်စင်မလွင့်၊ ကျန်သေးလင့်လျက်၊ စက်ဖြင့်ဟူးဟူး၊ မြူးကာခုန်မဲ၊ ခါဟုတ်ဘဲကို၊ မွန်းလွဲခြည်ငြိမ်း၊ ညချမ်းယိမ်းက၊ ထစ်ခြိမ်းမည်းညို့၊ ရွာအံ့သို့လျှင် ...”**

“ အဲဒါဘာလဲ ”

“ နေဦး ... နေဦး ငါ ဆက်ဖတ်ဦးမယ် ”

ခိုင်သည် ဆက်လက်၍ အခြားမျဉ်းသားထားသော စာပိုဒ်ကို ဖတ်ပြသည်။

**“ ရတုလလျှင်၊ စိတ္တခါလည်၊ နွေပြန်သည်မူ၊ ရွှေရည်ကားတော၊ ရစ်နှောမိုးသား၊ ကြုံးဝါးကြိမ်ကြိမ်၊ တိမ်မူခုနစ်၊ ရှစ်စင်မပြည့်၊ ယွန်းတည့်ပတ်ခွေ၊ ရေရှေ့လေနှင့် ...”**

ကျွန်တော်သည် ခိုင် ဘာတွေဖတ်နေသည်ကို အဓိပ္ပါယ်မပေါက်သေး။ ထို့ကြောင့် ထပ်မေးရသည်။

“ ခိုင် အခုဖတ်နေတာတွေ မောင်နားမလည်ဘူး။ အဲဒါဘာတွေလဲ ...”

ခိုင်သည် သူ့မျက်တောင်ကော့ကလေးများကို ခတ်ကာခတ်ကာ ခေတ္တစဉ်းစားနေသည်။ အတန်ကြာမှ ပြန်မေးသည်။

“ မောင်ဘယ်နှစ်တန်းလဲ ”

“ လေးတန်း ”

“ အဲဒီစာတွေ မဖတ်တတ်ဘူးလား ...”

“ ဟင့်အင်း ... ခိုင်ကော ဖတ်တတ်သလား ”

ခိုင်သည် ပြုံးရယ်လျက် ကျွန်တော့်ကိုကြည့်သည်။ ထို့နောက် အမှန်ကို ဝန်ခံသည်။

“ စာလုံးပေါင်းဖတ်ရင် နည်းနည်းတော့သိတာပေါ့ ...။ ဒါပေမယ့် ခိုင်က ဒါတွေကို အလွတ်ရနေတာ ...၊ ဘိုးဘိုးက ရွတ်ရွတ်ပြတာကိုး ...။ အခု နင့်ကို ခိုင်က ဖတ်ပြတာ မဟုတ်ဘူး၊ အလွတ်ရတာ ရွတ်ပြတာ ”

ထိုအခါမှ ကျွန်တော်သည် သဘောပေါက်သွား၏။

“ အဲဒါတွေက ဘာဆိုလိုတာလဲ ”

ခိုင်သည် အပေါ်နှုတ်ခမ်းကို အောက်သွားလေးဖြင့် ခဲ၍ တွေတွေလေး စဉ်းစား၏။

“ ဘိုးဘိုးက ပြောတာပဲ အဲဒါ မိုးဦးကျအကြောင်းတဲ့။ သစ်ပင်ပေါ်မှာ တချို့အရွက်တွေက စိမ်းပြီး၊ တချို့က ဝါနေတယ်တဲ့၊ မိုးမရွာခင် လေက တိုက်တယ်တဲ့၊ လေတိုက်တော့ သစ်ရွက်တွေ ကြွေတာပေါ့ ...။ နောက်ဆုံး ဟောဒီမှာ တစ်အုပ်ရှိသေးတယ် ”

ခိုင်သည် ဘေးမှ စာအုပ်ကို ကောက်ယူပြီး စာမျက်နှာများကို လှန်လှန်ပြသည်။ မျဉ်းသားထားသော စာပိုဒ်များမြင်သော် ရွတ်ပြပြန်၏။

**“ လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဏ္ဍနွဒါနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့ ...”**

“ အဲဒါကကော ဘာတဲ့လဲ ”

“ အဲဒါလည်း သစ်ရွက်ကြွေတာပဲ၊ သစ်ရွက်ကြွေတာဟာ ရသေ့ဈာန်လျှောသလိုပဲတဲ့ ”

ဤအကြိမ်တွင်မူ ကျွန်တော်က ပြုံးမိသည်။

“ ရသေ့ဈာန်လျှောတာက သစ်ရွက်ကြွေလို့ မဟုတ်ပါဘူးဟာ ... ငါတွေ့ဖူးတာတော့ တစ်ခါတည်း ငိုတာပါ ”

“ ရသေ့ဈာန်လျှောတာ မောင်တွေ့ဖူးတယ် ...၊ ဘယ်မှာ တွေ့ဖူးသလဲ ”

“ ဇာတ်ထဲမှာ ”

“ ဇာတ်ထဲမှာ ...”

www.burmeseclassic.com



" ဟုတ်တယ် ဇာတ်ထဲမှာ … ဘဲပေါင်းကြီးဇာတ် "

ခိုင်သည် နှစ်ခြိုက်စွာရယ်လျက် မေးသည်။

" ဘဲပေါင်းကြီးဇာတ် "

" ဟုတ်တယ်၊ ငါတော့ အဲလိုမှတ်ထားတာပဲ၊ အဲဒီဇာတ်ထဲမှာ မင်းသမီးက အဲ … မင်းသမီး၊ ဘဲ …၊ မင်းသားကတော့ ရသေ့လုပ်တယ်။ ရသေ့က စက်သီးစီးပြီး ဆွမ်းခံကြွတာ။ ပြီးတော့ ထိုးကျလာတာပဲ။ မင်းသမီး ပေါင်ပေါ်တာ မြင်လို့တဲ့ "

" မင်းသမီး ပေါင်ပေါ်တာ မြင်တာနဲ့ ဘာဖြစ်လို့ ထိုးကျရတာလဲ "

" မောင်လည်း အဲဒါစဉ်းစားနေတာပဲ။ ဘာပြုလို့ ထိုးကျရသလဲ …။ ပြီးတော့ မင်းသားက ငိုနေတာ …။ သူငိုတာ မောင်မှတ်မိတယ် …။ ဆိုပြမယ် နားထောင်မလား "

" ဆိုလေ …"

ကျွန်တော်က အသံနေအသံထားဖြင့် ဆိုပြ၏။

**" ငါယုတဲ့ မာတုဂါရယ် … ငါခုနေ မြင်စမ်းချင်ရဲ့လေး "**

" အဲဒါ ဘာပြောတာလဲ "

" မင်းသား ငိုတာလေ …။ ပြီးတော့ ကျောင်းပြန်ရောက်သွားတော့ ထမင်းမစားဘဲ လိုမ့်ငိုနေတာပဲ။ သူငိုတာကလည်း (ဘယ်ပေါင်ကြီး၊ ဘယ်ပေါင်ကြီး)နဲ့ ငိုတယ်။ အဲဒီတုန်းက ဖိုးသူတော်လူပြက် ထွက်လာတယ်။ ဖိုးသူတော်က ဟာ … ရသေ့လေး ဘဲပေါင်းစားချင်လို့ ငိုနေတယ်လို့ ပြောတယ်။ သိပ်ရယ်စရာကောင်းတာပဲ။ မောင်က အဲဒါ ဘဲပေါင်းကြီးဇာတ်လို့ မှတ်ထားတယ် "

ခိုင်သည် ကျွန်တော်ပြောသည်ကို အလွန်သဘောကျဟန် ရယ်သည်။ ကျွန်တော်က ရဲနေသော ခိုင့်မျက်နှာလေးကို နှစ်သိမ့်စွာ ပြန်ကြည့်မိသည်။ ခိုင့်အသားမှာ ဝါဝါလေးဖြစ်သည်။ ပါးမို့မို့လေးများပေါ်ဝယ် အကြောစိမ်းလေးများကို မြင်ရသည်။ ဂါဝန်ပန်းရောင်လေးဝတ်ထားသဖြင့် ခိုင်သည် ကော်ရုပ်လေးလို လှပနေသည်။ ကျွန်တော်သည် သတိရ၍ ရုတ်တရက် မေးမိသည်။

" ခိုင် ဟိုဘက်အိမ်က တရားသူကြီးရဲ့သမီးလား "

ခိုင်က ခေါင်းညိတ်၏။

" ဒါဖြင့် ဟိုနေ့က ပျောက်သွားတာ ခိုင်လား …"

ခိုင့်မျက်နှာလေးသည် အနည်းငယ် မှုန်သွားသည်။

" ပျောက်သွားတာ မဟုတ်ပါဘူး …။ လေတိုက်လို့ သစ်ရွက်ကြွေတာ လိုက်ကောက်တာ။ နောက်တော့ မျက်စိလည်သွားတာပဲ။ မိုးတွေက ရွာပြီး မိုးကြိုးတွေက ပစ်တော့ … ခိုင်လန့်ပြီး ဘာဖြစ်သွားလဲ မသိပါဘူး။ ပျောက်သွားတာ မဟုတ်ပါဘူး …"

" ခိုင်က ဘာလုပ်ဖို့ သစ်ရွက်ကြွေတာ လိုက်ကောက်ရတာလဲ "

" သစ်ရွက်ဝါဝါကလေးတွေက သိပ်လှတယ်။ သစ်ရွက်ဝါဝါကလေးတွေ အများကြီး စုတယ် …"

ကျွန်တော်သည် ခိုင့်ကို အံ့ဩစွာ ကြည့်နေမိရာမှ သတိရ၍ မေးမိသည်။

" ခိုင် ပီယာနို တီးတတ်သလား …"

ခိုင်က ခေါင်းခါသည်။

" မောင်တော့ တီးတတ်တယ် …။ သစ်ရွက်ဝါဝါတွေ ကြွေတဲ့သီချင်းတွေ အများကြီး ရှိတယ် …။ ခိုင် နားထောင်မလား …"

" နားထောင်မယ်လေ ဘယ်မှာလဲ …"

" လာ … လာ … မောင်တို့အိမ် လိုက်ခဲ့၊ မောင် တီးပြမယ် …"

ခိုင်သည် သူ့စာအုပ်ကလေးများကို ယူ၍ ကျွန်တော်နှင့်အတူ အိမ်ဆီသို့ လိုက်ခဲ့သည်။

www.burmeseclassic.com



ကျွန်တော်သည် ခိုင့်ကို ပီယာနိုဆီသို့ ခေါ်သွား၍ အစမ်းအဖြစ် သာဆန်းရဂုံဘွဲ့ တေးသွားကို တစ်ပိုဒ်တီးပြသည်။ ထို့နောက် မဟာဂီတစာအုပ်ကို လှန်၍ စာသားကို ပြသည်။

"အစဆိုရင် ခိုင် လိုက်ဆိုတတ်ဦးမှာ မဟုတ်ဘူး။ ဒါပေမယ့် မောင် ဆိုပြမယ်၊ နားထောင်ကြည့် ...။ **သာဆန်းငယ်တဲ့ ရဂုံဘွဲ့၊ ညင်းပြေပြေ လေပြည်လောင်း ... ညှာခြေစိမ်းရင့်မောင်း ...။ ညောင်းရွက်ကယ်တဲ့ ကြွေလေဟန် မြည္ဘာရွှေရင့်စံ ...**"

"သစ်ရွက်ကြွေတဲ့ သီချင်းပဲ ခိုင်၊ ကြိုက်လား ..."

ခိုင်သည် ဘော့ဟဲယားဆံပင်လေးများ ငြိမ့်ငြိမ့်လှုပ်သွားအောင် ခေါင်းညိတ်ပြသည်။

ကျွန်တော်က စာအုပ်ကို ခိုင့်လက်ထဲ ပေး၍ သီချင်းကို အစ၊ အဆုံး တီးပြသည်။

သီချင်းအဆုံး၌ ခိုင်၏မျက်နှာလေးမှာ ပြုံးလျက်ရှိသော်လည်း ကြည်နူးသာယာမှုကြောင့် မျက်လုံးကလေးများတွင် မျက်ရည်ကလေးများ ဝဲနေသည်။

"ဒီသီချင်းကို ခိုင် သဘောကျလား ..."

"သိပ်သဘောကျတာပဲ၊ ခိုင်လည်း အဲဒီလို တီးတတ်ချင်တယ်။ ခိုင့်ကို သင်ပေးမလား ..."

"သြော် ... ခိုင်ကလည်း ချက်ချင်း ဘယ်တီးတတ်မလဲ။ မောင်က (၈) နှစ်သားကတည်းက သင်လာရတာ ..."

"ဟင့်အင်း ... ခိုင် အခု တီးတတ်ချင်တယ် ..."

ခိုင်သည် သူ့လက်ချောင်း သေးသေးလှလှလေးများဖြင့် စန္ဒယားခလုတ်များပေါ် ဟိုနှိပ်ဒီနှိပ် နှိပ်ကြည့်သည်။ မနေနိုင်တော့သော ကျွန်တော်က သူ့ကို ကုလားထိုင်ပေါ် ထိုင်ခိုင်း၏။ ထို့နောက် စိတ်ကျေနပ်စေရန် အခြေခံသင်ခန်းစာများကို အနည်းငယ် သင်ပြရသည်။

"ဟောဒီခုံမှာ ကြည့်စမ်း ... သော့ပေါက် တွေ့လား။ အဲဒီတည့်တည့်က ခလုတ်တွေ ကြည့်စမ်း၊ ဟောဒီ ပူးနေတဲ့ အနက်နှစ်လုံးကို မှတ်ထား။ ဘယ်ဘက်အနက်နှစ်လုံးရဲ့ ဘယ်ဘက်အောက်က အဖြူကို (စီ)လို့ မှတ်ထား။ သူ့ညာဘက်ခလုတ်အဖြူက (ဒီ)။ နောက်တစ်ခုက (အီး)။ နောက် (အက်ဖ်)။ နောက် (ဂျီ) ဟုတ်ပလား ..."

ခိုင်က ခေါင်းညိတ်သည်။

"(စီ)ခလုတ်ကို လက်မတင်၊ (ဒီ)မှာ လက်ညှိုးထား၊ (အီး)ခလုတ်မှာ လက်ခလယ်ထား၊ အဲ ... အဲ ခိုင်က သဘောပေါက်သားပဲ။ အဲလိုထား။ ဟုတ်ပြီ လက်မနဲ့ နှိပ်လိုက်စမ်း၊ ပြီးတော့ (ဝမ်း)လို့ဆို ..."

ကျွန်တော် ခိုင်းသည့်အတိုင်း ခိုင်က လုပ်သည်။

"လက်မနဲ့ နှိပ်ပြီး (ဝမ်း)လို့ ဆိုပြီးရင် (တူး၊ သရီး၊ ဖိုး) ဆက်ဆို။ လုပ်ကြည့်စမ်း ...။ ဝမ်း၊ တူး၊ သရီး၊ ဖိုး ..."

ခိုင်သည် လက်မဖြင့် (စီ)ခလုတ်ကို နှိပ်ရင်း (ဝမ်း)ဟု တစ်ပြိုင်နက်ဆို၍ တူး၊ သရီး၊ ဖိုးကို ဆက်ဆိုသည်။

ခိုင်သည် ကျွန်တော် ညွှန်ပြသမျှ စိတ်ရှည်လက်ရှည် လိုက်လုပ်သည်။

၁၀–မိနစ်ခန့် ကြာသောအခါ ခိုင်သည် ပီယာနိုအခြေခံဖြစ်သော ဆင်မီးဘရိဖ်ကို ဘယ်ညာ တီးတတ်သွားသည်။ ဤမျှ တီးတတ်သည်ကိုပင် စိတ်ကျေနပ်သွားသည်။

နောက်ထပ် မိနစ် ၂၀–ခန့် ကျင့်ပြီးသောအခါ ခိုင်သည် ကျွန်တော့်ကို နှုတ်ဆက်ပြန်သွားသည်။ ကျွန်တော်သည် ပီယာနိုခုံ၌ ထိုင်ရင်း ဟိုနှိပ်၊ သည်နှိပ် နှိပ်နေ၏။ အတန်ကြာတွင် ခိုင် ပြန်ပေါ်လာသည်။ ခိုင့်လက်တွင်း၌ အစိမ်းရောင် လွယ်အိတ်လှလှလေးတစ်လုံး ပါလာသည်။

ကျွန်တော် အံ့အားသင့်နေခိုက် ခိုင်က ဆိုသည်။

www.burmeseclassic.com



" ခိုင် လူများဆိုရင် ဘယ်သူ့ကိုမှ မပေးဘူး။ ခိုင် တမင်ရွေးကောက်ပြီး ဖယောင်းနဲ့ တိုက်ထားတာ။ မောင့်ကို တစ်ဝက်ပေးမယ် ရော့ ..."

ကျွန်တော်က ဘာများနည်းဟု ကြည့်မိသည်။ ခိုင်က သစ်ရွက်ဝါတစ်ဆုပ်ကို အိတ်တွင်းမှ နှိုက်၍ ပီယာနိုခုံပေါ်သို့ တင်ထားပြီး ထွက်ပြေးသွားသည်။

ကျွန်တော်သည် သစ်ရွက်လေးများကို ကြည့်မိသည်။ အလွန်လှပသော တမာရွက်ကလေးများ ဖြစ်သည်။ ခိုင် တမင်ရွေးထား၍လော မသိ။ သစ်ရွက်အားလုံး၌ အညိုကွက် မပါ။ အားလုံးဝင်းနေသော ရွှေရောင်ရှိ၏။ ဖယောင်းတိုက်ထားသဖြင့်လည်း ကော့ကော့မာမာနှင့် အရောင်လက်ကာ ရှိနေသည်။

ကျွန်တော်သည် စိတ်တွင်း၌ ကြည်နူးလာပြီး သာဆန်းရဂုံဘွေပတ်ပျိုးကို အစမှ ပြန်တီးသည်။ မည်သို့မျှ အခိုပွါယ် မပေါက်။ အရသာလည်း မခံတတ် ...။ ယခုမူ မိခိုင်ကြောင့် သီချင်း၏ အရသာကို နုနယ်သော နှလုံးသားတွင် ရေးရေးဝါးဝါး ထင်လာသည်။

**... စိန်ချပ်ရုံ မှုန်ရွှေဝတ်ကယ် ... လေညှင်းတ်လာလို့ယိုင်၊ ကြွေလုစုံမြိုင် ... တွေမှိုင်ကာမော၊ ပြေနိုင်အောင် ... အို မောင်မယ်။ သံစာစာ ကျူးလာဖော်ချင်းနွဲ့။**

www.burmeseclassic.com



## ( ၄ ) သူငယ်ချင်း ခိုင် ...

ထိုနေ့ညနေမှစ၍ ခိုင်သည် အားလပ်ချိန်ရတိုင်း ကျွန်တော်တို့ခြံဘက်သို့ မှန်မှန်လာသည်။ ကျွန်တော်သည် ခိုင့်ကို ပီယာနိုသင်ပြသည့်အခါ သင်ပြသည်။ သီချင်းဆိုပြသည့်အခါ ဆိုပြသည်။ ခိုင့်အသံသည် ချိုချိုကလေးဖြစ်သည်။ သီချင်းဆိုနေစဉ် နှုတ်ခမ်းပါးပါးလေးများ လှုပ်ရှားပုံမှာ ချစ်စရာကောင်းလှသည်။

ပီယာနို မတီးချင်၊ သီချင်းမဆိုချင်ကြသောအခါများ၌ ကျွန်တော်တို့သည် ခြံအတွင်း၌ ဗိုလ်အိမ်ဆောက်ကစားသည့်အခါ ကစားသည်။ မြက်နုစိမ်းစိမ်းများ လွှမ်းလျက် မြရာရုံကလေးများ ဟိုတစ်စုသည်တစ်စု ရှိသော တောင်ကုန်းများတွင် ပြေးလွှားဆော့ကစားသည့်အခါ ကစားသည်။

တောင်ကုန်းများ၌ ဆော့ကစားကြလေတိုင်း ကျွန်တော်သည် မြရာရုံများကို စစ်ဆေးကြည့်ရှုလေ့ရှိသည်။ ထိုအခါ နားမလည်သယောင် ခိုင်က မေးတတ်သည်။

" မောင် ဘာရှာတာလဲ "

" မောင်က မြရာသီး သီးပလားလို့ ရှာကြည့်တာ ... မသီးသေးဘူး "

" မြရာသီး ... ဘာလုပ်ဖို့လဲ "

ကျွန်တော်သည် မဖြေနိုင်ဘဲ ခိုင့်ကို ပြန်ကြည့်မိသည်။ ကျွန်တော်တို့ သန်လျင်မြို့သားကလေးများနှင့် မြရာသီးသည် ခွဲခြားမရသော မိတ်ရင်းဆွေရင်းများ ဖြစ်သည်။ ထို့ကြောင့်လည်း မြရာသီးကို ကျွန်တော်တို့ အားလုံး သိသည်။ ယခု ခိုင်သည် မြရာသီးကို မသိဘူး ဆိုသောအခါ ကျွန်တော်သည် နားမလည်နိုင်အောင် ဖြစ်သွားသည်။

" မြရာသီးဆိုတာ ဘောင်ဘောင်ဖောက်လို့ရတယ် "

ဤအကြိမ်တွင် ခိုင်သည် ပို၍ နားရှုပ်သွားဟန်ရှိသည်။

" ဘောင်ဘောင်ဖောက်တယ်ဆိုတာ ဘာလဲ "

ခက်ချေပြီ။ ဘောင်ဘောင်ဖောက်သည်ကို မသိသော ခိုင့်ကို ကျွန်တော် မည်သို့ရှင်းပြရမှန်း မသိ။

" ခိုင် ... ဘောင်ဘောင် တစ်ခါမှ မတွေ့ဖူးဘူးလား "

ခိုင်က ခေါင်းကလေးခါပြသည်။

" ခိုင်တို့ ဘယ်ကပြောင်းလာတာလဲ "

" သရက်က ..."

" ခိုင် ... ဘောင်ဘောင် တစ်ခါမှ မဖောက်ဖူးဘူးလား "

" ဟင့်အင်း "

" ဘောင်ဘောင်ဆိုတာက ...၊ ခိုင် ပြွတ်တံ တွေ့ဖူးလားဟင် "

" တွေ့ဖူးတယ် ..."

" အဲဒီ ပြွတ်တံလိုပဲ ... သူက အပေါက်ကျဉ်းကျဉ်းကလေး။ အပေါက်ကျဉ်းတဲ့ ဝါးကို ခုတ်ရတယ်။ ပြီးတော့ ... အဲဒီအပေါက်နဲ့တော်ရုံ ဝါးချောင်းလေးကို လုံးယူရတယ်။ အဲဒီဝါးချောင်းလေးကို လက်ကိုင်တပ်၊ ပြီးတော့ ဝါးပေါက်ထဲကို မြရာသီးထည့်၊ ဝါးချောင်းနဲ့ ထိုးသွင်းလိုက်၊ ' ဘောင် 'ဆို မြည်တယ်၊ လူကိုမှန်လည်း သိပ်စပ်တာပဲ၊ အဲဒါ ဘောင်ဘောင်လို့ ခေါ်တယ် "

ခိုင်သည် ကျွန်တော်ပြောနေသည်ကို စိတ်ဝင်စားစွာ နားထောင်နေသည်။ ကျွန်တော့်စကား ဆုံးသောအခါ မေးသည်။

" ခိုင့်ကို အဲဒီ ဘောင်ဘောင် လုပ်ပေးမလား "

www.burmeseclassic.com



" မောင် ... ဘောင်ဘောင် မလုပ်တတ်ပါဘူး။ ဒါပေမယ့် ကျိုက်ဇောဓိကုန်းက တိုက်ကျောင်းမှာ မောင်တို့ဦးဇင်း ရှိတယ်။ ပြီးတော့ ဦးဇင်းတို့ကျောင်းထဲမှာ ဘောင်ဘောင်လုပ်ဖို့ အကောင်းဆုံးဝါးရှိတယ်၊ ဝါးလုံးက ထူထူမာမာလေး၊ အပေါက်ကလည်း ကျဉ်းကျဉ်းလေးရယ်။ မြရာသီးသေးသေးကလေး ထည့်ပစ်ရင် တောင်မှ သိပ်မြည်တာပဲ၊ ဦးဇင်းက မောင့်ကို ဘောင်ဘောင်အမြဲလုပ်ပေးတယ်။ ဒီနှစ်တော့ ခိုင့်ဖို့ပါ ဦးဇင်းကို မောင် ဘောင်ဘောင်တစ်ခု လုပ်ပေးခိုင်းမယ် "

ကျွန်တော်တို့သည် တောင်ကုန်းအနှံ့အပြား လျှောက်ကစားကြသည်။ အပြန်တွင် ကျွန်တော်က မယ်ဒရိုရွက်များ ခူးလေ့ရှိသည်။

" အဲဒီအရွက်က ဘာလုပ်ဖို့လဲ "

" ငါးပိရည်နဲ့ တို့စားရင် ထမင်းပိုစားလို့ကောင်းတယ်။ မွေးက မွေးသနဲ့။ ရော့ ခိုင်တို့အတွက် တစ်ဝက်ယူသွား ..."

ဤသို့ ခိုင်နှင့် ကျွန်တော် ရင်းနှီးလာခဲ့ကြသော်လည်း ခိုင်တို့အိမ်ဘက်သို့ ကျွန်တော် တစ်ခါမျှ မလည်။ ခိုင်ကလည်း လည်ရန်မခေါ်။

ကျွန်တော်တို့အိမ်ဘက်မှ ကြည့်လျှင် ညနေတိုင်း၌ ခိုင်တို့အိမ်ခြံဝင်းအတွင်း လမ်းလျှောက်နေတတ်သော ခိုင့်အစ်မများကို တွေ့ရသည်။ ခိုင်ပြောပြထားသဖြင့် သူတို့နာမည်များကို ကျွန်တော် သိပြီး ဖြစ်သည်။ ခိုင့်အစ်မအကြီးဆုံး နာမည်မှာ " **ကြိုင်** "ဟု ခေါ်သည်။ ကြိုင်သည် ကောလိပ်ကျောင်းသူဟု ကျွန်တော် သိရသည်။ ယခု ကျောင်းပိတ်၍ အိမ်ပြန်နေသည်။ ကျွန်တော့်ကိုကိုသည်လည်း ကောလိပ်ကျောင်းသားဖြစ်သည်။ သို့ရာတွင် ကိုကိုသည် ကျောင်းပိတ်သော်လည်း အိမ်သို့ မှန်မှန်ပြန်မလာတတ်။

ခိုင့်အစ်မအလတ်မှာ " **မြိုင်** "ဟု ခေါ်သည်။ မြိုင်သည် ယခုနှစ် ကျောင်းပြန်ဖွင့်လျှင် (၇)တန်း၌ တက်မည်ဟု သိရသည်။

ခိုင့်အောက် အငယ်ဆုံးကောင်မလေးကို " **လှိုင်** "ဟုခေါ်သည်။ လှိုင်သည် ၃–နှစ်သမီးသာ ရှိသည်။ အလွန်ဆော့၍ အလွန်ငိုသော ကောင်မလေးဖြစ်သည်။ သူတို့မှာ ညီအစ်မတွေများသဖြင့် ပျော်စရာကြီးဟု ကျွန်တော်က ထင်မိသည်။ ဤထင်မြင်ချက်ကိုလည်း ခိုင့်ကို ပြောပြမိသည်။ ခိုင်သည် မျက်နှာလေး မှုန်တေတေနှင့် ပြန်ပြောသည်။

" ညီအစ်မတွေ အများကြီးပေမယ့် အလကားပါ။ လှိုင်က သိပ်လူပါးဝတာ၊ ခိုင့်ကစားစရာဆိုရင် အကုန်ဖျက်ပစ်တာပဲ။ ဖေဖေနဲ့ မေမေကလည်း ခိုင့်ကိုသာ ရိုက်တာ။ လှိုင့်ဆို ဘယ်တော့မှ မရိုက်ဘူး။ ကြိုင့်ကိုတော့ သမီးအကြီးဆုံးမို့ အချစ်ဆုံးတဲ့။ မြိုင့်ကိုတော့ အလှဆုံးမို့ ချစ်တာတဲ့ "

ကျွန်တော်သည် မကျေမနပ်ဖြင့် ပြန်မေးသည်။

" နို့ ... ခိုင့်ကိုကော "

ခိုင်သည် မျက်နှာလေးမဲ့မဲ့ရွဲ့ရွဲ့ဖြင့် နာကြည်းစွာ ဖြေသည်။

" ခိုင့်ကို သူတို့က မချစ်ပါဘူး။ ခိုင့်ကို သူတို့အားလုံးက မိခိုင်လို့ ခေါ်တယ်။ ခိုင့်ကို ချစ်တာက ဘိုးဘိုးတစ်ယောက်တည်း ရှိတယ် ..."

" ခိုင့်ဘိုးဘိုး ရှိတယ်။ မောင် မတွေ့မိပါလား "

ခိုင်သည် ရုတ်တရက် ပြန်မဖြေဘဲ ငိုင်သွားသည်။ မျက်လုံးကလေးများ၌ မျက်ရည်တို့ ဝဲနေ၏။

" အခု ဘိုးဘိုး မရှိတော့ပါဘူး။ ဘိုးဘိုး သေသွားတာ တစ်နှစ်လောက်ရှိပြီ "

ကျွန်တော်သည် ခိုင့်အတွက် စိတ်မကောင်းဖြစ်သွားမိသည်။ ထို့ကြောင့် ခိုင် စိတ်ချမ်းသာပါစေတော့ဟု ပြန်ပြောရသည်။

" မောင့်ကိုတော့ ဖေဖေကရော ... မေမေကရော ... ကိုကိုကရော ချစ်ကြတာပဲ။ ကိုကိုကလည်း ကောလိပ်မှာ ဘီအေရောက်ပြီ။ ဒါပေမယ့် ကိုကိုက ကြိုင့်လို ကျောင်းပိတ်ရင် အိမ်ပြန်လာတာ မဟုတ်ဘူး"

www.burmeseclassic.com



" ဘာဖြစ်လို့ ပြန်မလာတာလဲ "

" ကိုကိုက ဟို ... ဘာတဲ့ ... အဲ ... သ–သ–သမဂ္ဂဆိုတာ လုပ်တယ်၊ မအားလို့ ပြန်မလာဘူးတဲ့ "

" သ–မက်–ဂ ဆိုတာ ဘာလဲ "

" သမဂ္ဂ ဆိုတာ ကောလိပ်မှာ ရှိတယ်တဲ့။ ဘာလဲတော့ မသိဘူး ..."

" နင့်ကိုကို နာမည်က ဘယ်လိုခေါ်သလဲ "

" ကိုထွန်းအောင် "

" ခိုင် မကြိုင်ကို မေးကြည့်ဦးမယ်၊ သိလားလို့၊ ပြီးတော့ သ–မက်–ဂ ဆိုတာလဲ ခိုင်မေးလိုက်မယ် "

ကျွန်တော်သည် ခိုင်ပြောပြချက်အရ ကြိုင်၊ မြိုင်၊ လှိုင်တို့ကို ကြိုတင် မုန်းထားမိသည်။ ထို့ကြောင့်လည်း သူတို့အိမ်ဘက်သို့ သွားမလည်။

ညနေတိုင်း၌ မြိုင်နှင့် ကြိုင်တို့ ပန်းခြံအတွင်း လမ်းလျှောက်သောအခါ ချောင်း၍ကြည့်မိသည်။ ကြိုင်ရော၊ မြိုင်ပါ စတိုင်ကျသော အပျိုများဖြစ်ကြသည်။ ကြိုင့်အတွက် မသိသာသော်လည်း မြိုင်သာ ကျွန်တော်တို့ကျောင်း ရောက်လျှင် နောက်ပိုး ကောင်းကောင်းအပိုးခံရမည်ကို ကျွန်တော် သေချာသိသည်။ ကျွန်တော်တို့ကျောင်းမှ ကိုးတန်းနှင့် ဆယ်တန်းမှ ကျောင်းသားကြီးများက ရွှေမြင်းကော့စမက်တစ်နှင့် ခေါင်းကိုပြောင်အောင် ဖြီး၍ အပျိုဆိုလျှင် နောက်ပိုးပိုးကြသည်။ ကျွန်တော်တို့ကျောင်း၌ အချောဆုံးအပျိုမှာ ကျွန်တော့်သူငယ်ချင်း သန်းထွန်း၏ အစ်မ၊ ရေ့နေသမီး ၇–တန်းမှ မမကြည်ဖြစ်သည်။ မမကြည်ကို ကိုမောင်ဟန်၊ ကိုအုန်းမောင်စသော ကျောင်းသားကြီးများ ဝိုင်းပိုးနေကြ၏။ မြိုင်သည် မမကြည်ထက် အများကြီးလှသဖြင့် ကျောင်းရောက်လျှင် ဝိုင်း၍ နောက်ပိုးအပိုးခံရမည်ကို ကျွန်တော် ကြိုတင်သိသည်။

ကျွန်တော်တို့ မက်ဒသစ်ဟိုက်စကူးကျောင်းကြီးမှာ မေလအတွင်း ပြန်ဖွင့်သည်။ မြိုင်သည် ၇–တန်း တက်မည်ဖြစ်၍ ခိုင်က ၃–တန်း တက်ရမည်။ ကျွန်တော်က ၄–တန်း။

ကျောင်းဖွင့်လုနီးသောအခါ ခိုင်သည် မှိုင်မှိုင်လေး လာညည်း၏။

" မောင် ကျောင်းသွားရင် သူငယ်ချင်းတွေနဲ့ သွားသလား "

" သူငယ်ချင်းတွေနဲ့ သွားတဲ့အခါလည်း သွားတယ်၊ တစ်ယောက်တည်း သွားတဲ့အခါလည်း သွားတာပဲ "

" ဒါဖြင့်ရင် ခိုင့်ကို မောင် ခေါ်မလား "

" အို ... ခေါ်မှာပေါ့၊ ခိုင်နဲ့ မောင် အတူတူ ကျောင်းတက်မှာပေါ့၊ ဒါပေမယ့် မြိုင်ကကော မောင်နဲ့ လိုက်မှာလား ..."

ခိုင်က မျက်နှာလေးမဲ့၍ ခေါင်းခါသည်။

" မြိုင်က အပျိုပဲ၊ အပျိုဆိုတာ ကလေးတွေနဲ့ တွဲကျောင်းတက်ရတာ ရှက်သတဲ့။ သူက အခု သူငယ်ချင်းတွေ ဘာတွေ ရထားပြီ။ သူတို့ အပျိုချင်း ကျောင်းတက်မှာပေါ့။ ခိုင့်ကို မခေါ်ချင်ဘူး။ ခေါ်လည်း ခိုင်က မလိုက်ပါဘူး။ သူနဲ့ လိုက်ရင် ထိပ်ခေါက် ခဏခဏ ခံရတယ်"

ကျွန်တော်သည် ခိုင့်ကို ကရုဏာသက်စွာ ကြည့်၍ စိတ်အေးအောင် ကတိပေးရသည်။

" စိတ်ချပါ ခိုင်ရယ်၊ မောင် လာခေါ်ပါ့မယ်၊ ကျောင်းဖွင့်တဲ့နေ့ကျရင် စောစော သွားကြမယ်နော် "

ခိုင်သည် တစ်ကြိမ်ကကဲ့သို့ပင် သူ့ဘော့ဟဲယားကလေးများ ငြိမ့်ငြိမ့်လှုပ်အောင် ခေါင်းညိတ်ပြသည်။

ကျောင်းဖွင့်သောနေ့၌ ကျွန်တော်သည် အဝတ်အစားလဲပြီး နံနက်စာကို ကမန်းကတန်းစားသည်။

ဒေါ်စာဥကြီးသည် ဦးထုပ်၊ မိုးကာစသည်တို့ကို ယူပေးရင်း နောက်၏။

" မောင်က ဒီနေ့ သိပ်ဝီရိယကောင်းနေပါလား။ အဆက်နဲ့ စုံတွဲ ကျောင်းတက်မလို့ပေါ့လေ "

ကျွန်တော်သည် ဒေါ်စာဥကြီးကို စိတ်မဆိုးစဖူး စိတ်ဆိုးသွားသည်။ ခိုင်သည် ကျွန်တော့်အဆက် မဟုတ်။ ကျွန်တော့်သူငယ်ချင်းသာ ဖြစ်သည်။

www.burmeseclassic.com



" ခိုင့်ကို ဘာလို့ ကျွန်တော့်အဆက်လို့ ပြောရတာလဲ "

" ဟဲ့ ... အဆက်မဟုတ်ဘဲ ဘာလို့ နင်တို့ တွဲနေကြသလဲ "

ကျွန်တော်သည် ဒေါ်စာဥကြီး၏ ဖောင်းပြည့်စူတင်းသော ဗိုက်ကြီးကို လက်သီးနှင့် ပစ်ထိုးလိုက်ချင်သည်။ သို့ရာတွင် လက်သီးနှင့် ထိုးသည်ထက်နာသော စကားကို ကျွန်တော်က စဉ်းစားပြီးဖြစ်သည်။

" ခဏခဏ တွဲကြရင် အဆက်ဖြစ်ရောလား "

" အေးပေါ့တော် "

" ဒါဖြင့်ရင် မနက်တိုင်း ကားနဲ့ ဦးလေးကိုဖိုးခင်ကြီးနဲ့ ဒေါ်လေးနဲ့ တွဲပြီး ဈေးသွားတယ်၊ ဒီလိုဆိုရင် ဒေါ်လေးတို့လည်း အဆက်ပေါ့ ဟုတ်လား "

ဒေါ်စာဥကြီးသည် ငယ်စဉ် မေမေ အပျိုဘဝကတည်းက ဘိုးဘိုးတို့အိမ်တွင် ဆွေမျိုးရင်းချာပမာ နေသူဖြစ်သည်။ မေမေနှင့် ဖေဖေကလည်း သူ့ကို ဆွေမျိုးသားချင်း ညီအစ်မတစ်ယောက်သဖွယ် ဆက်ဆံ၏။ ကိုဖိုးခင်မှာ ကျွန်တော့်အိမ်မှ ဒရိုင်ဘာဖြစ်ရာ ကိုဖိုးခင်နှင့် စ,လျှင် ဒေါ်စာဥကြီး အနာဆုံးဖြစ်သည်။ ယခုလည်း ဆွေ့ဆွေ့ခုန်နေသည်။

" မောင် တော်တော်ဆိုးတယ်၊ ဘာတွေလျှောက်ပြောတာလဲ ...။ ဖိုးခင်ကို ငါက ဘာလို့ ကြိုက်ရမှာလဲ "

" ဟော ... ဒေါ်လေးအိုးမလုံ အုံပွင့်ပြီ ...။ ဒေါ်လေးကို ကြိုက်တယ်လို့ မောင်က မပြောပါဘူး။ ဒေါ်လေးဘာသာ ဒေါ်လေး စိတ်ထဲက မလုံတာမဟုတ်လား ..."

ဒေါ်စာဥကြီးသည် သူ့ခန္ဓာကိုယ်အိပဲ့ကြီးဖြင့် ကျွန်တော့်ကို လိုက်ရိုက်သည်။ ကျွန်တော်က အခန်းကို ပတ်ပြေး၍ အားရအောင် စ,ပြီးမှ ခိုင်တို့အိမ်ဘက် ထွက်ပြေးလာခဲ့သည်။

ခိုင်တို့အိမ်ဝင်းအတွင်း ဤအကြိမ်သည် ကျွန်တော့်အတွက် ပထမဆုံး ခြေချဖူးခြင်းဖြစ်သည်။

အိမ်ဝ၌ ကြိုင့်ကို သွားတွေ့သည်။ ကြိုင်သည် ကျွန်တော့်ကို ပြုံးချိုချိုဖြင့် စိုက်ကြည့်နေပြီး ရွှတ်နောက်နောက် စ,သည်။

" အလို ... လူကြီးလူကောင်းမင်း၊ ဘာကိစ္စကြွလာပါသလဲ ..."

ကျွန်တော်က သူ့ကို တည်တည်ပြန်ကြည့်၍ ဖြေသည်။

" ကျောင်းသွားမလို့ ခိုင့်ကို လာခေါ်တာ "

ကြိုင်သည် အံ့သြဟန် မျက်လုံးကလေးများပြူး၍ ပြန်မေးသည်။

" ဘာရယ် ... ခိုင့်ကို လာကြိုတာ "

" ဟုတ်တယ် ... ခိုင့်ကို လာကြိုတာ "

ကြိုင်သည် ဘာကို သဘောကျသည်မသိ၊ ပြုံးရယ်သွားပြီး အိမ်ခန်းတွင်းသို့ လှမ်းခေါ်သည်။

" မြိုင်ရေ၊ ဟောဒီမှာ လာကြည့်စမ်းဟေ့၊ ဟိုဘက်အိမ်က မောင် ခိုင့်ကို ကျောင်းလာကြိုသတဲ့ဟေ့ "

ကျွန်တော်သည် ကြိုင့်ကို စိတ်ဆိုးသွားသည်။ ခိုင့်ကို ကျောင်းလာကြိုသည်အား ဘာကြောင့် ကြိုင်သည် ရေးကြီးခွင်ကျယ်လုပ်၍ မြိုင့်အား အော်ပြောနေရသနည်း။ ထို့ကြောင့် ရှုတည်တည်ဖြင့် ဘုပြောသည်။

" ခိုင့်ကို ကျောင်းလာကြိုတာ ဆန်းသလားဗျ "

" ဘာပြောတယ် ..."

" ခိုင့်ကို ကျောင်းလာကြိုတာ ဆန်းသလားလို့ မေးနေတာ "

ကြိုင်သည် မျက်မှောင်လေးကြုတ်ငေးနေရာမှ လက်ခုပ်တီးကာ ရယ်သည်။ ထိုစဉ် မြိုင် ရောက်လာသည်။

" မမ ဘာတွေသဘောကျနေသလဲ "

" ဟောဒီမှာကွယ်၊ ခိုင့်ကို ကျောင်းလာကြိုသတဲ့ ..."

မြိုင်ကလည်း ကျွန်တော့်ကို စူးစိုက်စွာကြည့်ပြီး သဘောကျစွာ ရယ်ပြန်သည်။

ကျွန်တော်သည် မမျှော်လင့်ဘဲ အပျိုနှစ်ဦးရှေ့တွင် ရောက်နေသည်။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော် အနည်းငယ် ရှက်၍ ဒေါသလည်း ထွက်နေသည်။

ကြာလျှင် သူတို့နှစ်ဦးနှင့် ကျွန်တော် ဘာဖြစ်မည်မသိ။ ကံအားလျော်စွာ ခိုင်တို့မေမေ ထွက်လာသည်။

" ဟဲ့ ... ကြိုင် ဘာတွေသဘောကျနေတာလဲ "

အကြီးမက ပြန်ဖြေသည်။

" ဟောဒီမှာ၊ ခိုင့်ကို ကျောင်းလာကြိုနေတယ် ..."

အဘွားကြီးက ကျွန်တော့်ကို ပြုံး၍ကြည့်နေခိုက် မြိုင်သည် သူ့အစ်မကဲ့သို့ပင် လက်ခုပ်တီး၍ တအံ့တသြဆိုသည်။

" ခိုင့်ကို ကျောင်းလာကြိုသတဲ့ မေမေရေ့ ဟာဟာ့၊ မိခိုင်က သူငယ်ချင်းတွေ ဘာတွေ ရလို့ပါလား ..."

ကြိုင်ကလည်း မြိုင့်ကို ထောက်ခံရင်း လိုက်ဆိုသည်။

" ဟာဟာ့ ... ဟုတ်တယ်ဟေ့ ခိုင်က သူငယ်ချင်းတွေ ဘာတွေရလို့ ..."

အဘွားကြီးသည် သမီးများကို မျက်စောင်းထိုး ဟန့်တား၍ ဆို၏။

" ကြိုင်တို့ကလည်း ကလေးကို အလကားရှက်အောင် လာ ... လာ လူကလေး အိမ်ထဲဝင်ထိုင်။ မိခိုင် ထမင်းစားနေတုန်း "

သူတို့နှစ်ဦးသည် မျက်နှာပိုးသတ်၍ ကျွန်တော့်ကို စိုက်ကြည့်သည်။ ကျွန်တော်ကလည်း သူတို့ကို ပြန်၍ အကဲခတ်ကြည့်နေမိသည်။

ကြိုင်သည် အသားဖြူ၍ မျက်နှာသွယ်သွယ်ဖြင့် ခိုင်နှင့် ရုပ်ချင်းဆင်သည်။ ညာဘက်ပါးတွင် စံပယ်တင်မှဲ့တစ်လုံးရှိကာ ပြုံးလိုက်လျှင် တစ်မျိုးလှ၏။ မျက်တောင်ကော့ကြီးများကို ပုတ်ခတ်ပုတ်ခတ်ဖြင့် ကျွန်တော့်ကို ကြည့်နေခိုက် ပြုံးရယ်သော မျက်လုံးများသည် အရောင်တဖျပ်ဖျပ် လက်နေသည်။

မြိုင့်မျက်နှာကလေးမှာမူ ဝန်းဝန်းပြည့်ပြည့်ဖြစ်သည်။ တန်းနေသောနှာခေါင်းလေးက အလွန်လှသည်။ လူတစ်ယောက်ကို ကြည့်လျှင် ညာဘက်မျက်ခုံးကို မ,တင်၍ ဘယ်ဘက်မျက်လုံးကို စင်းလျက် ကြည့်ပုံမှာ တစ်မျိုး တင့်တယ်သည်။

အတန်ကြာ ငြိမ်နေကြပြီးမှ မြိုင်က မေးသည်။

" မင်းနာမည် ဘယ့်နှယ်ခေါ်လဲ "

" မောင် ..."

ညီအစ်မနှစ်ဦးသည် တစ်ဦးမျက်နှာတစ်ဦး ကြည့်ကြသည်။ ထို့နောက် မြိုင်သည် ပြုံး၍ ကျွန်တော့်ကို ပြောသည်။

" မောင် ကြီးလာတဲ့အခါ ဒီနာမည်ကို အပျိုတွေ ခေါ်ရဲမှာ မဟုတ်ဘူး "

ကျွန်တော်သည် သူ့စကားကို နားမလည်။ ထို့ကြောင့် ပြန်မေးသည်။

" ဘာလို့ မခေါ်ရဲရမလဲ "

ညီအစ်မနှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကြည့်ကာ ရယ်ကြပြန်သည်။

" မောင့်နာမည်က ကြောက်စရာကြီး ... အပျိုတွေ ဘယ်ခေါ်ရဲမလဲ "

" ခင်ဗျားတို့ အပျိုတွေ မဟုတ်ဘူးလား "

ကျွန်တော့်မေးခွန်းကြောင့် ညီအစ်မနှစ်ယောက်စလုံး အရယ်ရပ်ကာ မျက်လုံးပြူးသွားကြသည်။

www.burmeseclassic.com



" ဘာပြောတယ်ကွဲ့ "

" ခင်ဗျားတို့ အပျိုတွေ မဟုတ်ဘူးလား "

မြိုင်က ပြန်ဖြေသည်။

" ဟုတ်တယ်လေ၊ မောင်က အပျိုဆိုတာ သိလို့လား "

" သိတာပေါ့၊ အပျိုဆိုတာ အားကြီး စတိုင်များတယ်၊ ပြီးတော့ နောက်ပိုးလည်း အပိုးခံရတယ် "

ဤအကြိမ် ညီအစ်မနှစ်ဦး ရုတ်တရက် ဘာမျှပြန်မဖြေနိုင်။ အတန်ကြီးကြာမှ မြိုင်က ပြန်မေးခွန်းထုတ်သည်။

" အခုနင်က ... မောင်က မမတို့ကို အပျိုလားလို့ မေးတယ် ...။ ဘာလို့မေးတာလဲ "

" ကျွန်တော့်နာမည်ကို အပျိုတွေ ခေါ်ရမှာ သိပ်ကြောက်တယ်ဆို၊ ဘာလို့ မမတို့ကတော့ ခေါ်ရဲလဲ "

ညီအစ်မနှစ်ဦးသည် ကြောင်သွားပြီးမှ ပြိုင်တူရယ်မောကြသည်။

ကြိုင်သည် " အာဂသတ္တိပဲဟေ့ ... ကိုထွန်းအောင်ညီရယ်လို့ မပြောရဘူး "ဟု ဆို၍ ထိုင်ရာမှထကာ ကျွန်တော့်ဘေးတွင် ဝင်ထိုင်လျက် ပခုံးကိုပွေ့ပြီး စကားဆက်ဆိုသည်။

" မမကြိုင်က မောင့်ကိုချစ်လို့ ကျီစားတာပါ ...။ ပြီးတော့ မောင့်ကိုကိုလို သတ္တိရှိလားလို့ စမ်းကြည့်တာ "

ကျွန်တော်သည် ကျေနပ်သွားသဖြင့် အသံချိုစွာ ပြင်၍မေးသည်။

" မမကြိုင်က ကိုကို့ကို သိလား "

" သိတာပေါ့ကွ၊ မင်းကိုကိုက သခင်ကျောင်းသားပဲ၊ သူ့ကို မမကြိုင်တို့ ကြောက်တယ်ကွဲ့ "

" ကိုကိုက ကြောက်စရာမကောင်းပါဘူး၊ ကိုကို့အကြောင်းသိရင် ... ကိုကို့ကို မမကြိုင်တို့ ချစ်သွားမှာပဲ "

ကျွန်တော်က ရိုးသားစွာ ဆိုသော်လည်း ကြိုင်သည် မျက်လုံးလေးများပြူး၊ ပါးစပ်ကလေးပြဲသွား၍ ပါးလေးများလည်း နီရဲသွားသည်။

" မှတ်ကရော ... မှတ်ကရော "

မြိုင်သည် ထိုသို့အော်ရယ်ရင်း အိမ်တွင်းသို့ ပြေးဝင်သည်။

ကြိုင်သည် အရှက်ပြေပြုံး၍ ကျွန်တော့်အား စိုက်ကြည့်နေခိုက် ခိုင်သည် လွယ်အိတ်လေးလွယ်လျက် ထွက်လာသည်။ ကျွန်တော်သည် ကြာကြာမဆိုင်းတော့ဘဲ နေရာမှထကာ ထွက်လာသောအခါ ခိုင်သည် နောက်မှ လိုက်လာ၏။

ခြံဝရောက်မှ ကျွန်တော် လှည့်ကြည့်လိုက်သောအခါ အိမ်တံခါးပေါက်၌ မြိုင်၊ ကြိုင်တို့အပြင် လှိုင်အပါအဝင် တစ်အိမ်သားလုံး ကျွန်တော်တို့ကို ထွက်ကြည့်နေကြသည်။

အနည်းငယ် အနေရ၊ အထိုင်ရခက်၍ စိတ်လည်း မကျေမနပ်ဖြစ်မိသော ကျွန်တော်က ခိုင့်ကို မေးသည်။

" ခိုင့်ကို မောင် ကျောင်းလာကြိုတာ သူတို့ ဘာလို့ ထူးထူးဆန်းဆန်း ဖြစ်ရတာလဲ "

ခိုင်သည် ရုတ်တရက် မဖြေနိုင်ဘဲ စဉ်းစားသယောင် ငိုင်နေ၏။ ထို့နောက်မှ တိုးတိုးလေး ဖြေသည်။

" ခိုင့်ကို အရင်က ဘယ်သူမှ ကျောင်းလာမကြိုဖူးဘူး "

ကျွန်တော်သည် ခိုင့်ကို သနားသွားသည်။

" ဒါဖြင့် အရင်က ခိုင့်မှာ သူငယ်ချင်း မရှိဘူးလား "

ခိုင်သည် မဖြေဘဲ သူ့မျက်တောင်ကော့လေးများကို စင်းချလျက် မြေပြင်သို့သာ စိုက်ကြည့်ရင်း လျှောက်လာသည်။

ကျွန်တော်သည် ရပ်လိုက်၍ ခိုင်၏လက်လေးများကို ဆွဲယူသည်။

www.burmeseclassic.com



"အခု မောင်က ခိုင့်သူငယ်ချင်းပဲ သိလား။ ခိုင်နဲ့ မောင် ဘယ်တော့မှ ရန်မဖြစ်ဘူးနော် ..."

ခိုင်သည် မျက်လွှာလေးလှန်၍ ကျွန်တော့်ကို ကြည့်သည်။ ဘာကြောင့်ရယ် မသိ၊ ခိုင့်မျက်လုံးလေးများတွင် မျက်ရည်ဝဲနေသည်။ သို့ရာတွင် ခဏအကြာ၌မူ ပါးမို့မို့နီနီလေးများထက် ပါးချိုင့်လေးများပေါ်အောင် ပြုံးသည်။

ကျွန်တော်တို့ ရောက်နေရာမှ ကျောင်းဆီသို့ လမ်းသည် နိမ့်လျှောဆင်းလျက်ရှိ၏။

ကျွန်တော်နှင့် ခိုင်သည် ပြိုင်တူရယ်မောလိုက်ပြီး တစ်ဦးလက်တစ်ဦးတွဲ၍ နိမ့်လျှောဆင်းနေသော လမ်းအတိုင်း မြူးမြူးရွှင်ရွှင် ပြေးဆင်းလာခဲ့ကြသည်။

www.burmeseclassic.com



## (၅) ခိုင်နှင့်လည်း ကျောင်းနေစဉ်

ခိုင်နှင့် ကျွန်တော်တို့ ကျောင်းသွားလျှင် သန်လျင်မြို့ ဂါတ်တဲဝင်းကြီး အနောက်ဘက်လမ်းမှ သွားလေ့ရှိသည်။ မိုးသည်းသောအခါများတွင် ခိုင်နှင့် ကျွန်တော်တို့ကို ဦးလေးကိုဖိုးခင်က ကားဖြင့် လိုက်ပို့ပေးသည်။ ထိုအခါများတွင် မြိုင်လည်း ကျွန်တော်တို့နှင့်အတူ လိုက်ပါတတ်သည်။

ခိုင်နှင့် ကျွန်တော်ကမူ ကုန်းကြောင်းလျှောက် ကျောင်းတက်ရသည်ကို ပိုသဘောကျသည်။ ကျွန်တော်တို့အိမ်မှ ထွက်ခဲ့၍ ရုံးကြီးကို ကျော်လျက်ကွေ့ကာ ကျောင်းသို့သွားသော လမ်းပေါ် ရောက်သောအခါတွင် လက်ဝဲဘက်၌ စိန်ပန်းပင်များကို တွေ့ရသည်။ ကျောင်းဖွင့်စအချိန်ဆိုလျှင် အရိပ်ကင်းသော စိန်ပန်းပင်တို့ထက် ရဲရဲနီသော ပတ္တမြားပွင့်တို့ ပင်လုံးကျွတ် ဖုံးလွှမ်းနေသည်ကို တွေ့ရသည်။

ကျောင်းဘက်သို့ နီးလာသောအခါ စိမ်းလန်းတောက်ပြောင်သော အရွက်ထူထူတို့ဖြင့် စီစီရီရီ ပေါက်နေသော ရာဘာပင်တို့ကို တွေ့ရသည်။ ရာဘာပင်အောက်တွင် ဝင်ရှာသောအခါ ရာဘာသီးခြောက် တစ်လုံးစ နှစ်လုံးစကို တွေ့ရမြဲဖြစ်သည်။

ခိုင်သည် ရာဘာသီးခြောက်ကို အလွန်သဘောကျသည်။ ရာဘာသီးခြောက်သည် မျောက်ခေါင်းနှင့် သဏ္ဍာန်တူသည်။ မျက်စိနေရာ၊ ပါးစပ်နေရာ၊ နှာခေါင်းနေရာ၊ အကုန်ပါသည်။ ရှိပြီးသား မျက်နှာအင်္ဂါရပ် နေရာတို့တွင် ခဲတံရောင်စုံဖြင့် ထပ်မံအရာဖော်ပေးလိုက်သောအခါ ပြူးကြောင်ကြောင် စပ်ဖြဲဖြဲဖြင့် အသည်းယားစရာလည်းကောင်း၍ ချစ်စရာလည်းကောင်းသော မျောက်မျက်နှာပီပီသသ ပေါ်လာသည်။

ခိုင်နှင့်အတူ ကျောင်းသွားရသည်မှာ ပျော်စရာကောင်းသည့်အခါလည်း ကောင်းသည်။ စိတ်ညစ်စရာကောင်းသည့်အခါလည်း ကောင်းသည်။

ကျွန်တော်တို့ကျောင်းလမ်းနှင့် ဂါတ်တဲဝင်းကြားတွင် ရှည်လျားသော ကုန်းမြင့်သွယ်သွယ်ကြီးတစ်ခု ရှိသည်။ ယင်းကုန်းမြင့်ကြီးမှာ မီးရထားလမ်းဟောင်းကြီးဟု သိရသည်။

ခိုင်နှင့် ကျွန်တော်သည် ကျောင်းသို့ ရိုးရိုးတန်းတန်း မသွား။ လိုက်တမ်းပြေးတမ်းကစားရင်း သွားလေ့ရှိသည်။

ခိုင်ပြေးလှည့်ရောက်သော် ခိုင်က တည့်တည့်မတ်မတ်စွတ်ပြေး၍ ကျွန်တော်က ခဏချင်းဖမ်းမိသည်။ ကျွန်တော်ပြေးလှည့်ရောက်သော် မီးရထားလမ်းဟောင်း ကုန်းရိုးတန်းပေါ်သို့ တက်ပြေးသည်။ မီးရထားလမ်း ကုန်းရိုးတန်းပေါ်ရောက်မှ ကျွန်တော်က ကုန်းအောက်သို့ အရှိန်နှင့် ခုန်ပေါက်ပြေးဆင်းသည်။ ခိုင် ဆင်းလိုက်သောအခါ ကျွန်တော်က ကုန်းပေါ်သို့ ပြန်တက်ပြေးပြန်သည်။ မလိုက်နိုင်သောအခါ ခိုင်သည် မြေပြင်တွင် ထိုင်ချ၍ ငိုမဲ့မဲ့ဖြင့် စိတ်ကောက်နေတတ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်က သူ့အနား တမင်သွား၍ အမိခံရသည်။ ဤသို့အမိခံတော့မှ ခိုင့်မျက်နှာလေးသည် ချက်ချင်း ပြန်လည်ပြုံးရွှင်လာတတ်၍ နေရာမှ ထလေ့ရှိသည်။

" နေဦးနော် မောင်၊ အဲဒီနေရာက မရွှေ့နဲ့ ခိုင်က စိန်ခေါ်မှ လိုက်ရမယ် သိလား ..."

ဤသို့ပြောပြီး ခိုင်သည် ကုန်းပေါ်သို့ရောက်အောင် ပြေးတက်သွားသည်။ ကုန်းထိပ်ရောက်မှ အောက်မှာရှိသော ကျွန်တော့်ကို ပြုံးပြုံးကြီး ပြန်ကြည့်ကာ လျှာထုတ်ပြရင်း "မောင်ရေ ... မောင်ရေ ... စိန် ... စိန် ... "ဟု မထီလေးစားဟန် နောက်ပြောင်ခေါ်တတ်သည်။

ကျွန်တော်သည် ကုန်းပေါ်သို့ လေးငါးဆယ်လှမ်း တအားပြေးတက်ဟန်ပြုသည်။ ထိုအခါ ခိုင်က အလန့်တကြား ဟစ်အော်ရင်း ကုန်းအောက်သို့ ပြေးဆင်းသည်။ ဉာဏ်သမား ကျွန်တော်က ကိုယ်ရှိန်သတ်ပြီး ဖြစ်နေသဖြင့် ခိုင် ပြေးဆင်းသည်ကို တွေ့သည်နှင့် တစ်ပြိုင်တည်း ကိုယ်ကိုလှည့်ကာ တစ်ဟုန်ထိုး ပြေးဆင်း အမိဖမ်းသည်။ ခိုင့်ကိုယ်လေးကို သိမ်းဖက်ကာ ဖမ်းမိသည်ခဏ၌ ခိုင်ရော ကျွန်တော်ပါ မြေပြင်သို့ လုံးထွေး၍ လိမ့်ကျသွားသည် ။

www.burmeseclassic.com



မည်မျှနာနာ ကျွန်တော်တို့ မငိုကြ။ တစ်ယောက်ကိုတစ်ယောက်ဖက်ရင်း တခစ်ခစ် ရယ်မောကြသည်။

" မောင်က မကောင်းဘူး ဉာဏ်များတယ် "

" အို ... မောင်က ဘာဉာဏ်များလို့လဲ "

" မောင်ပြေးတုန်းကတော့ ခိုင်က ကောင်းကောင်းလိုက်ခဲ့တယ်၊ မောင့်ကျတော့ ဉာဏ်များတယ် ..."

ကျွန်တော်က သဘောကျစွာ တဟဲဟဲ ရယ်မောသည်။

" ကောင်းပြီလေ၊ ခိုင် ပြန်ပြေးမလား။ မောင် ကောင်းကောင်းလိုက်မယ် ..."

" ဟင့်အင်း ... တော်ပြီ ... ခိုင်မောပြီ ..."

ခိုင် မောလျှင် ကျွန်တော်က ဆက်မကစား။ တစ်ယောက်ကိုယ်တွင် ပေနေသော ဖုန်မှုန့်များကို တစ်ယောက်က စင်ကြယ်အောင် သုတ်ပေးရင်း ကျောင်းဆက်လာတတ်ကြ၏။

စိတ်ညစ်စရာကောင်းသည်မှာ တစ်ခါတစ်ရံ အဓိပ္ပါယ်မရှိသော မဟုတ်တာလုပ်ချင်သော ခိုင့်ကြောင့်သာဖြစ်သည်။

ကျွန်တော်တို့ကျောင်းနှင့် မလှမ်းမကမ်း၌ ချောက်ကြီးတစ်ခုရှိသည်။ ချောက်ကြီး၏ မြေနံရံတွေမှာ နီနီဝါဝါရှိပြီး အောက်ခြေ၌ မိုးတွင်းဆိုလျှင် နီဝါသောရေများ ရှိတတ်သည်။

ခိုင်သည် မပြောမဆိုဘဲ ငေါထွက်နေသော ကမ်းပါးစွန်းသို့ ပြေး၍သွားတတ်သည်။ ကမ်းပါးအစွန်အဖျားတွင် အသည်းယားဖွယ်ရပ်ရင်း အောက်သို့ ငုံ့ကြည့်တတ်သည်။

" ခိုင် ... ခိုင် ... ဘာလုပ်တာလဲ လိမ့်ကျလိမ့်မယ် "

ကျွန်တော်က သတိပေးလျှင် ခိုင်က အစွန်ဘက် ပိုတိုးလေ့ရှိသည်။ ကျွန်တော်က ခိုင့်အနားကပ်ကာ သူ့လက်ကလေးကို အတင်းဆွဲခေါ်ရသည်။

" ခိုင် ဘာလုပ်တာလဲ ... လိမ့်ကျလိမ့်မယ် "

ခိုင်သည် မပြုံးသည်လည်းမဟုတ်၊ ပြုံးသည်လည်းမဟုတ်သော မျက်နှာလေးဖြင့် ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်ရင်း ပြန်ဖြေသည်။

" ခိုင့်ဘာသာ လိမ့်ကျသွား ဘာဖြစ်လဲ "

ကျွန်တော်သည် ခိုင့်ကို စိတ်အနည်းငယ်ဆိုးစွာ ပြန်ကြည့်မိ၏။

" ခိုင်က လိမ့်ကျရဲပေမယ့် ... မောင်ကမှ ခိုင့်ကို လိမ့်မကျစေချင်ဘဲကိုး ..."

ခိုင်သည် အလွန်တတ်နိုင်သော ကောင်မလေးဖြစ်သည်။ ကျွန်တော် စိတ်ဆိုးမှန်းသိသောအခါ ခစ်ကနဲ ရယ်ကာ ချော့သယောင် ဆင်ခြေပြန်ပေးသည်။

" မောင်ကလည်း အလကား စိတ်ဆိုးတယ်၊ ခိုင်ကကော လိမ့်ကျရဲလို့လား ကဲ ..."

သူ့စကားနှင့် သူ့အမူအယာကြောင့် ကျွန်တော်က စိတ်ပြေပြီး ပြန်ရယ်သောအခါ ခိုင်သည် တစ်မျိုး ကွန့်လာပြန်သည်။

" အဲဒီချောက်ကြီးအောက် ဆင်းကြည့်ကြရအောင် "

" အို ခိုင်ကလည်း မဟုတ်က ဟုတ်က၊ ဘာလုပ်ဖို့ဆင်းမှာလဲ ..."

" ဟိုအောက်မှာ ရေတွေ ရှိတယ်၊ သွားဆော့ရအောင် "

" ဒီပေါ်က မြောင်းတွေမှာလည်း ရေတွေ ရှိတာပဲ။ ခိုင်ဆော့ချင်ရင် ဆော့ပေါ့။ ဒါပေမယ့် အင်္ကျီတွေ ပေကုန်မယ် "

" ဟင့်အင်း ... အဲဒီထဲက ရေတွေ ဆော့ချင်တယ်၊ မောင် မလိုက်ချင်နေ ... ခိုင် ဆင်းမယ် "

အမှန်က ကလေးများအမြင်၌ ချောက်ကြီးဖြစ်သော်လည်း စင်စစ်တော့မူ လူအရပ် နှစ်ပြန်သာသာ,သာ နက်သည်။

www.burmeseclassic.com



နိုင်သည် ပြောမနိုင် ဆိုမရ။ သူ့လွယ်အိတ်ကလေးကို ကျွန်တော့်အနီး ပစ်ပေးခဲ့၏။ နိမ့်လျှောရာ ဘက်မှနေ၍ ချိုင့်တွင်းသို့ ကုတ်ကတ်ဆင်းသည်။

ကျွန်တော်သည် စိတ်တိုတိုရှိသဖြင့် ဆင်းမလိုက်ဘဲ အပေါ်၌သာ အော်ပြောနေသည်။

“ နိုင်ပြန်မလာဘူးလား ... ဒါပဲနော် ... မောင် ကျောင်းသွားနှင့်မယ် ”

ကျွန်တော်ဘာပြောပြော သူ့ကို တားမရမှန်းသိသဖြင့် နိုင်သည် ချောက်တွင်းသို့ ဆက်ဆင်းသည်။

ချောက်အောက်ရောက်သွားသောအခါ နီဝါသော ရွှံ့ရေများကို လက်နှင့် စမ်းဆော့ရင်း ကျွန်တော့်ကို လှမ်းခေါ်သည်။

“ မောင်ရေ ... ဆင်းခဲ့၊ ရေတိမ်တိမ်လေးရယ် ... ဟယ် ... ဟောဒီမှာ ခရုလေးတွေလည်း ရှိတယ် ”

နိုင်က ကျွန်တော့်ကို သူ့ဆီ ခေါ်သကဲ့သို့ ကျွန်တော်ကလည်း နိုင့်ကို ပြန်ခေါ်သည်။

“ မိနိုင် တက်ခဲ့တော့ ...၊ ကျောင်းတက်နောက်ကျနေဦးမယ် ...”

နိုင်သည် ကျွန်တော်ပြောသည်ကို မမှုဘဲ မျက်စိမှိတ်ပြောင်ပြကာ ရေစပ်တွင် ဟိုပြေးသည်ပြေးနှင့် ဆက်ဆော့နေသည်။

“ နိုင် ... ဒါပဲနော် ...၊ ကျောင်းကျရင် ဆရာမကိုလည်း တိုင်မယ် ...။ အိမ်ကျရင်လည်း အန်တီ့ကို တိုင်မယ် ”

ဤသို့ ကျွန်တော် ခြောက်မြဲဖြစ်သည်။ သို့ရာတွင် ဘယ်တုန်းကမှ ပြန်မတိုင်ခဲ့ဖူး။ ကြံရာမရသည့် အဆုံး ကျွန်တော် နိုင့်ကို လိမ်ရသည်။

“ အဲ ... အဲ ... မတက်နဲ့၊ ဟောဟိုမှာ မမမြိုင်တို့လာပြီ ...”

ချောက်အောက်မှ နိုင်သည် မျက်လုံးလေးအပြူးသား ဖြစ်သွားသည်။ သူ့လက်ကလေးများကို ရေပြင်တွင် ပက်ပက်ပက်ပက်ဖြင့် လျင်မြန်စွာ ဆေးလိုက်ပြီး ချောက်ပေါ်သို့ ပြန်တက်ရန် ကြိုးစားသည်။ ချောက်သည် အတန်မတ်သည်။ ရေတို့ဖြင့်လည်း ချောနေသောကြောင့် ဆင်းစဉ်က လွယ်သော်လည်း တက်ရန်မှာ ခက်သည်။

နိုင်သည် လေးဖက်လေးထောက်၍ ကုန်းကုန်းကုန်းကုန်းဖြင့် ချောက်နံရံကို တွယ်ကပ်ကာတက်သည်။ သို့ရာတွင် အပေါ်မရောက်။ အောက်သို့သာ ပြန်လျှောကျနေသည်။

မိုက်ဆိုးသော ကောင်မလေးသည် ငိုမဲ့မဲ့ဖြင့် ကျွန်တော့်ထံ မော့ကြည့်ကာ အသံတုန်တုန်ဖြင့် လှမ်းအော်သည်။

“ မောင် ... နိုင် ပြန်တက်လို့ မရတော့ဘူး ”

ကျွန်တော်က လက်ခုပ်တီးရင်း မခံချင်အောင်ပြောသည်။

“ ကောင်းတယ် ကောင်းတယ် ... မောင် အစက မပြောဘူးလား။ မတက်နိုင်တာ ကောင်းတယ် ”

နိုင်သည် နံရံကို ကုတ်ကတ်တွယ်တက်၍ ပြန်တက်ရန်ကြိုးစားပြန်သည်။ သို့ရာတွင် မအောင်မြင်ဘဲ ပြန်လျှောကျပြန်သည်။

ဤအကြိမ်တွင်မူ နိုင်သည် ချောက်အောက်ရေစပ်တွင် သူ့မျက်လုံးများကို လက်မောင်းလေးများနှင့် ပွတ်ရင်း အော်ငိုတော့သည်။

နိုင် ငိုသောအခါ ကျွန်တော်က မနေနိုင်တော့ဘဲ လှမ်းအော်ရသည်။

“ နိုင် ... ငိုမနေနဲ့။ မောင် အလကားပြောတာ၊ မမမြိုင်တို့ မလာဘူး ... မောင် ဆင်းလာခဲ့မယ် ...”

ကျွန်တော်သည် ကျွန်တော့်လွယ်အိတ်ကို ပစ်ချကာ နိုင်ဆင်းသွားသော လမ်းအတိုင်းလိုက်၍ ဆင်းသွားသည်။

ကျွန်တော်အောက်ရောက်သောအခါ နိုင်သည် မျက်ရည်ကြားမှ ပြုံးကြည့်သည်။

“ နိုင် သိပ်ဆိုးတာပဲ ... ကျောင်းနောက်ကျတော့မယ်။ ပေးပေး နိုင့်လက် မောင့်ကိုပေး ...”

www.burmeseclassic.com



ကျွန်တော်က နိုင့်လက်လေးကို လက်တစ်ဖက်ဖြင့်ဆွဲကာ ကျန်လက်တစ်ဖက်ဖြင့် ချောက်နံရံကို ကုတ်ကပ်တွယ်တက်သည်။

ချောက်အခြေမှ ရေတို့ကြောင့် နိုင့်ဖိနပ်ရော ကျွန်တော့်ဖိနပ်ပါ ရွှဲရွှဲစိုနေသည်။ ဖိနပ်စိုများဖြင့် ထိသောအခါ နဂိုက ချောနေသော နံရံမြေသည် ပို၍ချောလာပြီး ခြေကုတ်မရဘဲ ရှိနေသည်။ သုံးလေးကြိမ် ကြိုးစားပြီးသောအခါ ကျွန်တော် လက်လျှော့ရသည်။

နိုင်က ငိုသည်။ ကျွန်တော်ကမူ ချောက်အောက်မှ အပေါ်သို့မော့၍ ဟိုဟိုသည်သည် ကြည့်သည်။ ချောက်ကမ်းပါးကြီးသည် မြင့်မားစွာ ကျွန်တော်တို့အပေါ် မိုးနေ၏။

ကျွန်တော်သည် ချောက်ပတ်ပတ်လည်လှည့်၍ ဟိုဟိုသည်သည် တက်လမ်းကိုကြည့်သည်။ တက်စရာ လမ်းကို ဘယ်ဆီမှမမြင်။

ထိုစဉ်တွင် ကျွန်တော်နှင့် နိုင်၏ အသည်းနှလုံးတို့ တုန်လှုပ်ချောက်ချားစေသော ခေါင်းလောင်းသံကို ကြားလိုက်ရသည်။

" ဟော ... ခေါင်းလောင်းသံကြားတယ်။ ကျောင်းတက်ပြီ၊ မောင် ကျောင်းတက်ပြီ "

ကျွန်တော့်အပါးမှ နိုင်သည် အရူးမလေးသဖွယ် အော်သည်။

ကျောင်းတက်ခေါင်းလောင်းသံသည် အလွန်ရှည်သည်ဟု ကျွန်တော့်စိတ်၌ ထင်မိသည်။ ခေါင်းလောင်းသံ ရှည်သမျှ စိုးရိမ်ပူပန်မှုတို့သည် ရင်၌ မြင့်တက်လာသည်။

" မောင် ... ကျောင်းတက်နေပြီ။ နိုင်တို့ ဘာလုပ်မလဲ "

နိုင်က မေးသော်လည်း ဘာလုပ်ရမည်ကို ကျွန်တော်မသိ။ အတန်ကြာ စဉ်းစားပြီးမှ နိုင် စိတ်သက်သာအောင် ကျွန်တော်က ကြံဖန်ပြောရသည်။

" မပူပါနဲ့ နိုင်ရာ ...။ တော်တော်ကြာ လူကြီးတစ်ယောက်ယောက် ဒီနားဖြတ်သွားရင် မောင် လှမ်းခေါ်ပါ့မယ် "

" ဒါပေမယ့် ကျောင်းနောက်ကျတော့ ဘယ့်နှယ်လုပ်မလဲ "

" သိပ်နောက်ကျမှာ မဟုတ်ပါဘူး နိုင်ရယ် ... တို့အပေါ်ရောက်တော့ ခြေတွေလက်တွေဆေးပြီး ကျောင်းသွားတာပေါ့။ ဆရာမတွေ မေးရင် ထမင်းချက်တာ နောက်ကျတာလို့ ပြောမယ် "

ကျွန်တော့်စကားကြောင့် နိုင်သည် စိတ်သက်သာဟန် ငြိမ်သွားသည်။ မျက်တောင်များကြားတွင် မျက်ရည်တို့ တွဲခိုလျက်နှင့် တစ်ချီတစ်ချီတွင်မူ ရှိုက်နေသေးသည်။

ကျွန်တော်က ခေတ္တမျှ စောင့်လျှင် လူရိပ်လူယောင် တွေ့လိမ့်မည် ထင်သည်။ သို့ရာတွင် မည်သူမျှ ပေါ်မလာ။ လူသူအစား ကျောင်းမှ အတန်းခေါင်းလောင်းသံသာ ထပ်ပေါ်လာသည်။

နောက်ထပ် နာရီဝက်မျှ စိတ်ပျက်စွာ စောင့်နေဆဲ ကျွန်တော်တို့ မျှော်လင့်နေသော လူရိပ်လူယောင်ကို တွေ့ရသည်။ ထိုသူသည် ချောက်ထိပ်တွင်ရှိသော ကျွန်တော်တို့၏ လွယ်အိတ်များကို ကောက်ကြည့်ကာ ဝေခွဲမရအောင် ခေတ္တငိုင်နေသည်။ ထို့နောက် ပတ်ဝန်းကျင် ဟိုဟိုသည်သည်ကို ကြည့်သည်။ ချောက်တွင်းကို မကြည့်မိသဖြင့် ကျွန်တော်တို့ကို သူမတွေ့သေး။ သို့ရာတွင် သူ့ကို သဲသဲကွဲကွဲ မြင်ရသောအခါ၌ လန့်သွားသည်။

" ဟိုက် ... ဦးပိုးဖြူကြီး ..."

ကျွန်တော်က လွှတ်ခနဲ ပြောမိသည်ကို အလိုက်မသိသော နိုင်က တိုက်တွန်း၏။

" ခေါ်လိုက် ... ခေါ်လိုက် "

" အို ... ခေါ်လို့ဘယ်ဖြစ်မလဲ "

ကျွန်တော်တို့ သန်လျင်မြို့တွင် ပင်စင်စားအရာရှိများ အလွန်ပေါသည်။ အားလုံးလိုလိုမှာလည်း ကျွန်တော်တို့နှင့် ဆွေမျိုးတော်လျှင်တော်၊ မတော်လျှင်လည်း ရင်းနှီးခင်မင်သော အဘိုးကြီးများဖြစ်သည်။

www.burmeseclassic.com



အဘိုးကြီးများပီပီ စည်းကမ်းကြီးကာ အလွန်ဆူပူမောင်းမဲတတ်သည်။ သူတို့အထဲ ကျွန်တော် အကြောက်ဆုံးကား ကျွန်တော့်အဘိုးလေးဖြစ်သူ ဦးဘိုးရင်ဖြစ်သည်။ သူက ပင်စင်စား ရဲအရာရှိဖြစ်သည်။ သူကဲ့သို့ပင် ကျွန်တော်ကြောက်သော အခြားအဘိုးကြီးနှစ်ဦးမှ နာမည်ကိုကပင် ကြောက်စရာကောင်းသည်။ ကျားမောင်ကြီးနှင့် ဆင်မောင်ကြီးဟူသတည်း။ ယခု ကျွန်တော် တွေ့နေရသော ဦးပိုးဖြူကြီးမှာလည်း အထက်ပါ အဘိုးကြီးများနည်းတူ ကျွန်တော်ကြောက်ရသော အဘိုးကြီးပင်တည်း။ သူသည် ပင်စင်စား ရာဇဝတ်အုပ်တစ်ဦးဖြစ်သည်။ ကျွန်တော့်အမေ၏ အဖေ ကျွန်တော့်အဘိုးနှင့် သူငယ်ချင်းဖြစ်၍ ကျွန်တော့်ကို မြေးတစ်ယောက်ပမာ နိုင်နင်းဆုံးမနိုင်သူဖြစ်သည်။ ကျွန်တော်တို့ ဤချောက်ကြီးတွင် ရောက်နေမှန်း သူသိလျှင် ဤစည်းကမ်းကြီးသော အဘိုးကြီးသည် ကျောင်းသို့လည်း လိုက်တိုင်မည်။ အိမ်သို့လည်း လိုက်တိုင်မည်။ သူ့အိမ်မှာလည်း ဤချောက်အနီးတွင် ရှိသဖြင့် ကံဆိုးချင်သောကြောင့် သူနှင့် ကျွန်တော်တို့ လာတိုးခြင်းဖြစ်သည်။

ကျွန်တော်သည် သူမမြင်အောင်ပုန်းရန် နေရာရှာနေသည်။ သို့ရာတွင် အပေါ်စီးမှ ကြည့်သော အဘိုးကြီးသည် ကျွန်တော်တို့အား မကြာမီ တွေ့သွားသည်။

" ဟယ် ... သောက်ကျိုးနည်း ကလေးနှစ်ယောက်ပါလား "

မျက်စိမှုန်သော ဦးပိုးဖြူကြီးသည် အဝေးမှဖြစ်သဖြင့် ကျွန်တော်တို့ကို မမှတ်မိသေး။ ကျွန်တော်တို့ ရှိရာ ချောက်ကမ်းပါးသို့ ကူးလာပြီးမှ ကျွန်တော့်ကို မှတ်မိသည်။

" တယ်ဆော့တဲ့ ကလေးတွေပဲ၊ ချောက်ထဲ ဘာဆင်းလုပ်တာလဲ။ အမယ် ဟိုကောင် ငမောင် မဟုတ်လား။ မိခင်မြသား ငမောင် မဟုတ်လား "

ကျွန်တော်သည် မဖြေနိုင်ဘဲ ငြိမ်နေ၏။

" တက်ခဲ့ကြလေ ... ဘာလုပ်နေကြတာလဲ "

" တက်လို့မှ မရဘဲ ဘိုးဘိုးရ ..."

" ဘာလို့ တက်မရ,ရမှာလဲ ...။ ဆင်းတုန်းကတော့ ဆင်းနိုင်သလား "

ကျွန်တော်က မဖြေမီပင် ခိုင်က သူ့အသံစာစာလေးဖြင့် ပြန်ဖြေသည်။

" ဆင်းတုန်းကတော့၊ ဆင်းလို့ရတာပေါ့။ တက်တော့ တက်လို့မှ မရဘဲ "

ဦးပိုးဖြူကြီးသည် ကမ်းပါးထက်မှ မျက်မှောင်ကြုတ်၍ တစ်ချက် ကျွန်တော်တို့အား ကြည့်သည်။ ထို့နောက် ပုဆိုးတိုတို ပြင်ဝတ်၍ အောက်သို့ဆင်းလာသည်။

" သိပ်ရှုပ်တဲ့ ကလေးတွေပဲ၊ ကဲ ... ငါ့ခါးကို ဖက်ကြ။ ဟဲ့ ... အဲဒီလို ဖက်ခိုင်းတာမဟုတ်ဘူး၊ တစ်ယောက်က ငါ့ခါးဖက်၊ နောက်တစ်ယောက်က နောက်တစ်ယောက်ခါးကိုဖက်၊ အေး အေး ... အဲဒီလို ..."

ဤသို့ဖြင့် ဦးပိုးဖြူကြီးက ရှေ့မှကုန်းပိုးတက်သည်။ ခါးကို ဖက်မရသဖြင့် ကျွန်တော်က ပုဆိုးစကို ဆွဲသည်။ ခိုင်သည် ကျွန်တော့် ဘောင်းဘီခါးပတ်ကိုဆွဲ၍ လိုက်သည်။ သုံးလေးလှမ်းမျှ တက်သွားနိုင်သည်။ သို့ရာတွင် အချောဆုံးနေရာသို့ ရောက်သောအခါ ရှေ့မှ ဦးပိုးဖြူကြီး ထိတ်လန့်တကြား အော်လိုက်သံကို ကြားရသည်။

" ဟယ် ... နင့်အမေကလွှား ... ချော်ပြီဟေ့ ..."

ကျွန်တော်တို့သုံးယောက်လုံး ချော်ကျလာသည်။ ပေါ့ပါးသော ကျွန်တော်တို့ကလေးများက လွင့်စဉ်၍ ကမ်းပါးအခြေသို့သာ ကျသည်။ ဘိုးဘိုး ဦးပိုးဖြူကြီးမှာမူ သူ့ခန္ဓာကိုယ်ကြီးကြောင့် ပက်လက်လန်ကာ ရေထဲသို့ ဖောက်ထိုးမိုးမျှော်ကျသွားသည်။

ရေထဲမှ ကုန်းထလိုက်သောအခါ တစ်ကိုယ်လုံး ရွှံ့ရွှံ့စို၍ နီနီဝါဝါတို့သည် ရှည်နေသော သူ့ကတုံးမွေး ဖြူဖြူနှင့် နှုတ်ခမ်းမွေးဖြူဖြူတို့တွင် လိမ်းကျံပေကပ်နေသည်။

www.burmeseclassic.com



ဦးပိုးဖြူကြီးသည် ရွှံ့ရေများကို ပါစပ်မှ မှုတ်ထုတ်ရင်း ပါးစပ်မှလည်း " နင့်အမေကလွှား ... နင့်အမေကလွှား "နှင့် အော်နေသည်။

ဦးပိုးဖြူကြီးဖြစ်နေပုံမှာ ရယ်စရာကောင်းသည်။ ကျွန်တော်က ကြောက်၍အောင့်အီးနေသော်လည်း ခိုင်က ရယ်သည်။ ရိုးရိုး မရယ်။ လက်ခုပ်လေးများ တီးရင်း ခုန်ဆွခုန်ဆွနှင့် ရယ်သည်။

" ဟဟ ... ဘိုးဘိုးကြီးက ရယ်စရာကြီး။ မောင်ရေ ... မောင်ရေ ... ကြည့်စမ်း ... ဘိုးဘိုး မျက်နှာကြီးက ရာဘာသီးအခြောက်နဲ့ မတူဘူးလား "

ရာဘာသီးအခြောက်ကို ဦးပိုးဖြူကြီးလည်း နားလည်သည်။ ထို့ကြောင့် ဦးပိုးဖြူသည် အလွန် ဒေါသထွက်သွားပြီး ကျွန်တော်တို့ကို ဆဲသည်။

" တယ် ... လရိုး၊ နင်တို့ကြောင့်လည်း ငါကျရသေးတယ် ... ငါ့ကိုလည်း ရာဘာသီးအခြောက်နဲ့ တူတယ် ပြောရသလား။ နေနှင့်ဦး ... နေနှင့်ဦး "

ဦးပိုးဖြူကြီးသည် ဆက်စိတ်မတိုတော့ဘဲ တစ်မျိုးအကြံထုတ်သည်။

ကမ်းပါးအခြေ၌ ကျောက်စရစ်ခဲ ဖြူဖြူကလေးများ ရှိသည်။ ဦးပိုးဖြူကြီးသည် ကျောက်စရစ်ခဲများကို ကျုံး၍ ချောနေသောနေရာများကို ဖြန့်ခင်းသည်။ ထို့နောက် သူတစ်ယောက်တည်း အရင်တက်သည်။ စိတ်ကျေနပ်မှ ပြန်ဆင်းကာ ကျွန်တော်တို့ကို တစ်ဦးချင်း ပွေ့ခေါ်၍ အပေါ်သို့ တင်ပေးသည်။

အပေါ်သို့ရောက်သောအခါ ခိုင်ရော ကျွန်တော်ရော မရယ်နိုင်ကြတော့။ အကြောင်းမှာ ဦးပိုးဖြူကြီးသည် ကျွန်တော်တို့နှစ်ယောက်ကို လက်တစ်ဖက်စီဖြင့်ဆွဲကာ ကျောင်းသို့ တောက်လျှောက် ခေါ်သွားသည်။

ထိုနေ့က ခိုင်ရော ကျွန်တော်ရော တင်ပါး၌ တစ်ယောက်ငါးချက်စီ ဆိုင်ရာဆရာမတို့၏ အရိုက်ခံရသည်။

www.burmeseclassic.com



# ( ၆ ) ပုံပမာတင်ပြသည်

ကျွန်တော်တို့နေခဲ့သော မက်သဒစ်ကျောင်းကြီးသည် စည်းကမ်းကြီးသည်။

ဆရာ၊ ဆရာမများသည် ကရင်လူမျိုးများဖြစ်ကြ၍ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။

ကျွန်တော်ကား မြန်မာဗုဒ္ဓဘာသာတစ်ဦးဖြစ်သည်။ သို့ရာတွင် ကရင်ခရစ်ယာန်များဖြစ်ကြသည့် ကျွန်တော့်ဆရာ၊ ဆရာမများကို တစ်သက်မမေ့နိုင် ...။

သူတို့အသံမှာ ဝဲဝဲဖြစ်သည်။ ဓမ္မသီချင်းများကို ဆိုသော် အသံဝဲဝဲသည် ကောင်းကင်ဘုံအထိ ပျံ့စည်ဝေလွင်တက်သွားသည်ထင်ရ၏။ တပည့်များကို ချော့မော့သောအခါ၌ သူ့တို့လက်များသည် တီးတိုးညင်သာသော သူတို့အသံနှင့် ဖြူစင်ရိုးသားသောမျက်နှာများ၌ မိဘကရုဏာကို အပြည့်အဝ ဖော်ပြနိုင်စွမ်းရှိကြသည်။

ဤသို့ ကြင်နာယုယတတ်သကဲ့သို့ စည်းကမ်းကိုလည်း ပိုင်နိုင်စွာ ကိုင်တတ်ကြသည်။

ထိုစဉ်က ကျွန်တော့်ဆရာ၊ ဆရာမများ အမြင်တွင် ချမ်းသာသူ၏သားသမီး၊ ဆင်းရဲသူ၏သားသမီး၊ ဂုဏ်နိမ့်သူ၏သားသမီးဟု ကွဲပြားခြားနားမှုမရှိ။ စာတော်သူကို ချစ်ခင်သည်။ စည်းကမ်းရှိသေသူကို မြှောက်စားသည်။ သူတို့အား လက်ဆောင်ပဏ္ဏာ ပေးရမည် ဝေးစွ၊ ခရစ္စမတ်နှင့် နှစ်သစ်ကူးအခါများတွင် စာတော်ကာ စည်းကမ်းရှိသော သူတို့တပည့်များကို သူတို့က ပန်းချီကတ်ပြားလှလှလေးများနှင့် ဖဲကြိုးဖြူနီပြာဝါ စည်းအပ်သော ကစားစရာလက်ဆောင်များ ပေးတတ်သည်။

စာမကြိုးစားသူ၊ စည်းကမ်းဖျက်သူများ ဆိုလျှင်ကား ကြိမ်လုံးဖြင့် ခပ်စပ်စပ်ကလေး ရိုက်ဆုံးမတတ်သည်။

ကျွန်တော်တို့အတန်းတွင် စာလည်းကြိုးစား၍ စည်းကမ်းလည်းရှိသဖြင့် ကျွန်တော်တို့ဆရာမမအေးမြ၏ အချစ်ဆုံးတပည့်သုံးယောက်ရှိသည်။

တစ်ယောက်ကား ဂါဝန်နွမ်းနွမ်းပွပွကိုသာ အမြဲတမ်းဝတ်နိုင်သော အဲမလီခေါ် ကရင်မလေးဖြစ်သည်။ အခြားတစ်ယောက်ကား မြို့တွင်းမှ ဓာတ်ပုံဆရာသား ငြိမ်းမောင်ဖြစ်သည်။ ကျန်တစ်ယောက်ကား ကျွန်တော်ကိုယ်တိုင်ဖြစ်ပါ၏။ ကျွန်တော်တို့သုံးဦးလုံး တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာကြသည်။

ထိုနေ့က မိခိုင်နှောင့်သဖြင့် ကျွန်တော်တို့ အရိုက်မခံစဖူး ခံရသောအခါ အဲမလီသည် မျက်ရည်လေးစမ်းစမ်းဖြင့် လာရှာ၏။

" မောင်ရာ ... နင် အရိုက်ခံရတာ ငါစိတ်မကောင်းပါဘူးဟယ်၊ နင်ကလည်း ဘာလို့ကျောင်းနောက်ကျနေရတာလဲဟဲ့ ..."

" ငါ တမင်နောက်ကျတာ မဟုတ်ပါဘူး အဲမလီ ...၊ လူတစ်ဖက်သားကို ကူညီနေတာနဲ့ နောက်ကျတာပါ ..."

ကျွန်တော်က ထိုသို့စကားချီ၍ ဖြစ်ခဲ့သမျှကို အဲမလီကို ပြန်ပြောသည်။ ကျွန်တော့်စကား ဆုံးသောအခါ အဲမလီသည် သူ့အသံဝဲဝဲလေးဖြင့် ဆုတောင်းသည်။

" နင်က ... အဲဒါတွေ ဘာလို့အကုန် ဆရာမကို ပြန်မပြောလဲ။ အေးလေ ... နင်က လူတစ်ဖက်သားကို ကူညီတာပဲ ...၊ ဘုရားသခင်က ကောင်းချီးပေးပါလိမ့်မယ် "

အဲမလီက ခရစ်ယာန်မလေးပီပီ ထိုသို့ ဆုတောင်းပေးသော်လည်း ငြိမ်းမောင်ကမူ တစ်မျိုးဆိုသည်။ ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်သည် ကတုံးဆံတောက် ဗိုက်ရွဲရွဲလေးနှင့်ဖြစ်သည်။ မှတ်မိသမျှ ကျွန်တော်တို့ ဒုတိယတန်းရောက်သည်အထိ ငြိမ်းမောင်သည် သူ့အမေနှင့် အစ်မက လိမ်းပေး၍ဟုဆိုကာ မျက်နှာ၌ သနပ်ခါးလိမ်းပြီး ကျောင်းတက်သည်။ ကျွန်တော်တို့ယောကျ်ားလေးများမှာ ဘောင်းဘီတိုလေးများ ဝတ်ကြသည်။ သူကမူ ကုလားမယက် ချည်လုံချည်အစိမ်းကွက်၊ ပန်းရောင်စပို့ရှပ်လေးများစသည် ဝတ်ရတတ်၏။

www.burmeseclassic.com



ကျွန်တော် အရိုက်ခံပြီးသောအခါ ငြိမ်းမောင် လာတွေ့၏။ ယခုအခါ သူသည် သနပ်ခါး မလိမ်းတော့သော်လည်း သူ့မျက်နှာလေးမှာ ဖြူလျော်လျော်ဖြစ်နေသည်။ အသံမှာ တုန်ယင်နေသဖြင့် ကျွန်တော့်ထက် သူအရိုက်ခံရဟန် ပိုတူသည်။

" မောင်က ... ဘာလို့ အရိုက်ခံရအောင် လုပ်သလဲကွ "

" ငြိမ်းမောင်ရာ ... တမင်တော့ ဘယ်အရိုက်ခံချင်မလဲကွ "

" အေးလေ ... ဒါပေမယ့် မင်းအရိုက်ခံရတာ .... ဟုတ်ကြိုင်တို့၊ အယ်ဒီတို့၊ အောင်ကြည်တို့က သိပ်သဘောကျနေကြတယ် "

" သူတို့က သဘောကျမှာပေါ့။ သူတို့က အမြဲအရိုက်ခံနေရတဲ့ ကောင်တွေဆိုတော့ တို့ကို ဘယ်နာလိုမလဲ "

" အေးလေ၊ အဲဒါကြောင့် ငါပြောတာ၊ သူတို့သဘောကျအောင် မင်းက အရိုက်ခံရအောင် ဘာလို့ လုပ်ရသလဲ "

ကျွန်တော်သည် အရိုက်ခံပြီးစ နာနေဆဲဖြစ်၍ စိတ်တိုနေသောကြောင့် ငြိမ်းမောင်ကို ဘုပြန်ပြောသည်။

" သူတို့သဘောကျကျ၊ မကျကျ၊ ငါဂရုမစိုက်ဘူး ... မင်းသာ ငါ့လို အရိုက်မခံရပါစေနဲ့ "

ငြိမ်းမောင် စိတ်ဆိုးသွားသည်။

" ငါက အကောင်းပြောတာပါ။ အေးပါ ... ဂရုမစိုက်ချင်လည်းနေပေါ့။ တို့တော့ ဘယ်တော့မှ အရိုက်မခံရသေးဘူး "

ငြိမ်းမောင်က သူ့ကိုယ်သူ ယုံကြည်စွာပြောသည်။ သို့ရာတွင် သူရော ကျွန်တော်ပါ မကြာမီ အရိုက်ခံကြရသည်။ မိခိုင် နှောင့်၍ပင်တည်း။ ဤအကြောင်းကို ကျွန်တော် ရှင်းပြပါမည်။

မိုးမကုန်မီ တစ်နေ့သ၌ မိုးမိကာ အအေးဖမ်းကာ ကျွန်တော် ဖျားသည်။ ကျွန်တော် ဖျားသော်လည်း မိခိုင်တစ်ယောက်တည်း ... သို့မဟုတ် သူမလိုက်ချင်သော မြိုင်တို့နှင့်အတူ ကျောင်းတက်ရမည်ကို စိုးသဖြင့် ဦးလေးကိုဖိုးခင်မှတစ်ဆင့် ငြိမ်းမောင်ကို မှာကာ ခိုင့်ကို အဖော်ပြုစေရသည်။

ငြိမ်းမောင်သည် နံနက်တိုင်း တာဝန်ကျေပွန်စွာ ခိုင့်ကို ဝင်ခေါ်ရှာသည်။ နှစ်ဦးလုံးသည် ကျောင်းသို့ မသွားမီ ကျွန်တော်ထံသို့ ဝင်တွေ့မြဲဖြစ်သည်။

အဖျားကျ၍ သက်သာသော တစ်နံနက်တွင် ခိုင့်အကြောင်းသိသဖြင့် စိတ်မချသူ ကျွန်တော်က ငြိမ်းမောင်ကို မေးသည်။

" ခိုင် မင်းနဲ့ ကျောင်းကောင်းကောင်း လိုက်ကဲ့လား ..."

ငြိမ်းမောင်သည် ရုတ်တရက်မဖြေဘဲ ခိုင့်ကို လှမ်းကြည့်သည်။ သူကြည့်ပုံမှာ ထိတ်လန့်တကြားနိုင်၍ စိုးရိမ်ဟန်လည်း ပြသည်။ ခိုင်ကသာ မျက်မှောင်ကြုတ်ကာ အမိန့်ပေးဟန်ဖြင့် ငြိမ်းမောင်ကို လှမ်းဆိုသည်။

" ဖြေလိုက်လေ ...။ ခိုင် ကောင်းကောင်းလိုက်သလား၊ မလိုက်လား ဆိုတာ "

ထိုအခါမှ ငြိမ်းမောင်သည် သံပတ်ပေးထားလိုက်သော စက်ရုပ်ကဲ့သို့ ပျာပျာသလဲ ဖြေရှာသည်။

" လိုက် ... လိုက်ပါတယ်၊ ခိုင် ကောင်း ... ကောင်းကောင်း လိုက်ပါတယ် "

ခိုင် ကောင်းကောင်းမလိုက်ကြောင်း ငြိမ်းမောင် ထစ်ထစ်ငေါ့ငေါ့ဖြေခြင်းအား ထောက်ကာ ကျွန်တော် ရိပ်မိသည်။ ခိုင်ကမူ ငြိမ်းမောင်ကို မကျေမနပ်ဟန် မသိမသာ မျက်စောင်းတစ်ချက် ထိုးလိုက်သေးသည်။

သူတို့အမူအယာကို ကြည့်၍ ကျွန်တော်က အခြေအနေမှန်ကို သိလိုက်ပြီးဖြစ်သည်။ သဘောကောင်း၊ စိတ်အေးချမ်းသမျှ ကြောက်တတ်သော ငြိမ်းမောင်ကို မိခိုင် ကောင်းကောင်းနိုင်နေပြီ ဆိုခြင်းပေတည်း။

ကျွန်တော် အဖျားသက်သာ၍ နားနေသောအချိန်များအတွင်း ခိုင်၏ ချစ်စရာ၊ စိတ်ဝင်စားစရာ အပြုအမူကလေးများကိုလည်း တွေ့ရသေးသည်။

www.burmeseclassic.com



ညနေတိုင်း ခိုင်သည် ကျွန်တော့်အိပ်ရာဘေး ရောက်ရောက်လာသည်။ ကိုယ်အေး မအေး သူ့လက်ဖဝါးနုနုလေးများဖြင့် ကျွန်တော့်နဖူးကို စမ်းကြည့်တတ်သည်။ လူကြီးတွေလုပ်သည်ကို ဘယ်အချိန်က အတုခိုးထားမှန်း မသိ။ ကျွန်တော့်လက်ဖျံထိပ်ရှိ သွေးကြောများကို လက်မလေးဖြင့် ထောက်လျက်စမ်းပြီး မှင်သေသေနှင့် " အဖျားသွေး မရှိတော့ဘူး "ဟုလည်း မှတ်ချက်ချတတ်သည်။

ဤဝတ္ထုရားများ ပြီးစီးသောအခါ ခိုင်သည် သူယူလာသော မဂ္ဂဇင်းထဲမှ ဝတ္ထုများကို ဖတ်ပြသည်။

ခိုင်သည် အရွယ်နှင့်မလိုက်အောင် မြန်မာစာ တော်သည်။ မဂ္ဂဇင်းထဲမှာပါသော ဝတ္ထုများကို ပီပီသသ ပြတ်ပြတ်သားသား သံနေသံထားနှင့် ဖတ်ပြရုံမက မှတ်ဉာဏ်လည်း အလွန်ကောင်းကာ ဇာတ်လမ်းကို စီကာပတ်ကုံး ပြည့်ပြည့်စုံစုံ ပြန်ပြောနိုင်သည်။

ခိုင်ယူလာသော မဂ္ဂဇင်းမှာ ဒဂုံမဂ္ဂဇင်း ဖြစ်သည်။ ခိုင် အများဆုံးဖတ်ပြသော ဝတ္ထုများမှာ ကြောက်လန့်ဖွယ်ကောင်းသမျှ စိတ်ဝင်စားဖွယ်လည်းကောင်းလှသော မှော်ဆရာဇာတ်လမ်း၊ သရဲတစ္ဆေဝတ္ထုများ ဖြစ်သည်။

ကျွန်တော်၏ ဒေါ်စာဥကြီးထံမှ တစ္ဆေသရဲအကြောင်းများ မကြားရသည်မှာ ကြာပြီ။ သို့ရာတွင် ခိုင် ဖတ်ပြသော တစ္ဆေသရဲဝတ္ထုများမှာ ဒေါ်စာဥကြီးပြောပြသော ပုံများထက် အဆပေါင်းများစွာ ပိုမို ကောင်းမွန်သည်။

ကျွန်တော်မှတ်မိသမျှ ခိုင် ပထမဆုံးဖတ်ပြသော ဇာတ်လမ်းမှာ ကြောင်အမြဲတေအကြောင်းဖြစ်သည်။ ဝတ္ထုတွင်းမှ ဇာတ်လိုက်၏ ဖခင်သည် တောကြောင်နက်ကြီးတစ်ကောင်၏ မျက်လုံးအတွင်းမှ အမြဲတေရသည်။ အမြဲတေအစွမ်းကြောင့် ဇာတ်လိုက်၏ ဖခင်သည် ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီး၊ အားလုံးပြီးသည်ဆိုသည်။ ဇာတ်လိုက်၏ ဖခင် သေသောအခါ ဦးလေးဖြစ်သူက ကြောင်အမြဲတေကို ခိုးဝှက်ယူလိုက်သည်။ များမကြာမီ ယင်းဦးလေးပါ သေဆုံးလေရာ မသေဆုံးမီ သူသည် ကြောင်အမြဲတေကို မျိုချလိုက်သည်ဟူ၏။ ဦးလေးကို မြေမြှုပ်ပြီး အတန်ကြာသောအခါ ဇာတ်လိုက်သည် ညဥ့်နက်သန်းခေါင်ယံ၌ သင်္ချိုင်းကုန်းသို့သွား၍ တစ်ယောက်တည်း အလောင်းကို ဖော်ယူသည်။ အခေါင်းကြီးပေါ်လာ၍ အဖုံးကို ဖွင့်လိုက်သောအခါ အလောင်းကောင်ကြီးသည် ငုတ်တုတ်ထထိုင်သည်ဆို၏။ အလောင်းကောင်ကြီးမှာ ပုပ်ပွဖောင်းရောင်နေသည်။ သို့ရာတွင် မျက်လုံးကြီးတစ်ဖက်မှာ မသေသေးဘဲ ပြူးကြောင်ပွင့်လင်းနေသည်ဆို၏။ ပါးစပ်မှလည်း တဟီးဟီး ညည်းနေသည်ဆို၏။ ထိုပွင့်လင်းရှင်သန်နေသော မျက်လုံးထဲ၌ ကြောင်အမြဲတေ ရှိနေသည်ဆို၏။ ဇာတ်လိုက်သည် ထိုမျက်လုံးကြီးကို ကော်ယူထိုးဖောက်ရန် ချဉ်းကပ်လိုက်သည်နှင့် တစ်ပြိုင်နက် အလောင်းကောင်ကြီးသည် ထ၍ထိုင်သည်ဆို၏။ ဇာတ်လိုက်မှာ ကြောက်အားလန့်အားနှင့် ထွက်ပြေးရာ သစ်ငုတ်တို တစ်ခုနှင့် တိုက်မိပြီး လဲကျသွားခိုက် ... အလောင်းကောင်ကြီးက ခွစီးလိုက်သဖြင့် မေ့မြောသွားသည်ဆို၏။ အလောင်းကောင်ကြီးသည် ရွာတွင်း၌ ဆက်လက်သောင်းကျန်းရာ ရွာသားများက ဖမ်း၍ ခဲဆွဲလျက် ရေထဲ ချလိုက်ရသည်ဟူ၏။ ဇာတ်လိုက်မှာမူ ကျေးဇူးရှင် အထက်လမ်းဆရာကြီးဆိုသူက ကယ်မ,လိုက်သဖြင့် ပြန်လည်အသက်ရှင်ရသည် ဟူသတည်း။

ဇာတ်လမ်းမှာ အလွန်ကြောက်မက်ဖွယ်ကောင်းသည်။ ကျွန်တော်ကလည်း ကြောက်သည်။ ဖတ်ပြရင်း ခိုင်ကလည်း ကြောက်သည်။ ကျွန်တော်တို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ပူးကပ်ကြ၍ တုန်လှုပ်ချောက်ချား မိသည်။ သို့ရာတွင် ဇာတ်လမ်းကို ဆုံးအောင်ဖတ်ရုံမက ကြောက်စရာကောင်းသော ပန်းချီသင်္ချိုင်းကိုပါ ကြည့်ရင်း ကြက်သီးထဖြစ်အောင် ထကြသေးသည်။

" သိပ်ကြောက်စရာကောင်းတဲ့ပုံပဲ ခိုင်ရယ် ...။ ဒါထက် ... ခိုင် ဥစ္စာစောင့်အကြောင်းကော မသိဘူးလား ..."

ခိုင်၏ မျက်နှာလေးမှာ ဝင်းပသွားသည်။

" မောင် ဥစ္စာစောင့်အကြောင်း ကြားချင်သလား ..."

www.burmeseclassic.com



" သိပ်ကြားချင်တာပေါ့၊ ဒေါ်စာဥကြီးက ပြောပြမယ်ဆိုပြီး စိတ်ကောက်ပြီးတော့ မပြောတော့ဘူး …။ ခိုင် မောင့်ကို ပြောပြပါ …"

ခိုင်သည် စဉ်းစားသယောင် ခေတ္တတွေတွေလေး ဖြစ်သွားသည်။ အတန်ကြာမှ တိုးတိုးညင်သာ ဆိုသည်။

" ဥစ္စာစောင့်က ကြောက်ဖို့မကောင်းဘူး၊ သူက သိပ်လှတယ်၊ ခေါင်းမှာလည်း ပန်းတွေဝေအောင် ပန်ထားပြီး ဒန်းစီးရင်း သီချင်းလည်းဆိုတယ် … တဲ့။ ပြီးတော့ သိပ်သနားစရာကောင်းတယ် …။ ခိုင်ကြီးလာလို့ သေသွားရင် ဥစ္စာစောင့် သိပ်ဖြစ်ချင်တာပဲ …"

" အို … ဘာဖြစ်လို့ …"

" ဥစ္စာစောင့်က လှလည်းလှတယ်၊ သနားဖို့လည်းကောင်းတယ်၊ ပြောပြီးပါရောလား "

" အဲဒါနဲ့ ခိုင်က ဘာဖြစ်လို့ ဥစ္စာစောင့် ဖြစ်ချင်ရတာလဲ "

" ခိုင် ဥစ္စာစောင့်ဖြစ်ရင် ပန်းတွေဝေအောင် ပန်ပြီး မောင့်ကို လာခေါ်မှာပဲ၊ မောင် … ခိုင်နဲ့ လိုက်မလား …"

" အို … မောင်က ဘယ်ကိုလိုက်ရမလဲ "

" သိုက်နန်းထဲကိုပေါ့ …"

" သိုက်နန်းထဲကို …။ သိုက်နန်းဆိုတာ ဘာလဲ "

" ဩော် … နောက်တော့ ပြောမှာပေါ့။ ခိုင်မေးတာ ဖြေစမ်း … မောင့်ကို ခိုင်လာခေါ်ရင် မောင် လိုက်မလား "

" ခိုင်ကလည်း ခိုင်လာခေါ်ရင် မောင်လိုက်မှာပေါ့။ ကဲ … ကျေနပ်ပလား "

ထိုအခါမှ ခိုင်သည် ကျေနပ်သွားဟန် ပုံကို စ,ပြောရန်ပြင်သည်။

ခိုင့်အမူအယာလေးမှာ ပုံပြောသည်နှင့်မတူ။ ကိုယ်တွေ့ကြုံခဲ့ရသော ကြေကွဲဖွယ်အဖြစ်အပျက် တစ်ရပ်အား ဆွေးဆွေးမြေ့မြေ့ ပြန်လည်ပြောပြနေဟန်နှင့်တူသည်။

ခိုင်သည် သူ၏လက်ဖဝါးလေးနှစ်ခုကို ပူး၍ ရင်၌အပ်ထားသည်။ နှုတ်ခမ်းနီနီပါးပါးလေးများက တလှုပ်လှုပ်ဖြင့် တတွတ်တွတ် ပြောနေသော်လည်း မျက်ရည်ဝိုင်းသော မျက်လုံးများက အဝေးသို့ ငေးစိုက် ကြည့်လျက်ရှိ၏။

ခိုင့်အမူအယာလေးကို ယခုတိုင် ကျွန်တော့်မျက်လုံးတွင် မြင်ယောင်နေပါသေးသည်။ ခိုင်ပြောပြသော ဇာတ်လမ်းလေးကိုလည်း တစ်သက်တွင် ကျွန်တော် မေ့နိုင်တော့မည်မဟုတ်။

ခိုင်ပြောပြသော ပုံပြင်မှာ ပန်းဝေဝေဟု ခေါ်သည်။ လွမ်းမောဖွယ်ကောင်းသော ဥစ္စာစောင့်မလေး ခင်မြိုင်နှင့် ချစ်သူမောင်ညိုတို့၏ အကြောင်းတည်း။

မောင်ညိုသည် ရိုးသားချောမောသော တောရွာလုလင်ပျိုတစ်ဦးဖြစ်သည်။ မိခင်အိုကြီးကို လုပ်ကျွေး နေသူဖြစ်ရာ ဈေးနေ့ပတ်ကြုံတိုင်း မြို့တက်ရသည်။ မောင်ညို မြို့သွားသောအခါ အုံ့ဆိုင်းမှောင်ရီသော တောတန်းလေးတစ်ခုကို ဖြတ်သွားရ၏။

တစ်နေ့တွင် မောင်ညိုသည် ထိုတောတန်းလေးကို ဖြတ်သွားခိုက် အလွန်မွှေးကြိုင်သင်းပျံ့သော သဇင်ပန်းရနံ့များကို ရှူရှိုက်ရသည်။ သဇင်ပန်းရနံ့၏ ဆွဲဆောင်မှုကြောင့် လျှောက်မိလျှောက်ရာ လျှောက်ခဲ့ ရာသော မောင်ညိုသည် တောအတွင်း တစ်နေရာတွင် ခင်မြိုင်ကို တွေ့ခဲ့ရသည်။

ထိုစဉ်က ခင်မြိုင်၏ ခေါင်းတွင် သဇင်ပန်းများဝေအောင် ပန်ထားသည်။ သဇင်ပန်း ပန်လျက်နှင့် ခင်မြိုင်သည် ပန်းနွယ်ကြိုးဆင်အပ်သော ဒန်းကို စီးရင်း သာယာညှင်းတွဲစွာ သီချင်းဆိုနေသည်။ ခင်မြိုင်၏ ဒန်းဆင်ထားရာ တောတစ်ဝိုက်၌ သဇင်ပန်းနှင့်တကွ အခြားပန်းမျိုးစုံတို့ ရောင်စုံဖူးပွင့်နေကြသည်။ မြက်ခင်း၌လည်း ပန်းမွေ့ရာအလား ပန်းစုံကြဲဖြန့်လျက်ရှိနေသည်။

www.burmeseclassic.com



သဇင်သင်းသော ထိုတောတွင်း၌ ခင်မြိုင်နှင့် မောင်ညိုသည် ချစ်ကြိုက်သွားသည်။

နေ့စဉ် မောင်ညိုသည် ဤတောလမ်းသို့လာ၏။ သဇင်ပန်းဝေအောင်ပန်လျက် ခင်မြိုင်ကလည်း ဆီးကြိုသည်။ မောင်ညိုက ဒန်းကို လွှဲပေးလျက် ချောမောလှပသော ခင်မြိုင်သည် ဒန်းစီးရင်း သီချင်းတဆိုဆိုဖြင့် အလွန်ပျော်ရွှင်ဖွယ်ကောင်းကြသည်။

တစ်နေ့တွင် ခင်မြိုင်က မောင်ညိုကို သူနှင့်အတူ သိုက်နန်းအတွင်း လိုက်နေရန် ခေါ်သည်။ မောင်ညိုမှာ ချစ်သူခေါ်ရာသို့လည်း လိုက်ချင်သည်။ ဆင်းရဲသော မုဆိုးမ မိခင်အိုကြီးကိုလည်း မပစ်ရက်။ ထို့ကြောင့် မိခင်အိုကြီးကို ချမ်းသာစွာ ထားနိုင်လျှင် သိုက်နန်းသို့ လိုက်ပါမည်ဟု ခင်မြိုင့်အား ကတိပေးလိုက်သည်။ ထိုအခါ ခင်မြိုင်က မောင်ညိုအား ရွှေငွေရတနာများကို ပေးလိုက်သည်။

ဖြစ်သမျှကို မသိသော မောင်ညို၏ မိခင်သည် ရွှေငွေရတနာများကို ထုခွဲ၍ အိမ်ဆောက်ရန် စီမံသည်။ ပစ္စည်းအချို့မှာ သိုက်ဆရာများလက်ထဲသို့ ရောက်သွား၏။ ထိုအခါ သိုက်ဆရာများက မောင်ညို့ မိခင်အား သွေးဆောင်ဖျားယောင်းတော့သည်။ ခင်မြိုင်သည် ဥစ္စာစောင့်တစ်ဦးဖြစ်ကြောင်း၊ ထိုအတိုင်း လွှတ်ထားပါက တစ်နေ့တွင် မောင်ညိုသည် လိပ်ပြာအနုတ်ခံရတော့မည် ဖြစ်ကြောင်း၊ မိမိတို့စကား နားထောင်လျှင် မောင်ညို အသက်မသေရုံမက တစ်သက်လုံး စားမကုန်နိုင်အောင် ရွှေငွေများ ရနိုင်မည် ဖြစ်ကြောင်း ရှင်းပြကြရာ ... မောင်ညို့မိခင်သည် သဘောတူလိုက်၏။

မကြာမီတစ်နေ့၌ သိုက်ဆရာများက မောင်ညို၏ မိခင် အကူအညီဖြင့် မောင်ညိုကို ကြိုးတုပ်ကာ တောအစပ်၌ ကန်တော့ပွဲ အုန်းပွဲပြင်၍ သိုက်တူးကြလေ၏။

တောအတွင်းမှ ကြိုင်သင်းသော သဇင်ပန်းရနံ့များ ပေါ်ထွက်လာသည်။ ခေါင်းတွင် သဇင်ပန်းများ ဝေအောင်ပန်လျက် ရေးနန်းဝတ်နန်းစားဖြင့် ခင်မြိုင်လည်း ပေါ်ထွက်လာသည်။

ခင်မြိုင်က သိုက်ကို မနှောင့်ယှက်ဘဲ ပြန်သွားကြရန် မေတ္တာရပ်ခံသည်။ လောဘဇောတိုက်နေသော သိုက်ဆရာတို့က မောင်ညိုကို ခြေမန်းကွင်းစွပ်၍ ဆေးကြိမ်လုံးဖြင့် ရိုက်ကာ ခင်မြိုင်အား အရှုံးပေးခိုင်းသည်။ မရှုရက်သော မိခင်ကြီးက သိုက်ဆရာ၏ ကြိမ်လုံးကို ဝင်လုရာမှ စည်းပေါက်သွားသည်။ ထိုအခိုက်တွင်ပင် နွားလားဥဿဘတစ်စီးသည် ဝင်ခတ်ရာ သိုက်ဆရာသည် ချိုဖျား၌ ပါသွား၏။ ကျန်ရွာသားများက သတိ မလစ်တစ်ချက် လစ်တစ်ချက်ဖြစ်နေသော မောင်ညိုကို အိမ်သို့ ပြန်ခေါ်လာသည်။ ထိုညသန်းခေါင်ယံ၌ တစ်ရွာလုံး သဇင်ပန်းနံ့တို့ဖြင့် မွှေးကြိုင်နေသည်ဆို၏။ ခွေးအူသံများကြားတွင် မြင်းခွာသံ၊ ရထားသံများ ကြားရပြီး မောင်ညိုသည် လုံးဝသတိလစ်မေ့မြောသွားသည်။

တစ်ရွာလုံး ထိတ်လန့်သမျှ ကြေကွဲဝမ်းနည်းနေကြသည်။ မောင်ညို၏ မုဆိုးမမိခင်ကြီးမှာမူ ပဋာစာရီမြေလူး ရူးမတတ် ငိုကြွေးနေရှာသည်။

မောင်ညို၏ အလောင်းကိုမူ လှပစွာ ပြင်ဆင်ပြီး အိမ်အပြင်၌ ခုတင်ဖြင့် ချထားသည်။

နောက်မွန်းလွဲတစ်နာရီတွင် မောင်ညိုကို ခေါင်းသွင်းရန်ပြင်ခိုက် သိင်္ကန်ကန္တေ့တော်ဖြင့် ပြည့်စုံသော ရဟန်းတစ်ပါးသည် တပည့်တစ်ဦးနှင့်အတူ ရွာတွင်းသို့ ကြွရောက်လာသည်။

ဆရာတော်သည် ထွက်ရပ်စခန်းသို့ တက်လှမ်းတော့မည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်။ အသုဘအိမ်ရှေ့ ရောက်သောအခါ ဆရာတော်က ရပ်နားလိုက်၍ အကျိုးအကြောင်း မေးသည်။ ဇာတ်လမ်းစုံကို သိရသည့်ခဏ၌ ဆရာတော်သည် ရေတစ်ခွက်တောင်းယူကာ မန်းမှုတ်၍ မောင်ညို၏ မျက်နှာကို ပက်ဖျန်းလိုက်သည်။ မလှုပ်မယှက် အလောင်းကောင်သဖွယ် ငြိမ်နေသော မောင်ညိုသည် ပကတိ လူကောင်းအသွင် ထထိုင်ရကား ပရိသတ်အပေါင်းတို့ ကြောက်လန့်ကာ ထွက်ပြေးကြသည်။

ထိုအခါမှ ဆရာတော်က မောင်ညို သေသည်မဟုတ်ကြောင်း၊ ဥစ္စာစောင့်မက လိပ်ပြာနုတ်သွားသဖြင့် မြောနေခြင်းသာဖြစ်ကြောင်း ရှင်းပြသဖြင့် လူအပေါင်း ပြန်လည်စုဝေး ရောက်လာကြသည်။

www.burmeseclassic.com



ဆရာတော်သည် ဥစ္စာစောင့် ခင်မြိုင်ကို မေတ္တာပို့အမျှဝေကာ ဆင့်ခေါ်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်ရွာလုံးမှာ သဇင်ပန်းရနံ့တို့ဖြင့် မွှေးကြိုင်သွားသည်။ ဆံပင်ဖားလျားချ၍ ခေါင်းပေါ်၌ သဇင်ပန်းဝေဝေဖြင့် ခင်မြိုင်သည် မျက်ရည်သွယ်သွယ်ကျရင်း ဆရာတော်ရှေ့၌ ဒူးထောက်လျက် ပေါ်လာသည် ။ ခင်မြိုင်မှာ လုပ လွန်း၍ ဆရာတော်နှင့် မောင်ညိုမှ လွဲ၍ မည်သူမျှ မကြည့်ရဲကြ။

ဆရာတော်က ခင်မြိုင်ကို တရားပြသည်။ ဘဝချင်းမတူသဖြင့် ပေါင်းဖက်ခြင်းမှာ မဖြစ်နိုင်ကြောင်း၊ ပြုသမျှကုသိုလ်ကိုလည်း အမျှပေးဝေမည်ဖြစ်ကြောင်း၊ ကုသိုလ်အဟုန်ကြောင့် ခင်မြိုင် ကျွတ်လွတ်သောအခါ နောင်ဘဝတွင် ခင်မြိုင်နှင့် မောင်ညိုတို့ ရေစက်ဆုံကာ ပြန်လည်တွေ့ကြုံပေါင်းသင်းရမည်ဖြစ်ကြောင်း အမိန့်ရှိသည်။ ယခုအခါ ခင်မြိုင်သည် မျက်ရည်လည်ရွဲဖြင့် နောက်နောင် မနှောက်ယှက်တော့ပါဟု ကတိပြုကာ ပျောက်ကွယ်သွားသည်။

မောင်ညိုလည်း လူကောင်းပကတိဖြစ်၍ ရွာမှစွန့်ကာ ဆရာတော်နှင့်အတူ လိုက်သွားသည်။ မောင်ညို၏ မိခင်မှာလည်း ယောဂီဝတ်၍ မောင်ညိုနှင့်အတူ ဆရာတော်နောက်သို့ လိုက်သွားသည်။ မောင်ညိုသည် ဥစ္စာစောင့်မလေး ခင်မြိုင်ပေးသော ရတနာပစ္စည်းများကို ထုခွဲရောင်းချ၍ မြန်မာပြည်အနှံ့ ဘုရားစေတီများ လိုက်တည်နေသည်ဆို၏။ မောင်ညို နေထိုင်ခဲ့သော ရွာကလေးမှာမူ ခင်မြိုင်နှင့် မောင်ညိုတို့၏ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များကို ပြောမဆုံးရှိကြသည်ဆို၏။ နတ်တော်၊ ပြာသို ရောက်ပြီဆိုလျှင်လည်း ရွာတစ်ဝိုက်တွင် သဇင်ပန်းတို့ ကြိုင်လန်းလေသောအခါ ပိတုန်းရောင်ဆံပင်များကို ဖားလျားချ၍ ခေါင်းတွင် ပန်းဝေဝေဖြင့် ဒန်းစီးရင်း မောင်ညို့ကို စောင့်မျှော်နေရှာသော ခင်မြိုင့်ကို ထင်းခွေသွားသော ရွာသူရွာသားများ ယနေ့တိုင် တွေ့မြင်ရသည် ဟူသတည်း။

ဇာတ်လမ်းဆုံးသောအခါ ကျွန်တော့်ရင်မှာ ဟာကျန်ရစ်သည်။ သဇင်ပန်း ခေါင်းတွင် ဝေဝေဖြင့် ဒန်းစီးရင်း ချစ်သူ မောင်ညိုကို မျှော်နေရှာမည့် ခင်မြိုင်၏ သဏ္ဌာန်သည် မျက်လုံးတွင် မပျောက်။ နိုင့်ဘက် လှည့်ကြည့်လိုက်သောအခါ နိုင့်မျက်လုံးများတွင်လည်း မျက်ရည်တို့ ဝဲနေသည်။ ဘာမှန်းမသိ ရင်မှ ဆို့နင့်သော ဝေဒနာကို မခံနိုင်သဖြင့် ကျွန်တော်က ကိုယ့်ကိုယ်ကို စိတ်သက်သာရန် ဖြေဖျောက်သောစကားကို ဆိုသည်။

“ အဲဒါ ... ပုံနော်နိုင် ...။ တကယ့်အဖြစ်အပျက် မဟုတ်ပါဘူး ”

နိုင်သည် မကျေနပ်ဟန်ဖြင့် ကျွန်တော့်ဘက် လှည့်ကြည့်လိုက်သည်။

“ ပုံမဟုတ်ပါဘူး၊ တကယ်ဖြစ်တာပါ။ ခင်မြိုင်တို့ မောင်ညိုတို့ တကယ်ရှိတယ် ”

“ နိုင် ဘယ်လိုလုပ်သိလဲ ”

“ အို ... နိုင် သိပါတယ်ဆိုမှ ”

ကျွန်တော်သည် နိုင့်ကို အံ့သြစွာ ပြန်ကြည့်မိသည်။ ထိုစဉ် နိုင်က ဘာသဘောကျသည် မသိ၊ တစ်ချက်ရယ်ပြီး ဆိုလိုက်သည်။

“ အဲဒါထားပါလေ ... နိုင်က အဲဒီလို ဥစ္စာစောင့်မလေး ဖြစ်နေပြီး လာခေါ်ရင် ... မောင်လိုက်မလား ”

“ ဟာ ... နိုင်ကလည်း တောက်တီးတောက်တဲ့တွေ၊ နိုင်က ဥစ္စာစောင့်ဖြစ်ပြီး လာခေါ်လို့လိုက်ရင် မောင် သေသွားမှာပေါ့ ...”

နိုင့်မျက်နှာလေးသည် တင်းမာသွား၏။ ကျွန်တော့်ကို ပြန်လည်စူးစိုက်ကြည့်လိုက်သော မျက်လုံးလေးများ၌လည်း ဒေါသနှင့် ကြေကွဲမှုတို့ ရောနေသည်။

“ အင်းပါ ... နိုင်သိသားပဲ၊ မောင် မလိုက်ချင်ပါဘူး၊ နိုင်ကလည်း တကယ် ဥစ္စာစောင့်ဖြစ်ရင် မောင့်ကို လာမခေါ်ဘူး ”

နိုင်သည် ဒေါသလေးဖြင့် ဆောင့်အောင့်ကာ နေရာမှထသည်။

“ အိုး ... နိုင် နေဦးလေ ... မောင်ပြောပြဦးမယ် ”

ကျွန်တော်က နိုင့်ကို လှမ်းခေါ်၍ တားမြစ်သည်။ သို့ရာတွင် နိုင်က လှည့်မကြည့်။ မဂ္ဂဇင်း စာအုပ်လေးကို ပိုက်၍ ဒေါနှင့်မောနှင့် ထွက်ခွာသွားသည်။

ထိုနေ့မှစ၍ နိုင် ကျွန်တော့်ကို လာသတင်းမမေးတော့။ ညနေတိုင်လျှင် ကျွန်တော် နိုင့်ကို မျှော်သည်။ မိခိုင်တစ်ယောက်က လုံးဝပေါ်မလာ။ ကျွန်တော်သည် တစ်ဖက်ခြံသို့ ကူး၍ နိုင့်ကို သွားတွေ့လိုသည်။ သို့ရာတွင် နာလံထစ အပြင်ထွက်လျှင် လေစိမ်းမိ၍ ပြန်ဖျားမည်ဆိုကာ မေမေက ထွက်ခွင့်မပေး။

နောက်တစ်နေ့၌ ကျောင်းသွားကာနီး ဝင်လာမြဲဖြစ်သော နိုင်သည်ပေါ်မလာ။ နိုင်ပေါ်မလာသဖြင့် ငြိမ်းမောင်တစ်ကောင်လည်း ပေါ်မလာ။ ငြိမ်းမောင်ဆိုသည့်ကောင်သည် နိုင် ခိုင်းရာလုပ်၍ နိုင်မကြိုက်လျှင် ဘာကိုမျှပြုရဲဟန်မတူ။

ထိုရက်များအတွင်း ကျွန်တော်သည် ဒေါပွရင်း ဝမ်းနည်းရင်း အချိန်ကို ကုန်လွန်စေရသည်။

ကျွန်တော် ကောင်းစွာ ကျန်းမာလာပြီဖြစ်သဖြင့် နောက်တစ်နေ့ဆိုလျှင် ကျောင်းတက်နိုင်ပြီဟု ဖေဖေက ခွင့်ပေးသည်။ ထိုနေ့ညနေ၌ နိုင်၏ မိဘများသည် မြိုင်၊ လှိုင်တို့နှင့်အတူ ကျွန်တော့်တို့အိမ်ဘက်သို့ လာလည်သည်။ (မမကြိုင်မှာမူ ကောလိပ်သို့ သွားနေပြီဖြစ်၍ သန်လျင်၌ မရှိတော့) နိုင်တစ်ယောက်မူ ပါမလာ …။ ဤသည်ကို ကျွန်တော် မကျေနပ်။

အိမ်ပြင်ထွက်ခွင့်ရပြီဖြစ်သော ကျွန်တော်က ခြံနောက်ဘက်သို့ ထွက်လာခဲ့သည်။ နိုင်နှင့် ကျွန်တော် စတင်တွေ့ခဲ့သော သစ်ပင်ကြီးဆီသို့သာ ထွက်လာခဲ့မိ၏။ သစ်ပင်ကြီးကို လှမ်းမြင်ရသောအချိန်၌ ကျွန်တော့် ရင်ထဲမှာ ဝမ်းသာလွန်း၍ ခုန်ပေါက်မိမတတ် ဖြစ်သွား၏။

တစ်ခါတုန်းကကဲ့သို့ပင် မိခိုင်သည် မြရာပင်ကြီးကို မှီလျက် အဝေးသို့ ငေးနေသည်။ သူ့လက်တွင်း၌လည်း တစ်ခါတုန်းကကဲ့သို့ပင် စာအုပ်တစ်အုပ်ကို ကိုင်ထား၏။ သို့ရာတွင် သူ့မျက်နှာ၌ တစ်ခါတုန်းကကဲ့သို့ မျက်မှန်ကြီး မရှိ။ မျက်နှာပေါ်မှ မျက်မှန်အစား နိုင့်ခေါင်းပေါ်တွင် စံပယ်ပန်းတို့ ဝေအောင် ပန်ထားသည်။

ကျွန်တော်သည် ဝမ်းသာခြင်းကို မထိန်းနိုင်ဘဲ နိုင့်ဆီပြေးသွားရင်းပင် နှုတ်မှအော်မိသည်။

" နိုင်ရေ … နိုင်ရေ … မောင် လာပြီ …"

နိုင်သည် ထိတ်လန့်တကြား ကျွန်တော့်ကို လှည့်ကြည့်သည်။ ခေတ္တမျှ တွေသွားရှာ၏။ နောက်ခဏ၌မူ ကျွန်တော့်ကို ကျောခိုင်း လျင်မြန်သွက်လက်စွာဖြင့် သူတို့ခြံတွင်းသို့ ပြေးထွက် ပျောက်ကွယ်သွားသည်။

မြရာပင်ကြီးအောက်တွင် ကျွန်တော်တစ်ယောက်တည်း ရပ်ကျန်ရစ်သည်။ နိုင့်နောက်သို့ ကျွန်တော် ပြေးလိုက်လျှင် မီမှန်းသိသည်။ သို့ရာတွင် ဘာကြောင့်မသိ၊ ပြေးမလိုက်မိ။ မြရာပင်ကြီးအောက်တွင်သာ ရပ်နေမိသည်။ ရင်တွင်း၌ ဒေါသထွက်မိသည်။ မခံချင်လည်း ဖြစ်မိသည်။ သို့ရာတွင် ဒေါသနှင့် မခံချင်မှုများက ဝမ်းနည်းမှုကို စိုးမိုးလွှမ်းခြုံပစ်လိုက်သည်။

ကျွန်တော့်ခြေရင်းတွင် စံပယ်ပွင့် သုံးလေးပွင့်ကို တွေ့ရသည်။ ကျွန်တော်သည် စံပယ်ပွင့်များကို ကောက်၍ လက်ဖြင့်ခြေကာ လွင့်ပေါက်ပစ်မိသည်။

ကျွန်တော် ရှေ့ရှုရပ်မိနေရာ အဝေးဆီ၌ မှိုင်းညို့သော ကျိုက်ဖောမိစေတီတော်မြတ်ကို လှမ်းမြင်နိုင်သည်။ ကျွန်တော့်နှာဝတွင်လည်း စံပယ်နံ့တို့ မွှေးနေသည်။

ခင်မြိုင်နှင့် မောင်ညိုတို့၏ ကြေကွဲဖွယ်ဇာတ်လမ်းကို ပြန်သတိရမိသည်။ ထိုခဏအတွင်း၌ နိုင့်အပေါ် ကျွန်တော် စိတ်ပြေသွားသည်။

နောက်တစ်နေ့ နံနက်ခင်းတွင် ကျွန်တော်သည် ကျောင်းပြန်တက်သည်။ ထုံးစံအတိုင်း နိုင်တို့ အိမ်ဘက်ဆီ ကူးလာခဲ့မိသည်။

သူငယ်ချင်းအပျိုတစ်သိုက်နှင့် ထွက်လာသော မြိုင့်ကို ခြံဝ၌ ကျွန်တော် သွားတွေ့သည်။

www.burmeseclassic.com



" အို ... မောင် ကျောင်းတက်တော့မလား၊ မောင် နေကောင်းပြီလား ..."

မြိုင်က ချိုသာစွာ မေးသည်။

တွေ့စက မြိုင်နှင့် ကြိုင်ကို အနည်းငယ် မုန်းမိသည်။ ကြိုင့်အကြောင်းကိုမူ ကျွန်တော် သိပ်မသိ။ မြိုင့်ကိုမူ အိမ်၌လည်းကောင်း၊ ကျောင်း၌လည်းကောင်း မကြာခဏတွေ့နေရသဖြင့် ကျွန်တော် နားလည်သည်။ မျက်နှာလေးဝန်းပြည့်ပြည့်နှင့် နှာတံလေးတန်းကာ လူတစ်ယောက်ကို မျက်ခုံးလေးပင့်၍ ကြည့်တတ်သော မြိုင့်အလှကို ကျွန်တော် ဖော်ပြခဲ့ပြီးပြီ။

မြိုင်သည် လှရုံသာမကပဲ သဘောလည်းကောင်းသည်။ အမှန်ကို ဝန်ခံရလျှင် ကြိုင်၊ မြိုင်၊ ခိုင်၊ လှိုင် ညီအစ်မအားလုံးအနက် ခိုင်ကလွဲလျှင် မြိုင့်ကို ကျွန်တော် အချစ်ဆုံးဖြစ်သည်။

ထို့ကြောင့် မြိုင်က ချိုသာစွာ မေးသောအခါ ကျွန်တော်က ယဉ်ကျေးစွာ ပြန်ဖြေသည်။

" ဟုတ်ကဲ့ မမမြိုင်၊ ကျွန်တော် ကျောင်းတက်နိုင်ပါပြီ။ အခု ခိုင့်ကို လာခေါ်တာ "

" အို ... ခိုင့်ကို လာခေါ်တာ၊ ခိုင်က ငြိမ်းမောင်နဲ့ ကျောင်းသွားတက်ပြီ။ မမမြိုင်ကတောင် ပြောသေးတယ်၊ မောင် ဒီနေ့ ကျောင်းတက်လိမ့်မယ်လို့ ..."

ကျွန်တော် ငိုင်ကျသွားမိသည်။ ကျွန်တော် ကျောင်းတက်မည်မှန်းသိလျက် ခိုင်သည် ဘာကြောင့် မစောင့်သနည်း။

မြိုင်သည် ကျွန်တော့်ပုခုံးကို ပုတ်ကာ အသာအယာ ဆိုသည်။

" မောင်နဲ့ ခိုင် စိတ်ဆိုးနေကြသလား၊ ဟုတ်လား ... ဘာစိတ်ဆိုးနေကြသလဲ "

" ခိုင် စိတ်ဆိုးနေလားတာ့ မသိဘူး။ ကျွန်တော်ကတော့ သူ့ကို စိတ်မဆိုးပါဘူး "

ကျွန်တော့်စကားသံကို ကြားသောအခါ မြိုင့်သူငယ်ချင်းမ,တွေက ဝိုင်းရယ်ကြသည်။ ထိုအခါ မြိုင်သည် သူငယ်ချင်းမ,များကို ပြုံးစူစူတစ်ချက်လှည့်ကြည့် မျက်စောင်းထိုးပြီးဆို၏။

" မောင့်ကို မရယ်ကြပါနဲ့၊ မြိုင့်မောင်က သိပ်မာနကြီးတယ်၊ ပြီးတော့ သိပ်သဘောကောင်းတယ် "

ဤသို့ဆိုပြီး မြိုင်သည် ကျွန်တော့်ပုခုံးကို ပွေ့ဖက်၍ ချော့ချော့မော့မော့ပြော၏။

" မောင် မဖျားခင်က ခိုင့်ကြောင့် မောင် အရိုက်ခံရတယ်ဆို၊ ခိုင်ကလည်း မကောင်းဘူးကွဲ့ သိလား၊ မောင်က ခိုင့်ကို သိပ်အလိုမလိုက်နဲ့ သိလား၊ ကဲ ... မောင် မမမြိုင်နဲ့ လိုက်ခဲ့ပေါ့ ..."

မမမြိုင်၏ မေတ္တာကြောင့် ကျွန်တော်သည် စိတ်၌ လန်းဆန်းသွားသည်။ သို့ရာတွင် သူတို့အပျို တစ်သိုက်နှင့်မူ မလိုက်ချင်။

" ကိစ္စမရှိပါဘူး မမမြိုင်ရယ် ... မောင်တစ်ယောက်တည်း ကျောင်းသွားရဲပါတယ် "

ထိုမျှဆို၍ ကျွန်တော်သည် ခြံတွင်းမှ ပြေးထွက်ခဲ့ပြီး တစ်ယောက်တည်း ကျောင်းသို့သွားသည်။

ကျွန်တော် ကျောင်းရောက်သောအခါ ကျောင်းမတက်သေး။

ကျောင်းရှေ့ရှိ ဘောလုံးကွင်းကြီးထဲတွင် ကျောင်းသူကျောင်းသားများ ကစားနေကြသည်။ သူတို့ အထဲတွင် ခိုင့်ကိုပါ တွေ့ရသည်။ ကျွန်တော့်ကို အံ့ဩစေသည်မှာ ခိုင်သည် ကျောင်း၏ လူဆိုးလေးများ ဖြစ်ကြသော ဟုတ်ကြိုင်၊ အယ်ဒီ၊ အောင်ကြည်တို့နှင့် တွဲကစားနေခြင်းဖြစ်သည်။ ယခင်က သူတို့နှင့် ခိုင် တွဲကစားသည်ကို မတွေ့ဖူး။ သူတို့နှင့် မလှမ်းမကမ်းတွင် ရစ်သီရစ်သီလုပ်နေသော ငြိမ်းမောင်ကိုလည်း တွေ့ရသည်။ ဟုတ်ကြိုင်တို့လူသိုက်နှင့် ငြိမ်းမောင်တို့ မတည့်။ မတည့်ဆိုရာ၌ ငြိမ်းမောင်က ဆိုးသည်မဟုတ်။ ငြိမ်းမောင်က လူကြောက်ဖြစ်သည်။ ဟုတ်ကြိုင်တို့လူစုက အနိုင်ကျင့်တတ်သည်။ ထို့ကြောင့် ငြိမ်းမောင်က သူတို့နှင့် မတွဲ ...။

ကျွန်တော်သည် ဟုတ်ကြိုင်တို့လူသိုက်နှင့် ခိုင်တွဲနေသည်ကို မကြိုက်။ သို့ရာတွင် မည်သို့မျှလည်း ဝင်မပြောချင်သဖြင့် အတန်းသို့ ပြန်ကာ စာဖတ်နေ၏။

www.burmeseclassic.com



ကျောင်းတက်ခေါင်းလောင်းထိုး၍ ဆရာမ ဝင်မလာမီ ငြိမ်းမောင်က ကျွန်တော့်နားကပ်၍ တိုးတိုးမေးသည်။

" မောင် ... မင်းနဲ့ ခိုင် ဘာဖြစ်နေကြတာလဲ "

" ငါနဲ့ ခိုင် ဘာမှမဖြစ်ပါဘူး၊ ဒါထက် ခိုင်နဲ့ ဟုတ်ကြိုင်တို့ ဘယ်လိုတွဲမိသွားတာတုံး ..."

" အေးကွာ၊ ငါပြောလို့လည်း မကောင်းဘူး ...။ ဒီကောင်တွေဟာ ကောင်းတာမဟုတ်ဘူး ... မဟုတ်လား "

" အေးလေ ... မကောင်းတာ ငါ သိသားပေါ့။ မင်းက ခိုင့်ကို သူတို့နဲ့ ဘာလို့တွဲစေရသလဲ "

" ဘယ်နှယ့်လုပ်မလဲ၊ မင်း ခိုင်က ငါပြောလို့မှ မရဘဲ ..."

ကျွန်တော်သည် ငြိမ်းမောင်ကို မကျေနပ်သော်လည်း ဆရာဝင်လာသောကြောင့် စကားဖြတ်လိုက်သည်။

နေ့လယ်မုန့်စားဆင်းချိန်တွင် ကျွန်တော်သည် ကျောင်းအောက်မုန့်ဆိုင်သို့ ဆင်းလာခဲ့သည်။ မုန့်ဆိုင်နှင့် မလှမ်းမကမ်းတွင် ဟုတ်ကြိုင်တို့လူသိုက်သည် ပလုတ်ပလောင်းနှင့် သရေစာများ စားနေကြသည်။ အခြားမနီးမဝေးရှိ ထောင့်တစ်ခုတွင် ခိုင်သည် ကုပ်ကုပ်ရပ်၍ မုန့်ဆိုင်ကို လှမ်းကြည့်နေသည်။ ခိုင့်လက်တွင်း၌ စားစရာ မရှိ။

နေ့စဉ်မုန့်စားချိန်၌ ကျွန်တော်တို့ကလေးများသည် အလွန်ဆာတတ်သည်။ မိခိုင်ရော ကျွန်တော်ပါ တစ်နေ့ မုန့်ဖိုးတစ်မူးစီ ရကြသဖြင့် မုန့်ဖိုးအများဆုံးရသူများ ဖြစ်ကြသည်။ ခါတိုင်းဆိုလျှင် မိခိုင်သည် ယခုအချိန်မျိုး၌ သူ့လက်တွင်း စားစရာမျိုးစုံ ကိုင်စားနေလေ့ရှိသည်။

ကျွန်တော်သည် မုန့်ဝယ်စားမည်လုပ်ပြီးမှ မစားဘဲ ခိုင့်ထံ လျှောက်သွားသည်။

" ခိုင် မုန့်စားပြီးပြီလား "

ခိုင်က ခေါင်းခါသည်။

" ဘာဖြစ်လို့ မစားလဲ၊ မဆာဘူးလား "

ခိုင်ကမဖြေ။

" ခိုင့် မုန့်ဖိုးကော "

ဤသည်ကိုလည်း ခိုင်က မဖြေ။ မျက်ရည်ဝဲ၍သာ ငြိမ်နေသည်။ ထိုစဉ် ငြိမ်းမောင် ပေါ်လာသည်။ ကျွန်တော် သိချင်သော အဖြေကို ငြိမ်းမောင်ထံမှ ရသည်။

" ခိုင် မုန့်ဘယ်စားရမလဲ ... ဟိုကောင်တွေ စားသွားတာကို ..."

" ဘာပြောတယ် ... ဟိုကောင်တွေ စားသွားတယ် "

" ဟုတ်တယ် .... နေ့တိုင်း မုန့်စားချိန်ကျရင် သူတို့က ခိုင့်ဆီက ပိုက်ဆံချေးတယ်၊ ခိုင်ကလည်း တစ်မူးလုံး ချေးလိုက်တာချည်းပဲ "

ကျွန်တော်သည် ရုတ်တရက် ဒေါသထွက်သွားပြီး ခိုင့်ဘက် လှည့်မေးသည်။

" ခိုင်က သူတို့ကို ဘာလို့ချေးရတာလဲ "

ထိုအခါမှ ခိုင်သည် ခပ်တိုးတိုး မပွင့်တပွင့်ဖြေသည်။

" သူတို့က ဆာတယ်လို့ ပြောလို့ ..."

" သူတို့ချည်းပဲ ဆာတာမှ မဟုတ်ဘဲ၊ ခိုင်ကော မဆာဘူးလား "

ခိုင်က ပြန်မဖြေနိုင်၊ ကျွန်တော်သည် ဘာမျှဆက်မမေးတော့ဘဲ ခိုင့်ကို ခိုင်ဝယ်စားလေ့ရှိသော အုန်းနို့ခေါက်ဆွဲဆိုင်သို့ ခေါ်လာခဲ့သည်။

" ကဲ ရော့ ... တစ်ပဲဖိုးစား။ မောင် သကြားလုံးတို့ ဆားငန်သီးတို့ သွားဝယ်လိုက်ဦးမယ် ..."

www.burmeseclassic.com



ကျွန်တော်သည် ခိုင့်ကို ထားခဲ့ပြီး အခြားဆိုင်က ဆားငန်သီးနှင့် သကြားလုံး တစ်ပဲဖိုး ဝယ်သည်။ သကြားလုံးတစ်လုံးကို ကျွန်တော်က ပါးစပ်ထဲထည့်၍ တစ်လုံးကို ငြိမ်းမောင်အား ပေးသည်။ ကျန်သည်တို့ကို ခိုင့်အနားချပေးသည်။

ထိုအခါ ခိုင်သည် အုန်းနို့ခေါက်ဆွဲစားရာမှ ပျာပျာလေး မေးသည်။

" ဟင် ... မောင်တော့ ဘာမှမစားဘူးလား "

" မောင် မဆာပါဘူး ... ပြီးတော့ မောင် သကြားလုံးစားထားတယ်၊ ကဲ ... ငြိမ်းမောင် ငါနဲ့ လိုက်ခဲ့စမ်း၊ ခိုင် ဒီမှာ နေခဲ့ဦးနော် "

ကျွန်တော်က ဟုတ်ကြိုင်တို့လူသိုက်ဆီ လျှောက်သွားသည်။ ကျွန်တော့်နောက်မှ ငြိမ်းမောင်သည် တွန့်ဆုတ်တွန့်ဆုတ်နှင့် လိုက်ပါလာသည်။

စပ်ဖြဲဖြဲ ပြောင်စပ်စပ်မျက်နှာများဖြင့် ဟုတ်ကြိုင်တို့လူသိုက်သည် ကျွန်တော်တို့အား ကြည့်နေသည်။ ကျွန်တော်က အသံမာမာနှင့် သူတို့အား မေးသည်။

" မင်းတို့ ခိုင့်ဆီက ပိုက်ဆံချေးတယ်ဆို "

သူတို့အားလုံးသည် ခေတ္တကြောင်သွားပြီးနောက် ခေါင်းဆောင်လုပ်သော ဟုတ်ကြိုင်က ဖြေသည်။

" ချေးတာ မဟုတ်ဘူး၊ ကောင်မလေးက တို့ကိုပေးတယ်၊ မင်းနဲ့ ဘာဆိုင်လို့လဲ "

" ဆိုင်လို့မေးတာပေါ့ကွ၊ ဟေ့ကောင် ငြိမ်းမောင် သူတို့ ဒီလိုယူတာ ဘယ်နှစ်ရက်ရှိပြီလဲ "

" ဟို ... ဟို ... မင်း ... မင်းဖျားလို့ ကျောင်းမတက်တဲ့နေ့ကတည်းက "

ဟုတ်ကြိုင်သည် ငြိမ်းမောင်နား ကပ်သွား၍ .... " ဟေ့ကောင် ဂျပု၊ မင်းက ကုန်းတိုက်တာပေါ့ ဟုတ်လား ..."ဟု ပြောပြောဆိုဆိုဖြင့် နားရွက်ကို ဆွဲလိမ်သည်။

ကျွန်တော်သည် သည်းမခံနိုင်တော့။ ငြိမ်းမောင်၏ နားရွက်ကို ဆွဲလိမ်နေသော ဟုတ်ကြိုင်၏ ဖောင်းပြည့်သောမျက်နှာဆီ လက်သီးဖြင့် စွတ်ထိုးလိုက်သည်။

ဟုတ်ကြိုင်က ငြိမ်းမောင်ကို လွှတ်လိုက်၍ ကျွန်တော့်အား ပြန်ထိုးသည်။ အယ်ဒီက ဟုတ်ကြိုင်ကို ကူ၍ ကျွန်တော့်အား ဝိုင်းထိုးနေခိုက် အောင်ကြည်က ငြိမ်းမောင်ကို ဝင်ထိုးသည်။

နှစ်ယောက်တစ်ယောက် ဖြစ်သော်လည်း သူတို့အားလုံးထက် ထွားကြိုင်းသော ကျွန်တော်က ပမာမပြုဘဲ ပြန်ထိုးနိုင်သည်။

ကျောင်းသားကြီးများနှင့် ဆရာမများ ရောက်လာ၍ ရန်ပွဲစဲသောအခါ ကျွန်တော့်လက်သီးဒဏ်ကြောင့် ဟုတ်ကြိုင်၏ မျက်လုံးတစ်ဖက်မှာ ရောင်ကိုင်းနေသည်။ နှုတ်ခမ်းကွဲသွားသော အယ်ဒီ့ပါးစပ်မှ သွေးများ ယိုကျနေသည်။ ကျွန်တော်က ငြိမ်းမောင်ဘက်သို့ စိုးရိမ်တကြီး လှည့်ကြည့်သည်။

ငြိမ်းမောင်သည် ကြောက်ရွံ့ခြင်းဖြင့် တုန်ရီနေသည်။ သို့ရာတွင် သူ့မျက်နှာ၌ ဘာဒဏ်ရာမှ မတွေ့။ ငြိမ်းမောင် ကြောက်ကန်,ကန်ထားသောဒဏ်ကြောင့် အောင်ကြည်သာ နှာခေါင်းမှ သွေးများထွက်၍ ဆရာမအား တိုင်နေသည်။

ထိုနေ့က ကျွန်တော်၊ ဟုတ်ကြိုင်၊ အယ်ဒီ၊ အောင်ကြည်တို့မှာ တစ်ယောက်ဆယ်ချက်စီ ကြိမ်လုံးဖြင့် တင်ပါး၌ အရိုက်ခံရသည်။

ကျွန်တော် သနားမိသည်မှာ ငြိမ်းမောင်ဖြစ်သည်။ သူ့ကိုယ်သူ ဘယ်တော့မှ အရိုက်မခံရသေးဟု ကြွားခဲ့သော ငြိမ်းမောင်မှာ တင်ပါးငါးချက် အဆော်ခံရလေသတည်း။

www.burmeseclassic.com



## ( ၇ ) ဒုတိယလူတစ်ယောက်

ထိုနေ့မှစ၍ ကျွန်တော်၊ ခိုင်နှင့် ငြိမ်းမောင်တို့သည် ပိုမိုရင်းနှီးသော သူငယ်ချင်းများဖြစ်လာကြသည်။

ကျွန်တော်တို့နေအိမ်များနှင့် ငြိမ်းမောင်တို့ ခြံတစ်ပိုတိုက်သည် အတန်ဝေးသည်။ ငြိမ်းမောင်သည် နံနက်တိုင်း ကျွန်တော်တို့ထံသို့ ရောက်လာ၍ သုံးယောက်အတူ ကျောင်းတက်ကြသည်။ ညနေ ကျောင်းဆင်းလျှင်လည်း အိမ်တစ်ခေါက်ပြန်ပြီးမှ ငြိမ်းမောင်သည် ကျွန်တော်တို့ဆီ ပြန်လာပြီး အတူတကွ ကစားလေ့ရှိသည်။

ခိုင်သည် ငြိမ်းမောင်ကို အလွန်နိုင်သည်။

ကျွန်တော်တို့ ခြံနောက်ဘက် ကျိုက်ဇောမိဘုရားတစ်ဝိုက်ရှိ ကုန်းရိုးခင်တန်းနှင့် မြရာရုံများအကြားတွင် ကျွန်တော်တို့သုံးယောက်သည် တူတူပုန်းတမ်း၊ စိန်ပြေးတမ်း၊ ကစားလေ့ရှိသည်။ ထိုအခါမျိုးတွင် ခိုင်သည် သူလိုက်လှည့်ဖြစ်သော်လည်း ငြိမ်းမောင်ကို ဖွတ်လိုက်ခိုင်းသည်။ ခိုင်က သူမိသော်လည်း ဆင်ခြေအမျိုးမျိုးဖြင့် ဖွတ်ငြင်းတတ်သည်။ ငြိမ်းမောင်တစ်ယောက်မှာလည်း ခိုင်ပြောသမျှ ခံသည်။ ခိုင် ခိုင်းသမျှ လုပ်သည်။ ခိုင့်စကား နားထောင်ကောင်း၍ ငြိမ်းမောင် သေမည်နှစ်ခါ ဖြစ်ခဲ့၏။

တစ်ခါမှာ ငြိမ်းမောင် တာဇံအလုပ်ကောင်း၍ ဖြစ်သည်။ ကျွန်တော်တို့သုံးယောက်လုံး တာဇံကားမှန်သမျှ ကြည့်ကြသည်။ မြရာတောများကို အာဖရိကတောများအဖြစ် သဘောထားကာ ကျွန်တော်တို့သုံးယောက် တာဇံလုပ်တမ်း ကစားလေ့ရှိသည်။ များသောအားဖြင့် ကျွန်တော်က တာဇံလုပ်ရသည်။ ခိုင်သည် လူရိုင်းမလေး လုပ်ရသည်။ ငြိမ်းမောင်မှာမူ မျောက်လုပ်ရသည့် အခါလုပ်သည်။ လူရိုင်းဗိုလ်လုပ်သည့်အခါ လုပ်ရသည်။

ကျွန်တော်သည် သစ်ပင်ကောင်းစွာ တက်တတ်ရုံမက သစ်ပင်တစ်ကိုင်းမှ တစ်ကိုင်းသို့ ကိုယ်ကိုလွှဲ၍ လက်စုံလွှတ်ကာ ခုန်ကူးတတ်သည်။ မြရာပင်ငယ်အကိုင်းတစ်ခုတွင် ကြိုးတပ်၍ နွယ်ကြိုးအဖြစ်နှင့် တစ်ပင်မှ တစ်ပင်သို့လည်း ကူးတတ်သည်။ ထို့ကြောင့် ကျွန်တော် တာဇံအမြဲလုပ်ရခြင်း ဖြစ်သည်။ ငြိမ်းမောင်မှာ သစ်ပင်ကောင်းကောင်း မတက်တတ်။ သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ လွှဲကူးရန်မှ ဝေးစွ၊ စိတ်ကူးပင် ထည့်ရဲသူမဟုတ်။ သို့ရာတွင် အမြဲတမ်း မျောက်လုပ်လိုက်၊ လူရိုင်းဗိုလ်လုပ်လိုက်ဖြစ်နေရသည်ကို တစ်နေ့တွင် ငြိမ်းမောင် စိတ်ပျက်လာသည်။ ထို့ကြောင့် သူ တာဇံ တစ်လဲလုပ်ဦးမည်ဟု အဆိုပြုလာသည်။ ကျွန်တော်ကလည်း အားနာသဖြင့် ခွင့်ပြုလိုက်သည်။

ကျွန်တော်က လူရိုင်းဗိုလ်ကြီးလုပ်၍ တာဇံငြိမ်းမောင်နှင့် မင်းသမီး ခိုင်ကို လိုက်ဖမ်းသည်။ တာဇံငြိမ်းမောင်သည် မတက်တတ်၊ တက်တတ်ဖြင့် လက်အပွန်းခံကာ မြရာပင်ပေါ်တက်သည်။ ခိုင်ကမူ မြရာခြုံကြား လှည့်ပတ်ထွက်ပြေးသည်။ နောက်ဆုံး၌ လူရိုင်းဗိုလ် ကျွန်တော်က ခိုင့်ကို မိသွား၍ ကိုယ်ကို ကြိုးနှင့်ပတ်ကာ ဖမ်းထားသည်။ ကျွန်တော်တို့ဇာတ်လမ်းအရ ဇာတ်လိုက်ကြီး တာဇံငြိမ်းမောင် လာကယ်ရမည်ဖြစ်၏။

ခိုင်သည် ဇာတ်ကားထဲမှ ရုပ်ရှင်မင်းသမီးဟန်အပြည့်ဖြင့် ရန်းလိုက်၊ အော်လိုက်နှင့် လုပ်နေသည်။ သို့ရာတွင် တာဇံကြီးက ပေါ်မလာ ...။

တာဇံငြိမ်းမောင်ခမျာမှာ မင်းသမီးကို လာကယ်ရန် ဝေးစွ၊ ရောက်ရှိနေသော သစ်ကိုင်းဖျားတစ်ခုမှ မြေပြင်သို့ရောက်ရန် မည်သို့ပြန်ဆင်းရမှန်းမသိ။ ခိုင်ကသာ ကယ်ပါ၊ ယူပါ တစာစာနှင့် အော်နေသည်။ သစ်ကိုင်းဖျားမှ ငြိမ်းမောင်ခမျာလည်း တုန်တုန်ရီရီ ဖြစ်နေသည်။ ကြာသော် ... ခိုင် ဒေါပွလာသည်။

"နင် အဖြစ်လည်းမရှိဘဲနဲ့ တာဇံ လုပ်ချင်တယ်၊ ဆင်းခဲ့ ... မြန်မြန်ဆင်းခဲ့ ..."

"ဆင်းတော့ ဆင်းမှာပေါ့ဟ၊ ဆင်းဖို့ခက်နေလို့ ..."

"နင် တက်တုန်းက ဘယ်လိုလုပ်တက်သလဲ "

"တက်တုန်းက လွယ်လိုက်တာ ... ဆင်းဖို့ခက်နေလို့ "

sic.com

www.burmeseclassic.com



ကျွန်တော်သည် ငြိမ်းမောင် ဖြစ်နေပုံကို ငိုအားထက် ရယ်အားသန်မိသည်။ ဗိုက်ရွှဲရွှဲ ပုတိုတိုနှင့် တာဖဲငြိမ်းမောင်သည် သစ်ကိုင်းဖျားတွင် ရပ်လျက်ရှိ၏။ သူ့လက်နှစ်ဖက်က ခေါင်းပေါ်မှ သစ်ကိုင်းတစ်ကိုင်းကို ကိုင်ထားသည်။ အပေါ်က သစ်ကိုင်းကို အားပြု၍ အောက်သစ်ကိုင်းပေါ်တွင် ဖြည်းဖြည်းလျှောက်လိုက်လာလျှင် ပင်စည်ဆီသို့ ရောက်နိုင်သည်။ ငြိမ်းမောင်ကလည်း ထိုအတိုင်း ကြိုးစားသည်။ သို့သော် သူ့ခြေတစ်လှမ်း လှမ်းလိုက်လျှင် အပေါ်သစ်ကိုင်းသည် မြောက်မြောက်ကြွသွားရာ အခြေယိုင်သွားသဖြင့် ငြိမ်းမောင် ရှေ့ဆက် မလျှောက်ရဲ။ အလိုက်မသိသော ခိုင်ကလည်း တကြော်ကြော် " ဆင်းပါဟ ... ဆင်းပါဟ "နှင့် တိုက်တွန်းနေသည်။

ရယ်နေရာမှ ကျွန်တော်သည် ငြိမ်းမောင်ကို စိုးရိမ်စပြုလာသည်။ ငြိမ်းမောင် ပြန်ဆင်းနည်းတစ်လမ်းသာမြင်သည်။ အပေါ်၌ အားပြုထားသော သစ်ကိုင်းကို လက်နှစ်ဖက် လွှတ်လိုက်၍ ကိုယ်ကိုထိန်းပြီး သတိဖြင့် အောက်သစ်ကိုင်းပေါ် မှောက်ဖက်၍ ဖြည်းဖြည်းချင်း တွယ်တွား၍ ဆင်းရမည်။

ကျွန်တော်က ထိုနည်းကို လှမ်း၍ပြောပြသည်။ ကြံရာမရသော ငြိမ်းမောင်ကလည်း ထိုနည်းကိုပင် ကြိုးစားရသည်။ ကျွန်တော်က အသည်းတယားယားဖြင့် ကြည့်နေခိုက် ငြိမ်းမောင်သည် အပေါ်သစ်ကိုင်းကို လွှတ်လိုက်သည်။ ဒယီးဒယိုင်ဖြစ်နေပြီးမှ ကံအားလျော်စွာ အောက်သစ်ကိုင်းပေါ်၌ ထိုင်လျက် ဖြစ်သွားသော်လည်း သစ်ကိုင်းကို လှမ်းဖက်လိုက်သောအခါ သူ့လက်မောင်းသေးသေးလေးများက သူ့ခန္ဓာကိုယ်ဝဝကို မနိုင်သောကြောင့် သစ်ကိုင်းကို ဖက်လျက်နှင့် ခန္ဓာကိုယ်သည် တစ်ပတ်လည်ကျလာ၏။ ခြေကုပ်လည်း လွတ်လျက် လက်နှစ်ဖက်ဖြင့်သာ သစ်ကိုင်း၌ တွဲလွဲလေးဖြစ်နေသည်။ သူတွဲလွဲဖြစ်နေရာမှ မြေပြင်သည် ကျွန်တော်တို့ ကလေးအရပ်နှစ်ပြန်မျှ မြင့်သည်။ ငြိမ်းမောင်၏ မျက်နှာ၌ သွေးမရှိတော့ ... ငိုမဲ့မဲ့လေး ဖြစ်လျက် မျက်ရည်အဝိုင်းသားနှင့် ကျွန်တော့်အား အားကိုးတကြီး ကြည့်နေသည်။ သစ်ကိုင်းကို တွယ်ထားသော လက်နှစ်ဖက်မှာ တဆတ်ဆတ်တုန်နေသည်။ အလိုက်မသိသော ခိုင်က အောက်မှနေပြီး လက်ခုပ်ကလေးတီးကာ ခုန်ဆွခုန်ဆွဖြင့် " တာဖဲကွ၊ ငြိမ်းမောင်ကွ "ဟု အော်ဟစ်အားပေးနေသည်။

သို့ရာတွင် တာဖဲကြီးငြိမ်းမောင်၏ အခက်အခဲကို ကျွန်တော် သိသည်။ ထို့ကြောင့် အလွယ်ဆုံးနည်းကို အကြံပေးရသည်။

" ငြိမ်းမောင် လက်ဖြုတ်ပြီး အသာခုန်ချလိုက် ..."

" မချရဲဘူးကွ ... အမြင့်ကြီး ..."

" မမြင့်ပါဘူးကွ ... အောက်ကျရင် ခြေနည်းနည်းကျင်ရုံပဲရှိမယ်၊ ခုန်ချလိုက်ပါ "

" ဟင့်အင်း ... ငါ ခုန်မချရဲဘူး ..."

" ခုန်ချပါကွာ ... မကြောက်ပါနဲ့ ..."

" ဟင့် ... အင်း ... ခြေကျိုးလိမ့်မယ် ..."

" မကျိုးပါဘူးကွ ... လက်ညှောင်းပြီး ပြုတ်ကျမှ ဇက်ကျိုးနေလိမ့်မယ် "

ကျွန်တော်က မည်မျှတိုက်တွန်းသော်လည်း ငြိမ်းမောင်က ခုန်မချ။ ထိုအခိုက် ခိုင်က ဝင်အကြံပေးသည်။

ငြိမ်းမောင် တွဲလောင်းခိုလျက်ရှိသော သစ်ကိုင်းအောက် မလှမ်းမကမ်းတွင် အခြားသစ်ကိုင်းတစ်ကိုင်းရှိသေး၏။ ယင်းသစ်ကိုင်းကို လှမ်းတွယ်နိုင်သော် မြေပြင်နှင့် မဝေးတော့။

" ငြိမ်းမောင် ... ခါတိုင်းလုပ်သလို လုပ်ပါလား ... ကိုယ်ကို လွှဲပြီး နှစ်တန်းဘားကူးသလို အောက်သစ်ကိုင်းကို လွှဲကူးပါလား "

ကျွန်တော်က ထိတ်လန့်သွားသည်။ ထို့ကြောင့် လှမ်းအော်ရ၏။

" ဟေ့ကောင် ငြိမ်းမောင် ... မင်းမလုပ်တတ်သေးဘူး၊ ရိုးရိုးသာ ငါပြောသလို ခုန်ချ "

ကျွန်တော် တားမြစ်နေသည့်ကြားမှ ခိုင်က ဝင်မြှောက်ပေးသည်။

www.burmeseclassic.com



" ဘာလို့မလုပ်တတ်ရမှာလဲ ... လွယ်လွယ်ကလေး၊ လုပ်ပါဟ ငြိမ်းမောင် ... နင်က တာဇံပဲဟာ "

" ခိုင် ဘာဖြစ်လို့ မြှောက်ပေးနေရတာလဲ၊ ဟော့ကောင် ငြိမ်းမောင် ... မလုပ်နဲ့နော် ...၊ ဟယ် ... အမလေး "

ကျွန်တော့်စကားမဆုံးမီ ငြိမ်းမောင်က အောက်သစ်ကိုင်းကို ခိုင်ပြောသလို ကိုယ်ကိုလွှဲ၍ ကူးယူသည်။ သူ့လက်နှစ်ဖက်မှ အောက်သစ်ကိုင်းဆီသို့ ရောက်မလာ။ သူ့ခန္ဓာကိုယ်သာ မြေပြင်သို့ ဝုန်းကနဲ ကျလာသည်။ သူ့အနီးသို့ ကျွန်တော် ပြေးသွားသောအခါ ငြိမ်းမောင်၏ မျက်လုံးမှာ ပြူး၍ အပေါ်သို့ လန်နေသည်။ အသက်လည်း မရှူနိုင်။

ခိုင်သည် ငြိမ်းမောင်၏ ငယ်ထိပ်ကို တဖူးဖူးမှုတ်သည်။ ကျွန်တော်က အတန်ကြာမှ ကျွန်တော် တစ်ကြိမ် နှစ်တန်းဘားပေါ်မှကျစဉ် လူကြီးများ လုပ်ပေးပုံကို သွားသတိရမိသည်။ ကျွန်တော်သည် ခိုင့်ကို ငြိမ်းမောင်ခြေဖျားပေါ် တက်ထိုင်စေ၍ ဖိထားစေသည်။ ထို့နောက် ငြိမ်းမောင်၏ ချိုင်းမှကိုင်ကာ ရှေ့သို့တွန်း၍ ခါးချိုးလိုက်၊ နောက်သို့ဆွဲ၍ မြေပြင်သို့ ပက်လက်လှန်စေလိုက် လုပ်ပေးရသည်။ ဆယ်ကြိမ်ခန့် ထိုသို့ လုပ်ပေးလိုက်မှ လန်နေသော ငြိမ်းမောင်၏ မျက်လုံးများ ပြန်ကျလာ၍ အသက်ရှူနိုင်တော့သည်။

နောက်နောင်တွင် ငြိမ်းမောင်သည် တာဇံလုပ်ခိုင်းလျှင် မလုပ်တော့။ ရိုးသားနှိမ့်ချစွာ မျောက်သော်လည်းကောင်း၊ လူရိုင်းဗိုလ်သော်လည်းကောင်း မညည်းမညူလုပ်တော့သည်။

ခိုင့်ကြောင့် ဒုတိယအကြိမ် သေလုမတတ်ဖြစ်ရသည့်အကြောင်းကို ပြောပြရန်မှာ ဇာတ်လမ်း အတန်ငယ်ရှည်သည်။ ထိုအကြိမ်သည် အိမ်သို့ ကိုကိုပြန်မလာစဖူး ပြန်လာသည့်အခေါက်၌ ဖြစ်သည်။

ကိုကို အိမ်ပြန်လာသည့်အကြောင်းကို ကျွန်တော် အထူးတလည် စာဖွဲ့၍ ဆိုရပါမည်။ ဆိုထိုက်သည့် အကြောင်းများလည်း ရှိသည်။

တစ်ကြောင်းမှာ အထက်၌ ကျွန်တော် ဖော်ပြပြီးခဲ့သည့်အတိုင်း ကောလိပ်ကျောင်းပိတ်သော်လည်း ကိုကိုသည် အိမ်သို့ မှန်မှန်ပြန်လာတတ်သည်မဟုတ်။ သူ၏ သမဂ္ဂဆိုတာကြီး၌သာ အလုပ်များနေတတ်သူ ဖြစ်သည်။ သမဂ္ဂဆိုတာသည် အဘယ်နည်းဟု ခိုင်က မမကြိုင်ကို မေးပေးမည် ကတိရှိခဲ့သည်။ သို့ရာတွင် မမကြိုင်သာ ကောလိပ်ကျောင်းပြန်သွားသည်၊ ခိုင်က မမေးမိ။ ထို့ကြောင့် သမဂ္ဂဆိုတာကြီးသည် အဘယ် နည်းဟု ခိုင်လည်း မသိ၊ ကျွန်တော်လည်း မသိ။

ကိုကိုပြန်လာသော ထိုနှစ်သည် ကျွန်တော့်မှတ်ဉာဏ်တွင် မမေ့နိုင်လောက်အောင် ထူးဆန်းမှု ပေါင်းဖြင့် စုံလင်နေသည်။

သီတင်းမကျွတ်ခင်လေးတွင် အစသော် ထိတ်လန့်ဖွယ်ကောင်းသမျှ နောင်တွင် ပျော်ရွှင်ဖွယ်ဖြစ်သော အဖြစ်အပျက်တစ်ရပ်ကို ကျွန်တော်ကြုံတွေ့ခဲ့ရသည်။

တစ်နေ့သ၌ ကျွန်တော်တို့ ကျောင်းတက်နေဆဲ နေ့ခင်းကြောင်တောင်တွင် ထိတ်လန့်တကြား ဆူညံအော်ဟစ်သံများနှင့် သံချောင်းခေါက်သံများ ကြားရသည်။ ဝေးလံသော ဘီအိုစီစက်ဝင်းဆီမှ ဥသြ မှုတ်သံများကိုလည်း ကြားရသည်။ မီး ... မီးဟု လူအပေါင်းတို့၏ အော်သံကိုလည်း ကြားရသည်။

ကျောင်းရှိ အတန်းများ အကုန်ပျက်ကာ ကျောင်းသူ၊ ကျောင်းသားများရော၊ ဆရာ၊ ဆရာမများပါ ကျောင်းအောက်သို့ ရောက်လာကြသည်။ အဝေးရှိ ဘီအိုစီစက်ဝင်းရှိရာဘက်မှ ကြောက်မက်ဖွယ်ကောင်းသော မီးခိုးလုံးကြီးများ တလိပ်လိပ် တက်လာကြသည်။ ပထမသော် မည်းမည်းမှောင်နေသော မီးခိုးလုံးကြီးများ ကြားမှ ရဲရဲတောက်နေသော မီးတောက်မီးလျှံများကိုလည်း တွေ့ရသည်။

မီးခိုးလုံးများမှာ တစ်စထက်တစ်စ မှောင်၍မည်း၍၊ လုံး၍ ကောင်းကင်သို့ တစ်ခဲနက်တက်သည်။ မှောင်မည်းသော မီးခိုးလုံးတို့ကြား တစ်ချီတစ်ချီ ဝင်းကနဲ ရဲကနဲ ထိုးတက်လာသော မီးညွန့်၊ မီးစွယ်များ ကိုလည်း မြင်ရသည်။

www.burmeseclassic.com



မည်သူက မည်သို့စတင်သည်မသိ။ " သန်လျင်ဘီအိုစီ မီးလောင်လို့တဲ့ ..." ဟူသော သတင်းများလည်း ဆက်ရောက်လာသည်။

ဘီအိုစီစက်ဝင်းအတွင်း၌ ဖယောင်း၊ ရေနံဆီ၊ ဓာတ်ဆီစသော လောင်စာများ အများအပြားရှိသည်ကို ကြားဖူးနားဝဖြင့် ကျွန်တော်တို့ကလေးများပင် သိသည်။ လူကြီးများ၏ ထိတ်လန့်ခြင်းမှာမူ အထူးပြောဖွယ်မလိုတော့ ...။ မီးကို မနိုင်လျှင် သန်လျင်မြို့တွင်းသို့ပင် ကူးစက်လာနိုင်သည်။ ထို့ကြောင့် ပြေးသူပြေး၊ လွှားသူလွှားဖြင့် ရှိနေကြသည်။

ကျောင်းရှိ ကလေးများ ကစဉ့်ကလျားမဖြစ်အောင် ဆရာ၊ ဆရာမများက ထိန်းသိမ်းကြသည်။ ကျောင်းဝင်းတံခါးကြီးကို ပိတ်သူက ပိတ်ကြသည်။ သို့ရာတွင် မြောက်မြားလှသော ကျောင်းသူ၊ ကျောင်းသားများကို လက်တစ်ဆုပ်စာရှိသော ဆရာ၊ ဆရာမများက အလွယ်တကူ မနိုင်။

ကျွန်တော်သည် ခိုင့်ကို စိတ်ပူနေသဖြင့် ကျောင်းဝင်းအတွင်း လှည့်ပတ်ရှာသည်။ ခိုင်တို့သုံးတန်းသားများ စုဝေးရာတွင် ခိုင့်ကို မတွေ့။

ကျွန်တော်သည် ဆရာမ ဒေါ်အေးမြက လှမ်းခေါ်နေသည်ကို မမှုဘဲ ဆက်လက်ပြေးထွက်ခဲ့သည်။

ကျောင်းနောက်ဘက်၌ ခိုင့်ကို သွားတွေ့သည်။

ခိုင်သည် သူ့ဂါဝန်လေး လွင့်ကာလွင့်ကာဖြစ်အောင် ခုန်ပေါက်ပျော်မြူးနေသည်။ သူ့အနီးတွင် ဟုတ်ကြိုင်၊ အယ်ဒီ၊ အောင်ကြည်စသော လူဆိုးကလေးများကိုလည်း တွေ့ရသည်။ သူတို့သည်လည်း ခိုင့်နည်းတူ ခုန်ပေါက်နေသည်။ ခိုင့်အနားတွင် ကပ်လျက် ငြိမ်းမောင်ကိုလည်း တွေ့ရသည်။ လူများတွေ ခုန်ပေါက်သောအခါ ငြိမ်းမောင်သည် ကြောက်ရွံ့ဖြူလျော်သောမျက်နှာကလေးဖြင့် ငေးကြည့်နေသည်။

ခိုင် ခုန်သောအခါ သူကလည်း လိုက်ခုန်ပေါက်သည်။ ခိုင်အော်သောအခါ သူကလည်း လိုက်အော်သည်။

" သီတင်းကျွတ်ပြီဟေ့ ... သီတင်းကျွတ်ပြီ ..."

ခိုင်က အရူးမလေးကဲ့သို့ အော်သည်။

" သီတင်းကျွတ်ပြီဟေ့ ... သီတင်းကျွတ်ပြီ ..."

ငြိမ်းမောင်ကလည်း လိုက်အော်သည်။

မီးတောက်မီးလျှံများ ဟုန်းကနဲ၊ ဟုန်းကနဲ ထသောအခါ ခိုင်က ပြန်အော်သည်။

" မီးပန်းတွေဟေ့ ... မီးပန်းတွေ ..."

ထိုအခါ ငြိမ်းမောင်ကလည်း လိုက်အော်ပြန်သည်။

" မီးပန်းတွေဟေ့ ... မီးပန်းတွေ ..."

ထိုအတွင်း ထိတ်လန့်ဖွယ် ပေါက်ကွဲသံကြီးများ ကြားရသည်။ ပထမသော် အားလုံး ငြိမ်သွား၏။ လူမိုက် ဟုတ်ကြိုင်မှာမူ နေရာမှ ထွက်ပြေးသွားသည်။ အသံကြီးများ တိတ်သွားသောအခါ ပထမဦးဆုံး အော်သူမှာ ခိုင်ဖြစ်သည်။

" ဗျောက်အိုးတွေ ဖောက်တယ်ဟေ့ ... ဗျောက်အိုးတွေ ..."

ထိုအခါ မျက်နှာသွေးဆုတ်ဖြူလျော်နေသော ငြိမ်းမောင်ကလည်း သနားစဖွယ် လိုက်အော်ရှာ၏။

" ဗျောက်အိုးတွေ ဖောက်တယ်ဟေ့ ... ဗျောက်အိုးတွေ ..."

ကျွန်တော်သည် ထိုမျှ ဘေးအန္တရာယ်များချိန်၌ အရူးထနေနိုင်သော သူတို့နှစ်ယောက်ကို စိတ်မဆိုးစဖူး အထူးဆိုးမိသည်။ ထို့ကြောင့် ရှေးဦးစွာ ငြိမ်းမောင်၏ နားရင်းကို အုပ်လိုက်မိသည်။

" ငြိမ်းမောင် ဘာအရူးထနေတာလဲ "

ငြိမ်းမောင်သည် လျှာတစ်လစ်အပြူးသားနှင့် ကျွန်တော့်အား ပြန်ကြည့်သည်။ ဘာဆင်ခြေမျှ မပေး။

ခိုင်ကသာ ကျွန်တော့်ကို လှည့်ကြည့်ကာ မြူးမြူးရွှင်ရွှင်ဖြင့် ဆိုသည်။

www.burmeseclassic.com



" မောင်ရေ ... မောင်ရေ ... သီတင်းကျွတ်ပြီ၊ သီတင်းကျွတ်ပြီ "

ကျွန်တော်သည် မိုက်ကန်းလှသော ခိုင့်အား ပထမဦးဆုံးအကြိမ် ပြင်းထန်စွာ စိတ်ဆိုးမိသည်။ ကျွန်တော့်စိတ် ကျွန်တော်မထိန်းနိုင်မီ ကျွန်တော့်လက်သည် ခိုင့်နားရွက်ဆီသို့ ရောက်သွားသည်။

" လာစမ်း ... လာစမ်း ... အဲဒါ သီတင်းကျွတ်ဦး ... သီတင်းကျွတ်ဦး "

ပြောပြောဆိုဆိုဖြင့် ကျွန်တော်သည် ခိုင့်နားရွက်ကို လိမ်ဆွဲမိသည်။

" အာ ... အာ ... နာပါတယ် မောင်ရ "

ခိုင်၏ ညည်းသံကြားမှ ကျွန်တော်သည် သတိရကာ နားရွက်ကို လွှတ်လိုက်သည်။ ခိုင် စိတ်ဆိုးသွားပြီလော ... ဟု ကျွန်တော်က ပြန်ကြည့်မိသည်။

ခိုင့်မျက်လုံးများတွင် မျက်ရည်များ ဝဲနေသည်။ ခိုင့်မျက်နှာလေး၌ ဒေါသအစား ဆရာကို ရင်ဆိုင်မိသော ကလေးတစ်ဦး၏ ကြောက်ရွံ့နိမ့်ချမှုသာရှိသည်။

" လာခဲ့ ... လိုက်ခဲ့ကြ၊ ဟေ့ကောင် ငြိမ်းမောင် ... မင်း ဘာကြောင်နေတာလဲ ..."

ဤသို့ဖြင့် ကျွန်တော်က ရှေ့ကသွားသည်။ ခိုင်နှင့် ငြိမ်းမောင်က သိုးလိမ္မာလေးများသဖွယ် နောက်မှ လိုက်လာသည်။

ကျွန်တော်တို့ ကျောင်းရှေ့ရောက်သောအခါ ကျွန်တော်တို့ကို လိုက်ရှာနေသော မြိုင့်ကို တွေ့သည်။

" ကြည့်စမ်း မိခိုင် ... ငါက လိုက်ရှာနေလိုက်ရတာ၊ ဘယ်သွားနေသလဲ ..."

မြိုင်က ခပ်မာမာလေး ဆိုသောအခါ ခိုင်သည် ကျွန်တော့်အား အားကိုးတကြီး လှမ်းကြည့်သည်။

ကျွန်တော်က မြိုင့်ကို တည်ကြည်စွာကြည့်၍ ကာကွယ်ပြောဆိုရသည်။

" မောင်က ခေါ်သွားလို့ပါ မမမြိုင်၊ မီးလောင်တာ သွားပြနေလို့ "

မြိုင်သည် ကျွန်တော့်အား ခေတ္တ တွေတွေလေးကြည့်သည်။

ထို့နောက် မျက်နှာမှာ ပြုံးလာ၍ နီရဲသော သူ့လက်သီးဆုပ်လေးများဖြင့် ကျွန်တော့်ကို ထုသည်။

" မောင် သိပ်တတ်နိုင်တယ် သိလား၊ စောစောက မောင်တစ်ယောက်တည်း ရှိနေတာ၊ ဆရာမ ဒေါ်အေးမြ လှမ်းခေါ်တာတောင် မမမြိုင် မြင်လိုက်သားပဲ၊ ဟင်းနော် ခိုင့်ကို ကြပ်ကြပ်အကာအကွယ်ပေး၊ လူများ မခက်ဘူး၊ မောင် ခက်လိမ့်မယ် "

လက်ပူးလက်ကြပ်မိနေသဖြင့် မြိုင့်ကို ကျွန်တော် ဘာမျှ ဆင်ခြေမပေး။

ထိုအချိန်တွင် စိတ်ပူမိသော မိဘများ ကျောင်းလိုက်လာကြပြီဖြစ်သည်။ ကျွန်တော်တို့အိမ်မှ ကားကိုလည်း မြင်ရသည်။

မြိုင်က ဆိုသည်။

" ဟော ... မောင်တို့အိမ်က ကားလာပြီ၊ လာ ... လာ ... သွားကြမယ်။ မောင်ငြိမ်းမောင်လည်း လိုက်ခဲ့ ..."

ကျွန်တော်၊ ခိုင်နှင့် ငြိမ်းမောင်တို့သည် မြိုင့်နောက်မှ လိုက်၍ ကားဆီသို့ ထွက်လာခဲ့သည်။

ကားပေါ်တွင် ဒရိုင်ဘာခုံပေါ်၌ ဖေဖေကိုယ်တိုင်ကို တွေ့ရသည်။ ဖေဖေ့ဘေး၌ ခိုင်တို့ဖခင် တရားသူကြီး ဦးမြဘူးကိုပါ တွေ့ရသည်။

ထိုအချိန် ကားအနီးသို့ ကျွန်တော်တို့ကျောင်းအုပ်ဆရာကြီး အမေရိကန်လူမျိုး မစ္စတာဘောလ်လည်း ဆိုက်ရောက်လာသည်။

ဖေဖေသည် ဆရာကြီးအား ကလေးများကို ခေါ်သွားခွင့်တောင်းသည်။ ငြိမ်းမောင်ကိုလည်း ခေါ်သွားမည်ဖြစ်သဖြင့် သူ့မိဘများ လိုက်လာလျှင် ပြောပြပေးရန် မှာကြားသည်။

ကျွန်တော်တို့အားလုံး ကားပေါ်တက် လိုက်ခဲ့ကြသည်။

www.burmeseclassic.com



လမ်းတွင် ဂါတ်ဝင်းကြီးအား ဖြတ်လာစဉ် ဂါတ်ဝင်းအတွင်းသို့ ပုလိပ်တို့ ပျားပန်းခတ် ပြေးလွှား လှုပ်ရှားနေသည်ကို တွေ့ရသည်။

သန်လျင်ဘီအိုစီဆိုသည်မှာ အင်္ဂလိပ်အရင်းရှင်ကြီးများ၏ အဓိကကုမ္ပဏီကြီးဖြစ်သည်။ ထိုစဉ်က ပုလိပ်တို့မှာလည်း အင်္ဂလိပ်အရင်းရှင်တို့၏ စေသည့်ကျွန်၊ ထွန်သည့်နွားသာ ဖြစ်သည်။

သန်လျင်ဘီအိုစီကြီး မီးလောင်ခြင်းမှာ အင်္ဂလိပ်အရင်းရှင်တို့ခေါင်းကို စတင်မီးလောင်ခြင်းဖြစ်၍ အင်္ဂလိပ်လက်ပါးစေ ပုလိပ်တို့အတွက်လည်း စတင်ခေါင်းမီးလောင်ရတော့မည့် နိမိတ်ပင်ဖြစ်ကြောင်း ကြီးပြင်း ကာမှ ကျွန်တော် နားလည်ရသည်။

❑

သန်လျင်ဘီအိုစီကြီး မီးလောင်သည်ကို ကျွန်တော်တို့တစ်မြို့လုံး ပျော်ရွှင်ကြသည်။

မီးလောင်သည်မှာ ဖယောင်းတိုက်ဟု ဆို၏။

မီးလောင်၍ ဖယောင်းတို့ အရည်ပျော်ဆင်းကာ မြစ်တွင်း၌ ခဲလျက် လှေ၊ သင်္ဘော၊ သမ္ဗန်တို့ပင် သွား၍မရဟု ဆိုကြသည်။ မြစ်ကမ်းစပ်၊ ကိုင်းပင်၊ ဆူးပင်များအကြား နုန်းတင်မြေနုများပေါ်တွင်လည်း ဖယောင်းပြင်များ လွှမ်းကုန်သည်ဆို၏။

သန်လျင်မြို့သူမြို့သားများသာမက နီးစပ်ရာ ဗိုလ်ချုပ်ရွာ၊ ခရမ်း၊ ပုဂံတောင်၊ ကျောက်တန်း၊ သုံးခွမှ လူတို့ ဖယောင်းလာဆယ်ကြသည်။ မြစ်တွင်း၌ ဖယောင်းဆယ်ရင်း သမ္ဗန်မှောက်၍သေကြသော သတင်း များလည်း ကြားရသည်။ ကမ်းနားစပ် ကိုင်းပင်၊ ဆူးပင်များအကြား ဖယောင်းကောက်ရင်း မြွေပွေးကိုက် သေသော သတင်းများလည်း ကြားရသည်။

နေ့စဉ်ပင် လူတို့လက်မှ ပုလိပ်တို့ ဖမ်းဆီးသိမ်းယူသော ဖယောင်းတို့ကို သန်လျင်ဂါတ်တဲဝင်းအတွင်း ပုံထားသည်။ ဖယောင်းတို့မှာ ရွံ့များဖြင့် ရေသဖြင့် နမ်းဖတ်ပြားသဖွယ် ညစ်ပတ်မည်းမှောင်နေသည်။

မည်သို့ဖြစ်စေ သန်လျင်မြို့အိမ်တိုင်းစေ့အောက်၌ ဖယောင်းပုံများ အသီးသီး ရှိနေသည်။

တစ်မြို့လုံး ဖယောင်းကျိုကြသည်။ မည်းနေသော ဖယောင်းကို ဝါဝင်းလာအောင် သို့မဟုတ် ဖြူစင် လာအောင် အမျိုးမျိုးချက်ကြသည်။ ထိုခေတ်က သန်လျင်မြို့ အိမ်အောက်တိုင်း၌ ဖယောင်းချက်ကိရိယာ အမျိုးမျိုးကို တွေ့နိုင်သည်။ ကျွန်တော် မှတ်မိသမျှ ဖယောင်းချက်ကိရိယာများတွင် အောက်ပါအရာများ ပါဝင်သည်။

အရင်းမြင့်၍ အဖျားနိမ့်သော ရေတံလျှောက်တစ်ခု၊ ရေတံလျှောက်အရင်း၌ မီးဖိုရသည်။ မီးဖို တည့်တည့် ရေတံလျှောက်အပေါ်၌ ဖယောင်းခဲကို တင်ရသည်။ ရေတံလျှောက်အရင်းနှင့် အဖျားကြားတွင် သဲနှင့် မီးသွေးများကို အကန့်ကန့်ထားပေးရသည်။ အရည်ပျော်ကျဆင်းလာသော ဖယောင်းတို့သည် သဲ၊ မီးသွေးအကန့်များကို ဖြတ်ကာ ရေတံလျှောက်ဖျားမှ ကျလာသည်။ ဖြူသည့်ဖယောင်းက ဖြူသည်။ ဝါသည့် ဖယောင်းက ဝါသည်။ ဖြူအောင်၊ ဝါအောင် လုပ်နည်းများ ရှိသည်ဆို၏။ ဤနည်းကိုမူ ကျွန်တော် မမှတ်မိတော့။

အိမ်တိုင်းနည်းတူ ကျွန်တော်တို့အိမ်လည်း ဖယောင်းကျိုသည်။ ခိုင်တို့အိမ်လည်း ဖယောင်းကျိုသည်။

ကျွန်တော်တို့အိမ်များမှာ ဖယောင်းကို အထူးတလည် သွားမကောက်ရ။ ဆရာဝန်ကြီးအိမ်နှင့် တရားသူကြီးအိမ် ဖြစ်သဖြင့် ကျွန်တော်တို့လိုသော ဖယောင်းများကို ဂါတ်ဝင်းအတွင်းရှိ ဖမ်းထားသော ဖယောင်းပုံကြီးမှ ရသည်။

ထိုသီတင်းကျွတ်သည် သန်လျင်မြို့ သီတင်းကျွတ်ရာဇဝင်၌ မီးအထိန်အလင်းဆုံးနှစ်၊ အလှပ အဆန်းကြယ်ဆုံးနှစ်ဖြစ်သည်။

www.burmeseclassic.com



ဤသို့ ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံအပ်သော ထိုနှစ်သီတင်းကျွတ်အမီ ကိုကိုသည် ပြန်လာခဲ့သည်။

ကိုကို့ထံမှ သီတင်းကျွတ်ကျောင်းပိတ်ရက်၌ ပြန်လာမည့်စာ ရသောအခါ မေမေမှာ ပျော်တပြုံးပြုံးနှင့် ရွှင်မဆုံးဖြစ်သည်။ ဘီအေအတန်းတွင်ရောက်နေသော သားကြီးပြန်လာမည့်အကြောင်းကို ရှေ့ခုနစ်အိမ်၊ နောက်ခုနစ်အိမ် လျှောက်ပြောသည်။ ဣန္ဒြေကြီးသော ဖေဖေပင်လျှင် တပြုံးပြုံးတချိုချိုဖြင့်ရှိနေသည်။

ကိုကို ပြန်ရောက်မည်ဆိုသောနေ့၌ပင် ကြိုင်လည်း ပြန်ရောက်လာမည်ဟု ကြားရသည်။ ထို့ကြောင့် ယင်းနေ့ရောက်သောအခါ ကျွန်တော်တို့တစ်အိမ်သားလုံးနှင့်အတူ ခိုင်တို့တစ်အိမ်သားလုံးပါ သန်လျင်သင်္ဘောဆိပ်သို့ ဆင်းကြိုကြသည်။ ကျွန်တော်တို့နှင့်အတူ ကားနှစ်စီးပါသည်။ တစ်စီးမှာ ကျွန်တော်တို့ကား ဖြစ်သည်။ နောက်တစ်စီးမှာ တရားသူကြီးဦးမြဘူး ငှားလာသော မိတ်ဆွေတစ်ဦး၏ အော်စတင်အမျိုးအစား ကားတစ်စီးဖြစ်သည်။

သင်္ဘောဆိပ်သို့ ချောက်ဒရီပိုင် သင်္ဘောကြီးဆိုက်သောအခါ ကျွန်တော်တို့အားလုံး ပထမတန်း အခန်းကို လှမ်းမျှော်ကြည့်ကြသည်။ ပထမတန်းအခန်း ပြတင်းပေါက်မှ တောက်ပရွှန်းလဲ့စွာ ဝတ်စားထားသော ကြိုင်သည် လက်ပြနှုတ်ဆက်နေသည်ကို ကျွန်တော် တွေ့ရသည်။ ကိုကို့ကိုကား မမြင်၊ သင်္ဘောကြီးသည် ဆိပ်ခံကြီးဘေး၌ ဆိုက်မိသောအခါ ပထမတန်းအခန်းမှ ကြိုင်သည် ထွက်လာ၏။ ကြိုင်နှင့်ပါသော သားရေသေတ္တာကြီးတစ်လုံးနှင့် သံသေတ္တာကြီးတစ်လုံးကို ကူလီနှစ်ဦးက ထမ်းလာသည်။

ထိုအချိန်ထိ ကိုကို့ကို မမြင်ရသေး။

ထိုစဉ် ဝမ်းသာအားရ လှမ်းခေါ်သံကြားရသည်။

" မောင်ရေ … ညီလေးရေ … ကိုကို ဒီမှာကွ "

ကိုကို့အသံကြားမှ ကျွန်တော်တို့အားလုံး လှမ်းကြည့်မိသည်။

ကျွန်တော်တို့ မည်သို့မျှ မမျှော်လင့်သော သင်္ဘောအောက်ထပ် တတိယတန်းခရီးသည်များကြားတွင် ကိုကို့ကို တွေ့ရသည်။

ဖေဖေရော … မေမေရော ကျွန်တော်ပါ ကိုကို့ကို ဝမ်းသာအားရ ဆီးကြိုကြသည်။

မရှေးမနှောင်းပင် ကြိုင်သည် ဆိုက်ရောက်လာ၏။

ကိုကိုသည် ကောလိပ်ကျောင်းသားဖြစ်၏။ ကြိုင်သည်လည်း ကောလိပ်ကျောင်းသူဖြစ်၏။ သို့ရာတွင် သူတို့နှစ်ဦး၏ အသွင်အပြင်မှာ တခြားစီဖြစ်သည်။

ကြိုင်သည် လုပသော ဆံမြိတ်ချသည့် ဘီးဆံထုံးနှင့် ဖြစ်သည်။ ဘီဆံထုံးထိပ်တွင် တောက်ပသော စိန်ဆံထိုးတစ်ခုကို ထိုးထားသည်။ ကြိုင့်အင်္ကျီမှာ ပဒုမ္မာပါးပါးလေး ဖြစ်၏။ ခါးတွင်ဝတ်ထားသော အပြာနုရောင် ပိုးပျော့ထဘီမှာ အလွန်လုပသည်။ ကြိုင့်လက်ဝဲဘက်လက်ဖျံပေါ်၌ အနက်ရောင်ကြိုးတပ် ရွှေလက်ပတ်နာရီလေး ပတ်ထားသည်။ ကြိုင့်အနောက်ဘက်၌ သေတ္တာကြီးများထမ်းလျက် ကူလီကြီးများ ပါသည်။

ကျွန်တော့်ကိုကိုကို ကြည့်ပါ၊ အဝေးကပင် မြင်နိုင်ပါ၏။

ကိုကို့အရပ်မှာ ရှည်ရှည်နှင့် ရင်အုပ်ကြီးမှာ ကားသည်။ ကိုကို့ဆံပင်များမှာ ရှည်၍ နဖူးပေါ်သို့ ယိုင်ယိုင်ကျနေသည်။ ကိုကို့အပေါ်ပိုင်း၌ ပင်နီဖျင်ကြမ်း အပေါ်ဝတ်အင်္ကျီ ဝတ်ထားသည်။ ကိုကို့ခါးတွင်မူ အနက်ရောင် ယောလုံချည်ကို ဝတ်ထားသည်။ ကိုကို့ပုခုံး၌ ကချင်လွယ်အိတ်လေးတစ်လုံး လွယ်ထားသည်။ ဤလွယ်အိတ်မှာ ကိုကို၏ တစ်ခုတည်းသော ပါလာသည့်ပစ္စည်းဖြစ်၏။

ကျွန်တော့်အနီး၌ရှိသော ခိုင်က မှတ်ချက်ချသည်။

" ဟင် … နင့်ကိုကိုကလည်း တောသားကြီးလိုပဲ …။ လှလည်း မလှဘူး "

ကျွန်တော်သည် ဒေါသဖြင့် ခိုင့်ကို လှည့်ကြည့်မိသည်။ သို့ရာတွင် ခိုင့်ကို ကျွန်တော် မဖြေရှင်းရ။ ကျွန်တော့်အနီးတွင်ရှိသော မြိုင်က တိုးတိုးပင်ပြောသည်။

sic.com

www.burmeseclassic.com



" မောင့်ကိုကိုက ချောပါတယ်၊ ကြည့်စမ်း၊ ဘယ်လောက်ယောကျ်ားပီသလဲ' '

ခိုင်ရော ကျွန်တော်ပါ ယောကျ်ားပီသသည်ဆိုသော စကားကို နားမလည်ပါ။ သို့ရာတွင် မြိုင်သည် ကိုကို့အကြောင်း အကောင်းပြောမှန်း ကျွန်တော် သဘောပေါက်လိုက်မိသည်။

ကားနှစ်စီးဘေးတွင် ကျွန်တော်တို့ နှစ်အိမ်ထောင် ရပ်မိကြသည်။ ထိုအချိန်တွင် ကျွန်တော်မှာ ကိုကို၏ ကြီးမားသော လက်မောင်းကြီးများပေါ်တွင်ထိုင်လျက် ကျယ်ဝန်းသောရင်ခွင်ကို မှီရင်း ကိုကို့ လည်ပင်းကြီးကို ဖက်လျက်သားရှိသည်။

ကားနှစ်စီးနှင့် လူပရိတ်သတ်ဆန့်အောင်တင်ရေး ပြဿနာ ပေါ်လာသည်။

ကျွန်တော်တို့ကားက ပိုကြီးသည်။ ပိုလည်းခန့်ညားလှပသည်။ ဖေဖေနှင့် မေမေ၏ ဖိတ်ကြားချက်အရ ဦးမြဘူးနှင့် ဇနီးဒေါ်လှယဉ် ကျွန်တော်တို့ကားပေါ်သို့ တက်သည်။ ကြိုင်လည်း လိုက်တက်သည်။ ကားနောက်ဖုံးအတွင်းတွင် ကြိုင့်သေတ္တာကြီးများကို တင်ရသည်။ ထိုအခါ ကျွန်တော်တို့ကားသည် ပြည့်ကျပ်နေ၏။

ဦးမြဘူးက အားနာဟန် လှမ်းပြောသည်။

" နို့ ... မောင်ထွန်းအောင် ဘယ်ကားနဲ့ လိုက်မလို့လဲ "

ကိုကိုသည် ဘာဖြေရမှန်းမသိ ကြောင်နေ၏။ ကျွန်တော်ကသာ သွက်လက်စွာ ဝင်ဖြေသည်။

" ကိုကိုရယ်၊ ကျွန်တော်ရယ်၊ မမမြိုင်ရယ်၊ ခိုင်ရယ် ... ဟောဒီက ကားနဲ့လိုက်မယ်။ ဒေါ်လေး ဒေါ်စာဥလည်း ကျွန်တော်တို့နဲ့ လိုက်ဗျာ ..."

ဤသို့ဖြင့် အစစ အဆင်ပြေသွားသည်။

ကျွန်တော်တို့ လိုက်ပါလာသောကားကို ကျွန်တော်အမည်မသိသော ဒရိုင်ဘာတစ်ဦးက မောင်းသည်။ ဒရိုင်ဘာဘေး၌ ဒေါ်စာဥကြီး ထိုင်သည်။

ကားနောက်ခန်းတွင် လက်ဝဲဘက်အစွန်ဆုံး၌ ကိုကို ထိုင်သည်။ ကိုကို့ဘေး၌ ကျွန်တော် ထိုင်သည်။ ကျွန်တော့်ဘေး၌ ခိုင် ထိုင်သည်။ ခိုင့်ဘေး လက်ယာအစွန်ဆုံး၌ မြိုင် ထိုင်သည်။

ကားမောင်းလာစဉ် ကိုကိုက မေးသည်။

" မောင် ... ဒါဟာ ကြိုင့်ညီမတွေလား ..."

" ဟုတ်တယ် ...၊ ဟောဒါက ခိုင်လို့ခေါ်တယ်၊ ဟောဒီ မမမြိုင်၊ နာမည်က အဲ ... မြိုင်လို့ခေါ်တယ် "

ကိုကိုသည် ဘာကိုသဘောကျသည် မသိ။ လှိုက်လှိုက်လှဲလှဲရယ်သည်။

" ကိုကို ဘာရယ်တာလဲ ..."

" သြော် ... ခိုင် ... မြိုင် ... ဆိုလို့ပါ ...၊ အစ်မနာမည်က ကြိုင်တဲ့ ...။ ဟား ... ဟား ...၊ ဟုတ်သဟေ့ ... နာမည်တွေက တကယ်လှပဲ "

ကိုကို ရယ်သဖြင့် ကျွန်တော်က ဝမ်းသာအားရ ဆက်ပြောသည်။

" အံမယ် ကိုကိုရ ... နောက်တစ်ယောက် ကျန်သေးတယ်၊ ချာတိတ်မလေး လှိုင်တဲ့ ..."

ကိုကိုသည် ပိုမို၍ သဘောကျစွာ ရယ်သည်။

" ဟေ ... ဒီလိုဆိုရင် သူတို့ညီအစ်မတွေ နာမည်က သီချင်းဖြစ်နေပါရောလား၊ ဟား ... ဟား ..."

ကိုကိုသည် ဘာကိုသဘောကျသည်မသိ၊ လှိုက်လှဲစွာ ဆက်ရယ်နေသေးသည်။ ထို့နောက် သံနေသံထားနှင့် ဆိုသည်။

**" ကြိုင် ... မြိုင် ... ခိုင်လုံးရယ် ... ကြိုင် ... မြိုင် ... လှိုင် ... ခိုင်လုံးရယ် ... မွှေး ..."**

အဓိပ္ပါယ် မသိသေးသော်လည်း ကိုကို့သီချင်းကို သဘောကျသဖြင့် ကျွန်တော်ကလည်း လိုက်ဆိုသည်။

" ကြိုင် ... မြိုင် ... ခိုင်လုံးရယ် ...၊ ကြိုင် ... မြိုင် ... လှိုင် ... ခိုင်လုံးရယ် ..."

www.burmeseclassic.com



ထိုသို့ အလိုက်ကန်းဆိုးမသိ ကျွန်တော်တို့ညီအစ်ကိုနှစ်ဦးက ဆိုနေခိုက် မြိုင်သည် ပါးတွင် ရှက်သွေးရဲလျက် မျက်လွှာကို အောက်ချထားသည်။

ခိုင်ကမူ နှုတ်ခမ်းလေးစူလျက် ကျွန်တော့်ကို မျက်စောင်းလှည့်ထိုးပြီး ပေါင်ကို ဆွဲဆိတ်သည်။ ထို့ကြောင့် ကျွန်တော့်သီချင်း၌ စကားပိုတစ်ခု ပါသွားသည်။

" ကြိုင် ... မြိုင် ... လှိုင် ... ခိုင်လုံးရယ်၊ အလဲ့ ... အလဲ့ ... နာတယ် ခိုင်ရ၊ မဆိတ်ပါနဲ့၊ အဲ ... ဘာတဲ့ ... ခိုင်လုံးရယ်မွှေး ..."

sic.com

www.burmeseclassic.com



## ( ၈ ) ညီအစ်ကိုနှင့် ညီအစ်မများ

ကိုကိုပြန်လာသောအခါတိုင်းတွင် ကျွန်တော် အလွန်ပျော်ရွှင်သည်။ ကိုကို့အရပ်မှာ ရှည်သွယ်ပြီး ရင်အုပ်ကြီးက ကားသည်။ ကိုကို့လက်မောင်းကြီးများကလည်း တုတ်ခိုင်သန်မာကာ ကြွက်သားအပြိုင်းပြိုင်းနှင့် ရှိသည်။ ကျွန်တော်ငယ်ငယ် လူမှန်းသိတတ်စအရွယ်ကတည်းက ကိုကိုသည် ကျွန်တော့်ကို သူ့ပခုံးကြီး ပေါ်တွင် ထမ်း၍ ခြံတွင်း၌ဖြစ်စေ၊ တောင်ကုန်းပေါ်များ၌ဖြစ်စေ၊ လှည့်ပတ်သွားလာရခြင်းကို နှစ်သက်သည်။ ကိုကိုက လက်မောင်းကြီးများကို ဆန့်တန်းပေးသောအခါ ကျွန်တော်စီးထားခိုက် ကိုကိုက ချားရဟတ် လှည့်ပေးသည်ကိုလည်း ကျွန်တော် သဘောကျသည်။

ညနေစာ ထမင်းစားသောက်ပြီးလျှင် ကိုကိုသည် ဖေဖေ့နည်းတူပင် ကျွန်တော့်ကို ပေါင်ပေါ် တင်ထားပြီး ပုံပြောပြတတ်သေးသည်။ ကိုကိုပြောသောပုံများမှာ ဖေဖေပြောပြသောပုံများနှင့် မတူချေ။ ဖေဖေ ပြောသောပုံများမှာ ထူးဆန်း၍ အံ့သြဖွယ်ကောင်းသည် မှန်၏။ သို့ရာတွင် ကျွန်တော်က ကိုကိုပြောပြသော ပုံများကို ပိုကြိုက်သည်။

ကိုကိုသည် ကျွန်တော့်ကို တစ်ဆယ့်နှစ်နှစ်သားနှင့် ဗိုလ်ချုပ်လုပ်ကာ စစ်ပွဲကို နိုင်အောင်တိုက်သော မင်းရဲကျော်စွာအကြောင်း၊ ငယ်ငယ်ရွယ်ရွယ်နှင့် ရန်သူ့မြင်းတပ်ကြီး ဝိုင်းထားသည်ကို မြင်းစီးကာ ရှေ့ဆုံးမှ ခေါင်းဆောင်ကာ ထိုးဖောက်ထွက်နိုင်စွမ်းသော တပင်ရွှေထီး၏ အကြောင်း၊ လက်သည်းကြား အပ်ရိုက်သွင်း သော်လည်း၊ လုံးဝမတွန့်ဘဲ သတ္တိကောင်းသည့် ရှင်ရဲထွဋ်ခေါ် ဘုရင့်နောင်၏ အကြောင်း၊ လူတစ်ဖက်ခန့် ရှိသော ပင်စည်ကို ထုတ်ချင်းပေါက်အောင် လှံဖြင့်ပစ်နိုင်သော သူရဲကောင်း ပေါက်လှ၏ အကြောင်း၊ အမြောက်ကြီးများနှင့် သေနတ်များရှိသော ကုလားဖြူတပ်များကို ဝါးရင်းတုတ်နှင့် ရိုက်၍ အနိုင်ယူခဲ့သော အလောင်းဘုရား၏ တပ်များအကြောင်းများကို နားထောင်ရသောအခါ ကျွန်တော့်မှာ စိတ်ဝင်စားရုံမက ရင်တလှပ်လှပ် မာန်တကြွကြွဖြင့် ကိုယ်တိုင်စွန့်စားရသည့်အလား ခံစားရသည်။

ယခုတစ်ခေါက် ကိုကိုပြန်ရောက်လာရာ၌ ကျွန်တော့်ကို ပခုံးပေါ်တင်ယူပြီး မလှည့်ပတ်နိုင်၊ မင်းရဲကျော်စွာနှင့် တပင်ရွှေထီးတို့အကြောင်းလည်း မပြောနိုင်။ အိမ်ပြန်ရောက်ပြီး နောက်တစ်နေ့ကတည်းက ကိုကိုမအား။

ကိုကို့ထံသို့ ကျွန်တော်၏ အစ်ကိုဝမ်းကွဲများဖြစ်သော ကိုကိုသိန်း၊ ကိုကိုလှမြင့်တို့ ခေါင်းဆောင်သော ကျွန်တော်တို့ကျောင်းမှ ကျောင်းသားကြီးများလည်း လာတွေ့သည်။ မြို့ပေါ်မှ ပင်နီအင်္ကျီဝတ်၍ ဝါးခမောက် ဆောင်းထားသော သခင်ခေါ်သည့် လူကြီးများလည်း လာတွေ့သည်။ သူတို့တွေ့ကြလျှင် စကားအကြာကြီး ပြောကြသည်။ တစ်ခါတစ်ရံ ညဉ့်နက်သည်အထိ ပြောကြသည်။ တစ်ခါတစ်ရံ သူတို့နှင့်အတူ ကိုကို မြို့ထဲသို့ ထွက်လိုက်သွားတတ်၏။

တစ်ညတွင် စောစောစီးစီး ကိုကိုတို့စကားဝိုင်း ပြီးသွားသည်။ ကိုကိုသည် မောပန်းဟန်ဖြင့် အညောင်းအညာဖြေရင်း ခြံတွင်းသို့ ဆင်းလျှောက်သည်။ မအိပ်ချင်သေးသော ကျွန်တော်က ကိုကို့နောက် လိုက်သွားသည်။

သီတင်းကျွတ်လဆန်းရက်ဖြစ်သဖြင့် လမင်းမှာ ထိန်ထိန်သာနေသည်။

မျက်မှောင်ကြုတ်ကာ လက်ကိုနောက်ပစ်ပြီး တစ်စုံတစ်ခုကို နက်နက်နဲနဲတွေးရင်း လမ်းလျှောက် နေသော ကိုကိုသည် ကျွန်တော့်ကို မြင်သောအခါ ရပ်လိုက်၍ ပြုံးကြည့်သည်။

သည်အတိုင်းနေလျှင် မျက်ခုံးမွေးထူထူအောက်မှ မည်းနက်သော ကိုကို့မျက်လုံးများမှာ အလွန်စူးရှ တင်းမာသည်။ သို့ရာတွင် ပြုံးလိုက်သောအခါ မေမေ့မျက်လုံးများလိုပင် ကြည်လင်ဝင်းလဲ့၍ လှပသည်။

" ဘာလဲ မောင် ...၊ ကိုကို့ကို ထမ်းခိုင်းမလို့လား ... "

" မဟုတ်ပါဘူး ...။ မောင်မအိပ်ချင်သေးတာနဲ့ "

www.burmeseclassic.com



“ ဒါဖြင့် ... ကိုကို့ကို ပုံပြောခိုင်းမလို့လား ”

“ ဟင့်အင်း ... မပြောခိုင်းပါဘူး ...၊ ကိုကို စကားတွေ အများကြီးပြောရပြီး ပင်ပန်းနေတာ မောင် သိသားပဲ ”

ကိုကိုက နှစ်ခြိုက်စွာပြုံးပြီး ကျွန်တော့်ကို လက်ကမ်းပေးသည်။ ကျွန်တော်ကလည်း ကျေနပ်စွာ ကိုကို့လက်ကို လှမ်းဆွဲလိုက်ပြီး ကိုကိုနှင့်အတူ ခြံထဲ၌ပင် လမ်းတွဲလျှောက်သည်။ အတန်ကြာ ငြိမ်နေမိပြီးမှ ကျွန်တော်က သိချင်သောအချက်ကို မေးသည်။

“ ကိုကို ... သမဂ္ဂဆိုတာ ဘာလဲ ...”

ကိုကိုသည် ကျွန်တော့်ကို တစ်ချက်စူးစိုက်ကြည့်ပြီး ပြုံး၏။

“ သမဂ္ဂဆိုတာ အသင်းပေါ့ မောင်ရဲ့ ...၊ အသင်းဆိုတာ မောင် သိတယ်မဟုတ်လား ”

“ အင်း ... သိတယ်၊ ပြီးတော့ သခင်ဆိုတာက ဘာလဲ ”

ဤအကြိမ်တွင်မူ ကိုကိုသည် အလွယ်တကူမဖြေနိုင်ဘဲ ခေတ္တစဉ်းစားနေပြီးမှ တဖြည်းဖြည်း ပြောပြသည်။

“ သခင်ဆိုတာက လွတ်လပ်ရေးရအောင်လုပ်မယ့် လူတွေပေါ့၊ လွတ်လပ်ရေးဆိုတာကို မောင့်ကို ကိုကို တစ်ခါပြောဖူးသားပဲ၊ အမေရိကားက ဂျော့ဝါရှင်တန်တို့၊ ဖိလစ်ပိုင်က ဟိုဆေးရီဇာတို့၊ အိုင်ယာလန်က ဒီဗလာယားတို့ ကြိုးစားတာမျိုးလေ ...”

“ အာ ... မောင် နားလည်ပြီ ...၊ ကိုကိုကော သခင်ပဲလား ...”

ကိုကိုက ရယ်သည်။

“ ကိုကိုက သခင် မဟုတ်ပါဘူးကွ၊ ဒါပေမယ့် ကိုကိုလည်း လွတ်လပ်ရေးရအောင် ကြိုးစားနေတာပဲ ”

ကျွန်တော်သည် ငိုင်ကျသွားမိသည်။ ကိုကို့ကို စိုးရိမ်မိသည်။

“ လွတ်လပ်ရေးကြိုးစားတဲ့ ဒီဗလားယားတို့ကို အင်္ဂလိပ်က ဖမ်းပြီး ထောင်ချတယ်လို့ ကိုကို ပြောဖူးတယ်၊ ကိုကို့ကိုရော သူတို့မဖမ်းဘူးလား ”

ကိုကို၏ ပြုံးနေသော မျက်နှာသည် တစ်ချက်တည်ကနဲ ဖြစ်သွားသည်။

“ ကိုကို့ကိုလည်း သူတို့ တစ်နေ့ ဖမ်းရင်ဖမ်းမှာပေါ့ ”

“ ဟင် ... ဖမ်းမယ် ...”

ကျွန်တော် စိတ်မကောင်းမှန်း သိသွား၍ ကိုကိုသည် ပြုံးရယ်ကာ အားပေးစကား ဆိုသည်။

“ အဖမ်းခံရတာ ကြောက်စရာမကောင်းပါဘူး မောင်ရဲ့၊ သူရဲကောင်းဆိုတာ ဒီလိုပဲ ခဏခဏ အဖမ်း ခံရတာပဲ ”

ကိုကို့စကားကြောင့် ကျွန်တော် အတန်စိတ်ကျေနပ်သွားသည်။ ကျွန်တော့်အတွေးနှင့်လည်း ကျွန်တော် စိတ်ဖြေကွက်ကို သဘောပေါက်မိသဖြင့် ကိုကို့အား ပြောပြရသည်။

“ ဟုတ်တယ် ... အဖမ်းခံရတာ ကြောက်စရာမရှိပါဘူး၊ ဖမ်းရင်လည်း ကိုကို ထောင်မကျနိုင်ပါဘူး ”

ကိုကိုသည် အံ့သြသယောင် ကျွန်တော့်ကို ကြည့်လျက် ...။

“ ဟေ ... ဟုတ်လား ... ဘာဖြစ်လို့လဲ ” ဟုမေးသည်။

“ ဟုတ်တယ် ကိုကို ထောင်မကျနိုင်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ ထောင်ကို ဘဘဦးမြဘူးကြီးကသာ ချတာ ...၊ သူက တရားသူကြီးလေ ... ခိုင်တို့ဖေဖေ၊ ခိုင်တို့ဖေဖေက မောင့်ကိုကို့ကို ထောင်ချမှာ မဟုတ်ပါဘူး ”

အံ့သြနေရာမှ ကိုကိုသည် ကျွန်တော့်စကားကြောင့် သဘောကျပြီး အားရပါးရရယ်သည်။

“ အေး ... ဟုတ်တယ်ကွ၊ ခိုင်တို့ဖေဖေကတော့ ကိုကို့ကို ထောင်ချမှာမဟုတ်ဘူး၊ ဒါပေမယ့် ခိုင့်အစ်မ ကြိုင်ကတော့ ကိုကို့ကို သိပ်ထောင်ချချင်မှာပဲ ...”

www.burmeseclassic.com



" ကိုကို့ကို မမကြိုင်က ထောင်ချချင်တယ်၊ ဟုတ်လား ... ဘာဖြစ်လို့လဲ "

" ကိုကို့ကို မုန်းလို့ပေါ့ကွာ ..."

" မမကြိုင်က ကိုကို့ကို မုန်းတယ် ...၊ သြော် ... နေဦး မောင် သတိရပြီ၊ မမကြိုင်က မောင့်ကို ပြောဖူးတယ်၊ ကိုကိုက ကြောက်စရာကောင်းတယ်တဲ့ ..."

" ဟုတ်လား၊ ဒီတော့ မောင်က ဘာပြန်ပြောလိုက်လဲ ..."

" မောင် ပြောလိုက်တာပေါ့၊ ကိုကိုက ကြောက်စရာမကောင်းပါဘူးလို့၊ ကိုကို့အကြောင်းသိရင် ကိုကို့ကို မမကြိုင် ချစ်သွားမှာပဲလို့ ..."

ကိုကိုသည် အလွန်သဘောကျဟန် အော်ရယ်သည်။ မကျေနပ်သော ကျွန်တော်ကသာ ဆက်မေးသည်။

" မမကြိုင်က ကိုကို့ကို ဘာကြောင့်မုန်းရတာလဲ "

" မုန်းမှာပေါ့ကွာ ... ကြိုင်က ဆိုရှယ်တွေတက်တယ်၊ အဲဒါ အစည်းအဝေးတစ်ခုမှာ ကိုကိုက ဝေဖန်ဖူးလို့ သူနဲ့ ကိုကို စကားများဖူးတယ် ..."

" ဝေဖန်တယ်ဆိုတာ ဘာလဲ "

" ဝေဖန်တယ်ဆိုတာ မကောင်းဘူးလို့ ပြောတာပေါ့ "

" ဆိုရှယ်တက်တာ မကောင်းဘူး၊ မကောင်းတဲ့ ဆိုရှယ်ကို မမကြိုင်က တက်တယ်၊ အဲဒီ ဆိုရှယ် ဆိုတာကကော ဘာလဲဟင် ..."

ဤအကြိမ်တွင် ကိုကိုက စိတ်မရှည်ဟန် တုံးတိတိ ဖြေသည်။

" ဆိုရှယ်တက်တယ် ဆိုတာ ကမြင်းကြောနန့်တာကို ခေါ်တယ် မှတ်ထား "

" ဘာ ... ရှင့် "

ကိုကို့စကား မဆုံးလိုက်ရခင် မမျှော်လင့်သော အသံကို ကြားလိုက်ရသည်။

ကျွန်တော်တို့ ရပ်စကားပြောနေသည်မှာ ခိုင်တို့အိမ်ဘက် ခြံစပ်နားတွင် ဖြစ်သည်။

ကျွန်တော်တို့ လှည့်ကြည့်လိုက်သောအခါ တစ်ဖက်ခြံစပ်တွင် ဒေါသထွက်နေသော ကြိုင့်ကို တွေ့ရသည်။

ကိုကို့မျက်နှာမှာ တည်ကြည်သွားသည်။ သို့ရာတွင် မတုန်လှုပ်၊ ပါးစပ်မှသာ " ဩ ..."ဟု စကားလုံး ထွက်သွားသည်။

" ဒီမှာ ... ရှင် ဘာပြောတာလဲ "

ကြိုင်က ဒေါသလေးဖြင့် မေးသည်။

" ဗျာ ..."

" ရှင် အူကြောင်ကြောင် လုပ်မနေနဲ့ ...၊ စောစောက ဘာပြောတာလဲ "

ထိုအခါ ကိုကိုက အသာအယာ ပြုံးလိုက်သည်။ ထို့နောက် အေးချမ်းစွာ ပြန်ဖြေ၏။

" စောစောက ကျုပ်ပြောတာ ရှင်းသားပဲ၊ ခင်ဗျားလည်း ကြားပြီးရောပေါ့ ..."

ကိုကိုက အေးချမ်းစွာ ပြန်ဖြေကာမှ ကြိုင်သည် ပိုဒေါသဖြစ်လာသည်။

" ရှင် ... တော်တော်စော်ကားတဲ့လူ၊ ရှင့်စကား ရှင် ပြန်ရုပ်သိမ်းပါ ..."

" ရော ... ခက်ပါပြီ၊ ခင်ဗျားကို ကျုပ် ဘာမှမစော်ကားရသေးပါလား "

" ဒါစော်ကားတာ မဟုတ်လား၊ မိန်းမတစ်ယောက်အကြောင်းကို ကွယ်ရာမှာ မဟုတ်က ဟုတ်က ပြောတာ ..."

" ကျုပ်က ကွယ်ရာမှာ ပြောတာမဟုတ်ပါဘူး၊ ကျုပ်ခြံထဲ ကျုပ်ပြောတာ အမိဘာသာ အမိ နားထောင်လို့ ကြားတာတော့ မတတ်နိုင်ဘူး၊ ပြီးတော့ မဟုတ်ကဟုတ်က ပြောတာမဟုတ်ဘူး၊ ဟုတ်တာ မှန်တာကို ပြောတာ ..."

www.burmeseclassic.com



ဤအကြိမ်တွင် ကြိုင်သည် ဒေါသကို မထိန်းသိမ်းနိုင်ဟန် ကိုကို့ကို တစ်စုံတစ်ခုပြုလုပ်ရန် တစ်ဖက်ခြမ်မှကူးလာရန်ပြင်သည်။

သို့ရာတွင် " အို … မမကလည်း သိပ်ဒေါသကြီးတာပဲ "ဟု တားမြစ်သံကြားသည်။ ကျွန်တော်လည်း ယခုမှ ကြိုင့်နောက်ပါးမှ မြိုင်ကို သတိပြုမိသည်။ မြိုင်က ကြိုင့်ကို ဆွဲထား၏။

မြိုင် ဆွဲထားသဖြင့် ပိုဒေါသထွက်လာသည်။ အသံကလေးများမှာလည်း တုန်ယင်လာ၏။

" ရှင် … ရှင် သိပ်လူပါးဝတယ်၊ လူကြီးလူကောင်းသားသမီးဖြစ်ပြီး … နမချင်းမစာဘူး "

ကြိုင်သည် ဆွေ့ဆွေ့ခုန်နေသည်။ နောက်ဆုံးစကားရပ်များ၌ ဒေါသသံနှင့် ငိုသံရောနေ၏။ လရောင်တွင် ကြိုင့်မျက်လုံးများ၌ လက်နေသော မျက်ရည်များကိုလည်း မြင်ရသည်။

ဘာကြောင့် မသိ၊ ကိုကို၏ ဟန်အမူအယာသည် လျော့ကျသွားသည်။ အသံမှာလည်း ပျော့ပျောင်းသွားသည်။

" ခင်ဗျား ကျုပ်ကို ဒီလောက်ပြောရရင် စိတ်ကျေဖို့သင့်ပြီ ထင်တယ်၊ ခင်ဗျား စိတ်မကျေနပ်သေးဘူး ဆိုရင် စောစောတုန်းက ခင်ဗျား ကြားခဲ့ရတဲ့ စကားကို ခင်ဗျား တမင်ကြားပါစေလို့ ရည်ရွယ်ပြီးပြောတာ မဟုတ်ဘူး ဆိုတာလောက်တော့ … ကျုပ် တောင်းပန်နိုင်တယ် "

ကိုကိုက အေးချမ်းတည်ငြိမ်စွာဖြင့် ပြောနေသည်။ ကြိုင်သည် ဘာမျှပြန်မဖြေဘဲ အံလေးကိုခဲ၍ စိုက်ကြည့်နေသည်။ ကိုကိုကသာ ဆက်ပြော၏။

" လူကြီးလူကောင်းသားသမီးဖြစ်ပြီး ဆိုတဲ့စကားနဲ့ … ကျုပ်ကြောင့် ခင်ဗျား ကျုပ်မိဘကို သွယ်ဝိုက် အပြစ်တင်တာအတွက်တော့ ကျုပ်ဝမ်းနည်းမိတယ်၊ နမချင်းမစာမှုအတွက်တော့ ရှင်းပါရစေ။ ကျုပ် နမချင်း အားကြီးစာတတ်တယ်။ ကျောင်းတုန်းက ခင်ဗျားကို ဝေဖန်မိတာလည်း နမချင်း စာနာလွန်းလို့ပဲ။ ကျုပ်စေတနာဟာ … ခင်ဗျားတို့အတွက် ဝေဒနာဖြစ်ရတာတော့ ကျုပ်စိတ်မကောင်းဘူး …"

ကိုကို့အသံမှာ လေးနက်ကြည်လင်သမျှ ကိုယ်ဟန်အမူအယာမှာ ခန့်ညားနေ၏။

ကျွန်တော်က ကြိုင် ဘာပြန်ပြောဦးမည်နည်းဟု နားထောင်မိသည်။ သို့ရာတွင် ကြိုင်က ဘာမျှမပြော။ ခေတ္တတွေဝေငိုင်ကြည့်နေပြီးနောက် မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ထွက်ပြေးသွားသည်။

မြိုင်ကမူ ရပ်ကျန်ရစ်ပြီး ကိုကို့ကို စိုက်ကြည့်နေသည်။ ကိုကိုက မျက်မှောင်ကြုတ်ပြီး မြိုင့်အား လှမ်းကြည့်သည်။ ထိုအခါ မြိုင်သည် အသာအယာပြုံးပြီး စကားဆိုသည်။

" ကိုကို့ကို မြိုင် သိပ်အားနာတာပဲ၊ မမကြိုင်ကလေ သိပ်ဒေါသကြီးတတ်တာ။ မမကြိုင်ကို စိတ်မဆိုးနဲ့နော် "

ကိုကို့မျက်နှာ၌ ကြည်လင်သောအပြုံးရိပ် ပြန်ပေါ်လာသည်။ မြိုင့်ကို စကားပြန်ဆိုသော ကိုကို့အသံ၌ ကြင်နာမှုဖြင့် ပြည့်ဝနေသည်။

" ကြိုင့်ကို ကိုကို စိတ်မဆိုးပါဘူး၊ ကိုကိုကလည်း နည်းနည်းလွန်သွားတယ် …"

ကိုကိုသည် ဘာကိုသဘောကျသည်မသိ၊ တစ်ချက်ရယ်လိုက်မိသည်။

" ဟုတ်တယ်၊ ကိုကို လွန်သွားတယ်၊ အမှန်က ဟောဒီမောင် အမေးအမြန်းထူတာနဲ့ ကိုကို့ပါးစပ်ထဲ တွေ့ကရာ လျှောက်ပြောလိုက်တာ ကြိုင့်ကို စော်ကားသလိုဖြစ်သွားတာပေါ့၊ အင်းလေ၊ ကိုကိုက တောင်းပန် လိုက်တယ်ဆိုတာ ကြိုင့်ကိုပြောပြလိုက်ပါ "

" အို … ကိုကိုက တမင်ပြောတာမှ မဟုတ်ဘဲ၊ မြိုင်လည်း ကြားတာပဲ၊ ဆိုရှယ်တက်တာဟာ မကောင်းဘူးလို့ သတင်းစာနဲ့ မဂ္ဂဇင်းတွေမှာ မြိုင် ဖတ်ဖူးတယ်၊ ဘာလို့မကောင်းတာလဲ ကိုကို "

ကိုကို အခက်တွေ့ပြီ ထင်သည်။ စောစောက ကျွန်တော်က အမေးအမြန်းထူသည်။ ယခု မြိုင်က လာပြန်ချေပြီ။ ခိုင်လာလျှင် ပိုခက်လိမ့်မည်။ ကျွန်တော် ဤသို့အောက်မေ့နေဆဲ မိခိုင် ပေါ်ဖြစ်အောင် ပေါ်လာသည်။

www.burmeseclassic.com



" မောင်ရေ … မမကြိုင် ငိုနေတယ်တော့ … ငိုနေတယ်၊ ဘာဖြစ်လို့လဲ မသိဘူး "

ဤသို့အော်ရင်း ခိုင်သည် ကျွန်တော်တို့အနီးသို့ ကပ်လာသည်။ မြိုင်က " မိခိုင် ဘာလို့အော်နေတာလဲ တိုးတိုး "ဟု မြစ်တားသည်။ ခိုင်သည် လေသံကိုတော့ တိုးလိုက်သည်။ မကျေနပ်ဟန် ဆက်၍မေးသည်။

" မောင် … မမကြိုင်က ဘာဖြစ်လို့ ငိုသွားတာလဲ …"

" ငိုသွားတာပေါ့၊ သူ့ကို တို့ကိုကိုက ဆုံးမလွှတ်လိုက်လို့ "

" ဘာဖြစ်လို့ ဆုံးမလွှတ်လိုက်တာလဲ "

" ဆိုရှယ်တက်လို့တဲ့ …"

မြိုင်က ရယ်သော်လည်း ကိုကိုက ကျွန်တော့်ကို လှမ်းမာန်သည်။

" မောင်ကလည်း ဘာတွေလျှောက်ပြောနေတာလဲ … တော်တော့ "

ကျွန်တော်က ပါးစပ်လေး ပိတ်လိုက်သည်။ ခိုင်ကမူ သူ့မျက်လုံး ပြူးပြူးကြည်ကြည်လေးများဖြင့် ကိုကို့ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ထို့နောက် အံ့ဖွယ်ကောင်းသောစကားကို ဆိုသည်။

" မောင့်ကိုကိုက အရပ်အရှည်ကြီးပဲ၊ အတော်ပဲ လသာတယ်၊ ထုပ်ဆီးထိုးတမ်း ကစားကြရအောင် "

" ဘယ် … တို့နှစ်ယောက်တည်း ဘယ်ကစားလို့ဖြစ်မလဲ "

" လေးယောက်တောင် ရှိသားပဲ၊ မောင်နဲ့ မမမြိုင်က တစ်ဖက်နေ၊ ခိုင်နဲ့ ပြီးတော့ …"

ခိုင်သည် စကားကို ဆုံးအောင်မပြောဘဲ ကိုကို့ဆီသို့ မျက်စပစ်ပြသည်။

ကိုကိုသည် နှစ်နှစ်ခြိုက်ခြိုက်ရယ်သည်။ မြိုင်ကမူ … " တယ် … ဒီကောင်မလေးကလဲ "ဟု ဆို၍ ခိုင့်ခေါင်းကို လှမ်းပုတ်သည်။

ကျွန်တော့်စိတ်ထဲ၌လည်း ပျော်လာသည်။ အကြံတစ်ခုလည်းရ၍ ပြောပြမိသည်။

" ဒီလိုလုပ်မယ်၊ ပီယာနို သွားတီးကြရအောင်၊ ကိုကို့ကို မောင် ဒီတစ်ခေါက် ဘာမှ မတီးပြ ရသေးဘူးနော်၊ မောင် ချစ်သမျှကို တီးတတ်ပြီ။ ခိုင် မောင့်ကိုကိုလည်း ပီယာနို တီးတတ်တယ်၊ ကိုကိုလည်း တီးပြရမယ်၊ နော် … လာ … လာ …"

ကျွန်တော်က ကိုကို့ကို ဆွဲသည်။ ခိုင်က မြိုင့်ကို ဆွဲခေါ်သည်။ နောက်ဆုံးတော့ ကျွန်တော်တို့ လေးဦးစလုံး ပီယာနိုဘေးသို့ ရောက်လာကြသည်။

ကျွန်တော်က ချစ်သမျှကိုပတ်ပျိုး တီးပေးသည်။ အခြားဆိုတတ်သူ မရှိသဖြင့် ကိုကိုပင် လိုက်ဆိုပေးရသည်။ ထို့နောက် ခိုင်ကလည်း ကျွန်တော် တက်ပေးထားသဖြင့် ရနေသော သီတာကြိုးကို တီးပြသည်။

ကိုကို့အလှည့်ရောက်သောအခါ ကိုကိုက မြိုင့်ကို လှမ်းမေးသည်။

" မြိုင် သီချင်းဆိုတတ်သလား …"

မြိုင်သည် ရှက်ပြုံးလေးဖြင့် ပြန်ဖြေသည်။

" ဟင့်အင်း … မြိုင် သီချင်းမဆိုတတ်ဘူး …"

ကိုကိုသည် ဘာမျှပြန်မပြောတော့ဘဲ … ပီယာနိုခုံ၌ ဝင်ထိုင်သည်။

" ကဲ … မောင် … ကိုကို ဘာတီးရမလဲ …"

" ဟိုသီချင်းလေ … ဟိုနေ့က ကားပေါ်မှာ ကိုကိုဆိုတဲ့ သီချင်းဟာ …။ ဖေဖေ တီးတာတော့ မောင် ကြားဖူးတယ်။ မောင် လိုက်ဆိုတတ်တယ်။ မတီးတတ်သေးဘူး။ ကိုကိုတီး၊ မောင် ဆိုမယ် "

ကိုကိုသည် ထိုအချိန်က တိမ်မြုပ်နေ၍ ခေတ်ပြန်မစားသေးသော မြိုင်ထတစ်ပုဒ်ကို တီးသည်။ ကျွန်တော်ကလည်း ကောင်းစွာမပိုင်သော်လည်း တတ်နိုင်သမျှ လိုက်ဆိုသည်။ ကျွန်တော်အကြိုက်ဆုံးအပိုဒ်မှာ တစ်နေ့က ကိုကို ဆိုပြသည့်အတိုင်းပင် ဖြစ်သည်။ ဤနေရာ၌ အတီးက ဆတ်၍ အသွားက မြူးသည်။ ကျွန်တော်ကလည်း မြူးမြူးရွှင်ရွှင်ပင် ဆို၏။

www.burmeseclassic.com



" ကြိုင် ... လှိုင် ... ခိုင်လုံးရယ်၊ ကြိုင် ... မြိုင် ... လှိုင် ... ခိုင်လုံးရယ်၊ ခိုင်လုံးရယ် ... ခိုင်လုံးရယ်၊ ခိုင်လုံးရယ်မွှေး "

ပျော်ပျော်ရွှင်ရွှင် ဆိုတီးနေသဖြင့် အချိန်ကုန်၍ ကုန်မှန်းမသိ။ ညအတန်နက်မှ မြိုင်တို့ ခိုင်တို့က အိမ်ပြန်ကြသည်။ ကျွန်တော်နှင့် ကိုကိုက သူတို့ခြံစည်းရိုးအထိ လိုက်ပို့သည်။

သူတို့ခြံဝင်းဘက်ရောက်မှ မြိုင်သည် သမင်လည်ပြန် လှည့်ကြည့်ပြုံးရင်း လက်ပြနှုတ်ဆက်သည်။ ကိုကိုကလည်း ပြုံး၍ မြိုင့်ကို ပြန်လက်ပြသည်။

ကျွန်တော့်မျက်လုံးများသာ ခိုင်တို့အိမ်အပေါ်ထပ်ဆီ ရောက်သွား၏။

အပေါ်ထပ် ပြတင်းတစ်ခုဆီမှ ခန်းဆီးသည် ရုတ်တရက် လှုပ်ရှားသွားသည်။ ခန်းဆီးကျသည်မှာ မြန်သော်လည်း ခန်းဆီးနောက်ကွယ်၌ ပုန်းကွယ်ပျောက်သွားသူကို သဲသဲကွဲကွဲ မြင်လိုက်ရရုံ အချိန်ရသည်။ ခန်းဆီးနောက်ကွယ်၌ ပုန်းလျှိုးပျောက်ကွယ်သွားသူမှာ ကြိုင်သာလျှင်ပင်တည်း။

❑❑❑

www.burmeseclassic.com



# အပိုင်းနှစ်

# ခိုင်လုံးရယ်မွှေး


၉ မိခိုင်သူ့ကြောင့်
၁၀ တစ်ရေးမှောင့်သူ
၁၁ ပင်ပင်နီ ယောထဘီနှင့်
၁၂ ခိုင့်ရဲ့ မောင်
၁၃ မုန်တိုင်းရိပ်ဆင်
၁၄ လွမ်းရစ်တော့ မြိုင်
၁၅ မွှေးရစ်လေဦး ခိုင်

www.burmeseclassic.com



## ( ၉ ) မိနိုင်သူ့ကြောင့်

သန်လျင်သို့ ကိုကိုပြန်ရောက်လာခြင်းနှင့် ငွေလသာသော တစ်ညတွင် ကျွန်တော်တို့ညီအစ်ကိုနှင့် ကြိုင်၊ မြိုင်၊ ခိုင် ညီအစ်မသုံးဦးတို့ တွေ့ဆုံခန်း၌ပင် ဤဝတ္ထုကြီး၏ ပထမပိုင်းကို ကျွန်တော် နိဂုံးချုပ်ခဲ့သည်။

နိဂုံးချုပ်ခြင်းဆိုသည်မှာ နိဒါန်းတစ်ရပ်ကို အစပျိုး၍ ဇာတ်လမ်းသစ်တစ်ပုဒ်ကို စရေးရမည်ဟု အနက်အဓိပ္ပာယ်ပေါက်နေပါသည်။

ဤစကားသည် မှန်၏။ ငွေလသာသော ထိုတစ်ည၌ ကျွန်တော်တို့ညီအစ်ကိုနှစ်ဦးနှင့် ခိုင်တို့ ညီအစ်မ တစ်သိုက် တွေ့ဆုံရခြင်းသည် ကျွန်တော်တို့အားလုံး၏ ဘဝများ၌ အရေးကြီးသော မှတ်တိုင်တစ်တိုင် ဖြစ်ပါသည်။

အဓိကဖြစ်သော ခရီးတစ်ကွေ့လည်း မည်ပါ၏။ အကြောင်းမှာ ထိုတစ်ညမှစ၍ ကျွန်တော်တို့အားလုံး၏ ဘဝများသည် နောင်အရှည်သဖြင့် ခွဲမရအောင် ကြိမ္မာချင်း ယှက်သွယ်ပူးလိမ်ချည်နှောင်မိကြသည်။

ယခုအချိန်၌ ပြန်စဉ်းစားလျှင်မူ (အသည်းနာဖွယ် ကြုံခဲ့ရပြီဖြစ်သဖြင့်) ထိုစဉ်က သာယာခဲ့မိသော ဝါကျွတ်လ ငွေရောင်ညကို စိတ်နာရမည်ကဲ့သို့ရှိ၏။

အမှန်မှာ ဘဝမည်သည် ဖြစ်ချင်သည်လည်း မဖြစ်၍ မဖြစ်ချင်သည်လည်း ဖြစ်ကာ ဖြစ်ချင်သည်လည်း ဖြစ်တတ်သကဲ့သို့ မဖြစ်ချင်သည်လည်း မဖြစ်တတ်သော သဘောရှိသည်။ ခက်သည်မှာ ဖြစ်ချင်သည်တို့ ဖြစ်လာချိန်နှင့် မဖြစ်ချင်သည်တို့ မဖြစ်လာသော ကာလများကို ကျွန်တော်တို့ အစိုးမရခြင်းသာရှိသည်။ အစိုးရပြန်လျှင်မူလည်း ပေါင်းဆုံခြင်း၊ ကွဲကွာခြင်းတို့ကြောင့် ဖြစ်ပေါ်လာရသည့် ငိုခြင်း၊ ရယ်ခြင်းတို့ဖြင့်သာလျှင် ဆန်းစုံကုံလုံပြည့်ဝရသည့် ဘဝဇာတ်ခုံကြီးမှာ လွမ်းမောဖွယ်ရာ ရလောက်အောင် တပ်မက်ဖွယ်ဖြစ်သည်မဟုတ်။ လူ့သမိုင်း ဆိုသည်မှာလည်း တစ်မျဉ်းပြေးသကဲ့သို့ မွေးခြင်း၊ ဖွားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတည်းဟူသော သတ္တဗေဒနိယာမ မှတ်တမ်းရှည်ကြီးသာ ဖြစ်နေပေလိမ့်မည်။ လူ့ဘဝ ဆိုသည်မှာလည်း ဖူး၍ငုံကာ ပွင့်၍အာရာမှ ရင့်သောအခါ ညှိုဝါ၍ ဓမ္မတာအလျောက် မြေအောက်ကျ ကြွေသုဉ်းရလေသော တောရိပ်ပင်ထက်မှ သစ်ရွက်မျှသာ အဓိပ္ပါယ်ရှိပေမည်။

လူ့ဘဝ၏အစိုးမရခြင်းကို ဝိသေသဖွဲ့၍ ချဲ့နေသဖြင့် ဖြစ်ခြင်း၊ ပျက်ခြင်း (သို့မဟုတ် မဖြစ်လာခြင်း၊ မပျက်လာခြင်း) တို့၌ အကြောင်းမဲ့သည်ဟူ၍ ကျွန်တော် ဆိုလိုနေသည်မဟုတ်ပါ။ အကြောင်းကံဆိုသည်မှာ ရှိပါသည်။

အကြောင်းကံ ဆိုသည်မှာလည်း ဘဝရှုထောင့်မှကြည့်လျှင် အတိတ်က ပြုခဲ့သမျှတွေသာ ဖြစ်၏။ ပြုခဲ့သမျှကို ပြုနေစဉ်တုန်း၌မူ အကြောင်းခံလေသည်ဟု မည်သည့်ပုထုဇဉ်လူသားမျှ မသိ။ မသိသည်လည်း မဆန်း၊ လူသည် အကျိုးကို ရင်ဆိုင်လေရာမှ အကြောင်းကို ပြန်လည်ဆင်ခြင်သုံးသပ်ကြသည်။ ထိုအချိန်၌ ကျန်ရစ်ခဲ့ပြီဖြစ်သည့် တရားသဘောမည်တော့လေသဖြင့် ပြုပြင်နိုင်ခြင်းငှာ မစွမ်းတော့။ ပစ္စုပ္ပန်၏ ရလဒ်ဖြစ်သော အကျိုးတရားကိုသာ မကြိုက်သည့်တိုင်အောင် လက်ဝယ်ပိုက်ရင်း ငိုညည်းချင်ကာမှ ငိုညည်း တိမ်းရှောင်ငြင်းဆန် မသိကျိုးကျွန်ပြု၍ မရတော့ ...။

ဤဝတ္ထုကြီးကို ရေးနေစဉ် ဤသင်ခန်းစာကို ကျွန်တော် ရင်ကွဲပက်လက်ဖြင့် ရရှိနေပါသည်။ ဤယထာဘူတ တွေးခေါ်မြော်မြင်ချက်ကို ရေးမိသဖြင့် စာရှုသူ၏ အာရုံပျက်သည်ဆိုလျှင် ဝမ်းနည်းရိုသေစွာ တောင်းပန်ပါသည်။ မပြောချင်ပါဘူးဆိုလျက် ရင်တွင်း၌ တသက်သက် မခံသာအောင် လှုံ့ဆော်နှိပ်စက်နေသည့် ဇာတ်လမ်းကိုပင် ကျွန်တော် ပြန်ဆက်ပါမည်။

ကိုကိုပြန်ရောက်လာသဖြင့် ကျွန်တော်တို့အိမ်၌ အပျော်ဆုံးလူတစ်ဦးကို ညွှန်ပြပါဆိုလျှင် မေမေ့ကိုသာ ပြရပါမည်။ ဖေဖေ မည်မျှပျော်သည်ကိုမူ ကျွန်တော် မခန့်မှန်းတတ်။ ဖေဖေ့မျက်နှာကို အကဲခတ်ရသည်မှာ မလွယ်ပါ။ ဖေဖေသည် ပျော်ရွှင်မှုကိုလည်းကောင်း၊ စိတ်ဆိုးမှုကိုလည်းကောင်း၊ ဝမ်းနည်းမှုကို

www.burmeseclassic.com



လည်းကောင်း၊ မျက်နှာပျက်တတ်သူ မဟုတ်။ မည်သို့ဖြစ်စေ ကိုကိုပြန်ရောက်လာကတည်းက ဖေဖေသည် ညနေတိုင်း သူမှန်မှန်သွားလေ့ရှိသော ဂေါက်ကွင်းသို့ မသွားသည်ကို ထောက်ရှုသဖြင့် ဖေဖေလည်း သားကြီးကို ရှုမြင်နေသည်မှာ ကျေနပ်နှစ်သိမ့်ကြောင်း ထင်ရှားသည်။

မေမေမှာမူ ဈေးကို နေ့စဉ် ကိုယ်တိုင်သွားသည်။ ကိုကို့အတွက်တွင်မက ကိုကို့ထံ မှန်မှန်လာကြသော ဧည့်သည်များအတွက်ပါ မေမေသည် စားကောင်းသောက်ဖွယ်တို့ကို မမောနိုင်မပန်းနိုင် ရွှေတလုံးလုံးဖြင့် တစ်နေကုန် ချက်နေတတ်သည်။ ထူးထူးဆန်းဆန်းအဖြစ် တွေ့ရသည်မှာ မြိုင်တစ်ယောက်လည်း ကျွန်တော်တို့ အိမ်ဘက်သို့ အမှတ်မထင် ကူးလာတတ်ပြီး မေမေ အလုပ်များနေလျှင် ဝင်ရောက်ကူညီတတ်ခြင်းပင်ဖြစ်သည်။

ပျော်ရွှင်ဖွယ် အကောင်းဆုံးလည်းဖြစ်၍ ခိုင်နှင့် ကျွန်တော်တို့ဘဝတွင် စွဲထင်ကျန်ရစ်အောင် ထိတ်လန့်ဖွယ်လည်းဖြစ်သော အတွေ့အကြုံတစ်ရပ်ကို သီတင်းကျွတ်ပွဲမတိုင်မီ သုံးရက်ခန့်အလို၌ တွေ့ကြုံရသည်။

တနင်္ဂနွေနေ့တွင် မိသားစု ပျော်ပျော်ပါးပါး ပျော်ပွဲစားထွက်ရန် မေမေ စီမံသည်။ သန်လျင်မြို့ တစ်ဝိုက်၌ ပျော်ပွဲစားထွက်ရန် နေရာကောင်းများ ပေါပါဘိခြင်း။ လွမ်းဆွတ်ဖွယ် ဇာတ်လမ်း နောက်ခံနှင့် ရှင်မွေ့နွန်းကုန်းလည်း ရှိသည်။ ကျိုက်ခေါက်စေတီတော်သို့လည်း သွားနိုင်သည်။ ထိုထက်မက ကျောက်တန်းမြို့အထိ ဆက်၍ ရေလယ်ဘုရားသို့ သွားလိုကလည်း သွားနိုင်သေးသည်။

ဤလိုနေရာကောင်း အများအပြားရှိသည့်ကြားမှ ကိုကိုက ပျော်ပွဲစားထွက်ရန် ဦးထွန်းမောင်ကြီးခြံကို ရွေးသည်။

ဦးထွန်းမောင်ကြီးသည် ပုလိပ်ကျွတ်နစ်အင်္ကျီဟောင်းနှင့် ပုလိပ်သက္ကလတ်ဦးထုပ်အဟောင်းကြီးကို ဝတ်တတ်သည့် လက်သမားကြီးအဖြစ် ကျွန်တော် မှတ်မိသည်။ အသားမှာ မည်းရုံမက ပြာနေသည်။ ခြေတံ၊ လက်တံများမှာ ရှည်၍ အရပ်ကြီးမှာလည်း ရှည်သည့်အပြင် နှာခေါင်းကြီးနှင့် မျက်နှာကြီးတို့ကလည်း ရှည်သည်။ ဤသို့အားလုံး ရှည်သည့်နည်းတူ စိတ်ကလည်း အလွန်ရှည်သည်။

ဦးထွန်းမောင်၏အမေ အရီးစိမ်းသည် ရှေးဟောင်း ဝမ်းဆွဲလက်သည်ကြီးဖြစ်၍ ဖေဖေ့ကိုရော မေမေ့ကိုပါ မွေးဖွားပေးခဲ့သူဟု ဆို၏။ ယခုအချိန်၌ အရီးစိမ်း မရှိတော့ပြီ။

ဦးထွန်းမောင်ကြီးသည် လက်သမားဆိုသော်လည်း လက်သမားအလုပ်ကို အဓိကထား လုပ်သူမဟုတ်။ ကျွန်တော်တို့ကဲ့သို့ ခင်မင်သော အိမ်များ၌ လုပ်စရာရှိလျှင် ငွေကြေးကို ပဓာနမထားဘဲ စေတနာသန့်သန့်ဖြင့် လိုက်လုပ်ပေးတတ်သူဖြစ်သည်။ သူအဓိကထား လုပ်သည်မှာ ခြံအလုပ်ဖြစ်သည်။ သူ့ခြံတွင်း၌ တညင်း၊ ပိန္နဲ၊ မာလကာ၊ သစ်တို၊ ကနစိုး၊ သရက်၊ မရန်းစသော ရာသီ သီးပင်စားပင်များရှိသည်။ ဝါးတောကြီးများလည်း ရှိသဖြင့် မျှစ်မျိုးစုံလည်း ထွက်သည်။ မှိုအုံးနက်၊ တောင်ပို့မှို စသော မှိုအကောင်းစားများလည်း ထွက်သည်။

ဦးထွန်းမောင်ကြီးသည် သုံးရက်တစ်ကြိမ် ဈေးလာသောအခါ သူ့ခြံထွက် အသီးအနှံ၊ မှို၊ မျှစ်၊ ကန်စွန်း၊ ချဉ်ပေါင် စသည်တို့ကို ခင်မင်သောအိမ်များအတွက် လက်ဆောင်ပေးရန် ယူလာတတ်သည်။ သရက်သီးမှည့်၊ မရန်းသီးမှည့်၊ ကနစိုးသီး စသည်များကို ကျွန်တော် အလွန်ကြိုက်သည်။ ကျွန်တော် ကြိုက်သော ထိုအသီးများကိုမူ ဖေဖေနှင့် မေမေသည် အဝစားခွင့် မပေး။ ဤသည်ကိုသိသော ဦးထွန်းမောင်ကြီးသည် ဤအသီးများပေါ်ချိန်၌ အိမ်အတွက်ယူလာခဲ့သည်တို့အပြင် ကျွန်တော့်အတွက်လည်း သီးသန့်လျှို့ဝှက်ယူလာကာ တိတ်တဆိတ် ခိုးဝှက်ပေးသည်။ ထို့ကြောင့် ဦးထွန်းမောင်ကြီးကို ကျွန်တော် အလွန်ချစ်သည်။

ကိုကိုကလည်း ဦးထွန်းမောင်ကြီးကို ချစ်သည်။ ကိုကိုငယ်စဉ်က ဦးထွန်းမောင်ကြီးသည် ကျွန်တော့်ကို ကျွေးသကဲ့သို့ပင် ဟိုအသီး၊ ဒီအသီးတို့ကို ခိုးဝှက်ကျွေးခဲ့ဖူးသည်။

ကိုကိုလာတိုင်း ဦးထွန်းမောင်ကြီးခြံသို့ မသွားမရှိ၊ အနည်းဆုံးတစ်ခေါက်တော့ ရောက်အောင်သွားမြဲ ဖြစ်သည်။

www.burmeseclassic.com



ယခုလည်း ကိုကိုက ဦးထွန်းမောင်ကြီး၏ခြံသို့ ပျော်ပွဲစားထွက်မည်ဆိုသောအခါ ကျွန်တော့်မှာ အလွန်ပျော်ရွှင်မိသည်။ ပိုမို၍ ပျော်ရွှင်မိသည်မှာ ကိုကိုက ကျွန်တော်တို့ချည်းမသွားဘဲ ခိုင်တို့အိမ်သားများ (ကိုကို့စကားအတိုင်းဆိုလျှင် မြိုင်တို့အိမ်သားများ) ကိုပါ ဖိတ်ခေါ်ရန် အကြံပေးခြင်းဖြစ်သည်။ ကျွန်တော်ကလည်း ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်ကို ဖိတ်ခွင့်တောင်းသည်။ သားနှစ်ယောက် တောင်းဆိုလျှင် မည်သည်ကိုမျှ မငြင်းတတ်သော မေမေသည် အားလုံးကို ခွင့်ပြုသည်။

ကျွန်တော်တို့ ပျော်ပွဲစားထွက်မည့်အကြောင်းကို ဦးလေးကိုဖိုးခင်က ဦးထွန်းမောင်ကြီးဆီသွား၍ ကြိုတင်သတင်းပို့သည်။ ဦးထွန်းမောင်၏ ပြန်ကြားချက်မှာ တိုတိုနှင့် ရှင်းသည်။ မည်သည့်သား၊ ငါး၊ ဟင်းသီးဟင်းရွက်မျှ မဝယ်ခဲ့ရ ဟူသတည်း။ ထို့ကြောင့် ကျွန်တော်တို့သည် ဦးထွန်းမောင်ကြီးခြံတွင် မရနိုင်သော ပေါင်မုန့်၊ ငါးသေတ္တာ၊ ချိစ်၊ ထောပတ်၊ နို့ဆီ၊ သကြား၊ ကော်ဖီ၊ လက်ဖက်ခြောက် စသည်တို့ကိုသာ စုဆောင်းရသည်။ ကိုကိုကြိုက်တတ်သော ငါးပိကြော်လည်း ကြော်ရသည်။

ထိုညနေ၌ ငါးပိကြော်နေသော ဒေါ်စာဥကြီးအနီးသို့ ကျွန်တော် ကပ်သွားသည်။ ကျွန်တော် ဖော်ပြခဲ့ပြီးသော အကြောင်းများကြောင့် ဒေါ်စာဥကြီးနှင့် ကျွန်တော်၏ ဆက်ဆံရေးမှာ မိုးလေဝသ ကောင်းမွန်လှသည် မဟုတ်။

" ဒေါ်လေး သိပ်ပင်ပန်းနေသလား "

ဒေါ်စာဥကြီးက မဖြေ။ သူ့လက်မောင်း အိအိတွဲတွဲကြီးများ လှုပ်အောင် ကြော်လှော်နေသည်။ သူ့ပါးဖောင်းဖောင်းကြီးများကလည်း စိတ်ဆိုးဟန် စူထားသည်။

" ဒေါ်လေး မောင့်ကို စိတ်ဆိုးနေလား "

ဒေါ်လေးက နှုတ်ဖြင့်မဖြေဘဲ မျက်စောင်းသာ လှည့်ထိုးသည်။

" အင်းလေ ... ဒေါ်လေးက စိတ်ဆိုးပြီး ဥစ္စာစောင့်အကြောင်း မပြောပေမယ့် ခိုင်က မောင့်ကို ပြောပြပြီးပြီ "

ထိုအခါမှ ဒေါ်လေးသည် နှုတ်ခမ်းတလန် ပန်းတလန်နှင့် ရန်တွေ့တော့သည်။

" အေးပါတော် ... ဒေါ်လေးကို မောင် အရေးမစိုက်တော့တာ သိသားပဲ၊ မောင်က အဆက်ရနေပြီကိုး ...။ ဒေါ်လေးကို မေ့ပြီပေါ့၊ ဒေါ်လေးကလည်း မမှုပါဘူး၊ ဆန်ကုန်စား၊ ကံကုန်သွားပေါ့ "

ကျွန်တော်သည် ဒေါ်စာဥကြီး၏ စကားကြောင့် ဝမ်းလည်းနည်းမိသည်။ စိတ်လည်းဆိုးမိသည်။

" ဒေါ်လေးက ဘာလို့ ခိုင့်ကို မောင့်အဆက် ... မောင့်အဆက်လို့ ပြောနေရတာလဲ၊ တော်ပြီ မောင်ကလည်း ဒေါ်လေးကို ဆန်ကုန်စား ကံကုန်သွားပဲ၊ မောင်က စကားအကောင်းပြောမလို့ဥစ္စာ၊ မပြောတော့ဘူး၊ သွားမယ် ..."

ကျွန်တော့်ဒေါ်လေးမှာ အမှန်တကယ် စိတ်ဆိုးတတ်သူ မဟုတ်။ ကျွန်တော်က လှည့်ထွက်သွားသောအခါ သူက လိုက်ဆွဲသည်။

" မောင်ကလည်း ဒေါသကြီးပဲ၊ ကဲပါ လာပါ ဘာပြောမလို့လဲ၊ နေဦး ရော့ ပုစွန်ခြောက်စား ..."

ဒေါ်လေးသည် အနီးရှိ ဘူးတစ်ဘူးအတွင်းမှ ရွှေပုစွန်ခြောက်ကြီးတစ်ဆုပ် နှိုက်၍ပေးသည်။ ကျွန်တော်လည်း စိတ်ကျေနပ်သွားသည်။

" ကဲ ပြောလေ မောင် ... စကားကောင်းကောင်း ပြောမလို့ဆို "

" အင်းပါ ... ပြောမလို့ပါပဲ၊ ဒီမှာ ဒေါ်လေး ကြိုင်နဲ့ မြိုင် ဘယ်သူပိုလှသလဲ "

ဒေါ်လေးသည် အံ့အားသင့်ဟန် ငါးပိကြော်ခြင်းကို ရပ်လိုက်၍ လှည့်ကြည့်သည်။ ထို့နောက် ပြုံးဖြီးဖြီးနှင့်ဆို၏။

" အဲဒါတော့ မသိဘူး တော်ရေ့၊ ဒါပေမယ့် သူတို့အထဲမှာ မောင့်ခိုင်က အလှဆုံးပဲ ..."

ကျွန်တော် ဒေါပွသွားပြန်သည်။

www.burmeseclassic.com



“ တော်ပြီ … ဒေါ်လေးနဲ့ စကားမပြောတော့ဘူး …”

ကျွန်တော်က လှည့်ထွက်သွားမည် ပြုပြန်သည်။ ဒေါ်လေးက ဆွဲပြန်၏။

“ စိတ်မဆိုးပါနဲ့ မောင်ရယ် … ဒေါ်လေးက ကျီစားတာပါ။ ဒေါ်လေးက မောင့်ကိုလည်း သိပ်ချစ်တယ်၊ နိုင့်ကိုလည်း သိပ်ချစ်တယ်၊ ဒေါ်လေး တကယ်ပြောတာ၊ နိုင်ကငယ်နေသေးလို့ သူတို့အထဲမှာ အချောဆုံးပဲ။ ဒါထက် မောင်တို့ဆိုတဲ့သီချင်း ဘာပါလိမ့်။ အဲ … အဲ … ကြိုင် … မြိုင် … လှိုင် … နိုင်လုံးရယ်မွှေးတဲ့ …၊ ဟဲ ဟဲ … သူတို့တစ်ခိုင်လုံးမှာ နိုင်ဟာ အမွှေးဆုံးပဲ …”

ဒေါ်စာဥကြီးစကားကြောင့် ကျွန်တော် စိတ်ဆိုးပြေကာ ကျေနပ်သွားသည်။ ကျွန်တော့်မျက်နှာ ကြည်လင်သွားသည်ကို မြင်သောအခါ ဒေါ်စာဥကြီးသည် ပြုံး၍ထပ်ကွန့်သည်။

“ ကဲလေ … ပြောလေ ”

“ ကျွန်တော်က ဘာပြောရမှာလဲ ”

“ လုပ်ပြီ မောင်က၊ စောစောက စကားအကောင်းပြောမလို့ဆို၊ နေဦး ခုနက မောင်မေးတာ ဘာပါလိမ့်၊ အဲ … အဲ … ကြိုင်နဲ့ မြိုင် ဘယ်သူပိုလှသလဲ ဟုတ်လား၊ အဲဒါဘာဖြစ်လို့ မေးတာလဲ ”

“ ဟိုဒင်းလေ … ညက ကိုကိုနဲ့ ကြိုင်နဲ့ စကားများလိုက်ကြတာ ”

ဒေါ်စာဥကြီး မျက်လုံးပြူးသွားသည်။ ငါးပိကြော်နေသော ယောက်မကြီးကို လွှတ်ချလိုက်၍ အလွန် စိတ်ဝင်စားဟန် မေးသည်။

“ ကိုကိုနဲ့ ကြိုင် စကားများတယ် …။ ဘာဖြစ်လို့ စကားများတာလဲ …”

“ အဲဒါပြောရရင် ရှုပ်ပါတယ် ဒေါ်လေးရာ၊ မောင်လည်း ကောင်းကောင်းနားမလည်ဘူး၊ ဒါပေမယ့် ကြိုင်က ငိုပြီးထွက်ပြေးသွားရတာပဲ ”

“ ဟောတော့် … ကြိုင် ငိုပြီးထွက်ပြေးသွားရတယ်၊ ကိုကိုက ကြိုင့်ကို ဘာလုပ်လွှတ်လိုက်လို့လဲဟင်၊ ပြောစမ်း … ပြောစမ်း ”

“ ဩော် … ဒေါ်လေးကလည်း၊ ဘာလုပ်လွှတ်လိုက်ရမလဲ ဘာမှမလုပ်လွှတ်ပါဘူးဗျာ၊ စကားပဲ ပြောလွှတ်လိုက်တာပေါ့ ”

“ စကားပြောလွှတ်လိုက်တယ် … အေး … အေး ပြောစမ်း ပြောစမ်း၊ ဘာပြောလွှတ်လိုက်သလဲ ”

“ ဘာတွေပြောလွှတ်လိုက်ရမလဲ ဆုံးမလွှတ်လိုက်တာပေါ့ဗျ ”

“ ကိုကိုက ကြိုင့်ကို ဆုံးမလွှတ်လိုက်တယ်၊ ဒါနဲ့ ကြိုင်က တစ်ခါတည်း ငိုပြေးတာပဲ ဟုတ်လား ”

“ ငိုပြေးပါတယ်ဆိုမှ ဘယ်နှစ်ခါပြောရဦးမလဲ၊ ဒီမှာ ဒေါ်လေး … ဒေါ်လေး ငါးပိကြော်အိုး တူးတော့မယ် ”

ဒေါ်စာဥကြီးသည် ထိတ်လန့်တကြားဖြစ်သွားပြီး “ ဟောတော့် … သောက်ပလုပ်တုတ် …”ဟု အော်၍ ငါးပိကြော်အိုးကို လှည့်မွှေသည်။

“ တယ် … မောင်ကလည်း အလန့်တကြား ဆီတွေ အများကြီးပဲ၊ မတူးနိုင်ပါဘူး၊ ကဲ … ကဲ … ဆက်ပါဦး၊ နောက်ဘာဖြစ်သေးလဲ ”

“ နောက်တော့ မြိုင်ထွက်လာပြီး ကိုကိုနဲ့ စကားပြောတယ် ”

“ ရန်ဖြစ်ကြတာပဲလား ”

“ ဘာလို့ရန်ဖြစ်ရမှာလဲ၊ စကားပြောကြတာ ပြုံးလို့ ရယ်လို့ ကြည်လို့ဗျ …”

ဒေါ်စာဥကြီးသည် အလွန်ပိုမိုစိတ်ဝင်စားစွာ မေး၏။

“ ပြုံးလို့ ရယ်လို့ ကြည်လို့ ဟုတ်လား။ အေး … အေး … ဟဲ … ဟဲ … မြိုင်က ပိုချစ်စရာကောင်းတယ်နော် …”

“ ဘာဆိုင်လို့လဲဗျ …”

www.burmeseclassic.com



ဒေါ်စာဥကြီး၏ ပြုံးဖြဲသောမျက်နှာသည် တည်သွားပြီး အဖြေရှာမရဟန် ပေါ်နေသည်။

" အဲလေ … ဟိုဒင်းလေ … နို့ မောင်ကပဲ ခုနက မေးတာပဲ၊ ကြိုင်နဲ့ မြိုင် ဘယ်သူပိုလှသလဲဆို "

ကျွန်တော်သည် ကျွန်တော့်စကားနှင့် ကျွန်တော် ပြန်ပတ်မိနေသဖြင့် ဘာပြန်ဖြေရမှန်းမသိ၊ ဒေါ်စာဥကြီးကသာ စိတ်ဝင်စားမှုကို မထိန်းသိမ်းနိုင်ဘဲ ဆက်မေးသည်။

" အင်းလေ ထားပါတော့၊ ပြီးတော့ ဘာဆက်ဖြစ်ကြသေးလဲ "

" ဒေါ်လေးကလည်း ပြောမှာပေါ့ဗျာ၊ ငါးပိကြော်အိုးလည်း ပြန်ကြည့်ဦး တူးနေဦးမယ် "

" မောင်ကလည်း လုပ်ပြီ အလန့်တကြား၊ မတူးနိုင်ပါဘူး "

ဤသို့ဆိုသော်လည်း ဒေါ်စာဥကြီးသည် စိတ်မချဟန်ဖြင့် ငါးပိကြော်အိုးကို တစ်ချက်မွှေကြည့်သည်။

" ကဲပါ ဆက်စမ်းပါဦး နောက်တော့ ဘာဖြစ်သလဲ "

" နောက်တော့ ဘာမှဆက်မဖြစ်ဘူး … ဒေါ်လေးလည်း ကြားပြီးသားပဲ။ ကိုကိုရယ်၊ မောင်ရယ်၊ ခိုင်ရယ်၊ မြိုင်ရယ် ပီယာနိုတီးပြီး သီချင်းဆိုကြတာပေါ့၊ နောက်တော့ မြိုင်တို့ ပြန်သွားတော့ လိုက်ပို့ကြတာပေါ့ …"

ဒေါ်စာဥကြီးသည် ဘာမျှအထွေအထူး ဆက်မဖြစ် ဆိုသဖြင့် စိတ်ပျက်သွားဟန်ပေါ်သည်။

အတန်ကြာ စဉ်းစားပြီးမှ ဘာကိုသဘောပေါက်သည်မသိ၊ သူ့မျက်နှာဖောင်းဖောင်းကြီးသည် ပြုံးလာ၍ လေသံတိုးတိုးလေးဖြင့် မေးသည်။

" မြိုင့်ကို ကိုကိုတစ်ယောက်တည်း လိုက်ပို့တာလား "

" ဘယ်ကလာ ဟုတ်ရမလဲ ခိုင်ရော၊ မောင်ရော ပါတယ် "

ဒေါ်စာဥကြီးသည် အလွန်စဉ်းစားမိဟန် ခေါင်းတညိတ်ညိတ်ဖြင့် မှတ်ချက်ချသည်။

" အင်းလေ … ဒီအတိုင်းဆိုရင်တော့ ဘာမှမဖြစ်နိုင်ပါဘူး၊ နို့မို့ဖြစ်ရင်တော့ ဖြစ်မှာ၊ ဘုရားစူးပါစေရဲ့ အဟုတ်ကိုဖြစ်မှာ …"

" ဘာတွေ အဟုတ်ဖြစ်မှာလဲ ဒေါ်လေးရ "

" မောင် နားမလည်ပါဘူး၊ တစ်ခုခု ဖြစ်မှာပေါ့ "

ကျွန်တော်လည်း ဒေါ်စာဥစကားကို လေးနက်စွာ စဉ်းစားမိသည်။ ထိုစဉ် ပြောစရာတစ်ခုကို သတိရမိသည်။

" ဒေါ်လေး နေဦး … မောင် သတိရပြီ တစ်ခုခု ဖြစ်တယ်ဗျ …"

" ဟယ် … သောက်ကျိုးနဲ … ဖြစ်ဖြစ်အောင် ဖြစ်လိုက်ကြသေးတာပေါ့ "

" ဒေါ်လေး ဘာပြောတာလဲ …"

" နို့ … မောင်ကကော ဘာပြောတာလဲ "

" မောင်ပြောတာမှ ဆုံးအောင် နားမထောင်ဘဲ "

" အင်းပါ … နားထောင်ပါ့မယ် ပြောပါ …"

" သူတို့ခြံဘက် ရောက်တော့ မြိုင်က ကိုကို့ကို ဟောဒီလို ဟောဒီလို လက်ကလေးပြ နှုတ်ဆက်တယ်ဗျ "

" ဒီတော့ … ဒီတော့ …"

" ဒီတော့ ကိုကိုကလည်း လက်ကလေးပြ နှုတ်ဆက်တယ်ဗျ "

" အင်း … အင်း ပြီးတော့ကော … ပြီးတော့ကော …"

" ပြီးတော့ မြိုင်နဲ့ ခိုင် အိမ်ထဲဝင်သွားကြတာပေါ့ "

ဒေါ်စာဥကြီး၏ မျက်နှာမှာ အလွန်စိတ်ပျက်သွားဟန်ပေါ်သည်။

www.burmeseclassic.com



" တကတဲ အဟုတ်မှတ်လို့ နားထောင်နေတယ်၊ အိမ်ထဲ ဝင်သွားတာများ ဆန်းတာမှတ်လို့၊ လူဖြင့် ရင်ကို မောနေတာပဲ။ ဒါနဲ့ အနို့ … တစ်ခုခုဖြစ်သေးတယ်ဆို "

" ဒေါ်လေးက စကားဆုံးအောင် နားမထောင်ဘဲ၊ ဖြစ်သေးတာပေါ့ဗျ …"

" ဟုတ်လား ဘယ်နေရာမှာ ဖြစ်တာလဲ …"

" မြိုင်တို့ အိမ်ပေါ်ထပ်မှာ …"

ဒေါ်စာဥကြီး၏မျက်လုံးသည် အလွန်ပြူးသွားသည်။ ကျွန်တော့်အနား ကပ်လာ၍ လေသံတိုးတိုးဖြင့် မောဟိုက်စွာမေးသည်။

" ဒါဖြင့် … ဒါဖြင့် ကိုကိုက မြိုင်တို့အိမ်အပေါ်ထပ်အထိ တက်လိုက်သွားတာပေါ့၊ ဟုတ်လား "

"ဟာ … မဟုတ်က ဟုတ်က၊ ကိုကိုက ဘာလို့ အိမ်ပေါ်တက်လိုက်သွားရမှာလဲ "

ဒေါ်စာဥကြီးသည် မျှော်လင့်ချက်ဖြင့် လွဲသွားသည့်ဟန် စိတ်ပျက်သွားပြန်သည်။

" သိပါဘူးတော် မောင်ကပဲ အိမ်ပေါ်မှာ ဖြစ်တယ်ဆို "

" ဟုတ်တယ်လေ … အိမ်ပေါ်မှာဖြစ်တယ်၊ အိမ်ပေါ်မှာ ဖြစ်တာက ကြိုင်ဗျ "

" ဟောတော့် ကြိုင် ဘာဖြစ်လို့လဲ "

" ဒီလို ဒေါ်လေးရ "

" အင်း … အင်း …"

" ကိုကိုနဲ့ မြိုင်နဲ့ လက်ပြနှုတ်ဆက်နေတုန်းလေ "

" အင်း … အင်း … အဲ … အဲ …"

" အပေါ်ထပ်ပြတင်း ခန်းဆီးအနောက်က ချောင်းကြည့်နေတာဗျ …"

ဒေါ်စာဥကြီးသည် သူ့မျက်လုံးကြီးများကို အပေါ်လှန်၍ သူ့ရင်ဘတ်ကြီးကို လက်နှစ်ဖက်နှင့်ဖိရင်း ဟင်း … ကနဲ သက်ပြင်းချသည်။

" ဒေါ်လေး …"

" ရှင် … တော် … အဲလေ ဟုတ်ပေါင် … ဘာတုံး မောင်ရ …"

" မောင့်ကို ပုစွန်ခြောက်တစ်ဆုပ်ပေးဦး …"

ဒေါ်စာဥကြီးသည် သွက်လက်စွာဖြင့် ကျွန်တော့်ကို နောက်ထပ် ပုစွန်ခြောက်တစ်ဆုပ် နှိုက်ပေးပြန်သည်။

ကျွန်တော် မီးဖိုခန်းထဲမှ ထွက်လာသည်အထိ ဒေါ်စာဥကြီးသည် ယောက်မကြီးကို မကိုင်သေးဘဲ ငိုင်ကျန်ရစ်နေ၏။

တစ်အောင့်ကြာသောအခါ တစ်အိမ်လုံး ငရုတ်သီးတူးနံ့ ညှော်လာသည်။ အိမ်ပေါ်ထပ်မှ မေမေ ပြေးဆင်းလာ၏။ ကျွန်တော်သည်လည်း မေမေနှင့်အတူ မီးဖိုခန်းထဲသို့ ဝင်လိုက်သွားသည်။

မီးဖိုခန်းထဲ၌ ငရုတ်သီးကျွမ်းနံ့သည် ပိုပြီးပြင်းထန်နေသည်။ ဒေါ်စာဥကြီးလက်တွင်း၌လည်း ရေအပြည့်နှင့် ခွက်ကြီးတစ်လုံးကို ကိုင်ထား၏။ ဒယ်အိုးအတွင်းတွင်လည်း ရေအပြည့်ရှိသည်။

" အမလေး စာဥရယ်၊ ဘယ်လိုဖြစ်တာလဲ …"

မေမေက မေးသည်ကို ဒေါ်စာဥကြီးက ကပေါက်တိကပေါက်ချာ ဖြေသည်။

" ဟို … ဟိုဒယ်အိုးထဲ … မီးဆီဝင်လောင်လို့ …"

ကျွန်တော့်မေမေသည် စိတ်ဆိုးတတ်သူမဟုတ်။ ဒေါ်စာဥစကားကြောင့် ဟက်ဟက်ပက်ပက် ရယ်မောသည်။

" ဖြစ်ရလေ စာဥရယ်၊ ကြီးတောင့်ကြီးမားနဲ့ ဘာတွေများ စိတ်တွေများနေရသလဲ၊ ကဲ … ကဲ … ပြန်ကြော် ပြန်ကြော် …"

www.burmeseclassic.com



ငါးပိကြော် ပြန်ကြော်ရန်အတွက် ဒေါ်စာဥတွင်မက မမေစန်းရော၊ ကိုမောင်ညိုရော ဦးလေးကိုဖိုးခင်ရော အလုပ်များကြသည်။

သူတို့အားလုံးက ဒေါ်စာဥကြီးကို ကျိန်ဆဲကြသည်။

ဇာတ်လမ်းအစုံသိလျှင် သူတို့ကျိန်ဆဲရမည့်သူမှာ ဒေါ်လေးဒေါ်စာဥကြီးမဟုတ်။ ကျွန်တော်သာလျှင် ဖြစ်သင့်သည်ထင်၏။

နောက်တစ်နေ့ ၈-နာရီခန့် ဦးလေးကိုဖိုးခင်ကြီးက အိုး၊ ခွက်၊ ပန်းကန်စသည်တို့ကို ကားဖြင့်တင်ပြီး ဦးထွန်းမောင်ကြီးခြံဆီသို့ ကိုမောင်ညိုနှင့်အတူ သွားနှင့်သည်။ ကျွန်တော်တို့အိမ်သား၊ ခိုင်တို့အိမ်သားများနှင့် ကျွန်တော် ဖိတ်ထားသဖြင့် လိုက်လာသော ငြိမ်းမောင်တို့သည် နောက်မှ ခြေလျင်လျှောက်ကြသည်။

မိုးရေဖြင့် ဆေးကြောထားသဖြင့် လမ်းဘေးတစ်ဝိုက်ရှိ သစ်ပင်အပေါင်းမှာ စင်ကြယ်စိမ်းလန်းနေသည်။ မြေပြင်၌လည်း သဲဖြူဖြူတို့ ဖွေးလက်သန့်ရှင်းနေသည်။ ဖေဖေနှင့် ဦးမြဘူးသည် ဆေးပြင်းလိပ်ကိုယ်စီခဲရင်း တုတ်ကောက်တစ်ချောင်းစီဖြင့် စကားတပြောပြောနှင့် နောက်မှလိုက်သည်။ ဖေဖေတို့ရှေ့၌ မေမေ၊ ဒေါ်လှယဉ်နှင့် ကြိုင်တို့ရှိသည်။ ကိုကို၊ ကျွန်တော်၊ ငြိမ်းမောင်၊ မြိုင်နှင့် ခိုင်တို့က ရှေ့မှဖြစ်၏။ အားလုံးရှေ့မှာမူကား မမေစန်းနှင့် ဒေါ်စာဥကြီးတို့ရှိ၏။

မမေစန်းနှင့် ဒေါ်စာဥကြီးတို့ ခေါင်းတွင် လမ်း၌တွေ့ရာ ကောက်ပန်ထားသဖြင့် သစ်စိမ်း၊ သစ်ရွက်၊ တောပန်း၊ တောပွင့်တို့ဖြင့် ဝေနေသည်။

မမေစန်းက သူ့အသံစာစာဖြင့် သီချင်းတကြော်ကြော် အော်ဆိုနေသည်။ ကိုကိုနှင့် ကျွန်တော်တို့ တစ်သိုက်က ဩသံပေး၍ လက်ခုပ်ဝိုင်းတီးသည်။ ထိုအခါ ဒေါ်စာဥကြီးသည် ပုတ်လောက်ရှိသော သူ့ခန္ဓာကိုယ်ကြီးကို လှုပ်ကာယိမ်းကာဖြင့် ဖိုးဝရုပ်ကြီးပမာ ကွေးနေအောင် ကသည်။

ကျွန်တော်တို့တစ်သိုက်ကမူ ပျော်ရွှင်နေ၏။ ကျွန်တော်က ကျွန်တော်တို့နည်းတူ ပျော်ရွှင်စေရန် စေတနာဖြင့် ကြိုင့်ကို လှမ်းခေါ်သည်။

" လာပါ မကြိုင်ရ ... မောင်တို့ဆီ လာပါ "

ကြိုင်သည် ကျွန်တော့်အား လှမ်းပြုံးပြရာသည်။ သို့ရာတွင် မေမေတို့အနီးမှ မခွာ။ ခိုင်သည် မဲ့ကာရွဲ့ကာဖြင့် ကြိုင့်ဆီသို့ မသိမသာ မေးငေါ့ပြရင်း ဆို၏။

" အလကား ... ခေါ်မနေနဲ့ မောင်၊ သူက အပျို၊ အပျိုဆိုတော့ ... ဟန်ကြီးပန်ကြီး လျှောက်ချင်တာပေါ့ ... လျှောက်ပါစေ "

ခိုင့်စကားကြောင့် ကိုကိုက ရယ်နေသော်လည်း မြိုင်ကမူ မျက်စောင်းကလေး မသိမသာထိုးကာ ခိုင့်ကို ဟန့်တားသည်။

ဒေါ်စာဥကြီးသည် ရှေ့ဆုံးမှနေပြီး မမောနိုင်၊ မပန်းနိုင် က,ရင်း ဆက်သွားသည်။ ကျွန်တော်တို့လည်း ပျော်ပျော်ပါးပါးဖြင့် နောက်မှလိုက်သည်။

နံနက် ၉-နာရီခန့်တွင် သန်လျင်ကျောက်တန်း ကားလမ်းဘေးရှိ ဦးထွန်းမောင်ခြံသို့ ရောက်ကြသည်။

ကျွန်တော်တို့ ရောက်သောအခါ၌ ဦးထွန်းမောင်ကြီးသည် ဦးလေးကိုဖိုးခင်၊ ကိုမောင်ညိုတို့ အကူအညီဖြင့် အစားအသောက်များ ချက်ပြုတ်ရန် အဆင်သင့်ရှိနေသည်။ ကိုကိုက ဦးထွန်းမောင်ကြီးအား လှမ်းမေးသည်။

" ဗျို့ ... ဦးထွန်းမောင်ကြီး၊ ဘာဟင်းတွေချက်မလို့လဲဗျို့ "

ဦးထွန်းမောင်ကြီးကလည်း ထုံးစံအတိုင်း အားရပါးရ ပြန်ဖြေသည်။

" ထုံးစံအတိုင်းပဲ၊ လည်လှီးသား သက်သတ်လွတ်ဗျို့ "

ကျွန်တော်တို့အားလုံးသည် ခေတ္တအမောအပန်းဖြေပြီး ခြံတွင်း၌ လှည့်လည်ကြည့်ရှုသူက ကြည့်ရှုကြသည်။ ထမင်းဟင်းချက်ရန် ပြင်သူက ပြင်သည်။

www.burmeseclassic.com



ဦးထွန်းမောင်ကြီး ခြံအတွင်း၌ သစ်ပင်ကြီးငယ်စုံသည်။ အချို့သစ်ပင်တို့တွင် နွယ်ပင်ကြီးများလည်း ရှိသည်။ ကျွန်တော်၊ ခိုင်နှင့် ငြိမ်းမောင်တို့သည် မငြီးငွေ့နိုင်သော တာဇံလုပ်တမ်း ကစားကြသည်။ ကျွန်တော်တို့ ကစား၍ အားရမှ လူကြီးများဆီ ပြန်လာသောအခါ ထမင်းဟင်းများ ကျက်နေပေပြီ။ ဟင်းများမှာ ကောင်း၍ အနံ့တို့လည်း မွှေးကြိုင်နေပေသည်။

ဦးထွန်းမောင်ကြီးခြံအတွင်း၌ ကြက်များ ပေါသဖြင့် ကြက်သားလည်လှီးဆီပြန်ဟင်း ကောင်းကောင်း တစ်ခွက်ပါသည်။ တောင်ပို့မှို ဟင်းချိုချိုလည်းပါသည်။ ငါးပိကြော်နှင့် တို့စားရန် ခြံတွင်းထွက် သခွားသီး လတ်လတ်ဆတ်ဆတ်များနှင့် မယ်ဒရိုရွက်များလည်းပါသည်။

တညင်းပင်ကြီးအောက်မှာ ငှက်ပျောဖက်များခင်း၍ စီတန်းစားသောက်ကြရ၏။ မျက်နှာချင်းဆိုင်တွဲ၍ စားကြလေရာ ဖေဖေနှင့် ဦးမြဘူးက တစ်တွဲ၊ မေမေနှင့် ဒေါ်လှယဉ်က တစ်တွဲ၊ ကိုကိုနှင့် ကြိုင်က တစ်တွဲ၊ မြိုင်နှင့် ကျွန်တော်က တစ်တွဲ၊ ငြိမ်းမောင်နှင့် ခိုင်က တစ်တွဲ၊ ကိုမောင်ညိုနှင့် မမေစန်းက တစ်တွဲ စသည် ဖြစ်၏။ အမှန်ဆိုလျှင် ဦးလေးကိုဖိုးခင်နှင့် ဒေါ်စာဥကြီးက တစ်တွဲဖြစ်ဖို့ကောင်းသည်။ သို့ရာတွင် ဦးလေး ကိုဖိုးခင်ကြီးသည် ဦးထွန်းမောင်ကြီးနှင့် တွဲရသည်။ ဒေါ်စာဥကြီးမှာမူ တစ်ဖက်ထိပ်၌ တစ်ယောက်တည်း ထိုင်စား၏။

ကျွန်တော်သည် ကိုကိုနှင့် ကြိုင်ကို လှမ်းကြည့်မိသည်။ မတည့်သူချင်းမှ မျက်နှာချင်းဆိုင် စားရလေဘိခြင်း။ ကြိုင်သည် မျက်လွှာအောက်ချကာ ထမင်းငုံ့စားသည်။ ကိုကိုကမူ မည်သို့မျှ အမူအယာ မပျက်၊ တစ်ကြိမ်တွင် ကြိုင့်ထမင်းပုံ၌ ဟင်းနည်းနေသည်။ တစ်ဖက်ထိပ်မှ ဒေါ်စာဥကြီးက ဟင်းခွက် ကမ်းပေးသည်ကို ကိုကိုက သူ့လက်တံရှည်ကြီးများနှင့် လှမ်းကာ ဟင်းဖတ်များအား ကြိုင့်ထမင်းပုံတွင်းသို့ ထည့်ပေးသည်။ ကြိုင်သည် ကိုကို့အား တစ်ချက်မော့ကြည့်သည်။ မျက်နှာ၌ ရှက်သွေးဖြန်းရင်း ကြိုင်သည် မရဲတရဲပြုံး၍ " သိုင်းခရု ..."ဟု ဆိုသည်။

မြိုင်သည် ကိုကိုနှင့် ကြိုင်အား မသိမသာ လှမ်းကြည့်၏။

ကိုကိုက ဟင်းဖတ်အချို့ကို မြိုင့်ထမင်းပုံတွင်းသို့လည်း ထည့်ပေးလိုက်သည်။

" အို ကိုကိုကလည်း မြိုင့်မှာ ဟင်းတွေ ရှိပါသေးတယ်။ ကိုကို့ထမင်းပုံမှာတော့ ဟင်းမရှိတော့ဘူး "

" ကိစ္စမရှိပါဘူး မြိုင်ရာ ...၊ ကိုကို ဟင်းထပ်တောင်းမှာပေါ့ ...။ ဗျို့ ဒေါ်လေး ပန်းကန်ထဲ ဟင်းကုန် နေပြီ ဖြည့်ဦးဗျို့ "

ဒေါ်စာဥက ဟင်းခွက်ကို လှမ်းယူသည်။ သို့ရာတွင် ဟင်းခွက် ပြန်မရောက်မီ မြိုင်က သူ့ထမင်းပုံရှိ ဟင်းတုံးတို့ကို တစ်ဝက်ခွဲ၍ ကိုကို့ထမင်းပုံတွင် ထည့်ပေးသည်။

ဒေါ်စာဥထံမှ ဟင်းခွက်ရောက်လာသောအခါ ကျွန်တော်၊ ငြိမ်းမောင်၊ ခိုင်တို့က ခွဲဝေယူလိုက် ကြသည်။

ထမင်းစားသောက်ပြီးသောအခါ လူကြီးများ သစ်ပင်ရိပ်တွင် တစ်ရေးတစ်မော အိပ်ကြသည်။

ကိုကို၊ မြိုင်နှင့် (ဤအကြိမ်မူ) ကြိုင်တို့သည် ခြံတွင်းသို့ စကားတပြောပြောနှင့် လျှောက်ကြည့် ကြသည်။ ကျွန်တော်တို့ ကလေးသုံးဦးက ပထမသော် ကိုကိုတို့နှင့် လိုက်သေးသည်။ ထို့နောက် သူတို့ ပြောသော စကားတို့ကို နားထောင်ရသည်မှာ ပျင်းသဖြင့် ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ လမ်းခွဲထွက်လာ ကြသည်။

ဤခြံကြီးအတွင်းသို့ အကြိမ်ကြိမ်ရောက်ဖူးသော ကျွန်တော်က ခေါင်းဆောင်၍ သစ်ပင်များကို လိုက်ရှာသည်။ သို့ရာတွင် ရာသီမဟုတ်သဖြင့် သရက်ပင်၊ မရန်းပင်၊ ကနစိုးပင်များတွင် ဘာသီးမျှ မရှိ။

ကံအားလျော်စွာ အသီးများရှိသေးသော မာလကာပင်တစ်ပင်ကို တွေ့သည်။ ထုံးစံအတိုင်း ကျွန်တော်က မာလကာပင်ပေါ်တက်၍ အသီးများ ခူးချပေးသည်။ ငြိမ်းမောင်နှင့် ခိုင်က အောက်မှ ကောက်ကြသည်။

www.burmeseclassic.com



ကျွန်တော်က မာလကာပင်ပေါ်မှ မဆင်းခင် နိုင်သည် တစ်စုံတစ်ရာကို စိတ်ဝင်စားဖွယ်တွေ့ရသဖြင့် အော်သည်။

" ဟာ ... ဟာ ... ဟိုမှာ ရေကန်လေး၊ အမယ် ဖောင်ကလေးလည်း ရှိတယ်ဟေ့၊ လာဟေ့ ငြိမ်းမောင် သွားကြရအောင် ..."

နိုင်နှင့် ငြိမ်းမောင်သည် ရေကန်ဆီသို့ ပြေးသွားကြ၏။

ကျွန်တော်က မာလကာပင်ပေါ်မှ လှမ်းအော်ရသည်။

" နိုင် ... အဲဒီမှာ သွားမဆော့နဲ့၊ ဘာမှတ်လို့လဲ၊ ရေနက်တယ် "

ကျွန်တော် အော်သည်မှာ အချည်းနှီးဖြစ်၏။ နိုင်နှင့် ငြိမ်းမောင်တို့သည် ရေကန်သို့ ရောက်သွားသည်။

ရေကန်မှာ ရေကန်ဆိုသော်လည်း မြေရေတွင်း အကြီးစားကြီးသာဖြစ်သည်။ အတော်လေးမှု ကျယ်ဝန်းသည်။

ရေကန်အစပ်၌ ဝါးပိုးဝါးလုံးများကို ပူးချည်ထားသော ဖောင်ကလေးတစ်ခုရှိသည်။ ဖောင်ကလေးကို ရေစပ်၌ ထိုးစိုက်ထားသော ဝါးလုံးရှည်တစ်ခု၌ ကြိုးဖြင့် ချည်ထားသည်။ ဦးထွန်းမောင်ကြီးသည် ဤဖောင်ကလေးပေါ်တက်၍ ထိုးဝါးဖြင့် ထိုးပြီး သွားလိုရာ သွားလျက် ရေကန်အတွင်းရှိ မှော်များ၊ ရေညှိများ ဖယ်ရှင်းသည်အား ကျွန်တော် တွေ့ဖူးသည်။

နိုင်နှင့် ငြိမ်းမောင်သည် ဖောင်လေးပေါ်သို့ ရောက်သွားသည်။

" နိုင် ... ရေထဲ လိမ့်ကျလိမ့်မယ်၊ မောင် လူကြီးတွေ အော်တိုင်လိုက်ရမလား "

ကျွန်တော်သည် အော်ရင်း မာလကာပင်ပေါ်မှ ဆင်းခဲ့သည်။

နိုင်က မမှုဘဲ ဖောင်ကြိုးကို ဖြေသည်။ ငြိမ်းမောင်က ထိုးဝါးကို နုတ်ကာ ထိုး၍ ရေစပ်မှခွာသည်။ ကျွန်တော် ကန်စပ်သို့ရောက်သောအခါ သူတို့နှစ်ဦးမှာ ကန်လယ်သို့ ရောက်နေပြီဖြစ်သည်။

နိုင်သည် လက်ခုပ်လက်ဝါးတီးကာ ရယ်မောရင်း ကျွန်တော့်ကို လှမ်းစသည်။

" ရက်ပါတယ်ဟေ့ ... ရက်ပါတယ်၊ မောင်တစ်ယောက်တည်း ကျန်နေရစ်ပြီ "

ကျွန်တော်က စိတ်ဆိုးသဖြင့် လှမ်းအော်ပြောသည်။

" အေး ... အေး ... ပျော်နေကြ၊ တော်ကြာ မြွေ့တွယ်မှ မငိုကြနဲ့ "

အမှန်ပင် ဤကန်ထဲ၌ မြွေ့ပေါသည်။ အချို့မြွေ့ကြီးများမှာ ကျွဲမြွေ့ဟုခေါ်၍ သွေးမဝခင်ကပင် လက်မလောက်ရှိသည်။

ကျွန်တော့်စကားပင် မဆုံးလိုက်။ နိုင်သည် သူ့ခြေထောက် သူပြန်ငုံ့ကြည့်ကာ အလန့်တကြား အော်သည်။

" အမလေး ... မြွေ့ကြီး ... မြွေ့ကြီး ..."

နိုင် တကယ်ပင် မြွေ့အတွယ်ခံရသည်။ နိုင်က အော်ငိုသဖြင့် ကျွန်တော်က လှမ်း၍အကြံပေးရသည်။

" မကြောက်နဲ့ နိုင်၊ လက်ဝါးကို တံတွေးဆွတ်ပြီး ဆွဲခွာပစ် "

နိုင်က ငိုရင်းတန်းလန်းဖြင့် ပြန်ဖြေသည်။

" ဟင့်အင်း ... ကြောက်တယ်၊ မကိုင်ရဲဘူး "

ကျွန်တော်က ငြိမ်းမောင်ကို လှမ်းအမိန့်ပေးရသည်။

" ငြိမ်းမောင် ... တံတွေးဆွတ်ပြီး ခွာပေးလိုက်ပါကွ "

သို့ရာတွင် သတ္တိခဲလေး ငြိမ်းမောင်ခမျာ နိုင့်ကို တွယ်နေသော မြွေ့အား ခွာပေးရဲရန် ဝေးစွ၊ သူပါ ထိတ်လန့်တကြား အော်သည်။

" အမလေးဗျ ... မြွေ့ကြီး ငါ့လည်းတွယ်ပြီ "

www.burmeseclassic.com



ငြိမ်းမောင်သည် ကြောက်အားလန့်အားဖြင့် ထိုးဝါးကို လွှတ်ပစ်လိုက်သည်။

ဖောင်ငယ်သည် ရေလယ်တွင် ပတ်ချာလည်နေသည်။ ဖောင်ထက်တွင် ခိုင်နှင့် ငြိမ်းမောင်သည် ကလေးပေါက်စကလေးများသဖွယ် အော်ငိုနေကြသည်။

ဘာလုပ်ရမှန်းမသိသော ကျွန်တော်က ကန်ကို ပတ်ပတ်လည်လှည့်ပြေးနေမိသည်။ ထို့နောက် အကြံရကာ … " မကြောက်နဲ့ ခိုင် … မောင်လာပြီ "ဟု အော်ရင်း ရေကန်တွင်းသို့ ခုန်ချသည်။

ကျွန်တော်သည် ရေလည်းကောင်းစွာ မကူးတတ်သေး။ ခွေးကူး ကူးရုံမျှသာ တတ်သေးသည်။

ကျွန်တော်က ဖောင်ဆီသို့ ကူးသွားသည်။ သို့ရာတွင် ဖောင်ဆီသို့ မရောက်။ ရေလယ်၌သာ ဘုံဘင် ဘုံဘင်နှင့် ရှေ့မတိုး၊ နောက်မဆုတ် တန့်ခံနေသည်။

ကျွန်တော့်ဒုက္ခကို မြင်သောအခါ ခိုင်သည် သူ့ဒုက္ခကို မေ့သွားဟန် အော်၏။

" မောင် ရေနစ်နေပြီ၊ မောင် ရေနစ်နေပြီ၊ ငြိမ်းမောင် သွားဆယ်ပါ "

ကျွန်တော်က ကျွန်တော် ရေမနစ်ကြောင်း လှမ်းပြောချင်သည်။ သို့ရာတွင် ပြော၍မရ။

ခိုင်ကသာ ဆက်အော်သည်။

" မောင် ရေနစ်နေပြီ … သွားပါဟ ငြိမ်းမောင် "

ငြိမ်းမောင်သည် သနားစရာ မျက်လုံးပြူးလေးဖြင့် ကျွန်တော့်ကို တစ်လှည့်၊ ခိုင့်ကို တစ်လှည့် ကြည့်နေရှာသည်။

" သွားပါဆို ဘာလုပ်နေတာလဲ … မောင် ရေနစ်နေပြီ "

ပြောပြောဆိုဆိုဖြင့် ခိုင်သည် ငြိမ်းမောင်ကို ရေထဲတွန်းချလိုက်သည်။ ငြိမ်းမောင်သည် ခဲလုံးကို ပစ်ချလိုက်သည့်ပမာ ရေထဲသို့ ကျလာသည်။ ရေအောက်နစ်သွားရာမှ တော်တော်နှင့် ပြန်ပေါ်မလာ။ ပြန်ပေါ်လာသောအခါ၌လည်း ခဏသာဖြစ်ပြီး လက်ကားယား ခြေကားယားဖြင့် ပြန်မြုပ်သွားပြန်၏။

ကျွန်တော်နှင့် ငြိမ်းမောင် ပေါ်လာရာမှာ အနည်းငယ် ကွာဝေးသဖြင့် ကျွန်တော်က သူ့ဆီ ကူးသွားသည်။ ငြိမ်းမောင်က ကြောက်အားလန့်အားဖြင့် ဖက်တွယ်သည်။ ကျွန်တော်တို့နှစ်ဦးလုံး ရုန်းရင်းဆန်ခတ် မြုပ်ချည်ပေါ်ချည် ဖြစ်နေသည်။ ထိုစဉ် ခိုင်ကပါ ခုန်ချလေသည်။

နောက်တစ်ချီ မမြုပ်မီ ကမ်းစပ်၌ ပေါ်လာသော ဦးထွန်းမောင်ကြီးနှင့် ကိုကို့ကို မသဲမကွဲ မြင်လိုက်ရသည်။

ရေအောက်၌ ငြိမ်းမောင်နှင့် ကျွန်တော် ကွဲသွားသည်။

ရေမွန်းသဖြင့် ကြောက်အားလန့်အား ရုန်းတက်လာသော ကျွန်တော်သည် ကမ်းစပ်နှင့် မလှမ်းမကမ်း၌ ပေါ်မိသည်။

ကမ်းစပ်မှနေ၍ ကိုကိုက သူ့လက်တံရှည်ကြီးများနှင့် လှမ်းဆွဲယူသောကြောင့် ကျွန်တော် ကုန်းပေါ်သို့ ရောက်လာသည်။

ဦးထွန်းမောင်ကြီးမှာမူ ရေကန်တွင်းသို့ ရောက်နေ၍ ရေမျက်နှာပြင်ပေါ် ဟိုဟိုသည်သည် ရှာနေ၏။

မကြာမီ ခိုင့်ခေါင်းလေး ပေါ်လာရာ ဦးထွန်းမောင်ကြီးက လှမ်းဆွဲသဖြင့် ဆံပင်ကို မိသည်။

ခိုင်သည် ကုန်းပေါ်သို့ ရောက်လာခဲ့၏။ ငြိမ်းမောင်မှာမူ ပေါ်မလာ။

ကိုကိုသည် ခိုင့်ကို သက်သာအောင် လုပ်ပေးနေခိုက် ဦးထွန်းမောင်ကြီးက ရေငုပ်ကာ ငြိမ်းမောင်ကို ရှာသည်။ ကျန်လူကြီးများကလည်း ကန်တစ်ဝိုက်သို့ ရောက်လာကြသည်။ ကိုကိုသည် ခိုင့်ကို ဖေဖေတို့လက်တွင်းအပ်၍ သူလည်း ရေဆင်းငုပ်သည်။

ဦးထွန်းမောင်ကြီး ဘွားကနဲ ပေါ်လာသည်။ ငြိမ်းမောင်မူ ပါမလာ။ ဦးထွန်းမောင်ကြီးသည် လေတစ်ချက်ရှူကာ ပြန်ငုပ်သွားပြန်သည်။ မကြာမီ ကိုကို ပေါ်လာသည်။ ကိုကိုနှင့်အတူ ငြိမ်းမောင် ပါလာသည်။

www.burmeseclassic.com



ထိုအချိန် ခိုင်သည် ရေမွှန်း၍ မျက်လုံးအပြူးသားနှင့် ကြည့်နေရှာသည်။

ကိုကိုတို့က ငြိမ်းမောင်ကို ခြေနှစ်ချောင်းကို ကိုင်၍ ပခုံးမှ ဇောက်ထိုးချကာ ထမ်းပြေးသည်။ ငြိမ်းမောင် ရေများအန်ပြီးသောအခါ ဖေဖေက မြေပြင်၌ ပက်လက်လှဲစေပြီး၊ လက်နှစ်ဖက်ကို ဆန့်ဆန့် တန်းအောင် ဆွဲစေလျက် လှန်ချည်၊ ထိုင်ချည် ပြုလုပ်ပေးသည်။

အတန်ကြီးကြာစွာ ထိုသို့ပြုလုပ်ပေးမှ ငြိမ်းမောင် ပြန်အသက်ရှူလာ၏။ ငြိမ်းမောင်ကို အဝတ်နွေးနွေးတို့ဖြင့် ထွေး၍ ကားပေါ်တင်လျက် ဖေဖေနှင့်အတူ ဆေးရုံကြီးသို့ အမြန်ခေါ်သွားရသည်။

ကျွန်တော်တို့ ပျော်ပွဲစားလည်း ပျက်လေသတည်း။

www.burmeseclassic.com



## ( ၁၀ ) တစ်ရေးမှောင့်သူ

ငြိမ်းမောင်သည် ရေနစ်၍ မသေသော်လည်း အဆုတ်အအေးမိသောကြောင့် ဆေးရုံ၌ ဆယ်ရက်ခန့် နေရ၏။

ဤကိစ္စကြောင့် ကျွန်တော်တို့တစ်အိမ်သားလုံး စိတ်မကောင်းကြ။ ငြိမ်းမောင်သည် ကျွန်တော် ဖိတ်သောဧည့်သည်ဖြစ်သဖြင့် တာဝန်ရှိရကား ဖေဖေသည် ငြိမ်းမောင်တို့မိဘအား တောင်းပန်ရသည်။

ခိုင်နှင့် ကျွန်တော်သည် နေ့တိုင်း ဆေးရုံသို့သွားကာ ငြိမ်းမောင်အား သတင်းမေးကြရသည်။ ကုတင်ထက် ပက်လက်ကလေး ဖြစ်နေရှာသော ငြိမ်းမောင်ကို တွေ့သောအခါ ကျွန်တော်သည် ရင်တွင်း၌ ဆို့မိသည်။ ယခင်က ငြိမ်းမောင်အား မည်မျှခင်သည်ကို သတိမပြုမိ။ ယခုမူ ငြိမ်းမောင်များ သေသွားလျှင်ဟု စဉ်းစားမိတိုင်း ရင်မှာ အောင့်အောင့်သွားသည်။

ခိုင်ကမူ မျက်ရည်လေးဝဲဝဲဖြင့် ငြိမ်းမောင်၏နဖူးကို စမ်းကြည့်သည်။ လက်ဖျံရှိ အကြောများကို နှိပ်၍ အဖျားသွေးရှိ မရှိ၊ စမ်းရသည်မှာလည်း အမော။

ငြိမ်းမောင်ကြောင့် ကျွန်တော်ရော၊ ခိုင်ရော စိတ်မကောင်းကြပါ။ သို့ရာတွင် ကျွန်တော်တို့ စိတ်မကောင်းသမျှ မတာရှည်။ အကြောင်းမူကား ငြိမ်းမောင်ဆေးရုံမှ မဆင်းမီတွင် ပျော်ရွှင်ဖွယ်ကောင်းသော သီတင်းကျွတ်ပွဲတော်ကြီး ရောက်လာသောကြောင့်ဖြစ်၏။

ကျွန်တော် အစီရင်ခံပြီးသည့်အတိုင်းပင် ထိုနှစ်သန်လျင်မြို့၏ သီတင်းကျွတ်ပွဲသည် မကြုံဖူးအောင် မီးတို့ဖြင့် ထိန်ထိန်ဝေ၍ ထွန်းလင်းစည်ကားလှသည်။

ကျွန်တော်တို့နှင့် ခိုင်တို့အိမ်သားများသည် အတူတကွ မီးထွန်းပွဲလျှောက်ကြည့်ကြသည်။ လူကြီးတို့ မလိုက်နိုင်ရကား ... ကျွန်တော်၊ ကိုကို၊ ကြိုင်၊ မြိုင်၊ ခိုင်နှင့် ဒေါ်စာဥ၊ မမေစန်းတို့လည်း လိုက်ကြသည်သာ များကြ၏။

သီတင်းကျွတ်လပြည့်နေ့၌ အစဉ်အလာအတိုင်း ကျွန်တော်သည် ဖယောင်းတိုင်ထုပ်များဖြင့် ကျွန်တော်တို့ဆွေမျိုး၊ လူကြီးများနှင့် အခြားသက်ကြီး၊ ဝါကြီးများကို လိုက်ကန်တော့သည်။ ကန်တော့ခံလူကြီးများက မုန့်ဖိုးပြန်ပေးသဖြင့် ကျွန်တော် အလွန်ပျော်ရွှင်သည်။ ကျွန်တော်နှင့် ခိုင်အား အရိုက်ခံရအောင် ကျောင်းသို့လိုက်တိုင်သော ဦးပိုးဖြူကြီးက အများဆုံး မုန့်ဖိုးပေးသည်။

ဖြူဖွေးလှပသော တီးလိုက်လျှင် တချွင်ချွင်မြည်သည့် ရွှေဒင်္ဂါးတစ်ကျပ်တိတိဖြစ်၏။

ထို့ကြောင့်လည်း ဘိုးဘိုးဦးပိုးဖြူကို ယနေ့ထိ ကျွန်တော် မမေ့ ...။

ခိုင်နှင့် ကျွန်တော်တို့အိမ်ရှိ လူငယ်အများကလည်း တစ်အိမ်နှင့် တစ်အိမ်ရှိ လူကြီးများကို အပြန်အလှန် ကန်တော့ကြသည်။

ကျွန်တော်နှင့် ကိုကိုက ခိုင်တို့မေမေနှင့် ဖေဖေကို သွားကန်တော့သည်။

ခိုင်တို့ဖေဖေနှင့် မေမေက ကိုကို့အတွက် ပိုးလုံချည်တစ်ထည်၊ ကျွန်တော့်အတွက် ချောကလက် တစ်ဘူး လက်ဆောင်ပြန်ပေးသည်။

ကျွန်တော်တို့အိမ်သို့မူ ကြိုင်ရော၊ မြိုင်ရော၊ ခိုင်ရော၊ လှိုင်ပါ လာကန်တော့ကြသည်။ ကန်တော့ခံသူများမှာ ဖေဖေ၊ မေမေနှင့် ကိုကိုတို့ ဖြစ်သည်။

ကျွန်တော့်ကိုမူကား မည်သူမျှ မကန်တော့ကြ။ မကျေနပ်သော ကျွန်တော်က ခိုင့်ကို လှမ်းပြောသည်။

" ခိုင် ... မောင့်ကို မကန်တော့ဘူးလား "

ခိုင်သည် မျက်မှောင်လေးကြုတ်ကာ စူစူလေး ပြန်ကြည့်သည်။

" မောင့်ကို ခိုင်က ဘာလို့ကန်တော့ရမှာလဲ၊ မောင်က ခိုင့်သူငယ်ချင်းပဲ၊ သူငယ်ချင်းအချင်းချင်း မကန်တော့နိုင်ပေါင် "

ထိုစဉ်က သုံးနှစ်ကျော်ကျော်သာ ရှိသေးသော လှိုင်သည် ဘာစိတ်ကူးပေါက်သည် မသိ၊ ကားယား ကားယားဖြင့် ကျွန်တော့်ရှေ့ ရောက်လာပြီး သုံးကြိမ်မက လေးငါးဆယ်ကြိမ် အားရပါးရ ကန်တော့သည်။

လူကြီးများ ဝိုင်းရယ်နေသည်။ ကျွန်တော်က လှိုင့်ကို ပွေ့ချီသွားပြီး ကျွန်တော့်အခန်းတွင်းရှိ ကစားစရာများအနက် လိုချင်တာယူရန် ပြသည်။ လှိုင်သည် ရိုးတိုက်မှ ဖေဖေ ဝယ်ပေးထားသော တစ်ဆယ်ကျပ်တန် သံပတ်မော်တော်ကားလေးကို ယူသွား၏။

ကျွန်တော်က မော်တော်ကားလေးကို သံပတ်လှည့်၍ ပြေးစေသည်။ လှိုင်က ဝမ်းသာရွှင်မြူးစွာ ခုန်ပေါက်အော်ဟစ်၍ လိုက်သည်။ ခိုင်သည်သာ ကျွန်တော်နှင့် လှိုင်ကို မကျေနပ်ဟန် မျက်စောင်းထိုး၍ ကြည့်သည်။ ခိုင် မကျေနပ်မှန်းသိသဖြင့် ကျွန်တော်သည် ကော်ပတ်ရုပ်တစ်ခုကိုယူ၍ ခိုင်အား ပေးသည်။ ထိုအခါ ခိုင်သည် ပို၍ဒေါပွသွားသည်။

" မလိုချင်ပါဘူး ... လှိုင့်ကိုသာ ပေးလိုက်ပါ "

ပြောပြောဆိုဆိုဖြင့် ခိုင်သည် ကော်ပတ်ရုပ်ကို လှိုင့်အား ပေးလိုက်သည်။ ကလေး လှိုင်ကမူ ဘာမှန်း မသိ၊ ကော်ပတ်ရုပ်ရော၊ သံပတ်ရုပ်ပါရ၍ မြူးရွှင်ခုန်ပေါက်နေ၏။

ကြိုင်၊ မြိုင်၊ ခိုင်၊ လှိုင်တို့အား ဖေဖေနှင့် မေမေက လက်ဆောင်ပြန်ပေးသည်။ ကျွန်တော် မှတ်မိသမျှ ကြိုင်နှင့် မြိုင်တို့အတွက် ဖောင်တိန်အကောင်းစားတစ်လက်စီ၊ ခိုင့်အတွက် တစ်တောင်ခန့်ရှိသော ကော်ပတ်ရုပ်ကြီးတစ်ရုပ်ဖြစ်သည်။

ကိုကိုက သီးသန့် လက်ဆောင်ပြန်ပေး၏။ ကိုကိုပေးသော လက်ဆောင်မှာ ပင်နီဖျင်များဖြစ်၏။

" ကိုကိုကတော့ ကြိုင့်အတွက်ရော၊ မြိုင့်အတွက်ရော၊ ခိုင့်အတွက်ရော ဒါတွေပဲ ပေးစရာရှိတယ်၊ တစ်ယောက် တစ်ဝတ်စာစီ၊ အင်းလေ ကြိုင်ကတော့ ဝတ်ပါ့မလား မသိဘူး ..."

ကြိုင့်မျက်နှာ၌ မသိမသာ ရက်သွေးဖျန်းသွားသည်။

ကိုကို့အား ကွက်ခနဲ တစ်ချက်လှမ်းကြည့်သည်။ ဘာမှတော့ ပြန်မပြော ...။

မြိုင်ကသာ သွက်လက်ပြုံးရွှင်စွာ ဆိုသည်။

" ကိုကိုကလည်း မမကြိုင်ကို မစပါနဲ့၊ မြိုင်တို့အားလုံး ဝတ်မှာပေါ့၊ မြိုင်က စက်ချုပ်တတ်တယ်၊ နက်ဖြန်ချုပ်မှာပေါ့၊ ဟုတ်လား မမကြိုင် ..."

ထိုညက မြိုင်တို့ ပြန်သွားကြသည်။

နောက်တစ်နေ့၌ ကြိုင်တို့၊ မြိုင်တို့ ကိုကိုလက်ဆောင်ပေးသော ပင်ဖျင်နီအင်္ကျီချုပ် ဖြစ်ကြသည်၊ မဖြစ်ကြသည် ကျွန်တော် မသိ။

သီတင်းကျွတ်ပွဲပြီး၍ နှစ်ရက်ခန့်အကြာတွင် ကိုကိုသည် ရတ်တရက် ရန်ကုန်သို့ ပြန်သွားသည်။ ကိုကို ရတ်တရက် ပြန်သွားသည် ဆိုသောစကားမှာ အလွန်မှန်သည်။ ကိုကိုပြန်မည့်အကြောင်းကို ကျွန်တော်တွင်မက ဖေဖေနှင့် မေမေပင် မသိ။

မပြန်ခင် တစ်ညက ကိုကိုကသည် မြို့ပေါ်ရှိ ကျောင်းသားများ၊ သခင်များနှင့် အလွန် ညနက်သည် အထိ စကားပြောနေသည်။

လဆုတ်၏ လဝန်းသည် ထွက်ပြီးစကတည်းက အိမ်သို့ မြိုင်နှင့် ခိုင်ရောက်လာကြသည်။ ထိုအချိန် ဖေဖေ၏စာကြည့်ခန်းအတွင်းတွင် ကိုကိုနှင့် သူ့မိတ်ဆွေများသည် တံခါးပိတ်ကာ ဘာတွေကို ဆွေးနွေး နေကြမှန်းမသိ။

ကျွန်တော်နှင့် ခိုင်မှာမူ ထုံးစံအတိုင်း ပီယာနိုတီးကြ၊ သီချင်းဆိုကြဖြင့် ပျော်ရွှင်နေ၏။

မြိုင်က ဆိုဖာတစ်ခု၌ထိုင်ကာ မဂ္ဂဇင်းတစ်အုပ်ကို ဟိုလှန်သည်လှန်နှင့် ရှိနေသည်။ မြိုင့်အမူအယာမှာ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟန်ရှိသည်။ မြိုင်၏ မျက်လုံးလေးများသည် ကိုကိုတို့ စည်းဝေးနေသော အခန်းဆီသို့ လှမ်းကြည့်နေသည်။

www.burmeseclassic.com



ည ၁၁–နာရီထိုးသည်အထိ ကိုကိုတို့အစည်းအဝေး မပြီးသေး၊ ခိုင်နှင့် မြိုင်သည် ကျွန်တော့်ကို နှုတ်ဆက်ကာ ပြန်သွားသည်။

မပြန်ခင် ခိုင်သည် ကျွန်တော့်ကို ဝတ္ထုစာအုပ်လေးပေးသွားသည်။

ဝတ္ထုအမည်မှာ " ကျန်ရစ်သူလေး "ဟု ခေါ်သည်။ စာရေးဆရာနာမည်မှာ ရန်အောင် ထင်သည်။

ကျွန်တော်သည် ဝတ္ထုစာအုပ်ကို စတင်ဖတ်မည်ပြုရိုက် မေမေပေါ်လာသည်။

" သား မအိပ်သေးဘူးလား ... ညဥ့်နက်လှပြီ "

" ဟင့်အင်း ... မောင် မအိပ်ချင်သေးဘူး ... ကိုကို့ကို စောင့်မလို့ "

" မောင့်ကိုကိုက ဘယ်တော့မှ ပြီးမှန်းမှ မသိဘဲ၊ သွား ... သွား အိပ်ချေတော့ "

ကျွန်တော်နှင့် ကိုကိုသည် တစ်ခန်းတည်း အတူအိပ်သည်။

မေမေ့ခြေသံ ပျောက်သွားသောအခါ၌ ကျွန်တော်က မီးကို အုပ်ဆိုင်းကာရံပြီး ဝတ္ထုခိုးဖတ်သည်။

ကျန်ရစ်သူလေးမှာ သနားကြေကွဲဖွယ် ကောင်းလှသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ကျွန်တော် မှတ်မိသမျှ စစ်ကိုင်းမြို့တစ်ဝိုက်၌ ဇာတ်လမ်းခံသည်။ ဇာတ်လိုက်မင်းသမီးမှာ ဆင်းရဲသား၊ သားသမီး တောသူလေး ဖြစ်၏။ ဇာတ်လိုက်ကား သူဌေးသား ကောလိပ်ကျောင်းသားတစ်ဦး ဖြစ်သည်။ သူတို့နှစ်ဦးအား လူကြီးများက သဘောမတူ၊ မည်သို့ခွဲလိုက်ကြသည်ကိုတော့ မမှတ်မိတော့၊ မင်းသားနှင့် မင်းသမီး ကွဲသွားသည်။ မင်းသားသည် အိုင်စီအက်(စ်) ဘွဲ့ယူရန် ဘိလပ်သို့ ထွက်ခွာသွားရသည်ဆို၏။ သူပြန်လာချိန်တွင် ချစ်သူလေးမှာ သေဆုံးနေသည်ဟု ကြားရသည်။ သူသည် ကြေကွဲမှုကို ဖြေဖျောက်ရန် စစ်ကိုင်းတောင်ရိုးဆီသို့ ထွက်လာခဲ့စဉ် သူ့ချစ်သူနှင့် အလွန်တူသော မိန်းကလေးတစ်ဦးကို တွေ့ရသဖြင့် အရူးပမာ လိုက်သည်။ မိန်ကလေးသည် သီလရှင်ကျောင်းတစ်ခုဆီသို့ တက်ပြေး၏။

ဇာတ်လမ်းဆုံးပုံမှာ လွမ်းဆွတ်ကြည်နူးဖွယ်ဖြစ်သည်။ ထိုမိန်းကလေးမှာ သေဆုံးသွားပြီဟု ဆိုသော မင်းသမီးလေးပင်ဖြစ်သည်။ မိန်းကလေးမှာ မေ့မြောသွားသဖြင့် လူတို့က သေပြီဟုထင်ကာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်။

သို့ရာတွင် အမှန် မသေ။ တစ်နေ့သ၌ စစ်ကိုင်းတောင်ရိုးမှ သီလရှင်တို့သည် ဆွမ်းခံထွက်လာရာမှ သင်္ချိုင်းကိုဖြတ်ကာ ပြန်လာကြသည်။ သင်္ချိုင်းမြေပုံတစ်ခုအတွင်းမှ ညည်းသံကြားရသဖြင့် ဖော်ထုတ်ကြသည်။ ထိုအခါမှ မိန်းကလေးသည် မေ့မြောရာမှ ပြန်လည်သတိရကြောင်း တွေ့ရသည်။ မိန်းကလေးကို သီလရှင်များက သူတို့ကျောင်းသို့ ခေါ်ဆောင်သွား၍ ကျန်းမာအောင်ပြုစုသည်။ မိန်းကလေး ကျန်းမာလာသောအခါ သီလရှင်ဆရာများ၏ ညွှန်ကြားချက်အတိုင်း တရားဓမ္မဖြင့် အေးချမ်းစွာနေ၏။

ရေစက်ဆုံသဖြင့် ဇာတ်လိုက်နှင့် ပြန်လည်ဆုံတွေ့ကြရာ ပျော်ရွှင်စွာ ပေါင်းကြလေသတည်း။

ကျွန်တော်သည် ဝတ္ထုထဲ၌ စွဲနေ၍ အချိန်ကုန်၍ ကုန်မှန်းမသိ၊ အောက်ထပ်မှ အစည်းအဝေးပြီး သူတို့ ပြန်ကြသံ ကြားရသည်။ ဂိတ်ထဲဆီမှ သန်းခေါင်ကျော်တစ်ချက်တီးသံကိုလည်း ကြားရသည်။

ကျွန်တော်သည် မေမေတို့မကြားအောင် ခြေသံကိုဖွနင်းကာ အောက်ထပ်သို့ ဆင်းခဲ့သည်။

အောက်ထပ်၌ ကိုကို့ကို တွေ့ရသည်။ ဧည့်သည်များလည်း မရှိတော့။

ကိုကို့မျက်နှာသည် တည်ကြည်၍ အုံ့မှိုင်းနေသည်။

ကျွန်တော့်ကို မြင်မှ ကိုကိုသည် ပြုံးပြလိုက်သည်။

" မောင် မအိပ်သေးဘူးလား၊ ကိုကို့ကို စောင့်နေတာလား "

" ဟုတ်တယ်၊ ကိုကို့ကို စောင့်နေတာ၊ စောစောတုန်းကလေ မမြိုင်လည်း ကိုကို့ကို လာစောင့်နေတယ် "

ကိုကိုသည် မျက်မှောင်ကြုတ်သွားသည်။ ထို့နောက်မှ အသာပြုံး၍ဆိုသည်။

" ဪ ... မြိုင် လာသွားသေးသလား "

www.burmeseclassic.com



ကိုကိုသည် ဤမျှသာဆို၍ စန္ဒယားခုံဆီသို့ လျှောက်သွားသည်။ ပီယာနိုခလုတ်များကို ဟိုနှိပ်၊ ဒီနှိပ်ဖြင့် နှိပ်၏။ မည်သည့်သီချင်းမျှမူ ထွက်ပေါ်မလာ။

အတန်ကြာမှ ကိုကိုသည် ကျွန်တော့်ကို အမိန့်ပေးသည်။

" ကဲ ... မောင် သွားအိပ်ချေတော့၊ ကိုကို ခဏလမ်းလျှောက်ဦးမယ် "

" မောင်လည်း လိုက်မယ်လေ "

" မောင့်ကို အိပ်ချေတော့လို့ ကိုကို ပြောနေတယ် "

ကျွန်တော်သည် ဘာမျှ ဆင်ခြေဆက်မပေးဝံ့တော့ဘဲ အိပ်ရန် အပေါ်ထပ်သို့ တက်ခဲ့၏။

ကျွန်တော်တို့အခန်းမှနေ၍ ခြံတွင်းသို့ ကောင်းစွာ လှမ်းမြင်နိုင်သည်။

ခြံတွင်း လရောင်အောက်မှ ကိုကိုသည် ဦးခေါင်းငိုက်စိုက်ချရင်း လက်နောက်ပစ်၍ လမ်းလျှောက်နေ၏။

ကျွန်တော်က ခိုင်တို့အိမ်အပေါ်ထပ် ပြတင်းဆီသို့ လှမ်းကြည့်မိသည်။ ပြတင်းခန်းဆီးသည် တစ်ဝက်တစ်ပျက် ပေါ်လုစ်နေ၏။ ပြတင်းဝ၌ လရောင်တို့ တိုက်ရိုက်စဉ်ပက်နေသဖြင့် ဖြူဝင်းလှပသော သဏ္ဌာန်လေးကို တွေ့ရသည်။

ကိုကိုသည်လည်း သူ့ကို လှမ်းမြင်ဟန် လမ်းလျှောက်နေရာမှ ရပ်လိုက်၏။ ပြတင်းဝမှ သူကလေးက ကိုကို့ကို လှမ်း၍ လက်ပြနှုတ်ဆက်ပြီး ပျောက်ကွယ်သွားသည်။

ကိုကိုက ခေတ္တမတုန်မလှုပ် ငြိမ်ရပ်နေသည်။ ထို့နောက် အိမ်ဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ပြန်လျှောက်လာ၏။

ကျွန်တော်သည် စောင်ကို ခေါင်းမြီးခြုံ၍ အိပ်ချင်ယောင်ဆောင်နေရာမှ တကယ်ပင် အိပ်ပျော်သွား၏။

နောက်တစ်နေ့နံနက် နေမြင့်မှ ကျွန်တော် နိုးသည်။ ထိုအခါမှ ကိုကို ရန်ကုန်သို့ ပြန်သွားပြီဖြစ်ကြောင်း ကျွန်တော် သိရသည်။

" မင်းကိုကိုက မြို့နီးဆို ပြန်သွားတာ ... မေမေတောင် ကိုဖိုးခင် ပြန်ပြောမှ သိရတယ် "

မေမေက မျက်ရည်စမ်းစမ်းဖြင့် ဆိုသည်။

" ဟင် ... ဒီလိုဆိုရင် ကိုကိုက မြိုင်တို့ကိုတောင် နှုတ်ဆက်မသွားဘူးပေါ့ "

" ဟဲ့ ... မေမေ့ကိုတောင် နှုတ်ဆက်မသွားတာ၊ မြိုင်တို့ကို သူဘာဖြစ်လို့ နှုတ်ဆက်သွားမလဲ "

မေမေ့ကို ကျွန်တော် ဖြေစရာရှိသည်။ သို့သော် ... အစိပ္ပါယ်ပေါက်အောင် ကျွန်တော် မဖြေတတ်။ ထို့ကြောင့် မေမေ့အပါးမှ ကျွန်တော် ထွက်ခဲ့သည်။

ညက တစ်ဖက်အိမ်ပြတင်းဝ၌ တွေ့ရသည်မှာ ဤအကြိမ်၌ ကြိုင်မဟုတ်၊ မြိုင်သာလျှင် ဖြစ်သည်ကို ကျွန်တော်တစ်ဦးတည်းသာ သိပါ၏။

❑

သီတင်းကျွတ်ပြီး ကျောင်းပြန်တက်သောအချိန်များသည် ပျော်ရွှင်ဖွယ်ကောင်းလှသည်။

ခြိမ်းခြောက်ဟိန်းဟောက်သော မိုးရာသီကုန်ခဲ့ပြီဖြစ်သဖြင့် စိုစိုစွတ်စွတ်နှင့် လမ်းမလျှောက်ရတော့။ နေမင်းသည် တောက်ပကြည်လင်နေ၍ ကျွန်တော်တို့ကိုယ်ပေါ်၌လည်း လှပသစ်လွင်သော အဝတ်အစားများကို လွတ်လပ်စွာ ဝတ်ဆင်နိုင်သည်။ သိုးမွေးဆွယ်တာအသစ်၊ သက္ကလတ်အင်္ကျီအသစ်၊ ရှူးဖိနပ်အနက်၊ အနီတစ်ရန်စီ အသစ်ရသဖြင့်လည်း ကျွန်တော် အထူးပျော်ရွှင်သည်။

ခိုင်၊ ငြိမ်းမောင်နှင့် ကျွန်တော်သည် သုံးယောက်အတူတူ ကျောင်းတက်မြဲတက်သည်။

ခိုင်က ရောင်စုံဂါဝန်လှလှလေးများ ဝတ်၍ ရှူးဖိနပ်နှင့်ပင်ဖြစ်သည်။ ငြိမ်းမောင်က ရှပ်အင်္ကျီရောင်စုံ ပုဆိုးအစိမ်းကွက်၊ အနီကွက်၊ အပြာကွက်တို့ကို ထည်လဲဝတ်သည်။ သူ့ခြေထောက်တွင် သဲကြိုးအပြာ၊

...sic.com

www.burmeseclassic.com



အညိုတပ်သော သားရေရှေ့ထိုးဖိနပ်ကလေးများကို စီးတတ်သည်။ ကုတ်အင်္ကျီလည်း ဝတ်သည့်အခါ ဝတ်သည်။

ငြိမ်းမောင်က အင်္ဂလိပ်လိုဝတ်သော ကျွန်တော့်ကို သဘောကျသည်။ ကျွန်တော်က သူ့လို ပုဆိုး ဝတ်ချင်သည်။ သို့ရာတွင် နှစ်ဦးလုံး လူကြီးများ ဆင်ပေးသမျှကိုသာ ဝတ်ကြရသည်သာတည်း။

သီတင်းမကျွတ်မီက စစ်ဆေးခဲ့သော ပထမအစမ်းစာမေးပွဲကြီးကိုလည်း ကျွန်တော်တို့သုံးဦးစလုံး အောင်မြင်ပြီးဖြစ်သည်။ ကျွန်တော်တို့အတန်းတွင် ကျွန်တော် ပထမ၊ ငြိမ်းမောင် ဒုတိယ၊ အဲမလီ တတိယ အသီးသီးရကြသည်။ ဝမ်းသာဖွယ်အကောင်းဆုံးမှာ ခိုင်သည် သူတို့အတန်း၌ ပထမရခြင်းပင်။

ကျွန်တော်နှင့် ငြိမ်းမောင်မှာ ဤကျောင်းကြီးတွင် အနေကြာပြီ။ ဤသို့ပင် ပထမ၊ ဒုတိယ တစ်လဲစီ ရနေကြသဖြင့် မဆန်းလှ။ စာတော်သူများဖြစ်ကြ၍ ဆရာ၊ ဆရာမများ၏ အချစ်တော်များ ဖြစ်ကြပြီးပြီ။ ခိုင်မှာ ယခုနှစ်မှ ရောက်လာသူဖြစ်သည်။ ယခု သူ့အတန်း၌ ပထမရသောအခါ ခိုင်လည်း ထင်ရှားလာပြီး ဆရာ၊ ဆရာမများ၏ ဂရုစိုက်ခြင်းကို ခံလာရသည်။

ကျွန်တော် သဘောအကျဆုံးမှာ ခိုင်သည် ယခင်ကလောက် မဆိုးတော့ခြင်းပင်ဖြစ်သည်။ အတန်းနှင့် ကျောင်း၌လည်း ဣန္ဒြေရလာသည်။ ကျောင်းတက်စဉ် လမ်း၌လည်း မကဲလွန်းတော့၊ ငြိမ်းမောင် ရေနစ်ပြီး ကတည်းက ခိုင်သည် မဟုတ်သည်ကို မလုပ်တော့ရန် ကျွန်တော်တားမြစ်သော စကားတို့ကို နားထောင် တတ်ခဲ့၏။ ငြိမ်းမောင်အပေါ်မှ နိုင်မြဲဆက်နိုင်သည်။

ကျွန်တော်တို့သုံးယောက်စလုံး ပျော်ရွှင်စွာ ကျောင်းတက်ရင်း ခရစ္စမတ်အခါကို မျှော်နေကြသည်။ ခရစ္စမတ်အခါ၌ ကျွန်တော်တို့ကျောင်းကြီးတွင် ပျော်ပွဲသဘင်တို့လည်းရှိသည်။ ပြေးပွဲ၊ ခုန်ပွဲတို့လည်းရှိသည်။ စာတော်သူ၊ အကျင့်စာရိတ္တကောင်းသူတို့ကို ဆုပေးပွဲလည်းရှိသည်။ ဆရာ၊ ဆရာမများထံမှ လက်ဆောင် များလည်း ရလေ့ရှိသည်။ ထို့ကြောင့် ခရစ္စမတ်အခါတော်ကို ကျွန်တော်တို့ မျှော်နေကြခြင်းဖြစ်သည်။ သို့ရာတွင် ထိုနှစ်၌ ကျွန်တော်တို့မျှော်သော ခရစ္စမတ်အခါ မရောက်မီ အခြားစိတ်ဝင်စားဖွယ် အဖြစ်အပျက် များက ပေါ်ပေါက်လာသည်။ ခရစ္စမတ်ပွဲအတွင်း၌ ကျွန်တော်တို့လည်း ကျောင်းမတက်ကြရတော့။

ထိုနှစ် ဆောင်းဦးကာလကတည်းက သန်လျင်မြို့နှင့် မြန်မာတစ်ပြည်လုံးတွင် ရာဇဝင်တွင်မည့် လှုပ်ရှားထကြွမှုများ ပေါ်ပေါက်လာခဲ့သည်။

သန်လျင်မြို့ အနှံ့အပြားတွင် သခင်တို့၏ တရားပွဲများ သိမ့်သိမ့်တုန်ဟည်းအောင် လူစည်လာသည်။

" မီးဒုတ် ... မီးဒုတ် ... ရှို့ ... ရှို့ ... သခင်မျိုးဟေ့ ဒို့ဗမာ၊ အရေးတော်ပုံ အောင်ပါစေ "

ဤကြွေးကြော်သံတို့လည်း ဆူညံနေသည်။ ကျွန်တော်တို့ကလေးများပင် အလွတ်ရ၍ အားတိုင်း အော်နေကြ၏။

သခင်မျိုးဟေ့ ... ဒို့ဗမာ ဆိုသောစကားကို ကိုကို ရှင်းပြထားသဖြင့် ကျွန်တော် နားလည်သည်။ မင်းရဲကျော်စွာ၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ အလောင်းမင်းတရားလက်ထက်တို့က ကျွန်တော်တို့အားလုံးသည် သခင်များ ဖြစ်ကြ၏။ အလောင်းဘုရားကမူ အင်္ဂလိပ်ကုလားဖြူများကို ဝါးရင်းတုတ်နှင့်ပင် ရိုက်နှက်ဆုံးမ မောင်းထုတ်ခဲ့ဖူးသည်။ ယခု ကျွန်တော်တို့ ကုလားဖြူတို့၏ ကျွန်ဖြစ်နေကြရသည်။

အရေးတော်ပုံအောင်ပါစေ ဆိုသောစကားကိုလည်း ရေးရေးနားလည်သည်။ အရေးတော်ပုံအောင်ပါစေ ဆိုသည်မှာ လွတ်လပ်ရေးရပါစေဟု ဆိုလိုခြင်းသာ ဖြစ်ရမည်။

မီးဒုတ် ... မီးဒုတ် ... ရှို့ ... ရှို့ ... ဆိုသောစကားကိုမူ ကျွန်တော်ကောင်းစွာ နားမလည်ခဲ့ပါ။ မီးဒုတ်သည် ဘာကိုရှို့ရမည်နည်း။ တစ်ခုခုကိုတော့ ရှို့ရမည်ဖြစ်၏။ သန်လျင်ဘီအိုစီကြီး မီးလောင်သည်ကို အမှတ်ရသဖြင့် ဘီအိုစီကြီးကိုပင် ရှို့ကြလိမ့်မည်ဟု ထင်သည်။

ရေနံမြေဟုခေါ်သော ချောက်၊ ရေနံချောင်းမှ အလုပ်သမားများ သပိတ်မှောက်ကြကြောင်းကို သတင်း ကြားရသည်။ သန်လျင်ဘီအိုစီမှ အလုပ်သမားများလည်း သပိတ်မှောက်ကြသည်။ မကြာမီတွင်ပင်

www.burmeseclassic.com



တစ်ပြည်လုံးရှိ ကျောင်းသားများလည်း သပိတ်မှောက်ကြသည်။ ကျွန်တော်တို့ကျောင်းကြီးလည်း ပိတ်လိုက်ရသည်။ ကျွန်တော်တို့ကျောင်းမှ ကျောင်းသားခေါင်းဆောင်များ ဖြစ်ကြသော ကျွန်တော့်အစ်ကိုဝမ်းကွဲများဖြစ်သည့် ကိုကိုသိန်း၊ ကိုကိုလှမြင့်တို့သည် အစိုးရကို အကြည်ညိုပျက်အောင် တရားဟောသည်ဆိုကာ အဖမ်းခံရသည်။ ထိုအခါ ကျောင်းသားများက သန်လျင်ဂါတ်ကြီးကို ဝိုင်းကြသည်။ ဂါတ်ဝင်းတံခါးများ ပိတ်ထားသဖြင့် ဂါတ်ဝင်းအပြင်မှနေ၍သာ အော်ကြ၊ ဟစ်ကြရလေ၏။

" မီးဒုတ် ... မီးဒုတ် ရှို့ ... ရှို့၊ ပုလိပ် ... ပုလိပ် အို့ ... အို့၊ သခင်မျိုးဟေ့ ဒို့ဗမာ၊ အရေးတော်ပုံအောင်ပါစေ "

ပုလိပ်တို့မှာ ခွေးဟု အခေါ်ခံရသဖြင့် အလွန်စိတ်ဆိုးကြောင်း ကြားရသည်။ သို့ရာတွင် ခွေးနှင့်အတူမိုက်သော ပုလိပ်များလည်း ရှိခဲ့ကြသည်။

ထိုစဉ်က သန်လျင် ပုလိပ်ဝန်ထောက်မှာ စီတုပ်ခေါ် မျက်နှာဖြူ ဘိလပ်သားတစ်ဦးဖြစ်သည်။ သန်လျင်ပုလိပ်ကျောင်း လက်ဖွေ့ထိုးပွဲတွင် မကြာခဏ ဒိုင်လုပ်သဖြင့်လည်းကောင်း၊ သူနေသောအိမ်မှာ ဖေဖေတို့ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင်တွင်ရှိ၍လည်းကောင်း သူ့ကို မကြာခဏ တွေ့ဖူးသည်။ သူသည် အရပ်ရှည်၍ မျက်လုံးပြာကြီးများဖြင့် ချောမောသော ဘိလပ်သားတစ်ဦးဖြစ်သည်။ အသက်မှာ ငယ်သေး၍ အိမ်ထောင်လည်း မရှိသေးသော လူပျိုဟု ဆို၏။

စီတုပ်သည် သန်လျင်မြို့ အရေးတော်ပုံကြီးအတွင်း လူမုန်းအများဆုံးသော အရာရှိကြီးတစ်ဦးဖြစ်လာခဲ့၏။

စီတုပ်စီးသော ကားကြီးမှာ ဘိလပ်မှ သူနှင့်အတူ သင်္ဘောဖြင့် တစ်ပါတည်း ယူလာခဲ့သည်ဆိုသော ကားအပြာကြီးဖြစ်သည်။ ကား၏သဏ္ဌာန်မှာ လိပ်ခုံးလုံးလုံးကြီးဖြစ်၍ ကျွန်တော့်မျက်စိထဲတွင် မလှ။ သို့ရာတွင် ဖေဖေတို့ကမူ ထိုကားကြီးသည် နောက်ဆုံးပေါ်ပုံစံဖြစ်သည်ဟု ချီးမွမ်းကြသည်။ ယင်းကားကြီးပေါ်၌ အမွေးရှည်နှင့် ခွေးကြီးကြီးနှစ်ကောင်လည်း အမြဲလိုက်ပါလာတတ်သည်။

စီတုပ်ကို ပုလိပ်များနှင့် အချို့သူတို့က " တုပ်သခင် "ဟု ခေါ်ကြသည်။ တုပ်သခင်သည် သပိတ်မှောက်သမားများ၊ သခင်အစည်းအဝေးများကြားသို့ သူ့ကားကြီးဖြင့် အတင်းဖြတ်မောင်းကာ တိုးဝှေ့လေ့ရှိသည်။ သူ့အနား ကပ်လာသူများကိုမူကား သူ့ခွေးကြီးများက လိုက်ကိုက်တတ်သည်။ စီတုပ်၊ သူ့ကားနှင့် သူ့ခွေးကြီးများကို သန်လျင်မြို့သူမြို့သားများက အလွန်မုန်းသည်။ စီတုပ်ကားကြီးမှာလည်း ခဲနှင့်အထုခံရသဖြင့် မှန်များကွဲကာ ပိန်ရှုံ့နေသည်။ သူ့ခွေးကြီးတစ်ကောင်မှာလည်း ခဲမှန်ကာ လက်ကျိုးသွားသည်ဟု ကြားရသည်။ လူတို့၏ ကြွေးကြော်သံတွင် စီတုပ်၏နာမည် ပါလာသည်။

" မီးဒုတ် ... မီးဒုတ် ... ရှို့ ... ရှို့

စီတုပ် ... စီတုပ် ... အို့ ... အို့ ...

သခင်မျိုးဟေ့ ... ဒို့ဗမာ ...

အရေးတော်ပုံ ... အောင်ပါစေ "

စီတုပ်က ဆက်၍ရမ်းသည်။ စီတုပ် ရမ်းသမျှ သခင်တို့ကလည်း ကြမ်းသည်။ ထိုခေတ်က သန်လျင်မြို့၌ ကြမ်းကြမ်းတရားဟောသဖြင့် နာမည်ကြီးသော သခင်နှစ်ဦး ရှိသည်။ တစ်ဦးမှာ သခင်မာဟုခေါ်သည်။ တခြားတစ်ဦးမှာ သခင်ဘနာဂျီဖြစ်၏။

သခင်မာသည် မျက်နှာရှည်ရှည်၊ မေးရိုးခိုင်ခိုင်၊ အသားညိုညိုဖြစ်၏။ သူ့ကြည့်ရသည်မှာ သူ့နာမည်နှင့်လိုက်အောင် မာသည်။ အလွန်ကြမ်းတမ်းရကား သူ့တရားပွဲများသည် လူစည်၏။

" စီတုပ်ဆိုတဲ့ကောင်ဟာ ခွေးသာသာကောင်ပဲ၊ ဒီကောင်ဟာ အိမ်စောင့်ခွေးပဲ၊ စီတုပ်မပြောနဲ့ ဘုရင်ခံဆိုတဲ့အကောင်ဟာလည်း အိမ်စောင့်ခွေးအကြီးစားပဲ၊ ခွေးဆိုရင် ခဲနဲ့ပေါက်လွှတ်ရတယ်၊ အင်္ဂလိပ် ခွေးကောင်တွေကို မြန်မာပြည်က ခဲနဲ့ ပေါက်ထုတ်ရမယ် ..."

www.burmeseclassic.com



ဤကဲသို့ ရဲရဲတောက်စကားများကြောင့် သခင်မာ တရားဟောလျှင် လူစည်၍ လက်ခုပ်သံ တဖြောင်းဖြောင်း ရှိမြဲတည်း။

သခင်ဘနာဂျီကား ပန်ချာပီကုလားကြီးဖြစ်သည်။ လူကြီးမှာ ကြီးသမျှ ဗောင်းထုပ်ကြီးလည်း ကြီးသည်။ နက်တိုင်လည်စည်း၊ သက္ကလတ်ကုတ်အင်္ကျီ၊ သက္ကလတ်ဘောင်းဘီရှည်၊ ရှူးဖိနပ်တို့ဖြင့် တန်ဆာဆင်ထားသော သခင်ဘနာဂျီသည် ဒို့ဗမာနှင့်တော့ မတူပါ။ သို့ရာတွင် သွားဖြူဖြူတို့ လက်ကနဲ ပေါ်လာတတ်သော မုတ်ဆိတ်မွေး ခြံရံအပ်သည့် သူ့ပါးစပ်တွင်းမှ စကားများသည် သခင်မာ၏ စကားကဲ့သို့ပင် ပထမတန်း ရဲရဲတောက်များ ဖြစ်၏။

“ ကျုပ်က ပန်ချာပီ၊ ခင်ဗျားတို့အခေါ်နဲ့ဆို ကုလားပေါ့၊ ကုလားပဲခေါ်ခေါ်၊ ပန်ချာပီပဲခေါ်ခေါ်၊ ကျုပ်လည်း ဒီမျက်နှာဖြူကောင်တွေကို မုန်းတယ်။ ဒီမျက်နှာဖြူတွေက ကုလားကော၊ မြန်မာကော ကျွန်လုပ်ထားတယ်။ ကုလားကော၊ မြန်မာကော ကျွန်မဟုတ်ဘူး သခင်တွေ၊ သိဒ္ဓတ္ထမင်းသားဆိုတာ ကုလားပဲ၊ သိဒ္ဓတ္ထမင်းသားက ဘုရားဖြစ်လာတဲ့ ဂေါတမဗုဒ္ဓကို အားလုံး ရှိခိုးရတယ်။ မြန်မာဆိုတာ သာကီဝင်မင်းမျိုး …။ သာကီဝင်ဆိုတာ သိဒ္ဓတ္ထမင်းသားရဲ့ အမျိုးအနွယ်တွေ၊ ကျွန်တော်တို့ တကောင်းအဘိရာဇာ စ,တဲ့အချိန်မှာ အင်္ဂလိပ်ခွေးကောင်တွေဟာ ကိုယ်တုံးလုံးချွတ်ပြီး အသားစိမ်း၊ ငါးစိမ်းကို ရေမဆေးဘဲ စားနေတာ၊ ထပ်သရီး သိပ်ရွံဖို့ကောင်းတယ်၊ ဒီခွေးမျိုးတွေဟာ အရိုင်းအစိုင်းတွေပဲ၊ ဟိုတစ်လောက ခင်ဗျားတို့ တဘောင်တွေ ပေါ်တယ်၊ နှစ်ပြားတန်ဆောင်း ပျားစွဲ၊ ကုလားခေါင်း ဓားဝဲ၊ စပါးတစ်တောင်း ငါးပဲ၊ ဟုတ်တယ် မဟုတ်လား၊ ဟုတ်တယ်၊ သိပ်ဟုတ်တယ်၊ ဒါပေမယ့် ဓားဝဲမှာက ကျုပ်တို့သာကီဝင်ကုလားတွေပေါ်မှာ မဟုတ်ဘူး၊ အင်္ဂလိပ်ကုလားဖြူ အရိုင်းအစိုင်းတွေပေါ်မှာ ဝဲမှာ ”

သခင်ဘနာဂျီ၏ စကားများသည် သခင်မာထက်ပင် ပို၍ ရဲ၍ ပိုတောက်သည်။

ဤသခင်နှစ်ဦးမှာ နာမည်ကြီးလှ၍ စကားပြောလည်းကောင်းလှသဖြင့် အစိုးရအမှုထမ်း၊ အရာထမ်းများပင် ရုပ်ဖျက်ကာ တိတ်တဆိတ် သွားနားထောင်ကြသည်။ ဤသူတို့အထဲတွင် ဖေဖေနှင့် ဦးမြဘူးလည်း ပါသည်။ ခိုင်နှင့် ကျွန်တော်တို့လည်း လိုက်ရသဖြင့် သူတို့ဟောသော တရားများကို မှတ်မိခြင်းဖြစ်သည်။

ဤသို့ ရဲရဲတောက်တရားများ အဟောကောင်းသဖြင့် သခင်မာနှင့် သခင်ဘနာဂျီတို့ အဖမ်းခံရသည်။ သူတို့ အဖမ်းခံရသောညဉ့်၌ ကျွန်တော်တို့ နှစ်အိမ်ထောင်မိသားစုများမှာ တနားနာနေခိုက်ဖြစ်သည်။ အဖမ်းမခံရမီလေးတွင် သူတို့နှစ်ဦးအား သန်လျင်မြို့ အမျိုးသမီးများက ပန်းကုံးစွပ်ကြသည်။ သခင်မာနှင့် ပန်းကုံးမှာ မလိုက်သော်လည်း ပန်ချာပီ ဗောင်းထုပ်၊ မုတ်ဆိတ်မွေး၊ ရင်ခွင်ကျယ်ကျယ်ကြီးနှင့် သခင်ဘနာဂျီမှာမူ ပန်းကုံးနှင့် အလွန်လိုက်သည်။ ထိုညက သခင်ဘနာဂျီကို ကျွန်တော်တို့တွေ့ရသည်မှာ ပန်းကုံးနှင့်ဖြစ်သဖြင့် ကုလားဆံပင်ညှပ်ဆိုင်များ၌ တွေ့ရတတ်သော ပန်းချီကားအတွင်းမှ ရာမမင်းသားနှင့် တူသလိုလို ကျွန်တော့်စိတ်ထဲ ထင်မိသည်။

ပုလိပ်များက ဆွဲခေါ်သွားရာ ပန်းကုံးကြီးစွပ်လျက်နှင့် သခင်မာနှင့် သခင်ဘနာဂျီတို့သည် ကန့်လန့်ကန့်လန့် ပါသွားရှာသည်။ သူတို့နှင့်အတူ ပုလိပ်များအနောက်မှလိုက်၍ လူအများက အော်ကြသည်။

**သခင်မျိုးဟေ့ … ဒို့ဘနာဂျီ**
**သာကီမျိုးဟေ့ … ဒို့ဗမာ။**
**ဒို့သခင် ဘနာဂျီကို လွှတ်ပစ်၊**
**နှစ်ပြားတန်ဆောင်း ပျားစွဲ၊**
**ကုလားဖြူခေါင်း ဓားဝဲ**
**အရေးတော်ပုံ … အောင်ပါစေ။**

www.burmeseclassic.com



ဤသို့လျှင် နောက်က အော်သူက အော်၍ ရှေ့မှ သွားသူက သွားသည်။ ဂါတ်ဝင်းကြီး၏ တံခါးပေါက်သို့ရောက်သော် မည်သူမျှ မလိုက်ရဲတော့။

" ဒို့ သခင်ဘနာဂျီကို လွှတ်ပစ်၊ ဒို့ သခင်မာကို လွှတ်ပစ် "

ဂါတ်ဝင်းအပြင်မှ ဆက်အော်နေကြသည်။

ခိုင်နှင့် ကျွန်တော်သည် ဤလူထုကြီးနှင့်ရော၍ လိုက်အော်ချင်ကြသည်။ သို့ရာတွင် လူကြီးများကြောင့် မလိုက်ရ။ ကျွန်တော်တို့အိမ်များမှာ ဂါတ်ဝင်းနှင့် နီးသဖြင့် ဤသို့ လူစုလူဝေးနှင့် အော်သံများကို မကြာခဏ ကြားရတတ်သည်။

သပိတ်မှောက်ထားသဖြင့် ကျောင်းကြီးလည်း ပိတ်နေရကား ကျွန်တော်တို့ အားနေကြသည်။ ထိုအခါ ကျွန်တော်တို့သည် ထုံးစံအတိုင်း မြရာတောဒ္ဓ ကစားကြ၏။ ဤရက်များအတွင်း ကစားကြသောအခါ တာဖံ လုပ်တမ်း မဟုတ်တော့။

ကျွန်တော်က သခင်မာ လုပ်သည့်အခါ လုပ်သည်။ သခင်ဘနာဂျီ လုပ်သည့်အခါ လုပ်သည်။ ငြိမ်းမောင်က ပုလိပ်အမြဲတမ်းလုပ်ရသည်။ ခိုင်သည် ကျွန်တော်၏ တစ်ဦးတည်းသော လူထုဖြစ်လေသည်။

**" ဒို့ သခင်မောင်ကို လွှတ်ပစ်၊ သခင်ဘနာဂျီကို လွှတ်ပစ်၊ မီးဒုတ် ... မီးဒုတ် ရှို့ ... ရှို့၊ ငြိမ်းမောင် ... ငြိမ်းမောင် အို့ အို့ "**

ငြိမ်းမောင်သည် ပုလိပ်လုပ်ရန် ဝန်မလေးသော်လည်း သူ့အား " အို့ ... အို့ ..."ဟု ခေါ်ခြင်းကိုမူ သည်းမခံနိုင်။ ထို့ကြောင့် နောင်ကစားကြသည့်အခါ ငြိမ်းမောင်က ပုလိပ်မလုပ်လိုဟု ကန့်ကွက်သည်။ ထိုအခါ ငြိမ်းမောင်သည် သခင်လုပ်၍ ကျွန်တော်က ပုလိပ်လုပ်ရမည်ကဲ့သို့ အခြေအနေ ရှိလာသည်။ ကျွန်တော်ကလည်း ပုလိပ်မလုပ်လို။ နောက်ဆုံးတွင်မူ သုံးယောက်အများသဘောတူ တာဖံလုပ်တမ်းပင် ပြန်ကစားကြသည်။

မည်သို့ဖြစ်စေ ကျွန်တော်တို့သုံးယောက်သည် အများနည်းတူ သခင်ဘနာဂျီအစစ်၊ သခင်မာအစစ် အတွက် ဂါတ်ဝင်းနားရောက်အောင်ကပ်၍ တကယ်ပင် အော်ချင်ကြသည်။

ငြိမ်းမောင်နေသောနေရာမှာ ဂါတ်နှင့် ဝေးသည်။ ခိုင်နှင့် ကျွန်တော့်ဖေဖေတို့က အစိုးရအမှုထမ်းများ ဖြစ်ကြ၏။ ထို့ကြောင့် ကျွန်တော်တို့ မည်သို့သောအခါမျှ အော်ခွင့်မရတော့ဟု ထင်စရာဖြစ်သည်။ သို့ရာတွင် မမျှော်လင့်ဘဲ ကျွန်တော်တို့ အော်ခွင့်ရခဲ့ကြပါ၏။

www.burmeseclassic.com



## ( ၁၁ ) ပင်ပင်နီ ယောထဘီနှင့်

ရေနံမြေအလုပ်သမားများ၏ လှုပ်ရှားမှုနှင့်အတူ ကျောင်းသားများ၏ လှုပ်ရှားမှုသည်လည်း ပြင်းထန်ထင်ရှားလာသည်။ ရေနံချောင်းမှ ရန်ကုန်သို့ ချီတက်လာသော ရေနံမြေအလုပ်သမားတပ်ကြီးကို ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ကိုဗဟိန်းနှင့် ကိုဗဆွေတို့က သွားရောက်ကြိုဆိုသည်။ ဗဟိန်းနှင့် ဗဆွေတို့ကို အင်္ဂလိပ်အစိုးရက ဖမ်းဆီးချုပ်နှောင်လိုက်ကြသည်။ တစ်ပြည်လုံးရှိ ကျောင်းသားများ ဒေါသအိုး ပေါက်ကွဲကြသည်။

ဒီဇင်ဘာလအတွင်း၌ တစ်ပြည်လုံး သိမ့်သိမ့်တုန်၍ မြန်မာ့ရာဇဝင်တစ်လျှောက် ဂယက်ပဲ့တင် ဆုံးလိမ့်မည်မထင်သော အဖြစ်အပျက်တစ်ရပ် ပေါ်လာသည်။

ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကျောင်းသား၊ ကျောင်းသူများသည် အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှု ယန္တရား ဗဟိုအချက်အချာဖြစ်သော အတွင်းဝန်များရုံးကို ဝိုင်းကြသည်။ လက်နက်မဲ့ကျောင်းသူ၊ ကျောင်းသား များကို အင်္ဂလိပ်လက်ပါးစေ ဂေါ်ရာစာသင်များက မြင်းနှင့်တိုက်၍ နံပါတ်တုတ်ဖြင့်ရိုက်သည်။ ရန်ကုန် တက္ကသိုလ် ဂျဒ်ဆင်ကောလိပ်ကျောင်းသား အောင်ကျော် ကျဆုံးခဲ့ရ၏။

အောင်ကျော် ကျဆုံးမှုသည် ပြည်သူလူထု၏ အသည်းနှလုံးကို လှံဖြင့်ဆွသကဲ့သို့ ဆတ်ဆတ်တုန် နာကြသည်။ ပြည်သူ့ဒေါသယမ်းပုံအတွင်းသို့ ဓာတ်ဆီလောင်းလိုက်သကဲ့သို့လည်းဖြစ်၏။ ကျောင်းသားတို့၏ အရေးတော်ပုံသီချင်းများသည် လူတိုင်း၏နှုတ်ဖျား၌ သီးနေ၏။

**" ကျောင်းသားတို့အပေါ် ... ကောင်းစားဖို့မျှော် ... ကြိုးစားတဲ့ ဗိုလ်အောင်ကျော် သတ်ဖို့ခိုင်းတဲ့ ဘမော်။**
**ဗမာပြည်ကြီးအရေးတော် သူဟာ ဖိစီးနေသနော် ... ဒဏ်ရာရအောင် အကြောင်းပြတဲ့ ဘမော် ရာထူးဂုဏ် ခုံမင်လို့ပဲ မှတ်ကြနော် ... မောင်ဘမော် နန်းရေးဝန်ကို ဒီရာထူးပြုတ်ရအောင်နော် ကြိုးစားကြပါ အဆွေတော် ... ဒို့ရဲဘော်အပေါင်းအဖော်တွေ ဗိုလ်အောင်ကျော်သတ္တိကို ချီးကျူးမမေ့နဲ့နော် ...**
**ဘမော် ဘဦးတို့က ရှုပ်သနော် ... တိုင်းသူပြည်သားများနဲ့ တို့အပေါ် ပုဒ်မပုဒ်ထီးများကို ထုတ်ဖော် ...**
**ပြည်သူများနဲ့ အစိုးရအပေါ် ဒို့ကြွေးကြော် ထောင်ကျတဲ့ ဥက္ကဋ္ဌမဟော် ကန့်ကွက်လွတ်လပ်ဖို့ တို့ရဲဘော် ..."**

ဤသီချင်းနှင့်အတူ ကြွေးကြော်သံအသစ်များလည်း ပေါ်လာ၏။

**" ဒေါက်တာဘမော် ... အို့ အို့၊ ဘဦး ဘဦး ... ရှူး ရှူး။ ပေါ်ထွန်း ပေါ်ထွန်း ... ကိုက် ကိုက် ..."**

ကျွန်တော်တို့ကလေးများသည် ဘာမှန်းမသိဘဲ ထိုသီချင်းနှင့် ကြွေးကြော်သံများကို သံကုန်ဟစ်ကာ အော်ဆိုကြသည်။ အော်ဆိုရသည်မှာလည်း အလွန်အရသာရှိ၏။

သန်လျင်မြို့ ဘောလုံးကွင်းအတွင်း၌ အစိမ်းရောင် ယူနီဖောင်းများဝတ်လျက် သေနတ်ကိုယ်စီဖြင့် စစ်ရေးပြနေသော မျက်နှာဖြူတပ်များကို တွေ့ရသည်။ သူတို့ကို အုပ်ချုပ်သူမှာ စီတုပ်ပင်ဖြစ်၏။

အင်္ဂလိပ်တပ်သားများ လှုပ်ရှားသကဲ့သို့ ဗမာ့တပ်သားများကလည်း လှုပ်ရှားကြသည်။ ထိုစဉ်က မြန်မာ့တပ်သားများသည် ဘောင်းဘီအဖြူနှင့် အင်္ကျီအနီဝတ်သည်။ သူတို့အား ဗမာ့လက်ရုံးတပ်သားဟု ခေါ်သည်။ ဗမာ့လက်ရုံးတပ်သားများသည် သခင်မများနှင့်အတူ ရန်ကုန်မှ သန်လျင်သို့ ဆိုက်ရောက်လာ၏။

သခင်မဆိုသည်မှာ မည်သို့ရှိသနည်းဟု တစ်မြို့လုံး ထွက်ကြည့်ကြသည်။ သခင်မများကား အသားညိုညိုတွင် သနပ်ခါးဘဲကျားလိမ်းထားသော ထဘီတိုတိုဖြင့် မိန်းမကြမ်းကြမ်းကြီးများ ဖြစ်ကြသည်။

လက်ရုံးတပ်သားများကလည်း သီချင်းဆိုကြ၏။

**" အမျိုးသမီးတို့ စဉ်းစားကြပါ။ အဓိကရုဏ်းမှာ ဒဏ်ရာရတာ … ဟောဒီရဲဘော်များ မကျေနပ်ပါ …"**

ကျောင်းသား၊ သခင်များ၊ ဆရာမများ၊ လက်ရုံးတပ်သားများဖြင့် သန်လျင်တစ်မြို့လုံးသည် အုံးအုံးကျွက်ကျွက် ထထကြွကြွ ဆူညံနေ၏။

ဤသို့အုံးကျွက်ဆူညံ ထကြွနေသော သန်လျင်မြို့ဆီသို့ မမျှော်လင့်ဘဲ ကိုကို ပြန်ရောက်လာသည်။ ကိုကိုသည် အိမ်သို့မလာ။ သူတို့ သခင်အစည်းအရုံးဆိုသည်မှာ တည်းသည်။ မကြာမီပင် ကိုကို၏ တရားပွဲများ ပေါ်ပေါက်လာ၍ လူအထူးစည်သည်။

ကိုကို့တရားပွဲများသို့ ကျွန်တော်တို့နှစ်အိမ်သားလုံး သွားကြပြန်သည်။ ကိုကိုသည် သခင်မာကဲ့သို့ မဆဲ၊ သခင်ဘနာဂျီကဲ့သို့ သာကီဝင်မင်းမျိုးများအကြောင်း မပြော၊ သို့ရာတွင် … ကိုကို၏စကားများသည် ရှင်းလင်းကာ လူတိုင်း နားလည်သည်။

**" အင်္ဂလိပ်က ကျွန်တော်တို့ကို ကျွန်လုပ်ထားတယ်။ ကျွန်လုပ်ထားတယ်ဆိုတော့ နဖားကြိုးထိုးတာပဲ၊ သူတို့နဖားကြိုးကိုလူတိုင်းမမြင်ဘူး။ သူတို့ထိုးထားတဲ့ နဖားကြိုးက စီးပွားရေးနဖားကြိုးပဲ၊ မြန်မာပြည်မှာ ဆန်၊ စပါး၊ ကျွန်းသစ်၊ ရေနံ၊ ဓာတ်သတ္တုစသည်ဖြင့် ရတနာများ ရှိတယ် …။ အဲဒီရတနာတွေကို ကျန်လူများထက် သန်လျင်မြို့သူမြို့သားများ အသိဆုံးဖြစ်တယ် …"**

ကိုကို့စကားများတွင် သွေးကြွဖွယ် မပါသော်လည်း ပရိသတ်အများက လက်ခုပ်တီးကြသည်။ ကြီးပြင်းလာမှ ကျွန်တော် စဉ်းစားမိသည်မှာ သန်လျင်မြို့လူထုသည် ကိုကို့စကားအနက်အဓိပ္ပာယ်ကို လက်တွေ့သဘောပေါက် နားလည်သောကြောင့်ဖြစ်၏။

ထိုစဉ်က သန်လျင်မြို့ ဘီအိုစီ၌ အမှုထမ်းသူအချင်းချင်းကိုပင် အဆင့်အတန်း ခွဲထားသည်။

သူတို့ခွဲထားသော အဆင့်အတန်းမှာ ဘိလပ်သားစစ်စစ်တို့က တစ်ဂိုဏ်း၊ အဖေ အမေ ဘိလပ်သား စစ်သော်လည်း ဘိလပ်၌ မမွေးဘဲ မြန်မာပြည်၊ ကုလားပြည်တို့တွင် မွေးသောသူများက တစ်ဂိုဏ်း၊ အဖေ ဘိလပ်သား ဖြစ်သော်လည်း အမေဖြစ်သူက ဗမာ၊ ကုလား၊ ကရင် တစ်ခုခုဖြစ်နေသည့် ကပြားများက တစ်ဂိုဏ်း စသဖြင့် ဖြစ်၏။

ထိုဂိုဏ်းဝင်အသီးသီး တာဝန်ချင်းတူသော်လည်း လခချင်း မတူကြ။ ကလပ်ခေါ် မဟုတ်တရုတ် ဝိုင်းကမြင်းကြသော အဆောက်အအုံများကိုပင် တခြားစီထားသည်။ ဘိလပ်သားစစ်စစ်တို့က သန်လျင်ဘီအိုစီ ဝင်းအတွင်း အိမ်ကြီး၊ အိမ်ကောင်း၊ ကားကြီးကားငယ်များဖြင့် ခံစားကြ၏။ သူတို့မွေးထားသော ကလေး များကို ကရင်အမျိုးသမီး အာယာများက ထိန်းသိမ်းရသည်။ သူတို့ကားများကို တိုက်ပုံအင်္ကျီဝတ်၍ ခေါင်းပေါင်းအနီ ပေါင်းအပ်သော ဗမာများက မောင်းရသည်။ သူတို့အိမ်တွင် စားပွဲထိုးသမားများကား သခင် ဘနာဂျီ ပြောသကဲ့သို့ သာကီဝင်စစ်စစ်ဖြစ်သော ကုလားများသာတည်း။

ဗမာ၊ ကုလားများကိုဆိုလျှင် အဖက်လုပ် စကားမပြောချင်သော ဗိုလ်ကပြားများသည် ဘိလပ်သား စစ်စစ်တို့၏ နေရာဝင်းအတွင်းသို့ ခြေပင်မချနိုင်။ မြို့တွင်း၌သာ ကြံဖန်နေရသည်။

ဘိလပ်စစ်စစ်တို့၏ ကလပ်မှာ ဘီအိုစီဝင်းကြီး အတွင်း၌သာရှိသည်။ ကပြားတို့အတွက် ဘီအိုစီ ဝင်းနှင့် သန်လျင်မြို့အကြား ဒါရကာကုလားသင်္ချိုင်းနှင့် မနီးမဝေးတွင် ရှိသည်။ ကပြားကလပ်တွင် ဗိုလ်ကပြား၊ ဗိုလ်ကြက်ချေး၊ ဗိုလ်နံ့ပြည်စုတ်ပေါင်းတို့ တက်ကြသည်။

www.burmeseclassic.com



ဗမာ၊ ကရင်၊ ကုလားစသော အရှေ့တိုင်းသား ဘီအိုစီအလုပ်သမားများအတွက် ထိုဗိုလ်ကြက်ချေး၊ ဗိုလ်နံ့ပြည်စုတ်တို့၏ အပါးသို့ပင် ကပ်ခွင့်မရှိ။

ဤမျှ လူတန်းစားခွဲထားသည် ဖြစ်ရကား၊ ဘိလပ်သားစစ်စစ်ကို ကပြား၊ ကြက်ချေး၊ နံ့ပြည်စုတ်တို့က မကျေနပ်။ ကပြား၊ ကြက်ချေး၊ နံ့ပြည်စုတ်တို့ကို ဗမာ၊ ကုလားစသော အရှေ့တိုင်းသားများက မကျေနပ်။ ထို့ကြောင့်လည်း ကိုကို၏ ဟောကြားချက်ကို သန်လျင်မြို့သူမြို့သားများက လက်ခုပ်လက်ဝါးတီး၍ ပြင်းပြင်းထန်ထန် ထောက်ခံကြခြင်းဖြစ်၏။

ကိုကို ဟောပြောပြီးသောအခါ စင်မြင့်ပေါ်တက်၍ ကျောင်းသူကျောင်းသားများက သီချင်းဆိုသည်။ သူတို့ဆိုသော သီချင်းမှာ မြန်မာပြည်ကြီးမှ သယံဇာတပစ္စည်းများကို နိုင်ငံခြားသားများက သွေးစုပ်ယူခြင်း အကြောင်းပင် ဖြစ်၏။ သီချင်းကို အစအဆုံး ကျွန်တော် မရတော့၊ မှတ်မိသမျှကား ...။

**" ရွှေကို ယူသည်။ ငွေကို ယူသည်။ ပြီးတော့ လူကိုပါ ယူသည်။ အမျိုးပျောက်မှာ စိုးကြောက်ပါလှသည်။ ကြာရင် နစ်မွန်းမည်။ မြန်မာဘုရင် အာဏာရှင် မရှိလေပြီ ...၊ ငါတို့ဌာနီ စားခွက် လုကြသည် "**

ထိုညတရားပွဲ ပြီးပြီးချင်း ပုလိပ်များက ကိုကို့ကို ဖမ်းကြသည်။ ကိုကို့နောက်မှ လူအုပ်ကြီးသည် လိုက်ကြ၏။ ကျွန်တော်နှင့် ခိုင်က လူအုပ်ကြီးနှင့်အတူ လိုက်ချင်ပြန်သည်။ လူကြီးများက ဆွဲထားသဖြင့် မကျေမနပ်နှင့် အိမ်သို့သာ ပြန်ခဲ့ရ၏။

ဖမ်းဆီးထားသော သခင်ကျောင်းသားတို့ကို ခိုင်တို့ဖေဖေ ဦးမြဘူးက စစ်ဆေးကာ စီရင်ချက်ချသည်။ စစ်ဆေးစီရင်ချက်ချရသည်မှာလည်း ရက်မကြာ၊ ဆွဲချခေါ် ပုလိပ်ရာဇဝတ်အုပ်က တရားခံများကို အစိုးရအား အကြည်ညိုပျက်အောင် တရားဟောသည်ဟု လျှောက်လဲချက်ပေးသည်။ မည်သည့်တရားခံများမှ ဆွဲချ၏ စွပ်စွဲချက်ကို မငြင်း။ အင်္ဂလိပ်အစိုးရကို အကြည်ညိုပျက်အောင်ဟောကြားခဲ့သည်ကို မငြင်းရုံမက တရားခွင်တွင်ပင် ဆက်လက်၍ အင်္ဂလိပ်အစိုးရမကောင်းကြောင်းများ ဟောကြားသေးသည်။ သူတို့၏ ဆောင်ပုဒ်ကား ... " အမေကမွေး ထောင်ကကျွေး "ဟူသတည်း။

ကိုကို့ကို အမှုစစ်သောနေ့တွင် လူကြီးများက ရုံးသို့မသွား။ သို့ရာတွင် မြိုင်ခေါင်းဆောင်၍ ခိုင်၊ ကျွန်တော်နှင့် ငြိမ်းမောင်တို့သည် တရားခွင်၌ ထိပ်ဆုံးက ထိုင်နေကြသည်။ ကျွန်တော်တို့အားလုံးသည် ပင်နီအင်္ကျီများကို ဝတ်ထားကြသည်။ ပထမဆုံးအနေဖြင့် ကျွန်တော်သည် ပုဆိုးဝတ်ခဲ့ရ၏။

ဖေဖေသည် သန်လျင်မြို့၌ ကျော်ကြားသော ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ ကိုကို့ကို စီရင်ချက်ချမည့် တရားသူကြီးမှာလည်း ဖေဖေနှင့် ခင်မင်ရင်းနှီးသော အိမ်နီးနားချင်းမိတ်ဆွေဖြစ်ကြောင်း လူတိုင်း သိကြသည်။ ထို့ကြောင့် ထိုနေ့က ရုံးတွင် ပရိသတ်တို့ ပြည့်လျှံနေ၏။ တရားခွင်ရှေ့ဆုံးမှ ထိုင်နေသော တရားသူကြီး၏ ပင်နီဝတ်သမီးများအကြောင်း သိသောအခါ သတင်းထောက်များကလာ၍ ဓာတ်ပုံရိုက်ကြသည်။

ဆွဲချရာဇဝတ်အုပ်က စွဲချက်များတင်ပြီးသောအခါ တရားသူကြီးဦးမြဘူးသည် ကိုကို့ကို ကြည့်၍ တည်ကြည်စွာဖြင့် မေးသည်။

" တရားခံ မောင်ထွန်းအောင် ... မောင်မင်း၌ အပြစ်ရှိကြောင်း စွပ်စွဲချက်ကို ကြားပြီးပြီ၊ ဘာများ ထုချေကန့်ကွက်လိုသလဲ "

ကိုကိုသည် ပြုံးရွှင်တည်ငြိမ်စွာဖြင့် ပြန်ဖြေသည်။ ကိုကို့အသံမှာ ခါတိုင်းလိုပင် အေးချမ်းကြည်လင်နေသည်။

" တရားသူကြီးမင်းခင်ဗျား ... အင်္ဂလိပ်လုပ်ထားသော ဥပဒေအရ ကျွန်တော့်မှာ အပြစ်ရှိမည်ဆိုလျှင် မငြင်းပါ။ သို့ရာတွင် ဤဥပဒေတို့မှာ ဥပဒေစစ်စစ် မဟုတ်။ အားကြီးသူက အားနည်းသူကို နှိမ်နင်းရန် ပြုလုပ်ထားသော ချုပ်ချယ်မှုများသာဖြစ်သည်။ အပြစ်ရှိ မရှိ ဖြေရလျှင်မူ ကျွန်တော်၌ အပြစ်မရှိ။ မြန်မာ

www.burmeseclassic.com



ပြည်သူပြည်သားများကို မတရားလာရောက်ဖိနှိပ်ထားသော အင်္ဂလိပ်များနှင့် အင်္ဂလိပ်ဘုရင်ခံ၌သာ အပြစ်ရှိသည်ဟု လျှောက်လဲလိုပါသည် ”

ကိုကို့အဖြေကြောင့် ရုံးတွင်းရှိ ပရိသတ်အားလုံးတို့ လက်ခုပ်တီးသြဘာပေးကြသည်။

ကျွန်တော်က ရင်တထိတ်ထိတ်ဖြင့် စီရင်ချက်ကို နားထောင်နေသည်။ ခိုင်နှင့် မြိုင်တို့၏ ဖခင်ဖြစ်သော တရားသူကြီးဦးမြဘူးသည် ကိုကို့ကို ထောင်မချဟု ယုံကြည်သည်။

ထိုစဉ် ဦးမြဘူးသည် စီရင်ချက်ကို ဖတ်သည်။ ထုံးစံအတိုင်း စီရင်ချက်မှာ ရှည်သည်။ နောက်ဆုံးစကားရပ်များကား …

“ … ဤအချက်များကို ထောက်ရှုသဖြင့် တရားခံ၌ အပြစ်ရှိကြောင်း ထင်ရှားသည်။ ထို့ကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃–လ ကျခံစေ …”

တစ်ရုံးလုံးမှာ ဆိတ်ငြိမ်သွားသည်။ မမျှော်လင့်သော စီရင်ချက်ကို ကြားရသဖြင့် ကျွန်တော်သည် ထိတ်လန့်ကာ ခေတ္တမျှ ကြောင်သွား၏။ ထိုစဉ် ကိုကိုက ပြုံး၍ ကျွန်တော့်အား လှမ်းကြည့်သည်။ ကျွန်တော်သည် ရုတ်ချည်း သတိရ၍ ထအော်သည်။

**“ သခင်မျိုးဟေ့ … ဒို့ဗမာ ”**

ဆိတ်ငြိမ်နေသော ရုံးခန်းကို ကျွန်တော်၏ အသံက ခွင်း၍ပေါ်လာသည်။ ကျွန်တော့်ဘေးမှ ခိုင်ကလည်း လက်သီးလက်မောင်းတန်း၍ ထအော်သည်။

**“ အရေးတော်ပုံ … အောင်ပါစေ ”**

ခိုင်နှင့် ကျွန်တော် အော်သောအခါ ငြိမ်နေသော မြိုင်သည်လည်း ထအော်သည်။ မြိုင်နှင့်အတူ ငြိမ်းမောင်လည်း ထအော်သည်။

**“ ပုဒ်မပုဒ်ထီးတွေ အလိုမရှိ**
**အရေးတော်ပုံအောင်ပါစေ ”**

ထိုတွင်မှ ပရိတ်သတ်ကြီးသည် လှုပ်ရှား၍ ဝိုင်းအော်သည်။

“ အင်္ဂလိပ် … အင်္ဂလိပ် … အို့ အို့၊ သခင်မျိုးဟေ့ ဒို့ဗမာ၊ ကိုထွန်းအောင်ကို လွှတ်ပစ်၊ ဖမ်းထားတဲ့ ရဲဘော်တွေကို လွှတ်ပစ်၊ ပုဒ်မ .. ပုဒ်ထီး အလိုမရှိ၊ အရေးတော်ပုံ အောင်ပါစေ ”

ပုလိပ်များက ကိုကို့ကို ဂါတ်တဲအချုပ်ခန်းသို့ ပြန်ခေါ်သွားကြသည်။ ကိုကိုတို့နောက် ရှေ့ဆုံးမှ မြိုင်၊ ကျွန်တော်နှင့် ငြိမ်းမောင်တို့သည် လက်သီးလက်မောင်းတန်း၍ အော်ဟစ်လိုက်ပါလာခဲ့သည်။ ကျွန်တော်တို့ နောက်မှ လူအုပ်ကြီးလည်း တစ်ခဲနက် လိုက်ပါခဲ့၏။

ကျွန်တော်တို့သည် ဂါတ်တဲဝင်းအပြင်မှာ ဆက်လက်အော်နေကြသေးသည်။ မည်မျှအော်ကြသနည်း ဆိုသော် ဖေဖေ လာခေါ်သဖြင့် ပြန်ခဲ့ရ၍ အိမ်သို့ရောက်သောအခါ အသံများ ဝင်ကုန်ကြပြီ။

ထိုနေ့ညက ညစာထမင်းမစားဘဲ မေမေသည် စောစောအိပ်ရာဝင်သည်။ မအိပ်ဘဲ မေမေငိုနေကြောင်း ကျွန်တော် နားလည်သည်။

ကျွန်တော် နားမလည်သည်မှာ ခိုင်တို့ဖေဖေ ဘာကြောင့် ကိုကို့ကို ထောင်ချရသနည်း။ ဤသည်ကို လုံးဝ မကျေနပ်။

ညဦး၌ ဦးမြဘူးနှင့် ဒေါ်လှယဉ်တို့သည် ကျွန်တော်တို့အိမ်ဘက် ကူးလာသည်။ ဒေါ်လှယဉ်က မေမေ့အခန်းဆီ တက်သွားခိုက် ဦးမြဘူးနှင့် ဖေဖေက စာကြည့်ခန်းအတွင်း၌ စကားပြောနေကြသည်။

ညနက်မှ ပြန်သွားကြသော ဦးမြဘူးရော ဒေါ်လှယဉ်ပါ မျက်နှာမကောင်းကြ။

ဖေဖေသာလျှင် ဘာမှမဖြစ်သကဲ့သို့ ကြည်ကြည်လင်လင် ဣန္ဒြေရရဖြင့် ရှိနေသည်။

ကျွန်တော်က ဖေဖေ့အနား ကပ်သွားသည်။ ဖေဖေသည် ဆေးပြင်းလိပ်ခဲရင်းက စာတစ်အုပ် ဖတ်နေရာမှ မော့ကြည့်ပြီး ပြုံးချိုစွာ စကားဆို၏။

www.burmeseclassic.com



" မောင်က ကိုကို ထောင်ကျလို့ စိတ်မကောင်း ဖြစ်နေသလား "

ကျွန်တော်က ရင်ကိုကော့ပြီး မာနကြီးစွာ ပြန်ပြောသည်။

" မောင် စိတ်မကောင်းဖြစ်နေတာ မဟုတ်ပါဘူး ... မောင့်ကိုကိုက သူရဲကောင်းပဲ ..."

ဖေဖေသည် ကျေနပ်စွာပြုံးပြီး ပြန်မေးသည်။

" ဒါဖြင့် မောင်က ဘာမေးချင်လို့ ဖေဖေ့ဆီ ကပ်လာသလဲ "

" မောင် ... မေးစရာရှိတယ် ..."

" မေးလေ ... သား "

" ဦးလေး ဦးမြဘူးက မောင့်ကိုကိုကို ဘာလို့ထောင်ချရသလဲ "

ဖေဖေသည် မျက်မှောင်တစ်ချက်ကြုတ်သွားပြီးနောက် ဘာကိုသဘောကျသည်မသိ၊ အားရပါးရ ရယ်သည်။

" ဖေဖေ ဘာရယ်တာလဲ ..."

" မောင့်ကို သဘောကျလို့ ရယ်တာပေါ့ ... မောင်က ဦးမြဘူးကို စိတ်ဆိုးနေသလား "

" မောင် စိတ်ဆိုးတယ် "

" စိတ်မဆိုးပါနဲ့ သားရယ် ...၊ ဦးမြဘူးကလည်း မောင့်ကိုကို့ကို ချစ်တာပါပဲ "

" မောင့်ကိုကို့ကို ချစ်ရင် ဘာလို့ထောင်ချရသလဲ ..."

ဖေဖေသည် ဆေးပြင်းလိပ်ကို ပါးစပ်မှချွတ်လိုက်ပြီး အနီးရှိ ပြာခံခွက်တွင်း ထည့်လိုက်သည်။ မျက်နှာမှာ ပြန်လည်၍ တည်ကြည်သွားပြီး ကျွန်တော့်ကို စိတ်ရှည်စွာ ရှင်းပြသည်။

" ဦးမြဘူးက သူ့ဝတ္တရား သူဆောင်ရွက်တာ၊ ဝတ္တရားဆိုတာက ကိုယ့်အလုပ်ကိုယ် ကျေပွန်အောင် လုပ်တာကို ခေါ်တယ် ..."

" ဖေဖေ့အလုပ် ဆရာဝန် ...၊ ဆရာဝန့်ဝတ္တရားက လူနာကို ဆေးကုပေးရတယ် ...၊ လူနာဆိုရင် ချစ်ချစ်၊ မုန်းမုန်း၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ရောဂါပျောက်အောင် ကုသပေးရတယ် .. ၊ ဒါကို ဝတ္တရားလို့ခေါ်တယ် ...။ မောင် နားလည်ရဲ့လား ..."

" မောင် နားလည်ပါတယ် ဖေဖေ ..."

" တရားသူကြီးရဲ့ဝတ္တရားက ဥပဒေကို ထိန်းပေးရတယ် ...။ ဥပဒေကို ဖောက်ချိုးရင် ချစ်ချစ်၊ မုန်းမုန်း၊ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ အပြစ်ပေးရတယ် "

" ဒါဖြင့် ကိုကို့မှာ အပြစ်ရှိသလား ..."

" အင်္ဂလိပ်တွေလုပ်ထားတဲ့ ဥပဒေအရဆိုရင် အပြစ်ရှိတယ် ...။ မောင့်ကိုကိုပြောသွားတာ ကြားတယ် မဟုတ်လား၊ အဲဒီဥပဒေကို မကြိုက်ရင် လွတ်လပ်ရေးရအောင် လုပ်ရမယ် ...။ လွတ်လပ်ရေးရအောင်လုပ်ဖို့က မောင့်ကိုကိုတို့ ဝတ္တရား ...။ မောင့်ကိုကိုလည်း သူ့ဝတ္တရား သူကျေအောင် လုပ်သွားတာပဲ "

" ဒါဖြင့် ... မောင် ဘာလုပ်ရမလဲ ..."

" မောင်လည်း ကြီးလာရင် မောင့်ဝတ္တရား ကျေပွန်အောင်လုပ်ပေါ့။ မောင်ကြီးလာရင် ဘာလုပ်ချင်လဲ ..."

ကျွန်တော့်အတွက် ဖြေစရာ အဆင်သင့်ရှိသည်။

" မောင် ကြီးလာရင် ကိုကို့လိုပဲ လွတ်လပ်ရေးရအောင် လုပ်မယ်၊ ပြီးတော့ ဖေဖေ့လိုပဲ ဆရာဝန်ကြီး ဖြစ်အောင်လုပ်မယ် ..."

" ပြီးတော့ ဖေဖေ့လိုပဲ ဆရာဝန်ကြီး ဖြစ်လာအောင်လုပ်မယ် ... ဟုတ်လား "

ဤအကြိမ်တွင်ဖေဖေသည် ကျွန်တော့်ကို ပွေ့ဖက်ယူ၍ ပေါင်ပေါ်တင်သည်။

" ဒါမှ ဖေဖေ့သား၊ ကိုကို့ညီ၊ ဝတ္တရားအကြောင်း ဖေဖေ ပုံပြောပြမယ်၊ နားထောင် "

www.burmeseclassic.com



ထိုညက ဖေဖေသည် ကျွန်တော့်ကို ပုံနှစ်ပုံ ပြောပြသည်။

တစ်ပုံမှာ ဒတ်ချ်လူမျိုးကလေးတစ်ဦးအကြောင်းဖြစ်သည်။ ဒတ်ချ်လူမျိုးတို့နေရာမှာ ပင်လယ်ဖြင့် ဝိုင်းနေသဖြင့် ရေကာတာကြီးများ ကာထားရသည်။ ရေကာတာ ကျိုးပေါက်လျှင် ပင်လယ်ရေလွှမ်းကာ လူအားလုံး သေကုန်မည်။ တနေ့သ၌ လူကလေးတစ်ဦးသည် ရေကာတာတစ်လျှောက် ဆော့ကစားနေရာမှ ရေကာတာတွင် အပေါက်ကလေးတစ်ခု တွေ့သည်။ အပေါက်ကလေးမှာ ရေတို့ တိုးဝင်စီးကျနေသည်။ ဤသို့သာ ရေတို့ စီးဝင်ကျသော် တဖြည်းဖြည်းနှင့် ရေကာတာကြီး ပေါက်ကျိုးလာမည်ဖြစ်ကြောင်း လူကလေး သိသည်။ လူကလေး ရောက်သောနေရာမှာ ရွာနှင့် ဝေးသည်။ ရွာအရောက် ပြန်ပြေးပြောလျှင် ရေစားသဖြင့် ရေကာတာကြီး ပြိုသွားနိုင်သည်။ ထိုအခါ လူကလေးသည် ကြံရာမရသဖြင့် အပေါက်ကလေးအတွင်း သူ့လက်ညှိုးကလေးကို ထိုးသွင်းပိတ်ဆို့ထားသည်။ လူကလေးသည် ချမ်းအေးသောတစ်ညလုံး ရေပေါက်ကို လက်ညှိုးကလေးဖြင့် ဆို့ပိတ်၍ မအိပ်ဘဲ နေရှာသည်။ လူကလေး ပျောက်နေသဖြင့် မိဘများနှင့် လူကြီးများက တစ်ညလုံး လိုက်ရှာကြသည်။ နံနက်လင်းမှ လူကလေးကို တွေ့ကြရသည်။ ထိုအချိန်၌ လူကလေးမှာ ချမ်းအေးလွန်းသဖြင့် သတိလစ် မေ့မြောနေသည်။ သို့ရာတွင် သူ့လက်ညှိုးကလေးကား ရေပေါက်ကို ဆို့ပိတ်လျက်သာတည်း။ လူကလေးကျေးဇူးကြောင့် ရေကာတာကြီး မကျိုးပေါက်သည်ကို နားလည်သဘောပေါက်ကြသော လူအများက လူကလေးကို သူရဲကောင်းအဖြစ် မှတ်တမ်းတင်ကြသည် ဆို၏။

ဖေဖေပြောပြသော ဒုတိယပုံပြင်ကား အင်္ဂလိပ်ရေတပ်ဗိုလ်ချုပ် နယ်(လ်)ဆင်၏ အကြောင်းဖြစ်သည်။ နယ်(လ်)ဆင်သည် ထရာဖောက်ဂါး ရေကြောင်းတိုက်ပွဲကြီးအတွင်း၌ မိမိထက် အင်အားကြီးမားသော ရန်သူ ရေတပ်ကြီးကို အနိုင်တိုက်သည်။ အောင်ပွဲရချိန်၌ နယ်(လ်)ဆင်ကို ရန်သူ့ကျည်သင့်သည်။ နယ်(လ်)ဆင် မသေခင် တိုင်းသူပြည်သားများအား နောက်ဆုံးစကား မှာကြားခဲ့သည်။ သူ့စကားကား " အမိ အင်္ဂလန် ပြည်သည် တိုင်းသူပြည်သားတိုင်းကို မိမိတာဝန် ကျေပွန်ကြမည်ဟု မျှော်လင့်၏ "ဟူသတည်း။

ပုံများ ဆုံးသွားသောအခါ ဖေဖေသည် ပြုံး၍ မှတ်ချက်ချသည်။

" သားလည်း ကြီးလာရင် တာဝန်ကျေပွန်ရမယ် ..."

" ဟုတ်ကဲ့ ဖေဖေ ..."

" ကဲ ... ဒါဖြင့် သား သွားအိပ်တော့ ... မနက်ကျရင် စောစောထပြီး ကိုကို့ကို သင်္ဘောဆိပ် သွားနှုတ်ဆက်ရအောင် "

ကျွန်တော်သည် ဖေဖေ့အပါးမှ ခွာလာခဲ့သည်။ ဖေဖေပြောပြသော ပုံတို့ကြောင့် ကျွန်တော့်စိတ်များ တက်ကြွနေပြီး ထိုည၌ ကောင်းမွန်စွာ အိပ်စက်နိုင်ခဲ့သည်။

နောက်တစ်နေ့၌ ကျွန်တော်တို့တစ်အိမ်သားလုံးနှင့် ခိုင်၊ မြိုင်သာမက ကြိုင်ပါ ကိုကို့ကို သင်္ဘော ဆိပ်တွင် လိုက်လံနှုတ်ဆက်ကြသည်။

သန်လျင်တွင် ထောင်မရှိသဖြင့် ကိုကိုနှင့်တကွ အပြစ်ရသူအားလုံးကို ရန်ကုန်နှင့် အင်းစိန် ထောင်ကြီးသို့ ပို့ရမည်ဆို၏။ သင်္ဘောဆိပ်၌ လူစုလူဝေးကြီး တိုးမပေါက်အောင် စည်ကားလှသည်။ "သခင်မျိုးဟေ့ ဒို့ဗမာ "ဟူသော အသံများ၊ " အင်းစိန်ထောင်ကြီး ချဲ့ချဲ့၊ အမေကမွေး ထောင်ကကျွေး " ဟူသော အသံများ ပဲ့တင်ထပ်နေသည်။

ကိုကိုနှင့်တကွ အခြားသခင်နိုင်ငံရေးသမားများကို လက်ထိတ်ခတ်မထား၊ ပုလိပ်အများ စောင့်ကြပ် နေသည်သာ ရှိ၏။

သင်္ဘောထွက်ခါနီး ကိုကိုသည် ကျွန်တော်တို့အနီးသို့ ကပ်လာ၍ နှုတ်ဆက်သည်။ ဖေဖေကမူ ဆေးပြင်းလိပ်ခဲရင်း အပြုံးမပျက်။ သို့ရာတွင် မေမေ၏ မျက်လုံးများ၌ မျက်ရည်တွေ ဝဲနေသည်။

မေမေ့ကို အားပေးနှုတ်ဆက်ပြီး ကိုကိုသည် ကျွန်တော်တို့လူငယ်များဘက်သို့ လှည့်လိုက်သည်။ မမျှော်လင့်သော ကြိုင့်ကို မြင်ရသော် ကိုကို အံ့သြသွားပုံရသည်။ ကိုကို အံ့သြမည် ဆိုလျှင်လည်း အံ့သြ

www.burmeseclassic.com



လောက်သည်။ တစ်သက်လုံး ပဒုမ္မာအင်္ကျီကို ခါးမှမချသော ကြိုင်သည် ထိုနေ့ကမူ ပင်နီရင်ဖုံးအင်္ကျီ ဝတ်ထား၏။ ခါး၌လည်း ယောထဘီအနက်ကလေးကို ဝတ်ထား၏။ မြိုင်နှင့် ဆင်တူပင်ဖြစ်၏။

မြိုင်သည် နုနယ်ကြည်ဝင်း၍ ကြော့ရှင်းလှပသည်။ ကြိုင်သည် တည်ကြည်ခန့်ညား ပြည့်ဝင်း ချောမော၏။

အံ့သြမှု ပြေသောအခါ ကိုကိုသည် လိုက်လှဲစွာ ပြုံးလျက် ကြိုင့်အနီးသို့ ကပ်သွား၍ လိုက်လှဲစွာ ဆို၏။

"ကြိုင့်ကို အခုလို မြင်ရတာ ကိုထွန်းအောင် ဝမ်းသာတယ်။ ကျေးဇူးလည်း သိပ်တင်တယ် ကြိုင် ..."

ကြိုင်သည် မည်သို့မျှ စကားမပြန်။ တောက်ရှန်းလှပသော မျက်လုံးကြီးများဖြင့်သာ ကိုကို့ကို ပြန်ကြည့်နေသည်။

ကိုကိုက မြိုင့်ဘက်သို့လှည့်၍ ဆိုနေ၏။

" ကိုကို သွားမယ် မြိုင် ... ထောင်နံပါတ်ရတဲ့အခါ မြိုင့်ဆီကို ကိုကို စာရေးလိုက်မယ်၊ ကိုကို့ဆီ စာပြန်နော် "

မြိုင်သည်လည်း စကားမပြန်နိုင်၊ အံလေးကြိတ်၍သာ ခေါင်းညိတ်ပြရှာ၏။

ထိုစဉ်သင်္ဘောကြီးက ဥသြမှုတ်သည်။ ကိုကိုသည် ကျွန်တော်နှင့် ခိုင်တို့၏ပါးများကို နမ်းကာ ပုလိပ်များခေါ်ရာသို့ လိုက်သွားသည်။

ကမ်းလုံးကျွတ်မျှရှိနေသော ပရိသတ်ကြီးက ကြွေးကြော်သံတို့ကို တစ်ခဲနက် အော်ဟစ်၍ နောက်ဆုံး နှုတ်ဆက်ကြသည်။ ခိုင်နှင့် ကျွန်တော်သာ ပရိသတ်ကြီးနှင့်အတူ လိုက်အော်သည်။

ဖေဖေက ဆေးပြင်းလိပ်ခဲရင်း ငြိမ်နေသည်။ ပြုံးတော့ မပြုံးနိုင်ရှာ။ မေမေကမူ ကိုကို့ရှေ့၌ တင်းဆည်နိုင်ခဲ့သော်လည်း ယခုမူ ပါးပြင်သို့ မျက်ရည်များ စီးကျနေ၏။ ထိုနေ့က မျက်ရည်ကျသူမှာ မေမေ တစ်ယောက်တည်း မဟုတ်။

ဝေးသွားသော သင်္ဘောကြီးကို လက်ကိုင်ပဝါလေးများ ပြကာပြကာနှင့် နှုတ်ဆက်ရင်း ငေးကျန်ခဲ့သူ မြိုင်နှင့် ကြိုင်တို့၏ ဖြူဖွေးသော ပါးကလေးများ၌လည်း မျက်ရည်ဥတို့ ခိုတွဲနေကြလေသည်တကား။

www.burmeseclassic.com



# ( ၁၂ ) ခိုင်ရဲ့မောင်

နောက်ပိုင်းဖြစ်ပျက်ခဲ့သည်များကို အသေးစိတ် ကျွန်တော် မမှတ်မိတော့။ ထူးထူးခြားခြား ပြောင်းလဲမှုကြီးများ မရှိသဖြင့် သာမန်ဖြစ်ရိုးဖြစ်စဉ် ကိစ္စများသည် ကျွန်တော့်အာရုံ၌ ဝေဝေဝါးဝါးသာ ထင်သည်။

ကျွန်တော့်မေမေမှာ တစ်လတစ်ကြိမ် ထောင်ဝင်စာခံကာ ကျွန်တော့်ကိုကို့ကို သွားတွေ့ခြင်းသာ ဖြစ်၏။ ထိုစဉ်က ကိုကိုနှင့် နိုင်ငံကျော်သခင်များကို အင်းစိန်ထောင်ကြီး၌ ချုပ်ထားသည်။ ပထမ တစ်လတွင် ကျွန်တော်၊ ဖေဖေနှင့် မေမေတို့ သွားတွေ့ကြ၏။ နောက်လများတွင်မူ ကျွန်တော် မလိုက်ရတော့။ မလိုက်ရတော့သည့် အကြောင်းလည်းရှိသည်။

ကိုကိုထောင်ကျပြီး မကြာမြင့်မီပင် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားသည်ဆို၏။ သပိတ်အသီးသီး ပြန်လှန်သဖြင့် ကျောင်းများ ပြန်လည်ဖွင့်လေသည်ဖြစ်ရကား ကျွန်တော်တို့လည်း ကျောင်း မှန်မှန် တက်ရသည်။ ကြိုင်သည် ကောလိပ်သို့ ပြန်သွားရသည်။ ထောင်ထဲတွင် ရှိနေသော ကိုကိုသည်သာ ကျောင်းပြန်မတက်ရရှာ။

ဒေါက်တာဘမော် အစိုးရပြုတ်ကျသွားသောအခါ ဦးပုခေါင်းဆောင်သော အစိုးရတက်လာသည်ဟု သိရသည်။ သို့ရာတွင် အလုပ်သမား၊ လယ်သမား လှုပ်ရှားမှုများကား ဆက်တိုက်မှန်မှန် ထွက်ပေါ်နေ၏။ ဦးပုအစိုးရဆိုသည်မှာလည်း အစိုးရအမည်သာ ခံသည်။ အမှန်စင်စစ် အာဏာမရှိဟု သိရသည်။ အာဏာ အမှန်တကယ်ရှိ၍ အစိုးရစင်စစ်မှာ ဘုရင်ခံနှင့် အင်္ဂလိပ်များသာဖြစ်သည်ဟု လူကြီးများက ဝေဖန်ပြောဆိုသံကို ကျွန်တော် ကြားခဲ့ရသည်။

သခင်တို့၏ အစည်းအဝေးမှာ မှန်မှန်ပင်ဆက်၍ ရှိနေသည်။ အဖမ်းအဆီးသတင်းများကိုလည်း မကြာခဏ ကြားနေရသည်။ သုံးရောင်ခြယ်နှင့် တူတံစဉ်၊ သုံးရောင်ခြယ်နှင့် ဒေါင်းပါသော အလံကြီးများကို လွှင့်ထူ၍ လူအုပ်၊ လူတန်းကြီးများ စီတန်းလှည့်လည်ခြင်းကိုလည်း မကြာခဏ တွေ့မြင်ရသည်။

အမှန်ကို ဝန်ခံရလျှင် ကလေးဘဝဖြစ်သဖြင့် ထိုနိုင်ငံရေးလှုပ်ရှားမှုများကို ကျွန်တော်သည် ကြာရှည် စိတ်မဝင်စားနိုင်ပါ။ ကလေးတို့သဘာဝ ကျောင်းတက်ရင်း ဆော့ကစားရင်းနှင့် အချိန်ကို ကုန်လွန်စေခဲ့သည်။

ကျောင်းများပြန်ဖွင့်သောအခါ ကျွန်တော်တို့အတွက် အစ,စ ရေးနည်းတူ ပြန်ဖြစ်နေသည်။

နံနက်တိုင်း ကျွန်တော်တို့သူငယ်ချင်းသုံးဦးသည် အတူတကွ ကျောင်းတက်မြဲတက်သည်။ ညနေတိုင်း မြရာတောများ၌ ကစားမြဲကစားကြသည်။

ကိုကိုသည် ထောင်တွင်းမှနေ၍ အိမ်ကို စာမှန်မှန်ရေးသည်။ မြိုင့်ဆီကိုလည်း စာမှန်မှန် ရောက်သည်ဟု ကြားရသည်။ အိမ်သို့လာသောစာများ၌ မာကြောင်း၊ သာကြောင်းမျှလောက်သာ ပါသည်။ မြိုင့်ဆီရေးသော စာများ၌မူ ဘာတွေပါသည်မသိ။ ကျွန်တော်သိသည်မှာ မေမေနှင့် ဖေဖေ ကိုကို့ထံ တစ်လနှစ်ကြိမ် စာရေးသည်။ ခိုင်ပြောပြသဖြင့် မြိုင်က ကိုကို့ထံ တစ်ပတ်တစ်ခါ စာရေးကြောင်းသိရသည်။ ကိုကို့ထံ စာရေးလျှင် မြိုင်သည် လှပသော စာအိတ်ပြာလေးများကိုသုံး၍ ထိုစာအိတ်ပြာကလေးများမှာလည်း ရေမွှေးနံ့ဖြင့် ကြိုင်သင်းနေကြောင်း စပ်စုသော ခိုင့်ထံမှ အသေးစိတ် သိရသေးသည်။

ဤသို့ဖြင့် ရက်များ တစ်စတစ်စ ကုန်ခဲ့ရာ နွေရာသီဆိုက်ရောက်ခဲ့သဖြင့် စာမေးပွဲကြီးစစ်ပြီး ကျောင်းကြီးလည်း ပိတ်လိုက်၏။

ထိုနွေရာသီ၌ပင် ကိုကိုလည်း ထောင်မှလွတ်သည်။ ထောင်မှလွတ်သော်လည်း ကိုကိုသည် သန်လျင်သို့ ပြန်မလာ။ ကောလိပ်ကျောင်းပိတ်သဖြင့် ကြိုင်သာ ပြန်ရောက်လာ၏။

ကိုကို ပြန်မလာခြင်းကို ရိုးနေသဖြင့် ကျွန်တော်တို့အိမ်သူအိမ်သားများအတွက်မူ မဆန်း၊ မြိုင်ခမျာ ကျွန်တော်တို့အိမ်ဘက်သို့ ကူး၍ ကိုကို့အကြောင်း မကြာခဏ မေးရှာသည်။

www.burmeseclassic.com



" အင်း … မြိုင် ခများတော့ သနားစရာပဲ "

ဤသို့ ဖေဖေ့ရှေ့ မေမေ တစ်ခါညည်းဖူးသည်ကို ကျွန်တော်ကြားရသည်။ ဖေဖေက ဘာမျှ ပြန်မပြောဘဲ မေမေ့ကို မျက်မှောင်ကြုတ်၍ တစ်ချက်သာပြန်ကြည့်၏။

ဒေါ်စာဥကြီးကမူ တစ်မျိုး မှတ်ချက်ချသည်။

" မိန်းမကြိုက်တော့ မျှော်လိုက်တာ။ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ …။ ဒါပေမယ့် မောင့်ကိုကိုက ဘာမှမဟုတ်ပါဘူး …"

" ဒေါ်လေး … အဲဒါ ဘာပြောတာလဲဟင် …"

" မိန်းမတွေ ကြိုက်လို့ရှိရင် မျှော်ရတယ်တော်ရေ့ … မျှော်ရတယ်။ လည်ပင်းကို တစ်တောင် ပြည့်ရော … "

" အဲဒါ ဒေါ်လေး ဘယ်လိုလုပ်သိလဲ "

" သိတာပေါ့တော့် … သိတာပေါ့ …"

" ဘာလဲ … ဒေါ်လေးလည်း အဲဒီလို မျှော်ဖူးသလား "

ဒေါ်စာဥကြီး မမျှော်ဖူးသည်ကို ကျွန်တော် သိသည်။ အကြောင်းမှာ အခေါက်ထူကြီးဖြင့် သူ့လည်ပင်းမှာ တစ်တောင်ပြည့်ရန် မဆိုထားနှင့် နှစ်လက်မပင် ရှိမည်မဟုတ်။

" ဟယ် … ဒီကောင်လေး တောက်တီးတောက်တဲ့တွေ၊ ဒေါ်လေးက ဘယ်သူ့ကို မျှော်ရမှာလဲ …"

" သိဘူးလေ … ဦးလေး ကိုဖိုးခင်ကိုလားလို့၊ ဒါမှမဟုတ် ဦးထွန်းမောင်ကြီးကိုလား "

ဤသို့ပြောပြီး ကျွန်တော်သည် ဒေါ်လေး ထလိုက် ထိပ်မခေါက်ခင် ထွက်ပြေးလာခဲ့၏။

ဒေါ်လေးက မည်သို့ဝေဖန်သည်ဖြစ်စေ၊ ကိုကိုကမူ ပြန်မလာ။ ဖေဖေပြောသကဲ့သို့ ကိုကိုသည် သူ့ဝတ္တရားကို သူဆောင်ရွက်နေဟန်တူ၏။

နွေရာသီကျောင်းပိတ်ရက်များအတွင်း မြိုင်သည် ခိုင်နှင့်အတူ ကျွန်တော်တို့အိမ်သို့လာ၍ ပီယာနို အတီးသင်သည်။ ဖေဖေသည် ဘာစိတ်ကူးရသည်မသိ။ မြိုင့်ကို သူကိုယ်တိုင် အဆို၊ အတီး သင်ပေးသည်။ မြိုင်ကလည်း ကြိုးစားသည်။ ကြိုးစားသည်ဆိုရာ၌ အတီးထက် အဆိုကို ပိုကြိုးစားသည်။

မြိုင် သီချင်းဆိုပုံမှာ အလွန်လှပသည်။ စည်းနှင့် ဝါးကို ကိုင်၍ ဟန်ယူဆိုပုံမှာ တင့်တယ် ပြေပြစ်သည်။ အကြောစိမ်းများ သန်းနေသော လည်တိုင်ဝင်းဝင်းကလေးကလည်း ကြည့်၍ ကျက်သရေရှိသည်။ နှုတ်ခမ်းနီနီပါးပါးကလေးများ လှုပ်ရှားပုံမှာ ရှုမငြီးဖွယ်ဖြစ်၏။ သီချင်းဆိုနေစဉ် မြိုင့်မျက်လုံးများမှာ မျက်ရည်တို့ဖြင့် တောက်ပပြီး ချိုသာသော အသံကလေးသည် ကြေကွဲလွမ်းဆွတ်ဖွယ် သာယာ၏။

မြိုင်က ပတ်ပျိုးများကိုသာ ဆိုချင်သည် ဆိုသဖြင့် ကြိုးနှင့် ဘွဲ့သီချင်းခံ အသင့်အတင့် တက်ပြီးသော အခါ ဖေဖေသည် ဖြတ်လမ်းဖြင့် ပတ်ပျိုးတို့ကို တက်ပေး၏။

ပတ်ပျိုးသီချင်းသည် မိန်းမသား၏အသံနှင့် လိုက်သည်။ မြိုင်ဆိုသောအခါ ပို၍ နားထောင် ကောင်းသည်။

ခိုင်ကမူ ပီယာနိုကိုသာ ဆက်သင်သည်။ ထိုနွေကာလများစဉ်ကတည်းက ခိုင်သည် သီချင်းခံကြီး များကို စတင်တီးတတ်ပြီဖြစ်သည်။

ကျွန်တော်တို့ တီးကြ၊ မှုတ်ကြ၊ ဆိုကြသောအခါ ကြိုင်သည် လာ၍ နားထောင်တတ်သည်။ သူကိုယ်တိုင်မူ ဘာမျှမသင် …။

ကိုကို ပြန်မလာသည်မှလွဲ၍ ကျွန်တော်တို့နှစ်အိမ်သားလုံးအတွက် ထိုအချိန်များသည် ပျော်ရွှင်ဖွယ် ကောင်းလှသော အချိန်များဖြစ်သည်။ မေမေက မှတ်ချက်ချလေ့ရှိသည်။

" မေမေ သမီးချောချောလှလှလေးတစ်ယောက် သိပ်လိုချင်တာပဲ၊ အခု မြိုင့်ကိုတွေ့မှ မေမေ ဆုတောင်းပြည့်တယ်။ မြိုင်က မေမေ့သမီးပဲ …"

www.burmeseclassic.com



မေမေသည် ခိုင့်ကို သမီးဟု မဆိုသဖြင့် ကျွန်တော် မကျေနပ်လှ။ သို့ရာတွင် မြိုင်သည် အလွန် ချောမောလှပ၍ သဘောလည်းကောင်းသဖြင့် မေမေ ချစ်သည်မှာ မဆန်းဟုထင်သည်။

နွေရက်များ ကုန်စင်၍ မိုးဘက်သို့ ညွတ်လာခဲ့သည်။ တောတစ်ခိုရှိ ပင်အို၊ ပင်ပျိုတို့ထက် ရွက်နုတို့ ဝေနေသကဲ့သို့ ရွက်ဝါတို့လည်း မစင်တက်သေး။ မုတ်သုန်ဝင်စပြုသဖြင့် လေရိုင်းတို့ တချီချီလာနေသော တစ်ညနေတွင် ကျွန်တော်က သာဆန်းရဂုံဘွဲ့ပတ်ပျိုးလေးကို တီးနေသည်။ မြိုင်က လိုက်ဆို၏။

ပီယာနို တီးတတ်လာလျှင် ဘေးမှ လိုက်ဆိုပေးသူကို အလွန်တောင့်တသည်။ ဆိုပေးသူက အဆို ကောင်းပြန်သော် လောကကို မေ့နေတတ်၏။

ကျွန်တော်နှင့် မြိုင်သည် ဆိုတီး၍ကောင်းဆဲ မိုးသက်လေဆင်လာ၏။ မကြာမီတွင် မိုးသက်တို့ တဖျောက်ဖျောက် ကျလာ၍ လျှပ်စီးတို့နှင့်အတူ မိုးခြိမ်းသံများလည်း ပေါ်လာ၏။ ကျွန်တော်သည် သတိရ၍ ခိုင့်ကို လှည့်ကြည့်လိုက်သည်။ ခိုင့်ကို အနီးအပါး၌ မတွေ့။ မြိုင်က ကျွန်တော့်အမူအယာကို ကြည့်၍ လှမ်းမေးသည်။

" ဘာလဲမောင် ...၊ ဘာရှာနေတာလဲ "

" ခိုင်ကော မမမြိုင် ... ခိုင် ဘယ်ရောက်နေပြီလဲ "

မြိုင်သည် ထိတ်လန့်တကြား နေရာမှထ၍ အသံတုန်တုန်ဖြင့် ဆို၏။

" ဟော ... မိခိုင် ထွက်သွားပြန်ပြီ ထင်တယ် ..."

" ခိုင်က ဘယ်ထွက်သွားရမှာလဲ "

" မောင် မသိဘူးလား ...၊ ခိုင်က ဒီလိုပဲ ထွက်ထွက်သွားတတ်တယ် ..."

ယခုမှ ကျွန်တော်လည်း သတိရမိသည်။ မနှစ်က ခိုင်ပျောက်သွားသည်မှာ ဤအချိန်ပင်ဖြစ်၏။

ကျွန်တော်နှင့် မြိုင်သည် တစ်ဖက်ခြံသို့ အတူပြေးထွက်၍ ကူးလာခဲ့၏။ သူတို့အိမ်၌လည်း ခိုင် မရှိတော့ ...။

လူကြီးများ စိုးရိမ်တကြီးဖြစ်နေစဉ် ကျွန်တော်သည် အိမ်အပြင်ဘက်သို့ ပြေးထွက်လာခဲ့သည်။

မိုးတို့မှာ သည်းသည်းမည်းမည်း ရွာနေပြီ၊ လျှပ်စီးတို့က လက်၍ မိုးခြိမ်းသံမှာလည်း ညံနေ၏။

ကျွန်တော်သည် ခိုင်နှင့် ကျွန်တော် စတင်တွေ့ရာ ခြံနောက်ဖေး မြရာပင်ကြီးသို့ ပြေးသွားသည်။ ခိုင့်ကိုမူ မတွေ့။

ကျွန်တော်က ဘာမျှဆက်မစဉ်းစားနေဘဲ ကျိုက်ဖောဓိဘုရားဘက်ဆီသို့ ပြေးထွက်လာခဲ့သည်။ ပြေးရင်းလည်း နှုတ်မှ အော်ခေါ်မိ၏။

" ခိုင်ရေ ... ခိုင် ..."

မိုးသံ၊ လေသံတို့ ဆူညံနေသဖြင့် ကျွန်တော့်အသံကို ခိုင်ကြားပါမည်လားမသိ။

ကျွန်တော်သည် ပို၍ကျယ်လောင်စွာခေါ်သည်။

" ခိုင်ရေ ... ခိုင် ဘယ်မှာလဲ ... မောင်လာပြီ၊ မောင့်ခေါ်သံကို ကြားလား ..."

အော်ရင်းခေါ်ရင်း ကျွန်တော်သည် ဟိုဟိုသည်သည်ကြည့်မိသည်။

သဲချောင်းကလေးတစ်ခု၌ မိုးရေတို့ စီးဆင်းနေသည်။ ရေအလျဉ်ပေါ်တွင် သစ်ရွက်အချို့ မျောစီး လိုက်ပါနေကြ၏။ ကျွန်တော်သည် သဲချောင်းကလေးအတိုင်း ပြေးလိုက်ခဲ့သည်။ ရေမှာ တစ်ထွာခန့်သာ ရှိသည်။ မိုးသံ၊ လေသံနှင့်အတူ ရေပြင်နှင့် ကျွန်တော့်ခြေထောက် တွေ့ထိသော အသံများ ညံထွက်နေ၏။ ဤအသံများကို ခွင်း၍ ကျွန်တော်က အော်ခေါ်သည်။

" ခိုင်ရေ ... ခိုင်ရေ ..."

ကျွန်တော့်နားတွင်း၌ ထူးသံလိုလို ကြားရသည်။ မသေချာသဖြင့် ထပ်အသံပြုသည်။

" ခိုင်ရေ ... မောင့်ခေါ်သံ ကြားလား။ ခိုင် ဘယ်မှာလဲ "

ဤအကြိမ်တွင်မူ သဲသဲကွဲကွဲ ပြန်ထူးသံ ကြားရသည်။

" မောင်ရေ ... ခိုင် ဒီမှာ ... "

ကျွန်တော်သည် ဝမ်းသာအားရ အသံလာရာဆီသို့ ပြေးသွားသည်။ ထိုင်လျက်ရှိသော ခိုင့်ကို တွေ့ရသည်။ ခိုင့်တစ်ကိုယ်လုံးမှာ ရေတွေဖြင့် ရွှဲရွှဲစိုနေသည်။ ခိုင့်မျက်လုံးများကမူ ကျွန်တော့်အား ပြူးကြောင်စွာ စိုက်ကြည့်နေသည်။

" ခိုင် ... ဘာလုပ်နေတာလဲ ... "

ခိုင် မဖြေ။ ကျွန်တော့်ကိုသာ မျက်လုံးပြူး၍ စိုက်ကြည့်နေသည်။ ခိုင့်မျက်လုံးများမှာ ကျွန်တော့်ကို စိုက်ကြည့်နေသော်လည်း ကျွန်တော့်ကို မြင်ဟန်မတူ။ ခိုင်၏ ကြည့်ပုံကြောင့် ကျွန်တော့်မှာ အနည်းငယ် ထိတ်လန့်သွားသည်။

" ခိုင် ... ဘာလုပ်နေတာလဲ ... "

ခိုင်က မဖြေ။ ကျွန်တော့်ကိုသာ စိုက်ကြည့်မြဲ စိုက်ကြည့်နေသည်။ နောက်ခဏ၌မူ မျက်လုံးများက စိုက်ကြည့်လျက်နှင့် ရယ်သည်။ ခိုင်ရယ်ပုံမှာ တစ်မျိုးကြီးဖြစ်သည်။ ကျွန်တော်သည် ခိုင့်အပါးသို့ ကပ်သွား၍ ခိုင့်ပုခုံးကလေးကို ကိုင်လှုပ်ကာ မေးသည်။

" ခိုင် ... ဘာဖြစ်နေတာလဲ ... မောင့်ကို မှတ်မိသေးရဲ့လား။ မောင်လေ ... ခိုင့် မောင်လေ ... "

ခိုင်သည် အရယ်ရပ်သွား၏။ မျက်လုံးများမှာလည်း အသက်ပြန်ဝင်လာသည်။ လက်ကလေးများက ကျွန်တော့်ကို ပြန်ဖက်၍ သနားစဖွယ်ဆို၏။

" မောင် ... မောင် ... ခိုင် ကြောက်လိုက်တာ၊ ခိုင် ကြောက်လိုက်တာ "

ကျွန်တော်သည် ခိုင့်ကို ပြန်ဖက်ရင်း အားပေးရ၏။

" ခိုင် ဘာကြောက်တာလဲ၊ မောင် ရှိသားပဲ "

" ဟင့်အင်း ... ကြောက်တယ်၊ ကြောက်တယ်၊ ခိုင် သိပ်ကြောက်တယ် "

မိုးသံ၊ လေသံတို့မှာ ဟည်းနေ၏။ ကျွန်တော်တို့နှင့် မနီးမဝေး၌ မှိုင်းညို့သော ကျိုက်ဇောမိ စေတီတော်ကြီး ရှိနေသည်။ သစ်ပင်ကြီးများအကြားတွင် လေတိုးသဖြင့် အကိုင်းများ ယိမ်းယိုင်လှုပ်ရှားနေသကဲ့သို့ သစ်ရွက်တို့လည်း ရှန်းကန်ကာ တရဲရဲ တသဲသဲ အော်မြည်နေကြ၏။

ကျွန်တော်ကိုယ်တိုင်ပင် အနည်းငယ် ထိတ်လန့်မိသည်။ သို့ရာတွင် ကျွန်တော်သည် အလွယ်တကူ ကြောက်တတ်သူမဟုတ်။

" ခိုင် ဘာကိုကြောက်တာလဲ၊ မောင် ရှိတယ်လို့ ပြောနေပါရောလား ... မောင် ဘာကိုမှ မကြောက်ဘူး ... လာလာ မောင်နဲ့ လိုက်ခဲ့၊ ခိုင် ကြောက်တာတွေ မောင် အကုန်သတ်ပစ်မယ် ... "

ကျွန်တော်သည် ခိုင်နှင့်တွဲ၍ သဲချောင်းလေးတစ်လျှောက်မှ လာလမ်းအတိုင်း ပြန်လာခဲ့သည်။

လမ်းတွင် နောက်မှလိုက်လာကြသော လူကြီးများနှင့် ဆုံမိသည်။

ကျွန်တော်တို့ကို မြင်မြင်ချင်း ဦးမြဘူးက လှမ်းမာန်သည်။

" တယ် ... ဒီကောင်မလေး လုပ်ပြန်ပြီ။ မောင် သူ့ကို ဘယ်မှာတွေ့ခဲ့သလဲ "

ဦးမြဘူးကို ကျွန်တော်မဖြေမီ သူတို့နှင့်အတူ ပါလာသော ဖေဖေက ရှေ့ထွက်လာ၏။ ဖေဖေသည် ဦးမြဘူးအား အဓိပ္ပါယ်ပြည့်စွာ တစ်ချက်စိုက်ကြည့်လိုက်ပြီး ကျွန်တော့်အနီးသို့ ကပ်လာ၏။

ထိုအချိန်ထိ ကျွန်တော်နှင့် ခိုင်သည် တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာ ရှိနေသည်။

ဖေဖေသည် ခိုင့်ကို ပွေ့ချီလိုက်၏။

" သမီးက မိုးရေလျှောက်ချိုးတာ ခရီးလွန်သွားတယ် ထင်တယ်။ အဲဒီလို လျှောက်လျှောက် မသွားရဘူး။ အအေးမိတတ်တယ် ... ကဲ လာလာ ပြန်ကြမယ် "

အားလုံး လှည့်ပြန်ရန်ပြင်သည်။ ထိုအခါမှဦးမြဘူးသည် ပြုံး၍ ကျွန်တော့်အနီး ကပ်လာသည်။

www.burmeseclassic.com



“ ကြည့်စမ်း ... မောင်လည်း ချမ်းလို့တုန်နေပြီ ... လာလာ ဦးလေး ချီမယ် ...”

ကျွန်တော်သည် ဦးမြဘူးအား ပြုံးပြရင်း တည်ကြည်စွာ ပြန်ဖြေရ၏။

“ ကျေးဇူးတင်ပါတယ် ဦးလေး ... မောင် မချမ်းပါဘူး။ မောင် လမ်းလျှောက်နိုင်ပါတယ် ”

ဦးမြဘူးသည် ဘာမျှမပြောတော့ဘဲ ကျွန်တော့်ပုခုံးကို ပွေ့ဖက်ရင်း အများနှင့်အတူ ပြန်လျှောက်လာခဲ့သည်။

မချမ်းပါဘူး ဖြေခဲ့သော်လည်း ကျွန်တော့်ကိုယ်မှာ ခိုက်ခိုက်တုန်နေသည်။ သို့ရာတွင် ဖေဖေက ခိုင့်ကို သမီးဟု ခေါ်သံကြားရသဖြင့် ကျွန်တော့်ရင်တွင်း၌ ကျေနပ်ကာ နွေးထွေးနေသည်။

မြိုင့်ကို မေမေက သမီးဟု ခေါ်ခဲ့သည်။ ယခု ခိုင့်ကို ဖေဖေက သမီးဟု ခေါ်ပြန်သည်။ ဤသို့ဆိုလျှင် မြိုင်ရော၊ ခိုင်ရော ဖေဖေနှင့် မေမေ၏သမီးများသာ ဖြစ်နေလေပြီတည်း။

www.burmeseclassic.com



## ( ၁၃ ) မုန်တိုင်းရိပ်ဆင်

ထိုတစ်နေ့ညနေ ခိုင် မိုးရွာထဲ ထွက်သွားပြီးနောက်တွင် ဖေဖေနှင့် ဦးမြဘူး၊ ဒေါ်လှယဉ်တို့ မကြာခဏ ဆွေးနွေးနေကြသည်ကို တွေ့ရ၏။ ကျွန်တော်တို့အိမ်၏ စည်းကမ်းအရ လူကြီးများ စကားပြောနေလျှင် အနားကပ်ခွင့်မရသဖြင့် သူတို့ ဘာတွေ ဆွေးနွေးမှန်းမသိ။ ဖေဖေသည် ဦးမြဘူးတို့နှင့်သာ ဆွေးနွေးသည် မဟုတ်။ ကြိုင်၊ မြိုင်တို့ကိုလည်း ခေါ်ယူစကားပြောသည်။ ခိုင်ကိုယ်တိုင်နှင့်လည်း ဖေဖေသည် ညနေတိုင်း အချိန်ကြာမြင့်စွာ စကားပြောသည်ကို တွေ့ရပြန်ရာ သူတို့အားလုံး ပြောကြ၊ ဆွေးနွေးကြသည်မှာ ခိုင့်ကိစ္စပင် ဖြစ်ရမည်ဟု ကျွန်တော် မှန်းဆမိသည်။

ခိုင်၌ စိတ်ရောဂါရှိသည်ဟု ဖေဖေ အမှတ်မထင်ပြောဖူးသည်ကို ကျွန်တော် သတိရမိသည်။ ယခု ဤရောဂါကို ဖေဖေ ကုသနေသလော ...။ ကုသနေရိုးမှန်လျှင် ကျွန်တော်သည် ဘာမျှဝင်ပြောခွင့်၊ စုံစမ်းခွင့် မရှိမှန်း ကျွန်တော် နားလည်ထား၏။ ရောဂါရှိရိုးမှန်က ခိုင် မြန်မြန်ပျောက်ပါစေရန်သာ ဆုတောင်းရ၏။

မိုးရေထဲ ထွက်သွားပြီးနောက် ခိုင်သည် အနည်းငယ် အအေးမိဖျားနေသောကြောင့် ကျွန်တော်တို့ မကစားကြရ။ ငြိမ်းမောင်နှင့် ကျွန်တော်သည် ခိုင့်ထံသွား၍ သတင်းမေးခွင့်ရသည်။ သို့ရာတွင် လူကြီးများ အနီးအပါးတွင် ရှိသဖြင့် ကျွန်တော်တို့ လွတ်လပ်စွာ စကားမပြောနိုင်။

ခိုင်သည် အပြင်းအထန် ဖျားလှသည်မဟုတ်။ သို့ရာတွင် ခိုင်၏ မျက်နှာကလေးမှာ ဖြူလျော်၍ အားနည်းသကဲ့သို့ ရှိနေသည်။ ခိုင် ခါတိုင်းကဲ့သို့ နှုတ်မသွက်ခြင်းကိုလည်း ကျွန်တော် သတိပြုမိသည်။ ကျွန်တော် အခြားသတိပြုမိသည့်တစ်ချက်ကား ခိုင်တို့ တစ်အိမ်သားလုံးသည် ယခုအခါ ခိုင့်ကို အထူးကြင်နာ၊ ယုယကြခြင်းပင်ဖြစ်သည်။

တစ်ညတွင် ဖေဖေသည် စာအုပ်ထူထူကြီးတစ်အုပ်ကို ဖတ်နေသည်။ ထိုစာအုပ်ကြီးမှာ ခါတိုင်း ဖေဖေ ဖတ်နေကျစာအုပ် မဟုတ်ကြောင်း ကျွန်တော် သိသည်။ အစသော် ထိုစာအုပ်ကြီးကို ကျွန်တော် အထူး စိတ်မဝင်စားလှ။

ဖေဖေ ဆေးရုံကြီးသို့သွားနေသော တစ်နေ့လယ်တွင် စားပွဲပေါ်၌ ၎င်းစာအုပ်ကြီးကို တွေ့ရသည်။ ဖေဖေသည် ကျွန်တော့်ကို စာအုပ်များ လွတ်လပ်စွာ ကိုင်တွယ်ကြည့်ရှုခွင့် ပေးထားသည်ဖြစ်ရကား ကျွန်တော်သည် စာအုပ်ကြီးကို ဟိုလှန်သည်လှန် ကြည့်မိသည်။

ခါတိုင်း ကျွန်တော်တွေ့ဖူးသော ဖေဖေ့စာအုပ်များမှာ စာမျက်နှာအတွင်း အရိုးစုများ၊ အကြောများ၊ အူ၊ အသည်း၊ ကျောက်ကပ်များ စသည်တို့၏ ပုံများပါရှိသည်။ ယခု စာအုပ်ကြီးတွင်း၌မူ ထိုပုံများမပါ။ ပါသော ပုံများကား ကလေးတို့၏ ပုံများသာ ဖြစ်၏။

စာအုပ်ကြီး၏နာမည် ကျွန်တော် ဖတ်ကြည့်မိသည်။ ပထမတစ်လုံးမှာ ချိုင်း(လ်)(ဒ်)ဟု အသံထွက်သဖြင့် ကလေးဟု အဓိပ္ပါယ်ရကြောင်း ကျွန်တော် သိသည်။ နောက်တစ်လုံး၏ အဓိပ္ပါယ်ကိုမူ သိရန်ဝေးစွ စာလုံးပေါင်းအသံကိုပင် ထွက်ကြည့်၍မရ။

မည်သို့ဖြစ်စေ ကလေးတို့နှင့် ပတ်သက်သော စာအုပ်ဖြစ်မှန်း သိသဖြင့် ကျွန်တော် စိတ်ဝင်စားသောကြောင့် ထိုအသံမထွက်တတ်သော စကားလုံးတို့၏ စာလုံးပေါင်းကို မှတ်ထားလိုက်သည်။

မကြာမီပင် မြိုင်နှင့် ကြိုင် ကျွန်တော်တို့အိမ်ဘက် ကူးလာသည်။ မြိုင်က ထုံးစံအတိုင်း ပီယာနိုနှင့် သီချင်းဆိုရန် ဖြစ်သည်။ ကြိုင်က အဖော်လိုက်လာခြင်းဖြစ်၏။

“ မမြိုင် ... မောင် စာတစ်လုံးပေါင်းပြမယ် ...။ ဘာလဲလို့ ပြောပြနော် ...”

“ ပေါင်းလေ မောင် ...၊ ပြောပြမှာပေါ့ ...”

“ ပီ အက်(စ်) ဝိုင် စီ အိတ်(ချ်) အို အယ်(လ်) အို ဂျီ ဝိုင် ...”

...sic.com

www.burmeseclassic.com



မြိုင်သည် ခေတ္တစဉ်းစားနေပြီးမှ " ဟင့်အင်း ... မသိဘူး၊ မမကြိုင် သိသလား "ဟု ကြိုင့်ကို လှမ်းမေးသည်။

ကြိုင်က ကျွန်တော့်ဘက်လှည့်ပြီး ခိုင်းသည်။

" ပြန်စာလုံးပေါင်းစမ်း မောင် ..."

ကျွန်တော်က စာလုံးထပ်ပေါင်းပြသည်။

" သြော် ... မမကြိုင် သိပြီ၊ ဆိုင်ကိုလိုဂျီလို့ အသံထွက်တယ် "

" အဲဒါ ... ဘာလဲဟင် မမကြိုင် "

" ဆိုင်ကိုလိုဂျီဆိုတာ ... စိတ်ပညာလို့ အဓိပ္ပါယ်ရတယ် ..."

" စိတ်ပညာ ဆိုတာကကော ... ဘာလဲ ..."

ကြိုင်သည် အသာအယာပြုံး၏။ ကြိုင်သည် အမြဲပင် အသာအယာ ပြုံးတတ်သည်။ မြိုင်က လွတ်လပ်စွာပြုံး၍ သွက်လက်စွာရယ်တတ်သည်။ ကြိုင်ပြုံးလျှင် ပါးချိုင့်လေးများပေါ်၍ လှပသည်။ လှပစွာ ပြုံးတတ်၍ ချစ်စရာကောင်းသော ကြိုင်သည် ဟိုတစ်ညကမူ ဘာကြောင့် ဒေါသကြီး၍ ကိုကိုနှင့် ဘုကျရသည် မသိ။

" မမကြိုင် ... ဘာပြုံးတာလဲ ..."

" မောင် မေးတာကို မဖြေတတ်လို့ပါ ...။ စိတ်ပညာဆိုတာ သိပ်ခက်တာပေါ့။ လူတွေရဲ့ စိတ်အကြောင်း လေ့လာထားချက်တွေပေါ့။ မောင် ဒီစကား ဘယ်ကရလာသလဲ ..."

" ဖေဖေ့စာအုပ်ကြီးကို မမကြိုင် ကြည့်မလား ... မောင် ယူပေးမယ် "

" အို ... မောင့်ဖေဖေက ဆူနေပါဦးမယ် "

" ဖေဖေက မဆူပါဘူး၊ စာအုပ်တွေ လိုက်ကြည့်ရင် သိပ်သဘောကျတယ်။ နေရာတကျ ပြန်ထားရင် ပြီးတာပဲ၊ နေဦး ... မောင် သွားယူပေးမယ် ..."

ကျွန်တော်သည် စောစောက စာအုပ်ကြီးကို သွားယူပြီး ကြိုင့်ကို ပေးသည်။

ကျွန်တော်က ပီယာနိုတီး၍ မြိုင်က လိုက်ဆိုနေသည်။ ကြိုင်ကမူ စာအုပ်အထူကြီးကို ဖတ်နေ၏။

မြိုင်နှင့် ကျွန်တော် တီးမှုတ်သီဆိုပြီးသည်အထိ ကြိုင်သည် စာအုပ်ကြီးကို စိတ်ဝင်စားစွာ ဖတ်နေဆဲဖြစ်၏။

" မမကြိုင် ... ဘာတွေ စိတ်ဝင်စားစရာ တွေ့လို့လဲ "

မြိုင်က မေးမှ ကြိုင်သည် စာအုပ်ကို ပိတ်လိုက်သည်။ မြိုင့်မေးခွန်းကို မဖြေ။ ကျွန်တော့်ကိုသာ စူးစိုက်ကြည့်နေ၏။ ကျွန်တော်က အနေရအထိုင်ရ ကျပ်သဖြင့် ပြန်မေးသည်။

" မမကြိုင်က ... မောင့်ကို ဘာလို့ စိုက်ကြည့်နေတာလဲ ..."

ကြိုင်သည် အသာအယာ ပြုံးပြန်သည်။

" မောင့်ကို သဘောကျလို့ပေါ့၊ မောင်က သိပ်သတ္တိရှိတာပဲ။ ဒါထက် မောင် ရန်ဖြစ်ဖူးသလား "

" ဟင့်အင်း ... မောင် ရန်မဖြစ်ချင်ပါဘူး၊ တစ်ခါတော့ ဖြစ်ဖူးတယ်၊ ဟုတ်ကြိုင်တို့နဲ့ "

ဤနေရာတွင် မြိုင်က ဝင်ထောက်ပေးသည်။

" အဲဒါလည်း ... ခိုင့်ကြောင့် မဟုတ်လား ... မောင် ..."

ကျွန်တော်က မဖြေ၊ ကြိုင်ကသာ ဆက်မေးသည်။

" မောင့်ကို ... မောင့်တစ်အိမ်သားလုံးက သိပ်ချစ်တယ်နော် "

" ချစ်တာပေါ့၊ မောင်ကလည်း ချစ်တာပဲ၊ ဒေါ်လေးကိုကော၊ ဦးလေးကိုဖိုးခင်ကြီးကိုကော ..."

" တခြားလူတွေကော မချစ်ဘူးလား ..."

www.burmeseclassic.com



" ချစ်တာပေါ့၊ ဆရာမကိုလည်း ချစ်တယ်၊ ခိုင့်ကိုလည်း ချစ်တယ်၊ ငြိမ်းမောင်ကိုရော အဲမလီကိုရော ချစ်တာပဲ ပြီးတော့ …"

" ပြီးတော့ … ဘာဖြစ်သလဲ "

ကျွန်တော်သည် ကြိုင်နှင့် မြိုင်ကို တစ်လှည့်စီ ကြည့်နေမိသည်။

" ပြီးတော့ ဘာဖြစ်သလဲ ဖြေလေ မောင် "

မြိုင်က တိုက်တွန်းသဖြင့် ကျွန်တော်က ရင်တွင်းရှိသည်ကို အမှန်အတိုင်း ဖြေရ၏။

" ပြီးတော့ မမကြိုင်ကိုရော၊ မမမြိုင်ကိုရော၊ လှိုင့်ကိုရော အားလုံးကို မောင် ချစ်တယ် "

မြိုင်က လှိုက်လှဲစွာ အားပါးတရ ရယ်သည်။ ကြိုင်က ပြုံးရင်း စာအုပ်ကြီးကို ချလျက် ကျွန်တော့်ကို ပွေ့ဖက်သည်။

" ဒါကြောင့် မမကြိုင်က ပြောတာ၊ မောင်က သိပ်သတ္တိရှိတယ်၊ သတ္တိရှိတာဟာ ချစ်တတ်လို့။ ချစ်တတ်တာဟာလည်း အချစ်ခံရလို့ …"

ကြိုင် ပြောသည်ကို ကျွန်တော် နားမလည်။ မြိုင်သည်လည်း နားမလည်ဟန် ကြိုင့်ကို မေး၏။

" မမကြိုင် ဘာပြောတာလဲ၊ မြိုင် နားမလည်ဘူး "

ကြိုင်သည် စာအုပ်ကြီးကို မေးဖြင့် ညွှန်ပြ၍ စကားပြန်သည်။

" အဲဒီအထဲမှာ မမကြိုင် ဖတ်မိတာပဲ၊ ချစ်ခြင်းမေတ္တာနဲ့ သတ္တိဟာ ခွဲလို့မရဘူးတဲ့။ ချစ်ခြင်းမေတ္တာဟာလည်း ကလေးဘဝမှာ အလိုအပ်ဆုံးပဲတဲ့ "

မြိုင်သည် ကြိုင့်စကားကို စဉ်းစားဟန် ငြိမ်နေခိုက် ကျွန်တော်က ဖြတ်မေးသည်။

" ကိုကိုလည်း သတ္တိရှိတာပဲ … ကိုကိုကကော အားလုံးကို ချစ်လို့ပဲလား "

ကိုကို့ကို ဖော်ပြပြောဆိုသောအခါ ကြိုင်၏ မျက်နှာမှာ မသိမသာ ရဲသွားသည်။ မြိုင်ကမူ သွက်လက်စွာ ဝင်ဖြေ၏။

" ကိုကိုက သတ္တိရှိတာပေါ့၊ မြန်မာပြည်ကြီးကို ချစ်တာကိုး "

ကြိုင်သည် ပြုံးလိုက်ပြန်၏။ ဤအပြုံးကမူ တစ်မျိုးဖြစ်သည်။

" ဟုတ်တာပေါ့၊ ကိုထွန်းအောင်က မြန်မာပြည်ကြီးကို ချစ်တယ်။ ပြီးတော့ တခြားချစ်တဲ့လူလည်း ရှိတယ်။ သူ့ကိုလည်း ချစ်တဲ့သူက ရှိတယ် "

ဤအကြိမ် မျက်နှာလေးရဲသွားသူမှာ မြိုင် ဖြစ်လေသည်။

" မမကြိုင်က ဘာပြောတာလဲ "

မြိုင်က ဒေါသကလေး မသိသာနှင့် မေးသည်ကို ကြိုင်က အေးချမ်းစွာ ပြန်ဖြေ၏။

" သြော် … မမကြိုင်က အကောင်းပြောတာ၊ ကဲ … မောင်ရေ မမကြိုင်တို့ ပြန်မယ်။ ခိုင်လည်း နေကောင်းပြီ၊ အခု အိပ်နေတယ်။ ညနေကျရင် ခိုင် လမ်းလျှောက်ခွင့်ရပြီ။ မောင်တို့ ကစားကြပေါ့ "

ညီအစ်မနှစ်ယောက် ပြန်သွားကြသည်။ ကျွန်တော်က သူတို့နှစ်ယောက်ကို နားမလည်။ သူတို့ အပျိုတွေသည် နားလည်ဖို့ ခက်ပါဘိခြင်း …။

ထိုနေ့ညဉ့်၌ ခိုင်တို့အိမ်ဘက်သို့ ကျွန်တော် ကူးခဲ့သည်။ အဆင်သင့်ပင် ခြံတွင်း၌ ခိုင့်ကို တွေ့ရသည်။ ခိုင်နှင့် ကျွန်တော်သည် တစ်ဦးလက် တစ်ဦးတွဲ၍ လမ်းလျှောက်ထွက်ခဲ့ကြ၏။

ကျွန်တော်တို့သည် မြရာပင်ကြီးအောက်သို့ ရောက်လာကြ၏။ မြရာပင်ခြေရင်း၌ ခိုင်က ထိုင်လိုက်သဖြင့် ကျွန်တော်လည်း ထိုင်ချလိုက်သည်။

ကျွန်တော်သည် ဖြူလျော်သော ခိုင်၏ မျက်နှာလေးကို တစ်ချက်စိုက်ကြည့်မိသည်။ အသည်းအသန် မဖျားဘဲ ခိုင်၏ မျက်နှာသည် ဘာကြောင့် ဤမျှ ဖြူလျော်နေရသနည်း။

www.burmeseclassic.com



မနှစ်က အဖြစ်ကို ကျွန်တော် သွားသတိရမိသည်။ ထိုစဉ်က ဤသစ်ပင်ခြေရင်းတွင် ခိုင့်ကို စ,တွေ့ခဲ့ရသည်။ ထိုစဉ်က ခိုင်သည် မှန်မရှိသော မျက်မှန်ကြီးကို တပ်ထား၏။ လက်တွင်း၌လည်း ကဗျာစာအုပ်နှစ်အုပ် ရှိသည်။ ယခုမူ ခိုင့်မျက်နှာ၌ မျက်မှန်ကြီးလည်း မရှိ။ ခိုင့်လက်တွင်း၌ ကဗျာစာအုပ်များလည်း မရှိ။

" ခိုင့် ကဗျာစာအုပ်တွေကော "

ခိုင်၏ မျက်နှာကလေးသည် မှုန်မှိုင်းသွား၏။ ပြန်ဖြေသော ခိုင်၏ အသံ၌ မကျေနပ်မှု ဖော်ပြနေ၏။

" သူတို့က ခိုင့်စာအုပ်တွေကို သိမ်းထားကြတယ်။ ဒဂုံမဂ္ဂဇင်းနဲ့ ပန်းဝေဝေတွတ္ထုကိုလည်း ယူသွားကြတယ်။ မောင့်ဖေဖေက ယူခိုင်းလို့လား မသိဘူး ..."

ခိုင်က ငြူငြူစူစူလေး ပြောသဖြင့် ကျွန်တော်က ဖေဖေ့ကို ကာကွယ်၍ ဆိုရသည်။

" ဖေဖေ သိမ်းခိုင်းတာ ဟုတ်မယ် မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက ကလေးတွေ စာဖတ်တာ သိပ်သဘောကျတယ်။ ဒါထက် ခိုင်နဲ့ ဖေဖေ စကားပြောနေတာ မောင် တွေ့တယ်။ ခိုင့်ကို ဖေဖေ ဘာတွေမေးသလဲ ..."

တည်ကြည်ညှိုးနွမ်းနေရာမှ ခိုင်သည် တစ်စုံတစ်ရာကို သဘောကျဟန် ပြုံးလိုက်သည်။

" မောင့်ဖေဖေ မေးတာတွေကတော့ စုံလို့ပဲ၊ ခိုင့်အိပ်မက်တွေကိုလည်း မေးတယ် "

" အိပ်မက်တွေ၊ ခိုင် ဘာတွေ မက်လို့လဲ "

" မက်တာပေါ့ ... အများကြီးမက်တာ "

" ခိုင် ဘာတွေမက်လဲ "

" အိပ်မက်က ကြောက်စရာချည်းပဲ၊ မှောင်ကြီးမည်းထဲမှာ ခိုင်တစ်ယောက်တည်း ဘိုးဘိုးကို လိုက်ရှာတယ်။ ဘိုးဘိုးကို တွေ့တာပဲ၊ ခိုင်က လိုက်တော့ ဘိုးဘိုးက နောက်ဆုတ်နောက်ဆုတ်နဲ့ ပြေးသွားတယ်။ ခိုင်က အတင်းလိုက်ဖမ်းတယ်။ ဘိုးဘိုးကို မိတယ်။ အဲဒီတော့ ဘိုးဘိုး မဟုတ်တော့ဘူး၊ မောင် ဖြစ်နေတယ် "

" အို ... မောင်က ဘိုးဘိုးဖြစ်နေတယ် "

"ဟုတ်တယ်၊ မောင်က ဘိုးဘိုးဖြစ်နေတယ်။ ဘိုးဘိုးနဲ့ ခိုင်နဲ့ စကားပြောလိုက်ကြတာ အများကြီးပဲ၊ ဒါပေမယ့် ဘိုးဘိုးက မောင်ဖြစ်သွားလိုက် ... မောင်က ဘိုးဘိုးဖြစ်သွားလိုက်နဲ့ သိပ်ရယ်စရာကောင်းတာပဲ "

ခိုင်၏ အိပ်မက်ကို ကျွန်တော် မည်သို့ဝေဖန်ရမှန်းမသိ။ ကျွန်တော်သည် ခိုင့်အိပ်မက်တွင်း၌ ဘာကြောင့် ဘိုးဘိုး ဖြစ်လာရသနည်း။

" ဒါထက် ဟိုနေ့က မိုးရေထဲ ခိုင် ဘာလို့ ထွက်သွားရတာလဲ "

ခိုင့်မျက်နှာလေးသည် တင်းမာသွားသည်။ မျက်မှောင်လေးကြုတ်၍ ကျွန်တော့်အား ဒေါသဖြင့် ပြန်ဖြေသည်။

" ခိုင် သစ်ရွက်လျှောက်ကောက်တာပါလို့ မောင့်ကို ခိုင်ပြောဖူးသားပဲ ..."

" အင်းလေ ... မိုးကြီး၊ လေကြီးကျတော့ ခိုင်ဘာလို့ ပြန်မလာတာလဲ ..."

ခိုင်၏ ခေါင်းကလေးသည် ငိုင်ကျသွား၏။ ဘာမျှမူ ပြန်မဖြေ။ မျက်လုံးကလေးများတွင် မျက်ရည်တို့ ဝဲနေ၏။

" ခိုင် ... မောင် မေးတာကို စိတ်ဆိုးသွားလို့လား "

ခိုင်က ခေါင်းခါသည်။

" ဒါဖြင့်ရင် ... ဘာလို့ မောင်မေးတာကို မဖြေလဲ ..."

" ခိုင်ပြောတာ မောင့်ဖေဖေကို ပြန်မပြောနဲ့နော် ..."

" မပြောပါဘူး ..."

" ခိုင် သစ်ရွက်တွေ လျှောက်ကောက်နေတုန်း ဘိုးဘိုးက ခိုင့်ကို လာခေါ်တယ် "

www.burmeseclassic.com



"ဘိုးဘိုးက ခိုင့်ကို ခေါ်တယ် …"

" ဟုတ်တယ် … ကျိုက်ဖောဓိဘုရားကြီးနားမှာပေါ့။ ဘိုးဘိုးကိုတော့ မတွေ့ရတော့ဘူး၊ အသံသာ ကြားရတယ်။ ပြီးတော့ မောင် ရောက်လာတာပဲ …"

ကျွန်တော်သည် ခိုင်ပြောနေသည်တို့အား နားမလည်။ သို့ရာတွင် ဖြူလျော်နေသော ခိုင့်မျက်နှာကလေးကိုကြည့်၍ သနားမိသည်။

" မောင့်ကို တွေ့တော့ ခိုင်က ကြောက်တယ် … ကြောက်တယ် … လို့ ပြောတယ်၊ ခိုင် ဘာကို ကြောက်တာလဲဟင် "

ခိုင်သည် တုန်လှုပ်သွား၏။

"ဟုတ်တယ် … ခိုင် သိပ်ကြောက်သွားတာပဲ၊ ဒါပေမယ့် မောင်ရှိရင် ခိုင်မကြောက်ပါဘူး "

ခိုင်၏ စကားကြောင့် ကျွန်တော် ဂုဏ်တက်မိသည်။

ကျွန်တော်သည် ခိုင်၏ လက်ကလေးကိုဆွဲကာ ထိုင်ရာမှထသည်။

"ဘယ်ကိုသွားမလို့လဲ …"

"ဟိုနေ့က နေရာပဲ သွားကြမှာပေါ့ … ခိုင့်ဘိုးဘိုး ရှိသလား … သွားကြည့်ရအောင်လေ …"

ခိုင်သည် ကြောက်အားလန့်အားနှင့် ကျွန်တော့်ကို ဖက်သည်။ ဘာကြောင့်မသိ၊ ခိုင်၏ တစ်ကိုယ်လုံးမှာ တဆတ်ဆတ်တုန်နေသည်။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိ။

ထိုစဉ် ကျွန်တော်တို့နောက်ပါးမှ ချေသံကြားရသည်။ ထိတ်လန့်တကြားဖြင့် ကျွန်တော်တို့ လှည့်ကြည့်လိုက်သောအခါ ပြုံးချိုစွာဖြင့် လျှောက်လာနေသော ဖေဖေ့ကို တွေ့ရသည်။

" သြော် … မောင်နဲ့ ခိုင်ပါလား၊ ခိုင် လျှောက်မကစားရသေးဘူးနော်၊ အအေး ပြန်မိဦးမယ်။ သွား … သွား … အိမ်ထဲသွား ပီယာနိုတီးကြ …"

ကျွန်တော်သည်လည်း ယခုမှ သတိရမိ၏။ ထို့ကြောင့် ခိုင့်ကို အိမ်တွင်း ပီယာနိုရှိရာသို့ ဆွဲခေါ်လာခဲ့သည်။ ပီယာနိုခုံပေါ်၌ ခိုင့်ကို ခေတ္တထားခဲ့ပြီး ကျွန်တော်သည် ကျွန်တော့်အခန်းသို့ ပြေးတက်ကာ ကျွန်တော် တရိုတသေ သိမ်းထားသော တမာရွက်ကလေးများကို ယူခဲ့သည်။

" ဒီမှာကြည့်စမ်း ခိုင် … ခိုင်ပေးထားတဲ့ တမာရွက်ကလေးတွေ "

ခိုင်သည် သူ့တမာရွက်လေးများကို ကြည့်ပြီး ပြုံးရွှင်လာ၏။

" အို … မောင်က ခိုင့်သစ်ရွက်ကလေးတွေကို တကယ်သိမ်းထားတယ်နော် "

" သိမ်းထားတာပေါ့ … ပြီးတော့ မောင်တို့ မနှစ်ကဆိုတဲ့ သီချင်းကို ပြန်တီးကြရအောင် "

ကျွန်တော်သည် သာဆန်းရဂုံဘွေပတ်ပျိုးကို စတီးသည်။

**" သာဆန်းရဂုံဘွေ၊ ညင်းပြေပြေ … လေပြည်လောင်း၊ ညှာခြွေစိမ်းရင့်မောင်း …. ညောင်းရွက်ကယ်တည့် ကြွေလေဟန် … မြညှာရွှေရည်စံ …"**

ခိုင်သည် ပတ်ပျိုးကို ပိုင်ပိုင်နိုင်နိုင် မဆိုတတ်သေး။ သို့ရာတွင် သူပိုင်သော အပိုဒ်၌မူ လိုက်လိုက်လှဲလှဲ ဝင်ဆိုရှာ၏။

**" ဇင်မင်းက လှိုင်လှိုင်ထွေ၊ စိန်ချပ်ရံ မှန်ရွှေဝတ်ကယ် လေညွှန်လာလို့ယိုင် ကြွေလုစုံမြိုင်၊ တွေမှိုင်ကာမော … ဖြေနိုင်အောင်၊ အို …. မယ်မောင် သံစာစာ ကျူးလာဖော်ချင်းနွဲ့ "**

မိုးတွင်းတစ်ကြိမ် ပြန်ရောက်ခဲ့ပြန်သည်။

www.burmeseclassic.com



ကြိုင်က ကောလိပ်သို့ ပြန်သွားသည်။ ကျွန်တော်တို့ကလည်း ကျောင်းပြန်တက်ကြသည်။ ယခုနှစ် ကျောင်းတက်ရာ၌ ထူးခြားမှုတစ်ခုပေါ်လာသည်။

လှိုင်သည် ကျွန်တော်တို့ကျောင်း၌ ကင်ဒါဂါဒင်(အေ)ခေါ် သူငယ်တန်းလေး၌ စတင် ကျောင်းတက်ခြင်း ဖြစ်ပေသတည်း။

အစပထမသော် လှိုင်သည် မြိုင်တို့နှင့်အတူ လိုက်ကျောင်းတက်သည်။ ကျောင်းရည် အတန်ဝသော အခါ လှိုင်ကလေးသည် ဘာကိုသဘောကျသည်မသိ။ မြိုင်တို့အပျိုတစ်သိုက်နှင့် မလိုက်တော့ဘဲ ကျွန်တော်၊ ခိုင်၊ ငြိမ်းမောင်တို့အသိုက်နှင့် လိုက်သည်။

ကျောင်းသို့သွားလျှင် ခိုင်သည် ဟိုဆော့၊ သည်ဆော့ လုပ်ချင်သည်။ လှိုင့်ကို ဂရုစိုက်ရသောတာဝန် ပိုလာသဖြင့် ခါတိုင်းနှစ်ကဲ့သို့ ခိုင့်အား ကျွန်တော် အလိုမလိုက်နိုင်တော့။ ထိုအခါ ခိုင်ဆိုးလေသမျှ ဒဏ်ကို ငြိမ်းမောင် ခံရသည်။

လှိုင့်ကို ကျွန်တော်က လက်တွဲ၍ ခေါ်ရသည်။ တစ်ခါတစ်ရံ လှိုင်သည် ခိုင့်နည်းတူ ရေမြောင်းများ၊ ဗွက်အိုင်များဆီသို့ ပြေးသွားသောအခါ ကျွန်တော်က လိုက်ဖမ်းရသည်။ လှိုင်ငိုသောအခါ ကျွန်တော်က ပွေ့ချီ၍ ကျောင်းသို့ရောက်သည်အထိ ချော့မော့ခေါ်လာရသည်။

ဤသည်ကို ခိုင်က မကျေနပ်။

“ ဒီကောင်မလေးက သိပ်ရှုပ်တာပဲ၊ မောင် သူ့ကို အလိုမလိုက်နဲ့ ...”

“ ဩော် ... ခိုင်ကလည်း လှိုင်က ကလေးပဲ ရှိသေးတာပဲ၊ ခိုင်တောင် ဆိုးသေးတာ ”

ကျွန်တော်တို့ပြောသောစကားကို လှိုင်သည် ကောင်းစွာနားလည်၏။ ထိုအခါ လှိုင်သည် သဘောကျစွာရယ်တတ်ပြီး ခိုင်ကမူ စိတ်ကောက်၍ တစ်နေ့လုံး စကားမပြောဘဲ နေလေ့ရှိသည်။

ကျွန်တော့်ကို စကားမပြောသည်အား စိတ်မဆိုး။ သို့ရာတွင် ခိုင်သည် ကျွန်တော့်အား စိတ်ဆိုးတိုင်း ငြိမ်းမောင်ကို ဖိနိုင်တတ်၍ ဟုတ်ကြိုင်တို့အသိုက်နှင့် သွားသွားတွဲသည်။

ဟုတ်ကြိုင်တို့နှင့် တွဲသည်ကို မကြိုက်သော ကျွန်တော်က မာန်မဲသည်။ ကျွန်တော် မာန်မဲသောအခါ ဘာမျှပြန်မပြောတတ်။ မျက်ရည်လည်လည်ဖြင့် ငြိမ်နေတတ်သည်။ သို့ရာတွင် ဟုတ်ကြိုင်တို့နှင့် တွဲမြဲ တွဲသည်။

ဤအကြောင်းကို ကျွန်တော်က မြိုင့်ကို တိုင်သည်။ မြိုင်သည် အပျိုတစ်သိုက်နှင့် ကျောင်းမသွား တော့ဘဲ ကျွန်တော်တို့တစ်သိုက်နှင့် လိုက်၏။ လှိုင့်အတွက် ထမ်းရသော ကျွန်တော့်တာဝန်များကို မြိုင်က ဝင်ယူခြင်းဖြစ်သည်။ ခိုင်ကလည်း ဤသည်ကို ကျေနပ်ဟန်တူသည်။ ဟုတ်ကြိုင်တို့နှင့် မတွဲပြန်တော့ ...။

ဤသို့ဖြင့် မြိုင်၊ ခိုင်၊ လှိုင် ညီအစ်မသုံးဦးနှင့် ကျွန်တော်၊ ငြိမ်းမောင်တို့သည် အေးချမ်းပျော်ရွှင်စွာ ကျောင်းဆက်တက်ကြသည်။

ကျွန်တော်တို့က အေးချမ်းပျော်ရွှင်စွာရှိသော်လည်း ကမ္ဘာလောကကြီးမှာမူ မအေးချမ်း ...။

ထိုနှစ် သီတင်းမကျွတ်မီ စက်တင်ဘာလအတွင်း ထိုစဉ်က ကျွန်တော်တို့ကလေးများအတွက် အဓိပ္ပါယ်မပြည့်သော်လည်း လူကြီးများအတွက် ကြောက်မက်ဖွယ်ကောင်းသော သတင်းကြီးတစ်ရပ် ထွက်ပေါ် လာ၏။

ကျွန်တော် မှတ်မိသမျှ ထိုခေတ်သတင်းစာများ၌ ဒန်းဇစ်မြို့အကြောင်း အထူးရေးသားထားသည်ကို တွေ့ရ၏။ ဒန်းဇစ်မြို့သည် ပိုလန်ပြည်က ပိုင်နေသည်ဆို၏။ ဒန်းဇစ်မြို့ကို ဂျာမနီပြည်က လိုချင်သည်။ ဂျာမနီပြည်၏ အာဏာရှင်မှာ ဟစ်တလာဖြစ်ကြောင်း ကျွန်တော်တို့ သိရသည်။

သန်လျင်သဘော်ဆိပ်နှင့် ကျောက်တန်းဆီသို့ပြေးသော ခရီးသည်တင်မော်တော်ကားများရှိသည်။ မော်တော်ကားတိုင်း၌ နာမည်ရှိသည်။ ဣင္ဒာရုံ၊ တော်လေးဝ၊ ခင်တို့မောင်၊ ပျို့မေတ္တာ၊ အေဝမ်း၊ စေတနာ၊ တိုးတိုးလေး၊ ရဲရဲတောက်၊ ဒို့သခင်၊ အောင်ဇေယျ စသည်ဖြင့် စိတ်ကူးတည့်ရာ ပေးထားကြသည်။ ၎င်းတို့

www.burmeseclassic.com



အနက် ကားကြီးတစ်စင်းမှာ ရှည်လျား၍ ကြီးမားသည်။ အရောင်မှာလည်း အညိုပုပ်ရောင်ဖြစ်သည်။ ၎င်းကားကြီး၏ အမည်ကား ဟစ်တလာ ဟုခေါ်သည်။

သတင်းစာများ၌ ဟစ်တလာ၏ နာမည်သည် မကြာခဏ ပါတတ်သည်။ ကျွန်တော်တို့အတွက်မူ ဟစ်တလာ နာမည်ကြားတိုင်း အညိုပုပ်ရောင်ကားကြီးကို မြင်၏။

ဤသို့ အညိုပုပ်ရောင်ကားကြီးအဖြစ် ကျွန်တော်တို့ နားလည်ထားသော ဂျာမနီအာဏာရှင် ဟစ်တလာသည် ပိုလန်ပြည်ကို ဝင်တိုက်သည်ဆို၏။ ပိုလန်ပြည်ကို ဟစ်တလာက ဝင်တိုက်သဖြင့် အင်္ဂလိပ်နှင့် ပြင်သစ်တို့က ဂျာမနီကို စစ်ကြေညာသည်။

ကျောင်းတက်ရင်း၊ ကစားရင်း၊ ပျော်ပါးရင်း ကျွန်တော်တို့ကလေးများက မည်သို့မျှ အမှုမထား သော်လည်း နောင်အခါ ကျွန်တော်တို့အပါအဝင် လူသားအားလုံးကို ထိခိုက်နစ်နာစေမည့် ဘေးဆိုးကြီး ရောက်ခဲ့လေပြီ။

ဒုတိယကမ္ဘာစစ်ကြီးစလေပြီ ဖြစ်ပေသတည်း။

www.burmeseclassic.com



## ( ၁၄ ) လွမ်းရစ်တော့ မြိုင်

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သဖြင့် သတင်းစာများရောင်းကောင်းသည်ကို ကျွန်တော် မှတ်မိသည်။ သတင်းစာတိုက်တွင်လည်း စစ်သတင်းများကို အသားပေးဖော်ပြကြသည်။

ပြင်သစ်၊ အင်္ဂလိပ်တို့က တစ်ဖက်၊ ဂျာမနီက တစ်ဖက် ဥရောပ၌ တိုက်ခိုက်ကြသော သတင်းများ ပါ၏။ အာရှတိုက်တွင်လည်း တရုတ်နှင့် ဂျပန်တို့ တိုက်နေကြသည်ဟုဆို၏။ ဂျပန်သည် ဂျာမနီ၊ အီတလီ တို့၏ မိတ်ဆွေဖြစ်၍ အင်္ဂလိပ်၊ ပြင်သစ်တို့၏ ရန်သူဟု သိရသည်။ သို့ရာတွင် အင်္ဂလိပ်တို့နှင့် ဂျပန်တို့ စစ်မဖြစ်သေးဟုဆို၏။

လူကြီးများအတွက်တော့မူ မသိ။ ကျွန်တော်တို့ကလေးများအတွက်ပင် သတင်းစာ ဖတ်ရသည်မှာ အလွန် အရသာရှိသည်။

ကျွမ်းထိုး၍ ဗုံးကြဲသော လေယာဉ်ပျံများအကြောင်း၊ ထိပ်တွင် အမြောက်ကြီးများ တပ်ထားသော တင့်ကားကြီးများအကြောင်း၊ ယူဘုတ်ခေါ် ရေငုပ်သင်္ဘောကြီးများအကြောင်း စစ်သင်္ဘောများနှင့် လေယာဉ်တင် သင်္ဘောကြီးများအကြောင်း စသည်တို့သည် ဖတ်၍ကောင်းပြီး အလွန်စိတ်ဝင်စားဖွယ်ဖြစ်သည်။

မဂ္ဂီနော့ခံတပ်ကြီး၊ ဆီးဖရိစ်ခံတပ်ကြီး၊ ဂျီဘရော်လ်တာခံတပ်ကြီး၊ စင်ကာပူခံတပ်ကြီးများ အကြောင်းလည်း ကြားရသည်။

ကျွန်တော်တို့ မြရာပင်များအကြား၌ ကစားကြသောအခါ ကစားနည်းကို ပြောင်းကုန်၏။ တာဇံ လုပ်တမ်းအစား စစ်တိုက်တမ်း ကစားကြသည်။

မြရာရုံများသည် မဂ္ဂီနော့ခံတပ်၊ ဆီးဖရိစ်ခံတပ်၊ ဂျီဘရော်လ်တာခံတပ်၊ စင်ကာပူခံတပ် စသည်တို့ ဖြစ်လာသည်။ အစသော် ဤသို့ကစားရသည်ကို ပျော်သည်။ ကြာသော် ရိုးလာပြန်၏။ ထို့ကြောင့် တာဇံ လုပ်တမ်းကစားနည်းကိုပင် ပြန်ရောက်ခဲ့သည်။

စစ်သတင်းများလည်း ရိုးလာခဲ့သည်။ သတင်းစာဖတ်ရသည်မှာလည်း မဆန်းတော့။

ကျွန်တော်တို့ကျောင်းနံရံများနှင့် အစိုးရရုံးနံရံများ စသည်တို့၌ ပန်းချီကားကြီးများ ကပ်ထားသည်ကို တွေ့ရသည်။ ပန်းချီကားများတွင် ဘီလူးကြီးတစ်ကောင် အမြဲပါသည်။ ဘီလူးကြီး၏ကိုယ်၌ နာဇီဟု ရေးထားသည်။ ဘီလူးကြီး၏ခြေရင်း၌ လူခေါင်းခွံများကို တွေ့ရသည်။ လူခေါင်းခွံတို့၌ ဩစတြေးလျ၊ ချက်ကိုစလိုဗားကီးယား၊ ပိုလန် စသည်ဖြင့် ရေးထားသည်။

ထိုပန်းချီကားကြောင့် နာဇီ၊ ဂျာမနီဆိုသည်မှာ ကြောက်မက်ဖွယ်ကောင်းသော ဘီလူးကြီးများဟု ကျွန်တော် နားလည်သည်။ နာဇီ၊ ဂျာမနီ၏ မဟာမိတ်ဆိုသော ဂျပန်ပြည်သည်လည်း ကြောက်ဖွယ် ကောင်းသည်ဟု ကျောင်းရှိ ဆရာ၊ ဆရာမများက ပြောကြသည်။

မြို့ရွာအတွင်း၌မူ ဂျပန်ကောင်းကြောင်းသတင်းသည် ကျော်ကြားနေသည်။ ဂျပန်သည် အင်္ဂလိပ်ကို နိုင်အောင် တိုက်နိုင်၍ ဂျပန်လာလျှင် ဗမာတို့လွတ်လပ်ရေးရမည်ဟု ဆိုသူက ဆိုနေကြသည်။

မည်သို့ဖြစ်စေ အခြေအနေအရပ်ရပ်မှု မပြောင်းလဲ။

ထိုနှစ်ဒီဇင်ဘာလ ခရစ္စမတ်အခါတွင် ကျွန်တော်တို့ကျောင်းကြီး၌ ပျော်ရွှင်ဖွယ်ရာပွဲတော်များ ကျင်းပသည်။

ထိုပွဲတော်၌ ကျွန်တော်၊ ခိုင်နှင့် မြိုင်တို့ ထင်ရှားကျော်စောကြသည်။

ကျောင်းပွဲတော်တွင် ကျွန်တော်က ပီယာနိုတီး၍ ခိုင်နှင့် မြိုင်က သီချင်းဆိုသည်။

ကျောင်းပွဲ၌ ပြဇာတ်တစ်ခုလည်း ပါသည်။

ပြဇာတ်၏ ရည်ရွယ်ချက်မှာ အရက်သေစာ သောက်စားခြင်း၏ မကောင်းကြောင်းဖြစ်သည်။

www.burmeseclassic.com



ဇာတ်လမ်းကား ဝန်ထောက်တစ်ဦး၌ လုပသော ဇနီးနှင့် ချစ်စရာကောင်းသော သားတစ်ဦး၊ သမီးတစ်ဦး ရှိသည်။ အစပထမသော် ဤမိသားစုသည် ပျော်ရွှင်ဖွယ်ကောင်း၏။

ထို့နောက် ဝန်ထောက်သည် အရက်သောက်တတ်လာသည်။ အရက်သောက်တတ်လာသဖြင့် အကျင့်စာရိတ္တပျက်စီးလာပြီး လာဘ်စားသည်။ လာဘ်စားသဖြင့် အလုပ်ပြုတ်ကာ ထောင်ကျသည်။ ဝန်ထောက်ကတော်နှင့် ကလေးနှစ်ဦးမှာ ပင်ပန်းဆင်းရဲစွာ အသက်မွေးကြရ၏။ ဝန်ထောက်ကတော်က မြေပဲလှော်သည်။ ကလေးများက စုတ်ပြတ်သော အဝတ်နွမ်းတို့ကိုဝတ်၍ မြေပဲလှော်ရောင်းရသည်။ တစ်နေ့သ၌ မြေပဲလှော်ရောင်းပြန်လာကြသော ကလေးများတို့အား လူကြီးတစ်ဦးက ပိုက်ဆံလိုက်လုသည်။ ကလေးသူငယ်နှစ်ဦးသည် ကြောက်အားလန့်အားဖြင့် ထွက်ပြေးကြရာ တောင်ကြားတစ်ခုထဲသို့ ရောက်သွားကြသည်။ တောင်ကြားတွင်း၌ အိတ်ကြီးတစ်အိတ်ကို တွေ့သဖြင့် မောင်နှမနှစ်ဦးသည် အိမ်သို့ယူဆောင်သွားကြသည်။ မိခင်လုပ်သူက အိတ်ကြီးကို ဖွင့်ကြည့်သောအခါ ရွှေငွေရတနာများကို တွေ့ရသည်။ အကျင့်စာရိတ္တကောင်းသော မိခင်နှင့် ကလေးတို့မှာ ဘုရားသခင်၏စောင်မမှုကြောင့် ချမ်းသာသွားကြသည်။

တစ်နေ့သ၌ ယင်းတို့အိမ်ရှေ့၌ သူတောင်းစားတစ်ဦးသည် လာရောက် တောင်းရမ်းသည်။ ကလေးများက သူတောင်းစားသည် မိမိတို့၏ ဖခင်နှင့် တူကြောင်း မိခင်ကို ပြောကြသည်။ မိခင်လုပ်သူက ထွက်ကြည့်သောအခါ သူတောင်းစားသည် အကယ်ပင် ၎င်းတို့ယောကျ်ားဖြစ်နေသည်။ ထောင်မှထွက်ပြီးနောက် မိမိဘဝကို ရက်သဖြင့် သူတောင်းစားလုပ်နေသော ဝန်ထောက်ဟောင်းပင်ဖြစ်၏။ ထိုအခါ အားလုံး ပျော်ရွှင်စွာ ဇာတ်ပေါင်းကြလေသည်။

၎င်းပြဇာတ်၌ ကိုးတန်းကျောင်းသား ကိုအုန်းဖေကြီးက ဝန်ထောက်လုပ်သည်။ ရှစ်တန်းမှ ဖြူဖြူနွဲ့နွဲ့ ကရင်ကပြားကျောင်းသားတစ်ဦးက မိန်းမလိုဝတ်ကာ ဝန်ထောက်ကတော် လုပ်ရသည်။

ထိုဇာတ်လမ်းကို ကျောင်းသူကျောင်းသားများနှင့် မြို့မိမြို့ဖများက အထူးကြိုက်ကြသည်။ အချို့မှာ ပြဇာတ်ကြည့်ရင်း မျက်ရည်ပင် ကျကြသည်ဆို၏။

သူတို့မျက်ရည်ကျသည်မှာ ဝန်ထောက်ဟောင်း၏ သားနှင့် သမီးတို့ အဝတ်စုတ်ကလေးများဝတ်ကာ မြေပဲလှော်ရောင်းသော အခန်း၌ ဖြစ်သည်ဆို၏။ တစ်နည်းဆိုသော် ပြဇာတ်မှ ကလေးငယ်နှစ်ဦးသည် ပရိသတ်အသည်းစွဲ ဖြစ်သွားသည်။

ပရိသတ်အသည်းစွဲဖြစ်သွားအောင် သရုပ်ဆောင်ကြသော ကလေးမကလေးနှင့် ကလေးမှာ အခြားသူမဟုတ်၊ ခိုင်နှင့် ကျွန်တော်သာပင် ဖြစ်ပေသည်။

ဤပြဇာတ်အပြီးတွင် ခိုင်နှင့် ကျွန်တော်သည် ကျောင်း၌ ပိုမိုထင်ရှားကျော်စောလာသည်။ ကျောင်းသူကျောင်းသားအများကလည်း အသိအမှတ်ပြုကြသည်။ ဆရာ၊ ဆရာမများကလည်း ဂရုစိုက်ကြသည်။ ထိုအချိန်အခါများသည် ခိုင်နှင့် ကျွန်တော်တို့အတွက် ပျော်ရွှင်စရာအကောင်းဆုံး အချိန်များဖြစ်သောကြောင့် နာဇီ ဂျာမနီအာဏာရှင် ဟစ်တလာကိုလည်းကောင်း၊ ဒုတိယကမ္ဘာစစ်ကိုလည်းကောင်း အသိအမှတ်မပြုနိုင်ကြ။

ကျွန်တော်တို့ကသာ ကမ္ဘာစစ်ကြီးကို အသိအမှတ်မပြုသော်လည်း သန်လျင်မြို့တွင်း၌ ပြောင်းလဲမှုများ ဖြစ်ပေါ်နေခဲ့ပြီ။

သန်လျင်မြို့တွင် မျက်နှာဖြူတပ်သားတို့ ဆိုက်ရောက်လာခြင်းကို တွေ့ရသည်။ သူတို့နှင့်အတူ ယခင်က ကြားသာကြားဖူး မမြင်ဖူးသော ချိန်းကြိုးတပ် တင့်ကားကြီးများလည်း ပါလာသည်ကို တွေ့ရသည်။ နံနက်ပိုင်းကောင်းကင်၌ အတောင်ပံနှစ်ထပ်ရှိသော လေယာဉ်ပျံတစ်စီး ပျံနေသည်ကိုလည်း မြင်ခဲ့ရသည်။

လူကြီးများ ပြောဆိုချက်အရ ဂျပန်သည် အင်္ဂလိပ်ကို တစ်နေ့၌ တိုက်လိမ့်မည်။ ဂျပန်က အင်္ဂလိပ်ကို တိုက်သောအခါ ဘီအိုစီကြီး ရှိသဖြင့် သန်လျင်မြို့သည် ရှေးဦးစွာ ဗုံးကြဲခံရမည်ဟု သိရသည်။

www.burmeseclassic.com



ကျွန်တော်တို့အားလုံး မကြောက်ကြ။ အင်္ဂလိပ်နှင့် ဂျပန်သည်လည်း စစ်မဖြစ်ကြသေး။ စစ်ဖြစ်သည့်တိုင်အောင် စင်ကာပူခံတပ်ကြီးမှာ အားကြီးလှသဖြင့် ဂျပန်တို့ ဗမာပြည်ကို မရောက်နိုင်ဟု သိရသည်။

ကျွန်တော်တို့သည် ဤအကြောင်းများကြောင့် ကမ္ဘာစစ်ကို ပမာမပြု။ တပို့တွဲလတွင် ကျိုက်ခေါက်ဘုရားပွဲသည် စည်မြဲစည်၏။ ကျိုက်ခေါက်ဘုရားပွဲ၌ လာကသော ရွှေမန်းတင်မောင်ပွဲကိုလည်း သွားကြည့်ကြသည်။ လူကြီးများက ရွှေမန်းတင်မောင်သည် ဘိုးစိန်ထက် အလွမ်းကောင်းသည်ဟု ဆိုကြသည်။ ဆိုလည်းဆိုစရာပင်တည်း။ ရွှေမန်းတင်မောင် လက်ဝဲသုန္ဒရဇာတ်၌ ဆိုသွားသော မဲဇာတောင်ခြေရတုသည် လူတိုင်း၏ နှုတ်ဖျား၌ စွဲကျန်ရစ်သည်။ ဦးလေးကိုဖိုးခင်ကြီးပင် ညဥ့်နက်လျှင် အိမ်နောက်ဖေးဘက်ရှိ သူ့တန်းလျားမှ နေ၍ " မဲဇာတောင်ခြေ ... စီးထွေထွေတည့် ... မြစ်ရေဝန်းလည် ... မြိုင်တောဆီက ..."ဟူ၍ ဟစ်ဟစ် အော်တတ်သည်။ ထိုအခါ ဒေါ်စာဥကြီးသည် ကောင်းချီးသြဘာပေး၏။

" ဟိုက ရွှေမန်းတင်မောင်၊ အခုအော်နေတာ ရွှေမန်းဖင်ထောင် ..."

ရက် လ တို့သည် တစ်စတစ်စ ကုန်ဆုံးခဲ့သည်။ နွေကျောင်းပိတ်ချိန်ရောက်၍ ကြိုင် ပြန်လာသည်။ ကိုကို ပြန်မလာ။

ကိုကိုနှင့် သခင်များက အင်္ဂလိပ်ကို မောင်းထုတ်ရန် ကြံနေသည်ဆို၏။ ထို့ကြောင့်လည်း အင်္ဂလိပ်က သခင်တို့အား အဆက်မပြတ် ဖမ်းဆီးနေသည်။

ကိုကိုပြန်မလာသဖြင့် ကျွန်တော်စိတ်မကောင်း၊ မေမေလည်း စိတ်ကောင်းမည်မဟုတ်။

မကြာမီ ကိုကို ပြန်မလာရသည့်အကြောင်းကို ကျွန်တော် နားလည်ရသည်။ ကိုကိုသည် မန္တလေးမြို့သို့တက်၍ တရားဟောမှုကြောင့် အစိုးရက ဖမ်းချုပ်ပြီး ထောင်တွင်းသို့ ရောက်သွားပြန်ပြီဆို၏။

ငယ်စဉ်ကလေးဘဝ၏ မှတ်ဉာဏ်ကြောင့်လော မသိ။ ရက် လတို့သည် အကုန်မြန်၍ အဖြစ်အပျက်တို့သည် ဆက်ကာဆက်ကာ ဖြစ်ပေါ်နေသည် ထင်ရ၏။

တစ်နွေ၊ တစ်မိုးဆိုသည်မှာ အမှတ်မထင် အပြောင်းအလဲ မြန်လွန်းသည်။ သစ်ရွက်တို့ အကြွေမြန်သည့်နည်းတူ ပြက္ခဒိန်မျက်နှာတို့လည်း အကုန်လွယ်လွန်းသည်။

ထိုနှစ် မိုးဦးကျ၍ သစ်ရွက်တို့ကို နောက်ဆုံးလေနှင်ချိန်၌ ခါတိုင်းကဲ့သို့ ခိုင်တစ်ယောက် ပျောက်မသွားတော့။

ထိုနှစ် မိုးဦးကျ၌ ကျွန်တော်တို့နှစ်အိမ်သားလုံး မန္တလေးသို့ ရောက်နေကြသည်။

မန္တလေးနှင့် စစ်ကိုင်းတောင်တစ်ဝိုက်ရှိ ဘုရားများကိုလည်း ဖူးကြသည်။ မန္တလေးထောင်အတွင်း၌ ရှိသော ကိုကို့ကိုလည်း ဝင်တွေ့ကြသည်။

မန္တလေးမှ မီးရထားဖြင့် ကျွန်တော်တို့ပြန်လာကြသောအခါ လူကြီးများအားလုံး ဆိတ်ငြိမ်နေကြသည်။ ကြိုင်သည် အံကိုခဲ၏။ အရှေ့ဘက်ရှိ တောင်တန်းကြီးများကို ငေးလျက် လိုက်ပါနေဆဲ မြိုင်သည် တရှုံ့ရှုံ့ ငိုနေသည်။

ခိုင်သည်သာ ကျွန်တော့်နားကပ်၍ တိုးတိုးလေးပြောသည်။

" မောင် ... စစ်ကိုင်းတောင်က သစ်ရွက်လှလှလေးတွေ ခိုင် ကောက်လာခဲ့တယ် ကြည့်မလား "

" အင်း ... အင်း ... ကြည့်မယ် ခိုင် "

ခိုင်သည် လွယ်အိတ်တစ်လုံးတွင်းမှ သစ်ရွက်တစ်ရွက်ကိုနှိုက်၍ ပြသည်။

ဤသစ်ရွက်မှာ ဆန်းသည်ထင်၏။ အညှာမှာ တစ်ခုတည်း။ တစ်ရွက်ပင်ဖြစ်သော်လည်း အလွှာမှာ နှစ်ချပ်။

ဤသစ်ရွက်ကို စွယ်တော်ရွက်ဟု နောင်အခါမှ ကျွန်တော်သိရသည်။

www.burmeseclassic.com



စွယ်တော်ရွက်မည်သည် နှစ်လွှာပေါင်းမှ တစ်ရွက်မည်လေသည်။ တစ်လွှာကြွေလျှင် တစ်ရွက်မည်နိုင်တော့မည်မဟုတ်။

နှစ်လွှာသော စွယ်တော်ရွက်တို့ တစ်လွှာစီကွဲကာ ခွဲကြရသော ၁၉၄၁–ခုနှစ်ကို ကျွန်တော် မမေ့။ ထိုစဉ်က ခိုင်သည် ၁၂–နှစ်သမီး ရှိပြီဖြစ်၍ ၆–တန်းကျောင်းသူကြီးလည်း ဖြစ်နေပြီ။ ကျွန်တော်က ၁၄–နှစ်သား ၇–တန်းသမား၊ မြိုင်က ၁၈–နှစ်သမီး ဆယ်တန်းကျောင်းသူ အပျိုဖားဖားတည်း။

ကြိုင်ကမူ ဘီအေအထက်တန်းသို့ ရောက်နေပြီဆို၏။ တွေ့စက ကားယားကားယားဖြင့် လမ်းလျှောက်ရင်း အားတိုင်းငိုတတ်သူ လိုင်ပင်လျှင် ၇–နှစ်သမီး ဒုတိယတန်းသို့ရောက်နေပြီ။

ခိုင်နှင့် ကျွန်တော်သည် ဥစ္စာစောင့် ဇာတ်လမ်းများကို မဖတ်တော့။ ထိုဇာတ်လမ်းများအစား နဂါးနီနှင့် ဂျာနယ်ကျော်များကို ဖတ်နေကြပြီ။ ကျွန်တော်က နဂါးနီမှ ဆောင်းပါးများကို ကြိုက်၍ ခိုင်က ဂျာနယ်ကျော်မှ စောဦး၊ စောမြင့်တို့၏ အလွမ်းဝတ္ထုများကို ကြိုက်သည်။ ကျွန်တော်က မဟာဆွေ၏ ဝတ္ထုများနှင့် နေသူရိန်၏ မကြောက်တရားဆောင်းပါးများကို အရသာတွေ့နေဆဲ ခိုင်က ဒဂုန်ခင်ခင်လေး၏ ကျွန်းညိုညိုကဲ့သို့သော မေတ္တာဘွဲ့ဝတ္ထုများကို ဖတ်ကာ မျက်ရည်ဝဲနေတတ်သည်။ လိုင်ကမူ ကာတွန်းရုပ်စုံမှ ဗလကြီး၊ ကိုပြူး၊ မပြုံး၊ ကြွက်ဖြူကလေး၊ ဒေါ်အိုဇာတို့ကို သဘောကျနေသည်။

ထိုနှစ် နှင်းတို့မှုန်သော တန်ဆောင်မုန်းတစ်ညတွင် မမျှော်လင့်သောနည်းဖြင့် ကိုကို ပြန်ရောက်လာသည်။

ကျွန်တော့်ကိုကိုသည် မမျှော်လင့်သောနည်းဖြင့် ပြန်ရောက်လာတတ်ကြောင်းကို ကျွန်တော် ဖော်ပြခဲ့ပြီးပြီ။ ယခုနှစ် ပြန်ရောက်လာပုံမှာ ပို၍ထူးဆန်းသည်။

တစ်နံနက်၌ အင်စပက်တော်တစ်ဦး ခေါင်းဆောင်သော ပုလိပ်များ ကျွန်တော်တို့အိမ်သို့ ရောက်လာသည်။ ထိုအခါ၌ ကိုကို ထောင်မှလွတ်ပြီးစ ဖြစ်၏။

အင်စပက်တော်သည် ဖေဖေ့ကို တောင်းပန်သည်။

“ ဆရာကြီးကိုတော့ အားနာပါတယ်၊ အခု ကိုထွန်းအောင်ဟာ အစိုးရကို ပုန်ကန်ဖို့ ကြံနေတဲ့သူ တစ်ဦးအဖြစ် သတင်းရထားပါတယ်၊ သူလည်း တိမ်းရှောင်နေဆဲဖြစ်လို့ ဝရမ်းအရ ကျွန်တော်တို့ လာရှာပါတယ်၊ ကျွန်တော်တို့ကို ရှာခွင့်ပြုပါ …”

ဖေဖေက ခွင့်ပြုသောအခါ တစ်အိမ်လုံးနှံ့အောင် သူတို့ ရှာဖွေကြသည်။ ကိုကို့ကို မတွေ့။

အင်စပက်တော်သည် အားနာစွာဆိုသည်။

“ ကိုထွန်းအောင် ဒီသန်လျင်ဘက်ကို ကူးလာတယ်ဆိုတာ ကျွန်တော်တို့ အသေအချာ သတင်းရထားလို့ ရှာတာပါ ဆရာကြီး။ စိတ်မရှိပါနဲ့ ”

ဖေဖေသည် ထုံးစံအတိုင်း တည်ကြည်စွာ ပြန်ပြော၏။

“ ဒါတော့ ကိုယ့်ဝတ္တရားကိုယ်လုပ်တာပဲ၊ ကိစ္စမရှိပါဘူး။ လူဆိုတာ ကိုယ့်တာဝန်တော့ ကိုယ်ကျေပွန်ရမှာပေါ့ ”

ပုလိပ်များ အိမ်တွင်းမှ ထွက်ခွာသွားကြသည်။

ထိုခဏတွင်ပင် တည်ငြိမ်သော ဖေဖေ၏ အမူအယာတို့ ပြောင်းလဲသွားသည်။

ဖေဖေသည် ဦးလေးကိုဖိုးခင်ကို ခေါ်၍ အမိန့်ပေးသည်။

“ ဖိုးခင် … ကိုထွန်းမောင် ခြံကို သွား၊ ကျိုက်ဗောဓိအနောက်က ပတ်ပြီး ကွေ့သွား၊ ကိုထွန်းမောင်ကို အကျိုးအကြောင်းပြောခဲ့ ”

ဦးလေးကိုဖိုးခင်ကြီး ဖေဖေ့အမိန့်အတိုင်း အလျင်အမြန် ထွက်ခွာသွားသည်။ ထိုအခါမှ ကျွန်တော်လည်း စဉ်းစားမိသည်။ ပုလိပ်များဆိုသည့်အတိုင်း မှန်လျှင် ကိုကိုသည် သန်လျင်သို့ ရောက်နေပြီဖြစ်၍ ကိုကို့အတွက် ပုန်းစရာအကောင်းဆုံးနေရာမှာ ဦးထွန်းမောင်ကြီး၏ ခြံအပြင် အခြားမရှိ။

ကျွန်တော်တို့အားလုံးသည် ဦးလေးကိုဖိုးခင် ပြန်လာသည်အထိ ရင်တထိတ်ထိတ်ဖြင့် စောင့်နေကြသည်။ နှစ်နာရီခန့်ကြာမှ မောကြီးပန်းကြီးဖြင့် ဦးလေးကိုဖိုးခင် ပြန်ရောက်လာသည်။

" ဆရာကြီး ... ကိုထွန်းမောင်ကြီးလည်း မတွေ့တော့ဘူး။ ကျွန်တော် ခြံထဲက မထွက်ခင် ပုလိပ်တွေလည်း ရောက်လာကြတယ်။ သူတို့မမြင်ခင် ကျွန်တော် ပုန်းကွယ်ပြီး ထွက်ပြေးလာခဲ့တယ် "

ဖေဖေသည် ဘာမျှပြန်မပြောတော့ဘဲ ခေါင်းညိတ်ကာ ဆေးရုံကြီးသို့ ထွက်ခွာသွားသည်။

ထိုနေ့ညနေ ကျွန်တော်တို့တစ်အိမ်သားလုံး စိတ်မကောင်းကြ။ ထမင်းစောစောစားပြီး အိပ်ရာဝင်ရန် ပြင်ကြသည်။ ထိုအခိုက်တွင်ပင် အိမ်ရှေ့မှ တံခါးခေါက်သံ ကြားရသည်။ မေမေက ပြေးထွက်သွားပြီး ဖေဖေကမူ " မီးမဖွင့်နဲ့ "ဟု လှမ်းမှာကြားသည်။

တုန်လှုပ်သောရင်နှင့် ကျွန်တော်က ကြည့်နေသည်။ ကိုကိုပင် ဖြစ်ရမည်ဟု ထင်မိသည်။ သို့ရာတွင် မေမေနှင့် ပေါ်လာသူမှာ မြိုင်သာလျှင်ဖြစ်၏။

မြိုင်သည် အမူအယာ တည်ငြိမ်နေသည်။ သို့ရာတွင် မျက်လုံးများမှာ အရေးကြီးဟန်ပြ၍ နှုတ်မှ တိုးတိုးဆိုသည်။

" ကိုကို ရောက်နေပြီ "

ဖေဖေသည် ကုလားထိုင်မှ ရုတ်ခနဲ ထလိုက်ကာ " ဘယ်မှာလဲ "ဟု မေးသည်။ မြိုင်သည် မဖြေဘဲ ငြိမ်နေ၏။

မေမေက လေသံတိုးတိုးဖြင့် ထပ်မေးသည်။

" ဘယ်မှာလဲ သမီး ...။ သား ဘယ်မှာလဲ ..."

မြိုင်သည် မျက်နှာ၌ ရှက်သွေးလေးရဲရင်း ဖြေသည်။

" မြိုင့်အခန်းထဲမှာ မနက်ကတည်းက ရောက်နေတာ ...။ ကိုကိုက တရုတ်ဘိန်းစားလို ဝတ်လာတော့ မြိုင် ပထမ မမှတ်မိဘူး။ နောက် ကိုကိုမှန်းသိတော့ မြိုင် လူကြီးတွေတောင် အသိမပေးဘဲ ဖုက်ထားတာပေါ့။ မနက်က ဒီဘက်အိမ်ကို ပုလိပ်တွေ လာရှာကြတော့ ကိုကိုနဲ့ မြိုင် အခန်းပြတင်းပေါက်က ချောင်းကြည့်နေကြတယ် "

ဖေဖေသည် အခန်းမီးအားလုံးကို ပိတ်ခိုင်းလိုက်သည်။ မြိုင်လည်း ပြန်သွားသည်။

ကျွန်တော်တို့မိသားစုသည် မီးမှောင်မှောင်ဝယ် ဆိတ်ငြိမ်စွာ စောင့်နေကြသည်။

နာရီဝက်ခန့်ကြာသောအခါ မြိုင်နှင့် ကိုကို ပြန်ပေါ်လာသည်။

ကိုကိုသည် မြိုင်ပြောသည့်အတိုင်းပင် တရုတ်ဘိန်းစားကြီးကဲ့သို့ ဝတ်ထားသည်။ လေသံကို မှတ်မိ၍သာ ကိုကိုမှန်း ကျွန်တော်တို့ သိသည်။ ကိုကိုသည် လိုရင်းကို တိုတိုတုတ်တုတ်နှင့် ဆို၏။

" ကျွန်တော် ဖေဖေနဲ့ မေမေကို လာနှုတ်ဆက်တာပဲ။ သေလမ်းရှင်လမ်းမသိလို့ လာနှုတ်ဆက်တာပဲ၊ ဒါဟာ ကျွန်တော့်အတွက် နောက်ဆုံးနှုတ်ဆက်ခြင်း ဖြစ်ချင်ဖြစ်မယ် "

ဖေဖေက ငြိမ်နေသော်လည်း မေမေသည် နေရာမှထ၍ ကိုကို့လက်မောင်းကိုဆုပ်ကာ မေးသည်။

" သားက ဘယ်ကိုသွားမှာမို့လဲ "

" ကျွန်တော် ယိုးဒယားပြည်ကို သွားမယ် မေမေ၊ ကျွန်တော်တို့ခေါင်းဆောင် သခင်အောင်ဆန်းဟာ ယိုးဒယားဘက်မှာ တပ်တွေ စုနေပြီ။ ဂျပန်ဟာ အချိန်မရွေး အင်္ဂလိပ်ကို စစ်ကြေငြာမှာပဲ။ ဂျပန် စစ်ကြေငြာတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့ မြန်မာ့တပ်မတော်ကလည်း မြန်မာပြည်က အင်္ဂလိပ်တွေကို ဝင်တိုက်မှာပဲ ...။ ဒီတော့ ကျွန်တော်တို့အတွက် ငွေလိုတယ်။ မေမေတို့မှာ ရှိသမျှ ပေးပါ "

မေမေသည် ဖေဖေ့ကို လှမ်းကြည့်သည်။ ဖေဖေက ခေါင်းညိတ်ပြ၏။ မေမေသည် အိမ်ပေါ်ထပ်သို့ တက်ကာ အထုပ်တစ်ထုပ်ဖြင့် ပြန်ဆင်းလာသည်။

www.burmeseclassic.com



" ငွေစက္ကူ ငါးရာပါတယ် သား။ ကျန်တာတွေကတော့ မေမေ့ဆွဲကြိုးနဲ့ လက်ကောက်တွေ သုံးထောင်ဖိုးလောက်ရှိမယ်။ သား ကျေနပ်လား "

ကိုကိုက အထုပ်ကို လှမ်းယူသည်။

" ကျေနပ်ပြီ မေမေ၊ သားမှာ အချိန်မရှိဘူး သွားတော့မယ်၊ ဖေဖေနဲ့ မေမေကို ကန်တော့ခဲ့မယ် "

ကိုကိုသည် ကြမ်းပေါ် ဒူးထောက်ကာ ဖေဖေနှင့် မေမေကို ကန်တော့သည်။ နောက် ကျွန်တော့်ကို ဖက်နမ်းရင်း ဆိုသည်။

" ကိုကို တစ်နေ့ ပြန်လာခဲ့မယ် ... ကြားလား ညီလေး "

ကျွန်တော်သည် ရင်တွင်းဆို့နင့်နေ၍ ဘာမျှပြန်မဖြေနိုင်။

ကိုကိုနှင့် မြိုင်သည် အိမ်နောက်ဖေးဘက်မှ မှောင်ရိပ်ခိုကာ ထွက်သွားကြသည်။

ကျွန်တော်က သူတို့နှင့်အတူ လိုက်သွားချင်သည်။ ဖေဖေနှင့်မေမေက တားမြစ်ထားသည်။

ကျွန်တော်က အပေါ်ထပ်ခန်းသို့ တက်လာခဲ့သည်။ ထိုအခါကျမှ ကိုကိုနှင့်အတူ လိုက်မသွားရန် ဘာကြောင့် ဖေဖေနှင့် မေမေ တားသည်ကို သဘောပေါက်မိသည်။

ပြတင်းမှ လှမ်းမျှော်ကြည့်သော် ကျွန်တော် အစီရင်ခံခဲ့သည့်အတိုင်း ခြံတွင်းသို့ လှမ်းမြင်နိုင်သည်။ အချိန်နှောင်းမှ ထွက်လာသော လဆုတ်လသည် အရှေ့ဘက်မိုးပြင်၌ ထွက်ပေါ်စဖြစ်သဖြင့် နှင်းတို့မှုန်သော ညတွင် မှေးမှေးသာ အလင်းရောင်ရှိသည်။

ခြံစပ် မြရာပင်တွင် ကိုကိုနှင့် မြိုင်သည် တစ်ဦးကိုတစ်ဦး ရင်ဆိုင်ငြိမ်ရပ်နေကြသည်။ နောက် တစ်ခဏာ၌မှ ...။

လဝန်းထွက်ရာ အရှေ့ဘက်မှ အလင်းရောင်သည် လာလျက်ရှိသည်။ ကောင်းကင်ပြင်မှာလည်း ပြာပြာလက်နေသည်။ သစ်ရိပ်နှင့် တောအုပ်စုတို့မှု မသဲကွဲသေး။

မိုးပြင်ကို နောက်ခံပြုကာ ရပ်နေသော ရှည်လျားထွားကြိုင်းသည့် ကိုကိုနှင့် ကြော့ရှင်းဖြောင့်စင်းသည့် မြိုင်တို့ကို အရိပ်ပမာလောက်အလား ကျွန်တော် မြင်နေရသည်။

ကိုကို၏ လက်များက ရှေ့သို့ကမ်းလာသည်။ ဤလက်များနှင့် ရင်ခွင်တွင်းသို့ မြိုင်က ပြေးဝင်သွားသည်။ အရိပ်ပမာဖြစ်သော သဏ္ဌာန်နှစ်ခုသည် တစ်ခုနှင့်တစ်ခု ပူးကပ်၍ ကြာမြင့်စွာ ရှိနေကြသည်။

ထိုစဉ် ခြံထောင့်မှ ရှည်လျားသောအရိပ်ရှိသည့် လူတစ်ဦး ပေါ်လာသည်။ ဦးထွန်းမောင်ကြီး ဖြစ်ကြောင်း ကျွန်တော် မှတ်မိသည်။

ကိုကိုနှင့် မြိုင်သည် ခွာလိုက်ကြ၏။ မကြာမီပင် ဦးထွန်းမောင်ကြီးနှင့် ကိုကိုသည် တောတန်းများ ရှိရာသို့ ရှေ့ရှုထွက်ခွာသွားသည်။

www.burmeseclassic.com



## ( ၁၅ ) မွေးရပ်လေဦး ခိုင်

ကိုကိုထွက်သွားပြီးသော ထိုညမှစ၍ ပျော်ရွှင်ဖွယ်ကောင်းသော ကျွန်တော်တို့အိမ်ကြီးမှာ ဆိတ်သုဉ်းကျန်ရစ်သည်။ ကိုကိုသည် အိမ်၌ မနေသည်မှာ များသည် မှန်၏။ အိမ်သည် ကိုကိုနှင့် ကင်း၍ နေသည်မှာ ကြာပြီလည်း မှန်၏။ သို့ရာတွင် မည်သည့်အခါကမျှ ကျွန်တော်တို့အိမ်သည် မဆိတ်သုဉ်းစဖူး ...။ ဤအကြိမ်တွင်မှ ဘာကြောင့် ဆိတ်သုဉ်းရလေသည်မသိ။

မေမေသည် နံနက်တိုင်း ဘုရားပန်းလဲကာ ဘုရားစင်ရှေ့ရှိခိုးလေ့ရှိ၏။ ဆုမွန်ကောင်းကို တောင်းနေသည် ဖြစ်ရာ၏။

ဆုမွန်ကောင်းတို့သည် မပြည့်။ ထပ်ဆင့်ကာ စိတ်မချမ်းသာဖွယ်ရာအဖြစ်သာ ကြုံရ၏။

ကိုကိုထွက်သွားပြီး နောက်တစ်နေ့မှစ၍ အိမ်သို့ ပုလိပ်တွေ အကြိမ်ကြိမ်လာရှာသည်။ ဖေဖေ့ကိုလည်း ရန်ကုန်သို့ခေါ်၍ ဆေးမင်းကြီးက စစ်သည်ဆို၏။ နောက်တစ်လအတွင်း၌ မမျှော်လင့်သော အမိန့်ကိုရသည်။

ဖေဖေ့ကို စစ်ကိုင်းမြို့သို့ ပြောင်းရမည်ဆို၏။

ဖေဖေ သန်လျင်ဆေးရုံကြီး၌ ခွဲစိတ်ကုသရေးဘက်ဆိုင်ရာ ဆရာဝန်ကြီးအဖြစ် အမှုထမ်းခဲ့သည်မှာ ကြာပြီ။ လက်ထောက်ဆရာဝန် အမည်ခံသော်လည်း အဆင့်အတန်းမှာ ခရိုင်ဆရာဝန်ကြီးနှင့် ညီသည် ဆို၏။ ယခု စစ်ကိုင်းသို့ သာမန်လက်ထောက်ဆရာဝန်တစ်ဦးအဖြစ်နှင့် ပြောင်းရွှေ့ရတော့မည်။

ဤအိမ်နှင့် ဤခြံကြီးတွင် ကျွန်တော်တို့နေခဲ့သည်မှာ ကြာပြီ။ တစ်သက်မခွဲခွာရဟု ထင်သော ဤအိမ်နှင့် ဤခြံ ဤမြို့ကို ကျွန်တော်တို့ ခွဲခွာရပေတော့မည်။

ဤအိမ်ကြီးမှာ ကျွန်တော်တို့ ဘိုးဘွားများလက်ထက်ကတည်းမှ နေလာခဲ့သောအိမ်ကြီး ဖြစ်လေရကား မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရှိသည်။ ကျွန်တော်တို့ စစ်ကိုင်းသို့ ပြောင်းရလျှင် ဤအိမ်ကြီးကို ကြည့်ရှုရန် ထားရစ်ခဲ့မည့်သူ မရှိ။ ဦးထွန်းမောင်ကြီးမှာလည်း ကိုကိုနှင့် ပါသွားပြီဖြစ်သည်။

ဖေဖေတို့ နောက်ဆုံးအစီအစဉ်အရ အားလုံး အဆင်ပြေခဲ့သည်။

ဦးမြဘူးမှာ ယခုနှစ်ကုန်လျှင် ပင်စင်ယူကာ သန်လျင်တွင်ပင် အတည်တကျနေမည်။ ကိုယ်ပိုင်အိမ် မဆောက်ရသေးမီ ဦးမြဘူးတို့သည် ယခုငှားနေသော သူဌေးပိုင်အိမ်မှ ကျွန်တော်တို့အိမ်သို့ ပြောင်းလာနေမည်။ ဖေဖေတို့က အခကြေးငွေယူမည် မဟုတ်။

ဖေဖေသည် စစ်ကိုင်း၌ ကြာရှည်စွာ နေရမည်ဟု မထင်။ ကိုကို့ကိစ္စကြောင့်သာ အစိုးရက စိတ်ခု၍ ဖေဖေ့ကို ခေတ္တ နယ်ပြောင်းပစ်ခြင်းဖြစ်သည်။ သန်လျင်ဆေးရုံကြီး၌ ဖေဖေမရှိလျှင် မဖြစ်။ ခြောက်လ တန်သည် တစ်နှစ်တန်သည် ဆိုလျှင် သန်လျင်မြို့ ပြန်ခေါ်မည်မှာ သေချာသည်။ ထိုအချိန်လောက်ဆိုလျှင် ဦးမြဘူးတို့လည်း ကိုယ်ပိုင်အိမ်ဆောက်ပြီး ဖြစ်နေမည်။

ကျွန်တော်သည် ခိုင်နှင့် ခွဲရမည်ဖြစ်သောကြောင့် စိတ်ထိခိုက်မိသော်လည်း ကျွန်တော်တို့အိမ်ကြီးတွင် ခိုင်တို့ ဆက်နေမည် ဆိုခြင်းကြောင့် တစ်မျိုးစိတ်သက်သာမိသည်။ နွေကျောင်းပိတ်လျှင် စစ်ကိုင်းမှ ဤအိမ်ကြီးသို့ ပြန်လာနိုင်ပြီး ... ခိုင်တို့နှင့် အတူနေနိုင်သည်။

ပြောင်းရွှေ့ရန်အတွက် ပစ္စည်းများ သိမ်းဆည်းသောအခါ မြိုင်နှင့် ခိုင်သည် မေမေ့ကို လာကူညီကြသည်။ လိုင်ပင် ဘေးမှ တောက်တိုမည်ရ ဆောင်ရွက်ပေးသည်။

မြိုင်၏ မျက်နှာကလေးမှာ စိတ်မကောင်းမှုကို မဖော်ပြဘဲ ပြုံးရွှင်ကြည်လင်လျက်ပင်။ မေမေက တစ်ချီတစ်ချီတွင် မျက်ရည်ဝဲတတ်သည်တိုင်စေ မြိုင်သည် ရယ်မောစရာလေးများပြောကာ အလုပ်ကို သွက်လက်စွာလုပ်သည်။

www.burmeseclassic.com



ခိုင်ကသာ အနည်းငယ် ငိုင်သည်။ အံလေး မသိမသာခဲလျက် မျက်တောင်ကော့လေးများကို တဖျပ်ဖျပ်ခတ်ရင်း နှုတ်နည်းဆိတ်ငြိမ်လှသည်။ မြိုင်နှင့်အတူ ကျွန်တော်က ရယ်မောစရာများပြောသောအခါ ခိုင်သည် အားလျော့စွာသာ ငွေ့ငွေ့ပြုံးတတ်သည်။

သန်လျင်မှ မထွက်မီတစ်နေ့တွင် ကျွန်တော်တို့မိသားစုသည် မြို့ပေါ်ရှိ ဆွေမျိုးမိတ်သင်္ဂဟများကို လိုက်လံနှုတ်ဆက်သည်။ နေ့လည်ကတည်းက ထွက်လာကြသော်လည်း ဝင်ရသည့်အိမ်တို့ များသဖြင့် ညနေအတန်စောင်းမှ ကျွန်တော်တို့အိမ် ပြန်ရောက်သည်။

ကျွန်တော်တို့သည် ခိုင်တို့အိမ်ဘက် ကူးခဲ့သည်။ အိမ်၌ ခိုင့်ကို မတွေ့သဖြင့် ကျွန်တော်တို့ တွေ့နေကျ မြရာပင်ကြီးဆီသို့ လျှောက်လာခဲ့သည်။

ဤမြရာပင်ကြီးအောက်၌ စတွေ့ကြစဉ် ခိုင်သည် ဘော့ဟဲယားလေးနှင့်ဖြစ်၍ ဂါဝန်လေးဝတ်ထားသည်။ ယခုမူ … စုလည်းဆင်းစ၊ ထုံးနောက်လွှဖြင့်၊ ကလျာဖူးစသစ် ပျိုမျစ်မျစ်သည်၊ ဆယ်ကျော်နှစ်တွင်၊ မျက်မည်းထင်လု၊ ရွှန်းရွှန်းနုခဲ့ပြီ။ မြရည်ကြောစိမ်း လဲ့လဲ့ရှိမ်း၍ ခပ်သိမ်းကလျာ၊ ရှုဖွယ်သာခဲ့ပြီ။ ပိတုန်းကေသျှောင် ရွှေမျက်တောင်ကော့သမျှ ကိုယ်ဟန်နေ ကြော့စပြုလေပြီ။

ခိုင့်အပါးတွင် ကျွန်တော်က အသံမပြုဘဲ ရပ်လိုက်သည်။

ခိုင်က အသာမော့ကြည့်၍ ပြုံးသော်လည်း မျက်သားပြာသောမျက်လုံးများ၌ မျက်ရည်တို့ ဝဲနေသည်။

“ ခိုင် ရောက်နေတာ ကြာပြီလား၊ မောင် စောစော ပြန်ခဲ့မလို့ပဲ။ လူကြီးတွေက ကြာနေလို့ …”

ကျွန်တော်က ခိုင့်ဘေးတွင် ဝင်ထိုင်သည်။ ခိုင်က တစ်ဖက်သို့ မသိမသာလေး ရွှေ့လိုက်သည်ကို ကျွန်တော် သတိပြုမိသည်။

“ ခိုင် … ဝမ်းနည်းနေလား …”

ခိုင်က ချက်ချင်းမဖြေ။ ကျွန်တော့်ကို လှည့်မကြည့်ဘဲ ရှေ့သို့ငေးစိုက်ပြီး အတန်ကြာမှ မေးသည်။

“ မောင် … ကော ….”

“ မောင် … ဝမ်းနည်းတာပေါ့။ ဒါပေမယ့် မောင်တို့ ခိုင်တို့က အကြာကြီး ခွဲနေကြရမှာ မဟုတ်ပါဘူး။ ဖေဖေက ပြောတယ် … တစ်နှစ်လောက်ဆိုရင် ဒီပြန်ပြောင်းရမှာပဲတဲ့ …”

“ မောင် တကယ်ပဲ ဒီလိုထင်သလား ”

“ မောင် ထင်တာမဟုတ်ဘူး … အမှန်ကိုပြောတာ ”

ခိုင်က သဲ့သဲ့ ရယ်သည်။

“ ခိုင် ဘာရယ်တာလဲ ”

“ ဩော် … မောင်ပြောတာကို သဘောကျလို့ပေါ့ ”

“ မောင်ပြောတာမှာ ဘာရယ်စရာကောင်းလို့လဲ …”

“ မောင်က မောင်ဖြစ်ချင်တာတွေကို ပြောနေတာကိုး။ လောကကြီးမှာ ဖြစ်ချင်တာတွေ ဘယ်တော့မှ ဖြစ်မလာဘူး။ မဖြစ်ချင်တာတွေသာ ဖြစ်ဖြစ်လာတာ …”

“ ခိုင်က အားရင် အားငယ်နေတတ်တာပဲ။ ဖြစ်ချင်တာဟာ ဖြစ်ရမှာပေါ့။ ဘာလို့မဖြစ်ရမှာလဲ။ ကံကြမ္မာဆိုတာ လူလုပ်တာပဲ။ ကိုယ်ဖြစ်ချင်တာကို ကိုယ်လုပ်ယူလို့ရတယ် ”

ခိုင်က နာကြည်းပြုံးလေးပြုံးလိုက်ပြီး ပြန်ချေ၏။

“ ဖြစ်ချင်တာ ဖြစ်နိုင်တယ်ဆိုရင် ဘာဖြစ်လို့ အခု မောင်တို့ ပြောင်းသွားရသလဲ။ မပြောင်းရအောင် မောင် တတ်နိုင်သလား ”

“ မပြောင်းရအောင်တော့ မတတ်နိုင်ဘူးပေါ့။ ဒါပေမယ့် ဒီပြန်ပြောင်းရအောင်တော့ တတ်နိုင်တယ်။ မောင်တော့ မဟုတ်ဘူးလေ။ ဖေဖေ တတ်နိုင်တယ်။ အဲ … မောင်တတ်နိုင်တာ တစ်ခုရှိတယ်။ နွေကျောင်းပိတ်တိုင်း မောင် ဒီကို ပြန်လာခဲ့မယ် ”

www.burmeseclassic.com



ခိုင်သည် မပြုံးမရယ်ဖြင့် လှည့်၍ ကျွန်တော့်ကို စူးစိုက်ကြည့်သည်။ ခိုင် စူးစိုက်ကြည့်သည်မှာ ကျွန်တော့်မျက်လုံးများကိုဖြစ်၏။

" ခိုင် ဘာလို့ မောင့်ကို ဒီလိုကြည့်တာလဲ ..."

ထိုအခါမှ ခိုင်သည် အသာအယာပြုံးသည်။

" သြော် ... ခိုင့်ကိုတော့ မောင်က အားရင်အားငယ်နေတာပဲလို့ ပြောတယ်။ မောင်ကတော့ အားရင် အားတက်နေတာပဲ "

ကျွန်တော်သည် ခိုင်၏ ဝေဖန်ချက်ကို မည်သို့ပြန်ဖြေရမှန်း မသိသဖြင့် ခိုင့်လက်ကလေးများကိုသာ ကြည့်မိသည်။ ခိုင့်လက်ဖဝါးတစ်ခုမှာ ဆုပ်ထား၍ အတွင်း၌ တစ်စုံတစ်ရာ ရှိသည်ထင်၏။

" ခိုင့်လက်ထဲက ဘာလဲ ..."

ခိုင်က နူးညံ့နီရဲသော သူ့လက်ဖဝါးကလေးကို ဖွင့်ပြသည်။ ခိုင့်လက်ဖဝါးလေးပေါ်၌ စွယ်တော် ရွက်ခြောက်တစ်ရွက်ကို တွေ့ရသည်။

စွယ်တော်ရွက်၏ နှစ်လွှာသည် လိပ်ပြာတောင်ပိတ်သည့်နှယ် ပူးကပ်လျက်ရှိသည်။

ကျွန်တော်က စွယ်တော်ရွက်ကလေးကို ယူလိုက်ပြီး ပြောသည်။

" ဒီမှာကြည့်စမ်း ခိုင် ...၊ စွယ်တော်ရွက်ဟာ ဘယ်လောက်ထူးဆန်းလဲ။ တစ်ရွက်တည်းဆိုပေမယ့် နှစ်လွှာရှိတယ်၊ ခိုင်နဲ့ မောင်ဟာလည်း စွယ်တော်ရွက်နှစ်လွှာလိုပဲ ခွဲလို့မရဘူး။ မောင်တို့ ဘယ်တော့မှ မကွဲဘူး ..."

ကျွန်တော့်စကားကြောင့် ခိုင့်မျက်နှာလေးမှာ လန်းလာသည်။ ပြုံးရင်း မျက်လုံးများက ထူးဆန်းသော ရောင်ခြည်အပြည့်ဖြင့် ကျွန်တော့်ကို ပြန်ကြည့်သည်။

ကျွန်တော်က စွယ်တော်ရွက်ကလေးကို ခိုင်၏ လက်ဖဝါးလေးတွင်းသို့ ပြန်ထည့်ပေးပြီး ဆုပ်ထား စေသည်။ ကျွန်တော့်လက်များကလည်း ခိုင့်လက်ကလေးကို မလွှတ်မိ။

ဒီဇင်ဘာလ အစဖြစ်သဖြင့် နှင်းမှုန်တို့ ညနေဝယ် ဝေနေသည်။ လိုင်းထနေသော တောင်ကမူများ ထက်မှ မြရာချုံပုတို့သည် စိမ်းရင့်မှောင်နေ၏။ ဝင်လုဆဲနေရောင်မှာ မှုန်ပျနေရကား ကျိုက်ဗောဓိ စေတီတော်ကြီးမှာ မှိုင်းညို့စွာ စံနေတော်မူ၏။ လေအဝှေ့ဝယ် တောပန်းတို့၏ ရနံ့များ မွှေးပျံ့လာခိုက် စေတီတော်ထံမှ ညောင်ရွက်ခတ်သံ ခေါင်းလောင်းသံများကို လွမ်းဆွတ်ဖွယ် ကြားနေရ၏။

တစ်ဦးလက်ကို တစ်ဦးဆုပ်ကာ ခိုင်နှင့် ကျွန်တော် ငြိမ်နေခိုက် မြရာတောကို ဖြတ်၍ လူငယ်တစ်ဦး လျှောက်လာသည်။

ငြိမ်းမောင်ဖြစ်၏။

ကျွန်တော်က ခိုင့်လက်ကလေးကိုလွှတ်ပြီး ဆိုသည်။

" ဟော ... ဟိုမှာ ... ငြိမ်းမောင် လာနေပြီ ...။ ခိုင် ... မောင်သွားပေမယ့် ငြိမ်းမောင် ရှိသေးသားပဲ။ ငြိမ်းမောင်ကလည်း မောင့်လိုပဲ ခိုင့်ကို သိပ်ချစ်တာပဲ မဟုတ်လား ..."

ငြိမ်းမောင်သည် ကျွန်တော်နှင့် ခိုင်အား ပြုံးကြည့်ရင်း လျှောက်လာနေသည်။

ခိုင်က ငြိမ်းမောင်ကို မကြည့်ဘဲ လက်တွင်းမှ စွယ်တော်ရွက်ကလေးများကိုသာ စူးစိုက်ကြည့်နေသည်။

**စွယ်တော်ရွက်၌ သုံးလွှာ မရှိ။ နှစ်လွှာသာ ရှိသည်လေတကား ...။ နှစ်လွှာသာ ရှိပါသည် တကား ...။**

www.burmeseclassic.com



နောက်တစ်နေ့၌ ခိုင်တို့အိမ်သားများက ကျွန်တော်တို့ကို သင်္ဘောဆိပ်သို့ လိုက်ပို့နှုတ်ဆက်ကြသည်။

သင်္ဘောကြီး ထွက်သွားသည်အထိ ခိုင်တို့က လက်ပြနှုတ်ဆက်လျက် ကျန်ရစ်သည်။ ကျွန်တော်တို့ကလည်း စင်ရော်ငှက်တို့ ဝဲကာ ... ဝဲကာ ကပ်ပျံလာနေသော ပထမတန်းပြတင်းဝများမှ ပြန်လှန်လက်ပြသည်။

ကုန်းပေါင်ပေါ်မှ အသီးသီး လက်ပြနှုတ်ဆက်နေသူများအနက် မြိုင်၊ ခိုင်နှင့် လှိုင်တို့သည် အထူးပေါ်လွင်ထင်ရှားနေသည်။

အပျိုဖြားဖားဖြစ်သော မြိုင်က ချောလှသည်။ ဂါဝန်စိမ်းပြာလေးနှင့် လှိုင်ကလည်း ချစ်စဖွယ်အတိရှိသည်။ သို့ရာတွင် သူတို့နှစ်ဦးအလယ်မှ ခိုင်သည် အတင့်ရှန်းဆုံးဖြစ်သည်။

မျက်ရည်များကို မထိန်းနိုင်သော မေမေက ပြတင်းဝမှခွာကာ ထွက်သွားသဖြင့် ဖေဖေလိုက်သွားသည်။

ပြတင်းဝ၌ ကျွန်တော်နှင့် ဒေါ်စာဥကြီးသာ ကျန်ရစ်သည်။

ဒေါ်လေးသည် လက်တစ်ဖက်က ခါယမ်းနှုတ်ဆက်ရင်း လက်တစ်ဖက်က မျက်ရည်သုတ်လျက် ငိုသံပါကြီးနှင့် ပြောသည်။

“ မြိုင်ရယ် ... ခိုင်ရယ် ... လှိုင်ရယ်ကို ဒေါ်လေး သိပ် ... သိပ်အောက်မေ့တာပဲ၊ ခိုင့်ကို ဒေါ်လေးအလွမ်းဆုံးပဲ။ ကြည့်စမ်း ... အားလုံးထဲမှာ ခိုင်က အလှဆုံးပဲမဟုတ်လား။ ဒေါ်လေး မောင့်ကို ပြောသားပဲ။ ခိုင်လုံးရယ်မွေး ... လို့။ တစ်ခိုင်လုံးမှာ ခိုင်က အမွေးဆုံးပဲ ...၊ သိလားမောင် ...။ အို ... မောင် .... မောင် ... ဘုရားရေ ... မောင်ငိုနေတယ် ...”

❑❑❑

www.burmeseclassic.com



## အပိုင်းသုံး

## စန်းလငွေ မှုန်ရစ်တော့လေး


၁၆ သည်သောင်ယံဝယ်

၁၇ ကြယ်မကြွေသောည

၁၈ လွမ်းရစ်လေဦး

www.burmeseclassic.com



## ( ၁၆ ) သည်သောင်ယံဝယ်

ဆောင်းဆိုလျှင် နှင်းဝေ၍ နွေတိုင်က မြူဆိုင်းတတ်သော စစ်ကိုင်းတောင်ရိပ်ဆီ ခိုဝင်မှီနားရခြင်းသည် ကျွန်တော့်ဘဝအတွက် ကဏ္ဍတစ်ခန်းရပ်ခြင်းပင် မည်ခဲ့ရပါသည်။ ပြန်လှန်တွေးလျှင် ငယ်စဉ်ကလေးဘဝ ကြုံသမျှတို့မှာ နှင်းပမာ ဝေကာ မြူပမာဆိုင်းသော အချိန်သင်တိုင်း၏ နောက်ဆွယ်ဝယ် မပျက်ပြယ်သည့် တိုင်စေ ဝိုးဝါးထွေပြားလျက် အိပ်မက်ပေလား ထင်မှားရသည်။

ဖြစ်လိုသည်သာရှိ၍ ဖြစ်လိုသည်မှာလည်း ဖြစ်လာရမည်ဟု သိမှတ်ယုံမှားသော ကလေးဘဝ ကာလ များသည် စင်စစ် အိပ်မက်မက်နေခြင်းသာ ဖြစ်ပါ၏။

လူ့ဘဝဟူသည် ဇောဆန္ဒစိတ်အကြိုက် အလိုက်သင့် အခွင့်ရှာမက်လာလေရသည့် အိပ်မက်မဟုတ်မှန်း လွမ်းဖွယ်ကောင်းသော ထိုတစ်ဆောင်းမှ စတင်ကာ ကျွန်တော် သိမြင်ခဲ့ပါသည်။

စစ်ကိုင်းကမ်းနားလမ်း၌ ကျွန်တော်တို့ အစိုးရအိမ်ကြီးတစ်အိမ်ရသည်။ ခြံကြီးမှာလည်း ကျယ်ဝန်း ပါ၏။ မြင့်မားဝေသီသော သစ်ပင်ကြီးများပေါက်ရာ ဖြစ်သဖြင့် အရိပ်အာဝါသလည်း ကောင်းသည်။ အိမ်ရှေ့မှ လှမ်းမျှော်မြင်ရသော် သောင်ထွန်းစ မြစ်ဧရာ၏ ရှုခင်းမှာလည်း ကြည်နူးဖွယ် ရှိလှသည်။

တစ်ရပ်တစ်ရွာတွင် သူစိမ်းသာ ဖြစ်နေသေးသော ကျွန်တော့်အတွက်မူ အနည်းငယ် ဆိတ်သုဉ်းသုဉ်း ရှိသည်။ သစ်ပင်ကြီးများသည် အမှန်မြင့်မားသည်ထက် ပိုမြင့်မားသည်ထင်ရကာ ကျွန်တော့်ကိုယ်နှိုက်မှာ နေ့ချင်းညချင်း သေးငယ်သွားသည် မှတ်ရ၏။ ယခုနေသော အိမ်ကြီးမှာ သန်လျင်အိမ်မျှလောက်သာ ရှိသော်လည်း အဆမတန် ပိုမိုကျယ်ဝန်းသည်ဟုလည်း ထင်ယောင်မိသည်။ အိမ်သူအိမ်သားတစ်ဦးမျှ ပိုလျော့ မသွားသော်လည်း အသိုင်းအဝိုင်းမှာ ကျွန်တော့်စိတ်အတွင်း ငယ်နေသည်။

စစ်ကိုင်းအထက်တန်းကျောင်းကြီး၌ ဆက်နေရန် စီစဉ်ထားသော်လည်း ရောက်စဖြစ်သဖြင့် ဖေဖေ မအားရကား ကျောင်းမအပ်ရသေးသောကြောင့် ကျွန်တော့်မှာ အားလပ်နေသည်။

ပီယာနိုကြီးကို ယူလာခဲ့သဖြင့် ဂီတသည် ကျွန်တော့်အတွက် အဖော်ဖြစ်မြဲဖြစ်နေသည်။ ပီယာနိုခုံ၌ ထိုင်ရင်း သောင်ဦးပေါ်စ ဧရာမြစ်ကြီးကိုငေး၍ ယမုန်နာပတ်ပျိုးကို ဆိုတီးရသည်မှာ အရသာရှိလှသည်။ အရသာဆိုသည်မှာ ဆွေးမြေ့မြေ့နိုင်သော်လည်း ညှင်းညှံ့ညှံ့သက်သာသော စိတ္တဇဝေဒနာပင် ဖြစ်ပါ၏။

**“ သောင်ယံမှာ မောင်နံ့ငှက်ကယ်တို့ ... လည်ချင်းယှက်ပါလို့ နွဲ့ပျော် စံ ... ဆွေးစေဖို့ဖန် ...၊ ကြင်ဖော်မဲ့သူတို့ ဝဲကာပျံတယ်၊ သည်သောင်ယံက မခွာရက်တယ် ကြံခက်လို့ပန်း ”**

ထိုတေးကို ဆိုမိတိုင်း ရင်မှာ လှိုက်လှိုက်လာသည်။ ငို၍ပင် ရှိုက်လိုက်ချင်သည်။ ရှိုက်ချင်ပေမယ့် ငိုရန်က မလွယ်။

ခိုင့်ကို လွမ်းပါသည်။ မြိုင့်ကိုလည်း လွမ်းပါသည်။ ကိုကို့ကိုလည်း အောက်မေ့ပါသည်။ လှိုင်နှင့် ငြိမ်းမောင်ကိုလည်း မမေ့နိုင်။ သန်လျင်မြို့တစ်မြို့လုံးကိုပင် သတိရမဆုံးအောင် ရှိမိသည်။

ညနေစောင်းလျှင် သောင်ပြင်သို့ ကျွန်တော်တစ်ဦးတည်း ဆင်းသွားသည်။ ပင်စည်လုံးပတ် လူနှစ်ဖက်ခန့်ရှိ၍ အရွက်သိပ်သည်းစေ့စိပ်သမျှ အဝန်းကျယ်သော မည်စည်ပင်ကြီးရိပ်မှနေ၍ မြစ်ပြင်ကို ငေးမိသည်။

မြစ်ရေကို ဆန်၍ ပင်ပန်းကြီးစွာ ခုတ်တက်နေသော သင်္ဘောငယ်တို့စက်သံသည် ကျယ်ဝန်းသော ပတ်ဝန်းကျင်၌ သဲ့သဲ့တုန်တုန် ထွက်ပေါ်နေသည်။ ကုက္ကလံ တောင်ကို လှည့်ဆဲဖြစ်သဖြင့် ရေစုန်လေစုန်ဝယ် ရွေ့လျားလွင့်သွားကြသော လှေကြီးများ၏ ရွက်တို့သည် တစ်ဖက်ကမ်း အင်းဝဆီမှ ညိုမှိုင်းပြာရီသည့် သစ်အုပ်တောတန်းတို့ကို ဖြတ်ကာ တရိပ်ရိပ်နှင့် ခရီးနှင်နေကြသည်။ တောင်တိုင်းထက် ပိုမှိုင်းကာ တောတိုင်းထက် ပိုရင့်သော ရှမ်းတောင်မင်းသည်သာ အဝေးဝယ် ဣန္ဒြေကြီးစွာဖြင့် မလှုပ်မရှား သွယ်တန်း ဝပ်စင်းနေသည်။

www.burmeseclassic.com



ကျွန်တော်သည် ဣန္ဒြေကြီးသော ရှမ်းတောင်မင်းကို ထူးထူးဆန်းဆန်း အားကျမနာလို ဖြစ်မိသည်။ တည်ငြိမ်သဖြင့် အားကျမိသည်။ ကွဲကွာခြင်း၊ လွမ်းဆွတ်ခြင်းဖြင့် တုန်လှုပ်နေသော လူ့ဘဝအလယ်ဝယ် သူငယ်သာသာမျှ ရှိသေးသော ကျွန်တော့်ကိုပင် မထောက်မညှာ သိက္ခာအပြည့်ဖြင့် ဝင့်ဝါနိုင်လွန်းသောကြောင့်လည်း မနာလိုဖြစ်မိသည်။

ဧရာဝတီမြစ်ရေသည်သာ ရှင်သန်လျက် ဖိတ်ခေါ်ဖော်ရွေသည်။

လူကြီးလူငယ် အဖော်တစ်သင်းသည် နေမင်းနီစ နှင်းဝေဖျာသည့် ညနေခင်းတိုင်း ရေချိုးဆင်းကြသည်။

မြစ်ရေယဉ်တစ်ကြော လေ့တို့နှယ် မျောလိုက်ရလျှင်သန်လျင်ကျွန်းမှ မွေ့နန်းစံရာမြေသို့ အလွမ်းပြေရောက်လေလိမ့်မည် ထင်သည်။

ကိုယ်က မရောက်နိုင်သော်လည်း တစ်ခါတစ်ခေါက် သူလျှင် လာပိုင်မြောက်သော်။

ဧရာကမ်းတစ်လျှောက် မြောက်သို့တူညီ၊ တောင်ဆီမကွဲ၊ ရွှေဟင်္သာမောင်နှံငှက်ကယ်တို့၊ လည်ချင်းယှက်၍ နွဲ့ကာစံလေမည်၊ ဤသောင်ယံဖန်လာမည့် အလွမ်းဇာတ်ကို ဘယ်မမြင်၊ ဆွေးရိပ်တို့လည်း ရေးရေးမျှ မထင် ...။

အိပ်မက်တို့သာ ဖြစ်ပါ၏။ ကျန်ရစ်လေပြီဖြစ်သော ကျွန်တော်၏ ဆယ်ကျော်နှစ်မှ နောက်ဆုံးအိပ်မက်တို့သာ ဖြစ်ပါလေ၏။

ကျွန်တော့်အိပ်မက်တို့မှာ တောင်ပင်လယ်စွန်းရှိ တစ်ခုသော လွမ်းဖွယ်ကျွန်းညိုညိုမှ ပေါက်ကွဲမှုမီးခိုးလှိုင်းများနှင့်အတူ ကြေသုဉ်းပျောက်ဆုံးခဲ့ရသည်။

ကျွန်တော်တို့ စစ်ကိုင်းရောက်ပြီး ငါးညလွန်မြောက်သော တစ်နံနက် ၁၉၄၁–ခုနှစ် ဒီဇင်ဘာလ ၈–ရက်တွင် တစ်ကမ္ဘာလုံးနှင့် မြန်မာတစ်ပြည်ထောင်လုံးကို အံ့အံ့ကျွက်ကျွက်ဖြစ်စေသည့် ကြောက်မက်ဖွယ်သတင်းကြီးတစ်ရပ် ပေါ်ထွက်လာခဲ့သည်။

စစ်မကြေညာဘဲ ဂျပန်တို့သည် ပုလဲဆိပ်ကမ်းကို တရကြမ်း ဝင်ရောက်ဗုံးကြဲ တိုက်ခိုက်သည်။ ပုလဲဆိပ်ကမ်းမှ ပေါက်ကွဲသံတို့သည် မြန်မာပြည်အပါအဝင် အာရှတိုက်ကြီးဆီသို့ ကမ္ဘာ့စစ်မီး ကူးဝင်လာဟန်ကို နိဒါန်းခံသည့် သေမင်းတမန် မျောက်မင်းအူသံတို့သာ ဖြစ်လေသတည်း။

စစ်ဖြစ်စတွင် ဗြိတိသျှတို့သည် ဝါဒဖြန့်ချက်အရ ဂျပန်တို့ ယိုးဒယားကို မကျော်နိုင်ဟု ယုံသူတို့ယုံနေကြသည်။ စင်ကာပူခံတပ်ကြီးမှာ မပြိုပျက်နိုင်သော ကုန်း၊ ရေ၊ လေ စစ်စခန်းကြီးအဖြစ် နာမည်ကျော်လှသည်။

မြန်မာအများစုကား ဗြိတိသျှတို့ကို အယုံအကြည်မရှိ။ ဂျပန်အလာကို မျှော်ကိုးနေကြသည်။ ဤသူတို့တွင် ကျွန်တော်လည်း ပါသည်။

ဂျပန်ဝင်မည်၊ အင်္ဂလိပ်ဆုတ်မည်မှာ အဓိကမဟုတ်။ ဂျပန်များနှင့်အတူ ကိုကိုပါလာမည်ကို မျှော်မိခြင်းဖြစ်သည်။ ကိုကိုတို့လာလျှင် လွတ်လပ်ရေးရမည် မဟုတ်လော။

မြို့ပေါ်၌ ဟုမ်းဂါဒ်ခေါ် မြို့စောင့်တပ်များ ဖွဲ့ကြသည်။ လေကြောင်းရန်ကာကွယ်ရေးလည်း ကျင့်ကြသည်။ နာမည်ကြီး နိုင်ငံရေးသမားများ အဖမ်းခံကြရသည်ကိုလည်း မှတ်မိ၏။

ဒီဇင်ဘာလ ၂၃–ရက်နေ့တွင် ရန်ကုန် ဗုံးကြဲခံရသည်။ လေကြောင်းအန္တရာယ်ကို နားမလည်ကြသူ မြို့သူမြို့သားအပေါင်းတို့ ဂျပန်၏ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်တို့ဖြင့် မရှုမလှ သေဆုံးကြရသည့် သတင်းများကို စိတ်မချမ်းမြေ့ဖွယ် ကြားရသည်။

ကျွန်တော်သည် ခိုင်တို့အတွက် စိတ်ပူမိသည်။ စစ်ဖြစ်လျှင် သန်လျင်ဘီအိုစီကြီး ထိပ်က ဗုံးကြဲခံရမည် ဟူသောစကားကို အမှတ်ရမိသည်။

မေမေကလည်း အိမ်အတွက် ပူသည်။ စစ်ပြန့်ပွားလာသော် သူစိမ်းတစ်ရံဆံအရပ်၌ နေရမည်ထက် ကိုယ့်မြို့ကိုယ့်ရွာ၌ ပြန်နေချင်သည်။

www.burmeseclassic.com



ဖေဖေကသာ အခြေအနေကို စောင့်ကြည့်ရန်ပြောသည်။ စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်ရိုးသို့ ရန်ကုန်မှ ရှောင်တိမ်းလာကြသူများ နေ့မစဲ၊ ညမစဲ တဖွဲဖွဲရောက်လာကြသည်။ သူတို့နှင့်အတူ သတင်းမျိုးစုံလည်း ပါလာသဖြင့် လူအပေါင်းမှာ ထိတ်လန့်တကြား ရှိနေကြသည်။

ဖေဖော်ဝါရီလ ၁၅–ရက်နေ့တွင် နာမည်ကြီးလှသော ဗြိတိသျှတို့၏ စင်ကာပူခံတပ်ကြီးမှာ ဂျပန်လက်သို့ ကျသွားတော့သည်။

စစ်ကိုင်းသို့ ရှောင်တိမ်းလာသူ ပိုများလာ၏။ ရှောင်တိမ်းလာကြသူတို့အနက် ကြေးရတတ်ကုန်သည်များသာမက အစိုးရအရာရှိကြီးများပင် ပါလာသည်။ အချို့က စစ်ကိုင်းတွင် မရပ်၊ မုံရွာ မိုးညှင်းတောရအထိ ဆက်သွားကြသည်။

စစ်ကိုင်း၊ မန္တလေးမြို့တို့တွင် နေရာအနှံ့အပြား ကုလားစစ်ပြေး၊ တရုတ်စစ်ပြေးများနှင့် ပြည့်ကျပ်နေသည်။ စစ်ပြေးတို့သည် ခြေလျင်တစ်မျိုး၊ ရရာမီးရထား၊ မီးသင်္ဘောတို့ဖြင့် မြောက်ဘက်သို့ ဆက်သွားကြသည်။

သူတို့ ရောက်လေရာအရပ်တွင် ကျောက်ရောဂါ၊ ဝမ်းရောဂါတို့ ပျံ့နှံ့ကျန်ရစ်သည်။

ဖေဖေသည် အလွန်အလုပ်များနေသည့်ကြားမှ အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သန်လျင်သို့မပြန်၊ စစ်ကိုင်းတွင်ပင် ဆက်နေမည်ဟူ၏။

ဖေဖေရှင်းပြပုံမှာ သန်လျင်သို့ပြန်ခြင်းသည် စစ်ဦးရှိရာသို့ ကိုယ်က သွားတွေ့ရာ ရောက်နေမည်။ အင်္ဂလိပ်တို့မှာ မြန်မာပြည်က ဆုတ်ခွာပေးရန် သေချာသဖြင့် ဂျပန်တို့ မြန်မာပြည်ကို အမြန်သိမ်းမိမည်။ အောက်နှင့် အထက်မြန်မာပြည် ကြာရှည် အဆက်ပြတ်နေမည် မဟုတ်သောကြောင့် သန်လျင်မှ အိမ်မှာ စိတ်ပူရန် အကြောင်းမရှိ။ တိုင်းပြည်မငြိမ်မသက်ဖြစ်နေသော စပ်ကြားကာလအတွင်း စစ်ကိုင်းတောင်ရိုးထက် လုံခြုံစိတ်ချရသော အခြားနေရာ မမြင်။ ထို့ကြောင့် စစ်ကိုင်းတွင်ပင် ဆက်နေရန် ဆုံးဖြတ်ခြင်းဖြစ်၏။

ဖေဖေ့တွက်ကိန်းမှာ မှန်သည်။ မကြာမီတွင် အစိုးရရုံးများ အထက်မြန်မာပြည်သို့ ရွှေ့ပြောင်းလာကြသည်။ အင်္ဂလိပ်တပ်၊ တရုတ်တပ်တို့လည်း ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့် မြောက်ဘက်သို့ အဆက်မပြတ် ဆုတ်ခွာလာနေကြ၏။

မတ်လ ၉–ရက်နေ့တွင် ရန်ကုန်ကျကြောင်း ကြားရသည်။

ကျွန်တော်တို့လည်း မြို့ပေါ်တွင် မနေတော့ဘဲ စစ်ကိုင်းတောင်ရိုးရှိ ရေဦးကျောင်းတိုက်ချောင်သို့ ပြောင်းရွှေ့ခဲ့သည်။

ဖေဖေသည် စစ်ကိုင်းသို့ရောက်သည်မှာ မကြာသေးသော်လည်း နာမည်ကျော်ဆရာဝန်တစ်ဦး ဖြစ်သောကြောင့် တစ်ကြောင်း၊ စစ်ကိုင်းတောင်၌ ဘိုးဘွားမိဘများလက်ထက်ကတည်းမှ လှူဒါန်းခဲ့သော ကုသိုလ်အဆောက်အအုံတို့ရှိသည်က တစ်ကြောင်း၊ ချောင်မှ ဆရာတော်သည် ရှေးယခင် ဘုရားဖူးလာစဉ်ကတည်းက ဖေဖေတို့ ဆရာရင်း၊ သမားရင်း ဖြစ်ခဲ့သည်က တစ်ကြောင်း ဤအကြောင်းများကြောင့် တစ်ပြည်လုံးမှ ခိုလှုံလာကြသူအပေါင်း ပြည့်ကျပ်နေသော စစ်ကိုင်းတောင်ရိုးတွင် ကျွန်တော်တို့ နေရာရခြင်း ဖြစ်လေသည်။

ထိုနှစ်နွေက ကျောင်းပိတ်လျှင် သန်လျင်မြို့သို့ ပြန်မည်ဟု ကျွန်တော်ခဲလေသမျှ သဲရေကျ ဖြစ်ရသည်။

ဤသို့ဆိုသဖြင့် ရက်လများကို လွမ်းမောတ,သရင်း ကုန်ဆုံးခဲ့ရပါသည်ဟု ကျွန်တော် မဆိုလို ...၊ လိုက်လိုက်လှဲလှဲ လွမ်းမောတသနိုင်ရန်အတွက် ကျွန်တော့်အသက်မှာ မကြီးလွန်းသေး။ ရင်ဆိုင်နေရသော အဖြစ်အပျက်များကလည်း စိတ်ကူးယဉ်အတွေးနယ်ချဲ့ရန်အတွက် မည်သို့မျှ အထောက်အပံ့မပြု၊ ထိတ်လန့်တုန်လှုပ်ဖွယ်များသာ ဖြစ်နေ၏။

www.burmeseclassic.com



ကျွန်တော်တို့ စစ်ကိုင်းချောင်ရှိ စစ်ပြေးအများမှာ ချန်ကေရှိတ် ကူမင်တန်တပ်များ၏ ဓားပြတိုက်သည်ကို မရှုမလှ ခံလိုက်ကြရသည်။ ကူမင်တန်တပ်သားများသည် မန္တလေးမဟာမြတ်မုနိကြီးကိုပင် ဖျက်ဆီးလုယက်ရန် ကြံကြသေးသည်။ မန္တလေးသံဃာတော်တို့ သာသနာ့အလံထူ၍ ဘုရားကြီးကို အသက်ပေးကာကွယ်ခုခံမည် ပြသောအခါမှ သင်းတို့ လက်လျှော့ရသည်။

ယခင်က တိုင်းပြည်ပျက်ခြင်းအကြောင်းကို စာ၌သာ တွေ့ဖူးသည်။ ရုပ်ရှင်များထဲ၌သာ မြင်ဖူးသည်။ ယခုမူ ကိုယ်တွေ့ကြုံရပြီတည်း။

ညအခါ၌ ခွေးအူသံတို့ကို အသည်းယားဖွယ် ကြားရသည်။

အဝေးအရပ်ဆီမှ တံတားများကို ဖောက်ခွဲသံတို့သည် မြေကိုတုန်စေ၍ ပေါ်ထွက်လာတတ်သည်။ ထိုအခါမျိုး၌ လမဲ့၍ မှောင်မည်းသော ကောင်းကင်ပြင်နောက်ခံဖြင့် မီးတောက်၊ မီးလျှံတို့သည် စိတ်ချောက်ချားဖွယ် ထွက်ပေါ်လာတတ်၏။

ဘုရားဆွဲလည်းသံ သာသာ၊ ဝတ်တက်သော သံဃာတော်အရှင်မြတ်၊ သီလရှင်သူတော်မြတ်တို့၏ ပရိတ်သံချိုချိုဖြင့် ထုံမွှန်းအပ်သော ကျွန်တော်တို့၏ စစ်ကိုင်းတောင်ရိုးသည်သာ ဤကမ္ဘာတစ်ခုလုံး၌ ငြိမ်းချမ်းမှုအရှိဆုံးဒေသဟု ထင်မှတ်ရသည်။

မေမေကမူ ရှေးယခင်ကတည်းက မပြတ်ခဲ့သော နိစ္စပါတ်ဘုရားဝတ်ပြုခြင်းကို ပြုမြဲပြုသည်။ ယခင်က မိုးချုပ်လျှင် အလျှင်အိပ်ရာဝင်၍ ဘုရားရှိခိုးပျင်းသော ဒေါ်စာဥကြီးကား ယခုမူ မှန်မှန်ဘုရားရှိခိုးရုံမက ဂုဏ်တော်ပုတီးကို တစ်ညတစ်ထောင် စိပ်သည်ဆို၏။ ပုတီးစိပ်ပြီးတိုင်း ဘယ်ကသူသင်၍ ရလာသည် မသိသော တရားလင်္ကာကို သံနေသံထားဖြင့် ရွတ်ဖတ်တတ်သေးသည်။

**“ အမြိုက်တနင့်၊ ဓမ္မလောကီ၊ မကူးမီနင့်၊ ကူးပြီးသည့်နောက်၊ တစ်ခုမြောက်သို့၊ မရောက်ကြမီ၊ ပဥ္စသီဖြင့်၊ တည်ကြည်စိတ်ပျောင်း၊ အနေကောင်းမှ၊ မကောင်းသူပယ်၊ ကောင်းသူကယ်မည်၊ သိဖွယ်ငါတို့ မှတ်စိမ့်သောဝ် ... သြကာသ ... သြကာသ ”**

ဒေါ်စာဥကြီးရွတ်သော တရားလင်္ကာ၏ အဓိပ္ပါယ်ကို ကျွန်တော် နားမလည်။ ကျွန်တော် နားလည်သည်ကား ဒေါ်စာဥကြီး စိတ်ပြောင်းသွားခြင်းပင်ဖြစ်သည်။ အကြောင်းကား ဒေါ်စာဥကြီးသည် နှစ်ပေါင်းများစွာ စိတ်ကောက်၍ မပြောပြခဲ့သော ကပ်ကြီးသုံးပါးဆိုက်ပုံကို ကျွန်တော့်အား ပြောပြသည်။

ထိုအချိန်၌ ဒေါ်စာဥကြီး၏ ကပ်ကြီးသုံးပါးဆိုက်ပုံသည် ကျွန်တော့်အတွက် မဆန်းတော့။ ကပ်ကြီးသုံးပါး အဆုံးစွန်တိုင်အောင် ကမ္ဘာစစ်ကြီးကို ကိုယ်တွေ့မျက်မြင် ကြုံရလေသောကြောင့် ဖြစ်ပါ၏။

❑

မေလတစ်ရက်နေ့ မန္တလေးမြို့ကျသည်။

ဤနောက်ပိုင်း၌ မြောက်ဘက်ဆီဝယ် တိုက်ပွဲများ ရှိကောင်းရှိမည်ဖြစ်သော်လည်း မန္တလေး၊ စစ်ကိုင်းမှစ၍ အောက်ဘက်တောက်လျှောက် အခြေအနေ ပုံမှန်အတိုင်း ပြန်ဖြစ်လာ၍ အုပ်ချုပ်ရေးတို့ ပြန်စခဲ့သည်။

ဧရာဝတီမြစ်အတွင်း၌လည်း ထင်းရှူးသားဖြင့် လုပ်သော ဂျပန်မော်တော်အများ ဆန်တက်လာသည်ကို နေ့စဉ် တွေ့နေရသည်။ တစ်ခါတစ်ရံ ယခင်က ဧရာဝတီကုမ္ပဏီပိုင် မီးသင်္ဘောကြီးတို့ ဆန်တက်လာရာ ဦးထိပ်တွင် ဒေါင်းလံကြီး တဝင့်ဝင့်ဖြင့်ရှိ၏။ ခေါင်မိုးပေါ်တွင် စစ်လေ့ကျင့်ခန်းပြလျက် လိုက်ပါလာသော ဗမာ့လွတ်လပ်ရေးတပ်မတော်သားများကိုလည်း တွေ့ရသည်။

မြန်မာပြည်သည် ... တကယ်လွတ်လပ်ပြီလော ...။

ဗမာ့လွတ်လပ်ရေးတပ်မတော်ဗိုလ်အများ စစ်ကိုင်းသို့ ရောက်လာကြသည်။ ကိုကိုမူ ပေါ်မလာ။

www.burmeseclassic.com



တပ်မတော်ဗိုလ်အများမှာ ကိုကို့မိတ်ဆွေများဖြစ်သဖြင့် ဖေဖေ့ကို လာတွေ့ကြသည်။ သူတို့ထံမှ သိရသဖြင့် ကိုကိုသည် ယခုအခါ စစ်ဦးစီးဌာနတွင် ဗိုလ်မှူးတစ်ဦး ဖြစ်နေသည်။ တာဝန်များကြောင့် ရန်ကုန်တွင်သာ ကျန်ရစ်သည်ဆို၏။

ကိုကို ရောက်မလာသော်လည်း ကိုကို မသေမပျောက်ရှိကြောင်း သိရသဖြင့် ကျွန်တော်တို့တစ်အိမ်လုံး ဝမ်းသာကြသည်။

ဘာကြောင့်မသိ၊ ဖေဖေက သခင်ထွန်းအုပ် ဦးစီးသည်ဆိုသော ဗဟိုအစိုးရလက်အောက်သို့ ပြန်မဝင်။ တပ်သားများ၊ စစ်ကိုင်းတောင်မှ စစ်ပြေးများ၊ ရဟန်းသံဃာများနှင့် ရွာနီးချုပ်စပ်မှ လူနာများကို လိုက်၍ ဆေးကုပေးနေသည်။

၁၉၄၂–ခုနှစ် ဇွန်လအတွင်း၌ ဂျပန်စစ်သေနာပတိချုပ် ဂျင်နရယ်အီဒါးက ဗဟိုအုပ်ချုပ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာသည်။ ထိုကော်မတီ၏ ခေါင်းဆောင်ကား ဒေါက်တာဘမော်ဖြစ်သည်။

ကျွန်တော် မျက်စိလည်သွား၏။ ငယ်စဉ်က ဆိုခဲ့သော ...

**" ဘမော် ဘဦးတို့က ရုပ်သနော်၊ ပုဒ်မ ပုဒ်ထိးများကို ထုတ်ဖော်၊ တိုင်းသူပြည်သားများနဲ့ ဒို့အပေါ် ..."**ဟူသည့် သီချင်းကို အမှတ်ရမိသည်။ ယခု ထိုစဉ်က ဆဲခဲ့သော ဒေါက်တာဘမော်သည် ဘာကြောင့် မြန်မာပြည်၏ အရှင်သခင် အာဏာရှင် ဖြစ်ခဲ့ရလေသနည်း။

ဇွန်လမကုန်မီ ကျွန်တော်တို့ချောင်သို့ ကိုကို ရောက်လာသည်။

ကိုကိုသည် အစိမ်းရောင် ဂျပန်စစ်ယူနီဖောင်းကို ဝတ်ထားသည်။ ဂျပန်စစ်ယူနီဖောင်းမှာ ပုကွသော ဂျပန်များနှင့် ကြည့်မကောင်းသော်လည်း ရှည်လျားသောအရပ်ရှိသည့် ကိုကိုနှင့် အလွန်လိုက်သည်ဟု ကျွန်တော် ထင်မိသည်။

ထုံးစံအတိုင်း မေမေက ချွေးတလုံးလုံး၊ ရှင်တပြုံးပြုံးဖြင့် မအောနိုင်မပန်းနိုင် ထမင်းဟင်း ချက်ပြုတ်သည်။

ယခင်က ကိုကို့ထံမှ ပုံတို့ကိုသာ ကြားခဲ့ရသော ကျွန်တော်သည် ယခုအခါ ကိုယ်တွေ့တိုက်ပွဲများကို နှိုက်နှိုက်ချွတ်ချွတ်မေးသည်။ ကိုကိုကလည်း ယိုးဒယား၊ မြဝတီစစ်ကြောင်းမှ စ၍ အသေးစိတ်ရှင်းပြသည်။

ကျွန်တော်နှင့် စကားကောင်းနေသဖြင့် ညစာထမင်းဝိုင်းကျခါမှ ကိုကိုသည် ဖေဖေ မေမေတို့ကို ကိုယ်ရေးကိုယ်တာကိစ္စများအကြောင်း ပြောခွင့်ရသည်။

မေမေက ကိုကို့ကို တစ်ချက်စိုက်ကြည့်ပြီး မေး၏။

" သား .... သန်လျင်ဘက် ရောက်သေးလား ..."

ကိုကိုကလည်း မေမေ့ကို တစ်ချက်ပြန်ကြည့်ပြီး မပြုံးမရယ်ဖြင့် ဖြေသည်။

" ရောက်ပါတယ် မေမေ။ ဦးမြဘူးတို့ ကျွန်တော်တို့အိမ်မှာပဲ ရှိကြသေးတယ်။ သူတို့ အိမ်ကို ကောင်းကောင်းစောင့်ရှောက်ထားပါတယ်။ ပြီးတော့ ဦးထွန်းမောင်ကြီးကိုလည်း ကျွန်တော် အဲဒီအိမ်မှာပဲ ထားခဲ့တယ် "

ကျွန်တော်က ဝင်ဖြတ်မေးသည်။

" ဦးထွန်းမောင်ကြီးက ကိုကိုနဲ့ ဘယ်အထိလိုက်သလဲ ..."

" ယိုးဒယားအထိပေါ့။ အခုတော့ အသက်ကြီးတာမို့ တပ်က ထွက်လိုက်ပြီ ..."

မေမေက ဆက်မေးသည်။

" မြိုင်ရော နေကောင်းရဲ့လား ..."

ဤအကြိမ်တွင်မူ ကိုကိုက ပြုံးသည်။ မေမေ ဘာကိုဆိုလိုနေသည်ကို သဘောပေါက်ရန် ရှန်းရှန်းနောက်နောက် ပြန်ဖြေသည်။

" မေမေ့ ချွေးမလောင်း နေကောင်းပါရဲ့ဗျား ...။ ကဲ ကျေနပ်ပလား ..."

www.burmeseclassic.com



မေမေက စိတ်မဆိုးဘဲလျက် ကိုကို့ကို မျက်စောင်းထိုးသည်။ ဖေဖေကမူ ရယ်နေ၏။

အလိုက်မသိသော ကျွန်တော်ကသာ တိုက်ရိုက်ဝင်မေးသည်။

“ ကိုကိုက မြိုင့်ကို ယူမလို့ … ဟုတ်လား …”

ဘာကိုသဘောကျသည် မသိ၊ ကိုကိုသည် ထမင်းသီးအောင် ရယ်သည်။

“ ယူမှာပေါ့ မောင်ရ …။ ဒါပေမယ့် အခုတော့ မယူနိုင်သေးဘူး ”

“ ဟင် … ဘာဖြစ်လို့ ”

“ ဘာဖြစ်လို့လဲဆိုတော့ … ကိုကိုတို့ စစ်သားဆိုတာ … ကိုယ့်ဘဝကိုယ်မပိုင်ဘူး၊ ဒီတော့ သူများသားသမီးကိုလည်း မပိုင်ချင်သေးဘူး ”

ကိုကို့စကားကို ကျွန်တော်နားလည်သယောင်တော့ရှိသည်။ အဓိပ္ပါယ်တော့ အတိအကျမပေါက်။ ဖေဖေက မျက်နှာပိုးသတ်ကာ ဝင်မေးသည်။

“ ကျန်တဲ့ အိမ်သားတွေကော နေကောင်းကြရဲ့လား ”

“ ဦးလေးဦးမြဘူးကတော့ နည်းနည်းချူချာတယ်။ ပရက်ရှာရှိတယ်ထင်တယ် ဖေဖေ။ ကျန်တဲ့လူတွေ အားလုံး နေကောင်းကြပါတယ်။ သြော် … ခိုင်ကတောင် မောင့်ကို သတိရကြောင်း ပြောလိုက်သေးတယ်။ ခိုင်က ခုမှသိပ်လှနေတယ် သိလား မောင် ”

လူကြီးအားလုံး ပြုံးစိစိဖြင့် ကျွန်တော့်ကို ဝိုင်းကြည့်ကြလေရာ ကျွန်တော်သည် အနည်းငယ်ရှက်သွားသဖြင့် ခိုင့်အကြောင်း ဆက်မေးချင်သော်လည်း မမေးတော့ဘဲ ထမင်းသာ ငုံ့လွေးရတော့၏။

ထမင်းစားပြီးသောအခါ မေမေနှင့် ဒေါ်စာဥ၊ မမေစန်းတို့က မီးဖိုချောင်၌ သိမ်းဆည်းကျန်ရစ်သည်။ ဖေဖေနှင့် ကိုကိုက အိမ် (အမှန်မှာ ဇရပ်) အပေါ်ထပ်ရှိ ဖေဖေ့စာကြည့်ခန်းတွင်းသို့ ဝင်သွားကြသည်။ ကျွန်တော်က လိုက်သွားဦးမည် ကြံသော်လည်း မေမေက လှမ်းတားမြစ်သည်။

“ မောင် … ဖေဖေနဲ့ ကိုကို လွတ်လွတ်လပ်လပ် စကားပြောပါစေ … မောင် ဦးဇင်းတို့ဆီဖြစ်ဖြစ် ခဏသွားလည်ပေါ့ ”

ဦးဇင်းဆိုသည်မှာ ကျွန်တော်တို့ ဆရာတော်၏ လက်ထောက်ကိုယ်တော်တစ်ပါး ဖြစ်သည်။ ဘွဲ့အမည်မှာ ဦးပညာသာမိ ဖြစ်သည်။ အတိုကောက် ဦးပညာဟုသာ ခေါ်ကြသည်။ ဦးဇင်းထံသို့ သွားလျှင် စကားကောင်း၍ မိုးချုပ်ဦးမည်။

မေမေ့တားမြစ်ချက်အရ ကိုကိုတို့ စကားပြောရာသို့ ကျွန်တော် မသွားအပ်မှန်းသိသည်။

“ ကောင်းပါပြီ မေမေ၊ မောင် … ဦးဇင်းတို့ဆီတော့ မသွားပါဘူး … မောင့်အခန်းမှာ မောင် သွားစာဖတ်နေပါ့မယ် ”

ကျွန်တော့်အခန်းမှာ ဇရပ်အောက်ထပ်၌ရှိသည်။ ပီယာနိုကြီးကိုလည်း ဤအခန်း၌ပင် ထားသည်။

ကျွန်တော်သည် အခန်းထဲသို့ လာခဲ့သည်။ ပီယာနိုတီးချင်စိတ်မရှိ၊ စာဖတ်မည် ကြံသော်လည်း မဖတ်ချင်။

အိပ်ရာထဲတွင် လှဲရင်း အတွေးနယ်ချဲ့မိသည်။

စစ်ကြီးပြီးပြီလော … အင်္ဂလိပ်တွေ ဆုတ်သွားပြီ ဖြစ်သဖြင့် စစ်ကြီးပြီးပြီ ထင်မိသည်။ မြန်မာပြည်ကြီးလည်း လွတ်လပ်ပြီလော။ ကိုကိုတို့ ပြန်ရောက်လာခဲ့ပြီ ဖြစ်သဖြင့် လွတ်လပ်ပြီ ထင်၏။ သို့ရာတွင် ကိုကို့စကားကြောင့် ကျွန်တော့်စိတ်မှာ စနောင့်စနင်းဖြစ်နေသည်။

စစ်သားဘဝသည် ကိုယ့်ကိုယ်ကို မပိုင်သဖြင့် ကိုကိုက မြိုင့်ကို လက်မထပ်နိုင်သေးဟုဆိုသည်။ မြိုင့်ကို ကိုကိုချစ်သည်မှန်း ကျွန်တော် သိသည်။ မြိုင်က ကိုကို့ကို ချစ်မှန်းလည်း ကျွန်တော် သိသည်။ ချစ်ကြလျှင် မြန်မြန်ယူကြဖို့သာရှိသည်။ ဘာကြောင့် မယူကြသေးသနည်း။

www.burmeseclassic.com



ကိုကိုတို့ခေါင်းဆောင် သခင်အောင်ဆန်းခေါ် ဗိုလ်တေဇမှာလည်း လူပျိုဟု သိရသည်။ သူ့၌လည်း ချစ်သူ မရှိလေသလော ...၊ ရှိချင်လည်း ရှိမည်။ မရှိချင်လည်း နေမည်။ သူတို့သည် ချစ်သူနှင့် မိဘဆွေမျိုးများထက် တိုင်းပြည်ကို ပိုချစ်ကြသူများဖြစ်သည်။ သူတို့ကို တိုင်းပြည်ကသာ ပိုင်သည်။ အခြားမည်သူကမျှ မပိုင်။

စောစောက ကိုကိုပြောသောစကားတွင် ဤအဓိပ္ပါယ်သာ ရှိလိမ့်မည်ဟု ကျွန်တော် ကောက်ချက်ချမိသည်။

စဉ်းစားရင်း ဗိုက်လေးသဖြင့် ကျွန်တော် မေ့ကနဲ အိပ်ပျော်သွားသည်။ လန့်နိုးသောအခါ အောက်ထပ်တစ်ခုလုံး မီးရောင် မရှိတော့ ...။

အပေါ်ထပ်မှ စကားသံများကိုကြားရသည်။ တစ်ချီတစ်ချီ ငြင်းခုံဟန် အသံများက ပြင်းထန်သည်။ စကားလုံးများကမူ မကွဲ ...။

ကျွန်တော်သည် ခြေသံဖော့နင်းကာ အပေါ်သို့ တက်ခဲ့သည်။

တင်းမာကျယ်လောင်သော ဖေဖေ့အသံကြီးကို ကြားရသည်။

“ အေး ... ဘာပြောပြော ငါ မယုံဘူး၊ ငါမွေးထားတဲ့သားက ပြောတာတောင် ငါ မယုံဘူး။ မယုံတာထက် မခံချင်ဘူးဟေ့ ”

ကိုကို့အသံမှ မကြားရ။ ဖေဖေ့အသံသာ ပြန်ထွက်လာသည်။ ဤအကြိမ်တွင် မအော်တော့သော်လည်း သိသာစွာ မာနေဆဲဖြစ်၏။

“ မင်းတို့ ဗိုလ်မိုးကြိုးရဲ့ ကြေငြာချက်ကို ငါ ဖတ်ရပါတယ်ကွာ ... အင်းလေ၊ မင်းပြောသလို ... အဲဒါနဲ့ တိုကျိုက ကြေညာခိုင်းတာပဲ ထားပါစို့၊ ဒါပေမယ့် ဒါတွေက ဘာအဓိပ္ပါယ်လဲ ”

စကားသံများ ရပ်သွားပြီး စာရွက်တစ်ရွက်ကို ဖွင့်ဟန် အသံများ ကြားရသည်။

ဖေဖေ့အသံ ထွက်လာသည်။

**တစ်။ ။ မြန်မာနိုင်ငံမှ ရေနံ၊ သစ်တော၊ သတ္တု အစရှိသော သဘာဝပစ္စည်းများနှင့် စပ်လျဉ်း ရရှိသည့် အခွန်တော်ဟူသမျှကို (၁၀) နှစ်ကာလအတွင်း ဂျပန်က ကောက်ယူမည်။**

**နှစ်။ ။ ဂျပန်ကုန်ပစ္စည်းများနှင့် ယိုးဒယားကုန်ပစ္စည်းများသည် (၁၅) နှစ်အတွင်း မြန်မာနိုင်ငံသို့ အခွန် အကောက်မရှိဘဲ တင်သွင်းနိုင်စေရမည်။ ထိုကာလအတွင်း အကောက်တော်ဌာနကို ဂျပန်က အုပ်ချုပ်မည်။**

**သုံး။ ။ မြန်မာနိုင်ငံအတွင်း၌ ကျဆုံးသော ဂျပန်တစ်ဦးအတွက် မြန်မာက လျော်ကြေး ၃၀၀၀ ပေးရမည်။**

ဖေဖေက ဆက်ဖတ်ပြနေသည်။ အချက်များက များလှသည်။

**လေး ... ငါး ... ခုနစ် ... ရှစ်။**

**ကိုး။ ။ အာရှစစ်ပွဲကြီး မပြီးဆုံးသေးသမျှ ကာလပတ်လုံး ဂျပန်လက်နက်ကိုင်တပ်သားများကို မြန်မာများက ကျွေးမွေးရမည်။**

“ ဟား ... ဟား ... ဟား ... ဟုတ်သဟေ့။ အဲဒါ လွတ်လပ်ရေးဆိုရင်တော့ မင်းတို့ လွတ်လပ်ရေးဟာ ရွှေရည်စိမ် လွတ်လပ်ရေးပဲ။ ကောင်းကွာ ... သိပ်ကောင်း။ ဒယ်အိုးထဲက ပူတယ်ဆို ခုန်ချတာ မီးဖိုထဲရောက်ရော၊ သိပ်ကောင်း ... သိပ်ကောင်း ... အားကြီးကောင်း”

www.burmeseclassic.com



နောက်ဆုံးစကားကိုမူ ဖေဖေသည် ဒေါသတကြီးဖြင့် ဆို၏။

ဖေဖေ ဒေါသထွက်သည်ကို တစ်ကြိမ်မျှ မကြုံဖူးသော ကျွန်တော့်မှာ အထူးတုန်လှုပ်မိသည်။

ကိုကို၏ အသံသြသြသည် တည်ငြိမ်စွာ ထွက်ပေါ်လာသည်။

" ဖေဖေ မကျေနပ်တာကို ကျွန်တော် နားလည်ပါတယ်။ ဖေဖေတွင် မကဘူး တစ်ပြည်လုံးက မကျေနပ်ဘူး။ ကျွန်တော်တို့ဗိုလ်ချုပ်လည်း မကျေနပ်ဘူး။ ဗိုလ်မှူးတွေ၊ ဗိုလ်တွေ၊ အကြပ်တွေ ... ရဲဘော်တွေလည်း မကျေနပ်ဘူး၊ ကျွန်တော်လည်း မကျေနပ်ဘူး ..."

ဖေဖေ့ထံမှ ဘာသံမျှ ထပ်မပေါ်လာ။ ကိုကိုကသာ ဆက်ပြော၏။

" ဖေဖေက ဖက်ဆစ်ကို မုန်းတယ်။ ကျွန်တော်တို့အားလုံးလည်း မုန်းတယ်။ ဖက်ဆစ်ဂျပန်အကြောင်းကို အတွင်းသိ၊ လက်တွေ့ခံရတဲ့ ... ကျွန်တော်တို့က ပိုမုန်းမယ်ထင်တယ်၊ ဘယ့်နှယ်လဲ ..."

ဖေဖေ့ထံမှ အဖြေပေါ်မလာ။

" ဖေဖေပြောတဲ့ ရွှေရည်စိမ်လွတ်လပ်ရေးဆိုတာကို ကျွန်တော် မငြင်းပါဘူး။ လွတ်လပ်ရေးဆိုတာ သူများပေးလို့ ရရိုးထုံးစံမရှိဘူး။ ကိုယ့်ဘာသာကိုယ် ကြိုးစားယူမှရတယ်။ ဒါတော့ ဖေဖေ သိပြီးပြီပဲ။ ကျွန်တော်တို့ ဗိုလ်ချုပ်လည်း ခဏခဏ ပြောနေတာပဲ။ တစ်ခုတော့ ရှိတယ်၊ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးတိုက်ပွဲဟာ အခုမှ နိဒါန်းပျိုးရုံ ... အပျိုတော်ထွက်ရုံပဲ ရှိသေးတယ်၊ ဇာတ်က ဘယ်တော့သိမ်းမှန်း မသိဘူး။ သွေးတွေ၊ အသက်တွေ၊ မျက်ရည်တွေကျပြီး လွမ်းခန်းကိုတော့ ဖြတ်ရဦးမယ်၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဆက်သွားမယ် "

ဖေဖေ့အသံ ပေါ်မလာ၊ ကိုကို့အသံလည်း ရပ်သွား၏။ အားလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျွန်တော်က ခြေဖျားထောက်၍ အောက်ထပ်သို့ ပြန်ဆင်းလာသည်။

ကျွန်တော် အောက်ထပ်သို့ ပြန်ရောက်သည်မှာ အချိန်မီပင်ဖြစ်သည်။

အပေါ်မှ ခြေသံ ကြားရသည်။

ကျွန်တော်က ဣန္ဒြေမပျက် ဟန်ဆောင်၍ ပီယာနိုကို အသံအုပ်၍ တီးနေလိုက်သည်။

လက်ကျရာ တီးမိသည်မို့ မရည်ရွယ်ဘဲ ရွှေပြည်တော်သည်ကို တီးမိလျက်သား ရှိနေပါ၏။

**" ရွှေပြည်တော်သည် မောင်မယ်တူညီမြန်း ... ဘယ်ဝယ်မှန်း မလှမ်းနိုင်ပြီ ... မလှမ်းနိုင်ပြီ ...။ မြေညီညီခင်းပါလို့ သဲငွေပြန့် သဲငွေပြန့်ဖိန်း "**

ကိုကိုက ကျွန်တော့်နား လာရပ်သဖြင့် ကျွန်တော်ကလည်း ပီယာနိုကို ဆက်မတီးဘဲ မော့ကြည့်မိသည်။

ကိုကိုက ပြုံးပြသည်။ ကိုကို့အပြုံးမှာ မလိုက်လှဲလှသည်ကို ကျွန်တော် အသိဆုံး ဖြစ်သည်။

" ကိုကို ပီယာနို တီးဦးမလား "

ကျွန်တော်က နေရာဖယ်ပေးရင်း မေးသည်။

" ကိုကို မတီးချင်ပါဘူး မောင်၊ ဒါထက် ... မောင် ကိုကိုနဲ့ လမ်းလျှောက်လိုက်မလား ..."

ကိုကိုနှင့်အတူ လမ်းလျှောက်ရခြင်းကို ကျွန်တော်က အထူးအခွင့်အရေးတစ်ရပ်အဖြစ် မှတ်ယူထားသူဖြစ်သည်။ ထို့ကြောင့် မဆိုင်းမတွဘဲ ကိုကို့လက်မောင်းကြီးကို တွဲလျက် ကျွန်တော် လိုက်ပါခဲ့သည်။

စစ်ကိုင်းတောင်ရိုးကို မိုးမြူတို့ ဖုံ့ဝင်လျက်ရှိသည်။ ကောင်းကင်ဌမှ တိမ်မည်းတို့ မရှိသေး။ ခရီးကျူးသော တိမ်ဖြူဖြူတစ်သိုက်သာ ငွေလဝန်းကို ပွတ်တိုက်ဖြတ်သန်းနေကြ၏။

ကျွန်တော့်တို့ချောင်နှင့် မြစ်ဆိပ်မှာ မဝေး။

ကျွန်တော်တို့ ညီအစ်ကိုသည် စီတန်းပေါက်နေသော အရွက်ဝေမြိုင်သည့် တရုတ်စကားပင်ကြီးများအောက်မှ ဖြတ်၍ သရက်ပင်ဆိပ်သို့ လျှောက်လာကြသည်။

www.burmeseclassic.com



မြစ်ကမ်းစပ် ကျောက်ဆောင်တစ်ခု၌ ကျွန်တော်က ထိုင်သည်။ ကိုကိုက မားမားကြီးရပ်၍ မြစ်ပြင်ကို ငေးကြည့်နေသည်။

ငွေလရောင်အောက်တွင် မြစ်ရေယဉ်သည် တသွင်သွင် တလက်လက် စီးဆင်းနေ၏။ ကျောက်စွယ် ကျောက်ဆောင်တို့နှင့် တိုးမိစဉ် တေးသီချင်းပမာ စည်းနရီမိသော ညည်းချင်းကိုလည်း ပြုနေ၏။

မြစ်ရေသည် စီးသည်။ လူ့စိတ်သည် မျောတတ်၏။ မြစ်ရေနှင့် ပြိုင်၍ ကျွန်တော်က ခိုင်၊ လှိုင်၊ မြိုင်၊ ကြိုင်တို့ရှိရာသို့ စိတ်ကို မျှောလွင့်မိ၏။ ကိုကိုလည်း ထိုနည်းအတူ ရှိလိမ့်မည် ထင်သည်။

ထိုစဉ် ကိုကိုက ရယ်သည်။ ကျောက်ဆောင်ထက်၌ မားမားရပ်ရင်း အဓိပ္ပါယ်မရှိသယောင် ရယ်သည်။

ကျွန်တော်က ထိတ်လန့်တကြားဖြင့် ကိုကို့ကို မေးမိ၏။

" ကိုကို ဘာရယ်တာလဲ "

ကိုကိုက ပြန်မဖြေဘဲ ဆက်ရယ်နေသည်။ ရယ်၍အားရမှ ကျွန်တော့်အနီးတွင် ဝင်ထိုင်သည်။

" ကိုကို ဘာရယ်တယ်ဆိုတာ ကိုကိုလည်း မသိဘူး ...။ ဒါပေမယ့် လူ့ဘဝကြီးဟာ တော်တော် ရယ်ဖို့ကောင်းတယ်။ မောင် ကိုကိုပြောတာ မောင်ယုံစမ်း။ မရယ်ချင်တော့ အားလုံး ငိုကြမှာပဲ။ ဒါပေမယ့် ကိုကိုက မငိုချင်ဘူး ... ရယ်ချင်တယ်။ ဟားတိုက်ရယ်ချင်တယ်။ မောင်ကော ..."

" မောင်လည်း ရယ်ချင်တာပဲ။ ကိုကို ရယ်ရင် မောင်လည်း ရယ်မယ် "

ကိုကိုသည် ကျွန်တော့်ပုခုံးကို ဖက်လိုက်သည်။

" ဒါဖြင့် ... ကိုကိုနဲ့ မောင် ရယ်ကြရအောင် ...။ ကဲ တစ်၊ နှစ်၊ သုံး ..."

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သည် တစ်ဦးကို တစ်ဦးဖက်ရင်း လှိုက်လှိုက်လှဲလှဲ ရယ်ကြသည်။ အတားအဆီးမရှိ ရယ်ကြသည်။ အားရပါးရ ရယ်ကြသည်။

ကျွန်တော်တို့ ညီအစ်ကို ရယ်သံကြောင့် ဧရာဝတီမြစ်ရေစီးပင် တန့်သွားသည် ထင်ရ၏။ ကောင်းကင်မှ ကြယ်တွေပင် မြစ်ပြင်သို့ ထိတ်လန့်တကြား ခုန်ဆင်းကြသည်။

ကိုကိုနှင့် ကျွန်တော်ကသာ အတောမသတ် ရယ်ကြသည်။

ကျွန်တော်က ဘာကြောင့် ရယ်ရသည်ကို မသိ။ ကိုကိုကတော့ သိလိမ့်မည်ထင်သည်။

မည်သို့ဖြစ်စေ ... ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦးက ဆက်၍ဆက်၍ ရယ်သည်။

ကိုကို ပြောသကဲ့သို့ပင် မငိုချင်သူတို့အတွက် တစ်လောကလုံးသည် ရယ်ဖွယ်ဖြစ်နေ၏။ ရယ်ဖွယ် ကောင်းနေပါ၏။

ကျွန်တော်တို့ ညီအစ်ကိုသည် လှိုက်လှိုက်လှဲလှဲ ဆက်ရယ်ကြသည်။

www.burmeseclassic.com



## ( ၁၇ ) ကြယ်မကြွေသောည

ကိုကို ရန်ကုန်ပြန်သောအခါ ဖေဖေပါ လိုက်သွားသည်။ လမ်းခရီး မကောင်းမွန်သောကြောင့် မေမေနှင့် ကျွန်တော် မလိုက်ရဘဲ စစ်ကိုင်းတွင်သာ နေခဲ့ရ၏။

တစ်လကျော်ကြာမှ ဖေဖေ ပြန်ရောက်လာသည်။ ဖေဖေ ပြန်ရောက်လာလျှင် သန်လျင် သို့မဟုတ် ရန်ကုန်သို့ ပြန်ကြရမည်ဟု မျှော်လင့်ထားသည်။ သို့ရာတွင် ကျွန်တော့်မျှော်လင့်ချက်တို့ တက်တက်စင် လွဲခဲ့ရသည်။

ရန်ကုန်မှ ပြန်ရောက်ပြီးနောက် ဖေဖေ့မျက်နှာသည် အထူးညှိုးမှိုင်းနေ၏။ တစ်စုံတစ်ခုကို မကျေနပ် ဟန်တကား ...။ တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစားနေသည့်ဟန် နှုတ်လည်း အထူးတိတ်ဆိတ်လှ၏။

ဖေဖေက ဆေးမင်းကြီးနှင့်တွေ့ကာ ပင်စင်ယူခဲ့သည်ဆို၏။ သန်လျင်သို့မပြန်ဘဲ စစ်ကိုင်းချောင်၌သာ ဆက်နေမည်ဟု ဆုံးဖြတ်သည်။

ထိုစဉ်က ရန်ကုန်သို့ မပြန်ဘဲ စစ်ကိုင်းချောင်တွင် ဆက်နေကြသော လူအများရှိသည်။ အစိုးရအလုပ် ဆက်မလုပ်ဘဲနေကြသော အရာရှိကြီးများ ပါဝင်သည်။

သူတို့သည် မကြာခဏ အချင်းချင်း တွေ့ဆုံတတ်သည်။ ချောင်ကျ၍ လွတ်လပ်ဆိတ်ငြိမ်သော နေရာများတွင် ဆွေးနွေးတတ်ကြသည်ကိုလည်း ကျွန်တော် သတိပြုမိသည်။ အသက်အရွယ်ကြီးရင့်သော သူချင်း ဖြစ်သဖြင့် တရားဆွေးနွေးကြသည်ဟုပင် ကျွန်တော် ထင်သည်။

ဖေဖေတို့ ဆွေးနွေးကြရာတွင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ဦးပါတတ်ကြောင်း ကျွန်တော် သတိပြုမိသည်။ ထိုပုဂ္ဂိုလ်ကြီးကို " ဆရာကြီး "ဟု အများက ခေါ်ကြသည်။

ဆရာကြီးမှာ အိန္ဒိယလူမျိုးအသွင်ပေါ်သည်။ ဆံပင်ဖြူစ ဖြစ်သော်လည်း သွက်လက်ဖျတ်လတ်သည်။ မျက်နှာသည် ခန့်ညားရည်မွန်ကာ တည်ငြိမ်အေးချမ်းသော အပြုံးကို ထာဝစဉ် ဆောင်ထားတတ်သည်။

နောင်အခါ ဆရာကြီးနာမည်ကို ကျွန်တော် သိရသည်။ ဦးရာဇတ် ဟူသတည်း။

ဆရာကြီး ဦးရာဇတ်သည် ယခင်က မန္တလေးမြို့ကျောင်းအုပ်ကြီးဖြစ်၍ မျိုးချစ်စိတ်ပြင်းထန်သူ တစ်ဦးဟု ကြော်ကြားသည်။

ဦးရာဇတ်သည် မူဆလင်ဘာသာဝင်တစ်ယောက်ဖြစ်ကြောင်း သိရရာ သူနှင့် ဖေဖေတို့ ဆွေးနွေးကြ သည်မှာ ဗုဒ္ဓဘာသာ သမထ ဝိပဿနာအကြောင်းများတော့ မဖြစ်နိုင်။ ဘာတွေဆွေးနွေးကြသည်ကိုလည်း မသိ။

ကျွန်တော်ကမူ ဖေဖေ့ထံမှ အင်္ဂလိပ်စာနှင့် သင်္ချာသင်သည့်အခါ သင်ရသည်။ များသောအားဖြင့် ဦးပညာထံမှ ပါဠိနှင့် မြန်မာစာများ မှန်မှန်သင်ကြားရသည်။

ကျွန်တော့်ဦးဇင်းသည် စိတ်ဝင်စားဖွယ်ကောင်းသော ဦးဇင်းဖြစ်သည်။

အင်္ဂလိပ်စကားကို ပီသအောင် မပြောနိုင်သော်လည်း အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စာကြီး ပေကြီးများကို ဖတ်နိုင်သည်။ ဦးဇင်း မပီသသော အင်္ဂလိပ်စကားများကို ပီသအောင် ကျွန်တော်က သင်ပြပေး သောအခါ ဦးဇင်းသည် အလွန်ကျေးဇူးတင်တတ်သည်။

ဦးဇင်းမှာ သက်တော် ၃၀–ခန့်သာ ရှိသေးသည်။ မျက်လုံးတော်များက ကြည်လင်ရွှန်းတောက်၍ အကြည့်အမြင်ရဲရင့်သည်။ အရပ်တော်မှာ ရှည်သွယ်ပြေပြစ်ကာ အသားတော်က ဝါဝင်းတင့်တယ်သည်။ သွားတော်များက ဖွေးလက်သဖြင့် ပြုံးတော်မူလျှင် သပ္ပါယ်ကြည်ညိုဖွယ်အတိပြည့်သည်။ ပုခုံးတော်မှာ ကျယ်၍ လက်ရုံးတော်များက တင့်တယ်သန်မာသည်။

www.burmeseclassic.com



ဦးဇင်း၏ ဇာတိမှာ မော်လမြိုင်ဖြစ်၍ ရန်ကုန်၌ ကြီးသည်။ ကုလားဗမာရိုက်ပွဲအတွင်း၌ ဝင်နွှဲဖူးသည် ဆိုသည်။ သခင်တရားပွဲများ လိုက်ဟောပေးဖူး၍ ထောင်နှစ်လ ကျဖူးသေးသည်။ မဟာမြတ်မုနိဘုရားကြီးကို ချန်ကေရိုတ်တပ်များ အရည်ဖျော်ရန်ကြံစည်စဉ်က ရှေ့ဆုံးမှ ဓားဆွဲ၍ ကာကွယ်ဖူးသည်။

ဦးဇင်းနှင့် ကျွန်တော် အထူးပိုမို ရင်းနှီးခဲ့ကြရသည်မှာ ပီယာနိုကြီးကြောင့်ဆိုလျှင် အံ့သြကြမည် ထင်သည်။ ကျွန်တော် ရှင်းပြပါမည်။

ကျွန်တော်တို့ဇရပ်သည် ချောင်၏ တဖက်စွန်း၌ ရှိသည်။ မြစ်ဘက်သို့ မျက်နှာမူသော ပြတင်းကိုဖွင့်၍ ပီယာနိုတီးလျှင် စာသင်တန်းများဆီသို့ မရောက်နိုင်။ ထို့ကြောင့် ကျွန်တော်က ပီယာနိုကို လွတ်လပ်စွာ တီးနိုင်သည်။

တစ်နေ့ ကျွန်တော် ပီယာနိုတီးနေစဉ် ဦးဇင်း ကြွလာတော်မူသည်။ ကျွန်တော်က ပီယာနိုကို ရပ်လိုက်သည်။

" တီးလေကွာ ... ဆက်တီးလကွာ "

ဦးဇင်းက တည်ကြည်စွာဖြင့် မိန့်တော်မူသဖြင့် ကျွန်တော်သည် ကျွန်တော့်အသည်းစွဲ ယမုံနာ ပတ်ပျိုးကို ဆက်တီးရသည်။ ဦးဇင်းက မျက်လွှာချ၍ အာရုံစိုက်နေတော်မူ၏။

ကျွန်တော့်သီချင်း ဆုံးသွားသောအခါ ဦးဇင်းက ပကတိမတုန်မလှုပ်ဘဲ မှတ်ချက်ချ၏။

" ကောင်းတယ်ကွယ် ... သိပ်သာယာတယ် "

ကျွန်တော်က ထိတ်လန့်တကြား ဦးဇင်းအား မော့ဖူးမိသည်။ ရင်းနှီးသောကြောင့်လည်း စောဒက တက်မိသည်။

" ဦးဇင်းက ဂီတနားထောင်တော့ အာပတ်မသင့်ဘူးလား ..."

" သင့်တယ် ... ကောင်းကောင်းသင့်တယ် ... ဒါပေမယ့် နားထောင်တဲ့ စေတနာပေါ် မူတည် သေးတယ် "

" ဘယ်လို ... ဘုရာ့ ..."

ဦးဇင်းက မျက်မှောင်ကြုတ်ပြီး ခေတ္တစဉ်းစားသည်။

" ဒီလိုကွယ်၊ ငါ့လူ ကြားဖူးမှာပေါ့၊ ဘုရားရှင်ရှေ့မှာ ပဥ္စသီခနတ်သားက စောင်းလာတီးတာလေ "

" မှန်ပါ့ "

" အေး ... ဘုရားကိုယ်တော်မြတ် အာပတ်သင့်မလား "

ကျွန်တော် မဖြေတတ်၊ ဦးဇင်းကသာ ဆက်လက်မိန့်တော်မူ၏။

" မသင့်ဘူးကွဲ့၊ မှတ်ထား၊ စိတ်ကသာ အရေးကြီးတယ်၊ စိတ်မထားတတ်ရင် ဂီတနားထောင်တာ မပြောနဲ့၊ ကျောင်းထိုင်တာ၊ သင်္ကန်းဆင်တာ၊ ဆွမ်းစားတာကအစ အပြစ်ရှိနိုင်တယ် ..."

" တင်ပါ့ ..."

" မြတ်စွာဘုရားဟာ ဂီတကို မပစ်ပယ်ဘူး ငါ့လူရ။ ကဗျာကိုလည်း မပစ်ပယ်ဘူး။ တရားတော်တွေမှာ ဂါထာနဲ့ စုဏ္ဏိယ ဆိုတာရှိတယ်။ စုဏ္ဏိယကတော့ စကားပြေပေါ့။ ဂါထာဆိုတာက ကဗျာတွေပဲ။ အေး ... အမြင်ကျဉ်း၊ အယူသည်းတဲ့သူတွေက အင်းဝခေတ်ကတည်း ရှိခဲ့တယ်။ ကျေးဇူးရှင်ဆရာတော် ရှင်မဟာရဋ္ဌသာရနဲ့ ရှင်မဟာသီလဝံသတို့ကို သာချင်းသည်တွေဆိုပြီး သိမ်အတူမဝင်ဘူးလို့ ဆိုသူတွေက ဆိုသကွ "

" တင်ပါ့ တပည့်တော် ဖတ်ဖူးပါတယ် "

" အေး ... ဒီလိုဆိုရင် မင်း စာအစုံသားပဲ။ ငါးပါးသီလတောင် မလုံသူတွေက လုံဖျားပုစဉ်းနား ဆိုသလို သိက္ခာပုဒ်နှစ်ရာကျော် စောင့်ထိန်းနေရတဲ့ တို့ရဟန်းတွေကို ဝေဖန်ရတာ သိပ်လွယ်ပေါ့။ ရဟန်းတွေပဲ

www.burmeseclassic.com



ငါတို့မှာလည်း အမှားရှိမယ်။ ဒါပေမယ့် တို့အမှားကို တို့သိတယ်၊ အမှားကိုပြင်ဖို့လည်း အမြဲကြိုးစားနေတယ်။ သာသနာ့ဝန် ထမ်းရတယ်ဆိုတာ မင်းကိုကိုတို့ စစ်ဝန်ထမ်းရတာထက် အများကြီးခက်တယ် ”

ကျွန်တော်က ငြိမ်၍သာနေသည်။ ဦးဇင်းက ပြတင်းပေါက်နားကပ်သွားပြီး မြစ်ပြင်ကို ငေးကြည့်နေသည်။ အတန်ကြာမှ လှည့်မေးတော်မူ၏။

“ ဒါထက် ငါ့လူ ... တေးထပ် တီးတတ်သလား ”

“ တပည့်တော် တီးတတ်ပါတယ် ဘုရား ”

ဦးဇင်းသည် ဘာမျှမိန့်တော်မမူတော့ဘဲ စာရွက်ပေါ်၌ ခဲတံဖြင့် ရေးနေတော့သည်။ ပြီးမှ ကျွန်တော့်ကို လှမ်းပေးကာ “ ကဲ ... တီးစမ်းကွာ ...။ ပြီးတော့ ... ဆိုကြည့်စမ်း ”ဟု မိန့်တော်မူသည်။

ကျွန်တော်က ဦးဇင်း၏ တေးထပ်ကို ဖတ်ကြည့်မိသည်။ ဆုံးသည်ခဏ၌ အံ့သြချီးမွမ်းစိတ်ဖြင့် ဦးဇင်းကို ပြန်မော့ဖူးမိသည်။

“ မင်း ... ဘာကြည့်တာလဲ ...”

“ ဦးဇင်း တေးထပ်က သိပ်ကောင်းတယ်ဘုရား ”

“ အေးလေ ... ကောင်းရင် လုပ်ပေါ့ ...”

ကျွန်တော်က ပီယာနိုကို ဖြည်းဖြည်းတီးရင်း တေးထပ်ကို လိုက်ညည်းမိသည်။

**“ ဒီလောကီ မှောင်တွင်းတော့ ရှောင်ခွင်းလို့ပယ်ပြီ။**
**သျှောင်ကင်းမဲ့ ကေသီငယ်၊ ဇကစီ ဆင်မြန်း ...။**
**သမုဒယဝဋ်ကြိုးနှောင်ကို ဖွတ်တိုးပေါင် ဘုန်းမောင့်ရှယ်မှန်း။**
**ငယ်ကျွမ်းလှ သက်လက်ရယ်၊ မျက်ကွယ်ဝယ်ရည်ညွှန်း။**
**ခက်တယ်ကွယ် ဖန်ရည်စွန်းမို့၊ တစ်ကျွန်းနဲ့ တစ်မြေ ...။**
**သံသရာ ကရွတ်ကင်းကိုဖြင့်၊ အလွတ်ကွင်းတိမ်းသူ့ဖြစ်ထွေ ...။**
**သူငယ်ချင်း နှောင်းသိင်္ဂီဆွေ ...။**
**ဟောင်းက္ကန္ဒနီရော်ရွက်သို့၊ မျှော်လျက်နဲ့ သက်ကာကြွေ၊ ဆွေးရစ်တော့မေ။**
**လွမ်းတသသ ... မှန်းဆသူရေ၊ စန်းလင္ကွေ မှုန်ရစ်တော့လေး ”**

တေးထပ်ကို ဆုံးအောင်တီးပြီးသောအခါ ကျွန်တော်က ကြည်နူးဝမ်းသာစွာဖြင့် ဦးဇင်းအား လှမ်းလျှောက်သည်။

“ ကောင်းလှချည်လား ဦးဇင်းရ၊ ဦးဇင်း ... ဘယ်တုန်းက စပ်ထားတာလဲ ”

ဦးဇင်းက လျော့ရဲစွာပြုံးရင်း စကားပြန်သည်။

“ အင်းလေ၊ ရှင်မဟာရဋ္ဌသာရ ကိုယ်တော်ကြီးတောင် **သည်ဘဝဝယ်၊ နှမလက်လျှော့ နေလေတော့ဟု၊ ချစ်ပေါ့မကြုံ၊ ညှိုးငယ်ပုံဖြင့်**လို့စပ်ခဲ့ရင်၊ ငါလည်း ... ဒီလောက်တော့ စပ်နိုင်ရမှာပေါ့ ...”

“ မှန်ပါ့ ... ဒါပေမယ့် ဦးဇင်း ဒီတေးထပ်ကို ဘာလို့စပ်ရတာလဲ ဘုရား ...”

ဦးဇင်းသည် မြစ်ပြင်သို့ ငေးကြည့်ရင်း တစ်ချက်ရယ်သည်။ ဦးဇင်းရယ်ပုံနှင့် ဟိုနေ့ညက ကိုကို ရယ်ပုံမှာ ဆင်သည်ဟု ကျွန်တော် ထင်သည်။

ဦးဇင်းက ကျွန်တော့်ဘက်သို့ လှည့်လိုက်သည်။ မျက်နှာတွင် ပြောင်းလဲမှုမရှိသော်လည်း အသံတော်၌ မသိမသာတုန်လျက် မိန့်တော်မူ၏။

“ လောကမှာ မြင့်မြတ်တဲ့အလုပ်ကို လုပ်သူမှန်သမျှ စွန့်ရစမြဲပဲ။ လောကီမြင့်မြတ်မှုကို ရှာရှာ၊ လောကုတ္တရာ မြင့်မြတ်မှုကိုပဲ ရှာရှာ၊ စွန့်တော့ စွန့်ရတာချည်းပဲ။ စွန့်တော့ စွန့်ကြမယ်ပေါ့ ...။ ဒါပေမယ့် အသောကံ၊ ဝိရဇံ၊ ခေမံ ... ဆိုတဲ့ဆုနဲ့ မပြည့်ခင် စွန့်သမျှ ခံကြရမှာပဲ။ ဒါပါပဲ ...”

ဦးဇင်းသည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် ဇရပ်ပေါ်မှ လျင်မြန်စွာ ကြွချီသွားတော်မူ၏။

www.burmeseclassic.com



ကျွန်တော်က ပီယာနိုခုံတွင် ထိုင်ကျန်ရစ်ရင်း ဦးဇင်း၏ တေးထပ်မှ နောက်ဆုံးအပိုဒ်တို့သည် နားနှင့် ရင်ဝယ် ပဲ့တင်ထပ်ကျန်ရစ်သည်။

**" သူငယ်ချင်း နှောင်းသိင်္ဂီဆွေ ...။**
**ဟောင်းဣန္ဒနီရော်ရွက်သို့၊ မျှော်လျက်နဲ့ သက်ကာကြွေ၊ ဆွေးရစ်တော့မေ ...။**
**လွမ်းတသသ ... မှန်းဆသူရေ၊ စန်းလငွေ မှုန်ရစ်တော့လေး "**

❑

စစ်ကိုင်းတောင်တွင် ကျွန်တော် နှစ်နှစ်ကျော် နေခဲ့ရသည်။ ဤမျှရှည်လျားသောအချိန်ကာလအတွင်း အသေးစိတ်ဖော်ပြဖွယ် ထူးထူးဆန်းဆန်းအဖြစ်များ မရှိလှ။

နေထွက်၍ နေဝင်သည်။ မိုးနှင့် ဆောင်းတို့သည် မှန်မှန်ပြောင်းလဲ၍ ရွက်ဝါကြွေသော မိန်တပေါင်းကို နောက်ထပ်နှစ်ကြိမ် ကြုံခဲ့ရသည်။

တစ်လောကလုံး ပြောင်းလဲနေသော်လည်း ဧရာဝတီမြစ်ရေသည် ခွေကာစီးမြဲလေသကဲ့သို့ပင် စစ်ကိုင်းတောင်ရိုး၏ အေးငြိမ်သော ကျက်သရေသည် မပျက်တမ်း တည်နေပေသည်။

နံနက် ကျီးမနိုးမီ ဝတ်တက်ပရိတ်ရွတ်သံတို့ ဝေဝေစည်စည် ထွက်ပေါ်လေ့ရှိသည်။ အရုဏ်ဦးလျှင် သံဃာတော်အရှင်မြတ်တို့ နိစ္စပတ်ဆွမ်းခံဝတ်ကို မပြတ်တမ်း ပြုကြသည်။ ညဥ့်ဆည်းဆာတိုင်သော နှင်းမြူ (သို့မဟုတ်) မိုးမြူတို့ ဝေကာဝန်းသည့် တောင်ထွတ်တောတန်းတို့ထက် ကျေးငှက်တို့ အိပ်တန်းတက်ကြပြီဆိုလျှင် ကြေးစည်သံ၊ ခေါင်းလောင်းသံတို့ လေဋ္ဌပုံဝဲနိဒါန်းခံလျက် ဓမ္မတေးညိုညိုတို့ လေချိုဖြင့် ပတ်ဝန်းကျင်ကို နှံ့စပ်ပြည့်လျှံ ညိုးညိုးညံတတ်သည်။

ကမ္ဘာစစ်မီးလောင်သော လူ့လောက ကန္တာရခေါင်ခေါင်တွင် မြရောင်ရွှန်းဖိတ် တရားရိပ်ကြောင့် အေးဆိတ်သာယာ တစ်ခုတည်းသာ မာလာပျံ့မွှန်း ... တောမြိုင်နန်းတည်း။

ကျွန်တော်သည် ဦးဇင်းထံမှ လောကုတ္တရာစာများကိုလည်း သင်သည်။ ထိုတစ်နေ့မှစ၍ သဘောကျခဲ့သဖြင့် ကဗျာစပ်နည်း နိဿရည်းကိုလည်း သင်သည်။ ဦးဇင်းက " အစနောက်ဆုံး ... အလယ်သုံး၊ အဆုံးဒွေးနှင့်ဟပ် "ဟူသော သံပေါက်မှစ၍ မတြာ၊ ဂရု၊ လဟု၊ ဒီဃ၊ ရသ၊ စကားကြီးအထွေထွေ၊ နဘောအမျိုးမျိုး၊ စပ်ရိုးစပ်စဉ်၊ ဆန်းလင်္ကာ၊ ဒေါသ–ဂုဏ်၊ ရသများကို စိတ်ရှည်စွာ သင်ပေးတော်မူရှာသည်။

စပ်ထုံး ရေးထုံးကျေသောအခါ ဦးဇင်း စုဆောင်းထားသော ပျို့၊ ကဗျာ၊ လင်္ကာများကို ဖတ်ရသည်။

စန္ဒကိန္နရီပျို့၊ နေမိဘုံခန်းပျို့၊ ယသော်ကန်တော့ခန်းပျို့၊ ဂါထာခြောက်ဆယ်ပျို့တို့မှာ ကျွန်တော်အကြိုက်ဆုံး ပျို့များဖြစ်သည်။ နဝဒေးနှင့် နတ်ရှင်နောင်တို့၏ ရတုများကား ကျွန်တော့်အသည်းစွဲတည်း။ သမုဒ္ဒယအရေးထက် ဘုရားသမိုင်းကို ပိုမိုအာရုံထားသော နဝဒေးနှင့်စာလျှင် အဆွေးပိုသန်သော နတ်ရှင်နောင်ကို ကျွန်တော်က ပိုစွဲပါသည်။ အမှန်ကို ဝန်ခံရလျှင် ဓာတုကလျာအား နှစ်ပေါင်းများစွာ သည်မှာဘက်ကနေ၍ ကျွန်တော်က တိုးတိုးတိတ်တိတ် နောက်ကြောင်းပြန်ခိုးကာ ကြိုက်နေမိပါ၏။ ရှင်တေဇောသာရ၏ " သည်းလျှာမချွတ်၊ နှောင်မင်းမှတ်လည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါ၍ စိတ်လျော့ခွဲခွာခဲ့ရသည့် ထုံးနောက်လွှနှင့် ရခိုင်တန်ဆောင် "ကိုလည်း အိမ်မက်တို့တွင် ရော်ရမ်းမြင်မိသည်။

ဦးပုညကိုမူ အရသာမခံတတ်။ သို့ရာတွင် မောင်ဖေငယ်၏ ဒိုင်းခင်ခင်သည် ကျွန်တော်၏ " ချစ်ရသူခင်ခင်ရဲ့ "ဖြစ်နေပါသည်။

အောက်ပါကဗျာလေးမျိုးကိုလည်း လက်တည့်စမ်းကာ စပ်မိတတ်လေပြီ ...။

**" ချစ်ရသူ ဘယ်မှာမှန်းဖြင့်၊ ရည်ညွှန်းလို့မဆိုသာ ...**
**ဆွေးစိတ်တော့ဖြာ ..။**

...sic.com

www.burmeseclassic.com



**အသည်းနာ … ဘဇာကြောင့်လေတုံး …။**
**သက်တစ်နွေ … ရက်အကြွေ မြူငွေ့သန်းလျှင်လ၊**
**အလွမ်းဘယ်ပုံဖြေရမယ် (ကွယ် …) လေးဖေသိဦး "**

ကျွန်တော်က ကဗျာကို ဆရာဦးဇင်းအား ပြသည်။ ဦးဇင်းသည် ကဗျာကို ဆုံးအောင်ဖတ်ပြီးသည့် ခဏ၌ ထိတ်လန့်တကြား မြွက်ဟတော်မူသည်။

" သောက်ကျိုးနဲ … လက်စသတ်တော့ … ငါ့လူကလည်း အလွမ်းသမားကိုး "

ကျွန်တော်က မဖြေဘဲ မျက်လွှာချသည်။ ဦးဇင်းကသာ ဆက်လက်စုံစမ်းသည်။

" ငါ့လူက ငယ်သေးသားပဲ … ဒါထက် ဘယ်နှစ်ဝါ၊ အဲလေ … ဘယ်နှစ်နှစ်ရှိပြီလဲ "

" ဆယ့်ငါးနှစ် ပြည့်ပြီးပါပြီ ဘုရာ့ "

" အင်း … အင်း … အဲဒီအရွယ်ဟာ သိပ်ကြောက်ဖို့ကောင်းတယ် … ဘုရားစူးစေရဲ့ …။ ငါလည်း အဲဒီအရွယ်တုန်းက ခံလိုက်ရဖူးသဟေ့ …"

" ဦးဇင်း ဘယ်လိုခံဖူးသလဲ "

" ခံရဖူးတယ်ဆို တော်ရောပေါ့ကွာ … ငါ့လူကလည်း လျှာရှည်ရန်ကော "

ဦးဇင်းက သိက္ခာက္ခန္ဓေအပြည့်ဖြင့် တားမြစ်တော်မူရကား ကျွန်တော်ဆက်၍ လျှာမရှည်ရဲ။

ကျွန်တော် ငြိမ်နေမှ ဦးဇင်းသည် အေးချမ်းတည်ငြိမ်စွာ ဆက်လက်မိန့်တော်မူ၏။

" လွမ်းတယ်ဆိုတာ မှတ်ထား၊ သမုဒယသစ္စာကြောင့်ပဲ၊ စာတောင် ရှိသေးတယ်။ ဘာတဲ့ … **' ဘဝါဘဝေ … အဆက်ဆက်က နှစ်ဖြာရေစက်ပြုသမျှမကွာ၊ အာသဝေမပျက်သမျှ ပါလေချက် သမုဒယတဏှာ၊ ယခုဘဝမှာ မနီးရင်လေ၊ ကြီးမောင့်ဒုက္ခာ …'** တဲ့။ ဘုရားဟောတော့ မဟုတ်ဘူးကွာ … ဦးပြုံးချို စပ်ထားတဲ့ ဘောလယ်ပဲ၊ ဒါပေမယ့် တရားသဘောအပြည့်ပါတယ်။ ဒီတော့ …."

ဦးဇင်းက လေးနက်သောစကားကို ရှာလေဟန် ခေတ္တစဉ်းစားသည်။

" ဒီတော့ သမုဒယတရားဟာ ကြောက်ဖို့သိပ်ကောင်းတယ်။ သမုဒယကို အရင်းတည်ရင်း ကြွင်းမှာ တွေက သောကနဲ့ ဒုက္ခတွေချည်းပဲ မှတ်ထား။ တစ်ခုတော့ရှိတယ်။ အာသဝေါ မကုန်ခင်တော့ သမုဒယလည်း မပြတ်ဘူးကွ။ ဒုက္ခကိုလည်း မကြောက်ဘူး။ တချို့လူတွေက ပြောကြတယ် မရှိတာထက် မသိတာခက်သတဲ့။ ငါက ဖြည့်စွက်ချင်တယ်။ မရှိတာထက် မသိတာခက်။ မသိတာထက် သိရက်နဲ့ မကျင့်နိုင်တာခက် … လို့ "

နောက်ဆုံးစကားများကိုမူ ဦးဇင်းသည် ညည်းညည်းညူညူ မိန့်မြွက်တော်မူသည်။

ဦးဇင်းသည် တစ်ကြိမ်က နိုင်ငံရေးကိုယ်တော်ဖြစ်သည်။ ယခုချောင်မှ တိုက်အုပ်ဖြစ်သော ဆရာတော် (ဦးဇင်း၏ ဘထွေး)က ခေါ်ယူတရားပြသဖြင့် ဝိပဿနာကမ္မဋ္ဌာန်းကို လာအားထုတ်နေသည်။ ဦးဇင်း ညည်းနေသည်မှာ ကမ္မဋ္ဌာန်းတရားကို မကျင့်နိုင်၍ ဖြစ်ရမည်။ မကျင့်နိုင်သည်မှာလည်း သူ့တေးထပ်၌ ဖော်ပြသကဲ့သို့ ဟောင်းက္ကန္ဒနီရော်ရွက်သို့ မျှော်လျက်နှင့် သက်ကာကြွေရသည့် သူငယ်ချင်း နှောင်းသိင်္ဂီဆွေ ကြောင့်လေလား မပြောတတ်။ ကျွန်တော် ထင်မိသည်သာဖြစ်၏။

ဦးဇင်းအပေါ် ကျွန်တော်ထင်မိသည်တို့ မှားကြောင်း မကြာမီ သိရတော့သည်။

ထိုအတောအတွင်း ခိုင့်ဆီသို့ စာလှမ်းရေးသေးသည်။ ခိုင့်ဆီမှ ပြန်စာမရ။ ဂျပန်ခေတ် စာအသွား အပြန်မှာ တစ်လကျော် ကြာတတ်သည်။ ပထမသော် ခရီးလမ်းနှောင့်နှေးမှုကြောင့် စာအပြန်နောက်ကျသည်ဟု ထင်မိသည်။ နှစ်လကျော်ကြာမျှ စာမပြန်သောအခါ ကျွန်တော် စိတ်လျှော့လိုက်သည်။ စာဆက်ရေးချင်သေး သော်လည်း ချောင်နှင့် စာတိုက်မှာ ဝေးသည်တစ်ကြောင်း၊ အပင်ပန်းခံ၍ ရေးသော်လည်း ပြန်စာရမည်၊ မရမည်ကို မသေချာ၍လည်းကောင်း၊ ကျွန်တော် စာဆက်မရေးတော့။

ကျွန်တော်က ဂီတ၊ ကဗျာ၊ စာပေတို့နှင့် အချိန်ကို ကုန်လွန်စေရသည်။

www.burmeseclassic.com



ပင်စင်ယူခဲ့ပြီဆိုသော ဖေဖေကမူ စစ်ကိုင်းတစ်ဝိုက်ရှိ ကျေးရွာတို့ဆီလှည့်၍ ဆေးကုသည်။ ဖေဖေ ဆေးကုထွက်လျှင် ဦးဇင်းပါ လိုက်ပါလေ့ရှိကြောင်း ကျွန်တော် သတိပြုမိသည်။

ဖေဖေနှင့် ဦးဇင်းသည် တောရွာများသို့ ဆေးကုမထွက်သည့်အခါများ၌ ဆရာကြီးဦးရာဇတ်တို့နှင့် အတူ ဆွေးနွေးနေတတ်သည်ကိုလည်း သတိပြုမိသည်။

ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဆရာကြီးဦးရာဇတ်ဆီသို့ ရန်ကုန်မှ နာမည်ကြီး မြန်မာ ခေါင်းဆောင်များလည်း ရောက်ရောက်လာတတ်ခြင်းပင်ဖြစ်သည်။

စစ်ကိုင်းတောင်ရိုး၌ အခြေအနေမပြောင်းသော်လည်း မြန်မာပြည်တစ်ဝန်းမှာမူ အထူးပြောင်းလဲ နေသည်။

ဂျပန်ဖက်ဆစ်တို့၏ ရက်စက်မှုသတင်းများသည် နားမဆန့်အောင် ကြားနေရသည်။ ချောင်မှ မြို့တွင်းထွက်သွားလျှင် မနုစ်မြို့ဖွယ်ကို တွေ့ရတတ်သည်။

ဂျပန်စစ်သားတို့သည် ရဟန်းတော်တို့၏ ဦးပြည်းကို လက်ဝါးနှင့်ပုတ်ကာ သူတို့အား အလေးပြုခိုင်း တတ်သည်။ သီလရှင်များကို “ ဘုန်းကြီးမိန်းမ ”ဟု ခေါ်ကာ မဟားဒယားပြုလေ့ရှိ၏။

စစ်ကိုင်းတစ်ဝိုက်ရှိ ကျေးရွာများတွင် လှည်းဆင့်၊ လှေဆင့်၊ လူဆင့် လုပ်ကြသည်။ လူဆင့်သည် ဆိုခြင်းမှာ ချွေးတပ်ဆွဲခြင်းပင် ဖြစ်သည်။ ချွေးတပ်အဆွဲခံရသူများသည် ရွာသို့ မည်သည့်အခါမျှ ပြန်မပေါ်လာတော့ ...။

မြစ်ရိုး၌လည်း အင်္ဂလိပ်လေယာဉ်ပျံတို့က သောင်းကျန်းနေသည်။ ထိုခေတ်က မြစ်ရိုးစုန်သော လှေသမားတိုင်း “ ကျွဲကြီး၊ ကျွဲကလေး ” ကို သိပ်ကြောက်ကြသည်။ ကျွဲကြီး၊ ကျွဲကလေးမှာ စိမ်းပြာပြာ နက်မှောင်သော အင်္ဂလိပ်လေယာဉ်ပျံနှစ်စီးဖြစ်သည်။ သူတို့၏ စက်အမြောက်စာမိလျှင် လှေသမ္ဗန် မဆို ထားနှင့် ဂျပန်သင်္ဘောတို့ပင် မီးလောင်နစ်မြုပ်ကြသည်။

ဂျပန်တို့က မဟာအရှေ့အာရှစစ်ပွဲကြီး အောင်မြင်ပုံကို မည်သို့ပင် ဝါဒဖြန့်စေ၊ အဓိပတိကြီး ဒေါက်တာဘမော်၏ အစိုးရက မြန်မာ့ရွှေရည်စိမ်လွတ်လပ်ရေးကို မည်မျှသိဒ္ဓိတင်သည်ဖြစ်စေ၊ အခြေအနေ အားလုံးမှာ တိုင်းပျက်ပြည်ပျက်သဘောကိုသာ ပြညွှန်နေသည်။

ကျွန်တော်တို့ စစ်ကိုင်းတောင်ရိုးသည်သာ ပြောင်းလဲမှုမရှိဟန် အေးချမ်းငြိမ်သက်နေ၏။

စင်စစ်မူ စစ်ကိုင်းတောင်၏ အေးချမ်းငြိမ်သက်မှုသည် အပေါ်ယံအသွင်သာ ဖြစ်ပေသည်။

၁၉၄၄–ခု မိုးမြူဆိုင်းသော တစ်နံနက်တွင် ကျွန်တော်တို့အိပ်ရာမှ နိုးသောအခါ ဂျပန်တပ်များ ချောင်အသီးသီးကို ဝိုင်းထားကြောင်း သိရသည်။

နေ့လယ်ပိုင်းရောက်ချိန်၌ သူတို့မသင်္ကာသူအပေါင်းတို့ကို ဖမ်းဆီးပြီးလေပြီ။

အခြားချောင်တို့မှ အရာရှိတစ်သိုက် အဖမ်းခံရသည်ဆို၏။ ယင်းတို့အနက် ယခုအခါ နာမည် ကျော်ကြားသော ဆရာဝန်ကြီး ဒေါက်တာဝဏ္ဏလည်း ပါသွားသည်။ သူတို့နှင့်အတူ ရေဒီယိုများလည်း သိမ်းမိသည်ဆို၏။ ထိုစဉ်က ဂျပန်တို့သည် ကိုယ်ပိုင်ရေဒီယိုရှိသူများကို ရန်ရှာတတ်၏။

ကျွန်တော်တို့ချောင်မှ လူနှစ်ဦးသာ အဖမ်းခံရသည်။ ထိုနှစ်ဦးကား ကျွန်တော်၏ အချစ်ဆုံး ပုဂ္ဂိုလ်များသာဖြစ်ပါ၏။

အခြားမဟုတ် ... ဖေဖေနှင့် ဦးဇင်း ဦးပညာတို့တည်း။

ဂျပန်တို့က ကျွန်တော်တို့ချောင် ရှိသမျှ အဆောက်အအုံအတွင်း ပိုက်စိပ်တိုက်ရှာသည်။ ရေဒီယိုလည်း မတွေ့။ အခြားဘာမျှလည်းမတွေ့ ...။

သို့ရာတွင် ဖေဖေနှင့် ဦးဇင်းကိုမူ သူတို့က မလွှတ်။

ကျွန်တော့်ရင်တွင် ကြောက်ရွံ့မှုနှင့် မခံချင်သော ဒေါသ,သဘောတို့ ရောယှက်နေသည်။

www.burmeseclassic.com



ကျွန်တော့်ဖေဖေသည် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးဖြစ်သည်။ ဖေဖေ့တစ်သက်တာလုံးတွင် ဆရာဝန်တစ်ဦးအဖြစ် သတ္တဝါများချမ်းသာမှုကို ကြိုးပမ်းခဲ့သည်။ ဦးဇင်းကား ဘုရားသားတော် ရဟန်းတစ်ပါး ပေတည်း။ သူတော်ကောင်းတစ်ဦးသာတည်း။

ဖက်ဆစ်ဟူသည် လူကြီးလူကောင်း၊ သူတော်ကောင်းဆိုသော စကားတို့အား နားလည်ပါ၏လော။

ချောင်ရှိလူကုန် တုန်လှုပ်ကြသည်။ ချောက်ချားကြသည်။ ကြေကွဲသမျှ ဒေါသလည်းထကြသည်။

ဖေဖေကမူ မတုန်လှုပ်၊ ဦးဇင်းက အပြုံးမပျက်။ ခါတိုင်းဆိုလျှင် ကြွေ့သိက္ခာတော်ကြီးလှသော ဆရာတော်၏ မျက်နှာ၌ကား စိတ်ထိခိုက်မှုနှင့် စက်ဆုပ်ရွံရှာမှုတို့ သိသိသာသာ ပေါ်နေ၏။

ဖေဖေနှင့် ဦးဇင်းကို အဝတ်အစားအားဖြင့် မတင့်တယ်၊ ရုပ်သွင်အားဖြင့်လည်း ကျက်သရေမရှိ၊ အမူအယာအားဖြင့်လည်း ရိုင်းစိုင်းလှသော ဂျပန်တပ်သားများက လှံစွပ်တပ်သေနတ်များဖြင့် ချိန်လျက် ခေါ်ဆောင်သွားကြသည်။

ကျွန်တော်က ဖေဖေနှင့် ဦးဇင်းသွားရာဆီသို့ မျက်စိတစ်ဆုံး လိုက်ကြည့်ချင်သည်။ သို့ရာတွင် မလိုက်နိုင်။ မေမေသည် သတိလစ်၍ မေ့မြောနေလေပြီတကား ...။

ဤဝတ္ထုကို ဖတ်နေသူတို့အနက် ဂျပန်ခေတ်နှင့် ဖက်ဆစ်ဝါဒကို စာတွေ့ဖြင့်သာ သိကျွမ်းလေသူ မည်မျှပါသည် မသိ၊ ကျွန်တော့်ခံစားမှုကို ကိုယ်ချင်းစာနားလည်နိုင်သူ မည်မျှရှိမည်ကိုလည်း မသိ။

ချစ်သောသူနှင့် ကွေကွင်းရခြင်း၏ ဒုက္ခကိုမူ အများသိကြလိမ့်မည်။ သာမန်ချစ်သူမဟုတ်။ မိမိ အားကိုးရာလည်းဖြစ်သော၊ ကျေးဇူးရှင်လည်းဖြစ်သော အဖေအရင်းခေါက်ခေါက်ကို လက်နက်အစုံအလင်ဖြင့် ပြန်လမ်းမရှိသောအရပ်ဆီသို့ ခေါ်ဆောင်သွားလေသည့် ရှုကွက်ကို မြင်ထင်ကြည့်စေလိုသည်။

လူဆိုသည်မှာ သစ်ရွက်၊ ကျောက်ခဲတို့ကဲ့သို့ ဖြစ်သည်ဖြစ်စေ၊ ပျက်သည်ဖြစ်စေ၊ နမြောတသဖွယ် မဟုတ်သော သဘာဝ၏ ကျေးကျွန် အဝိညာဏကများမဟုတ်၊ ကျွေးသည်ကိုစား၊ ပေးသည်ကိုယူ၊ နှိပ်စက် သည်ကို ခံတတ်သော စားရ၊ နေရ၊ အိပ်ရ၊ ကာမဂုဏ်ခံစားရလျှင် ကိစ္စပြီးငြိမ်းသော အဟိတ်တိရစ္ဆာန် များလည်းမဟုတ်။

ကာမဆန္ဒကို မပယ်နိုင်စေ၊ မှားခြင်း၊ မှန်ခြင်း၊ ယုတ်ခြင်း၊ မြတ်ခြင်း၊ နိမ့်ခြင်း၊ မြင့်ခြင်းတို့ကို နားလည်ကာ ကျင့်နိုင်၊ ကြံနိုင်၊ စွန့်နိုင်၊ ခံနိုင်သော လူ၌ လူ့သိက္ခာရှိသည်။ အချုပ်ဆိုသော် ... လူ့ဘဝ မင်္ဂလာဟူသည် ရှိ၏။ ဒုလ္လဘတရားဟူသည်လည်း ရှိသည်။ ထိုသို့ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော လူ၌ လူ့မာန် ဆိုသည်လည်း ရှိသည်။

ဖက်ဆစ်ခေတ်တွင် ဘာမျှမရှိ၊ ဘာကိုမျှ အသိအမှတ်မပြု၊ သို့ရာတွင် လူ့မာန်သည်ရှိ၏။ မပျက် ... ဖျက်၍မရ။

ဖေဖေနှင့် ဦးဇင်းကို ဂျပန်တို့ ဖမ်းဆီးသွားပြီးနောက် ကျွန်တော်တို့အိမ်သားနှင့် ချောင်သမားများ အတွက် အမှောင်သည် ပိတ်ဖုံးသယောင်ရှိသည်။ လူ့ဘဝသည် အားငယ်ဖွယ်၊ ထိတ်လန့်ဖွယ်ဖြစ်သည်။ ဤအားငယ်ထိတ်လန့်ခြင်းမှ လူသားမာန်သည် ကျွန်တော့်ရင်တွင် မီးသို့ဟုန်းဟုန်းတောက် ထကြွလာသည်။ ထိုခဏ၌ ကြောက်ရွံ့အားငယ်ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းတို့သည် မရှိတော့ ...။

မုန်းသည် ...။ သူတို့ကို မုန်းသည်။ ချစ်ခြင်းမေတ္တာဖြင့် အသက်ရှည်ခွင့် မရရှိလျှင် အမုန်းဒေါသဖြင့် သေခြင်းကို တောင့်တသည်အထိ စိတ်နာသည်။

ဤလူ့မာန်သည် ပျော့ပျောင်းနူးညံ့သော မေမေ၏ သဏ္ဍာန်၌ပင် လွှမ်းမိုးလာဟန်ရှိသည်။

ဖေဖေတို့ကို ဖမ်းဆီးသွားစဉ် မေမေသည် သတိလစ်မေ့မြောကျန်ရစ်သော်လည်း နောက်ရက်များတွင် အထူးတလည် တည်ငြိမ်နေသည်။ မေမေ့မျက်နှာသည် မပြုံးရွှင်တော့သော်လည်း ညှိုးနွမ်းခြင်းကို မပြ။

နံနက်အရုဏ်တက်၌ နိစ္စပတ်ဆွမ်းလောင်းခြင်းလည်း မပျက်။ ဘုရားရေချမ်း၊ ပန်းမာလာလည်း ကပ်မြဲကပ်သည်။ ဂုဏ်တော်ပုတီးကိုလည်း စိပ်မြဲစိပ်သည်။

www.burmeseclassic.com



မေမေအေးချမ်းတည်ငြိမ်နေသမျှ မအေးချမ်းမတည်ငြိမ်နိုင်သော ကျွန်တော်က ပြောသည်။

" မေမေ ... ဖေဖေတို့ ဘယ်တော့လွတ်မလဲ ..."

မေမေသည် ပျော့ပျောင်းနူးညံ့စွာ ကျွန်တော့်ကို ပြန်ကြည့်၍ ဆိုသည်။

" ဖေဖေလွတ်ပါလိမ့်မယ် မောင်ရယ် ... မပူပါနဲ့ ..."

" မပူပါနဲ့ ... ဟုတ်လား မေမေ ... ဂျပန်ဖမ်းသွားရင် ... ဘယ်တုန်းက ဘယ်သူ ပြန်လွတ်ဖူးလို့လဲ "

မေမေက ကျွန်တော့်ကို မော့ကြည့်သည်။ မေမေ့မျက်လုံးများတွင် မျက်ရည်တို့ ဝဲနေပါ၏။ သို့ရာတွင် မျက်နှာတွင် တည်ငြိမ်ခန့်ညားလျက် ကြည်လင်ပြတ်သားသော အသံ၌ တုန်လှုပ်မှုမရှိ။

" တရားကို စောင့်တဲ့လူကို တရားက ပြန်စောင့်မယ်။ တရားကို ဖျက်တဲ့လူကို တရားက ပြန်ဖျက်လိမ့်မယ်။ မောင့်ဖေဖေမှာ တရားရှိတယ်။ ဒီတော့ ... ဖေဖေ ပြန်လွတ်ပါလိမ့်မယ် "

ကျွန်တော်က မေမေ့လောက် တရားသဘောကို မသိ။ တရားထက် အခြားကိုးကွယ်ရာကို သတိရမိသည်။

" မေမေ ... ကိုကို့ဆီ စာရေးသေးလား "

" မေမေ ရေးပါတယ် "

" ကိုကိုက ဘာလို့မလာသေးတာလဲ "

" မောင့်ကိုကို လာပါလိမ့်မယ်၊ ကိုကိုတွင် မကပါဘူး ... ရန်ကုန်က လူကြီးတွေပါ လာလိမ့်မယ် "

မေမေ့စကားတို့ကြောင့် ကျွန်တော် အတန်စိတ်သက်သာရာရသည်။

နောင်မှ ကျွန်တော် သိရသည်မှာ ဂျပန်တို့သည် ဆရာကြီးဦးရာဇတ်ကိုပါ ဖမ်းဆီးသွားသည် ဆို၏။ ဆရာကြီး ဦးရာဇတ်၏ တပည့်များမှာ ခေါင်းဆောင်များဖြစ်သဖြင့် လက်ပိုက်ကြည့်မနေတန်ရာဟု ကျွန်တော် တွေးမိသည်။

မေမေပြောသည်မှာ ပိုမှန်၍ ကျွန်တော်တွေးသည်မှာလည်း မမှား ...။

မကြာမီ ကိုကို ရောက်လာသည်။ ကိုကိုနှင့်အတူ ခေါင်းဆောင်ကြီးများလည်း ပါလာကြသည်။ လူကြီးများသည် မန္တလေး၊ စစ်ကိုင်း အပြန်အလှန်ကူးကာ အလုပ်များနေကြသဖြင့် ကိုကိုနှင့် ကျွန်တော် အေးအေးဆေးဆေး စကားပြောခွင့်မရ။ ကျွန်တော်ကလည်း အလိုက်သိစွာပင် ဝင်စွက်မေးမြန်းခြင်းမပြုဘဲ နေရ၏။

ကိစ္စများပြီးဟန်တူသော တစ်ညနေ၌ ကျွန်တော်တို့ ညီအစ်ကိုသည် တစ်ကြိမ်ကကဲ့သို့ပင် မြစ်ကမ်းဘက်သို့ ထွက်လာကြသည်။

တစ်ကြိမ်ကကဲ့သို့ပင် ကိုကိုက ကျောက်ဆောင်ကြီးပေါ်၌ မားမားကြီးရပ်နေသည်။ သို့ရာတွင် ဤအကြိမ်၌ မရယ်တော့။

အတန်ကြာ ငြိမ်နေမိရာမှ ကျွန်တော်က စတင်စကားဆိုသည်။

" ကိုကို ... ဖေဖေတို့ လွတ်မလား ..."

ကိုကိုက မပြုံးဘဲ ပြန်လှည့်ကြည့်၍ ဖြေသည်။

" လွတ်မယ် ...၊ ဒါပေမယ့် ... တခြားလူတွေလည်း လွတ်ဖို့လိုသေးတယ် ..."

" တခြားလူတွေ ... ဘယ်သူတွေလဲ "

ကိုကိုသည် ကျွန်တော့်ထံမှ မျက်လုံးလွှဲကာ မြစ်ပြင်ကို စိုက်ကြည့်ရင်း တစ်လုံးချင်းဖြေသည်။

" မြန်မာ ... တစ်မျိုးသားလုံး "

ကျွန်တော်က ဘာပြန်ပြောရမှန်းမသိ။

ကိုကိုသည် ကျွန်တော့်အနီးသို့ ကပ်လာ၍ ယှဉ်ရပ်လိုက်သည်။ ကျွန်တော့်ဦးခေါင်းသည် အရပ်ရှည်လျားသော ကိုကို့နားရွက်နှင့် ညီနေပေပြီ။

www.burmeseclassic.com



ယခုတစ်ခေါက် ပြန်အရောက်၌ ရေးဦးစွာအဖြစ် ကိုကို ပြုံးသည်။

" မောင် ... သိပ်ထွားတယ်။ တစ်ခု ပြောပြမယ်၊ မောင်တို့လို ထွားကြိုင်းတဲ့ လူငယ်တွေကို ဖေဖေနဲ့ မေမေ မွေးထားတာဟာ၊ ဒီမိခင်နိုင်ငံက ကျွေးထားတာတွေဟာ ပီယာနိုတီးပြီး ကဗျာစပ်နေဖို့တွင် မဟုတ်ဘူး"

ထူးဆန်းသော ကိုကို၏ စကားကြောင့် ကျွန်တော် ထိတ်လန့်တကြား ပြန်မေးမိသည်။

" နို့ ... မောင် ဘာလုပ်ရမလဲ "

" မောင် ဘာလုပ်ရမယ်ဆိုတာ မောင် မသိဘူးလား "

ညသည် မှောင်နေ၏။ မှောင်သောညတွင် ကိုကို၏ မျက်လုံးများက အရောင်ထွက်စူးရှနေသည်။ ကိုကို၏ စကားများကလည်း ကျွန်တော်၏ အသည်းနှလုံးနှင့် ဦးနှောက်အတွင်းသို့ စူးရှခွင်းဝင်သွားသည်။

ကျွန်တော် ရင်ကို ကော့လိုက်သည်။ ကျွန်တော့်မျက်လုံးများမှာလည်း ကိုကို့မျက်လုံးများနည်းတူ အရောင်ထွက်စူးရှနေမည်ထင်သည်။ ကျွန်တော့်အသံမှာ ကျွန်တော်ပြန်အံ့ဩမိအောင် လေးနက်ခန့်တည်နေသည်။

" မောင် ဘာလုပ်ရမှာကို မောင် သိတယ် "

ကိုကိုက အားရကျေနပ်စွာ ပြုံးလိုက်ပြီး လက်ကမ်းသည်။ ထိုကမ်းသောလက်မှာ သံမဏိကဲ့သို့ မြဲမြံ ခိုင်မာသည်။

ကျွန်တော်ကလည်း ကိုကို့လက်ကို မြဲမြံခိုင်မာစွာ ပြန်ဆုပ်၍ လှုပ်ယမ်းသည်။

ထိုနေရာမှ မပြန်မီ ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦးသည် ရှေ့မှ မြစ်ပြင်နှင့် မိုးပြင်ကို လှမ်းကြည့် လိုက်သည်။

ထိုညက မြစ်ပြင်သို့ ကြယ်များ ကြွေမကျ။

မည်သည့်ကြယ်မျှ မကြွေ။

မည်းမှောင်သော မိုးပြင်ဆီ အရှေ့မိုးကုပ်စက်ဝိုင်း တောင်တန်းများကိုလွန်၍ ကြယ်နီတစ်လုံးသည် ဝင့်ကြွားတက်လာနေသည်တကား။

www.burmeseclassic.com



# ( ၁၈ ) လွမ်းရစ်လေဦး

ကိုကို ပြောသည့်အတိုင်းပင် ဖေဖေနှင့် ဦးဇင်း ပြန်လွတ်လာကြသည်။ မကြာမီ ကျွန်တော်လည်း စစ်ကိုင်းတောင်ရိုးမှ ခွာသည်။

ဤစကားကို ရှင်းပြပါမည်။

ဖေဖေနှင့်အတူ ဦးဇင်းပါ ချောင်သို့ ပြန်လာကြသောအခါ ဖေဖေနှင့် ဦးဇင်းဟူ၍သာ အသိအမှတ်ပြု ခေါ်ရသည်။ မူလရုပ်ရည်တို့ မရှိတော့ …။

အရိုးပေါ် အရေတင် ဆိုသည့်စကားကို ရှေးက ကြားရုံသာ ကြားဖူးသည်။ ယခုမူ မျက်မြင်ကြုံရ၏။

ယခင်က ဖေဖေသည် ကျန်းမာဝဖြိုး၍ တောင့်တင်းခိုင်မာသည်။ ဦးဇင်းကား ဝင်းဝါစိုပြေ၍ ကိုယ်နေဟန် တင့်တယ်သည်။

ယခုကား ဖေဖေသည် နေ့ချင်းညချင်း အိုမင်း၍ ခါးကိုင်းလာခဲ့ပြီ။ ဦးဇင်း၏ ခန္ဓာတစ်ခုလုံး၌ စိုပြည်၍ အသက်ရှင်နေသေးသည်မှာ မျက်လုံးတော်တစ်စုံသာတည်း။

သူတို့နှစ်ဦး၏ အရေနှင့် အရိုးကြားတွင် အသားမျှ ရှိပါလေတော့၏လောဟု ထင်မှားဖွယ်ရာ ပိန်ချုံး ချည့်နဲ့နေသည်။ လက်ဖျားနှင့် ခြေဖျားများကို ပတ်တီးစည်းထားရသည်။ ရင်၊ ခါး၊ မျက်နှာများ၌ ရှုမဝံ့သော အညိုအမည်းတို့ ရှိနေ၏။

မည်သို့ဖြစ်စေ … သူတို့ ပြန်လွတ်လာသောကြောင့် တစ်ချောင်လုံး ဝမ်းသာကြသည်။ ကျွန်တော်လည်း ဝမ်းသာပါသည်။ သို့ရာတွင် ကျွန်တော့်နားထဲတွင်မူ ကိုကိုပြောခဲ့သော စကားတစ်ရပ်က ပဲ့တင်ထပ်နေသည်။

“ သူတို့ လွတ်မယ် …။ ဒါပေမယ့် တခြားလူတွေ လွတ်ဖို့က လိုသေးတယ် ”

နောက်တစ်လခန့်ကြာ၌ ဖေဖေ ပြန်လည်သန်စွမ်းစပြုလာသော တစ်နေ့တွင် ကျွန်တော်က ဖေဖေ့ရှေ့ ရပ်၍ ရိုသေစွာ ခွင့်ပန်မိသည်။

“ ဖေဖေ … ကျွန်တော့်ကို ရန်ကုန် သွားခွင့်ပြုပါ ”

ဖေဖေသည် အံ့သြဟန် မျက်မှောင်ပင့်၍ ပြန်ကြည့်မေးသည်။

“ ဘာလုပ်ဖို့လဲ … မောင့်ကိုကိုဆီလား …”

“ မဟုတ်ပါဘူး …။ ကျွန်တော် သွားရမယ့်နေရာက ဒီလိပ်စာအတိုင်းပဲ …”

ကျွန်တော်သည် ကိုကိုပေးခဲ့သော လိပ်စာတစ်ခုကို ပြသည်။

လိပ်စာကိုကြည့်၍ ဖေဖေ့မျက်နှာသည် အမျိုးမျိုးအဖုံဖုံ ပြောင်းလဲသွားသည်။ ခဏကြာမှ ခံစားမှုကို ကောင်းစွာ မဖုံးကွယ်နိုင်သောလေသံဖြင့် မေးသည်။

“ သား တကယ်ဆုံးဖြတ်ပြီးပြီလား ”

“ ဆုံးဖြတ်ပြီးပြီ ဖေဖေ ”

“ မေမေရော … သိပြီးပြီလား …”

“ မေမေ့ကို မောင် မပြောရက်ဘူး …။ ဖေဖေ သဘောတူရင် မေမေ့ကို ပြောပေးပါ …”

ဖေဖေ အတန်ကြာစွာ ငိုင်နေသည်။ ထို့နောက် ဖြည်းညင်းစွာ နေရာမှထ၍ လေးပင်စွာ ဆိုသည်။

“ ဖေဖေ စဉ်းစားဦးမယ် ”

ဘာကြောင့်မသိ၊ ဖေဖေသည် ကျွန်တော့်ကို ပြန်လှည့်မကြည့်တော့ဘဲ အပေါ်ထပ်သို့ တက်သွားသည်။ ကျွန်တော်က ကိုင်းနေသော ဖေဖေ၏ နောက်ကျောကို ကြည့်ရင်း စိတ်တွင်း၌ ထိခိုက်လာ သဖြင့် ဦးဇင်း၏ ကျောင်းသို့ ထွက်လာခဲ့၏။

www.burmeseclassic.com



ဦးဇင်းကို သူ့ကျောင်းအပေါ်ထပ် ပြတင်းဝ၌ တွေ့ရသည်။ ပြတင်းဝ၌ ရပ်လျက် အပြင်သို့ ငေးကြည့်ရင်း လက်တစ်ဖက်မှ စိပ်ပုတီးကို စိပ်နေ၏။

ကျွန်တော်က ဦးဇင်း အာရုံမပျက်စေရန် ဘာမျှအသံမပြုဘဲ ဝတ်ချ၍ ထိုင်နေသော်လည်း ဦးဇင်းက လှည့်ကြည့်သည်။

" သြော် ... မောင်လား ..."

" တင်ပါ့၊ ဦးဇင်း ပုတီးစိပ်တာကို အနှောင့်အယှက်များ ဖြစ်သွားသလား ..."

" မဖြစ်ပါဘူးကွာ ... မဖြစ်ပါဘူး "

ဦးဇင်းသည် ပုတီးကို လက်၌ ခွေပတ်လိုက်ပြီး ကုတင်တစ်လုံးထက် ထိုင်တော်မူ၏။

" ဘာလဲ ... ငါ့လူ၊ ကဗျာ ဆက်သင်ချင်လို့လား၊ ဦးဇင်း စိတ်မပါသေးဘူးကွယ် ..."

" တပည့်တော်လည်း ကဗျာဆက်သင်ချင်စိတ် မရှိတော့ပါဘူး၊ အခုလာတာက ဦးဇင်းကို အရေးကြီးတာ တစ်ခု လျှောက်စရာရှိလို့ "

" အရေးကြီးတာ ဘာများလဲ "

" တပည့်တော် ရန်ကုန်သွားမယ် ဆုံးဖြတ်လိုက်ပြီ ဘုရာ့ "

" ရန်ကုန်ကို ဘာကိစ္စ "

" စစ်ထဲဝင်မလို့ ဘုရာ့ "

ဦးဇင်းသည် ဆတ်ကနဲ မော့ကြည့်သည်။ ကျွန်တော့်ကို အတန်ကြာ အကဲခတ်ကြည့်နေပြီးနောက် ဦးဇင်းသည် လှုပ်ရှားလာ၏။

" ငါ့လူ တကယ်ပြောနေတာလား ..."

" တပည့်တော် စိတ်ဆုံးဖြတ်ပြီးပါပြီ ..."

ဦးဇင်းသည် နေရာမှထကာ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ တစ်စုံတစ်ခုကို လေးနက်စွာ တွေးနေဟန်ရှိပြီးမှ ရပ်၍မေးသည်။

" မင်း ... မင်းကိုကို့ဆီ သွားမယ်ပေါ့ ဟုတ်လား "

" မဟုတ်ဘူး ဘုရာ့၊ ကိုကိုက တပည့်တော် စစ်ထဲဝင်ရင် သူ့ညီလို့ မပြောရဘူးတဲ့၊ ကိုယ့်အစွမ်းအစနဲ့ ကိုယ် ဝင်တဲ့ ...။ ဘယ်ကို သွားရမယ်ဆိုတာတော့ လိပ်စာ ပေးခဲ့တယ် ..."

" ဒကာကြီးနဲ့ ဒကာမကြီးက ဘာပြောသလဲ "

" မေမေ့ကိုတော့ မပြောရသေးဘူး၊ ဖေဖေ့ကိုတော့ ပြောပြီးပြီ။ ဖေဖေကတော့ စဉ်းစားဦးမယ်တဲ့ ..."

ဦးဇင်းသည် ဘာမျှ ဆက်မမြွက်တော့ဘဲ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတော်မူပြန်သည်။

ကျွန်တော်ကသာ လှမ်းမေးရသည်။

" ဦးဇင်းကော ဘယ်လိုသဘောရသလဲ ..."

ဦးဇင်းသည် ခြေစကြာကို ခေတ္တငံ့လိုက်ပြီး မိန့်တော်မူ၏။

" အေး ... ငါလည်း စဉ်းစားဦးမယ် ..."

ဦးဇင်းက ဤမျှသာ မြွက်၍ ဆက်လက်စကြံ့ကြွနေတော်မူ၏။

နောက်သုံးရက်အကြာ၌ ဖေဖေနှင့် မေမေက ကျွန်တော့်အား စစ်ထဲသို့ ဝင်ခွင့်ပြုသည်။

ပြဿနာတစ်ရပ် ကျန်နေသည်မှာ ကျွန်တော့်အား ရန်ကုန်သို့ မည်သူ လိုက်ပို့မည်နည်း။

ဖေဖေမှာ ဂျပန် နှိပ်စက်မှုဒဏ်ကြောင့် ကျန်းမာရေး မကောင်းလှသေး။ ကျွန်တော့်ကို တစ်ယောက်တည်း လွှတ်ရန်လည်း စိတ်မချကြ။

www.burmeseclassic.com



နောက်ဆုံးတွင် ဦးလေးကိုဖိုးခင်ကို အဖော်ထည့်လိုက်ရန် ဆုံးဖြတ်ကြ၏။ သို့ရာတွင် ကျွန်တော် ရန်ကုန်သို့ သွားသောအခါ ဦးလေးကိုဖိုးခင်နှင့် နှစ်ယောက်တည်း မဟုတ်။ မမျှော်လင့်သူတစ်ဦးလည်း ပါလာသည်။

ကျွန်တော် ရန်ကုန်မဆင်းမီ တစ်ညဌ် ဖေဖေက မှာကြားစရာရှိသည်တို့ကို မှာကြားနေသည်။ မေမေက စကားမဆိုနိုင်ဘဲ မျက်ရည်ဝဲရုံဝဲနေသော်လည်း ဒေါ်စာဥကြီးသည် တရှုပ်ရှုပ် ငိုနေ၏။

ထိုအခိုက်တွင် အခန်းတွင်း၌ လူတစ်ယောက် ပေါ်လာ၏။

ဖျင်အကျီ၊ ဖျင်ကြမ်းလုံချည် ကွက်ကျဲ၊ လွယ်အိတ်တစ်လုံး လွယ်လျက် ကတုံးနှင့် သူ့ကို ရုတ်တရက်သော် မည်သူမှန်း မမှတ်မိ။

ကျွန်တော်တို့ အံ့အားသင့်နေခိုက် သူက ကြားနေကျအသံဖြင့် ဆိုသည်။

“ အေး ... ငါ လူထွက်ခဲ့ပြီ ...။ မင်းတစ်ယောက်တည်း မသွားနဲ့ မောင်၊ ဦးဇင်းပါ လိုက်မယ် ...”

ကျွန်တော်တို့သုံးဦးသည် မီးရထားတစ်တန်၊ မော်တော်ကားတစ်ဖုံဖြင့် ကြုံရာစီး၍ ဆယ့်ငါးရက်ခရီး အဆုံး၌ ရန်ကုန်သို့ ရောက်လာကြသည်။

ပထမတော့ ဦးဇင်း၏ အသိ ဗဟန်းကျောင်းတစ်ကျောင်း၌ တည်းကြသည်။ ထို့နောက် ကိုကိုပေးသော လိပ်စာတွင်ပါသည့် ပြည်လမ်း၊ အင်းယားကန်စောင်းအနီးရှိ တပ်မတော်ရုံးတစ်ရုံး၌ သွား၍ စာရင်း သွင်းကြသည်။ ကျန်းမာရေးဆေးစစ်အောင်သောအခါ ကျွန်တော်တို့နှစ်ဦးသည် ဦးလေးကိုဖိုးခင်နှင့် ခွဲခွာ၍ ပဲခူးမြို့ရှိ လေ့ကျင့်ရေးစခန်းသို့ သွားကြရသည်။

လေ့ကျင့်ရေးစခန်း၌ တစ်လကျော် ပင်ပန်းစွာ နေရသည်။ ဖျင်ကြမ်းညိုညိုက ကြမ်းသကဲ့သို့ စားရသော ထမင်းကလည်း ကြမ်းသည်။ စည်းကမ်းကလည်း ခက်ထရော်၏။

တံမြက်စည်းလှည်း၊ အိမ်သာဆေး၊ ထမင်းချက်၊ ထင်းပေါက်၊ ရေသယ်စသော တစ်သက် မလုပ်ဖူးသည်တို့ကို လုပ်ရသည်။ ကျွန်တော့်အတွက် မထောင်းတာလှသော်လည်း သင်္ကန်းဝတ်ဘဝရှိစဉ်က လူတကာရှိခိုးခံ၍ အလုပ်ကြမ်းနှင့် မည်သို့မျှ မဆိုင်ခဲ့သော ဦးဇင်းကို ကြည့်၍ စိတ်မကောင်း အထူး ဖြစ်မိသည်။

တစ်လအကြာ၌ ပညာအရည်အချင်းအရ ကျွန်တော်သည် ပို၍ပင်ပန်းတင်းကျပ်သော မင်္ဂလာဒုံ ဗိုလ်သင်တန်းသို့ သွားရသည်။

ဦးဇင်းနှင့် နောက်ဆုံး ခွဲခွာခဲ့ရရာ ဂျပန်ခေတ် ကုန်ဆုံး၍ နောက်နှစ်ပေါင်းများစွာအထိ ပြန်မတွေ့ရတော့ ...။

ကျွန်တော်သည် ဗိုလ်သင်တန်းရောက်မှ ကိုကို့ဆီ လှမ်းစာရေးသည်။ (ထိုစဉ်က ကိုကိုမှာ ပျဉ်းမနား၌ ရှိ၏) ကိုကို့ဆီမှ စာပြန်လာသောအခါ ရင်ခုန်ဖွယ် သတင်းတစ်ရပ်လည်း ပါလာသည်။

မြိုင်နှင့် ကြိုင်က ကြည့်မြင်တိုင် ကြိတ်တန်းတွင် ပွဲရုံဖွင့်ထားကြသည် ဆို၏။ ခိုင်တို့လည်း မြိုင်တို့နှင့် အတူတူ ရန်ကုန် ရောက်နေပြီ ဟူသတည်း။

ကျွန်တော်က မြိုင် ... ကြိုင် ... ခိုင်တို့ကို သွားတွေ့ချင်သည်။ သို့ရာတွင် မင်္ဂလာဒုံမှ ရန်ကုန် သွားရမည့် ခရီးမှာ မလွယ်ပါ။ ပြင်းထန်သော သင်တန်း၌ အားလပ်ခွင့်ဟူ၍လည်း မရှိ။ ဗိုလ်ဖြစ်၍ ခါးတွင် ဓားချိတ်နိုင်မှ သွားတော့မည် ဆုံးဖြတ်ရ၏။

ဗိုလ်သင်တန်း ခရီးကြမ်းကို အကျယ်ချဲ့ မရေးလိုပါ။ ကျွန်တော်၏ အကြပ်ဆရာရင်းမှာ “ မောင်ထူး ” ဟုဆိုလျှင် လုံလောက်ပြီ ထင်သည်။ ဂျပန်ခေတ် တပ်မတော်၌ ဗိုလ်ဆိုလျှင် မြင့်ဦး၊ တပ်ကြပ်ဆိုလျှင် မောင်ထူး၊ မြင်းဆိုလျှင် ရွှေလုံး ဟူ၍ စံတင်ဆလံသရသော ထိပ်သီးသုံးဦးအနက် တစ်ဦး ဖြစ်ပါလေ၏။

www.burmeseclassic.com



ဗိုလ်သင်တန်း ဆင်းပြီးသောအခါ တာဝန်ကျတပ်သို့ မသွားရမီ ခွင့်သုံးရက်ရသည်။ ကျွန်တော့်ရဲဘော် ဗိုလ်များက ဗဟန်းတစ်ဝိုက်ရှိ နာမည်ကြီးလှသော မြိုင်၊ ကန်တော်မိတ်၊ လွင်လွင်စသည့် ပြဇာတ်ရုံများသို့ ပြေးကြည့်ကြစဉ် ကျွန်တော်က ကြိတ်တန်းသို့ ထွက်လာခဲ့သည်။

ကြိတ်တန်းသည် ကြည့်မြင်တိုင်ဈေးကလေး မြောက်ဘက်၌ ကပ်လျက်ရှိသည်။ စီးပွားရေး အမြင်ပွင့်စ မြန်မာအပေါင်းတို့ ကုန်ကူးသန်းမှုကို အပြိုင်အဆိုင် လုပ်ကိုင်နေကြရာ ... ဗားကရာလမ်းမှ ကြိတ်တန်းအထိ ပွဲရုံ အများဆုံးရှိ၍ အစည်ဆုံးလည်းဖြစ်သည်။ စည်ပင်လွန်းနေသဖြင့် စစ်ကာလမှ ဟုတ်ပါလေ၏လောဟု ထင်မှားစရာရှိသည်။ အေးချမ်းသော စစ်ကိုင်းတောင်နှင့် လူသူကင်းရာ တပ်စခန်းတို့၌သာ နေခဲ့ရသော ကျွန်တော့်အဖို့ မယုံနိုင်လောက်သော စည်ကားမှုသည် မျက်စိနောက်ဖွယ်လည်း ဖြစ်နေ၏။

ကျွန်တော်သည် ဈေးလေးထိပ်၊ ဓာတ်ရထားကွေ့ဟောင်းနေရာ၌ မြင်းလှည်းပေါ်မှ ဆင်း၍ ခြေလျင် လျှောက်လာသည်။ ဈေးအရှေ့ဘက် လမ်းဘေးရှိ ဖုံးခိုကျင်းတို့၌ စိတ်မချမ်းသာဖွယ် ရှုခင်းကို တွေ့ရသည်။

ကုလား၊ မြန်မာ ဆင်းရဲသားအများကို ဈေးစည်ချိန်၌ ဂျပန်က ဖမ်း၊ ချွေးတပ်ဆွဲ၍ ဖုံးကျင်းများတွင် လှောင်ထားသည်။ ဖုံးကျင်းဝတို့၌ ပုရွက်ဆိတ်များပမာ ခေါင်းပြူ၍ ထိုးထွက်နေသော သဏ္ဍာန်များကို မြင်ရ၏။ သို့ရာတွင် သူတို့ မည်သို့မျှ မပြေးနိုင်။ ဓားလွယ်ဖြင့် ဗိုလ်တစ်ဦး အုပ်ချုပ်နေသော လုံ့စွပ်ကိုင် ဂျပန် တပ်သားများက ဝိုင်းရံစောင့်နေ၏။

စိတ်မချမ်းသာစွာဖြင့် ကျွန်တော်သည် ကြိတ်တန်းအတွင်းသို့ ဝင်ခဲ့သည်။

ကွမ်းရာဆေးကြီးနံ့၊ ဆေးရိုးနံ့၊ ရှမ်းဖက်နံ့များသည် ငံပြာရည်နံ့၊ ပုဇွန်၊ ငါးခြောက်နံ့၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနံ့၊ အမှိုက်ပုံ မြောင်းပုပ်နံ့များနှင့် ရော၍ ကျွန်တော့်နှာခေါင်းကို အားမနာတမ်း တိုးဆောင့် နှုတ်ဆက်ကြသည်။

ကျွန်တော်သည် “ အမျိုးသမီးပွဲရုံ ”ဟု ဆိုင်းဘုတ်တင်ထားသော ပွဲရုံတစ်ရုံရှေ့၌ ရပ်လိုက်သည်။

မွဲပြာသောအသား၊ ရှည်လျားသောအရပ်နှင့် လူကြီးတစ်ဦးက ကျွန်တော့်ကို ဆီးကြိုနှုတ်ဆက်သည်။

“ ဘာအလိုရှိပါသလဲ ဗိုလ်လေး ...။ အထဲကို ကြွပါ ...”

ကျွန်တော်သည် ထိုလူကြီးကို ကြည့်၍ ကျေနပ်စွာ ပြန်ပြောသည်။

“ အလိုရှိတာကတော့ ခင်ဗျားကိုပဲဗျ ...”

“ ခင်ဗျာ ...”

လူကြီး ထိတ်လန့်သွားမှ ကျွန်တော်က သူ့ပုခုံးကို ပုတ်ကာ ရယ်မောလျက် ဆိုရသည်။

“ ဟား ... ဟား ... ဦးလေး ဦးထွန်းမောင်ကြီးကလည်း မျက်လုံးမွဲနေပြီလား၊ မောင်လေ ... မမှတ်မိဘူးလား ...”

ဦးထွန်းမောင်ကြီး မျက်လုံးပြူးသွားသည်။ ပါးစပ်ကြီး ပြဲနေပြီးမှ ဝမ်းသာအားရဆိုသည်။

“ မောင် ... အောင်မလေး ... မောင်။ မောင်က စစ်ဗိုလ်တောင် ဖြစ်လာပြီ။ ဟယ် ကြိုင်ရေ ... ဟောဒီမှာ၊ မောင် ...၊ မောင် ... လာပြီ ...”

ပွဲရုံအတွင်း စားပွဲတစ်လုံး၌ ကြိုင်သည် ထိုင်ရင်း ကုန်သည်နှင့်တူသူ လူကြီးနှစ်ဦးနှင့် စကားပြော နေသည်။ ဦးထွန်းမောင်ကြီး၏ အော်ခေါ်သံ ကြားသောအခါ ရုတ်တရက် ထိုင်ရာမှ ထသည်။

ကျွန်တော်က ဦးထွန်းမောင်ကြီးနှင့်အတူ ကြိုင့်စားပွဲဆီသို့ လျှောက်သွားသည်။

“ မောင် ...။ အို ... ဟုတ်ပါရဲ့ မောင် ...၊ ကြည့်စမ်း ... စစ်ဗိုလ်ကြီးတောင် ဖြစ်လာပါပကော ”

ကျွန်တော်သည် ကြိုင့်စားပွဲဘေးရှိ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။

ကြိုင်က ရှေ့မှ လူကြီးနှစ်ဦးအား လှမ်းပြောသည်။

www.burmeseclassic.com



" ကဲ ... ဟောဒီမှာ ကျွန်မ မောင်တစ်ယောက် ရောက်လာလို့ ခွင့်ပြုကြပါဦး။ ဈေးကတော့ ကျွန်မ စကားကုန် ပြောပြီးပြီပဲ ...။ ကျန်တဲ့ပွဲရုံတွေ လိုက်ပြီး စုံစမ်းကြည့်စေလိုပါတယ်။ ကျေနပ်ရင် အချိန်မရွေး ပြန်လာပါ။ ဦးမင်းတို့ စိတ်တိုင်းကျအောင် ကျွန်မတို့ ဆောင်ရွက်ပေးပါမယ် "

လူကြီးနှစ်ဦး ထပြန်သွားကြသည်။

ကြိုင်သည် သက်ပြင်းလေး မသိမသာရှိုက်ပြီး ပြုံးချိုစွာဖြင့် ကျွန်တော့်ကို လှမ်းကြည့်သည်။

ကျွန်တော်ကလည်း ပြန်ပြုံး၍ ကြိုင့်ကို လေ့လာမိသည်။ ကြိုင်၏ မျက်နှာသွယ်သွယ်မှာ ပိုမို ပြည့်ဖြိုးလာခဲ့သော်လည်း ရင့်ရော်မှု မတွေ့။ ခန့်တည်သော ဣန္ဒြေလွှမ်းထားသဖြင့် ဖြူစင်ကြည်လင်သော မျက်နှာမှာ သိရိပြည့်ရွှန်းတင့်နေ၏။ ခါးသေးရင်ချီဟု မဆိုတော့နိုင်လည်း ပျောင်းအိဝင်းမှည့်သော အသား အရေ၊ တင်နေကိုယ်ကျသည် ပြေပြစ်တင့်တယ်သည်။ တစ်ကြိမ်က ဆတ်ဆတ်ထိမခံသော မာနခဲအသွင်တို့ ပျောက်၍ အေးချမ်းနူးညံ့သော ဟန်အမူအယာသည် ကျွန်တော့်ကို အံ့အားသင့်စေသည်။

ကျွန်တော်က ဤအတွေးဖြင့် စူးစိုက်ကြည့်နေသောကြောင့် ကြိုင်က ပြောသည်။

" ဟေး ... ဘာစိုက်ကြည့်နေတာလဲ ...။ စကားပြောဦးလေ "

ထိုအခါမှ သတိရကာ ကျွန်တော်က အမှန်အတိုင်း ဝန်ခံရ၏။

" ဩော် ... ဟုတ်ပါရဲ့။ မမကြိုင်က ကြီးမှ ပိုလှလာလို့ မောင်က အံ့သြပြီး ကြည့်နေတာ ..."

ကြိုင်သည် လိုက်လှဲစွာ ရယ်သည်။ သို့ရာတွင် ပါးများ၌ ရှက်သွေး မသိမသာ လျှမ်းနေ၏။

" မောင်ကသာ မမကြိုင်ကို လှတယ်ပြောနေ ...။ ခုထိ မမကြိုင် အပျိုကြီးပဲ ရှိသေးတယ် "

ကြိုင်သည် အရှက်ပြေ ပြော၏။

" အပျိုကြီးဖြစ်နေတာကတော့ ... မမကြိုင် ချစ်သူ မတွေ့သေးလို့သာ ဖြစ်ပါလိမ့်မယ် ..."

ကြိုင်၏ အပြုံးသည် မသိမသာ ပျက်သွားသည်။ ချက်ချင်းပင် ဣန္ဒြေဆည်၍ ပြန်ပြော၏။

" ချစ်သူဆိုတာက တွေ့ချင်တိုင်းတွေ့နိုင်မှာမှ မဟုတ်ဘဲ မောင်ရဲ့။ ဒါထက် မောင်ကော ချစ်သူတွေ ဘာတွေ တွေ့နေပြီလား "

" ဟာ ... မမကြိုင်ကလဲ ..."

ကြိုင်က ရယ်နေ၏။ ထိုစဉ် ပွဲရုံဝမှ ဆူညံဆူညံအသံများ ကြားရသည်။ ကြိုင်က " ဟော ... မြိုင် ပြန်လာပြီ "ဟု ဆို၏။

ဆူညံဆူညံ ရောက်လာသူများမှာ ဂေါ်ရင်ဂျီကုလားများဖြစ်သည်။ သူတို့နောက်ပါးမှ မြိုင် ပါလာ၏။

" ဆာမိ ...၊ မင်းကို မမ မပြောဘူးလား။ လက်မှတ်ကို အမြဲဆောင်ထားပါလို့၊ အပ္ပနားနဲ့ မူတူးတို့ ကကော လက်မှတ်တွေ ဘယ်ထားခဲ့လဲ့ ..."

ဆာမိ၊ အပ္ပနား၊ မူတူး စသည်တို့က ကုလားစကားဖြင့် တစ်ယောက်တစ်ပေါက် ဖြေကြသည်။ မြိုင်က တစ်ချက်ဟောက်လိုက်ပြီး ကုလားလို ဘာတွေပြောနေသည် မသိ။ အားလုံးငြိမ်သွားသည်။ မြိုင်ကသာ ဆက်ဆူနေသည်။ ကုလားများသည် သေဝပ်စွာဖြင့် ကြက်သွန်နီပုံးကြီးတစ်ခုနားတွင် သွားထိုင်ကြ၏။ မျက်နှာမှ ချွေးတို့ကို လံကွတ်တီဖြင့် သုတ်ကြပြီး ရေငတ်ပြေလား မသိ၊ ကြက်သွန်နီ တစ်ဉစီ ဝါးစားနေကြ၏။

ကြိုင်က မျက်စိမှိတ်ပြသဖြင့် ကျွန်တော်က မျက်နှာကို တစ်ဖက်သို့ မသိမသာ စောင်း၍နေလိုက်၏။

ခြေသံကြားရသည်။ ထို့နောက် ဝမ်းသာအားရခေါ်သံ ပေါ်လာသည်။

" ကိုကို ... ကြည့်စမ်း ဘယ်တုန်းက ..."

မြိုင်၏ အသံသည် တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။ ထိုအခါမှ ကျွန်တော်က မြိုင့်ဘက်လှည့် လိုက်သည်။

မြိုင်သည် မျက်လုံးလေးပြူး၊ ပါးစပ်လေးဟ၍ ကျွန်တော့်ကို စိုက်ကြည့်ကာ စကားမဆိုနိုင်ရှာ ...။

ကျွန်တော်က ဦးထုပ်ချွတ်ပြီး ပြန်ပြောရ၏။

www.burmeseclassic.com



" ကိုကို မဟုတ်ပါဘူး မမမြိုင် ... မောင်ပါ ..."

ထိုအခါမှ မြိုင်သည် အံ့သြခြင်း၊ ဝမ်းသာခြင်းရောလျက် ကျွန်တော့်ပုခုံးကို ပွေ့ဖက်သည်။

" အမလေး ... မောင် ထွားလာလိုက်တာ ...။ မမမြိုင်က ကိုကိုလားလို့ ..."

" မောင် ဒီလောက်တောင်ပဲ ထွားလာသလား ...။ ဒါပေမယ့် မောင်က ဗိုလ်လေးပါ။ ကိုကိုက ဗိုလ်မှူးကြီး။ ယူနီဖောင်းချင်း မတူပါဘူး မမမြိုင် ..."

" အင်းလေ ... မောင်တို့တော့ ခွဲခြားနိုင်မှာပေါ့၊ မမမြိုင်တို့ မျက်စိထဲမှာတော့ အတူတူလိုချည်းပဲ ..."

မြိုင်က ရိုးသားစွာ ပြောသော်လည်း ကြိုင်က ဝင်မှတ်ချက်ချသည်။

" မောင် စိတ်ပညာမှ မသိဘဲ ... မျက်လုံးဆိုတာ မြင်ချင်သူကိုသာ မြင်တတ်တာ ..."

မြိုင်က ကြိုင့်မှတ်ချက်ကို ရယ်မောလက်ခံပြီး ကျွန်တော့်ကို မေးသည်။

" ဒါထက် ... မောင် ဘယ်ကလာတာလဲ "

" မောင် ... ကျောင်းဆင်းခဲ့ပြီလေ ... ခွင့်ခဏရလို့ ... မမမြိုင်တို့ဆီ လာတာ "

" မမမြိုင်တို့ ဒီမှာရှိတယ်လို့ မောင့်ကို ဘယ်သူပြောသလဲ ..."

" ကိုကို့ဆီက စာရလို့ ..."

" ကိုကို့ဆီက စာရတယ် ..."

" တစ်စောင်တည်း ရပါတယ် ... မမမြိုင်၊ မမမြိုင်ကော မရဘူးလား "

မြိုင်၏ မျက်နှာလေးမှာ အပြုံးမပျက်၊ ဖြေဟန်လေးမှာမူ ညည်းညည်းညူညူနိုင်သည်။

" မရတာ ... ကြာပါပြီကွယ် ..."

မြိုင် စိတ်မကောင်းဖြစ်သွားမှန်း သိသဖြင့် ကျွန်တော်က စကားလှီးလွှဲ မေးရ၏။

"ဒါထက် ... စောစောက ဟိုကုလားတွေ ဘာဖြစ်တာလဲ ..."

မြိုင်သည် သက်ပြင်းလေးချပြီး သူ့ကုလားများဘက်လှည့်၍ မသိမသာ မျက်စောင်းထိုးသည်။

" မပြောပါနဲ့ မောင်ရာ ...သိပ်ပေါ့တဲ့ကောင်တွေ၊ ပွဲရုံတွေမှာလုပ်တဲ့ ကုလားတွေကို ကုန်စည်ကူးသန်းရေး မပျက်အောင်ဆိုပြီး ဆိုင်ရာက လက်မှတ်ထုတ်ပေးထားတယ်။ လက်မှတ်မရှိတဲ့ ကုလားဆိုရင်တော့ ချွေးတပ်ဆွဲတာပေါ့။ အဲဒါ ကိုချောတို့က မေ့လာကြလို့တဲ့လေ ...။ အဆွဲခံရတာပေါ့ ...။ ဂျပန်စစ်ဗိုလ်ကို မနည်းရှင်းပြယူခဲ့ရတယ်။ ပေါ့ကြတာလေ ... ဟော့ ... ဆာမိ၊ နောက်တစ်ခါဆို မမ လိုက်မရွေးဘူးသိလား "

ကြိုင့်စားပွဲနှင့် ထိပ်ချင်းကပ်လျက် အခြားစားပွဲကြီးတစ်လုံးရှိသည်။ မြိုင်သည် ထိုစားပွဲတွင် ဝင်ထိုင်လိုက်၏။

ကျွန်တော်က သူတို့ညီအစ်မကို ကြည့်၍ ချီးမွမ်းအံ့သြမိသည်။ ရန်ကုန်မြို့ကြီး၌ ယောက်ျားများနှင့် ရင်ပေါင်တန်း စီးပွားရှာနိုင်သည်မှာ အံ့သြဖွယ်တည်း။ ဂျပန်စစ်ဗိုလ်နှင့် မကြောက်မရွံ့ စကားဆို ပြန်လာခဲ့သော မြိုင့်ကို ချီးမွမ်းမိသည်။

မြိုင်သည် ဦးထွန်းမောင်ကြီး လာပေးသော ဘောက်ချာစာအုပ်ကို လှန်လှောစစ်ဆေးရာမှာ ကြိုင့်ကို လှမ်းပြောသည်။

" မကြိုင် ... ဒီဘက်က တစ်ပို ... ဈေးတစ်ဆယ် လျော့နေပါလား "

ကြိုင်က တောင်းပန်ဟန်ပြုံး၍ လေသံပျော့ပျော့ဖြင့် ဆို၏။

" ကွယ် လှည်းတန်းက ဒေါ်ခင်မေ့ ဆေးလိပ်ခုံမို့ပါ။ နှစ်ပိုတည်း ယူတာပါ ... လူချင်းခင်လို့ ..."

" အင်း ... လုပ်လုပ် ... သိလား၊ ဗားကရာလမ်းက မြန်မာ့စီးပွားရေး မြှင့်တင်ရေး ပွဲရုံက မြိုင်တို့ဈေးထက် ငါးကျပ် ပိုယူတယ်။ မြိုင်တို့နဲ့ ဈေးတူယူတဲ့ ... ဦးလေးဦးဘသန်းဆီမှာလည်း ဖက်ကုန်နေပြီ ..."

ကြိုင်သည် မြိုင့်ကို ဘာမျှ ပြန်မဖြေဘဲ ကျွန်တော့်ဘက်သို့ တစ်ချက်လှည့်ပြုံးသည်။

မြိုင်က သတိရဟန် ကျွန်တော့်အား လှည့်တောင်းပန်သည်။

" မောင်ရေ ... ခွင့်လွှတ်နော် ... မမြိုင် အရေးကြီးတာလေးရှိလို့၊ ခဏလေးပါ။ ကိုအေးသော် ... ခဏ ..."

ပွဲရုံတစ်ဖက်စွန်း စားပွဲမှ စာရေးနှင့်တူသူတစ်ဦး မြိုင့်ဆီ လာသည်။

" ကိုအေးသော် ... ဟသာ်တတက ကိုကိုလေးတို့ လယ်ဂျာပြီးပြီလား ..."

" ပြီးပါပြီ ခင်ဗျာ၊ ဒါပေမယ့် သူတို့က ထောင်မလဲ သဲကော် လိုချင်တယ်ဆိုလို့ နက်ဖြန် ဘဏ်ဖွင့်ပြီးမှ ငွေလဲ ရှင်းပေးပါ့မယ် "

" နက်ဖြန်ခါကို ဆက်ဆက်ပေးလိုက်။ ဒါထက် ဦးလေးထွန်းမောင် ... ဟို ကြက်သွန်ပုံက ဘယ်နှစ်ပိဿာ ကျန်သေးလဲ "

" ခွက်နှစ်ဆယ်ကျော် ကျန်မယ် မြိုင် ..."

မြိုင်သည် ကိုအေးသော်ဘက်သို့ လှည့်၍ အမိန့်ပေးသည်။

" ကိုအေးသော် ... ခွက်နှစ်ဆယ်ကို ပွဲရုံကပဲ ဖြတ်ယူလိုက်တော့။ လယ်ဂျာ ဒီနေ့အပြီးလုပ်။ နက်ဖြန်ညနေ ငွေရှင်းပေးမယ် ကြားလား ..."

" ဟုတ်ကဲ့ ..."

စာရေးကိုအေးသော် သူ့နေရာသူ ပြန်သွား၏။ မြိုင်က ကုလီများကို ဆက်အမိန့်ပေးသည်။

" ဆာမိ ... ကြက်သွန်ပုံကို အနောက်ဘက်ရွှေ့။ နှစ်ယောက်ပဲလုပ်၊ ကျန်တဲ့လူတွေက ကမ်းနားက ကိုလှဆောင်တို့လှေက ဆီပေပါတွေ တင်တော့ ..."

မြိုင့်အမိန့်များသည် ဤမျှနှင့် မပြီးသေး။ ကတ္တားနားမှ အသက် ၁၄ နှစ်ခန့် အရွယ် လူငယ်တစ်ဦးကို လှမ်းပြောသည်။

" မောင်သန်းအေး၊ ပွဲရုံရှေ့က ကျောက်သင်ပုန်း ဖျက်ပစ်။ ကျန်တာတွေ ပြန်ရေး။ ကြက်သွန်နဲ့ ဖက်ချန်ထား။ ပဲဆီနဲ့ ကွမ်းရာဆေး ထပ်ရေး ..."

ကျွန်တော်က မြိုင် စီမံနေသည်ကို စိတ်ဝင်စားစွာ ကြည့်နေမိ၏။ ဤပွဲရုံ အကြီးအကဲသည် မည်သူဖြစ်ကြောင်း သံသယ မရှိတော့။

ကျွန်တော်သည် ကြိုင်ကိုသာ ကျွန်တော် မေးလိုသော မေးခွန်းကို မေးရသည်။

" ဒါထက် ... မကြိုင် ... ခိုင်နဲ့ လှိုင်ကော ..."

" ခိုင်နဲ့ လှိုင် ... သန်လျင်မှာ "

ကြိုင့်အဖြေကြောင့် ကျွန်တော် ဘာပြန်ပြောရမှန်း မသိ။ စိတ်တွင်း၌ မသိမသာ ထိခိုက်သွားသည်။

" အစကတော့ ခိုင်တို့လည်း ဒီမှာပါပဲ။ ဒါပေမယ့် လေယာဉ်ပျံတွေကလည်း ခဏခဏ ဗုံးလာကျဲတော့ ဖေဖေ့ ရောဂါနဲ့ မဖြစ်ဘူးလေ။ ဒါကြောင့် ဖေဖေနဲ့ မေမေ့ကို သန်လျင်မှာ ပြန်ထားတယ်။ ခိုင်နဲ့ လှိုင်လည်း လိုက်သွားရတာပေါ့။ မလိုက်လို့ မဖြစ်ဘူး။ မေမေကလည်း ကြီးပြီ မဟုတ်လား။ ခိုင်နဲ့ လှိုင်ပဲ ဖေဖေ့ကို ပြုစုနိုင်တယ် ..."

ကျွန်တော် ငိုင်နေခိုက် ကိစ္စများ ပြီးဟန်တူသော မြိုင်က အနီးသို့ လာထိုင်သည်။

" ဘာလဲ ... မောင်က ခိုင်နဲ့ တွေ့ချင်လို့လား ... ဟုတ်လား ..."

ကျွန်တော်က မဖြေ။ ကြိုင်ကသာ ဝင်ပြော၏။

" အဲဒါ ... မကြိုင် ပြောပြနေတာပေါ့။ မောင် ... ခိုင်တို့နဲ့ တွေ့ချင်ရင် သန်လျင်လိုက်သွားပါလား "

ကြိုင်၏ အကြံပေးချက်ကို မြိုင်က ကန့်ကွက်သည်။

" ဒီနေ့ ဘယ်အချိန်ရှိတော့မလဲ။ ဒီလိုလုပ် မောင်။ ဒီည မမြိုင်တို့နဲ့ လိုက်အိပ်။ မနက်ကျမှ သန်လျင်ဘက်ကူး "

www.burmeseclassic.com



" ကျွန်တော် ခွင့်သုံးရက်ပဲ ရတယ် မမမြိုင်။ သန်လျင်နဲ့ ဒီ နေ့ချင်းပြန် သွားလို့ရလား "

" သမ္ဘာန်နဲ့ သွားရမှာ မောင် …။ နေ့ချင်းပြန်တော့ မရဘူး။ တစ်ညအိပ်ဆိုရင်တော့ ဖြစ်တယ် "

ကျွန်တော် ခေတ္တ စဉ်းစားလိုက်သည်။ ထို့နောက်မှ သေချာရန် ထပ်မေးသည်။

" တစ်ညအိပ်ဆိုရင် တကယ်ရသလား …"

" ဒီလိုပဲ သွားနေကြတာပဲ … မောင်သွားချင်ရင် မမမြိုင် ဦးလေးထွန်းမောင်ကြီး ထည့်ပေးလိုက်မယ်လေ …"

" ကိစ္စမရှိပါဘူး မမမြိုင် …။ မောင်က သန်ဘက်ခါ ညနေ နောက်ဆုံးထားပြီး စစ်ဝန်ကြီးရုံးမှာ တာဝန် သတင်းပို့ရမယ်။ အချိန်မီ ပြန်ရောက်နိုင်တယ်ဆိုရင် တော်ပါပြီ "

ကျွန်တော်သည် နံနက်စာကို နေ့မွန်းလွဲ၍ မြိုင်တို့ ပွဲရုံတွင်ပင် စားသည်။ ထမင်းစားသောက်ပြီး မြိုင်တို့အလုပ်ကို အနှောင့်အယှက် မဖြစ်စေလိုသောကြောင့် ဗဟန်းဘက်သို့ ထွက်လာခဲ့သည်။ အခြားလည်း လည်ပတ်စရာ မရှိသောကြောင့် လွင်လွင်ရုံ၌ ပြနေသော ပြဇာတ်ကို ကြည့်ဖူးသည်ရှိအောင် တစ်ဝက်တစ်ပျက်မှ ဖြတ်ဝင်ကြည့်ရသည်။ ပြဇာတ်အမည်မှာ " တစ်ဝါတွင်း " ဖြစ်၍၊ ကျော်အေးနှင့် မေမေဝင်းတို့က ခေါင်းဆောင်သည်။

မေမေဝင်းကို တော်လေးဝ၊ အချစ်ဆုံး၊ ဗိုလ်အောင်ဒင် စသော ကားများကြောင့် အသည်းစွဲဖူးသည်။ ပြဇာတ်စင်ပေါ်၌ လူကိုယ်တိုင် မြင်ရသောအခါ ပို၍ကြိုက်နှစ်သက်သည်။ ကျော်အေးကို ယခင်က စတန့်မင်းသားအဖြစ်သာ သိခဲ့သည်။ စိမ်းရွှေရွှေ၊ ဒွေးညီနောင်၊ လက်မည်းကြီး၊ ဗိုလ်ကျော်ဇော စသည့် ကားများမှ သူ၏ စွန့်စားခန်းများကို ရင်တဖိုဖိုဖြင့် အားကျဖူးသည်။ ယခု ပြဇာတ်စင်ပေါ်၌ အလွမ်းပိုင်သော သဘာဝ မင်းသားတစ်ဦးအဖြစ် တွေ့နေရသည်။ လွမ်းခန်းတွင် ဆရာဦးစိန်းမောင်၏ ဂီတာနှင့် တွဲလျက်၊ ခုနစ်သံချီ ဆိုပုံမှာ ပိုင်နိုင်ပြောင်မြောက်လှ၏။ ကျွန်တော့်ဘေးမှ မိန်းမပျိုသုံးဦးသည် ကျော်အေး လွမ်းတိုင်း လက်ကိုင်ပဝါဖြင့် မျက်ရည်တို့နေကြ၏။

ပြဇာတ်ပြီး၍ ကြည့်မြင်တိုင်သို့ မြင်းလှည်းနှင့် ပြန်လာစဉ် ကျွန်တော့် ရင်တွင်းတွင် ကျော်အေး ဆိုသွားသော လွမ်းချင်းသည် ပဲ့တင်ထပ် ပေါ်နေ၏။

**" ဒီအချစ်နဲ့ နှစ်ဖြာယွင်း တစ်ဝါတွင်း အောင့်အင်းခဲ့တယ်။ မျက်စိမြင်ပြန်တော့ရင်**
**အချစ်ခြင်း ကွေကွင်းရတယ်။ စိတ်ထဲ ခဲလေသမျှ သဲရေကျဖြင့် … ဖြစ်ပါပြီကွယ် "**

ပြဇာတ်ကြောင့် အလွမ်းပိုပိုတွင် နေညိုညို၌ ကြည့်မြင်တိုင်ပွဲရုံသို့ ပြန်ရောက်ခဲ့သည်။ မြိုင်တို့က ပွဲရုံဆင်းသွားပြီ ဖြစ်သည်။ ဦးထွန်းမောင်ကြီးက ကျွန်တော့်ကို စောင့်ကြိုနေ၍ အိမ်သို့ ခေါ်ခဲ့သည်။

လမ်းတွင် ကျွန်တော်က မေးသည်။

" ဦးလေးထွန်းမောင်ကြီး ဘယ့်နှယ် မြိုင်တို့ဆီ ရောက်နေသလဲ "

ဦးထွန်းမောင်ကြီးက မပြုံးတပြုံးနှင့် ဖြေသည်။

" မောင့်ကိုကိုက တာဝန်ပေးထားလို့ပေါ့ …"

မြိုင်တို့ အိမ်လေးမှာ မီးရထားလမ်းတစ်ဖက်ရှိ ပုသိမ်လမ်းတွင် ဖြစ်သည်။ အိမ်သားဟူ၍ မြိုင်နှင့် ကြိုင်တို့ ညီအစ်မ၊ မြိုင်တို့ အဒေါ်တစ်ဦး၊ အိမ်ဖော် မိန်းမပျိုတစ်ဦးနှင့် ဦးထွန်းမောင်ကြီးသာ ရှိသည်။

ထိုညက ထမင်းစားသောက်ပြီး ကျန်လူများက စောစော အိပ်ရာဝင်ကြသည်။ မြိုင်၊ ကြိုင်နှင့် ကျွန်တော်က စားပွဲတွင် အတန်ကြာ ရှေးဟောင်းနှောင်းဖြစ် ထိုင်ပြောနေကြသည်။ ည ၉ နာရီခန့်၌ ကြိုင်က ထသွား၍ ဘုရားရှိခိုး၊ ပုတီးစိပ်သည်။

ကာလမကောင်းစဉ်ဖြစ်၍ တံခါးတိုင်း အလုံပိတ်ထားသည်။ လေကြောင်းရန်လည်း ရှိသဖြင့် ရေနံဆီ မီးအိမ်ကို မှိန်မှိန်သာ ထွန်းထားသည်။

www.burmeseclassic.com



မြိုင့်အသားလေးမှာ အရင်ကလိုပင် ဝါဝါဝင်းလေး ဖြစ်သည်။ နှာတံသည် သွယ်မြဲသွယ်၍ မျက်လုံးများက ကြည်မြဲကြည်သည်။ တောင့်တင်းကြော့ရှင်းသော ကိုယ်လေးသည် အရပ်ပိုရှည်လာသဖြင့် ပို၍သွယ်သွယ်လွင်လွင် ဝင့်ဝင့်ကြွားကြွားနိုင်သည်။ အမူအယာ သွက်လက်ဖျတ်လတ်ခြင်းတွင် သိက္ခာဝင်ခဲ့သဖြင့် ရဲရင့်တည်ကြည်ခြင်းမှာ ပိုထင်ရှားလာ၏။

" မမမြိုင်တို့ ဘယ်လို ပွဲစားဖြစ်လာကြတာလဲ "

မြိုင်သည် စဉ်းစားရင်း ပြုံးသည်။

" မမမြိုင်ကြောင့်ပဲ ဆိုပါတော့ … ဂျပန်ဝင်စကတော့ ရှိတာလေးတွေ ထုခွဲစားကြသေးတယ်။ နောက်ပိုင်းကျတော့ ဖေဖေကလည်း မမာ၊ ဝင်ငွေကလည်း မရှိ၊ ဒါနဲ့ မမကြိုင်နဲ့ မမမြိုင် ရန်ကုန်တက် အလုပ်ရှာကြတယ်။ မမကြိုင်ကတော့ ဘီအေအောင်ပြီးသားဆိုတော့ ငွေစာရင်းမင်းကြီးရုံးမှာ အလုပ်ရတယ်။ မမမြိုင်ကတော့ ဆယ်တန်းဝင်ရမယ့်နှစ်မှာ ခေတ်ပျက်သွားတယ်လား … အစိုးရအလုပ် မရဘူး။ ဒီတော့ ပန်းပင်ကြီးလမ်းက ပွဲရုံတစ်ရုံမှာ ပွဲရုံစာရေး ဝင်လုပ်ရတယ်။ ဒီတုန်းက ကြိတ်တန်းမှာ ပွဲရုံတွေ မရှိသေးဘူး။ မမမြိုင် ပွဲရုံလုပ်ငန်း အတော်လေး နားလည်လာတဲ့ အချိန်ကျတော့ ကြိတ်တန်းက စည်လာတယ်။ မမမြိုင်လည်း စုထားတဲ့ ငွေလေးနဲ့ လက်ဝတ်လက်စားလေးပေါင်ရတာ ပေါင်းပြီး မြေဝယ် တဲထိုးတာပဲ။ မြစ်ဆိပ်နဲ့လည်း နီးတော့ တဲထိုး၊ ဆိုင်းဘုတ်တင်တာနဲ့ တစ်ပြိုင်နက် ကုန်က တက်လာတာပဲ။ ကျန်တဲ့အပိုင်းကတော့ မုဆိုးစိုင်သင်ပေါ့။ လုပ်ငန်းအောင်မြင်လာတော့ မမကြိုင်ကိုပါ အလုပ်က ထွက်ခိုင်းပြီး ပွဲရုံထိုင်ခိုင်းရတာပဲ …"

ကျွန်တော်သည် အံ့ဩချီးမွမ်းစိတ်ဖြင့် မြိုင့်ကို ကြည့်မိသည်။

" မမမြိုင် သိပ်သတ္တိကောင်းတာပဲ "

မြိုင်က အသာပြုံးသည်။

" သတ္တိကောင်းတယ်တော့ ဘယ်ဟုတ်မလဲ မောင်ရယ် …။ ခွေးတောင် ချောင်ပိတ်ပြီး အရိုက်ခံရရင် ပြန်ကိုက်ရဲသေးတာပဲ မဟုတ်လား …"

မြိုင်က ရယ်မောရင်း ပြောသော်လည်း ကျွန်တော့်ရင်တွင်းမှု ထိခိုက်မိသည်။ စစ်ကိုင်းတောင်ရိုးတွင် စီးပွားရေးအတွက် အပူအပင်မရှိဘဲ နေခဲ့ရသဖြင့် ဤဒုက္ခမျိုးကို မသိခဲ့။

ချောမောလှပသော မိန်းမပျိုများဖြစ်လျက် အိမ်ခန်းဆောင်တော်၏ ဘုရင်မများအစား စစ်အတွင်း မြို့တော်ဝယ် ယောက်ျားများနှင့် ရင်ပေါင်တန်း စွန့်စားရသော သူတို့၏ ဘဝများကို ကရုဏာသက်မိသည်။ ကိုကို့ကိုလည်း အနည်းငယ် မကျေမနပ် ဖြစ်မိသည်။

" မမမြိုင် ဒီလိုလုပ်နေတာ ကိုကိုက ဘာပြောသလဲ "

ကိုကို့အား ရည်ညွှန်းသံ ကြားရသောအခါ မြိုင်၏ မျက်လုံးကြည်များသည် ခေတ္တ တောက်ပသွားသည်။ အပြုံးကလေးမှာလည်း မသိမသာ ဝင်းသွားသည်ဟု ထင်ရသည်။

" ကိုကိုနဲ့ မမမြိုင် ဂျပန်ဝင်စ သန်လျင်မှာ ခေတ္တပြန်တွေ့ရသေးတယ်။ နောက် တော်တော်နဲ့ မတွေ့ရပါဘူးလေ၊ ပွဲရုံဖွင့်ပြီးမှ တစ်ခါပြန်တွေ့တော့ … ကိုကို အတော်စိတ်ထိခိုက်သွားပုံရတယ် …။ လက်ထပ်ဖို့တောင် ပြောသေးတယ် …"

မြိုင်က တုန်လှုပ်မှုမရှိဟန် အေးချမ်းစွာ ပြောနေ၏။

" ဒါပေမယ့် မောင့်ကိုတော့ မမမြိုင် ရှက်နေဖို့ မလိုတော့ပါဘူး …။ ကိုကို့ကို မမမြိုင် သိပ်ချစ်တယ် …"

မြိုင်သည် ခေတ္တရပ်သွားသည်။ စကားစဉ် ပျောက်သွား၍လော။ စကားအစရ ခက်သောကြောင့်လော မသိ။

" ဒါကို ကျွန်တော် သိပါတယ် မမမြိုင် …"

www.burmeseclassic.com



မြိုင်သည် ကျွန်တော့်အား ကျေးဇူးတင်ဟန် တစ်ချက်လှမ်းကြည့်ပြီး တည်ကြည်စွာ ဆက်ပြော၏။

" ကိုကို့ကို သိပ်ချစ်လို့ ကိုကို့ကို မမမြိုင် သိပ်နားလည်ခဲ့တယ်။ ကိုကိုက မမမြိုင်ထက် သူ့တိုင်းပြည်ကိုသူ ပိုချစ်သူပါ ..."

မြိုင်သည် အပြုံးမပျက်ဆိုသည်။ သို့ရာတွင် မျက်လုံးများ၌ မျက်ရည်များ ဝေ့ဝဲနေသည်ကို ကျွန်တော် သတိပြုမိသည်။

" ဒီလိုဆိုတော့ ... ကိုကို့ကို အသည်းနှလုံး မရှိဘူးလို့ မမမြိုင် မဆိုလိုဘူး ...။ ကိုကို့ကို အသည်းနှလုံး ရှိမှန်း လူများထက် မမမြိုင် ပိုသိတယ် ... ကိုကို့မှာ အသည်းနှလုံးထက် ... ဦးနှောက်ကို ပိုမို အရေးပေးတဲ့လူပါ။ ဒီအတွက်လည်း မမမြိုင် ဂုဏ်ယူပါတယ်။ ကိုကို့ရည်ရွယ်ချက် မအောင်မြင်ခင် ကိုကို့ကို တိုင်းပြည်ကပဲ ပိုင်နေစေချင်တယ် ...။ မမမြိုင် မပိုင်ချင်သေးဘူး "

မြိုင်က လေအေးနှင့် ပြောနေသော်လည်း ကျွန်တော့်ရင်မှာ ဆို့နင့်မိသည်။ မြိုင့်ကိုလည်း ကြည်ညို မိပါသည်။

" ဒါထက် ... ဒီအိမ်ဟာ မမမြိုင်တို့ အပိုင်လား ..."

" ဟုတ်တယ် မောင် ...။ မောင်သိသားပဲ ဂျပန်ငွေဆိုတာ တန်ဖိုးမရှိဘူး။ ဒါကြောင့် အိမ်အရင် ဝယ်လိုက်တယ် ...။ ပထမတော့ ဖေဖေတို့ကိုပါ ဒီမှာ ခေါ်ထားတယ်။ ဒါပေမယ့် ဖေဖေ့ သွေးတိုးရောဂါက ပိုဆိုးလာတယ် ...။ လေယာဉ်ပျံက ခဏခဏ လာတယ်မဟုတ်လား။ နားအေးပါးအေး သန်လျင်မှာပဲ ပြန်ထား ရတာပေါ့ ...။ အဲဒါလည်း ပျဉ်းမနားမပြောင်းခင် ကိုကိုက စီမံပေးသွားတာပဲ။ မိန်းမသားတွေချည်းမို့ စောင့်ရှောက်ဖို့ ဦးလေး ဦးထွန်းမောင်ကြီးကို ခေါ်ထားပေးတယ်လေ။ ပြီးတော့ နေ့လယ်က မောင် တွေ့ခဲ့တဲ့ စာရေး ကိုအေးသော်ဟာလည်း ကိုကို့လူပဲ ..."

" ဟော ... ညတောင် နက်သွားပြီ မောင်။ မနက်ကို မောင် သန်လျင်ဘက် ကူးဦးမယ် မဟုတ်လား။ အိပ်ပေတော့။ မောင့်ကိုတွေ့ရင် ခိုင်က သိပ်ဝမ်းသာမှာပဲ "

" ဟုတ်တယ် မမမြိုင် ...။ မောင်လည်း ခိုင့်ကို သိပ်တွေ့ချင်တာပဲ "

မြိုင်သည် ကျွန်တော့်မျက်လုံးများကို တစ်ချက် စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ ထို့နောက် သက်ပြင်းလေး အသာချ၍ နေရာမှ ထသည်။

" ကဲ ... အိပ်ပေတော့၊ မောင် အိပ်ရာထဲ ဝင်ခါနီးရင် မီးငြိမ်းနော်။ မီးခြစ်တော့ ခေါင်းအုံးအောက် ယူထား ..."

မြိုင်တို့အိမ်၌ အခန်းနှစ်ခန်း ရှိသည်။ တစ်ခန်းသည် မြိုင်နှင့် ကြိုင် အခန်းဖြစ်၍၊ အခြား တစ်ခန်းသည် မြိုင်တို့ အဒေါ်နှင့် အိမ်ဖော်မလေးတို့အတွက် ဖြစ်သည်။

အခန်းအပြင်ဘက် ဧည့်ခန်းကြမ်းပြင် အိမ်ဦးပိုင်းတွင် ကျွန်တော့်အတွက် အိပ်ယာပြင်ထားသည်။ ကျွန်တော်နှင့် ယှဉ်လျက် အခြားအိပ်ယာတစ်ခု၌ ဦးထွန်းမောင်ကြီး အိပ်သည်။

မီးအိမ်ကို ငြိမ်းလိုက်သောအခါ တစ်ခန်းလုံး မှောင်သွားသည်။ ခြင်ထောင်ချပြီး ပက်လက်လှန်လျက် အိပ်မပျော်သေးဘဲ ကျွန်တော်သည် တွေးမိတွေးရာ တွေးနေမိသေးသည်။

အခန်းတွင်းမှ ကြိုင်၏ ဓမ္မစကြာတရားရွတ်သံကို မတိုးမကျယ် ကြားရသည်။

" ... အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပစ္ဆံ နလဗ္ဘတိ၊ တမ္ပိဒုက္ခံ၊ သံခိတ္တေန၊ ပဉ္စုပါဒါ နက္ခန္ဓာပိဒုက္ခာ ..."

စစ်ကိုင်းတောင်မှ ထွက်ခွာလာကတည်းက မကြားရပြီဖြစ်သော ဓမ္မစကြာတရားသာတည်း ...။

အနက်အဓိပ္ပါယ်ကို သိသော ကျွန်တော့်ရင်တွင်း ဆွေးမြေ့ခြင်းနှင့် သံဝေဂတို့ ယှဉ်ပြိုင်ပေါ်ပေါက် လာပါ၏။

www.burmeseclassic.com



" အပ္ပိယေဟိ – မချစ်မနှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်၊ သမ္ပယောဂေါ – အတူတကွ ပေါင်းယှဉ်ရခြင်းသည်လည်း၊ ဒုက္ခော – ဆင်းရဲ၏။ ပိယေဟိ – ချစ်နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်၊ ဝိပ္ပယောဂေါ – ကွေကွင်းကင်းကွာ ရှဲခွာဖဲကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း၊ ဒုက္ခော – ဆင်းရဲ၏။ ယံပစ္ဆံ – အကြင် ပဋိသန္ဓေနေရခြင်းစသော ဘဘောတရား၊ ငါ့အား မဖြစ်မူ ကောင်းလေစွ စသည်ဖြင့် တောင့်တခြင်းကို၊ နလဗ္ဘတိ – မရအပ်။ တံပိ – ထိုတောင့်တတိုင်း မရခြင်းသည်လည်း၊ ဒုက္ခံ – ဆင်းရဲ၏။

❑

နောက်တစ်နေ့နံနက်၌ လက်ဖက်ရည်၊ မုန့်များ စားသောက်ပြီးသောအခါ ကျွန်တော်သည် ကြိုင်၊ မြိုင်တို့နှင့်အတူ ပွဲရုံသို့ လာခဲ့သည်။ ပွဲရုံထိအောင် မလိုက်ဘဲ ဈေးထောင့်ရှိ မြင်းလှည်းဆိပ်တွင် နေရစ်သည်။

မြင်းလှည်းအများမှာ ဗဟန်း၊ ကမာရွတ် စသည့်ဘက်သို့ အသွားများသည်။ ကျွန်တော်သွားလိုသော ညောင်ပင်လေး ဆိပ်ကမ်းသို့ ပို့မည့် မြင်းလှည်း တစ်စီးသာ ရှိသည်။ ဤလှည်းတစ်စီးကလည်း လူပြည့်အောင် တစ်နာရီကျော် စောင့်ရသည်။

မြင်းလှည်းသည် ထီးတန်းဘက်မှ လှည့်၍ အလုံကမ်းနားတစ်လျှောက် ပြေးသည်။ တင့်ကားပျက်၊ အဆောက်အဦပျက်၊ မီးလောင်မြေကွက်တို့ကိုသာ ဖြတ်လာသည်။ လမ်း၌ လူသူလေးပါး မတွေ့ရ။ အခြားယာဉ်ရထား တစ်စီးတစ်လေမျှကိုလည်း မမြင်။

တစ်နာရီကျော် ခရီးနှင်ခဲ့ရာမှ မော်တင်လမ်းအရောက်တွင် လေကြောင်းအန္တရာယ် နှိုးဆော်သည့် ခွေးဥသြသံများ ဆူညံလာသည်။

လှည်းပေါ်ရှိ ခရီးသည်အားလုံး လမ်းဘေးဆင်း ဝပ်ကြသည်။ ကျွန်တော်က မြင်းလှည်းဆရာကို ကူညီ၍ လှည်းနှင့် မြင်းကို တိုက်ပျက်တစ်လုံးဘေးသို့ ဆွဲယူလာသည်။

လေယာဉ်ပျံသံများ တဝုန်းဝုန်း ကြားရသည်။ လေယာဉ်ပျံပစ် အမြောက်သံများကလည်း အဆက်မပြတ် ပေါ်ထွက်လာကြသည်။

လန့်သောမြင်း ထွက်မပြေးရန် မြင်းလှည်းဆရာက အာထောက်ကို တင်းအောင်ဆွဲ၍ ထိန်းထားခိုက် ကျွန်တော်က ဘီးတစ်ဖက်ကို ခြေနှင့် ကန်ထားရ၏။

ကျွန်တော်တို့ ခေါင်းပေါ်မှာ အရှောင်တလက်လက်ဖြင့် လေယာဉ်ပျံ အစီးနှစ်ဆယ်ခန့် ပျံသန်းနေသည်။ ပေါက်ကွဲသော လေယာဉ်ပစ် အမြောက်ဆန်တို့ကြောင့် ကောင်းကင်တွင် မီးခိုးမည်းအစုကလေးများ မြင်ရသည်။

ဝင်းလက်သော လေယာဉ်ပျံအုပ်စုတို့ ဆက်ကာဆက်ကာ လာသည်။ ကောင်းကင်၌ မီးခိုးမည်း အစုကလေးများသည် တိမ်အုပ်အသေးစားများသဖွယ် ပြည့်နှက်နေသည်။

စိမ်းမည်းမည်းအရောင် ဂျပန်တိုက်လေယာဉ်ပျံလေးစီး တက်လာသည်ကို တွေ့ရသည်။ သို့ရာတွင် ပြောင်ပြောင်လက်လက် လေယာဉ်ပျံအုပ်စုအထက်မှ အမြီးနှစ်ခွနှင့် လေယာဉ်ဆယ်စီးခန့်က ဂျပန်လေယာဉ်ပျံများဆီ တစ်ဟုန်ထိုး စိုက်ဆင်း ပေါ်ထွက်လာ၏။ တဒုတ်ဒုတ် တဒက်ဒက် စက်သေနတ်သံများလည်း ကြားရသည်။

မီးခိုးတလူလူဖြင့် ဂျပန်လေယာဉ်ပျံနှစ်စီး တောင်ဘက်ဆီ ထိုးစိုက်ကျလာ၏။ အခြားဂျပန်လေယာဉ်ပျံ နှစ်စီး ဘယ်ပျောက်သွားမှန်း မသိ။

အမြီးနှစ်ခွ လေယာဉ်ပျံများသည် မြစ်ပြင်ဆီ ထိုးဆင်းလျှောကာ စက်သေနတ် သရမ်းသွားကြသေးသည်။

www.burmeseclassic.com



အမြောက်သံနှင့် ဗုံးသံများက ဆက်တိုက်ပေါက်ကွဲပေါ်နေသည်။ ပုဇွန်တောင်ဘက်ဆီမှ မီးခိုးလုံးကြီးများ အလိပ်လိပ် ပေါ်ထွက်လာကြပြန်သည်။

ကျွန်တော်တို့အားလုံး မြင်းလှည်းပေါ်ပြန်တက်ကာ ညောင်ပင်လေးဆိပ်သို့ ခရီးဆက်ခဲ့ကြသည်။ ကျွန်တော်တို့ ဦးတည်ရာဆီ၌ မီးခိုးနှင့် မီးလျှံများ ကောင်းကင်ဆီ ထိုးတက်နေသည်။

သော်မဆင်လမ်း ရောက်သောအခါ အရှေ့ဘက်ကမ်းနားလမ်းဆီ၌ တဟုန်းဟုန်းတောက်နေသည်ကို တွေ့ရသည်။

မြင်းလှည်းဆရာသည် မြောက်ဘက်ပြန်ချိုးကာ ရေကျော်ဘက်ဆီ မောင်းသည်။ ဓာတ်ရထားလမ်းဟောင်းအတိုင်း အရှေ့ဘက် ပြန်မောင်းလာပြန်သည်။ တောင်ဘက်ကွေ့၍ အတန်ငယ် မောင်းလာပြီးမှ မြင်းလှည်းကို ရပ်လိုက်သည်။

“ ရှေ့ဆက်သွားလို့ မဖြစ်တော့ဘူးဗျ ”

ဘာကြောင့်ဟု သူ့ကို မေးရန် မလို။ ကမ်းနားဆီ၌ တဟုန်းဟုန်းတောက်လောင်နေသော မီးတောက်များကို မြင်ရသည်။ မီးခိုးလုံးများလည်း မှောင်နေ၏။

မီးသတ်ကားသုံးစီးခန့် အပြေးမောင်းနှင်သွားကြသည်။ ဂျပန်စစ်ကားများကလည်း မီးသတ်ကားတို့နှင့် အတူ ပါလာသည်။

ကျွန်တော်သည် မြင်းလှည်းသမားကို ငွေငါးကျပ် ထုတ်ပေးပြီး မဝေးလှသော ညောင်ပင်လေးဆိပ်သို့ ခြေလျင် သွက်သွက်လျှောက်လာခဲ့သည်။

ကျွန်တော် ကြိုးစားသမျှ အချည်းနှီးတည်း။

ညောင်ပင်လေးဆိပ်၌ မီးခိုးတို့ မည်းမှောင်နေသည်။ ဆိပ်ကမ်း၌ သင်္ဘောငယ်သုံးစီးမှာ မီးလောင်နစ်မြုပ်နေ၏။ ရေလယ်တွင် သမ္ဗန်အချို့သည် မှောက်ခုံလန်၍ ပေါလောပေါ် မျောနေသည်။

ကျွန်တော်သည် စိတ်ပျက်ခြင်းကြီးစွာဖြင့် လာလမ်းအတိုင်း ပြန်လျှောက်ခဲ့မိ၏။

ကံအားလျော်စွာ ကျွန်တော့်မိတ်ဆွေ မြင်းလှည်းဆရာကို ပြန်တွေ့သည်။

“ အတော်ပဲ ဗိုလ်လေး၊ တစ်ယောက်စာပဲ ကျန်တော့တယ်၊ ပြန်လိုက်မလား ”

“ လိုက်မယ်လေ ... ဒါထက် ခင်ဗျား ဘယ်လမ်းက ပြန်မလဲ ”

“ ဗဟန်းဘက်က လှည့်ပြန်မယ် ”

“ ဒါဖြင့် အတော်ပဲ၊ ကျွန်တော် မြေနီကုန်းအထိ လိုက်မယ်၊ ဒါထက် ကြိတ်တန်းက အမျိုးသမီးပွဲရုံ သိလား ”

“ သိတယ် ... မြိုင်နဲ့ ကြိုင် မဟုတ်လား ”

“ ဟုတ်ပါတယ် ...”

“ ကျွန်တော့်ဖောက်သည် ပွဲရုံပဲ၊ ဘာဆောင်ရွက်ပေးရမလဲ ဗိုလ်လေး ...”

“ အထူးမဟုတ်ပါဘူး၊ ကျွန်တော် သန်လျင်ဘက် မကူးဖြစ်ဘူး၊ မင်္ဂလာဒုံ ပြန်သွားပြီလို့ ပြောပြပေးပါ ”

“ ဘာဝန်လေးတာမှတ်လို့ ဗိုလ်လေးရာ၊ ပြောပြပေးမှာပေါ့။ ဒါထက် နာမည်ဘယ်သူလို့ ပြောရမလဲ ”

“ မောင် ... အဲ ဗိုလ်မောင်မောင်ဆို သိပါတယ် ...”

ဇက်ကြိုးကုန် လွှတ်၍ မောင်းနှင်ခဲ့သော မြင်းလှည်းသည် ညနေငါးနာရီခန့်ကျမှ မြေနီကုန်း ရောက်သည်။

ကျွန်တော်က ဆာကုရ ရပ်ရှင်ရုံကြီး အနီးတွင် ဆင်းလိုက်သည်။ ဘာကြောင့် ကြိုင်နှင့် မြိုင်ထံ မပြန်ရသည်ကိုလည်း ကိုယ့်ကိုယ်ကို မသိ။

အရှေ့ဘက် မိုးပြင်ဆီ၌ နီရဲသော မီးလျှံနှင့် မည်းမှောင်သော အခိုးတို့ မငြိမ်းမသေသေး။

www.burmeseclassic.com



ပြည်လမ်းမှ သစ်ရိပ်တောတစ်ခုထက် မှုန်ရီညို့ဆိုင်းသော နှင်းမြူတို့ကို ကြည့်ရင်း ရင်တွင်း၌ ဦးဇင်း၏ ကဗျာသည် အမှတ်မထင် ပေါ်လာ၏။

**သူငယ်ချင်း နှောင်းသိင်္ဂီဆွေ ...။**

**ဟောင်းဣန္ဒနီရော်ရွက်သို့၊ မျှော်လျက်နှင့် သက်ကာကြွေ၊**

**ဆွေးရစ်တော့မေ။**

**လွမ်းတသသ မှန်းဆသူရေ၊ စန်းလငွေ မှုန်ရစ်တော့လေး ...။**

❑❑❑

www.burmeseclassic.com



# အပိုင်းလေး

## ချစ်ခြင်းငယ် ဘယ်မပြိုင်


၁၉ အိပ်မက်ပမာလည်

၂၀ တစ်နေ့တော့ မောင်ပြန်လာသည်

၂၁ နစ်ရသူတစ်ဦး

၂၂ မေတ္တာတေးရှင်

၂၃ သူတစ်ယောက်မှာ

၂၄ မုန်းသည်ဆိုသောနေ့

၂၅ သူ့အတွက် တစ်ရွက်တစ်လွှာ


sic.com

www.burmeseclassic.com



# ( ၁၉ ) အိပ်မက်ပမာလည်

**" တမုတ်ပြေဝါ၊ စိမ်းပြာညိုမြ၊ ခြယ်စုံလှသို့၊ ညွန်းပမမြန်း၊ ထွေထွေစွန်းသား၊ ရေပန်းမြစ်ဆိပ်၊ ပွင့်မျောရိပ်က၊ နတ်အိပ်ခဲ့သေး၊ ရင်းမာမွှေး၍၊ ငှက်ကျေးနှုန်းပုံ၊ ပျော်ချင်တုံလည်း၊ ပေါင်းရှုံမှုရက်၊ လင့်မည်ခက်ခဲ့၊ သည့်ထက်ကြာဘိ၊ မေ့ဘွယ်ရှိ၏။ မျက်စိစိတ်ပျံ့၊ မကြိုးဝံ့တည့်၊ နှုးညံ့သာချို၊ ဆိုသည်ပီပီ၊ နှင့်မညီသော်၊ ကုံးသီမြဝတ်၊ လွတ်မလွတ်ကို၊ ချစ်ထွတ်တင်ထား၊ သနားပါအောင်၊ လက်ဆောင်အသက်၊ နှင်းဆက်ပါချင်၊ ဝါးလုံးစင်သည်၊ လွမ်းအင်ကြီးပြန်ခဲ့တကား ..."**

နတ်ရှင်နောင်၏ ထာဝရလုပသော ကဗျာတို့အနက် ကျွန်တော့်အသည်းအစွဲဆုံးကား သမုဒ်ဇရာ ချီသည့် မြသိတင် ဘုရားတိုင်ရတုဖြစ်ပါသည်။ သမုဒ်ဇရာ၊ ကမုဒ်ရွှေကြာ၊ တမုတ်ပြေဝါ ... စသော သုံးပိုဒ် အနက် အထက်၌ ဖော်ပြခဲ့သော တမုတ်ပြေဝါချီ တတိယ နောက်ဆုံးပိုဒ်ကို သဘာဝအလှနှင့် နှလုံးသား ဟဒယ၏ တမ်းတမှုကို အညမညဖြစ်အောင် အဖော်ပြနိုင်ဆုံး ဖြစ်ရကား နှုတ်ဖျား၌ အမှတ်ထင်ထင် အစဉ် သီးတင်နေမိရိုးရှိသည်။

တော်လှန်ရေးကာလအတွင်း ကျွန်တော်သည် တောင်ငူနယ်၌ တာဝန်ကျသည်။ တောင်ငူမြို့ မြောက်ဘက် ရစ်မိုင်အကွာတွင်ရှိသော ကမ်းနီမြစ်ကမ်းပါးတွင် တပ်စခန်းချခဲ့ဖူးသည်။ ကျွန်တော်တို့ စခန်းကား ကမ်းနီဘုရားသာ ဖြစ်သည်။ ကမ်းနီဘုရားဟူသည်လည်း ကာလရွှေ့လျော၍ အခေါ်သညာ မှားခဲ့ပြီ ဖြစ်သော မြသိတင်ဘုရားပင် ဖြစ်ပါလေ၏။

နတ်ရှင်နောင် ကျေးဇူးကြောင့် ကမ်းနီချောင်းသည်လည်းကောင်း၊ ခပေါင်းချောင်းသည်လည်းကောင်း၊ ပေါင်းလောင်းမြစ်သည်လည်းကောင်း ကျွန်တော့်အတွက် မမြင်ဖူးခင်ကပင် စိတ်ကူးနှင့်မှန်းကာ ကြည်နူး၍ လွမ်းခဲ့ရသော ရေပန်းမြစ်ဆိပ်တို့ ဖြစ်နေခဲ့ပါ၏။

ကမ်းနီ၊ ခပေါင်း၊ ပေါင်းလောင်းတို့ကို ကိုယ်တွေ့သိကျွမ်းရချိန်တွင်သာ ချစ်စွာသော ကမ်းနီချောင်း၊ ခပေါင်း၊ ပေါင်းလောင်းရေယဉ်တို့တွင် မျောနေလေမည်မှာ ခတ္တာနှင့် ယင်းမာ ပွင့်ကြွေလွှာတို့ချည်း မဟုတ်။

ဇရာဝတီ၌ သီကာပတ်ကုံး၊ ပုံပမာ ပြောမဆုံးဖွယ် ဇာတ်လမ်းအသွယ်သွယ်တို့ ရှိပေလိမ့်မည်။ မြစ်မင်း သံလွင်၌လည်း ကိုယ်ပိုင်ပုံပြင် စီကာစဉ်ကာ ရှိနေပါလိမ့်မည်။ သို့ရာတွင် ကမ်းနီ၊ ခပေါင်းနှင့် ပေါင်းလောင်း တို့က မဟောင်းသေးသည့် တော်လှန်ရေး သွေးရာဇဝင်ကို မျက်မြင်သက်သေ အဖြစ်သနစ်စုံအောင် အပြော နိုင်ဆုံး ရှိပေမည်။ အကြောင်းမှာ ခတ္တာ၊ ယင်းမာတို့နှင့်အတူ ကျွန်တော်တို့ တော်လှန်ရေး တပ်မတော်သား တို့၏ အသက်ခန္ဓာများသည် ခပေါင်းရေ စန်းငွေဥသည့် ဤနန်းကေတုမတီမြေမှ ကမ်းနီ၊ ပေါင်းလောင်းမြစ်တို့ တစ်ကြော မရေတွက်နိုင်အောင် ဆုံးပါးမျောလွင့်ခဲ့ရသောကြောင့် ဖြစ်ပါ၏။

မြန်မာပြည်အရပ်ရပ်ကို ဗြိတိသျှတပ်များဝင်ပြီး၍ မြို့ပြအုပ်ချုပ်ရေး စနေချိန်အထိ စစ်တောင်းမြစ် တစ်ဝန်းတွင် ဖက်ဆစ်ဂျပန်တို့ တိုက်ပွဲများကား မဆုံးသေး။

ကျွန်တော်သည် တောင်ငူမှသည် မော်ချီးအထိ တာဝန်ကျသည်။

၁၉၄၅–ခုနှစ်၊ ဩဂုတ်လ ၆–ရက်နေ့၊ ဂျပန်ပြည် ဟီရိုရှီးမားမြို့ပေါ် အဏုမြူဗုံးကျခြင်းသည် လည်းကောင်း၊ ဩဂုတ်လ ၁၅–ရက်နေ့တွင် နေမျိုးနွယ် နိပွန်တို့ လုံးဝအရှုံးပေး လက်နက်ချခြင်းသည် လည်းကောင်း ကျွန်တော်တို့၏ မော်ချီးစစ်မျက်နှာကို မည်သို့မျှ မပြောင်းလဲစေပါ။ မာလာယု၏ ကျားကြီးဟု ကျော်သော ဂျပန်ဗိုလ်ချုပ် ယာမာရှိတားက ဂျပန်ပြည်မ လက်နက်ချသည့်တိုင်အောင် သူမချဟု ဝင့်တုန်း ဟောက်တုန်းဖြစ်သည်။ ကျွန်တော်တို့ တပ်မတော်သားများ၏ လက်ချက်ကြောင့် စစ်တောင်းမြစ်ဝှမ်း တောတောင်ကြားတွင် ကစဉ့်ကလျားနှင့် ဝါးအစည်းပြေလျက် အထက်နှင့် အဆက်ပြတ်နေသော ဂျပန် စစ်သားများကလည်း ကျားနာခဲသကဲ့သို့ မဲ၍ ရမ်းနေကြဆဲသာတည်း။

www.burmeseclassic.com



ရန်ကုန်မြို့တော်တွင် ကျွန်တော်တို့၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရာဇဝင်ပြောင်မြောက်သည့် နေသူရိန် ကွန်ဖရင့်ကြီးကို ဩဂုတ်လ ၁၉–ရက်နေ့၌ ကျင်းပနေချိန်အထိ စစ်တောင်းစစ်မျက်နှာ၊ တောင်ငူ၊ မော်ချီး၊ ပဲခူးနှင့် ဝေါမြို့နယ်တို့ဝယ် ကျွန်တော်တို့၏ တော်လှန်ရေးတပ်မတော်သားများနှင့် ဂျပန်တို့သည် သည်းသည်းမည်းမည်း တိုက်ခိုက်နေဆဲသာဖြစ်၏။

စက်တင်ဘာလအတွင်း၌ ကံကောင်းထောက်မ၍ မသေမပျောက်သော်လည်း ငှက်ဖျားဒဏ်ကြောင့် လူရုပ်မပီတော့သော ကျွန်တော်သည် တောင်ငူရှိ စစ်ဆေးရုံသို့ ရောက်လာခဲ့သည်။ ရက်ပေါင်းများစွာ လူမှန်းမသိရာမှ သတိပြန်ရသောအခါ ကျွန်တော့်ကုတင်ဘေးတွင် စတွေ့သူမှာ ကိုကိုသာတည်း။

ကိုကိုသည် ကန္ဒီစာချုပ်အပြီး တည်ရှိဆဲအခြေအနေအရပ်ရပ်ကို နယ်ရှိရဲဘော်တို့အား ရှင်းပြရန် ရောက်လာခြင်း ဖြစ်သည်။

ကျွန်တော် အတန်သက်သာလာသောအခါ ကျွန်တော်တို့ ညီအစ်ကိုသည် ပေါင်းလောင်းမြစ်ဆိပ်တွင် ရပ်လျက် ရှိကြသည်။

စစ်ကိုင်း ဇရာဝတီကမ်းနဖူးတွင် ဤသို့ ကျွန်တော်တို့ ညီအစ်ကို စကားပြောခဲ့ကြဖူးသည်။ ထို့နောက် ကျွန်တော် ဗမာ့တပ်မတော်တွင်းသို့ ရောက်လာခဲ့သည်။

ယခု ပေါင်းလောင်းမြစ်ဆိပ်တွင် စကားပြောကြရပြန်သည်။ ဤအကြိမ်တွင်မူ ...

" ကန္ဒီစာချုပ်ရဲ့ ရည်ရွယ်ချက်ကတော့ ဒါပဲလေ။ ဒီတော့ မောင်ဘယ်လို သဘောရသလဲ "

ကျွန်တော် ရုတ်တရက် မဖြေနိုင်။ ပွင့်လွှာတစ်ချပ်တစ်လေနှင့် ရွက်ညိုတစ်စုနှစ်စုတို့ မျောနေသော မြစ်ပြင်ကို ငေးကြည့်နေမိသည်။ ကျွန်တော်၏ ခံစားမှုကို ရိပ်မိဟန်၊ ကိုကိုသည် ဆက်လက်ရှင်းပြသည်။

" တော်လှန်ရေးဆိုတာ တစ်လမ်းတည်း တစ်ကြောင်းတည်း မသွားရဘူး မောင် ...။ ရည်ရွယ်ချက်ကို ရောက်ဖို့သာ အရေးကြီးတယ်။ အဲဒီမြော်မြင်မှုနဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျန်တဲ့ တပ်မတော်ခေါင်းဆောင်တွေ ညှိနှိုင်းပြီး အကောင်းဆုံး လမ်းစဉ်ကို ချမှတ်ထားတာပဲဖြစ်တယ်။ ဒါကို မောင်တို့ နားလည်စေချင်တယ် ..."

ကျွန်တော်သည် သက်ပြင်းရှိုက်ပြီး ပြန်ဖြေသည်။

" မောင်တို့ ငယ်ပါသေးတယ်လေ။ လူကြီးတွေ ကောင်းလို့ စီမံတာကို ဝေဖန်နိုင်လောက်အောင် မောင့်မှာ အသိပညာ မရှိသေးဘူး။ ဒါပေမယ့် စိတ်တော့ ထိခိုက်မိတယ် ကိုကို "

" စိတ်ထိခိုက်စရာ မလိုပါဘူး မောင်၊ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တပ်က ထွက်ပြီး လွတ်လပ်ရေး တိုက်ပွဲကို နိုင်ငံရေးနည်းနဲ့ ဆင်မယ်။ တပ်မတော်မှာတော့ ဗိုလ်ချုပ်နေဝင်း ခေါင်းဆောင်ပြီး နေရစ်ခဲ့မယ်။ ကိုကိုလည်း တာဝန်ပေးချက်အရ တပ်မှာပဲ နေခဲ့ရမယ် "

" ဒါဖြင့် မောင့်ကိုရော ... ဘာတာဝန်ပေးမလဲ "

" တပ်မတော်မှာ ကျန်းမာရေးနဲ့ ပြည့်စုံတဲ့ တပ်သား ၅၂၀၀ နဲ့ အရန် ၃၀၀၀ ကို လက်ခံဖို့ သဘောတူညီထားတယ်။ တပ်မတော်ခေါင်းဆောင် ဂုဏ်အင်္ဂါနဲ့ ပြည့်စုံတဲ့ ဗိုလ် ၂၀၀ နဲ့ အရန် ၂၀၀ ကို လက်ခံဖို့လည်း သဘောတူထားတယ်။ မောင်တို့အနေနဲ့ တပ်မှာ ဆက်နေချင်တယ် ဆိုရင်တော့ နေနိုင်ခွင့် ရှိတယ်။ ဒါပေမယ့် ကိုကို တစ်ခုပြောချင်တယ် "

ကျွန်တော်က ငြိမ်နေသည်။ ကိုကိုက စကားမဆက်မှ ကျွန်တော်က ပြောရ၏။

" ပြောလေ ... ကိုကို "

" အင်းလေ ... ပြောပါမယ်။ ကိုကို့စကားကို သေသေချာချာ စဉ်းစားနားထောင်စေချင်တယ်။ တပ်မှူး တစ်ယောက် အနေနဲ့ရော အစ်ကိုတစ်ယောက်အနေနဲ့ရော ပြောပြမယ် "

" ကိုကို့အနေနဲ့ရော၊ ဗိုလ်ချုပ်အနေနဲ့ရော၊ စေတနာတစ်ရပ်ရှိတယ်။ တစ်နည်းအားဖြင့် ရည်ရွယ်ချက် ပေါ့လေ။ လွတ်လပ်ရေးကတော့ ရမှာပဲ၊ မရရင် ရအောင်လုပ်မှာဘဲ။ လွတ်လပ်ရေးဆိုတာက ခရီးဆုံး မဟုတ်ဘူး။ လွတ်လပ်ရေးရပြီးရင် ပိုမိုခက်တဲ့ ထူထောင်ရေးလုပ်ငန်းတွေဟာ မခန့်မှန်းနိုင်လောက်အောင်

www.burmeseclassic.com



ရပြီးရင် ပိုမိုခက်တဲ့ ထူထောင်လုပ်ငန်း တွေဟာ မခန့်မှန်းနိုင်လောက်အောင် ရှိလိမ့်မယ်။ ဒီတော့ တပ်တွင်းမှာ ရှိတဲ့ အခြေခံပညာရှိပြီး ဆက်လက်ပညာသင်ပြီး ဆက်လက်ပညာသင်ကြားနိုင်စွမ်းလည်း ရှိသေးတဲ့ လူငယ်တွေကို ပညာဆက်လက်သင်စေချင်သေးတယ် ”

“ လွတ်လပ်ရေးက မရလာတော့ကော ”

ကိုကို့မျက်နှာမှာ ရုတ်တရက် တည်သွား၍ အသံမှာလည်း မသိမသာ၏။

“ ဘာကြောင့် မရရမှာလဲ။ မရတော့ ဆက်တိုက်ဖို့က လွယ်တယ်။ ရပြီးမှ အဆင်သင့်မရှိရင် ပိုဆိုးမယ်။ ရပြီးသား လွတ်လပ်ရေးတောင် ပြန်ဆုံးဦးမယ်။ ဒီမယ် မောင် …”

ကိုကို့ သဏ္ဌာန်၌ ဒေါသရောင် လွှမ်းလာသည်။ မေးရိုးများ တင်းမာလာ၍ ရင်မှာ ကော့လာသည်။

“ ဒီစကားပြောတိုင်း ကိုကို စိတ်ဆိုးရတယ်။ ငါ … ဘယ်သူ့ကိုမှ နာမည်တပ် မပုတ်ခတ်ချင်ဘူး။ ဒါပေမယ့် စိန်နားကပ်ရောင်ကြောင့် ပါးပြောင်ပြီးမှ တလွဲဆံပင်ကောင်းချင်တဲ့ လူတွေရှိတယ်။ အင်္ဂလိပ်တွေ တက်လာတော့ ပါတီ ဆိုင်းဘုတ် အရင်တင်ပြီး မျက်နှာလို မျက်နှာရလုပ်တဲ့ နိုင်ငံရေးသဘောတရားကြီးတွေ ”

ကိုကိုက လက်သီးဆုပ်၍ ဒေါသတကြီးပြောသည်။ တောနက်တွင်းမှ ကံကောင်းထောက်မသဖြင့် ဂျပန့်လုံ့စွပ်နှင့် မသေ၊ အဖျားဒဏ်ကြောင့် နာလန်ထစ ကျွန်တော်က မြို့ပေါ်ရှိ နိုင်ငံရေးကို နားမလည်ရကား တအံ့တသြဖြစ်သည်။

ကိုကိုသာ ဆက်ပြောသည်။

“ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တို့တပ်မတော်က မတော်လှန်ခင် ဘယ်သူရဲကောင်းကြီးတွေက ဘာတွေ ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်ခဲ့ကြလို့လဲ …။ အခုမှ … အာကျယ်ကြတယ်။ ဒါပေမယ့် မောင် … ကိုကို တစ်ခုပဲပြောမယ်။ ကိုလှရွှေ (ကျောင်းသားခေါင်းဆောင် အာဏာရှင် ကိုလှရွှေ)နဲ့ ကိုကိုတို့လည်း ‘ လူမိုက် အလိုရှိသည် ’လို့ အော်တုန်းက အော်ခဲ့ကြတာပဲ …။ ဒါပေမယ့် … အခု … လူမိုက် အလိုမရှိဘူး၊ သုခမိန် အလိုရှိတယ်။ တိုင်းပြုပြည်ပြု သုခမိန် အလိုရှိတယ် …”

ကိုကိုက အော်နေသဖြင့် ကျွန်တော်က ဘာပြန်ပြောရမှန်း မသိ။ ကိုကိုကသာ သတိပြန်ဝင်ဟန်ဖြင့် လေသံကိုနှိမ့်၍ ဆက်ပြောသည်။

“ ပြီးတော့ ဖေဖေဆန္ဒကိုလည်း မောင်တို့ ပြန်ငဲ့ချိန် ရောက်ပြီထင်တယ်။ ဖေဖေက ကိုကိုဖြစ်ဖြစ်၊ မောင်ဖြစ်ဖြစ် တစ်ယောက်ယောက်ကို သူ့ခြေရာနင်းပြီး ဆရာဝန်ကြီးဖြစ်စေချင်တယ်။ ကိုကို့အတွက်တော့ မဖြစ်နိုင်တော့ဘူး …။ ဒီတော့ မောင် စဉ်းစားလေ …”

ကျွန်တော်တို့ ညီအစ်ကိုသည် ပေါင်းလောင်းမြစ်ရေကို ငေးစိုက်ကြည့်ရင်း တစ်ခါတုန်းကလိုပင် ငြိမ်နေကြသည်။ နောက်ဆုံးတွင် တစ်ခုတုန်းကလိုပင် ကိုကို့လက်ကို ဆွဲယမ်း၍ ကျွန်တော် နှုတ်ဆက်၏။

ရက်များမကြာမီ ကိုကိုနှင့် ကျွန်တော်သည် တောင်ငူ၌ ခွဲကြသည်။ ကိုကိုက စစ်သုံးဂျစ်ကား တစ်စီးဖြင့် ရန်ကုန် ပြန်မည်ဖြစ်၏။ ကျွန်တော်က ခရီးသည်တင် ဘတ်စ်ကားအဟောင်းကြီးဖြင့် မန္တလေးသို့ သွားမည်ဖြစ်သည်။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦးစလုံး သိက္ခာကြီး၍ အရှက်ကြီးသည်။ ကုန်လွန်ခဲ့သော ရက်များအတွင်း အသည်းနှလုံးနှင့်ဆိုင်သော စကားများကို မပြောခဲ့ကြ။

ကျွန်တော်၏ ကားကြီး ထွက်ခါနီးမှ ကိုကိုက တည်တည်ကြီးဖြင့် ဆို၏။

“ ဒါထက် … မောင်။ မြိုင်တို့တော့ ပွဲရုံလုပ်ငန်း ဆက်လုပ်တုန်းပဲ …။ ခိုင်တို့ကတော့ သန်လျင်မှာပဲ ရှိသေးတယ် ”

ကျွန်တော့်ထံမှ စကားအဖြေ မစောင့်ဘဲ ကိုကိုသည် သူ့ဂျစ်ကားဆီသို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွား၏။

www.burmeseclassic.com



ကျွန်တော်က တဂျိုင်းဂျိုင်း၊ တဂျုံးဂျုံးဖြင့် ရုန်းကန်ထွက်စပြုသော ဘတ်စ်ကားထိုင်ခုံ နောက်မှီလှဲကာ မျက်စိမှိတ်ရင်း နတ်ရှင်နောင်၏ စာကို စိတ်တွင်းမှ ရွတ်ဆိုမိသည်။

**“ ငှက်ကျေးနှုန်းပုံ၊ ပျော်ချင်တုံလည်း၊ ပေါင်းရုံမျှရက်၊ လင့်မည်ခက်ခဲ့၊ သည့်ထက်ကြာဘိ၊ မေ့ဖွယ်ရှိ၏ ”**

လင့်ခဲ့သောအချိန် ... ခြားခဲ့သောနှစ်၊ လ ... ခက်မာရလေပြီ ဖြစ်သော နှလုံးသားတို့ကြောင့် ဆယ်ကျော်နှစ်မှ ခံစားရမှုများသည် ဝေဝါးပျက်ပြယ် မေ့ဖွယ်ရှိခဲ့လေပြီတကား ...။

ဖေဖေသည် စစ်ကိုင်းဆေးရုံကြီး၌ ပြန်လည်အမှုထမ်းနေရသည်။ မေမေ့အတွက်လည်း စစ်ကာလ၏ သောက ဒုက္ခတို့ကို ဖြတ်ကျော်ခိုလှုံခဲ့ရာ ဖေယျာကမ်းခြေ ရေယဉ်ဝိုင်းသည် ဤစစ်ကိုင်းမြေကို နေသားကျရုံ အပြင် သံယောဇဉ်ကြီးနေပေပြီ။

တော်လှန်ရေးကြီးအတွင်း ကွဲကွာသွားကြသော မိဘနှင့် သားသမီးတိုင်း ပြန်လည်ဆုံတွေ့ကြရသည် မဟုတ်။ မသေမပျောက် ဖေဖေနှင့် မေမေ့ထံ ပြန်ရောက်ခဲ့သော ကျွန်တော်ပင်လျှင် ကျန်းမာရေးကောင်းစွာနှင့် မဟုတ်။ မည်သို့ ဖြစ်စေ ရင်သွေးတို့နှင့် သေကွဲကွဲကြရသည့် အခြားမိဘများနှင့်စာလျှင် ဖေဖေနှင့် မေမေမှာ ကံကောင်းလှသည်ဖြစ်၍ ဝမ်းသာ၍မဆုံးကြ။ စိတ်ထိခိုက်ဖွယ်ရှိသည်မှာ စစ်ကိုင်းချောင်သို့ ဦးဇင်း တစ်ယောက်မှု ပြန်မပေါ်လာတော့ခြင်းသာ ဖြစ်သည်။ ဘယ်ဆီရောက်နေမှန်း မည်သူမျှ မသိကြ။

ကျွန်တော်တို့သည် ကမ်းနားလမ်း အိမ်ကြီး၌ပင် ပြန်နေကြရသည်။

၁၉၄၅–ခု နောက်ပိုင်းတစ်ခုလုံး ကျွန်တော်သည် ဖေဖေ့ထံ ဆေးကုသခံ၍ အနားယူနေရသည်။ ကျွန်တော် ကောင်းစွာကျန်းမာလာသော နောက်တစ်နှစ်မှ စ၍ စာပြန်သင်သည်။ ကျောင်းတက်သည်မှု မဟုတ်။ ဖေဖေနှင့် မြို့တွင်း ဆရာမတစ်ဦးထံ အလွတ်ပညာသင်ခြင်းဖြစ်သည်။ ကျွန်တော် ရှစ်တန်းမအောင်ခင် ကလေးတွင် ခေတ်ပျက်သွားသည်ဖြစ်ရာ ယခုအခါတွင် အသက် ၁၉ နှစ်သို့ ရောက်နေပြီဖြစ်သောကြောင့် ဖြတ်လမ်းမှ ဆယ်တန်းပညာကို သင်ရသည်။

ထိုနှစ်အတွင်း ကိုကိုနှင့် မြိုင် လက်ထပ်ကြသည်။ သူတို့ လက်ထပ်ပြီးကြောင်းကို သူတို့ထံမှ စာရ၍သာ ကျွန်တော်တို့အိမ်သားများ သိကြရခြင်းဖြစ်သည်။ ကြီးကြီးကျယ်ကျယ် ဘာမျှမလုပ်။ ရုံး၌ လက်မှတ်ထိုးလိုက်ကြခြင်းသာ ဖြစ်သည်။

ခိုင့်ဆီမှလည်း စာတစ်စောင်ရသည်။

ခိုင့်လက်ရေးများမှာ ဝိုင်းစက်လှပ၍ ပုံနှိပ်စာလုံးကဲ့သို့ ပိရိသပ်ရပ်သည်။ စာလုံးပေါင်းမှန်ကန်၍ စကားလုံးနှင့် ရေးဟန်သားဟန် ပြေပြစ်သိမ်မွေ့သည်။

အစတွင် မြိုင်နှင့် ကိုကို လက်ထပ်ကြသည့်အကြောင်း၊ ပွဲရုံကို ပိတ်၍ ကြိုင်သည် တက္ကသိုလ်တွင် ကျူတာဆရာမ ဝင်လုပ်နေကြောင်း၊ တစ်အိမ်သားလုံး ရန်ကုန် ရွှေ့ခဲ့ကြ၍ ပုသိမ်လမ်း အိမ်ဟောင်းနေရာတွင် တစ်ထပ်တိုက်ကလေး ဆောက်၍နေကြကြောင်း၊ ပုသိမ်လမ်းရှိ အစိုးရ မူလတန်းလွန်ကျောင်းတွင် ရှစ်တန်း၌ တက်နေကြောင်း၊ ငြိမ်းမောင်ပါ မိမိတို့နှင့် လိုက်၍ တစ်ကျောင်းတည်း အတူတက်ကြောင်း ဟူသည့် ရေးထိုက်ရေးရာ အကြောင်းချက်များကို ရေးထားသည်။ နောက်ဆုံးစာပိုဒ်မှာ ငယ်စဉ်က အဖြစ်အပျက် ကလေးများကို ကိုးကား၍ ဖော်ပြထားသဖြင့် ခံစားမှုအပြည့်ရှိသည်။

www.burmeseclassic.com



" ဂျပန်ခေတ်တုန်းက မောင် ထည့်လိုက်တယ်ဆိုတဲ့ စာတွေ ခိုင် မရဘူး။ ကိုကိုပြောလို့ မောင် ကဗျာတွေ ဘာတွေ စပ်တပ်မှန်း သိရတာ။ ဘာတွေများ ရေးထားတယ်ဆိုတာ ခိုင် သိချင်လိုက်တာလေ …။

မိုလ်သင်တန်းဆင်းပြီးစ မောင် … ခိုင်တို့ဆီ လာဖို့ကြိုးစားတာ သိရတယ်။ ခိုင်တို့ဆီ မရောက်လာနိုင်ပေမယ့် လေကြောင်းရန်က မောင်လွတ်သွားတာကိုပဲ အသည်းတထိတ်ထိတ်နဲ့ စိုးရိမ်ရင်း ဝမ်းသာရသေးတယ်။ အဲဒီတုန်းကများ မတော်တဆ ထိခိုက်သွားလိုက်ရင် မိခိုင် နှောင့်သလိုပဲ ဖြစ်နေဦးမယ်။ တစ်ခါတုန်းက ခိုင့်ကြောင့် မောင် ရေနစ်မယ် ဖြစ်ခဲ့သေးတယ် မဟုတ်လား …။

ငယ်ကငယ်တုန်းက ခိုင်ဟာ အဓိပ္ပါယ်မရှိတာတွေ တော်တော်လုပ်ခဲ့တယ်နော်။ ဒါထက် မောင့်ကို ခိုင်ပေးခဲ့တဲ့ သစ်ရွက်ကလေးတွေ ရှိသေးသလား။ မရှိရင်လည်း ကိစ္စမဟုတ်ပါဘူးလေ။ ခိုင့်သစ်ရွက်တွေ မောင် ဘာလုပ်ရမှာလဲ …။

ခိုင်ကတော့ သစ်ရွက်ဝါဝါလေးတွေကို ချစ်တုန်းပဲ။ ရန်ကုန်က မကောင်းဘူး မောင် …။ မြို့ဆိုတော့ တောရဲ့ အလှတွေ ပီပီသသ မရှိဘူး …။ နွေရောက်တောင်မှ ပူအိုက်တာက လွဲပြီး မြူနဲ့ မင်းလွင် မထင်ချင်ဘူး။ ဉဩသံဆိုတာ ဝေးရောပဲ။ သစ်ရွက်ဝါ လိုက်ကောက်ဖို့က အမှိုက်တွေ ရောနေတဲ့ ကတ္တရာစေးလမ်း ပူပူပေါ်မှာ ဆိုတော့ စိတ်ဝင်စားစရာ မရှိလှပါဘူး …။

မောင် ဘယ်အတန်းတက်နေလဲ။ ကောလိပ်လာချင်တယ်ဆိုရင်တော့ မက်ထရစ်ကူလေးရှင်း ဖြေရမှာပဲ။ ရန်ကုန်မှာ မက်ထရစ်ခေတ် သိပ်ထနေတယ်။ ကျောင်းထွက်လက်မှတ်ရစာမေးပွဲကို သိပ်ဂရုမစိုက်ကြဘူး။ မောင်လိုချင်ရင် စာအုပ်တွေနဲ့ နုတ်(စ်)တွေ ခိုင်ရှာပို့လိုက်မယ် …။

**အစဉ်သတိရစွာဖြင့် …**
**မောင့် သူငယ်ချင်း မိခိုင်**

ခိုင့်စာသည် ကျွန်တော့်ရင်ကို ကြည်နူးလွမ်းဆွတ်နေသည်။ ခိုင့်စာတွင် ဖော်ပြမှ ခိုင်ပေးခဲ့သော သစ်ရွက်ဝါကလေးများကို သတိရမိသည်။ အမှန်ကို ဝန်ခံရလျှင် ဤသစ်ရွက်ဝါကလေးများကို အမှတ်မပြုမိသည်မှာ ကြာပြီ။

ကံအားလျော်စွာ မေမေသည် ကျွန်တော် တပ်မတော်သို့ ထွက်သွားစဉ်က ကျွန်တော်ပစ္စည်းမှန်သမျှကို သိမ်းထားသည်။ ခိုင်ပေးသော တမာရွက်ကလေးများကို ယွန်းသေတ္တာတစ်ခုတွင်း၌ ရှိသေးကြောင်း ရှာတွေ့သည်။ ဖယောင်းတိုက်ထား၍ တစ်ကြောင်း၊ မေမေက လေလုံသော သေတ္တာတွင်း၌ ပရုတ်မှုန့်ဖြူးကာ ဂရုတစိုက် သိမ်းထား၍တစ်ကြောင်း၊ သစ်ရွက်ဝါကလေးများမှာ ပုံမပျက်၊ ပန်းမပျက် ရှိနေရှာသေးသည်။

ထိုညက ခိုင့်ဆီသို့ စာရှည်ရှည်တစ်စောင်ရေးသည်။ စာနှင့်အတူ ကျွန်တော်တို့ခြံတွင်းရှိ စွယ်တော်ပင်မှ အရွက်တစ်ရွက်ကို ခူးထည့်ပေးလိုက်သည်။ နွေမဟုတ်သဖြင့် ရွက်ဝါတော့ ရှာမရပါ။

ခိုင်မှတစ်ဆင့် ငြိမ်းမောင်ဆီသို့လည်း စာတစ်စောင် ပါးလိုက်သေးသည်။

ကျွန်တော်သည် မည်စည်ပင်ရိပ်၌ ထိုင်ကာ မြစ်ပြင်ကို ငေးလာတတ်၍ ပီယာနိုဖြင့် ယမုန်နာ ပတ်ပျိုးကို ညဥ့်နက်သည်အထိ ပြန်တီးလေ့ရှိကြောင်းကို အမှန်ဝန်ခံရပါမည်။

ခိုင့်ဆီမှ စာများ မှန်မှန်လာသည်။ ကျွန်တော်ကလည်း စာမှန်မှန်ပြန်သည်။ ခိုင့်ကျေးဇူးကြောင့် မက်ထရစ်ကူလေးရှင်း စာမေးပွဲအတွက် လိုအပ်သော စာအုပ်စာတမ်းများနှင့် နုတ်စ်များပါ ကျွန်တော် ရရှိသည်။

www.burmeseclassic.com



ငြိမ်းမောင်ထံမှလည်း စာတစ်စောင်ရသည်။ သို့ရာတွင် သူ့စာ၌ ပဟေဠိသဘောတို့ ပါလာ၏။ ဥပမာ ...

" ပျောက်သူသော ရှာရင်တွေ့၊ သေသောသူ ကြာရင်မေ့တဲ့၊ ငါကတော့ မမေ့ပါဘူးကွာ ...။ ဒါပေမယ့် ... မင်းစာရတော့ တမလွန် ဟိုဘက်ကနေ တစ္ဆေ လှမ်းခြောက်သလားလို့ ထင်မိတယ်။ ဒါပေမယ့် သိပ်မလန့်ပါဘူး သူငယ်ချင်း။ ငါက အမြဲ တစ္ဆေခြောက်ခံနေရသူကိုး။ ငါကတော့ ဘယ်သူ့ကိုမှ ပြန်ခြောက်ခွင့် မရခဲ့ဘူး။ အကြောင်းက ဘဝကို ခင်မင်လွန်းတဲ့ ငါဟာ တစ္ဆေဖြစ်ဖို့ သေမှ မသေသေးဘဲ ဟာကိုး ..."

ဤကဲ့သို့ စာပိုဒ်မျိုး ...။ တစ်ဖန် ...

" ငါလည်း မက်ထရစ်ဖြေဖို့ ကြိုးစားနေတယ်။ မင်းအောင်ရင်တော့ တို့အတူ ပြန်လည်ဆုံတွေ့ ကြသေးတာပေါ့။ ပျော်ရွှင်ဖွယ်ကောင်းသော အတိတ်ကာလဟာ မရှိခဲ့ဘူးဆိုရင် ...။ ပြီးတော့ ပစ္စုပ္ပန်ဆိုတာဟာလည်း အတိတ်ကာလကို သစ္စာမဖောက်ခဲ့ဘူးဆိုရင်တော့ ပြန်လည်တွေ့ဆုံခြင်းဟာ ပျော်ရွှင်စရာလို့ ဆိုစမှတ်ပြုကြတယ်။ ဒီလိုပဲ ဖြစ်လာချင်ပါတယ် သူငယ်ချင်း ...။ ဒါကတော့ ငါ့ဆုတောင်းလေ ..."

ဤကဲ့သို့ ဆုတောင်းညည်းသံ ...။

ငြိမ်းမောင် ဘာဆိုလိုသည်ကို ကျွန်တော် သဘောမပေါက်၊ သူ့စာကိုဖတ်ပြီး ရယ်ရမလို၊ ငိုရမလိုတော့ ဖြစ်မိသည်။ သဘောမပေါက်သဖြင့် သူ့ထံစာရေးလျှင် ပဟေဠိကို အဖြေတောင်းမိသည်။ အဖြေအစား ခက်ဆစ်အမေးလွှာသဖွယ် စာများ ထပ်လာသည်။ ကြာသော် ငြိမ်းမောင်၏ စာများကို ကျွန်တော် အလေးအနက် မပြုတော့ ...။ စစ်ပြီးခေတ်၏ ဖောင်းပွသော စာပေနယ်ပယ်မှ ပြောပြလိုချက်ထက် ဝေါဟာရအသစ်အဆန်း နောက်မြီးကို ခိုလိုက်နေသော စာရေးဆရာအမည်ခံ ဝါကျ ခေတ်ပျက်သူငွေးတို့အား အတုယူ လက်တည့်စမ်း ရေးနေသည်ဟုသာ မှတ်ယူမိသည်။

ကျွန်တော်ကမူ စာကိုသာ ဆက်လက်ကြိုးစားသည်။ ပေါင်းလောင်းမြစ်ဘေးမှ ကိုကို၏ စကားများကို သတိရတိုင်း၊ ခါးကိုင်း၍ ဆံဖြူနေသော ဖေဖေ့ကို မြင်တိုင်း ရည်ရွယ်ချက်သည် ခိုင်မာပြတ်သားလာ၍ စာကိုသာ အပြင်းအထန် ကြည့်မိသည်။ ရန်ကုန်မြေကိုလည်း စာမေးပွဲအောင်မှ ခြေချမည်ဟု သန္နိဋ္ဌာန် ချမိသည်။

စာမေးပွဲဖြေပြီး နွေ၌ စစ်ကိုင်းတွင်ပင် ဆက်နေသည်။ စာမေးပွဲအောင်မည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်သည်။ စာမေးပွဲ အောင်ပြီးလျှင် ဖေဖေ၊ မေမေတို့နှင့် တစ်ချီခွဲရလေဦးမည်။ ဖေဖေ၊ မေမေတို့ဘဝမှာ နှစ်ဦးတည်းသာရှိသော သားတို့နှင့် မကြာခဏ ခွဲခွာရသဖြင့် တတ်နိုင်သမျှ အတူနေမည်ဟု စိတ်ပိုင်းဖြတ်ခဲ့သည်။

ကျွန်တော် ယုံကြည်သည့်အတိုင်းပင် စာမေးပွဲအောင်ခဲ့သည်။ ဖေဖေက ဖေဖေ့မိတ်ဆွေ တက္ကသိုလ် မော်ကွန်းထိန်း အရာရှိထံမှတစ်ဆင့် ကျွန်တော့်အတွက် ကျောင်းဝင်ခွင့်နှင့် ကျောင်းဆောင်ဝင်ခွင့်ကို ကြိုတင် လျှောက်ထားသည်။ ကိစ္စအားလုံး ပြီးပြတ်သေချာမှ ကျွန်တော် ရန်ကုန်ဆင်းရသည်။

မန္တလေးဘူတာကြီးသို့ တစ်အိမ်သားလုံး လိုက်ပို့သည်။

လူအလစ်တွင် ဒေါ်စာဥကြီးက ကျွန်တော့်နား တိုးတိုးကပ်၍ မှာသည်။

" မောင် ... ရန်ကုန်ရောက်ရင် ခိုင်တို့ဆီ အရင်သွားနော် "

" အင်းပါ ... ဒေါ်လေးရ ..."

" အင်း ... ဒေါ်လေးလည်း အသိသားပဲ။ ခိုင့်ကို ပြောလိုက်၊ ဒေါ်လေးက အမြဲသတိရပါတယ်လို့ ... ဒါထက် မောင် ... ခု ခိုင်က အပျိုဖားဖားကြီးဖြစ်ပြီး သိပ်ချောနေမှာပဲ ...။ ဒေါ်လေး တစ်ခါက ပြောတာ မှတ်မိသေးလား။ ဟို ... ဘာတဲ့ "

" ခိုင်လုံးရယ် ... မွေး ... ဟုတ်လား ... ဒေါ်လေး "

www.burmeseclassic.com



" အံမယ်၊ ဟုတ်တယ်၊ မောင်က မမေ့သေးဘူး "

ဒေါ်လေးက လေဆက်ရှည်ချင်သည်။ သို့ရာတွင် ဖေဖေက အနီးသို့ ကပ်လာ၏။

ရထားမထွက်မီ ဖေဖေက လေးနက်စွာ မှာကြားသည်။

" သားတို့နဲ့ ခွဲခွာရတဲ့အခါတိုင်း ဖေဖေ စိတ်မချမ်းသာဘူး မဟုတ်တောင် ဝမ်းမသာခဲ့ဘူး၊ ဒီအကြိမ်တော့ ဝမ်းသာတယ် မောင် ..."

ဖေဖေ၏ မျက်နှာမှာ တည်ကြည်လျက် ရွှင်ပျတောက်လျှမ်းနေသည်။

" ဖေဖေ့သားတွေကို ဖေဖေ့အရိုက်အရာ ဆက်ခံဖို့ ဖေဖေ မျှော်မှန်းခဲ့တယ်။ မောင့်ကိုကိုကတော့ သူ့တိုင်းပြည်ကို ချစ်လို့ တစ်ပိုင်းတစ်စ ပညာပြတ်ခဲ့တယ်။ အေးလေ ... စကတည်းက ... ဆရာဝန်ဘက် မလိုက်ခဲ့ပါဘူး။ သားကိုတော့ ဖေဖေ အားကိုးတယ် ..."

မေမေက မျက်ရည်ဝဲ၍ ပြုံးကြည့်နေသည်။ မေမေသည် ဖေဖေ့စကားကို ပြုံး၍ ထောက်ခံမြဲဖြစ်သည်။

ဖေဖေ၏ နောက်ဆုံးစကားသည် ကျွန်တော့်နားမှ မထွက်။

" မောင်ကတော့ ဖေဖေ့ခြေရာကို နင်းတော့မယ်ဆိုလို့ ဖေဖေ သိပ်ဝမ်းသာတယ်။ တစ်ခုတော့ မှာမယ်၊ ကိုကို ကတော့ တိုင်းပြည်အရေးကြောင့်ဆို ... ဆင်ခြေပေးထားခဲ့တယ်။ မောင့်ဆီကတော့ ဘာဆင်ခြေမှ ဖေဖေ အလိုမရှိဘူး ...။ မောင် ဆရာဝန် ဖြစ်ရုံမကဘူး၊ အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ရပြီးမှ ဖေဖေ သေမယ် "

www.burmeseclassic.com



## ( ၂၀ ) တစ်နေ့တော့ မောင်ပြန်လာသည်

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် ပင်းယကျောင်းဆောင် အလယ်ထပ်၌ အခန်းရသည်။

အခန်းကို ပြင်ဆင်ပြီး ရေမိုးချိုး၊ အဝတ်အစားလဲသည်။ ကျောင်းဆောင်၌ ထမင်းမကျွေးသေး။ ညနေစောင်းလည်း ဖြစ်သဖြင့် ခိုင်တို့ရှိရာ ပုသိမ်လမ်းသို့ ထွက်လာခဲ့သည်။

မိုးဦးကျပြီးစ ဖြစ်သည်။ တိမ်တောက်သဖြင့် ညနေမှာ ရောင်ဝါထွန်းလျှံ၍ မြေသင်းနံ့များလည်း ပျံ့ပျံ့ပျူးနေသည်။

မိုးရေဆေးကြောထားသဖြင့် သစ်ပင်၊ သစ်ရွက်၊ အိမ်ခေါင်မိုးတို့မှာ သန့်စင်မြူကင်းနေ၏။

ငယ်စဉ်က ရှူရှိုက်ခဲ့ရသော အောက်မြန်မာပြည်၏ မိုးရနံ့တို့ ကျွန်တော့်နှာခေါင်းဝတွင် တိုးဝင်ကြိုင်သင်းနေသည်။

အဟောင်းတို့ အသစ်ဖြစ်လျက် ...၊ အသစ်ဟူသည်တိုင်းလည်း လန်းဆန်းဝင်းပနေသည်။

ကျွန်တော့်အတွက်လည်း ဘဝမှာ ပြန်လည်ဖွားမြောက်လာလေသည်ကဲ့သို့ အားပြည့်လတ်ဆတ်နေသည်။

ပုသိမ်လမ်းတွင်းသို့ ရောက်လာသောအခါ ကျွန်တော်က ခိုင်တို့အိမ်ကို လိုက်ရှာသည်။ ဂျပန်ခေတ်တုန်းက တစ်ခေါက်သာ ရောက်ဖူး၍ ယခုအခါ တိုက်အဖြစ် ပြင်ဆောက်ထားသည်ဆိုရာ မှတ်မိရန်က မလွယ်ပါ။ ပုသိမ်လမ်းတစ်ခုလုံး၌ စစ်ပြီးခေတ်တွင် အိမ်သစ်၊ အိမ်ကောင်းများလည်း အထူးတိုးနေသည်။

အိမ်နံပါတ်စဉ်ကို စစ်၍လျှောက်လာသော ကျွန်တော်သည် တစ်ထပ်တိုက်ကလေးတစ်လုံးရှေ့တွင် ရပ်လိုက်မိသည်။ တိုက်ကလေး၏ ရှေ့နှင့် ခေါင်းရင်းပိုင်းတွင် အတော်အသင့်ကျယ်ဝန်းသော ပန်းဥယျာဉ်မြေရှိသည်။

အိမ်ရှေ့ရှိ သရက်ပင်ပျိုတစ်ပင်ကို မှီရပ်၍ ဖြူဝင်းကြော့ရှင်းသော မိန်းကလေးတစ်ဦးသည် အဝေးသို့ ငေးကြည့်နေသည်။ မျက်နှာလေးမှာ ကျွန်တော်ရှိရာဘက်သို့ ဘေးတိုက်ပေးထားသဖြင့် သပ်ရပ်ထင်ပေါ်သော နှာတံ၊ ကော့ပျံသော မျက်တောင်ရှည်၊ နီထွေးသော နှုတ်ခမ်းကလေးများကို တင့်တယ်စွာ လှမ်းမြင်ရ၏။

ကျွန်တော်သည် ခြံဝင်းတွင်းသို့ ခြေလှမ်းကျဲများဖြင့် ဝင်လိုက်ရင်း ခေါ်မိသည်။

" ခိုင် ..."

သူကလေးကလည်း ရုတ်တရက် လှည့်ကြည့်သည်။ ပါးနှင့် နားသယ်ဝယ် မွေးညင်းရှိမ်းရှိမ်းဖြင့် စိမ်းစိုနုပျိုလှသော မျက်နှာကလေးပေတည်း။

ကျွန်တော် အံ့အားသင့်နေခိုက် သူကလေးကလည်း မျက်မှောင်လေးတွန့်ကာ ပြာရီဝင်းလဲ့သော မျက်လုံးကလေးများဖြင့် စူးစမ်းသယောင် ပြန်စိုက်ကြည့်နေ၏။ အတန်ကြာမှ တောက်ပကြည်ရွှင်သော အပြုံးကလေး ပေါ်လာပြီး ဖြေသည်။

" လူမှားနေတယ် ...။ ခိုင် မဟုတ်ပါဘူး။ လှိုင်ပါ "

ထိုအခါကျမှ ကျွန်တော်က အံ့သြမပြေ့တပြေနှင့် စကားပြန်ဆိုနိုင်သည်။

" အို ... ကြည့်စမ်း ...။ အစ်ကိုမောင့်ကို မှတ်မိလား "

လှိုင်သည် အပြုံးကလေး မပျက်သော်လည်း ပါးစပ်ကလေး မသိမသာဟကာ မယုံကြည်နိုင်ဟန် မျက်လုံးတလဲ့လဲ့ဖြင့် ကျွန်တော့်ကို စူစူလေး ကြည့်နေသည်။

လှိုင် ရပ်နေရာနှင့် အတော်လှမ်းလှမ်း ယုဇနပန်းရုံဘေး ကုလားထိုင်တစ်လုံးထက်တွင် လူတစ်ယောက်သည် ခေါင်းကို ငုံ့၍ စာဖတ်နေသည်။ ကျွန်တော်၏ နောက်ဆုံးစကားကို ကြားရသောအခါ သူသည် နေရာမှ ရုတ်ချည်းထလိုက်သည်။

သူ့ကိုတော့ ကျွန်တော် လူမမှားနိုင်ပါ။

www.burmeseclassic.com



မျက်ခုံးများမှာ နက်၍ထူကာ တစ်ခုနှင့် တစ်ခု ဆက်နေသည်။ သူ့မျက်ခုံးများကဲ့သို့ပင် သူ့ဆံပင်ဘိုကေသည် နက်၍ထူသည်။ မျက်နှာသွင်ပြင်မှာ သိမ်မွေ့ချောမောသော်လည်း အရပ်မှာ ငါးပေနှစ်လက်မခန့်သာရှိ၍ ရင်အုပ်ကျယ်၊ ခါးသေးလင့်ကစား ကြွားကြွားရွားရွား ခန့်ခန့်ညားညား မရှိလွန်းလှ။

" ငြိမ်းမောင် … မင်း ငြိမ်းမောင် မဟုတ်လား "

ငြိမ်းမောင် သူက ပြုံးသည်။ သူပြုံးပုံမှာ အံကြိတ်ရင်း သွားစေ့လျက် နှုတ်ခမ်းဖြင့်သာ ပြုံးသော အပြုံးဖြစ်သည်။

သူ့ထံ တိုးသွားသော ကျွန်တော့်ကို သူကလည်း သူ့နည်းနှင့်သူ ခန့်ညားစွာ ဆီးကြိုသည်။ သူ့လက်တစ်ဖက်က ကျွန်တော့်ခါးကို ဆီးဖက်သည်။ ကျန်လက်တစ်ဖက်က သူ့နားရွက်ကျော်သော ကျွန်တော့်ပုခုံးကို လှမ်း၍ ပုတ်ကာပုတ်ကာနှင့် အောင်မြင်သည့် အသံဝါဖြင့် ဆို၏။

" မောင် …။ ဟား … နည်းတဲ့ကောင်ကြီးလား … ဟင်း … အခုမှ တာဖ်အစစ်ဟေ့ …"

စကားအဆုံး၌ ငြိမ်းမောင်သည် ကျေနပ်စွာရယ်သည်။ များသောအားဖြင့် လူတို့ရယ်လျှင် လည်ချောင်းနှင့် ပါးစပ်မှ အသံထွက်သည်။ ငြိမ်းမောင် ရယ်သံမှာမူ လည်ချောင်းနှင့် ရင်တွင်းမှ လာသဖြင့် နင့်တင့်တင့် ပြတ်တောင်းတောင်းနိုင်၏။

သို့ရာတွင် ကျွန်တော့်အား ပွေ့ဖက်ထားသော သူ့လက်သည် သန်မာမြဲမြံ၍ ခင်မင်ရင်းနှီးမှုကို ပြည့်ဝစွာ ဖော်ပြနိုင်သည်။

" ငြိမ်းမောင် … သူငယ်ချင်း … ပြန်တွေ့ရတာ ဝမ်းသာလိုက်တာကွာ …"

" အေးကွာ … ငါလည်း သိပ်ဝမ်းသာတာပဲ။ အင်း … အင်း … အင်း … အင်း အင့် … အင့် …"

နောက်ဆုံးမှ ဂရု–လဟုသံများသည် ငြိမ်းမောင်ရယ်သံကို အနီးစပ်ဆုံး ဖော်ပြထားခြင်းဖြစ်၏။

" ဒါထက် ငြိမ်းမောင် … ခိုင်ရော …"

" ရှိပါတယ်ကွာ … တွေ့လိမ့်မှာပေါ့ အထဲမှာ …"

" ဒါဖြင့် လာကွာ … သွားကြရအောင် …"

" သွားပေါ့ကွာ … လှိုင် … မောင်လေ မမှတ်မိဘူးလား။ ခိုင့်ဆီ ခေါ်သွားလိုက်ပါ …"

" မင်းကော မလိုက်ဘူးလား ငြိမ်းမောင် …"

" မလိုပါဘူးကွာ … မင်းကို တစ်ယောက်တည်းမြင်ပြီး ခိုင် အံ့အားသင့်သွားစေချင်လို့ပါ။ ပြီးတော့ ငါ ဝင်လိုက်ခဲ့မယ် "

ငြိမ်းမောင်ပြောသည်မှာ ဆီလျော်သည်ထင်၏။

လှိုင်က သံမဏိခေါက်တံခါးတပ် အိမ်ဝမှနေ၍ ကျွန်တော့်ကို လှမ်းပြုံးကြိုနေသည်။ စကားဖြင့် မဆိုသော်လည်း ဖိတ်ခေါ်ပုံပင်ဖြစ်သည်။ ကျွန်တော်က လှိုင့်နောက် လိုက်ခဲ့သည်။ လှိုင်သည် အိမ်ခေါင်းရင်းဘက်ရှိ အခန်းတစ်ခုသို့ ကျွန်တော့်ကို ခေါ်သွား၏။ အခန်းဝရောက်သော် ခန်းဆီးကို ဖယ်ပေး၍ ကျွန်တော့်ကို အတွင်းသို့ဝင်ရန် အမူအယာပြသည်။ သူကမူ အပြင်တွင်သာ ပြုံးပြုံးလေး ရပ်နေ၏။

ကျွန်တော်က အခန်းတွင်းသို့ ဝင်လိုက်သည်။

အခန်းတွင်း၌ မမျှော်လင့်ဘဲ လူငယ်လေးဦးခန့်ကို တွေ့ရသည်။ သူတို့အားလုံးက ကျွန်တော့်ကို ဆတ်ကနဲ လှည့်ကြည့်ချိန်တွင် ကုလားထိုင်တစ်လုံး၏ ရုတ်တရက် ရွေ့မြည်သံ ကြားရသည်။

ပထမဆုံး သတိပြုမိသည်ကား အနက်ပွင့်ဖော် ရွှေဝါရင့်ရောင်ထဘီ …၊ သွယ်ပျောင်းသောခါးအထက်ရှိ ကြက်ဥနှစ်ရောင်ဖျော့ဖျော့ ပိုးအင်္ကျီ၊ ကြည်၍ သန့်၍ ရှင်း၍ သွယ်သော လည်တိုင်လေးကို လွန်သော် …။

" ခိုင် …"

ကျွန်တော့်အသံမှာ မကျယ်လွန်း။

www.burmeseclassic.com



မျက်လုံးများ၌ အလှယ်လှယ်သော ရောင်မျိုးတို့ ကွန့်ဝေထွေလေပြီးမှ ခိုင်က ထူးသည်။

" မောင် ..."

ခိုင့်အသံမှာလည်း လေသံမျှသာ ဖြစ်၏။

ခိုင်က မတုန်မလှုပ်ကလေး ရပ်နေရာသို့ ကျွန်တော်က ချဉ်းကပ်သွားပြီး မလှမ်းမကမ်းရှိနေသော ခိုင့်လက်ကလေးများကို စိတ်မှတ်မထင် လှမ်းဆုပ်ကိုင်မိသည်။

ခိုင့်မျက်နှာကလေးမှာ ပြုံးနေသည်။ နှုတ်ခမ်းကလေးများက တဆတ်ဆတ်တုန်နေ၏။ မျက်လုံးများက ရီရွှန်းလျက်နှင့် မျက်ရည်တို့ ဝိုင်းနေ၏။

" ခိုင် ... သိပ်အံ့သြသွားလား။ ထိုင်ဦးလေ ခိုင် ... ပြီးတော့ ခိုင့်မိတ်ဆွေတွေနဲ့ မောင့်ကို မိတ်ဖွဲ့ပေးဦး "

ဤသို့ ကျွန်တော်က ပြောမှ ခိုင်သည် တုန်တုန်ယင်ယင်ဖြင့် သူ့ကုလားထိုင်တွင် သူပြန်ထိုင်သည်။ ကျွန်တော်ကလည်း ခိုင့်အနီးကပ်လျက်ရှိသော ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

ကျွန်တော်က လူငယ်လေးဦးကို တစ်ဦးစီ ပြုံး၍လှမ်းကြည့်သည်။ အားလုံးမှာ အလွန်ဆုံး ဆယ့်ခုနစ်နှစ်မျှသာ ရှိမည်ထင်၏။ သူတို့အားလုံး၏ မျက်လုံးများသည် စောစောက ကျွန်တော့်ကို စူးစိုက်ကြည့်နေဟန်ရှိသည်။ ကျွန်တော်က သူတို့ကို လှမ်းကြည့်သောအခါ အားလုံး မျက်လုံးလွှဲထားကြ၏။

ခိုင်က သူတို့ကိုတစ်လှည့်၊ ကျွန်တော့်ကိုတစ်လှည့် ကြည့်သည်။ ခိုင့်အမူအယာသည် အနည်းငယ်ကျဉ်းကျဉ်းကျုံ့ကျုံ့နိုင်သည်ဟု ကျွန်တော့်စိတ်တွင် ထင်မိသည်။

ဆိုင်းတွတွလေး ရှိနေပြီးမှ ခိုင်သည် လေသံလျော့လျော့နှင့် ဆို၏။

" သူတို့ သုံးယောက်ကတော့ ခိုင်နဲ့ ဒီနှစ် ကိုးတန်းမှာ အတူတက်နေကြတဲ့ သူငယ်ချင်းတွေပဲ ...။ သူကတော့ ..."

ခိုင်သည် ခေတ္တဆိုင်းသွားသည်။ ခိုင့်အတန်းတူ သူငယ်ချင်းဆိုသူ သုံးယောက်မှာ အားလုံး အသားညို၍ ရုပ်ရည် အတန်ရင့်ကာ ဝတ်ပုံစားပုံ မသပ်ရပ်။ လူမှုလူရာ ချောင်ပုံ မပြသော်လည်း ညစ်ကျယ်မိုက်ကန်းဝံ့သော တောမကျ၊ မြို့မကျ ဟန်ပန်အမူအယာ ရှိသည်။ ခိုင် နောက်ဆုံးစကားမဆက်ဘဲ တစ်ပိုင်းတစ်စ ရည်ညွှန်းသူ သူငယ်မှာ အသက် ဆယ့်ခြောက်နှစ် မျှသာ ရှိဦးမည်။ အသားမှာ ဆွတ်ဆွတ်ဖြူ၍ ကိုယ်ဟန်နွဲ့နွဲ့နှောင်းနှောင်းရှိသည်။ မျက်ခုံးမှာ သေးမျှင်ပျံ့လွင့်၍ မျက်တောင်များ ကော့သည်။ မျက်လုံးကြည်၍ နှုတ်ခမ်းပါးသောကြောင့် တစ်မျက်နှာလုံး ခြုံကြည့်လျှင် မိန်းမချော ချောသည်ဟု ဆိုရမည်ထင်သည်။ ပေါ်ပလင် အကောင်းစား ရုပ်အင်္ကျီအဖြူ၊ ရွှေကြယ်သီး၊ အင်္ကျီအိတ်အပြင်မှာ မြားသဏ္ဌာန်ပြသော ပတ်ကားဖောင်တိန်ကလစ်၊ ဘန်ကောက်လုံချည် ဖက်ဖူးရောင်၊ ပေတင့်ရှူးအနက်နှင့် ဖြစ်သဖြင့် တောသူဌေးသားလော၊ မြို့အရာရှိ၏ အလိုလိုက်သော သားလော ...။ တစ်ဦးဦးဖြစ်ရမည်ဟု ခန့်မှန်းရ၏။

ခိုင်က ဆက်ပြောသည်။

" သူ ... သူကတော့ မောင်တင်မောင်ညွန့် ...။ ခိုင်တို့ကျောင်းမှာ ခုနစ်တန်း တက်နေတယ် ..."

တင်မောင်ညွန့်က ကျွန်တော့်ကို တစ်ချက်မော့ကြည့်သည်။ ပြုံးဖော်မှု မရ။

" ဒါကတော့ ... မောင်၊ မောင်ရယ် ... ခိုင်ရယ်၊ ငြိမ်းမောင်ရယ် ... ငယ်ငယ်ကတည်းက သန်လျင်မှာ အတူ ကျောင်းတက်နေကြတာ။ အခု မောင်က ကောလိပ်လာတက်တာ။ ဩော် ... မောင့်စာ ခိုင်ရတယ် မောင်။ ဒါထက် ငြိမ်းမောင်နဲ့ရော တွေ့ပြီးပြီလား ...။ သူလည်း မက်ထရစ်အောင်တယ် မောင် "

" မောင် ... သတင်းစာထဲမှာ ရီဆာ့(ထ်)အောက်တုန်းက တွေ့တယ် ခိုင်။ အခုလည်း အပြင်မှာ တွေ့ခဲ့သေးပဲ။ မောင်တစ်ယောက်တည်း ဝင်နှင့်ပါ ဆိုလို့ ..."

" ငြိမ်းမောင်က ငယ်ငယ်တုန်းကလိုပဲ၊ အေးအေးပဲ မောင်။ သူလာရင် ခြံထဲမှာပဲ စာဖတ်နေတာပဲ "

" ဒါထက် ဦးလေးနဲ့ ဒေါ်ဒေါ်ကော ခိုင် ..."

www.burmeseclassic.com



" မေမေနဲ့ မမကြိုင် ဖေဖေ့ကို ဆေးတိုက် လိုက်ပို့နေကြတယ်။ ဖေဖေ့ ကျန်းမာရေးက သိပ်မကောင်းဘူး မောင်ရဲ့ …"

ကျွန်တော်တို့နှစ်ဦးသာ စကားကောင်းနေသည်။ စိတ်မကောင်းဟန်ရှိသော အသားညိုညိုလူငယ်သုံးဦး အနက် မျက်လုံးမှေးမှေး၊ ဝက်ခြံထူထူနှင့် တစ်ယောက်က တင်မောင်ညွှန့်ကို မျက်စပစ်ပြသည်။ ထိုအခါ တင်မောင်ညွှန့်က နေရာမှ ထသည်။

" မမခိုင် … ကျွန်တော်တို့ ပြန်ဦးမယ် …။ ညနေကျမှ တစ်ခေါက် ကျွန်တော် လာခဲ့ဦးမယ် "

ခိုင်သည် ပါးစပ်အဟောင်းသားနှင့် သူတို့ကို ကြည့်သည်။ လူညိုသုံးဦးက ရှေ့ဆောင်ထွက်သည်။ တင်မောင်ညွှန့်က ခိုင့်ကို တစ်ချက်စိုက်ကြည့်နေပြီးမှ ချာကနဲ လှည့်ထွက်သွား၏။ ကျွန်တော့်ကိုမူ မည်သူကမျှ နှုတ်ဆက်မသွားကြ။ ကျွန်တော်သည် စိတ်တွင်း၌ မကျေမနပ်ဖြင့် သူတို့၏ ကျောများကို လှမ်းကြည့်မိသည်။

ခိုင်သည် သက်ပြင်းလေးရှိုက်ပြီး ပြုံး၍ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်က ခိုင့်ကို ဘာစကား ပြောရမှန်း မသိ။

" မောင် … သူတို့ကို မကျေနပ်ဘူးလား "

ကျွန်တော်က တဲ့တိုးပြန်မေး၏။

" မကျေနပ်စရာတော့ မရှိဘူး။ ဒါပေမယ့် ကြည့်မရဘူး "

ခိုင်သည် မျက်လွှာချ ငြိမ်နေသည်။ အတန်ကြာမှ ခပ်တိုးတိုးဆိုသည်။

" သူတို့က လူကောင်းလေးတွေပါ "

" ကောင်းလား၊ မကောင်းလားတော့ မောင် မသိဘူး၊ ဒါပေမယ့် သူတို့မှာ ယဉ်ကျေးမှုတော့ မရှိဘူး ထင်တယ် "

ခိုင်က ဖျတ်ကနဲ ကျွန်တော့်ကို မော့ကြည့်သည်။ ခဏချင်းပင် မျက်လွှာချ၍ ငိုင်ငိုင်လေး ဖြစ်နေ၏။ ကျွန်တော် ကလည်း ကျွန်တော့်အမှားကို သတိရမိ၏။

" ဆောရီး ခိုင် …။ မောင်က ခိုင့်သူငယ်ချင်းပဲ။ သူတို့ကလည်း ခိုင့်သူငယ်ချင်းတွေပေါ့။ မောင် မဝေဖန်ထိုက်ဘဲ စကားလွန်သွားတယ်။ ကဲ … လာ … ငြိမ်းမောင်ဆီ သွားရအောင် …"

ကျွန်တော်က နေရာမှ ထသဖြင့် ခိုင်က နောက်မှ လိုက်လာခဲ့သည်။

အပြင်၌ ငြိမ်းမောင် မရှိတော့။ သရက်ပင်ပျိုကို မှီရင်း အင်္ဂလိပ်တေးတစ်ပုဒ်အား ညည်းနေသော လှိုင့်ကို တွေ့ရသည်။

စောစောက လှိုင့်ကို တွေ့ရပုံမှာ တစ်မျိုးဖြစ်သည်။ ယခုမူ ဖားဖားဝေသော ဘော့ဟဲယားရှည်ရှည် လေးနှင့် ဖြစ်၏။

" ကြည့်စမ်း … လှိုင်၊ ဆံပင်ပုံ ပြောင်းသွားပြန်ပြီ "

လှိုင်သည် ကျွန်တော့်ဘက်ကို လှည့်၍ ပြုံးရုံပြုံးသည်။ ရက်စွဲ့ကြောက်လန့်သော အမူအရာ မပြ။

ခိုင်က ဝင်ရှင်းပြသည်။

" လှိုင်က ဆံပင်အရှည်လည်းထားချင်လုပြီ။ အမောက်လည်းလုပ်ချင်လုပြီ။ မမကြိုင်က မကြိုက်လို့၊ အခုန စောစောက လူကြီးတွေ လစ်တုံး သူလုပ်ချင်တာ လုပ်ထားတာ "

ခိုင်ပြောပြသည်ကို လှိုင်က ဘာမျှပြန်မဖြေ။ ပါးအို့လေးများ မသိမသာရဲရင်း ပြုံးနေ၏။ လှိုင့် အမူအယာသည် ကြည့်၍ စိုးရွံ့တွန့်ဆုတ်မှုမရှိ။

ခိုင်ကသာ ဆက်မေးသည်။

" ငြိမ်းမောင်ကော … လှိုင် "

www.burmeseclassic.com



လှိုင်သည် မဖြေသေးဘဲ လက်တစ်ဖက်ဖြင့် သရက်ပင်ပျိုကို အားယူဆွဲ၍ ကိုယ်တစ်ပတ်လှည့်လိုက်သည်။ ထို့နောက် ခိုင်နှင့် ကျွန်တော့်ကို မျက်တောင် ပုတ်ခတ်ပုတ်ခတ်ဖြင့် ခေတ္တစိုက်ကြည့်၏။ ဖြေသောအသံမှာ အသာအယာနှင့် အမှုမဲ့ အမှတ်မဲ့နိုင်သည်။

" အစ်ကိုငြိမ်းမောင်ရယ် … တင်မောင်ညွန့်တို့နဲ့ လိုက်သွားတယ် "

ခိုင်က ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။

" ဒါထက် မောင် … ထမင်းစားပြီးပြီလား "

" ဟောလ်မှာ ထမင်း မကျွေးသေးဘူး။ ခိုင်တို့နဲ့ စားမလို့ စိတ်ကူးထားတယ်။ မောင့်ကို ခိုင် ထမင်းကျွေးမလား "

ပထမဦးစွာအဖြစ် ခိုင်သည် ကျေနပ်ဝင်းပစွာ ပြုံးသည်။

" ကျွေးမှာပေါ့၊ ခိုင်လည်း မစားသေးဘူး။ ကျန်တဲ့လူတွေ စားပြီးပါပြီ။ ခိုင်သာ ဧည့်သည်တွေ ရောက်နေလို့ …။ မောင် နေဦးလေ၊ ခိုင် ထမင်းသွားခူးလိုက်ဦးမယ် "

" အို … မောင်စားဖို့ဟာ … မောင်ပါ ခိုင့်ကို လိုက်ကူမှာပေါ့ "

ကျွန်တော်နှင့် ခိုင်သည် အိမ်တွင်းမီးဖိုဆီသို့ ပြန်လာခဲ့ကြသည်။

အိမ်ဖော်မိန်းမကြီးက ဟင်းများ အဆင်သင့်နွှေးထားသဖြင့် အထူးမပြင်ဆင်ရ။

ခိုင်က ဟင်း၊ ထမင်းများ ခူးခပ်ပေးသည်။ ကျွန်တော်က ခိုင် ခူးခပ်ပေးသော ဟင်း၊ ထမင်းပန်းကန်များကို စားပွဲ၌ ချပေး၏။

မိုးဦးဖြစ်သဖြင့် ကျွန်တော် ကြိုက်သော ဝါးပိုးမျှစ်နှင့် ပုစွန်ကြော့ကြော်၊ ပဒတ်စာဟင်းခါး၊ ဝက်သားပဲငံပြာရည်ချက်နှင့် ငါးပိရေကျိုကို ကြက်သွန်ဖြူ၊ ပုဇွန်ခြောက်ထောင်းရောစပ်၍ သံပုရာရည် ညှစ်ထားသည်။

နှစ်သစ်သော ဟင်းစပ်တည့်သဖြင့် ကျွန်တော် ထမင်းစား၍ မြိန်လှသည်။ ခိုင်ကမူ ထမင်းစားနည်းသည်။ တစ်ချိန်လုံးတွင် သူ့ဘာသာသူ စားသည်ထက် ကျွန်တော့်ပန်းကန်တွင်းသို့ လိုအပ်ရာကို ဂရုတစိုက် ထည့်ပေးနေသည်က များသည်။

ဇွန်း၊ ပန်းကန်တို့ကို ခိုင် ကိုင်တွယ်ပုံမှာ အသံမကြားအောင် ညင်သာသိမ်မွေ့သည်။ ဝါဝင်းသော လက်ချောင်း၊ လက်ခုံတို့ထက် မွေးညှင်းများ လွှမ်း၍ အကြောစိမ်းကလေးများ ရေးရေးထင်နေပုံမှာ တင့်တယ်လှပသည်။

" မောင် ဝင်လာကာစက လှိုင့်ကို ခိုင်နဲ့ မှားသေးတယ် သိလား "

ခိုင်က အသာအယာပြုံး၏။

" ခိုင်က လှိုင်နဲ့ တူတယ် … တော်တော်ကြာ မောင့်ကို လှိုင်က စိတ်ဆိုးနေပါဦးမယ် "

ကျွန်တော်က ဘာမျှပြန်မပြောဘဲ ခိုင့်ကို လှမ်းစိုက်ကြည့်သဖြင့် ခိုင်က မျက်လွှာချထား၏။

ကျွန်တော့်မျက်စိတွင် လှိုင်သည် ခိုင်နှင့် အလွန်တူသည်။ ခြားနားသည် ဆိုစရာမှာ နှစ်ဦးလုံး၏ အသားသည် ဝင်းသော်လည်း လှိုင်က ဖြူစင်ခြင်းဘက်လှ၍ ခိုင်က ဝါရွှေခြင်းဆီယိမ်းသည်။ ခိုင့်မျက်နှာကျမှာ အနည်းငယ် ပိုသွယ်လျက် မေးရိုးလေးများ ပီပီသသ ထောင့်ထင်ပေါ်သည်။ လှိုင့်နှုတ်ခမ်းလေးများက ထူထူပြည့်ပြည့်လေးဖြစ်၍ ခိုင့်နှုတ်ခမ်းများက ပါးကာ အဖျားကော့ပျံ့သဖြင့် နဂိုနေပင် ပြုံးသကဲ့သို့ ထင်ရ၏။ အကွာခြားဆုံးကား မျက်လုံးများနှင့် ဟန်ပန်အမူအယာ ဖြစ်သည်။ လှိုင့်မျက်လုံးကလေးများသည် ပြာလဲ့လဲ့နှင့် ရွှန်းဝင့်ရဲရင့်သည်။ ခိုင့်မျက်လုံးများကား ပြာလဲ့သော်လည်း နူးညံ့ကာ ပျော့ပျောင်းလွန်းသည် ထင်ရ၏။ အမူအရာ၌ လှိုင်က လွတ်လပ်သွက်လက်၍ ခိုင်က သိပ်သည်းညင်သာသည်။

ခိုင်သည် ဟင်းခါးတစ်ဇွန်း ခပ်သောက်ရင်းမှ မျက်တောင်ရှည်တို့ကို ပင့်လျက် တစ်ချက်ကြည့်ရင်း မေးသည်။

" မောင် … ဘာငြိမ်နေတာလဲ …"

www.burmeseclassic.com



" ဩော် ... ခိုင့်ကို သဘောကျနေလို့ပါ ..."

" အို ... ခိုင့်ကို သဘောကျနေတယ် ..."

" ဟုတ်တယ် ... ငယ်ငယ်တုန်းက ခိုင်က သိပ်ဆော့၊ သိပ်ကဲ၊ သိပ်ဆိုးတာပဲ၊ အခုတော့ ခိုင်က သိပ်အေးငြိမ်းတာပဲ ..."

" ဒါကတော့ အသက်က စကားပြောလာတာကိုး မောင်ရဲ့ ... မောင့်ကိုယ်ရော မောင် သတိထားမိလား "

" ဟာ ... ဒါတော့ ဘယ်သိမလဲ "

ခိုင်သည် ကျေနပ်စွာ တစ်ချက်ပြုံးလိုက်ပြီး ဆိုသည်။

" မောင့်ကို ကိုကိုနဲ့ မမမြိုင်က လူမှားတယ်ဆို ..."

" ဟာ ... ဟုတ်တယ် ... ဒါထက် မောင်က ကိုကိုနဲ့ သိပ်တူလို့လား "

" ညီအစ်ကိုချင်းဆိုတော့ ဆင်သင့်သမျှ ဆင်တာပေါ့။ ထွားတာချင်းကလည်း ညီတော့ လူမှားမယ်ဆို မှားနိုင်တယ်လေ။ ဒါပေမယ့် ခိုင့်မျက်စိထဲတော့ မတူပါဘူး။ မောင် အသားပိုဖြူတယ် မဟုတ်လား။ ပြီးတော့ ကိုကို့ မျက်နှာကြီးက အမြဲတမ်း တည်တည်ကြီး။ မောင့်လို ပြုံးမနေတတ်ဘူး "

ကျွန်တော်က သဘောကျစွာ ရယ်မိသည်။

" ကိုကိုလည်း ပြုံးတဲ့အခါ ပြုံးပါတယ်။ မယုံရင် မမမြိုင်ကို မေးကြည့်ပါလား ..."

ခိုင်ကလည်း ကျွန်တော့်စကားမှာ ဘာအနက်ပေါက်သည် မသိ၊ ရှက်သွေး မသိမသာဖြန်းရင်း အသာအယာ ရယ်မောသည်။

" ဒါထက် ကိုကိုနဲ့ မမမြိုင် မင်္ဂလာဒုံမှာနော်။ ခိုင်တို့ဆီ မှန်မှန်လာရဲ့လား ..."

" လာပါတယ် မောင် ... ကိုကို အခု သိပ်ပိန်သွားတယ်။ အလုပ်ပင်ပန်းလို့နဲ့တူတယ် ..."

" အင်း ... ကိုကိုက အမြဲ အလုပ်ပင်ပန်းနေတဲ့ လူစားပဲ "

ထမင်းစားပြီးသောအခါ ကျွန်တော်က လက်ဆေးရေဇလုံ၌ လက်နှိုက်ဆေးသည်။ ဆပ်ပြာတိုက်ပြီးသောအခါ ခိုင်က ကျွန်တော့်လက်ပေါ် ရေအသစ် လောင်းချပေးသည်။ ကျွန်တော် လက်သုတ်နေစဉ် ခိုင်က သောက်ရေသွားခပ်သည်။ အပြာနုရောင် ရေဖန်ခွက်ပါးကို ပန်းကန်ပြားတစ်ချပ်ပေါ် တင်ယူလာ၍ ခိုင်က ပေးသည်ကို ကျွန်တော်က မသောက်သေးဘဲ ညည်းသယောင် နှစ်ခြိုက်စွာ ဆိုမိသည်။

" ဩော် ... ခိုင် ... ခိုင် ..."

ခိုင်သည် ထမင်းစားပွဲဘေး ခြေစုံမတ်ရပ်ကလေးရှိရာမှ မျက်လုံးလေးပြူး၍ ပြန်မေးသည်။

" မောင်က ဘာလို့ အဲဒီလို ညည်းရတာလဲ ..."

" ဩော် ... ခိုင်ရယ် ... မောင် ပြောပြီးပါရောလား။ ခိုင့်ကို သဘောကျလို့ပါ ဆိုနေမှ ..."

ခိုင်သည် ပါးလေးရဲလျက် မျက်လွှာချလျက် ခေါင်းငုံ့သွားသည်။ သို့ရာတွင် ခဏချင်းပင် ခိုင်၏ အမူအယာ တုန်လှုပ်သွား၍ ထမင်းစားခန်းဝကို လှမ်းကြည့်သည်။

ရေသောက်ရင်းမှ ကျွန်တော်က ခိုင်ကြည့်ရာဆီ လိုက်ကြည့်မိ၏။

အခန်းဝ၌ တင်မောင်ညွန့်သည် မတုန်မလှုပ် ရပ်နေသည်။ လူက မတုန်လှုပ်သော်လည်း သူ့မျက်လုံးများက အဓိပ္ပါယ်မျိုးစုံဖြင့် ခိုင်နှင့် ကျွန်တော့်အား လူလာကူးလာ ကြည့်နေသည်။

ခိုင့်ထံမှ အားလျော့ပျော့ညံ့သည့် ဖိတ်ခေါ်သံ ပေါ်လာ၏။

" လာလေ မောင်ညွန့် ... ဝင်ထိုင်ပါလား ..."

တင်မောင်ညွန့်က မချိပြုံးပြုံး၍ ပြတ်တောင်းစွာ ဆိုသည်။

" ကိစ္စမရှိပါဘူး ...။ ကျွန်တော် ခြံထဲမှာ စောင့်နေမယ် "

သူငယ်သည် ဤမျှသာဆို၍ ချာကနဲ လှည့်ထွက်သွား၏။

www.burmeseclassic.com



ခိုင်သည် ဣန္ဒြေပျက်လျက် ကျွန်တော့်အား ပင်ပန်းစွာ လှည့်ကြည့်သည်။ ကျွန်တော်ကလည်း ခိုင့်မျက်လုံးများကို စူးစမ်းကြည့်မိသည်။

ခိုင်က မျက်လွှာချ ခေါင်းငုံ့၍ စားပွဲကို သိမ်းဆည်းနေသည်။

ထိုစဉ် အိမ်ရှေ့၌ ကားတစ်စီးဆိုက်သံ ကြားရသည်။

" ဟော ... ဖေဖေတို့ ပြန်လာပြီ ထင်တယ် "

ခိုင်က ဆိုသဖြင့် ကျွန်တော်သည် အိမ်ရှေ့ ထွက်လာခဲ့၏။

အိမ်ရှေ့၌ ဆိုက်ထားသော ဂျစ်ကားပေါ်မှ အလွန်ဝသော လူကြီးတစ်ဦးကို ဒေါ်လှယဉ်က တွဲချနေသည်။ ဘယ်ချောင်က ပြန်ပေါ်လာသည် မသိသော ငြိမ်းမောင်က ဒေါ်လှယဉ်နေရာသို့ ဝင်ကူသည်။

ကျွန်တော်ကလည်း ပြေးဆင်းသွားပြီး " ဖယ် ... ဖယ် ... မကြိုင်၊ မောင် တွဲမယ် ..."ဟု ပြောပြောဆိုဆို အဘိုးကြီးကို ဝင်တွဲသည်။

" ဟဲ့ ... မောင် ... ဘယ်တုန်းက ရောက်နေလဲ ..."

" ကြည့်စမ်း ... ဟဲ့ ...၊ ဒါ မောင်လား ..."

မကြိုင်နှင့် ဒေါ်လှယဉ်တို့ နှုတ်မှ အာမေဍိတ်သံများ ဆင့်ကာပေါ်လာ၏။

ကျွန်တော်သည် ငြိမ်းမောင်နှင့်အတူ ဦးမြဘူးကို အိမ်တွင်းသို့ တွဲခေါ်လာသည်။ ဦးမြဘူးမှာ လူနှစ်ဖက်ခန့် ပြည့်ဝနေ၍ ခန္ဓာကိုယ်ကြီးမှာ လေးလံလှသည်။ ဂေါက်(တ်)ခေါ် အကြောအချဉ် အဆစ်အမြစ်ကို ကိုင်သော ဒူလာရောဂါ ရှိနေမှန်း သိသာသည်။

ဧည့်ခန်းဝ၌ ကြိမ်ပက်လက်ကုလားထိုင်ကြီး ရှိသည်။ ဦးမြဘူးကို ကျွန်တော်နှင့် ငြိမ်းမောင်က ထိုကုလားထိုင်ပေါ် နေရာချထားပေးရ၏။

ဦးမြဘူး၊ ဒေါ်လှယဉ်နှင့် ကြိုင်တို့က ဖေဖေ၊ မေမေတို့အကြောင်း၊ ကျွန်တော်တို့အကြောင်း ဆက်မေးနေသဖြင့် အတန်ကြာအောင် သူတို့နှင့်အတူ ကျွန်တော် စကားပြောနေရသေးသည်။ ခိုင်သည် ကျွန်တော်တို့နှင့်အတူ ခေတ္တဝင်ပြောနေပြီးနောက် ခြံတွင်းသို့ ဆင်းသွား၏။ ငြိမ်းမောင်က ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်သည်။

မှောင်စ မပျိုးတပျိုးတွင် နေရာမှ ကျွန်တော်ထသည်။ ကျောင်းဆောင်တွင် နေစဖြစ်သေး၍ တစ်ကြောင်း၊ ကျောင်းတက်အမီ ပြုပြင်စရာများ ရှိသေး၍တစ်ကြောင်း စောစော ပြန်ခြင်းဖြစ်သည်။

ကျွန်တော်နှင့် ငြိမ်းမောင်သည် ခြံတွင်းသို့ ဆင်းခဲ့သည်။ လိုင်၏ အရိပ်အယောင်ကို မမြင်။

ခြံတစ်ထောင့်တွင် တင်မောင်ညွှန့်သည် သစ်ကိုင်းတစ်ခက်ကို ချိုးလိမ်ရင်း ဘာကို မကျေမနပ်ပြောနေသည် မသိ။ ခိုင်ကမူ ငိုင်ငိုင်လေး ရပ်နေသည်။

ငြိမ်းမောင်က မလှမ်းမကမ်း၌ ရပ်နေရစ်၏။ ကျွန်တော်က ခိုင်တို့နား ကပ်သွား၍ နှုတ်ဆက်သည်။

" ကဲ ... ခိုင် ... မောင်ပြန်ဦးမယ် "

" အို ... ပြန်တော့မယ် ..."

" ဟုတ်တယ် ခိုင်။ ဟော(လ်)မှာ လုပ်စရာလေးတွေ ရှိသေးတယ်။ ကျောင်းမဖွင့်ခင် မောင်တစ်ခေါက် လာခဲ့ဦးမယ် ..."

ခိုင်သည် နှုတ်ဖြင့်မဖြေဘဲ ပြုံးရုံသာပြုံးသည်။ ခိုင့်အပြုံးမှာ အားနာသော အပြုံး၊ အားငယ်သောအပြုံး၊ ဝမ်းသာသော အပြုံး၊ ဝမ်းနည်းသော အပြုံး၊ အားလုံးရောနေသော အပြုံးသာတည်း။

ကျွန်တော်က တင်မောင်ညွှန့်ကိုလည်း နှုတ်ဆက်၏။

" မောင်တင်မောင်ညွှန့် ပြန်ဦးမယ်ကွယ် ...။ နောက်တွေ့ကြသေးတာပေါ့ "

ထုံးစံအတိုင်း သူက ပြန်မဖြေ။

ကျွန်တော်သည် လှည့်ထွက်ခဲ့၍ ငြိမ်းမောင်နှင့်အတူ ပြည်လမ်းကားဂိတ်သို့ လျှောက်လာကြသည်။

www.burmeseclassic.com



“ ဒါထက် မင်း ကောလိပ်မှာ ဘယ်အတွဲယူမလဲ ငြိမ်းမောင် ”

“ ပျူးဝါးဆိုင်းယင့်စ်ပဲ။ ငါ အင်ဂျင်နီယာရင်း သွားမလို့။ မင်းကော ဘိုင်အိုယူမယ် မဟုတ်လား ”

“ အေး ဟုတ်တယ်။ ငါတော့ ဆရာဝန်ပဲဖြစ်ချင်တယ် ...”

စကားဆက်ပြတ်သွားပြီး အတန်ဆက်လျှောက်လာကြရာမှ ငြိမ်းမောင်က မမျှော်လင့်သော မေးခွန်းကို မေးသည်။

“ မင်း ... ဟို ... တင်မောင်ညွန့်ဆိုတဲ့ ငတိလေးကို ဘယ်လိုထင်သလဲ ...”

“ ဘယ်လိုမှ မထင်ဘူး။ နည်းနည်းတော့ ကြည့်မရဘူး။ ဒါပါပဲ၊ ငါ စိတ်ဝင်စားတာက မင်းနဲ့ ခိုင်တို့ အိမ်သားတွေပဲ ...”

ငြိမ်းမောင်သည် လည်ချောင်းနှင့် ရင်ဘတ်ဖြင့် ရယ်ပြန်သည်။

“ အေးလေ ... ဒါပေမယ့် ဒီငတိလေးကို မင်း စိတ်ဝင်စားရမှာပေါ့ ...”

ကျွန်တော်သည် ငြိမ်းမောင်အား ဖျတ်ကနဲ ပြန်ကြည့်မိသည်။

“ ငါက ... သူ့ကို ဘာလို့ စိတ်ဝင်စားရမှာလဲ။ ငါ့မှာ စိတ်ဝင်စားစရာတွေ အများကြီးရှိတယ်။ ငါ စိတ်ဝင်စား တာမှ ငါက စိတ်ဝင်စားလို့ရတယ်။ မဆိုင်တာကို ငါ မတွေးတတ်ဘူး ငြိမ်းမောင် ”

“ အေးလေ ... မင်းကတော့ ဒီအတိုင်းချည်းပဲ၊ ငယ်ငယ်ကတည်းက မင်း စိတ်ဝင်စားချင်တာကို စိတ်ဝင်စားတယ်။ မင်းလုပ်ချင်တာကို မင်းလုပ်တယ်။ မင်းလုပ်ချင်တာကို လုပ်ရပြီး မင်းဖြစ်ချင်တာတွေ ကလည်း ဖြစ်ဖြစ်လာတာကိုး ...”

“ ငြိမ်းမောင်ရယ် ...။ ငါလုပ်ချင်တာတိုင်းကိုလည်း ငါမလုပ်နိုင်ခဲ့ပါဘူး။ ငါဖြစ်ချင်တာတိုင်း ဟာလည်း ဖြစ်မလာခဲ့ ပါဘူး။ တစ်ခုတော့ရှိတယ်၊ ဖြစ်ချင်တာ ဖြစ်မလာရင် ငါက စိတ်မပျက်တတ်ဘူး ...။ တစ်ခုမဖြစ်ရင် ဖြစ်တဲ့တစ်ခုကို ငါက ဆက်လက်လုပ်တတ်တယ် ”

ငြိမ်းမောင်သည် မျက်မှောင်ကြုတ်၍ ခေါင်းငုံ့ကာ မြေပြင်ကို စူးစူးစိုက်စိုက်ကြည့်၍ လျှောက်နေသည်။ အရပ်ပုသော်လည်း ပုခုံးကား၍ အောက်ပိုင်းသေးရကား သူ့ကိုယ်ဟန်မှာ မြေသို့ ဆွဲလု ဝင်နေဟန်ရှိ၏။ ခြေလှမ်းများမှာမူ ကျဲ၍ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း မဟာပထဝီမြေကြီးကို မကျေမနပ် အနိုင်ကျင့်လျှောက်နေဟန် ပေါ်သည်။

အတန်လျှောက်နေပြီးမှ ငြိမ်းမောင်က ရုတ်တရက် မေးပြန်သည်။

“ ကောင်းပြီလေ ... မင်းစိတ်ဝင်စားတဲ့သူအကြောင်းပဲ မေးပါမယ်။ ခိုင်ကို မင်း ဘယ့်နှယ် မြင်သလဲ ...”

“ ခိုင်ဟာ ချစ်စရာကောင်းခဲ့တယ်။ အခု ပိုချစ်စရာကောင်းလာတယ် ထင်တယ် ”

ဤအကြိမ်တွင်မူ ငြိမ်းမောင်က သဘောတူညီဟန် ခေါင်းညိတ်သည်။

“ ဟုတ်တယ် ... ခိုင်ဟာ ပိုချစ်စရာကောင်းလာတယ်။ ပိုချစ်စရာမကောင်းခဲ့ရင် အကောင်းသား။ အခု ပိုချစ်စရာကောင်းလာတော့ ပိုကြောက်စရာကောင်းလာတယ် ”

“ ခိုင်က ... ဘယ်လို ပိုကြောက်စရာကောင်းလာသလဲ ”

ငြိမ်းမောင် ခေတ္တတွေသွားသည်။ ကျွန်တော်ကသာ ထပ်တိုက်တွန်းသည်။

“ ပြောလေ ... ငြိမ်းမောင် ”

ငြိမ်းမောင်သည် သက်ပြင်းရှည်ကြီးချသည်။

“ ကြောက်စရာကောင်းတယ်ဆိုတာက ... ငါ့အတွက် ပြောတာပါ။ ငါကတော့ ခိုင့်ကို တစ်သက်လုံး ကြောက်ခဲ့ရတာ မဟုတ်လား။ မင်းကတော့ ရယ်မှာပေါ့လေ ”

ကျွန်တော်က မရယ် ...။ ငြိမ်းမောင်သာ သူ့ဘာသာသူ ရယ်နေ၏။

ကျွန်တော်သည် စိတ်မရှည်တော့ဘဲ ရပ်လိုက်ပြီး ငြိမ်းမောင်၏ ပုခုံးကို ဆွဲခါသည်။ ငြိမ်းမောင်သည် ထိတ်လန့် တကြား မျက်လုံးအပြူးသားနှင့် ကျွန်တော့်ကို ပြန်ကြည့်သည်။

ငြိမ်းမောင်၏ မျက်လုံးများကို မြင်သော် ကျွန်တော် စိတ်ဆိုးပြေသွားသည်။

" ငြိမ်းမောင် မင်းစာတွေ ငါဖတ်ရတယ်။ အားလုံးဟာ ပဟေဠိဆန်တော့ ငါဘာမှ နားမလည်ဘူး။ ဒီညနေလည်း မင်းကို ငါ နားမလည်ဘူး။ အခု ပြောနေတဲ့ စကားတွေလည်း ... ငါ နားမလည်ဘူး ... မင်း ဘာတွေပြောနေတာလဲ "

ငြိမ်းမောင်က ကျွန်တော့်ကို ပြန်အံ့သြနေသည်။ ပါးစပ်အဟောင်းသားနှင့် ကျွန်တော့်ကို ကြည့်နေပုံမှာ သူက ကျွန်တော့်ကို ပြန်သနားနေဟန်ပေါ်သည်။

ကျွန်တော်တို့သည် မဟာမြိုင်လမ်းထိပ်သို့ ရောက်ခဲ့ပြီဖြစ်သည်။ မြေနီကုန်းမှ အင်းစိန်ကားတစ်စီးက ကုန်းကိုတက်၍ လာနေသည်။

ငြိမ်းမောင်သည် အဘိဓမ္မာဟန်အပြည့်ဖြင့် ဆို၏။

" မင်း ... ငါ့ကို နားမလည်တာ မဆန်းဘူး။ ဘယ်သူမှ ငါ့ကို နားမလည်ဘူး။ အင်း ... အင်း ... အင့် ... အင့် ...။ တကယ်တော့လည်း ... ဘယ်သူ့ကိုမှ ဘယ်သူက နားမလည်နိုင်ပါဘူး။ ဒီအတွက် ဝမ်းနည်းစရာမရှိပါဘူး ... အင်း ... အင်း ... အင်း ... အင့် ... အင့် ..."

ကျွန်တော်က ငြိမ်းမောင်ကို ရယ်ချင်လာသည်။ သူ့၌ အလေးအနက် ပြောစရာရှိဟန်တူသည်။ သို့ရာတွင် သူလုပ်နေပုံကြောင့် သူ့လေးနက်မှုမှန်သမျှတို့ ပျောက်ကုန်သည်။

ကားလည်း ဆိုက်ခဲ့ပြီဖြစ်သဖြင့် ကျွန်တော်က ရယ်မောပြီး သူ့ပုခုံးကို ပုတ်၍ နှုတ်ဆက်ရ၏။

" အေး ... ဒါပေမယ့် မင်းကိုတော့ ငါနားလည်လာလိမ့်မယ် ထင်တယ် သူငယ်ချင်း။ နက်ဖြန် မင်း ကျောင်းကို လာဦးမလား "

" ငါ ... အက်(ဒ်)မစ်ရှင်း လာတင်မလို့ "

" ဒါဖြင့် ကျောင်းရုံးက ငါစောင့်နေတယ်။ ငါ့မှာ ပိုက်ဆံ တော်တော်များများ ပါလာတယ်။ နက်ဖြန် တို့နှစ်ယောက် ရုပ်ရှင်ကြည့်ပြီး မြို့ထဲ လျှောက်လည်ကြရအောင် "

ကျွန်တော်က ကားပေါ်တက်ခဲ့သည်။ ထွက်စ ကားပေါ်မှ လမ်းကြည့်လိုက်သောအခါ မဟာမြိုင်လမ်း အတိုင်း မြေပြင်ကို မကျေနပ်စွာ အနိုင်ကျင့်နင်းလျှောက် ပြန်သွားနေသော ငြိမ်းမောင်ကို တွေ့ရပါ၏။

www.burmeseclassic.com



## ( ၂၁ ) နစ်ရသူတစ်ဦး

လူ့ဘဝတွင် လူငယ်ဘဝသည် ပျော်ရွှင်ဖွယ်အကောင်းဆုံးဖြစ်သည်။ လူငယ်ဘဝတွင် ကျောင်းသားဘဝသည် ပျော်ဖွယ်အကောင်းဆုံးဖြစ်၏။ ကျောင်းသားဘဝတွင် တက္ကသိုလ်ကျောင်းသားဘဝကား ပျော်ဖွယ်အကောင်းဆုံးပေတည်း။

တက္ကသိုလ်ကျောင်းသားမျိုးစုံရှိသည်။ အချို့ကား ဆံပင်စုတ်ဖွား၊ မျက်မှန်ကိုင်းထူ တပ်လျက် စာအုပ်ထူကိုင်ကာ လူ့လောကကို မှုန်တေတေကြည့်၍ စိတ်တွင်း၌ အစဉ်သူပုန်ထနေသူများ ဖြစ်ကြ၏။ အချို့ကား စာအုပ်နှင့် မျက်နှာ တစ်ခဏပြတ်လျှင် လူ့ဘဝနှင့် အဆက်ပြတ်၍ ရည်မှန်းချက်အထွေထွေ ပျက်တော့မည်လော ထင်ကြသည့် စာဂျပိုး ဖိုးကုပ်ချောင်းများ ဖြစ်ကြသည်။ အချို့ကား ဟေးလားဝါးလားနှင့် တက္ကသိုလ်လာရသ်ကို ပျော်ပွဲစားထွက်သည့်အလား ထင်မှတ်မှားနေကြသည့် လူရွှင်၊ လူပွေ၊ လူနောက်၊ လူပေါ့များ ဖြစ်ကြသည်။ အချို့မှာ အဝတ်အစား မော်ကြွား၍ မင်းသားရုံးအောင် ဟန်ရေးလုပ်စွာ ပန်းမာလာများကြား ဝတ်ရည်စုပ်ရန် ပျံကာလွှားကြသည့် ပိတုန်းလိပ်ပြာများပမာ ကျောင်းသူတကာကို ရစ်ကာဝဲလျက် ဖြစ်လျှင်တွဲပြီး၊ လစ်လျှင်ဆွဲတတ်သည့် လူလည်၊ လူရဲ၊ လူကဲများ ဖြစ်ကြ၏။ ကဗျာနှင့် တစ်ဖုံ၊ ဂီတနှင့် တစ်မျိုး၊ မိုးရွာလျှင် ဆွေး၍၊ ဆောင်းတိုင်လျှင်လွမ်းကာ၊ နွေကျွမ်းက ငိုတတ်သော စိတ်ကူးယဉ် အနုပညာသမားများ၊ လူပျော့၊ လူနုံများလည်း ရှိသည်။ အားကစားရုံတွင် အလေးများ တဝုန်းဝုန်း မ,နိုင်သမျှ စာမေးပွဲ တဖုန်းဖုန်းကျသော၊ အားကစားကွင်းတွင် စံချိန် ကျိုးအောင် အမြင့်ခုန်နိုင်သော်လည်း နစ်စဉ် ဥပစာတန်းကို မလွတ်နိုင်သော၊ အင်းယားကန်ကို လက်ပစ်ကူးနိုင်သော်လည်း စာမေးပွဲပင်လယ်တွင် ဇနက္ကဇာတ်ခင်းနေရသော အားကစားသမားတို့လည်း ရှိသည်။

အများစုမှာမူ ကျောင်းမှန်မှန်တက်၊ စာကျက်ချိန်၌ ကျက်၍၊ ကစားချိန် ကစားကာ ပျော်စရာရှိလည်း ပျော်တတ်သော သူလိုငါလို ကျောင်းသားများ ဖြစ်ကြ၏။

ကျွန်တော်သည် သူလိုငါလို ကျောင်းသားတစ်ဦး ဖြစ်ပါ၏။ ဖြစ်အောင်လည်း ကြိုးစားနေသည်။

ဘိုင်အို ... ထိုင်ငိုဟု စာဆိုရှိသည့်အတိုင်း ကျွန်တော်တို့ ဘာသာတွဲမှာ ခက်ခဲလှသဖြင့် အတန်း မလွတ်ရဲ။ စာကျက် မပျက်ရဲ။ သို့ရာတွင် စာဂျပိုးသက်သက်ကြီး လုပ်နေသည် မဟုတ်။ တက္ကသိုလ် လေ့လော့အသင်းဝင်၍ လေ့လော့ကျင့်သည်။ အားကစားနည်းအစုံ ရှိသည့်အနက် လေ့လော့ရခြင်းမှာ ကိုယ်လက်အညောင်းအညာပြေရုံမက အချင်းချင်း စည်းလုံး ညီညွတ်ရခြင်း၊ စည်းကမ်းရှိသေရခြင်း၊ ခေါင်းဆောင်၏ အမိန့်ကို နာခံတတ်ခြင်းစသော ဘဝ၌ တန်ဖိုးကြီးသည့် လေ့ကျင့်ခန်းကိုပါ ရသောကြောင့် ကျွန်တော် အထူး နစ်သက်သည်။

အားကစားသာမက ... ကျွန်တော်သည် ကျွန်တော်တို့ ကျောင်းဆောင်ကို ကိုယ်စားပြုရသော စကားရည်လုပွဲတို့၌ ဝင်နွှဲသည်။ အဖော်ကောင်းလျှင် ပါမောက္ခအိမ်များနှင့် ဝင်ဒါမီယာရှိ အတွင်းဝန်အိမ်များတွင် ပီယာနို လိုက်တီးသည့် အခါ တီးသည်။

တစ်နည်းအားဖြင့် ပျော်ဖွယ်ကောင်းသော တက္ကသိုလ်ကျောင်းသားဘဝကို ကျွန်တော် အပြည့်အဝ ခံစားနေခြင်းသာ ဖြစ်ပါ၏။

ကျောင်းအား၍ အလုပ်မရှိလျှင် မင်္ဂလာဒုံရှိ ကိုကိုနှင့် မြိုင်တို့ထံ သွားလည်သည့်အခါ သွားသည်။ ခိုင်တို့ဆီ လည်သည့်အခါ လည်သည်။

ထိုစဉ် ကိုကိုသည် မေဂျာအဆင့်၌ရှိသည်။ ကမ္ဘာ့စံချိန်မီတပ်မတော်ကြီးကို ဖွဲ့စည်းတည်ထောင်စ ဖြစ်သဖြင့် အလုပ် ပင်ပန်းသည်။ သို့ရာတွင် ထာဝစဉ် ပြုံးပန်းဆင်၍ အိမ်မှုဝတ္တရားနှင့် လင်သားကို ပြုစုယုယရန် တာဝန်ကျေသော ချစ်ဇနီး မြိုင်ကြောင့် ပင်ပန်းမှုကို ပမာပြုနိုင်မည် မဟုတ်။

www.burmeseclassic.com



ကိုကို၌ စစ်ဂျစ်ကားအပြင် ကိုယ်ပိုင် အော်စတင်အမျိုးအစား ကားနက်ကလေးတစ်စီးရှိသည်။ တနင်္ဂနွေနေ့များတွင် ကားနက်ကလေးကို ယူ၍ ကျွန်တော်သည် ခိုင်တို့အိမ် သွားလေ့ရှိသည်။

ခိုင်၊ လှိုင်နှင့် တစ်ခါတရံ ကြိုင့်ကိုပါ ခေါ်၍ ရုပ်ရှင်ကြည့်သည့်အခါ ကြည့်သည်။ ကျွန်တော်တို့နှင့် ငြိမ်းမောင်သည် လိုက်သည့်အခါ လိုက်၍၊ မလိုက်သည့်အခါ မလိုက်။ မည်သို့ဖြစ်စေ ငြိမ်းမောင်သည် လှိုက်လှိုက်လှဲလှဲ မရွှင်လှသည်ကို ကျွန်တော် သတိပြုမိသည်။

ငြိမ်းမောင် ဖခင်၏ စီးပွားရေးလုပ်ငန်းမှာ မကောင်းလှ။ တက္ကသိုလ်သို့ ငြိမ်းမောင်သည် စည်းကမ်းကြီး၍ မျက်နှာထားတင်းသော အဒေါ်နှင့် ဦးလေးတို့အိမ်မှ တက်နေရသည်။

ငြိမ်းမောင်တို့အိမ်မှာ ကျွန်းတောလမ်းပေါ်၌ ရှိသည်။ ပိန္နဲနှင့် သရက်ပင်များအရိပ်ကြောင့် ကျွန်းအိမ်ကုပ်ကုပ်လေးသည် မှောင်မည်းမည်း ဆိတ်သုဉ်းသုဉ်းရှိ၏။ ငြိမ်းမောင်၏ ဦးလေးသည် စည်ပင်သာယာရေးရုံးမှ ရုံးအုပ်စာရေးကြီး ဖြစ်သည်။ ငြိမ်းမောင်၏ ပြောပြချက်အရ မြင်းပွဲမှန်မှန်သွား၍ အရက်မူးလာလျှင် အသားလွတ် ဆူပူကြိမ်းမောင်းတတ်သည့် ဆို၏။ ဦးလေးဆိုသော်လည်း ငြိမ်းမောင်နှင့် သွေးစပ်သည်မဟုတ်၊ အဒေါ့်ယောက်ျားသာဖြစ်သည်။ ငြိမ်းမောင်၏ အဒေါ်မှာ လင်ကြောက်ရသကဲ့သို့ သူ့ဘာသာသူလည်း မျက်နှာထားမှုန်တေကာ စေးနဲသမျှ ငြူစူနေတတ်သော မိန်းမကြီးဖြစ်သည်။

ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင် ...။ ဘဝစကတည်းမှ မလွတ်လပ် ... မပြည့်ဝခဲ့ရှာသော ငြိမ်းမောင် ... ငယ်စဉ်က အတော်ကြီးသည်အထိ သနပ်ခါးလိမ်း၍ ကျောင်းတက်ရသည့်တိုင်အောင် မိဘကို ကြောက်ရသော ငြိမ်းမောင် ...။ သူ့နာမည်မှာ ငြိမ်းမောင်ဖြစ်သော်လည်း .... သူ့ဘဝကား မငြိမ်းရှာလေ။ မငြိမ်းသော မောင် ဖြစ်ပါလေ၏။

ယခု ကောလိပ်ကျောင်းသားကြီးဖြစ်သည်အထိ ငြူစူသော အဒေါ်၊ မြင်းသမား ယစ်ထုပ်ကြီး ဦးလေးတို့ လက်အောက်တွင် ကုပ်ကုပ်ယို့ယို့ နေရရှာသည်။

သူ့အိမ် သွားလည်ရသည်မှာ စိတ်ကျဉ်းကျုတ်ဖွယ်ဖြစ်သည်။ စကားတိုးတိုး ပြောရ၏။ ရွှတ်နောက်ပြောင်စ၍ ဟေးလားဝါးလား ရယ်ခွင့်မရှိ။ ကျွန်တော်သည် ငြိမ်းမောင်တို့အိမ်သို့ တစ်ခေါက် လိုက်လည်ပြီးသည်မှစ၍ နောက်ထပ် ဘယ်သောအခါမျှ မသွားတော့ ...။

ငြိမ်းမောင်ကို တွေ့ချင်လျှင် ခိုင်တို့အိမ်သာ သွားရသည်။ ငြိမ်းမောင်သည်လည်း ခိုင်တို့အိမ်တွင် အားလပ်တိုင်း ရှိနေတတ်သည်။ လွတ်လပ်၊ သဘောကောင်းသော ခိုင်တို့အိမ်သည် ငြိမ်းမောင်အတွက် ကန္တာရအလယ်မှ အိုအေစစ်ကလေး ဖြစ်နေသည်လော မပြောတတ်။ သို့မဟုတ် ... အခြားအကြောင်း ရှိသည်လော မပြောတတ်။

ငြိမ်းမောင် မရွှင်မပျရှိခြင်းနှင့် ပဟေဠိဆန်သော စကားတို့ကို ပြောတတ်သည်မှာ ဤဖော်ပြခဲ့သော ဘဝပေး အကြောင်းတရားတို့ကြောင့်သာဖြစ်သည်ဟု ကျွန်တော် အမှုမဲ့၊ အမှတ်မဲ့ တွေးထင်မိသည်။

ခိုင်တို့အိမ်ကမူ လွတ်လပ်လွန်းအားကြီးသည်။ ဒေါ်လှယဉ်သည် ပင်ကိုအားဖြင့် သဘောကောင်း၍ အေးချမ်းသူ ဖြစ်သည်။ ဦးမြဘူးကား ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်၌ မလှုပ်နိုင်၊ မယှက်နိုင်သော လူမမာကြီးသာတည်း။ ကြိုင်ကလည်း စာအုပ်နှင့် ပုတီးကိုသာ အဖော်ပြုနေသော အပျိုမကြီးလှသေးလျက် လောကကို ခပ်ဖယ်ဖယ်နေသော တစ်ကိုယ်တည်းသမား ဖြစ်သည်။

ခိုင်တို့အိမ်၌ ယောက်ျားလေးများကို အစဉ်တွေ့ရတတ်သည်။ အပျိုချောတို့ရှိရာ လူပျို လာတတ်သည်မှာ မဆန်း။ သို့ရာတွင် ကျွန်တော့်စိတ်တွင်း၌ လူပျို လာလွန်းအားကြီးသည် ထင်မိ၏။ အားလုံးလိုလိုမှာလည်း ခိုင့်ဧည့်သည်တို့ ဖြစ်နေပြန်၏။ တစ်လ တစ်ခါ၊ နှစ်ခါ မြိုင်လာမှ တစ်အိမ်လုံး မီးသေ၍ ဧည့်သည်လည်း ရှင်းတတ်သည်။

ခိုင်တို့အိမ်၌ မှန်မှန်တွေ့နေရသော ယောက်ျားလေးနှစ်ဦးမှာ ငြိမ်းမောင်နှင့် တင်မောင်ညွန့်ဖြစ်သည်။

www.burmeseclassic.com



ငြိမ်းမောင်သည် ခြံတွင်းသစ်ပင်အောက်၌ ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေတတ်သော်လည်း တင်မောင်ညွန့်ကို ဧည့်ခန်းတွင် ခိုင်နှင့် အစဉ် ပူးပူးကပ်ကပ် စကားပြောနေလေ့ရှိသည်ကို တွေ့ရသည်။

အစသော် ... တင်မောင်ညွန့်ကို ကျွန်တော် လေးလေးနက်နက် မတွက်မိ။ ဤအရွယ် ဤအသက် မျိုးသည် ကိုယ့်ထက်ကြီးသော မိန်းမပျိုများကို ကြိုက်တတ်သည်။

တင်မောင်ညွန့်သည် ခိုင့်ကို ကြိုက်နေသည်မှာ သေချာသည်။ လူငယ်တစ်ယောက်အနေဖြင့် မိန်းမတစ်ဦးကို ကြိုက်ခွင့်ရှိသည်။ ကြိုက်သောမိန်းမသည် အပျိုဖြစ်လျှင် ပိုးပန်းနိုင်ခွင့်လည်း ရှိသေးသည်။ ဤအခွင့်အရေးတို့ကား ... သဘာဝက ပေးထားသော အခွင့်အရေးတို့ဖြစ်သည်။ နှလုံးသားကလည်း မည်သို့သောအခါမျှ လက်လွှတ်ဆုံးရှုံးခံမည် မဟုတ်သော အခွင့်အရေးတို့ပင်တည်း။ ခိုင်က ပြန်ကြိုက် နေသည်လော ... မကြိုက်လောဟုမူ ကျွန်တော် မသိ။ သိရန်လည်း မလိုဟု ထင်သည်။ သိရန်လိုသော စိတ္တဇ အခြေအနေ၌လည်း ကျွန်တော် မရှိသေး။

ဤလောက၌ မေမေကလွဲလျှင် သံယောဇဉ်အရှိဆုံး မိန်းမသားတစ်ဦးကို ပြပါဆိုလျှင် ရိုးသားစွာဖြင့် ခိုင့်ကိုသာ ကျွန်တော် ပြရပါမည်။ သို့ရာတွင် ကျွန်တော် သံယောဇဉ်၏ သဘာဝ၊ အတိမ်အနက်ကို ကျွန်တော် တစ်ကြိမ်မျှ မသုံးသပ် မလေ့လာဖူး။ သုံးသပ်လေ့လာရန်လည်း အချိန်မှာ စောလွန်းသေးသည် ထင်သည်။ ကျွန်တော့်တွင် ကျွန်တော့်ကျောင်းစာ၊ ကျွန်တော့်ဘဝ ရည်ရွယ်ချက်တို့ ရှိနေ၍ သံယောဇဉ်ရေးရာများသည် သေးဖွဲသယောင်ဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ၊ ခိုင်သည် ကျွန်တော့်သူငယ်ချင်းဖြစ်သည်။ ခိုင်၌ ပိုင်ဆိုင်သူ မရှိမချင်း သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို ကြေညာနိုင်သူ မရှိမချင်း၊ ခိုင်သည် ကျွန်တော့် မိခိုင်သာ ဖြစ်နေပါ၏။

ခိုင်ကို ကျွန်တော်က မိခိုင်အဖြစ်သာ မြင်သည်။ မိခိုင်အဖြစ်ထက် လွန်၍လည်း ဘာမျှမမြင်မိသေး ...။ အခြား ယောကျ်ားလေးများနှင့် တပူးတွဲတွဲနေရုံနှင့် ကျွန်တော်၏ သဘောပြောင်းရန် အကြောင်းတို့ မရှိ။ ခိုင်နှင့် တပူးတွဲတွဲနေသော ကျွန်တောက အခြားသူကျမှ ကန့်ကွက်ရလောက်အောင် ကျွန်တော် သဘောထား မသေးတတ်သေး။

ခိုင့်အပေါ် ကျွန်တော်က ဤသို့ သဘောထား၍ ဤသို့ မြင်သော်လည်း အခြားအမြင်ရှိသူတို့က အမျိုးမျိုး ပြောလာသည်။

ကျွန်တော်နှင့် အတန်းတူတူတက်၍ လက်တွေ့သိပ္ပံလေ့ကျင့်ခန်းအုပ်စု အတူကျသော ကိုမြင့်ဟန်ခေါ် ကျောင်းသားတစ်ဦး ရှိသည်။ ကိုမြင့်ဟန်သည် တည်ကြည်၍ စာတော်သဖြင့် ကျွန်တော်နှင့် သင်ခန်းစာကို ဆွေးနွေးဖော်ဆွေးနွေးဖက် ဖြစ်၏။ တစ်ခါတရံ ကျွန်တော့်အခန်း၌ လာအိပ်တတ်သူလည်း ဖြစ်သည်။ ကျွန်တော့်လိုပင် တပ်မတော် ဗိုလ်ဟောင်းတစ်ဦးလည်း ဖြစ်သည်။

တနင်္ဂနွေတစ်နေ့ ကျွန်တော်သည် ခိုင်၊ လှိုင်တို့နှင့်အတူ ပလေဒီယံရုံတွင် ရုပ်ရှင်သွားကြည့်သည်။ ကြိုင်နှင့် ငြိမ်းမောင် မပါကြ။ ရုပ်ရှင်အပြီး ရုံအောက်၌ ကိုမြင့်ဟန်နှင့် သွားတိုးသည်။

ကိုမြင့်ဟန်သည် ကျွန်တော့်ကို နှုတ်ဆက်ရာမှ ခိုင့်ကို မြင်သွားသည်။ ရုတ်တရက် အံ့ဩဟန်ပြပြီး ခိုင့်ကိုပါ နှုတ်ဆက်သည်။ ခိုင်က ပြန်နှုတ်ဆက်သော်လည်း အနည်းငယ် ချောက်ချောက်ချားချားနိုင်သည်။

ကားပေါ်အရောက်တွင် ကျွန်တော်က ခိုင့်ကို မေးသည်။

" ကိုမြင့်ဟန်နဲ့ ... ခိုင် သိလား "

ခိုင်သည် အတန် ဆုတ်ဆိုင်းဆိုင်းလေး ဖြစ်သွားပြီးနောက် မပွင့်တပွင့် ဖြေသည်။

" သိ ... ပါ ... တယ် "

လှိုင်က သွက်လက်စွာ ဝင်ဖြည့်စွက်သည်။

" သိတာပေါ့ ...။ လှိုင်တို့ကျောင်းမှာ ဥက္ကဋ္ဌလုပ်သွားတဲ့ လူကြီး။ အားကြီး ဘုကျတယ် ...။ ပြီးတော့ ..."

www.burmeseclassic.com



လှိုင် စကားမဆုံးရ ... ခိုင်က ဖြတ်မေးသည်။

" မောင်နဲ့ ကိုမြင့်ဟန် ခင်သလား "

" အားကြီး ခင်တယ် ခိုင် ...။ အခု အတန်းအတူတူ၊ ပြီးတော့ သူလည်း တပ်မတော်သားဟောင်း တစ်ဦးပဲ။ ဘာဖြစ်လို့လဲ "

ခိုင်က " ဘာမှ မဖြစ်ပါဘူး ..."ဟု ဆိုသော်လည်း လှိုင်က ကွန့်သည်။

" ဘာဖြစ်မလဲ ...။ မမခိုင်နဲ့ ဒီလူကြီးက တည့်မှ မတည့်ဘဲ ..."

ဘာကြောင့်မသိ။ ခိုင်သည် ဒေါသကလေး မထွက်စဖူးထွက်ကာ လှိုင့်ကို လှမ်းမာန်သည်။

" လှိုင် ဘာတွေလျှောက်ပြောနေတာလဲ ..."

ကျွန်တော်က ရယ်မောရ၏။

" ကိုမြင့်ဟန်က လူကောင်းပါ။ အဲ ... ထင်ရာစွတ်ပြီး တဇောက်ကန်းတော့ ပြောတတ်တယ် "

ခိုင်သည် ထိုညနေက တစ်လမ်းလုံး ငြိမ်လိုက်လာသည်။

နောက်တစ်နေ့ ရူပဗေဒအတန်းအပြီးတွင် ကိုမြင့်ဟန်နှင့် တွေ့သည်။ သူကပင် စမေး၏။

" ကိုမောင်မောင် ...။ ခင်ဗျား ... ဒီ ခိုင်ဆိုတဲ့ ကောင်မလေးနဲ့ ဘယ်လိုလုပ် တွဲမိတာလဲ "

သူ့အသံ၌ မကျေနပ်ဟန်ပါသဖြင့် ကျွန်တော်က အံ့ဩစွာ ပြန်မေးမိ၏။

" ဘာဖြစ်လို့လဲ ...။ ခိုင်က ကျွန်တော့် သူငယ်ချင်းပဲ "

" ဘယ်တုန်းက သူငယ်ချင်း ဖြစ်လိုက်ကြတာလဲ ..."

" ငယ်ငယ်ကတည်းကပဲ။ စစ်ဖြစ်လို့ ကွဲသွားကြတာ ...။ သူ့အစ်မ မြိုင်က ကျွန်တော့် ကိုကို့ ဇနီးပဲဟာ "

" ဘုရားရေ ... ခိုင်က ဗိုလ်မှူးထွန်းအောင်ရဲ့ ခယ်မ ...။ ခင်ဗျာ့ သူငယ်ချင်း ...မြတ်စွာဘုရား ..."

" နေပါဦး ... ခင်ဗျားက ဘုရားတွေ ဘာတွေ တ,ပြီး ဘာဖြစ်နေတာလဲ "

ကိုမြင့်ဟန်သည် စိတ်ပျက်ဟန် ခေါင်းခါသည်။ ထို့နောက် မျက်နှာတည်ကြည်စွာဖြင့် ဆို၏။

" ခင်ဗျား စိတ်မဆိုးနဲ့ ...။ ဒီကောင်မလေးဟာ ... နည်းနည်းမှ ကောင်းတဲ့ ကောင်မလေး မဟုတ်ဘူး။ ကျွန်တော်ကတော့ တည့်တည့်ပဲ ပြောတတ်တယ် ..."

" ခိုင် မကောင်းဘူး ...။ ဘာကြောင့်လဲ "

" မိန်းကလေးတစ်ယောက် မကောင်းဘူးဆိုတာ ဘာဖြစ်ရမလဲ ...။ ရည်စားများတယ်၊ မျက်နှာများတယ် ...။ အဲဒါပဲပေါ့ "

ကျွန်တော်သည် ကျွန်တော့်နားကို မယုံမိ။ ကိုမြင့်ဟန်ဖြစ်၍သာ နားထောင်နေရသည်။ အခြားသူဆိုလျှင် ဆွဲထိုးမိ မည်လော မပြောတတ်။

ကျွန်တော် ငိုင်နေစဉ် ကိုမြင့်ဟန်က ဆက်ပြောသည်။

" တော်ရုံတန်ရုံဆို ကျွန်တော် မပြောဘူး။ ကျွန်တော် ဥက္ကဋ္ဌလုပ်တဲ့နှစ်က ကျောင်းသားချင်း ဓားထိုးမှု ဖြစ်တယ်။ ဒီကောင်မလေးကြောင့် ...။ ဩော် ... ဒါထက် ခင်ဗျား ငြိမ်းမောင်နဲ့လည်း ခင်သားပဲ၊ သူမပြောပြဘူးလား "

" ဟင့် ... အင်း ..."

" အင်းလေ ... ဘယ်ပြောမလဲ၊ ဒီကောင်လည်း နွားပဲ ...။ နွားမှ နွားအစစ်။ ဟာ ... ဆောရီးဗျာ ... ကျွန်တော် ဒါ မပြောထိုက်ပါဘူး "

ကိုမြင့်ဟန်က ပါးစပ်ပိတ်သွားသည်။ ကျွန်တော်ကလည်း ဆက်မမေးတော့။

နောက် တနင်္ဂနွေတွင် လေ့လော့်သင်း၌ လေ့ကျင့်ခန်းရှိသောကြောင့် ခိုင်တို့ဆီ မရောက်။ တစ်ပတ်ကျော်၌လည်း ညနေစောင်းမှ ရောက်သွားသည်။

www.burmeseclassic.com



ပထမဆုံး ကျွန်တော် မမျှော်လင့်သည့် ကြုံရသည်မှာ ခြံတွင်းမှ ဆွေးမြေ့ဖြည်းလေးစွာ ပေါ်ထွက်နေသည့် စောင်းသံဖြစ်သည်။ ဒုတိယကား … အိမ်တွင်း၌ တွေ့နေကျ တင်မောင်ညွှန့် စသည်ကို မမြင်ရ။

ယုဇနရုံဘေးတွင်မူ ငြိမ်းမောင်သည် ထိုင်နေကျနေရာ၌ ထိုင်လျက်ရှိနေ၏။

ကျွန်တော်သည် ခြံတွင်းသို့ ဆင်းလာခဲ့၏။

ငြိမ်းမောင်နှင့် အတန်ဝေးသော ခြံထောင့်၌ မြင်ရသော အာရုံကြောင့် ကျွန်တော့် ခြေလှမ်းရပ်ကာ … ခေတ္တငေးကြည့်နေမိသည်။

ထိုဆီမှာ၌ နှောင်းစံပယ်ဖြူတို့ မွှေးမွှေးကြူအောင် ပွင့်လန်းနေသော ပန်းပင်တန်းလေးရှိသည်။ စံပယ်ဖြူပင်တန်းအနီး ခုံရှည်တစ်ခုထက် ပုဆစ်တုပ်ထိုင်ရင်း ခိုင်သည် စောင်းကောက်တစ်လက်ကို ညင်ညင်သာသာ တီးခတ်နေ၏။ တိုးတိုးလေး ဆိုညည်းသော တေးသံကိုလည်း ကြားရ၏။

“ ဗျာပါရေး … ငယ်နှင့် … မကြံပါနိုင်၊ နွမ်းခွေလို့ယိုင် …၊ နွဲ့ပင်တိုင် ကြဉ်ရှောင်တိမ်းတယ် … စိမ်းသင့်မှုစိမ်း … ”

ကျွန်တော်က ခိုင့်အနီးသို့ ချဉ်းကပ်သွားသည်။ ခိုင်က မျက်တောင်ကော့များ လှန်၍ တစ်ချက်မော့ကြည့်၏။ မျက်နှာလေးမှာ ပြုံးမဲ့မဲ့ ဖြစ်သွားပြီး သီချင်းကိုသာ ဆက်ဆိုတီးနေသည်။

ကျွန်တော်က ခုံတစ်ဖက်စွန်းတွင် ဝင်ထိုင်လိုက်၍ သီချင်းကို ငြိမ်သက်စွာ နားထောင်မိသည်။

ညဥ့်ဆည်းဆာတွင် ဝါဝင်းသော ခိုင့်အသားလေးများသည် ရွှန်းလက်နေသည်။ နောက်ထုံးကို တစ်ပတ်ဖြေ၍ ချထားသော ဆံပင်သည် သွယ်ရှင်းသော လည်တိုင်မှ ခွေပတ်ကာ ရင်ခွင်ဆီ ဆင်းကျနေ၏။ နှုတ်ခမ်းပါးကလေးများက လှုပ်ရှားနေခိုက် မျက်လုံးပြာများတွင် မျက်ရည်ဝဲလျက်၊ အေးမြမြအရောင်တို့ မှိန်တစ်ချီ ဝင်းတစ်လှည့် ပေါ်ထွက်နေသည်။ ခေါင်းထက်၌လည်း စံပယ်တစ်ကုံးကို ကပိုကရို ပန်ဆင်ထားသည်။

ဤအသွင် …၊ ဤအသရေ …၊ ဤအလှ …၊ ဤဘဝကို ကြည့်ရင်း ကိုမြင့်ဟန်ပြောခဲ့သော စကားများကို မယုံမိ၊ မယုံလို၊ မယုံပါရစေနှင့် …။

ကျွန်တော့်ရင်မှာ မလှုပ်ရှားစဖူး၊ လှုပ်ရှားနေသည်။ ကြည်နူးမှုနှင့် ဝမ်းနည်းမှုတို့က ရောယှက်နေသည်။

သီချင်းဆုံးသွားသော ခိုင်က စောင်းကို အခံထောက်ပေါ်၌ တရိုတသေ တင်ထားလိုက်ပြီး ကျွန်တော့်ကို နူးညံ့စွာ လှမ်းကြည့်သည်။

“ သိပ်ကောင်းတာပဲ ခိုင် …။ ကောင်းလွန်းလို့ … ပြီးတော့ မမျှော်လင့်ဘဲ ကြုံရတာမို့ … ခိုင်မှ ဟုတ်ကဲ့လား …၊ ဥစ္စာစောင့်မလေး ခင်မြိုင်များ ဖြစ်နေလားလို့ … မောင် ထင်မိတယ် … ”

ခိုင်က ပြုံးသည်။ အပြုံးမှာ ဆွေးဆွေးမြေ့မြေ့နိုင်၏။

“ ခိုင် စောင်းကောက်တီးတတ်တာ မောင့်ကို ဘာလို့မပြောသလဲဟင် … ”

“ ပြောမလို့ပဲလေ …။ စကားလည်း မစပ်ဘူး …။ ပြီးတော့ စပ်မိပြန်ရင် မောင်က တီးခိုင်းဦးမယ်။ ဟိုတစ်လောက ခိုင် ဘာမှ တီးချင်မှုတ်ချင်စိတ် မရှိဘူး … ”

“ ဘာလို့ မရှိတာလဲ … ”

ခိုင်က မဲ့ပြုံးနှင့် ဆို၏။

“ မောင့်ဆီ ခိုင်ရေးဖူးသားပဲ …။ ရန်ကုန်က စိတ်ပျက်ဖို့ကောင်းတယ်လို့။ ဂီတနဲ့ ရန်ကုန်ဟာ မတန်ပါဘူး။ အသည်းနှလုံးရှိတဲ့ မြို့မှ မဟုတ်ပဲ … ”

ခိုင့်စကားကြောင့် ကျွန်တော် ထိတ်လန့်သွားသည်။

“ အို … ခိုင် ဘာတွေပြောနေတာလဲ ”

www.burmeseclassic.com



ခိုင်က သူ့ဘာသာ ဘာသဘောကျသည် မသိ၊ ရယ်မောသည်။ ထို့နောက် ရုတ်တရက် ကောက်မေးသည်။

" မောင့်ကို ကိုမြင့်ဟန်ကြီးက ခိုင့်အကြောင်း ဘာတွေပြောလဲ "

ကျွန်တော် အငိုက်မိသွားသည်။ ချက်ချင်းပြန်၍ မဖြေနိုင်။

" ပြောလေ ... မောင် ..."

" အို ... အို ... မပြောပါဘူး ... ဘာ ... ဘာဖြစ်လို့လဲ "

ခိုင်က ရယ်ပြန်သည်။

" ဘာလို့ ... မညာတတ်ဘဲ ညာရတာလဲ မောင် ..."

" အို ... ခိုင့်ကိုလည်း မောင် မညာပါဘူး ..."

" မောင် ... ညာပါတယ် ...။ ကဲလေ ... ခိုင်ကပဲ ပြောပြပါမယ် "

" ကိုမြင့်ဟန်က ပြောတယ် ... ခိုင့်မှာ ရည်းစားများတယ်၊ မျက်နှာများတယ်၊ ခိုင်ဟာ မကောင်းဘူး၊ ဟုတ်တယ် မဟုတ်လား "

" ဘာကြောင့် ခိုင် ... ဒါတွေ ပြောနေရသလဲ ...၊ ကိုမြင့်ဟန်က ပြောဦးတော့၊ မောင်က ယုံရမလား ..."

" ဒါဖြင့် ခိုင်က ဝန်ခံရင်ရော မောင် ယုံမလား ..."

ခိုင့်စကားကြောင့် ကျွန်တော်က ဘာပြန်ပြောရမှန်း မသိ။ ခိုင် နောက်နေသည်လောဟု စူးစမ်းမိသည်။

ထိုစဉ် ငြိမ်းမောင်က ကျွန်တော်တို့အနီး ကပ်လာသဖြင့် ခိုင်က လှမ်းပြောသည်။

" ငြိမ်းမောင်ရေ ... ကိုမြင့်ဟန်ပြောတာကို မောင်က မယုံဘူးတဲ့ ...။ ယုံအောင် ပြောပြလိုက်ပါဦး ..."

ငြိမ်းမောင်သည် ခိုင့်အား တစ်ချက် မျက်မှောင်ကြုတ်ကြည့်သည်။ လေသံပျော့သော်လည်း မြစ်တားသော စကားကိုဆို၏။

" မဟုတ်တာတွေ ဘာလို့ပြောရတာလဲ ခိုင် ...။ အလကား စိတ်မချမ်းသာစရာ ..."

ငြိမ်းမောင်၏ မှိုင်းသောမျက်နှာသည် မှုန်နေ၏။ ခိုင်က ငြိမ်းမောင်ကို စိုက်ကြည့်နေသည်။

ငြိမ်းမောင်က ကျွန်တော့်ဘက် လှည့်ရှင်းပြ၏။

" လူတွေဟာ ... အစွပ်အစွဲ သိပ်လွယ်တယ် သူငယ်ချင်း ...။ ခိုင်ကလည်း အားကြီးရွဲ့တတ်တယ် ...။ ခိုင် မကောင်းဘူး ..."

ခိုင့်မျက်လုံးများက ငြိမ်းမောင်ဆီ စိုက်လျက်ပင် ရှိသေးသည်။ ဤမျက်လုံးများ၌ ကျွန်တော် နားမလည်သော ညှို့ဓာတ်တစ်မျိုးပါသည် ထင်၏။

ကျွန်တော်က နှစ်ဦးလုံးကို မကျေနပ်။ ဘာကို မကျေနပ်မှန်းလည်း မသိ။

ကြိုင်နှင့် လှိုင်က ခြံတွင်းသို့ ဆင်းလာသဖြင့် ကျွန်တော်တို့ စကားပြတ်သွားသည်။

လှိုင်က ကျွန်တော့်လက်မောင်းများကို ဆွဲကိုင်လှုပ်ယမ်းကာ ရန်တွေ့သည်။

" ကိုကို မကောင်းဘူး ...။ ပြီးခဲ့တဲ့အပတ်က ဘာလို့ မလာတာလဲ။ လှိုင်က ရိန်းဘိုးအိုင်လင်ကား ကြည့်ချင်လို့ စောင့်နေတာ ...။ သိပ်ဆိုးတဲ့ ကိုကိုမောင် ..."

" သြော် ... လှိုင်ကလည်း ... ကိုကို မအားလို့ပါ။ ဘုတ်ကလပ် ဆင်းနေရလို့ "

လှိုင်သည် လက်ညှိုးလေးထိုး၍ စစ်ဆေးဟန် မေး၏။

" ဒါဖြင့် ... ကိုကို အင်းယား သွားနေတာပေါ့ "

" ဟုတ်တယ်လေ ..."

" ဟော ...ပေါ်ပြီ။ တစ်ခါတည်း ပေါ်တာပဲ၊ အင်းယားဆိုတာ မိန်းကလေးဆောင်ပြောတာ။ ပြော ... ဘယ်သူနဲ့ သွားတွေ့နေလဲ "

www.burmeseclassic.com



ကျွန်တော်က သဘောကျ၍ ရယ်နေ၏။ လှိုင်ကသာ ကျွန်တော့်လက်မောင်းကို မနာအောင် လိမ်ဆွဲနေ၏။

ကြိုင်က ခိုင့်ကို လှမ်းတောင်းပန်သည်။

“ အတော်ပဲ ... မောင်ရှိတုန်း ... ခိုင် ... နံ့သာနီတောင် တီးပါလား ... မောင်က ဆိုပေးနော် ”

လှိုင်က နှာခေါင်းရှုံ့၍ ဝင်ဝေဖန်သည်။

“ ဟင် ... မမကြိုင်ကလည်း မယ်သီလရှင် သီချင်းကြီး ...။ ကိုကို ... နှစ်ကိုယ်သစ္စာဆိုပါ ...”

ခိုင်က ကျွန်တော့်ကို လှမ်းကြည့်သည်။

“ ကဲ ... ခိုင် တီးပါ။ မောင်က ကြားထဲက သီချင်းဆိုမယ် ”

နံ့သာနီတောင်၊ နှစ်ကိုယ်သစ္စာတို့မှာ အလိုက်အသွားတူ၍ စာသားကွဲသော ပတ်ပျိုးလေးများဖြစ်သည်။ နံသာနီတောင်က နိဗ္ဗိန္ဒတေး၊ နှစ်ကိုယ်သစ္စာက သစ္စာတိုင်၊ အဓိပ္ပါယ် တောင်နှင့်မြောက် ခြားသည်။ အခြားအလိုက်တူ အသွားတူမှာ ပဟိုမြွက်သံဖြစ်၍ ဆောင်းဘွဲ့တည်း။ အလွမ်းဘက်သို့မူ အနည်းငယ်ယိုင်သည်။

ခိုင်က အောက်ပြန်သံစဉ်ကို စမ်းပြီး ပတ်ပျိုးအတွက် ခင်းပေးသည်။ ကျွန်တော်က ဆိုရ၏။

“ ပဟိုမြွက်သံ၊ တစ်ကိုယ်စက်ရန်၊ ညှင်းလေးကထန်၊ ယုန်ပျံလေ ပဝင်း ...၊ ရွှေလမင်း ... နဝင်းလဲ့လဲ့သာကြူ တည့်မွန်းလ သီတဂူ ...”

မတီးမဆိုရသည်မှာ ကြာသဖြင့် ယခုဆိုရသည်မှာ အရသာရှိလှသည်။ ပတ်ပျိုးကို စောင်းနှင့် ဆိုရသည်မှာ အလိုလို အသက်ဝင်လာသည်။

နေဝင်၍ လထွက်ခဲ့ပြီဖြစ်သော မိုးနှောင်းည ကောင်းကင်ပြင်ကို ငေးရင်း နားထောင်ခိုက်၊ အတွေးနယ်ချဲ့နေဟန်ရှိသော ကြိုင့်အား မြင်ရသည်မှာ လွန်ခဲ့သော ကိုးနှစ်ကျော်မှ လသာသာ ညတစ်ညကို ပြန်လည်အောက်မေ့ဖွယ်ပင်ဖြစ်သည်။

“ စန္ဒကူးဇောတနံ့နှင်း၊ ဆောင်းလောသာပြတင်း၊ ယောက်ချင်းခုထထိုင်၊ မြကေခိုင်မင်လုံး၊ ဇင်ကုံးက ထုံလို့သာ ... ကြိုင် ”

ထိုညက ခိုင်တို့အိမ်မှ ပြန်လာသောအခါ ဘာကြောင့်မသိ။ ကျွန်တော့်ရင်တွင် ဆွေးဆွေးမြေ့မြေ့ ရှိနေသည်။ ကျွန်တော့်ဘေး၌ ငြိမ်းမောင်ကလည်း ပထဝီကသိုဏ်း ဆင်မြန်းလာသည့်ဟန် မြေပြင်ကို မမိုတ်မသုန် ရှုကြည့်ရင်း လိုက်ပါလာ၏။

တိတ်ဆိတ်ခြင်းကို ကျွန်တော်က စတင်ဖြိုခွင်းသည်။

“ ဒီညမှာ ငါမယုံချင်တာတွေကို ယုံလိုက်ရတယ် ငြိမ်းမောင် ...။ ယုံလိုက်ရတယ် ဆိုပေမယ့် ငါ့စိတ်ထဲမှာ မချမ်းသာဘူး ”

ငြိမ်းမောင်က ရယ်သည်။ လည်ချောင်းနှင့် ရင်ဖြင့်ပင် ရယ်သည်။ ထို့နောက် အဘိဓမ္မာဆန်စွာ ဆို၏။

“ မယုံချင်တာ ယုံလိုက်ရတယ်။ ဒီစကားကို သိပ်ကြိုက်တယ် သူငယ်ချင်း။ လူ့ဘဝဆိုတာဟာ များသောအားဖြင့် မယုံချင်တာကို ယုံနေတာပဲ။ တစ်နည်းအားဖြင့်တော့လည်း ဖြစ်နေတာကို မဖြစ်လို့မြင်ပြီး၊ မဖြစ်တာကိုလည်း ဖြစ်လာလေမှာလို့ လှည့်စားနေရခြင်းပဲ။ ဒီပညာမှ မတတ်ရင်လည်း ဘဝကို ဘယ်သူမှ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး ”

ကျွန်တော် ငြိမ်းမောင်ကို လှည့်ကြည့်မိ၏။ ခန့်ညားရုံမက လေးနက်သော သူ့စကားကြောင့် ပထမဆုံး သူ့ကို အထင်ကြီးမိခြင်းဖြစ်၏။

“ ငြိမ်းမောင် ...။ မင်းရဲ့စကားကို ဒီတစ်ခါတော့ ပဟေဠိလို့ ငါ မခေါ်ချင်ဘူး သူငယ်ချင်း။ ဒါပေမယ့် မေးခွန်းတစ်ခုတော့ ပြန်ထုတ်ချင်တယ်။ မယုံတာကို ယုံရတာဟာ ဘဝဓမ္မတာဆိုတာ အခု ငါ မယုံချင်တာတွေဟာ အမှန်တွေပေါ့ ဟုတ်လား ”

www.burmeseclassic.com



ငြိမ်းမောင်က ခေါင်းခါသည်။

“ ဒီလိုတော့ မဟုတ်ဘူး သူငယ်ချင်း။ လူတွေဟာ ဘာကြောင့် အမှားနဲ့ အမှန်ဆိုတာကို အလွယ်တကူ ဆုံးဖြတ် သိချင်ယောင်ဆောင်နေကြသလဲ။ သိပ္ပံပညာရဲ့ သစ္စာတရားဆိုတာတွေတောင် တစ်ထစ်ချ အမှန် မဖြစ်တော့တဲ့ခေတ်မှာ လူမှုရေးရာနဲ့ အသည်းနှလုံးကိစ္စမှ အဆုံးသတ် ပရမတ်ကို မြင်တယ်ဆိုတဲ့ ကိုယ့်ကိုယ်ကိုခန့် ဒိဋ္ဌိသာပါမောက္ခတွေ ဘာကြောင့် ဒီလောက်ပေါများနေသလဲ ”

“ ဘာလဲ သူငယ်ချင်း၊ ကိုမြင့်ဟန်တို့ကို မင်းက ကိုယ့်ကိုယ်ကိုခန့် ဒိဋ္ဌိသာပါမောက္ခလို့ ဆိုလိုသလား ”

“ မောင် ဘာကို အဓိပ္ပါယ်ကောက်နေသလဲ။ တို့ မူအကြောင်း ပြောနေကြတာ ...၊ လူတွေ ဝင်မရှုပ် သင့်ဘူး ထင်တယ် ”

ကျွန်တော်က တောင်းပန်ရသည်။

“ မင်းမှန်တယ် ငြိမ်းမောင် ... ငါ့ကိုယ်ငါ တိမ်မှန်း အခုမှ သဘောပေါက်မိတယ်။ ပြန်ပြီး ဒီလို မကြည့်ပါနဲ့ သူငယ်ချင်း။ ငါနောက်နေတာ မဟုတ်ဘူး။ မင်း ... အင်ဂျင်နီယာရင်း မယူဘဲ ယထာဘူတ ပညာဘက် လိုက်သင့်တယ် ထင်တယ်၊ ဘယ့်နှယ်လဲ ”

ငြိမ်းမောင်က ရယ်သည်။

“ မင်းက တကယ်ချီးမွမ်းတယ်ဆိုရင်တော့ ... ငါ ဂုဏ်ယူပါတယ်။ ဒါပေမယ့် သိပ်ဘဝင်မမြင့်ခင် အာရေဗျပုံပြင်တစ်ခုကို ငါ သွားသတိရမိတယ် ...”

“ ဆိုပါဦး ”

“ တစ်ရံရောအခါက မိုးကောင်းကင်တစ်ခုလုံးကို နှံ့စပ်သိမြင်တဲ့ နက္ခတ္တဗေဒပညာရှင်ကြီးတစ်ဦး ရှိသတဲ့။ တစ်ညမှာ ဒီပုဂ္ဂိုလ်ကြီးဟာ ကြယ်တာရာတွေရဲ့ သွားလမ်း၊ လာလမ်းကို မျှော်ငေး လေ့လာမှတ်သား၊ လမ်းလျှောက်ရင်း ရေတွင်းတစ်ခုထဲ ကျသွားသတဲ့။ ပညာရှင်ကြီးဟာ ကယ်ပါ ယူပါ တစာစာ အော်နေတုန်း၊ အစာရှာလာတဲ့ မြေခွေးက အကျိုးအကြောင်း မေးတော့ နက္ခတ္တဗေဒပညာရှင်ကြီးက သူဖြစ်ရပုံကို ဇာတ်စုံခင်း ပြောသတဲ့ ”

ငြိမ်းမောင်သည် စကားကို ခေတ္တရပ်၍ ရယ်မောသည်။ ငြိမ်းမောင်သည် သူ့စကားကို မည်သူ ပွဲကျရယ်သည် မရယ်သည် အမှုမထား။ နားထောင်သူရှိလျှင် ကျေနပ်၍ သူ့ဘာသာသူ ရယ်နေနိုင်သော လူစားမျိုးဖြစ်၏။

ယခုလည်း သူ့ဘာသာသူ ရယ်၍အားရမှ စကားဆက်သည်။

“ အဲဒီတော့ မြေခွေးက ဆိုသတဲ့ ...။ အသင် နက္ခတ္တဗေဒပညာရှင် ... အသင်ဟာ မိုးပြင်ကိုတော့ သိသည်၊ မြေပြင်ကိုတော့ မသိ။ ကြယ်တာရာကိုတော့ မြင်သည်၊ ရေတွင်းကိုတော့ မမြင်။ သင့်ကို ငါ ကယ်ရန်မလိုတော့ ဆိုပြီး ထွက်သွားသတဲ့။ အင်း ... အင်း အင်း ... အင့် ... အင့် ...”

မြေနီကုန်းဘက်မှ ကားသည် တက်လာနေ၏။

ကျွန်တော်က ငြိမ်းမောင်၏ ပုခုံးကို ကိုင်၍ မေးမိ၏။

“ ငြိမ်းမောင် ... မင်း ဘာတွေဆိုနေပြန်သလဲ။ ပဟေဠိတွေ ပြန်ဝှက်နေပြန်ပြီလား ”

ငြိမ်းမောင်သည် သူ့ပုခုံးထက်မှ ကျွန်တော့်လက်ကို အသာအယာ ဖယ်ချသည်။

သူ့နောက်ဆုံးစကားမှာ ကျွန်တော့်နားတွင် စွဲထင်ရုံမက ရင်၌ အစဉ်ပဲ့တင်ထပ်နေ၏။

“ ငါ ပဟေဠိ မဝှက်ပါဘူး သူငယ်ချင်း။ မှန်တာကို ဝန်ခံနေတာပါ။ ငါဟာ စင်စစ်တော့ ရေတွင်းထဲ ကျနစ်နေတဲ့ နက္ခတ္တဗေဒပညာရှင်တစ်ဦးပါ။ ဒါပါပဲ ... ဟော ကားဆိုက်ပြီ။ မောင် ပြန်ပေတော့ ...”

www.burmeseclassic.com



## ( ၂၂ ) မေတ္တာတေးရှင်

ကျွန်တော် တက္ကသိုလ်သို့ စရောက်သော ပညာသင်နှစ်အတွင်း နိုင်ငံနှင့် ပြည်သူတို့အတွက် ရာဇဝင်ချီ၍ အကျိုး သက်ရောက်မည့် အဖြစ်အပျက်ကြီးနှစ်ရပ် ပေါ်ပေါက်လာခဲ့သည်။

တစ်ရပ်မှာ ကျွန်တော်တို့၏ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးရခြင်းဖြစ်သည်။ တခြားတစ်ရပ်ကား ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အဆက်ဆက်တို့ သွေးနှင့်စတေးလျက် တိုက်ယူလာခဲ့သော လွတ်လပ်ရေးကြီး ရခြင်းပင်တည်း။

ကျွန်တော်သည် တော်လှန်ရေးအပြီး တပ်မတော်မှ ထွက်ကတည်းက နိုင်ငံရေးနှင့် ကင်းကင်းနေခဲ့သည်။ ကိုကို ပြောသကဲ့သို့ နိုင်ငံပြု သုခမိန်ကြီးတစ်ဦး ဖြစ်မလာနိုင်သည့်တိုင်စေ ... နိုင်ငံပြု ပြည်သူ့ဝန်ထမ်းတစ်ဦးလောက်မူ ဖြစ်ချင်သည်။ ထို့ကြောင့်လည်း စာကို ကြိုးစား၍ အရည်အချင်းပြည့် ဆရာဝန်တစ်ဦး ဖြစ်လာရေးကိုသာ အဓိကထားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးသောအခါ လွတ်လပ်ရေးတိုက်ပွဲဒီရေသည် ပိုမိုအဟုန်ကြီးလာသည်။ ဤဒီရေသည် တက္ကသိုလ်နယ်မြေဆီသို့လည်း ရိုက်ခတ်လာခဲ့သည်။ အများကျောင်းသားတို့ နည်းတူ ကျွန်တော်လည်း ဒီရေလှိုင်းမြင့်ထက် ပါခဲ့ရသည်။ ရှေ့တန်းခေါင်းဆောင်တစ်ဦး မလုပ်ခဲ့သော်လည်း အစည်းအဝေးတက်ခြင်း၊ ဆန္ဒပြပွဲများ၌ ပါဝင်ဆင်နွဲခြင်း မျှလောက်မူ လုပ်ခဲ့မိသည်။

လွတ်လပ်ရေးကြီးရသောအခါ ထိပ်ဆုံးမှ အပျော်ရွှင်ဆုံးသူတို့အနက် ကျွန်တော်လည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

သို့ရာတွင် ကျွန်တော့်ပျော်ရွှင်မှုမှာ ခေတ္တသာဖြစ်သည်။

မိုးကျလျှင် ဖားတို့ အော်တတ်သည်။ ရင်ကွဲအောင် အော်တတ်သည်။ လွတ်လပ်ရေးမုတ်သုန်လေသည် အာဏာမိုးကိုပါ ခေါ်လာသည်။ ထိုအခါ နိုင်ငံရေးဖားမျိုးစုံတို့ သံစုံ အော်လာကြသည်။ သူတို့ ရင်ကွဲမကွဲလား ... ဒုတိယ၊ ပထမအနေနှင့် တိုင်းပြည်ကြီးကွဲမည့် နိမိတ်လက္ခဏာများကား သိသာထင်ရှားလွန်းလှသည်။

ပါတီတိုင်းတွင် ကိုယ်ပိုင်ဘုရားလောင်း၊ ကယ်တင်ရှင် ခေါင်းဆောင်ကောင်း၊ ခေါင်းဆောင်မြတ်တို့ မှိုပွင့်သကဲ့သို့ ပွင့်လာကြသည်။ ဤမှိုပွင့်တို့ကို စား၍ တစ်ပြည်လုံး အဆိပ်သင့် မူးဝေကုန်ကြသည်။ အဆိပ်သင့်သူများကြားတွင် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားများလည်း ပါသည်။ ဟိုက်စကူးကျောင်းသားများလည်း ပါသည်။

တ–က–သ၊ ရ–က–သ၊ ဗ–က–သ ဆိုသည်များ၌ မောဂ္ဂလိဂေါသာလ၊ ပုရာဏကဿပ၊ သိဥ္စည်းစသော ပရဗိုဇ် ရဟန်းကြီးတို့၏ တပည့်တပန်းများ လွှမ်းလာသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုမူ ပရိနိဗ္ဗာန်စံလေပြီးသော ဂေါတမဗုဒ္ဓ ရှင်တော်မြတ်အား နှောင်းခေတ် မဇ္ဈိမတိုင်းသားတို့ မေ့သကဲ့သို့ မေ့ကုန်သည်။ မေ့ရုံမက ပုတ်ခတ်လာသည်။

ကျွန်တော်နှင့် ကိုမြင့်ဟန်တို့ကဲ့သို့ တော်လှန်ရေးတွင် ကံကောင်းထောက်မ၍ အသက်မသေဘဲ တက္ကသိုလ်ကျောင်းသား ဖြစ်လာရသူတို့အတွက် အသည်းနာစရာသာ ကြုံခဲ့ရပါ၏။

ကိုကိုတစ်ယောက်သာ မတုန်မလှုပ် ရှိနေသည်။

မင်္ဂလာဒုံရောက်တိုင်း ကျွန်တော်က မကျေနပ်သည်တို့ကို ရင်ဖွင့်အန်မိသည်။ ကိုကိုက အင်းမလုပ် ... အဲမလုပ် ငြိမ်နေတတ်ပြီး မြိုင်က ဘေးမှ ပြုံးပြုံးလေး ထိုင်နေတတ်၏။ ကျွန်တော် ပြောဖန်များမှ ကိုကိုက တုံးတိတိ ဖြေတတ်၏။

www.burmeseclassic.com



" ကိုယ်ရွေးထားတဲ့တာဝန် ကိုယ်ကျေအောင်လုပ်။ ဘယ်သူ့ကိုမှ မဝေဖန်နဲ့။ သမိုင်းဆို အရှည်ကြီး၊ တော်လှန်ရေးဆိုတာမှာလည်း အဆုံးမရှိ။ အချိန်တန်တော့ အမှန်တရား ပေါ်လာလိမ့်မယ်။ အဲဒီအချိန် ကျတော့သာ မောင်ဟာ အမှန်တရားဘက်မှာ ရှိနေနိုင်ပါစေ ..."

ကိုကိုပြောသည်မှာ မှန်သည်ထင်၏။ ထို့ကြောင့် ကျွန်တော်သည် တစ်လောကလုံးကို ကျေနပ်လှသည် မဟုတ်သော်လည်း ကိုယ့်ရည်ရွယ်ချက်နှင့်ကိုယ် စာဆက်ကြိုးစားသည်။ ကိုယ့်ကိုယ်ကိုလည်း ကျေနပ်လှသည် မဟုတ်။

ကိုယ့်ကိုယ်ကို မကျေနပ်သကဲ့သို့ မိခိုင်ကိုလည်း မကျေနပ်လှ။

ခိုင်တို့အိမ်၌ ယောက်ျားလေးများ စည်မြဲစည်သည်။ တင်မောင်ညွန့်က လာမြဲလာသည်။

သို့ရာတွင် ခိုင့်ကို အပြစ်တင်နိုင်သည်မူ မဟုတ်။ ငြိမ်းမောင် ပြောသကဲ့သို့ အမှားအမှန်ဆိုသည်မှာ ဆုံးဖြတ်ရန် ခဲယဉ်းသည်။

ငယ်စဉ်က ဟုတ်ကြိုင်နှင့်တွဲသော ခိုင့်ကို ကျွန်တော် ဝင်တားခဲ့သည်။ ယခုအချိန်၌ ဤအခွင့်အရေး ကျွန်တော့်၌ မရှိ ထင်သည်။

ကလေးဘဝကမူ လွတ်လပ်သည်။ ချစ်ချင်သူကို ချစ်၍ မုန်းချင်သူကို မုန်းသည်။ ကိုယ်ချစ်သူကို ကိုယ်ပိုင်၍ ကိုယ်မုန်းသူကို ကိုယ်ရန်ဖြစ်နိုင်သည်။

ယခုမူ ... ချစ်သူတိုင်းကို မပိုင်သကဲ့သို့ မုန်းသူတိုင်းနှင့် ရန်မဖြစ်နိုင် ...။

ဘဝဆိုသည်မှာ မပိုင်ဆိုင်ခြင်းပင်ဖြစ်သည်။ မပိုင်ဆိုင်သော ဘဝကို အစိုးရသည် ထင်မှတ် မှားသောအခါ ကြောက်မက်ဖွယ်ကောင်းသော ဒုက္ခတရားတို့သည်သာ သရော်လှောင်ပြောင် ရောက်လာ တတ်ခြင်းကို နောင်အခါမှ သိရသည်။ ထိုအချိန်၌ ပြုပြင်မရသော နောင်တဆိုသည်အား နှလုံးသားက နာလျက် ခွာမရအောင် လက်ခံသိမ်းထားရရိုး ဓမ္မတာတည်း။

❑

၁၉၄၈-ခုနှစ်၌ ခိုင် မက်ထရစ်အောင်၍ တက္ကသိုလ် ရောက်လာသည်။ တက္ကသိုလ်ဆိုသည်မှာ ခက်လေသလား။

မိုးထိအောင် လှေကားထောင်နိုင်သကဲ့သို့ အဝီစိထိအောင် ကျွမ်းပြန်ကျနိုင်သည်။

အထူးသဖြင့် ဤစကားသည် မိန်းကလေးများအတွက် ပိုမှန်သည်။ ချောမောလှပသော မိန်းကလေး များအတွက် အထူးပိုမှန်သည်။

တက္ကသိုလ်၌ ပညာကို ကိုးကွယ်ရမှန်းသိသူ အများရှိ၏။ သို့ရာတွင် သူတို့က စာကြည့်တိုက်နှင့် ဓာတ်ခွဲခန်းများ၌သာ ခေါင်းငုံ့မြုပ်နေကြသည်။ စာကြည့်တိုက်နှင့် ဓာတ်ခွဲခန်း၏ အလှအပများကား အမြဲတေများဖြစ်၏။ အမြဲတေတကာကဲ့သို့ပင် ကြည့်မြင်သိရန် မလွယ်။ ရယူပိုင်ဆိုင်ဖို့မှာ ခဲယဉ်း လှပါဘိခြင်း။

ကြည့်မြင်သိရန် မလွယ်သကဲ့သို့ ရယူပိုင်ဆိုင်ရန် ခဲယဉ်းသော အပေါ်ယံအလှအပတို့လည်း တက္ကသိုလ်၌ များလှသည်။

ထင်ရှားကျော်ကြားမှုကို မြတ်နိုးပါသလော။ တက္ကသိုလ်၌ ထင်ရှားကျော်ကြားမှုဆီ လှမ်းနိုင်သော ဖြတ်လမ်း အသွယ်သွယ်တို့ ရှိသည်။ အလှဇာကရီ ... ဘဝသခင်အဖြစ် အကိုးကွယ်ခံလိုပါသလော။ တရားဦး ဟောရန်လိုဘဲ ကိုးကွယ်ရန် စောင့်နေသူများကို တွေ့ရမည်။ အသည်းချင်းဖလှယ်၍ နှလုံးသားတို့ပေါင်းကာ ချစ်ခြင်းဟုခေါ်သည့် စွန့်စားခန်းကို စမ်းကြည့်လိုပါသလော။ ရင်တခုန်ခုန်ဖြင့် ခြေစုံပစ် ဝင်ကရန် ဇာတ်လမ်း အသွယ်သွယ်တွင် ခပ်လွယ်လွယ် ယှဉ်ပြိုင်နွှဲနိုင်သည်။

www.burmeseclassic.com



ပွဲမပြီးခင် မိုးလင်း၍ ပြည်ဖုံးကားသည် လွမ်းခန်းတွင်သာ ကျသောအခါမှ ဆက်မငိုမိစေရန် အရေးကြီးပါ၏။

ခိုင်သည် ဝိဇ္ဇာတွဲယူ၍ ကျောင်းတက်သည်။ သူကိုယ်တိုင် သဘာဝတ္တဗေဒဌာနၷ ဆရာမလုပ်နေသော ကြိုင်က ခိုင့်ကို ဆရာဝန်ဘက် လိုက်စေလိုသည်။ ငြိမ်းမောင်ကမူ ဝါဏိဇ္ဇဗေဒလမ်းသို့ သွားစေလိုသည်။ ခိုင့်ကို သူယူသော ဝိဇ္ဇာ ဘာသာတွဲအတွက် ထောက်ခံသူမှာ ကျွန်တော်သာ ဖြစ်လေသည်။

မည်သည့်ဘာသာတွဲကို ယူသည်က အရေးမကြီး။ ကိုယ်သန်ရာ၊ ကိုယ်ပျော်ရာလိုက်လျှင် အောင်မြင်ခြင်းရှိရမည်ဟု ကျွန်တော်က ယုံကြည်သည်။ ခိုင့်ကိုလည်း အောင်မြင်လိမ့်မည်ဟု ကျွန်တော်က စိတ်ချသည်။

ခိုင်တစ်ယောက်က ကျွန်တော် ထင်သည်ထက်ပင် အောင်မြင်လာခဲ့လေသည်တကား။

မည်သူက မည်သို့ဆို၍ သူကိုယ်တိုင်လည်း မည်သည့်ပြုလိုရာကို ပြုနေသည်ဖြစ်စေ၊ ခိုင်၌ ချစ်စဖွယ်ကောင်းသော အကျင့်ကလေးရှိသည်။

စနေ ... သို့မဟုတ် တနင်္ဂနွေနေ့တိုင်း ခိုင်တို့အိမ် ကျွန်တော် ရောက်သည်။ ရောက်တိုင်း ကျွန်တော် ထမင်းစားလျှင် ခိုင်သည် သူကိုယ်တိုင် ဂရုတစိုက် ခူးခပ်ကျွေးမွေးလေ့ရှိသည်။ ပြီးလျှင် ညနေဆည်းဆာ၌ ဖြစ်စေ၊ လရောင်နုသော ညဦး ကာလ၌ဖြစ်စေ စောင်းကောက် တီးပြလေ့ရှိသည်။

နွေမဟုတ်သေ မိုးလယ်တစ်ည၊ တိမ်ရိပ်မှုန်သော ငွေလသာသာတွင် ခိုင်သည် ကျွန်တော့်အား သာဆန်းရဂုံဘွေ ပတ်ပျိုးကို ဘာစိတ်ကူးရသည်မသိ တီးပြသည်။ လိုင် မင်္ဂလာဒုံသွားနေ၍ မရှိ။

ခိုင့်သီချင်းကြောင့် ကျွန်တော်သည် ငယ်စဉ်ဘဝဆီ ပြန်ရောက်သွားသည်။ မိုးကာလကိုလည်း မေ့ကာ ပတ်ဝန်းကျင်မှာ လောင်သဲကြွေရန် ငှက်သံကြွေး၍ ထန်ခိုးစီစီသည့် မိုင်းဝေရီ ခါနွေဆန်းပင် ဖြစ်လာ၏။

သီချင်းအဆုံး၌ ခိုင်က ဆိုသည်။

“ ခိုင့်ကို ဂီတနဲ့ စ,မိတ်ဖွဲ့ပေးတာ မောင်ပဲ။ ဒီအတွက် မောင့်ကို သိပ်ကျေးဇူးတင်တယ် မောင် ...။ ခိုင် အခု သစ်ရွက်ဝါတွေကို လိုက်ကောက်ဖို့ မလိုတော့ဘူး။ ခိုင့်စောင်းကြိုးတွေပေါ်မှာ ရွက်ဝါကို တို့စမ်းယူလို့ ရတယ်။ ဥဩကိုလည်း လာနားသီစေနိုင်တယ်။ တစ်ခါတလေတော့လည်း ငိုချင်တာကို လူမသိအောင် ရှိုက်နိုင်တယ် ”

ကျွန်တော်က ခိုင်၏ မျက်လုံးများကို စူးစိုက်ကြည့်သည်။ ခိုင်၏ နူးညံ့ပျော့ပျောင်း၍ အားငယ်သော မျက်လုံးများ ကလည်း ကျွန်တော့်ကို ပြန်စိုက်ကြည့်နေ၏။

ခိုင်က အရင် မျက်လုံးလွှဲလိုက်ပြီး မေးသည်။

“ မောင် အခု ဂီတအကြောင်း သိပ်မပြောဘူး။ တီးလည်း သိပ်မတီးတော့ဘူး၊ ဂီတကို မုန်းသွားပလား မောင် ”

“ ဂီတကို မမုန်းပါဘူး ခိုင်၊ မုန်းလည်း မမုန်းနိုင်ပါဘူး။ ဒါပေမယ့် မောင့်အသည်းနှလုံးဟာ နည်းနည်းတော့ မာလာခဲ့တယ် ထင်တယ် ”

ခိုင်က ကျွန်တော့်ကို လဲ့လဲ့စိမ်းသော မျက်လုံးများဖြင့် တစ်ချက်ပြန်ကြည့်ပြီး သာယာညှင်းပျောင်းစွာ မြစ်တား၏။

“ ဘာကြောင့် အသည်းနှလုံး မာချင်ရတာလဲ မောင်။ အသည်းနှလုံးမာသူတွေကို ခိုင် ကြောက်တယ် ”

ကျွန်တော်က ရယ်မောရသည်။

“ မောင့်ကိုတော့ မကြောက်ပါနဲ့ ခိုင်။ မောင့်အသည်းနှလုံးက ဘယ်လောက်မာပါစေ၊ ခိုင်နဲ့ သူငယ်ချင်းတွေ အတွက်တော့ နူးညံ့တဲ့တစ်နေရာ အမြဲရှိနေမယ် ...”

ခိုင်က အသာအယာ ပြုံးသည်။ ထို့နောက် စောင်းကြိုးများကို လက်ညှိုးကလေးဖြင့် တစ်ကြိုးစီ တို့ခတ်လိုက်ပြီး တိုးတိုးညင်သာဆို၏။

www.burmeseclassic.com



" ဒီစကားကြားရလို့ ခိုင် သိပ်ဝမ်းသာတာပဲ။ ဒါထက် မောင် … ခိုင် သီချင်းတစ်ပုဒ် စပ်ထားတယ်။ နားထောင်မလား … "

" ဘာရယ် ခိုင် သီချင်းတစ်ပုဒ် စပ်ထားတယ် "

" ခိုင့်ကို သီချင်းမစပ်တပ်ဘူးလို့ မောင်က ထင်နေသလား "

" ဒီလိုတော့ မဟုတ်ဘူးလေ။ ဒါပေမယ့် မောင် အံ့ဩသွားတယ်။ ဒါထက် ခိုင့်သီချင်း မောင့်ကို တီးပြမလား … "

ခိုင်သည် စောင်းကို ပွေ့ပိုက်၍ အသံစမ်းသည်။

" ဒါထက် ခိုင့်သီချင်းနာမည်က ဘာတဲ့လဲ "

" **မေတ္တာငွေသောင်ဦး … တဲ့** "

ခိုင်သည် စောင်းကို တီးရင်း အသာအယာ စဆိုသည်။

**" ပုလဲနှင်းရည်ပေါက် … မိုးသောက်သန့်စင် … နေ့ဦးညွန့်ဖူး ပျိုမျစ်လွင် … ရောင်လျှံဖြာဝင်း … လန်း … ရွှင် …၊ တောမြကန္တာ မာလာလေညင်း ပျံ့သင်းလန်းရွှင် …။ စီးသွင်ညိုရစ် … နဒီမြစ်လျှင်၊ ယမုန်ရေယဉ် ခွေဝန်းလျာ …၊ မြလွှာမောင် … တောခေါင် တောင်ရိပ်ဆင် …၊ အဏ္ဏဝါရေလျှင် … ဂဟေစပ်ယှဉ် လူးလွန့်မြူးလို့ … လှိုင်းတွန့် ကလေးတွေ ဝေဝေညင်ညင် … စိမ်းလဲ့လဲ့ ကမ်းနှင့် ရေဟုန်ပင် … သဲငွေခုံန ပမာပြုပုံသွင် "**

သီချင်းစာသားတို့သည် အေးချမ်းသာယာမှု၏ အနက်အဓိပ္ပါယ်ကို ဖော်သည်။ ခိုင့်အသံလေးမှာလည်း အေးချမ်းသာယာလှသည်။

**" (မေတ္တာသောင်ဦး ကူးမယ့်မှူးသခင် …၊ တက်မစုံ ရွက်ဟုန်မဲ့တဲ့ … နာဝါလှေရှင် မောင်လုလင်)၂၊ ဟိုစဉ်တစ်ည အိပ်မက်နယ် ချောက်သမျှ သောကရေပြင် … မုန်တိုင်းဆင် …၊ ကမ်းမမြင် လမ်းမမြင် … ပူဝန်ပိတ်ဆီးလို့ပင် …၊ ထိုခရီးတွင် မငိုညည်းလေနဲ့ ထာဝစဉ် …၊ ခိုမှီးနေနား ဆိပ်ကမ်းရိပ်တွင် … မေတ္တာငွေသောင်ဦးကပင် … ဆီးကြိုခေါ်မယ့် သစ္စာရှင် … ဆီးကြိုခေါ်မယ့် သစ္စာရှင် …၊ မေတ္တာငွေသောင်ဦးကပင် စိမ်းလဲ့လဲ့ကမ်းနှင့် ရေဟုန်ပင် … သဲငွေခုံန ပမာပြုပုံသွင် "**

သီချင်းသံသည် တိုးညင်းသိမ်မွေ့စွာ အဆုံးသတ်သွားသည်။ စောင်းသံလွင်လွင်လည်း ပြန့်ပြော တိတ်ဆိတ်သော ညတွင် ကြည်လင်သာစည်သော ပဲ့တင်လှိုင်းကို သဲ့သဲ့လွန့်လွန့် ထားချန်ရစ်သည်။

ခိုင်က သစ်ရိပ်ပြိုးပြောက်ကျသော မြေပြင်ကို ငေး၍ ငြိမ်နေသည်။ ကျွန်တော်ကလည်း မလှုပ်မိ။ ရင်တွင်း၌သာ ခံစားမှု ဂယက်အဖြာဖြာ လှုပ်ရှားရိုက်ခတ်နေ၏။ ကြယ်ရောင်၊ လရောင်နှင့် ပြိုင်သော ခိုင့်မျက်လုံးများက ကျွန်တော့်ဆီ ဝင်းလက်လာလေမှ စကားဆိုနိုင်၏။

" လက်ာရသရော စေတနာနဲ့ သံစဉ်ပါ လိုက်လျောပြေပြစ်လွန်းလို့ ခိုင့်ကို မောင် ဘယ်လို ချီးမွမ်း ရမှန်း မသိဘူး ခိုင် "

ခိုင်က တိုးတိုးအေးအေး မေးသည်။

" ခိုင့်သီချင်းကို မောင် ကြိုက်သလား "

" ကြိုက်တယ်ဆိုတဲ့စကားဟာ မလုံလောက်ဘူး ခိုင်၊ အနုပညာဝိညာဉ်ကို အဖမ်းစားခံရတယ်ဆိုရင် ပိုမှန်မလား မသိဘူး "

ခိုင်က ဘာကြောင့်မသိ၊ ဝမ်းနည်းပမ်းနည်း ပြုံးသည်။

" အနုပညာဝိညာဉ်ကို ဖမ်းစားတယ် ဆိုတဲ့စကားကို ခိုင် ဝမ်းသာစွာနဲ့ လက်ခံပါတယ် …။ ဒါပေမယ့် လူတွေကို ဖမ်းစားတယ်လို့ ဆိုလာရင်တော့ ခိုင် ရင်ကွဲမှာပဲ "

" ခိုင် ဘာကိုဆိုလိုတာလဲ … "

www.burmeseclassic.com



ခိုင်က နာကြည်းစွာ ပြုံး၏။

" ဒီစကားဟာ ... ခိုင် အစွပ်စွဲခံနေရတဲ့ စကားပဲ။ ဒါပေမယ့် မောင် လူလူချင်း ဖမ်းစားလို့ ရပါသလား ...။ အထူးသဖြင့် ... အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားကြီးတွေကို နှလုံးသား အားငယ်ပါတယ် ဆိုတဲ့ မိန်းကလေးတစ်ဦးဟာ ဖမ်းစားလို့ရမလား။ ဒီလိုဆိုရင် အပြစ်ဟာ ဘယ်သူ့ပေါ်တင်ရမလဲ ..."

ကျွန်တော်လည်း သက်ပြင်းရှိုက်မိသည်။

" ခိုင့်စကားတွေကို မောင် သိပ်နားမလည်ဘူး ခိုင်။ နားလည်သလိုလိုလည်း ရှိတယ်။ ပြီးတော့ မောင်မှာ ပြောစရာ တွေလည်း ရှိတယ်။ တစ်ခါ ဘာတွေ ပြောရမှန်းလည်း မသိဘူး "

ခိုင်က နေရာမှထသည်။ ကျွန်တော် မမျှော်လင့်သော စကားကိုလည်း ဆို၏။

" ခိုင်တို့ အပြင်ထွက် လမ်းလျှောက်ရအောင် မောင် "

" အို ... ဖြစ်ပါ့မလား ခိုင် ..."

" ဘာလို့ မဖြစ်ရမှာလဲ မောင် "

ကျွန်တော်က သက်ပြင်းရှိုက်မိပြန်သည်။

" ခိုင်တို့ မောင်တို့က ကလေးတွေမှ မဟုတ်တော့ဘဲ "

ခိုင်၏ သဏ္ဍာန်၌ ဒေါသအရိပ်အယောင်လေးကို တွေ့လိုက်ရသည်။ မေးရိုးလေးထောင့်ကလေးများ တင်းအောင် နှုတ်ခမ်းစေ့၍ ကျွန်တော့်ကို စူးစိုက်ကြည့်၏။

" ကလေးတွေ မဟုတ်ကြတော့လို့ ရိုးသားဖြူစင်မှုလေးတွေကို မလုပ်ကြရတော့ဘူးလား ...။ လူကြီးတွေ ဖြစ်လာလို့ သူတကာ အကဲ့ရဲ့လွတ်အောင် ဟန်ဆောင်နေကြရမယ် ဟုတ်လား။ ဒီလိုဆို မောင်လည်း လောကကြီးကို ကြောက်တယ်ပေါ့ ဟုတ်လား ..."

" မောင် ... လောကကြီးကို မကြောက်ပါဘူး "

" ဒါပေမယ့် ခိုင်နဲ့ လမ်းတွဲလျှောက်ရမှာကိုတော့ ကြောက်တယ် ...ဒီလိုလား "

ဤစကားမှာ ကျွန်တော် မခံနိုင်ဆုံး စကားဖြစ်သည်။ ထို့ကြောင့် နေရာမှ ထမိ၏။

" ကဲ ... လျှောက်ကြမယ်။ ဘယ်လျှောက်ကြမလဲ "

ထိုအခါကျမှ ခိုင်က ပြုံးသည်။

" လမ်းလျှောက်တယ်ဆိုတာ ခြေဦးတည့်ရာလျှောက်တာ အကောင်းဆုံးပဲ၊ ဒီအခွင့်အရေးကို ခိုင် မရတာ ကြာလှပြီ ..."

ထိုညက ခိုင်နှင့် ကျွန်တော် တကယ်ပင် ခြေဦးတည့်ရာ လျှောက်ကြသည်။ ပုသိမ်လမ်းမှ ထွက်၍ ရှမ်းလမ်းအတိုင်း တက်ကာ သံတံတားလမ်းမှတစ်ဆင့် ကြည့်မြင်တိုင်လမ်းမကြီးဘေးတစ်လျှောက် ဗားကရာ ချောက်အထိ သွားကြသည်။

မိုးည ငွေလဝန်းကို တိမ်ဖြူတို့ ပွတ်တိုက်ဖြတ်သန်းနေ၍ ညသည် မှိတ်တစ်ချီ လင်းတစ်လှည့် ရှိနေ၏။ မိုးနံ့၊ ရေနံ့ကို သယ်ဆောင်သော မုတ်သုန်လေနွဲ့နွဲ့သည် ဟောင်းနွမ်းကျန်ရစ်ပြီဖြစ်သော အတိတ် ကာလ၏ အိုမင်းသော တေးညိုညိုကို ပြန်သီဆိုနေသကဲ့သို့ ထင်ရသည်။

လမ်း၌ လူသူလေးပါး မရှိလှ။ ဈေးကြီးလမ်း အိမ်တစ်ခုရှေ့မှ ကာလသားတစ်သိုက် စုဝေးတီးမှုတ် နေသံကို ကြားရသည်။

ခိုင်သည် မိုးပြင်ကို ကြည့်၍ ကျေနပ်စွာ ဆိုသည်။

" အား ... လွတ်လပ်လိုက်တာ "

ကျွန်တော်က ခိုင့်ကို ပြုံး၍ လှည့်ကြည့်မိသည်။ ခိုင်က ကျွန်တော့်ကို မေးသည်။

" မောင်ကော ... မလွတ်လပ်ဘူးလား "

" မောင်ကတော့ အမြဲ လွတ်လပ်နေတာပဲ ခိုင် ..."

www.burmeseclassic.com



ကျွန်တော့်စကားတွင် ဟာသမပါဘဲလျက် ခိုင်က ရယ်သည်။

" မောင့်ဘဝဟာ အမြဲလွတ်လပ်နေတယ်၊ ဟုတ်တယ်။ ဒါပေမယ့် ခိုင်ကတော့ ဘယ်တုန်းကမှ မလွတ်လပ်ခဲ့ဘူး "

ခိုင်သည် ရယ်ပြန်၏။

ထိုစဉ် ရန်ကုန်ဘက်ပြေးသော လက်ရုံးတံဆိပ် ဘတ်(စ်)ကားတစ်စီးသည် ကျွန်တော်တို့နောက်မှ အပြင်းမောင်းကာ လာနေ၏။

" လိုက်မလား ... လိုက်မလား ...၊ မော်တင် ...၊ ဆူးလေ၊ ပုဇွန်တောင်၊ ရေကျော် ..."

ကျွန်တော် မည်သို့မျှ မပြုနိုင်မီ ခိုင်သည် ကားကို လှမ်းတားသည်။

" အို ... ခိုင် ... ဘာလုပ်တာလဲ "

ကားသည် ရပ်လာ၏။ ခိုင်သည် ကျွန်တော့်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီး ကားပေါ်သို့ သွက်လက်စွာ တက်သွားသည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။ ဘာမျှ မလုပ်နိုင်ပါ။ ခိုင့်နောက်မှ ကပ်၍ ကားပေါ်သို့ လိုက်တက်ခဲ့ရ၏။

မော်တော်ကားပေါ်တွင် ... ဝေဖန်ငြင်းခုံရန်မှာ ဣန္ဒြေမရသော အလုပ်ဖြစ်သဖြင့် ကျွန်တော်က ဘာမျှ မပြောနိုင်။

ခိုင်သည် ပြုံးပြုံးလေး ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး စပယ်ယာကို ကားခ ထုတ်ပေးသည်။

" ဆူးလေထောင့်ကို ..."

" လုပ်ပေဦး မိခိုင် ... အငိုက်မိတော့ ခံရပြီကော ..."

ဤသို့သာ စိတ်တွင်းမှ ရေရွတ်ရင်း မှင်သေသေနှင့် ကားဆောင်ရာ ပါခဲ့ရ၏။

ခိုင်ကသာ ဘာမျှမဖြစ်လေဟန် စကားကို ထိုထိုသည်သည် ပြောနေ၏။

ဆူးလေထောင့်၌ ကျွန်တော်တို့နှစ်ဦး ဆင်းကြသည်။

" ကဲ ... ဆိုစမ်း ခိုင် ... ဒါ ဘာလာလုပ်တာလဲ "

ကားပေါ်မှ မြေပြင်သို့ ခြေချမိလျှင်မိခြင်း ကျွန်တော်က မေး၏။

ခိုင်က ကျွန်တော့်အမေးကို အမှုမထင်ဟန် ဖြေသည်။

" အို ... မောင်ကလည်း ခိုင်တို့ ချောက်ထဲကျတာမှ မဟုတ်ဘဲ။ ဦးလေး ဦးပိုးဖြူကြီး လာကယ်ဖို့ မလိုပါဘူး၊ ဟုတ်လား "

ခိုင့်စကားကြောင့် ကျွန်တော်ပါ ရောရယ်မောမိသည်။ တတ်နိုင်လေသည့် မိခိုင်လေး။

ကျွန်တော်နှင့် ခိုင်သည် တစ်ဦးလက် တစ်ဦးတွဲကာ ကလေးများသဖွယ် ဆူးလေဘုရားလမ်းရှိ ရုပ်ရှင်ရုံမှ ကြော်ငြာ ဓာတ်ပုံများကို လိုက်ကြည့်ကြသည်။ စာအုပ်ဆိုင်များကို ဝင်၍ ဟိုလှန်သည်လှန် ရှုကြသည်။ မဂိုလမ်း(ရွှေဘုံသာ)တွင် ဝင်စားသောက်ပြီးကြသောအခါ ညဥ့် ၁၀–နာရီ ကျော်နေပေပြီ ...။

" မပျော်ဘူးလား မောင် ..."

ခိုင်က ကလေးငယ်သဖွယ် မေးသဖြင့် လူကြီးဘဝကို မေ့လျက် ကျွန်တော်ကလည်း မိုက်မိုက်ကန်းကန်း ပြောသည်။

" သိပ်ပျော်တယ် ... ခိုင်၊ မောင် တကယ်ပျော်တယ် "

ဘတ်(စ်)ကား ပြတ်ခဲ့ပြီ ဖြစ်သဖြင့် ထိုညက ခိုင်နှင့် ကျွန်တော်သည် တက္ကစီနှင့် အိမ်ပြန်ခဲ့ရ၏။ ခိုင်က ခပတ်ပလာတာများ ဝယ်ယူလာခဲ့သည်။

ကျွန်တော်တို့ အိမ်ပြန်ရောက်သောအခါ၌ ခြံဝ၌ စိုးရိမ်တကြီး စောင့်မျှော်နေသော ဒေါ်လှယဉ်နှင့် ကြိုင်ကို တွေ့ရသည်။

www.burmeseclassic.com



" ဟဲ့ … အမလေး ဘယ်ပျောက်သွားကြတာလဲ "

ဒေါ်လှယဉ်က ရင်ဘတ်ဖိရင်း ဆိုသည်။ ကြိုင်ကသာ ဝင်ဖြေပြော၏။

" ဒါကြောင့် မပူပါနဲ့လို့ မေမေ့ကို ကြိုင်ပြောသားပဲ။ စောစောက မောင်နဲ့ တွေ့တယ်။ မောင်နဲ့ ထွက်သွားတာ ဖြစ်ရမယ်လို့ …"

ကျွန်တော်က အားတုံ့အားနာ ဖြစ်မိသော်လည်း နိုင်က အမူအယာမပျက်ဘဲ ဝယ်ယူလာခဲ့သော အထုပ်ကို ကြိုင့်အား လှမ်းပေးသည်။

" မောင်နဲ့ စကားပြောရင်း ဆာတာနဲ့ မဂိုလမ်း သွားကြတာပါ။ ရော့ … မကြိုင် ခပတ်ပလာတာ ပူတုန်း စားကြဦး …"

မိနိုင်က တတ်နိုင်သဖြင့် ကျွန်တော် ဘာမျှ အထူးမဖြေရှင်းရတော့။

ကျွန်တော် ပြန်သောအခါ ခြံဝအထိ လိုက်ပို့သော နိုင်၏ မျက်နှာ၌ စိတ်ထင်သည်ကို လုပ်ရပြီး၍ ကျေနပ်သော ကလေးတစ်ဦး၏ ရွှင်လန်းမှုအား တွေ့ရသည်။

" နိုင် သိပ်ဆိုးတယ်၊ နောက်တစ်ခါ လမ်းလျှောက်ရအောင်လို့ ခေါ်ရင် မောင် မလိုက်တော့ဘူး "

နိုင်က ပြုံး၍သာ ကြည့်နေသည်။ ဤအပြုံးက ကျွန်တော့်စကားကို မယုံ၊ ပမာမပြု အတည် မယူကြောင်း ဖော်ပြနေ၏။

ငမိုက်သား ကျွန်တော်၏ အသည်းနှလုံးသည်လည်း ထင်သလောက် မမာပါ။ အကြောင်းမှာ ထိုည အိပ်မက်တွင်း၌ နိုင်နှင့် ကျွန်တော်သည် လက်ချင်းတွဲ၍ မြရာရုံတို့လွှမ်းသော သန်လျင်မြို့၏ ကုန်းမို့မို့ထက် လျှောက်သွားနေကြသည်။ အဝေးရပ်နှင့် မိုးပြင်ဆီမှ ခရစ်ယာန် ဓမ္မသီချင်းများကို သံပြိုင်ဆိုနေသကဲ့သို့ ဝေစည်လေးတွဲ့ ပျံ့လွင့်ညင်သာသော တေးသံတို့ကို ကြားနေရ၏။ မိုးမြူတို့ သိပ်ကာ … သည်းကာ လွှမ်းလာသော အမှောင်၌ နိုင်နှင့် ကျွန်တော် ကွဲသွားကြသည်။ နိုင့်ကို တကြော်ကြော် အော်ခေါ်ရင်း ကျွန်တော်က တစ်တောင်တက် တစ်တောင်ဆင်း လိုက်ရှာသည်။ မှိုင်းညိုသော ကျိုက်ဖောဓိ ကုန်းခြေ၊ သီဟိုဠ် သရက်ပင်ကိုင်းတစ်ခုမှ ကျဆင်းလာသော ဒါန်းတစ်ခုထက် ပန်းဝေအောင်ပန်လျက် တေးဆိုညည်းနေသော ခင်မြိုင်ကို တွေ့ရသည်။

သဇင်ပန်းနံ့တို့ကလည်း ကြိုင်နေ … လှိုင်နေ၏။ တေးသံတို့ကလည်း ငိုညည်းဆွေးမြေ့စွာ ပေါ်လာ နေသည်။

တုန်ယင်ချောက်ချားသော နှလုံးဖြင့် ကျွန်တော်က ခင်မြိုင်ကို ငေးကြည့်နေသည်။ စိုးရိမ်ထိတ်လန့်စိတ် များကြောင့် ထွက်ပြေးရန် ကြံသည်။ သို့ရာတွင် ခြေထောက်များက နေရာမှ ရွေ့၍မရ။

ထိုအခိုက်တွင်ပင် ခင်မြိုင်က ကျွန်တော့်ဘက် လှည့်လိုက်သည်။

ရင်ခွင်ဝယ် စောင်းအိုတစ်လုံးကို ပိုက်ရင်း ညှိုးလျော်ဖြူနွမ်းသော မျက်နှာလေးဖြင့် ခင်မြိုင်က ကျွန်တော့်ကို ကြေကွဲစွာ ဖိတ်ခေါ်သည်။

" လာလေ … မောင်ညို …။ ခင်မြိုင် စောင့်နေရတာ ကြာပါပြီ ရှင်ရယ် …"

www.burmeseclassic.com



## ( ၂၃ ) သူတစ်ယောက်မှာ

ခိုင် တက္ကသိုလ်သို့ ရောက်စက ကိုမြင့်ဟန်ကြီးသည် မှတ်ချက်ချခဲ့၏။

" ဒီကောင်မလေး ရောက်လာပြီ။ တက္ကသိုလ်တော့ ပျက်တော့မှာပဲ ..."

ကျွန်တော်က စိတ်မဆိုးတဆိုးဖြင့် ကန့်ကွက်သည်။

" မိန်းကလေးတစ်ဦးကြောင့်တော့ ဒီလောက်ကြီးတဲ့ တက္ကသိုလ်ကြီးဟာ မပျက်နိုင်ပါဘူးဗျာ။ ပြီးတော့ ခိုင်ဟာလည်း ခင်ဗျားထင်သလို မဆိုးပါဘူး "

" နေပါဦး ကိုမောင်မောင်ရ ...၊ ခင်ဗျား ဒီကောင်မလေးကို ကာကွယ်လှချည်လား ..."

" ခိုင်ဟာ ကျွန်တော့်သူငယ်ချင်းပဲ၊ ကာကွယ်ရမှာပေါ့။ သူငယ်ချင်းမို့ ကာကွယ်တာ မဟုတ်ဘူး။ ခိုင့်အကြောင်းကို ကျွန်တော် သိတယ်။ ခိုင့်မှာ ဘာမှ ကြောက်စရာမရှိဘူး "

" ဟုတ်ကဲ့လားဗျာ။ မိန်းမနဲ့ ပတ်သက်လာရင် ... ဘာမှ အလွယ်တကူ စိတ်မချနဲ့နော် ..."

ကျွန်တော်က သဘောကျစွာ ရယ်မောမိသည်။

" ဒီမှာ ကိုမြင့်ဟန်၊ ခင်ဗျားက မိန်းမအကြောင်း ဘာနားလည်လို့လဲ ...။ ခင်ဗျားထက်စာရင် ... အနည်းဆုံးတော့ မိန်းကလေးတစ်ယောက်အကြောင်း ကောင်းကောင်းနားလည်လို့ ကျွန်တော်က သာတယ် "

ကိုမြင့်ဟန်ကြီးမှာ မိန်းကလေး အပေါင်းအသင်းရှိသူ မဟုတ်။ မိန်းကလေးများကိုလည်း အရောတဝင် နေတတ်သူ မဟုတ်။ ထိုအကြောင်း သိသဖြင့် အပေါ်စီးမှနေ၍ ကျွန်တော်က ပြောခြင်းဖြစ်သည်။

" အင်းလေ ... ဒါဖြင့် ခင်ဗျားက ဘာတွေ နားလည်ထားတာလဲ ..."

" ပြောပြပါမယ်၊ ခင်ဗျားလည်း မန္တလေးသားပဲ၊ တောင်တန်းတွေ မြင်ဖူးမှာပေါ့ "

" ဘာဆိုင်လို့လဲဗျ ..."

" ဆိုင်တာကို ရှင်းပြမယ်လေ။ တောင်တန်းတစ်ခုကို အရပ်တစ်မျက်နှာကနေ ကြည့်ရင် တစ်ပုံစံတည်း မြင်ရပြန်တယ်။ မန္တလေးတောင်နဲ့ ကျွဲနဖားတောင်ကို ခင်ဗျား မြင်ဖူးသားပဲ ..."

" အဲ ... ဒါတော့ ဟုတ်တယ်။ ဒါပေမယ့် ..."

" ဆက်ပါမယ်၊ တစ်ခါ ... တောင်တန်းတစ်ခုဟာ အဝေးကနေ ကြည့်ရင် တစ်မျိုး၊ အနီးကပ်ကြည့်ရင် တစ်ဖုံ၊ တောင်ခြေက မြင်ရတာ တစ်သွယ်၊ တောင်ထိပ်ကျ တွေ့ရတာ တခြား။ ဒါလည်း ဟုတ်တယ် မဟုတ်လား ..."

" အင်း ... အင်း ... ဟုတ်ပါတယ် "

" မိန်းကလေးတစ်ယောက်ကိုလည်း တောင်တန်းနဲ့ ပမာနှိုင်းထိုက်တယ် ...။ ရှုထောင့်တစ်ခုကနေ အကဲခတ်လို့ မရဘူး ...။ အဝေးကနေ အပေါ်ယံကြည့်ပြီး ဆုံးဖြတ်လို့လည်း မရဘူး။ သိပ်ကျွေရှိတယ်ထင်တဲ့ မိန်းကလေးဟာ ကပ်ပေါင်းကြည့်မှ သိပ်ကြောက်စရာကောင်းရင် ကောင်းနေတတ်တယ်။ သိပ်ကြောက်စရာ ကောင်းတယ် ထင်ရတဲ့ မိန်းကလေးတစ်ဦးဟာလည်း စင်စစ်တော့ သိပ်သနားစရာကောင်းတဲ့လူ ဖြစ်ချင် ဖြစ်နေတတ်တယ် "

" ဘာလဲ ... ခင်ဗျားက သိပ်သနားနေသလား "

" ကျွန်တော်က ယေဘုယျသဘောကို ပြောနေတာပါ "

" ထားပါတော့လေ ...။ ကိုယ်တွေ့တော့ မဟုတ်ဘူး။ စာတွေ့ကြားဖူးတာကတော့ မိန်းကလေး တစ်ယောက်ရဲ့ အသည်းနှလုံးကို နားလည်ဖို့ဟာ သိပ်ခက်သတဲ့။ ခင်ဗျား နားလည်တယ်ထင်တဲ့ မိန်းကလေးရဲ့ အသည်းနှလုံးဟာ သိမြင်နိုင်ဖို့ ခက်တဲ့ ... ဟို ဘာတဲ့ ... အဲ ... လူမရောက် မြင်းမိုရ်တောင် ဆိုတဲ့ တောင်တန်းမျိုးဖြစ်နေရင် ဘယ်နှယ်လုပ်မလဲ။ ခင်ဗျားဥပမာနဲ့ ခင်ဗျားပဲလေ ... ဟဲ ... ဟဲ ..."

www.burmeseclassic.com



ကိုမြင့်ဟန်က အရှိက်ကို အလစ်တီးလိုက်သဖြင့် ကျွန်တော် ပြန်မဖြေနိုင်ဘဲ ရောနှော၍သာ ရယ်မောခဲ့ရသည်။

သို့ရာတွင် ခိုင့်ကြောင့် တက္ကသိုလ်မှ အလုမပျက်ခဲ့ပါ။ ခိုင့်ကြောင့် တက္ကသိုလ်သည် ပို၍ လှပ တင့်တယ်လာသည်ဟုမူ ဆိုချင်က ... ဆိုနိုင်သည်။

တက္ကသိုလ် ပွဲလမ်းသဘင်များတွင် ခိုင်၏ စောင်းသံသည် ချိုလွင်ပျံ့ဝဲခဲ့သည်။ ပီယာနိုနှင့် အကော်ဒီယံတို့သာ ရေပန်းစားနေသော နယ်မြေကို ခိုင်သည် မှန်စီရွှေချစောင်းဖြင့် ယဉ်ယဉ်လေး အပိုင် သိမ်းယူခဲ့သည်။ တက္ကသိုလ်စင်မြင့်မှတစ်ဆင့် အသံလွှင့်ရုံခန်းမသို့ရောက်ကာ ခိုင်၏ မေတ္တာငွေသောင်ဦး တေးသည်လည်း ဝေစည်ကျော်ကြားခဲ့လေသည်။

ခိုင်၏ သဲငွေနုပမာပြုသော မေတ္တာသောင်ဦးတွင် ခိုမှီနားနေလိုသော နာဝါလေ့ရှင် မောင်လုလင် တို့သည် ဓမ္မတာအတိုင်း ရွက်ကုန်တက်ကုန် ချဉ်းကပ်လာနေကြပါ၏။

ခိုင်၏ အောင်မြင်ခြင်းကို မြင်ရသော ကျွန်တော့်မှာ ကျေနပ်ဂုဏ်ယူမိသည်မှအပ အခြားခံစားမှုမရှိ။ ခိုင်တို့အိမ်၌ တင်မောင်ညွှန့်အပြင် တက္ကသိုလ်မှ ကျောင်းသားဧည့်သည်သစ်တို့ တိုးလာခဲ့ခြင်းကိုလည်း ကန့်ကွက်ရန် မမြင်။ တစ်ခါတရံ ခိုင့်မိတ်ဆွေ ဂီတသမားတို့နှင့်အတူ ခိုင်တို့ အသံလွှင့်လျှင် ပီယာနို လိုက်တီး ပေးသည့်အခါ ပေးသည်။

များသောအားဖြင့် စာနှင့်သာ အချိန်ကုန်ရသည်။ ဒုတိယနှစ် ဥပစာတန်းသည် ခက်ခဲ၏။ ထိုစဉ်က နှစ်နှစ်ကုန်မှ စုပေါင်း၍ စာမေးပွဲစစ်သည်။ ဆေးသိပ္ပံသို့သွားမည့် ကျွန်တော်တို့အတွက် စာမေးပွဲအောင်ရုံနှင့် မပြီး။ သတ်မှတ်ထားသော စံနှုန်းပြည့်အောင် အသေအလဲ ကြိုးစားရသည်။

လေပြေးတုန်း တက်ကျိုးသကဲ့သို့ စာမေးပွဲနီးခါမှ အင်းစိန်အရေး ပေါ်လာပြီး တက္ကသိုလ်ကြီးကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ရသည်။ ကျွန်တော်နှင့် ကိုမြင့်ဟန်ကဲ့သို့သော တပ်မတော်သားဟောင်း တို့သည် အခြားကျောင်းသားများနှင့်အတူ စာသင်ခန်းကို ပစ်၍ စစ်မြေပြင်ဆီ ထွက်ခဲ့ကြရသည်။ ကျောင်းကြီး ပြန်ဖွင့်ပြီး အတန်ကြာမှ ကျွန်တော်တို့ တက္ကသိုလ်နယ်မြေဆီသို့ ပြန်ရောက်ကြသည်။ အလီလီ အလာလာ စစ်သော စာမေးပွဲတို့အနက် စက်တင်ဘာလ စာမေးပွဲအမီ ဝင်ရန် ကိုမြင့်ဟန်နှင့် ကျွန်တော်တို့ မအိပ်မနေ စာကျက်ကြရပြန်သည်။

ကိုမြင့်ဟန်ရော ကျွန်တော်ပါ စာမေးပွဲအောင်ကြပါ၏။ စာမေးပွဲအောင်သော်လည်း နားခွင့်မရှိ။ ဆေးသိပ္ပံမြေ နင်းမိသည်နှင့် တစ်ပြိုင်နက် နာရီတို့သည်မြန်၍ ရက်တို့သည်တိုကာ လတို့သည် အကုန် လွယ်သည် ထင်မှတ်ရအောင် ကျက်ဖွယ်စာတို့က မပြီးနိုင် ...။ လက်တွေ့လေ့ကျင့်ခန်းတို့ မဆုံးနိုင်။ ခိုင်းအားမှာ ကောင်း၍ စည်းကမ်းမှာကြီးသည်။ ပါမောက္ခ၊ ကထိကများသည် ရှုတည်တင်းသယောင်ရှိ၍ အာဏာမှာ ပြင်းသကဲ့သို့ ထင်ရသည်။

စင်စစ်ကား ... နောင်တွင် လူသားတို့၏ အသက်ဇီဝိန်ကို ချိန်တွယ်ကိုင်ဆ၍ မရဏမင်းနှင့် စစ်ခင်း ပြိုင်ရမည့် ကျွန်တော်တို့အား အမှားမတွေ့နိုင်အောင် ကြိုတင်ပြင်ဆင်ပေးခြင်းသာ ဖြစ်လေသည်။

တပ်မတော်တွင် စစ်သင်တန်းတက်စဉ်က ဆိုရိုးစကားတစ်ခုရှိသည်။ ချွေးထွက်များမှ သွေးထွက် နည်းမည် ဟူသတည်း။ ဆေးသိပ္ပံ၌ ကိုမြင့်ဟန်နှင့် ကျွန်တော်တို့လည်း ဆိုရိုးတစ်ခုကို လက်ကိုင်ပြုသည်။ အကြိမ်းအမောင်းခံရနည်းလျှင် အတိမ်းအစောင်းစံပြုနည်းမည်။

အကြိမ်းအမောင်းခံရနည်းရန် ဖြတ်လမ်းမရှိ။ အကြောင်းမှာ လူ့အသက် အတိမ်းအစောင်းနည်းရန် အတွက် ဖြတ်လမ်းက မရှိ။ သူတစ်ပါးအသက်ကို မကယ်နိုင်မီ ကိုယ့်ကျန်းမာရေးပျက်မတတ် အသေအလဲ ရုန်းကန်ကျက်မှတ် လေ့လာရ၏။

ပင်မတက္ကသိုလ်၌ ရှိစဉ်က ကျွန်တော်သည် ခိုင်တို့အိမ် အနည်းဆုံး တစ်ပတ်တစ်ကြိမ်ခန့် ရောက်သည်။ ဆေးသိပ္ပံကို ဝင်မိကတည်းက တစ်လတွင် နှစ်ကြိမ်မှန်အောင် မရောက်နိုင်။

www.burmeseclassic.com



ငြိမ်းမောင်လည်း အင်ဂျင်နီယာကောလိပ်သို့ ရောက်နေပြီဖြစ်သည်။ ပင်မတက္ကသိုလ်၌ ခိုင် တစ်ယောက်သာ ကျန်ရစ်သည်။

ခိုင်တစ်ယောက်သာ ဆိုသောစကားမှာ စင်စစ်မမှန်လှပါ။ ခိုင်သည် တစ်ယောက်တည်းနေသော မိန်းကလေးတစ်ဦး မဟုတ်။ ခိုင့်ကိုလည်း ပတ်ဝန်းကျင်က တစ်ယောက်တည်း နေခွင့်မပေးပါလေ။

ခိုင်တို့အိမ် ကျွန်တော်ရောက်တိုင်း ဧည့်ပရိသတ်တစ်မျိုးကို တွေ့ရသည်။ တက္ကသိုလ်ကျောင်းသား များပင် ဖြစ်ပါသည်။ သို့ရာတွင် တယော၊ မယ်ဒလင်၊ ဂီတအစုံ ပါကြသည်။ အသံလွှင့်ရန် သီချင်း တိုက်သည့်အခါ တိုက်နေသည်။ လွှင့်ပြီးသီချင်း များကို ပြန်တီးမှုတ်သည့်အခါ တီးမှုတ်နေကြသည်။ တက္ကသိုလ်ကျောင်းသားများတွင်သာမက အပြင်လောကမှ နာမည်ကျော်သော ဂီတဆရာများလည်းပါသည်။

အိမ်ရှေ့ ယုဇနရုံဘေး၌လည်း ပြောင်းလဲလာခဲ့သည်။

ငြိမ်းမောင်သည် စာအုပ်တစ်အုပ်ဖြင့် ထိုင်မြဲထိုင်နေသည်။ ငြိမ်းမောင်ဘေး၌ အသစ်တိုးလာသူမှာ တင်မောင်ညွန့် ပေတည်း။

အမှန်ကို ဝန်ခံရလျှင် တွေ့စက တင်မောင်ညွန့်ကို ကျွန်တော် ကြည့်မရ။

တင်မောင်ညွန့်သည် အနည်းငယ် ကြွပ်ဆတ်ဆတ်နိုင်သည်။ လူတွေ့လျှင် မထီမဲ့မြင် ပြုချင်သည်။ သူကိုယ်တိုင်လည်း ဘာမျှ မဟုတ်သေး။ သူ့ထက်ဟုတ်သူ တွေ့လျှင်လည်း မနာလိုဝန်တိုမှုကို တစ်နည်းနှင့် မဟုတ် တစ်နည်းနှင့် ပြတတ်သည်။ မာနလည်း ကြီးဟန်ရှိ၍ တစ်ဇွတ်ထိုးလုပ်တတ်ဟန်လည်း ပေါ်သည်။

တင်မောင်ညွန့်မှာ ဟင်္သာတမြို့မှ အရေးပိုင်၏ တစ်ဦးတည်းသောသား ဟုဆို၏။ ဟင်္သာတမြို့ကြီး၌ ကျောင်းကောင်းကောင်းရှိလျက် ရန်ကုန်တွင် လာနေပုံထောက်၍ မိဘအလိုလိုက်ထားသော သားတစ်ဦးမှန်း သိသာသည်။

ယခုတွေ့ရသော တင်မောင်ညွန့်၏ သဏ္ဌာန်မှာ များစွာ ခြားနားခဲ့ပြီ။

နှိမ့်ချသော အမူအယာချည်း မဟုတ်။ နာကြည်းသော အသွင်လည်း ပေါ်နေသည်။ ကြေကွဲသော သဏ္ဌာန်ကို ပြနေပါ၏။ မခံချင်မှုကိုလည်း မဖုံးကွယ်နိုင်။

တင်မောင်ညွန့်သည် တက္ကသိုလ်ဝင် စာမေးပွဲကို အောင်မြင်ရန် ပြင်ဆင်နေသည်ဆို၏။ သူညံ့သော သင်္ချာနှင့် အင်္ဂလိပ်စာကို ငြိမ်းမောင်က ပြပေးနေသည်ဟူ၏။

တစ်ကြိမ်က ငြိမ်းမောင်သည် တင်မောင်ညွန့်အပေါ် ကျွန်တော် မည်သို့သဘောထားကြောင်း မေးခဲ့ ဖူးသည်။ ထိုသို့ မေးစဉ်က ငြိမ်းမောင်၏ လေသံ၌ တင်မောင်ညွန့်အတွက် မေတ္တာငွေ့ ပါလှသည်မဟုတ် ...။

ယခုမူ ယုဇနရုံဘေး၌ စာအုပ်ကိုယ်စီဖြင့် ဆရာရင်းတပည့် ဖြစ်နေကြသော သူတို့နှစ်ဦးကို မည်သို့ ကျွန်တော် ယူဆရမှန်း မသိ။

ငြိမ်းမောင်နှင့် နှစ်ဦးချင်းတွေ့သော အချိန်၌ ကျွန်တော် စုံစမ်းမိသည်။

" ဒါထက် ငြိမ်းမောင် ...၊ တင်မောင်ညွန့် ဘာဖြစ်သွားတာလဲ။ အပြောင်းအလဲ မြန်လှချည်လား ..."

" တင်မောင်ညွန့် အိမ်နိမ့်စံဘဝ ရောက်နေတဲ့သဘောပေါ့ "

" ဘာပြောတယ် ငြိမ်းမောင် "

ငြိမ်းမောင်က သူ့စကားကို သူသဘောကျ၍ ဆက်ရယ်နေသည်။ အတန်ကြာမှ ရှင်းပြသည်။

" တို့ ဟိုက်စကူးကျောင်းတုန်းက ခိုင့်ရာဇဝင်ကို ခေတ်နဲ့ ပြောကြတယ် ...။ မြင့်မောင်ခေတ်၊ သိန်းလှိုင်ခေတ်၊ နောက် တင်မောင်ညွန့်ခေတ် အခုတော့ အဲ ... ဘယ်သူ့ခေတ်လို့ ဆိုရမှန်း မသိဘူး။ တစ်ခေတ်ပြောင်းချိန်တော့ တစ်ခေတ်ပြောင်းချိန်ပဲ။ အင်း ... အင်း ... အင်း ... အင့် ..."

ကျွန်တော်သည် ငြိမ်းမောင်၏အကျင့်ကို သည်းခံတတ်လာပြီဖြစ်၍ သူ့ရယ်သံဆုံးမှ လိုရာကို ဆက်မေးရသည်။

www.burmeseclassic.com



" မင်း ဆိုလိုတာက ဘာလဲ။ မြင့်မောင်တို့၊ သိန်းလှိုင်တို့၊ တင်မောင်ညွန့်တို့ ဆိုတာ ခိုင့်ရည်းစားတွေလား ..."

ငြိမ်းမောင်က လက်ရောခေါင်းရောခါ၍ ငြင်းသည်။

" အို ... အို ... ဒီလို အရမ်းပြောလို့ မရဘူးလေ ...။ ငါပြောတာက ရှင်းပါတယ်။ ခေတ်ဆိုတဲ့ စကားဟာ အမှန်ဆုံးပဲ။ အခြားအသုံးရှာလို့ မရဘူး ..."

" ထားပါတော့ ...၊ အခု တင်မောင်ညွန့် ဘာဖြစ်နေသလဲ ..."

" သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ၊ ဓမ္မတာတည်းလို့ စာဆိုတယ် မဟုတ်လား။ ခေတ်ပြောင်းတယ်ဆိုတာ တစ်ယောက်တက်ပြီး တစ်ယောက်ကျတဲ့သဘောပဲ။ ဒါကြောင့် တင်မောင်ညွန့် အိမ်နိမ့်စံနေပါတယ်လို့ ငါ ပြောတာပေါ့ ..."

ငြိမ်းမောင်သည် ခိုင်နှင့် ပတ်သက်လာလျှင် ဘာမျှ ပွင့်ပွင့်လင်းလင်း ပြောမည့်သူတစ်ယောက် မဟုတ်။ ဤသည်ကို သိ၍ ကျွန်တော် ဘာမျှ ဆက်မမေးတော့။

ခိုင့်ကိုသာ သတိပေးရသည်။ သတိပေးသည်ဆိုရာ၌ ပညာသင်ကြားရေးနှင့် ပတ်သက်၍သာ ဖြစ်သည်။

" ခိုင် ဝါသနာပါတာတွေ လုပ်နေတာတော့ ကောင်းပါတယ်။ ဒါပေမယ့် အခု ဒုတိယနှစ် ဥပစာတန်းမှာနော်၊ ပေါ့မနေနဲ့၊ စာမေးပွဲကျဦးမယ် ..."

ခိုင်သည် ပြုံးလဲ့လဲ့ဖြင့် ကျွန်တော့်အား ပြန်စိုက်ကြည့်နေသည်။ ဘာမျှမူ ပြန်မပြော ...။

" ခိုင် ဘာလို့ မောင့်ကို ဒီလိုကြည့်တာလဲ "

ခိုင်က အသာအယာ ရယ်မောသည်။

" မောင်ပြောနေကျ စကားအတိုင်းပဲ မောင့်ကို သဘောကျလို့ပေါ့ ..."

" မောင့်ကို ဘာသဘောကျတာလဲ ..."

" မောင်က အခုတစ်လော လူကြီးသိပ်ဆန်တာပဲ။ ခိုင့်ကိုများ ကလေးလေး ထင်နေသလား "

" ခိုင့်ကို ကလေးလေးလို့ မောင် မထင်ပါဘူး။ မထင်လို့ဘဲ ပိုပြီး စိုးရိမ်မိတယ် "

ခိုင့်မျက်လုံးလေး ပြူးသွား၏။

" ဘုရားရေ ... ခိုင့်ကို စိုးရိမ်တယ်။ ခိုင်က ဘာတွေ စိုးရိမ်စရာ လုပ်နေလို့လဲ "

" ဘာတွေ လုပ်နေတာရယ် မဟုတ်ပါဘူး ခိုင်။ ခိုင်ဟာ ထင်ရှားကျော်ကြားလာတယ်။ ထင်ရှားကျော်ကြားလာရင် လူတကာရဲ့ မျက်စိ ဒေါက်ထောက်ကြည့်ခြင်း ခံရတတ်တယ် ...။ အနေအထိုင်ကို သိပ်ဆင်ခြင်မှ တော်ရုံကျတယ် "

ခိုက်သည် ကွက်ကနဲ ကျွန်တော့်ကို တစ်ချက်ကြည့်ပြီး မေးသည်။

" ခိုင့်အကြောင်း မောင် ဘာတွေကြားလို့လဲ "

ကျွန်တော်က ခိုင့်မျက်လုံးများကို လေ့လာကြည့်သည်။ ခိုင်က မျက်လွှာချပစ်လိုက်၏။

" ခိုင့်အကြောင်း မောင် ဘာမှမကြားပါဘူးလေ ...။ ကြားတိုင်းလည်း မောင် မယုံပါဘူး ...။ အခု မောင် ပြောတာက ဖြစ်တတ်တဲ့ သဘာဝကို ကြိုတင်မြင်ပြီး သတိပေးတာပါ ..."

" ဒီလိုဆိုရင် လူ့ဘဝကြီးက ဘယ်လွတ်လပ်လို့တုံး ..."

" ဟုတ်တယ် ခိုင် ... လူ့ဘဝဆိုတာ မလွတ်လပ်ဘူး။ လွတ်လပ်တယ် ထင်နေသူဟာ ကိုယ့်ကိုယ်ကို လှည့်စားနေသူပဲ "

ခိုင်က ကျွန်တော့်ကို မော့ကြည့်သည်။ ခဏတွင်မူ နာကြည်းစွာ ပြုံးလိုက်ပြီး မိုက်ကန်းသောစကားကို ဆို၏။

www.burmeseclassic.com



" ဒီလိုဆိုရင် ခိုင့်ကိုယ်ခိုင် လှည့်စားပြီးတော့ပဲ နေတော့မယ်။ သူများကို လှည့်စားတာမှ မဟုတ်ဘဲ၊ ခိုင့်မှာ အပြစ် မရှိနိုင်ပါဘူး။ ဟုတ်လား … မောင် "

ကျွန်တော် ဘာမျှမပြောနိုင်ခဲ့။ ခိုင့်အပေါ် မကျေနပ်မှု ဖြစ်မိသည်။ ဘာကို မကျေနပ်မှန်းလည်း မသိ။

ကိုမြင့်ဟန် ပြောသကဲ့သို့ မိန်းကလေးတစ်ဦး၏ အသည်းနှလုံးသည် လူမရောက်နိုင်သော မြင်းမိုရ်တောင် ဖြစ်နေလေသည်လော မပြောတတ်။

❑

ကျွန်တော် တွေးခေါ်စိုးရိမ်သကဲ့သို့ ထိုနှစ်က ခိုင် စာမေးပွဲကျသည်။ တင်မောင်ညွန့်မှ မက်ထရစ် အောင်၍ ကောလိပ်ရောက်လာသည်။

ကျွန်တော်ကမူ ဆေးသိပ္ပံ၌ အခက်ခဲဆုံးအဆင့်ဖြစ်သည့် ဒုတိယနှစ် ဆေးသိပ္ပံတန်း အပိုင်းနှစ်စာမေးပွဲ ချောက်ကမ်းပါးကို ခုန်ကျော်ရန် ကြိုးစားနေသည်။

ထိုနှစ်တွင်ပင် ကျွန်တော်တို့အားလုံး၏ ဘဝကို ပြုပြင်မရအောင် ပြောင်းလဲစေမည့် စိတ်မချမ်းသာဖွယ် အဖြစ်ကို ကြုံလာရသည်။

တက္ကသိုလ်ရောက်ခဲ့ပြီးမှ တင်မောင်ညွန့် အမူအရာများ ပြန်ပြောင်းခဲ့သည်။ ယုဇနရုံဘေး၌ ငြိမ်းမောင်သာ ကျန်ရစ်သည်။ တင်မောင်ညွန့်သည် ဧည့်ခန်းသို့ ပြန်ရောက်နေပြီတည်း။ တင်မောင်ညွန့်နှင့် အတူ သူ့မိတ်ဆွေများလည်း ပါလာ၏။

အိမ်နိမ့်စံမင်းသားသည် ထီးနန်းကို ပြန်ချိန်လေပြီတည်း။

သာယာသော တန်ဆောင်မုန်းတစ်ညခ၌ နန်းလှပွဲကို ကျွန်တော် တွေ့ရသည်။

ထိုညက မီးထွန်းချိန်တွင် ကျွန်တော် ခိုင်တို့အိမ် ရောက်သွားသည်။

ငြိမ်းမောင်က ကြိုင်နှင့် ဒေါ်လှယဉ်ကို ကူညီ၍ မီးပုံးများ ထွန်းညှိပေးနေသည်။

" ခိုင်တို့ကော … "

ကျွန်တော်က မေးသည်ကို ငြိမ်းမောင်က ငြိမ်နေ၏။ ကြိုင်ကသာ ဖြေ၏။

" ခိုင်နဲ့ လှိုင် မီးထွန်းပွဲ လျှောက်ကြည့်မလို့တဲ့ … "

" ဘယ်သူတွေနဲ့လဲ … "

" သိပါဘူး … သူငယ်ချင်းတွေနဲ့လို့ ပြောတာပဲ … "

ကျွန်တော်က ကြိုင့်ကို မျက်မှောင်ကြုတ် ကြည့်မိသည်။ ကြိုင်က ဘာမျှ နားလည်ဟန်မတူ …။ အပြစ် ကင်းမဲ့စွာ ပြုံးနေ၏။

မကြာမီ အိမ်ရှေ့ကို အမိုးလှန်ထားသော ဂျစ်ကားတစ်စီး ဆိုက်လာသည်။ ဂျစ်ကားပေါ်တွင် မိန်းမပျို နှစ်ဦးနှင့် ယောကျ်ားပျိုလေးဦးပါသည်။ ယောကျ်ားပျိုအားလုံးကို ကျွန်တော် မသိ။ တစ်ဦးမှာမူ ခိုင်တို့ တီးဝိုင်းမှဖြစ်၍ မျက်နှာတန်းမိနေ၏။ သူက စ၍ ဖိတ်ခေါ်သည်။

" ဟာ …အတော်ပဲ၊ ကိုမောင်မောင်ကြီးလည်း ရောက်နေတယ်။ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလား … နေရာဆန့်ပါတယ် … "

" ကိစ္စမရှိပါဘူးဗျာ … လည်ကြပါ။ ကျွန်တော်က သိပ်ဝါသနာ မပါ,ပါဘူး "

ကျွန်တော်တို့ စကားဆိုနေစဉ် ခိုင်နှင့် လှိုင်တို့ ထွက်လာကြသည်။ ညီအစ်မနှစ်ဦးစလုံးသည် ငွေဇာဖောက် မိုးပြာရောင် ထဘီဆင်တူ ဝတ်ထားကြ၏။ ရုပ်ရည်ချင်းကလည်း ဆင်သည်။ အလှချင်းကလည်း ညီသည်။ တန်ဆောင်ည ငွေလရောင်တွင် လုလင်ပျိုတိုင်း ယှဉ်တွဲပျော်ရွှင် ဂုဏ်ယူလိုသော ရုပ်ရည်မျိုး ဖြစ်ကြ၏။

www.burmeseclassic.com



ကျွန်တော့်ကို မြင်သောအခါ ခိုင်သည် မသိမသာ တုန်လှုပ်သွား၍ အားနည်းသောအပြုံးကို ပြုံး၏။ အလိုက်မသိသော လှိုင်ကသာ ဝမ်းသာအားရ အော်သည်။

" ဟော … ကိုကိုမောင်ကြီး လှိုင်တို့နဲ့ လိုက်ခဲ့မလား "

ပြောရင်းဆိုရင်းလည်း ကျွန်တော့်အနီး ကပ်၍ လက်မောင်းကို ဆွဲသည်။

" လှိုင်တို့ သွားပါလေ …။ ကိုကိုမောင် စာတွေ ကျက်တားလို့ ပင်ပန်းနေတယ်။ စောစော အိပ်ချင်တယ် "

" အို … လှိုင်တို့လည်း အစောကြီး ပြန်လာမှာပဲ။ လိုက်ခဲ့ပါ "

" သြော် … လှိုင်ကလည်း … ကားဘယ်ဆန့်မလဲ။ ပြီးတော့ ကိုကိုမောင် လူတောထဲ သိပ်မတိုးချင်ဘူး …။ အိမ်က စောင့်နေမယ်လေ …။ လှိုင် တကယ် စောစောပြန်ခဲ့ပေါ့ ဟုတ်လား …"

" တကယ်နော် …"

" တကယ်ပါ၊ ကိုကိုမောင် ဘယ်တုန်းက လိမ်ဖူးလို့လဲ "

ထိုအခိုက်တွင် မမျှော်လင့်ဘဲ အခြားဂျစ်ကားတစ်စီးက ထိုးဆိုက်လာသည်။ ကားပေါ်၌ တင်မောင်ညွန့်နှင့် အဖော် တစ်သိုက်ပါသည်။

တင်မောင်ညွန့်သည် ကားပေါ်မှ ခုန်ဆင်းလိုက်၍ ခိုင့်အနီးကပ်သည်။

" မမခိုင် ကျွန်တော် နောက်ကျသွားတယ်။ လာလေ … သွားကြမယ် "

တင်မောင်ညွန့်က ပိုင်စိုးပိုင်နင်းနိုင်သည်။ အရင်ရောက်နှင့်သော ကားမှ ခေါင်းဆောင်လူငယ်ကလည်း ခိုင့်အနီး ကပ်သွား၏။

" ဟေ့လူ တင်မောင်ညွန့် … ခင်ဗျား နောက်ကျသွားပြီ။ ကျွန်တော်တို့က ဦးတယ် "

သူက ပြုံးရွှင်ရယ်မောစွာ ပြောသော်လည်း တင်မောင်ညွန့်က သူ့ပြန်ဟောက်၏။

" ဘာဆိုင်လို့လဲဗျ …၊ ခိုင့်ကို ကျွန်တော် အရင်ပြောထားတာပဲ "

" ဟာ … ဒါကတော့ ကျွန်တော်လည်း ပြောထားတာပဲ "

သူတို့နှစ်ဦးသည် ဘဝ သေရေးရှင်ရေးပမာ ငြင်းခုံနေကြသည်။

ကျွန်တော်က ခိုင့်ကို လှမ်းကြည့်မိသည်။

ဤမျှအားနည်း၍ ဤမျှပျော့ညံ့သော ခိုင့်သဏ္ဌာန်ကို ကျွန်တော် တစ်ကြိမ်မျှ မတွေ့ဖူး …။ မျက်နှာလေးမှာ ဖြူရော်၍ မျက်လုံးများ ဝိုင်းနေသည်။ ငြင်းခုံနေသူ နှစ်ဦးအား ကြည့်ကာ ဘာမျှ စကားမဆိုနိုင်။

ဒေါ်လှယဉ်နှင့် ကြိုင်သည် ဘာမျှ အဆုံးအဖြတ်မပေးနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေကြ၏။ ငြိမ်းမောင်ကမူ ဖြစ်ပျက်နေသမျှကို ဂရုမစိုက်ဟန် မီးပုံးများ၌ ဖယောင်းတိုင် လိုက်စိုက် ထွန်းညှိနေလေသည်။

အဆုံးအဖြတ်ပေးသူက လှိုင်ဖြစ်၏။

လှိုင်သည် တင်မောင်ညွန့်ရှေ့ ရပ်လိုက်သည်။

" တင်မောင်ညွန့် နင်က နောက်ကျတယ်။ ဒီတော့ နက်ဖြန်မှ လာခေါ်။ လာ …မမခိုင် …သွားမယ် "

လှိုင်သည် ပထမဂျစ်ကားပေါ် ဝင်ထိုင်လိုက်၏။

ထိုအခါမှ ခိုင်သည် လှုပ်ရှားလာ၍ တင်မောင်ညွန့်ကို တောင်းပန်သည်။

" နက်ဖြန်မှ လာပါလား မောင်ညွန့် …။ သူတို့က ဦးနေပြီကွယ် …"

တင်မောင်ညွန့်က အံကြိတ်၍ ခိုင့်ကို ကြည့်သည်။ ဘာမျှပြန်မပြောတော့ဘဲ မျက်နှာတင်းတင်းဖြင့် သူ့ဂျစ်ကားဆီ ပြန်သွား၏။

www.burmeseclassic.com



ဂျစ်ကားက ဒေါကြီးမောကြီးဖြင့် ဆောင့်ထွက်သွားသည်။ တင်မောင်ညွန့်၏ အဖော်များက မကျေနပ်၊ လှောင်ပြောင်ကန့်ကွက် အော်ဟစ်သွားသံများနှင့် ကျန်ခဲ့သော ဂျစ်ကားပေါ်မှ ပြန်သရော်သံများကို ကြားရသည်။

ငြိမ်းမောင်သည် ကျွန်တော့်နား ကပ်လာ၍ တိုးတိုးဆိုသည်။

“ သူငယ်ချင်း … ခိုင်တို့နဲ့ မင်း လိုက်သွားဖို့ကောင်းတယ် … ထင်တယ် ”

“ ငါက ဘာလို့ လိုက်မရမလဲ။ ဒါတွေကို ငါ တစ်ခုမှ မကြိုက်ဘူး ငြိမ်းမောင် ”

အရေးထဲ ငြိမ်းမောင်က အဘိဓမ္မာဆန်စွာ ပြောနေပြန်၏။

“ မောင်ရာ … လောကကြီးမှာ မကြိုက်တာတွေချည်း ပြောနေလို့ ဘယ်ဖြစ်မလဲ။ လုပ်သင့်လုပ်ထိုက်တာကိုလည်း လျှော့ဈေးပေါ့ဈေး လုပ်ပေးဦးမှပေါ့ ”

ကျွန်တော်က စိတ်တိုလာသည်။

“ အေး … ဒါဖြင့် မင်းလိုက်သွား …”

“ မင်း တကယ်ပြောတာလား ”

“ ငြိမ်းမောင် မင်းဘာလို့ ငါ့ကို မေးခွန်းပြန်ထုတ်နေတာလဲ ”

အိမ်ဝတွင် မလှုပ်မယှက်ရပ်နေသော ခိုင်သည် ဂျစ်ကားပေါ် တက်၏။ ကားစက်နှိုးစတွင် ငြိမ်းမောင်က ပုဆိုးကို ပြင်ဝတ်၍ လှမ်းအော်သည်။

“ ဟေ့ … မျိုးဆွေ … နေဦး။ ငါပါ လိုက်မယ် ”

ငြိမ်းမောင်သည် ဂျစ်ကားနောက်မြီးပိုင်းမှ တွယ်တက်လိုက်ပါသွားသည်။

ဒေါ်လှယဉ်နှင့် ကြိုင်က ကျွန်တော့်ကို လှမ်းကြည့်ကြသည်။

ကျွန်တော်က လေးနက်စွာ ပြောမိသည်။

“ ဒေါ်ဒေါ်ရော မကြိုင်ရော ခိုင်နဲ့ လှိုင်ကို သိပ်အလိုမလိုက်ကြပါနဲ့။ အခု မြင်ပြီ မဟုတ်လား ”

ဒေါ်လှယဉ်သည် ရိုးအစွာဖြင့် ကျွန်တော့်ထံ စုံစမ်းသည်။

“ မောင် … အဲဒါ ဘာဖြစ်ကြတာလဲ ”

“ ဘာဖြစ်တယ်ဆိုတာ ဒေါ်ဒေါ် မြင်သားပဲ။ ဘုရားသခင် ဂုဏ်ကျေးဇူးကြောင့် ဘာမှ ရှေ့ဆက် မဖြစ်ကြပါစေနဲ့ …”

ကျွန်တော်သည် ခြံတွင်းသို့ ထွက်လာခဲ့သည်။

ကျွန်တော့်ကိုယ်ကျွန်တော် ဒေါသထွက်နေမှန်း ရိပ်မိသည်။ ဤဒေါသသည် မည်သူ့ထံ ဦးတည်နေသနည်း။ ဤသည်ကိုမူ ကျွန်တော် မသိ။

ကြိုင်သည် ကျွန်တော့်နောက်ပါးမှ လိုက်လာ၍ ခုံတန်းထက်၌ ထိုင်သည်။ ကြိုင်၏ အေးချမ်းသော မျက်နှာကို မြင်ရသောအခါ ကျွန်တော် စိတ်အတန်ငြေသွားသည်။

ဘာစကားက စ,ရမှန်းမသိ၍ ပြောမိပြောရာ ပြောမိသည်။

“ မမကြိုင်ကော မီးပွဲ လျှောက်မကြည့်ဘူးလား ”

ကြိုင်က သူ့လက်တွင် ပတ်ထားသော စိပ်ပုတီးကို ပြသည်။

“ မမကြိုင် ဥပုသ်ယူထားတယ် …။ ဒါထက် မောင်ကကော ဘာလို့ လျှောက်မလည်လဲ ”

“ မောင် လာတုန်းကတော့ လျှောက်လည်ဖို့ပဲ မမကြိုင် …။ လျှောက်လည်တယ်ဆိုတာ မမကြိုင် မှတ်မိသေးလား။ မောင်တို့ငယ်ငယ်က သန်လျင်မှာ မီးပွဲ လျှောက်ကြည့်တာလေ ”

ကြိုင်၏ မျက်နှာမှာ မသိမသာ ရဲသွားပြန်၏။ ဘာကို သွားသတိရသည်မသိ၊ အတန်ကြာမှ သက်ပြင်းလေးရှိုက် လိုက်ပြီး ဆိုသည်။

“ အခုလည်း … မောင် ဘာလို့ လျှောက်မကြည့်လဲ …။ ပျော်စရာကြီးပဲ …”

www.burmeseclassic.com



“ မမကြိုင်က ဘာကို ပျော်စရာကြီးလို့ ဆိုတာလဲ။ ရန်ကုန်မီးပွဲနဲ့ သင်္ကြန်ကို မောင် သိပ်စိတ်ပျက်တယ်။ နောက်တာတွေက လွန်တယ်။ ပျော်တာထက် ပျက်တာက များတယ်။ သီတင်းကျွတ် အဓိပ္ပါယ်၊ တန်ဆောင်တိုင် အဓိပ္ပါယ်၊ သင်္ကြန် အဓိပ္ပါယ်တွေ တစ်ခုမှ မရှိတော့ဘူး ”

ကြိုင်သည် ပြုံး၍ ကျွန်တော့်ကို စိုက်ကြည့်သည်။ ဘာကြောင့် ကြိုင်သည် ဤအပြုံးမျိုးကို ပြုံးနိုင်သနည်း။ ပြုံးနိုင် ရသနည်း ...။

အကြောင်းမှ ကြိုင့်အပြုံးသည် ဆွေးမြေ့သည်။ နားလည်သည်းခံသော အပြုံးလည်းဖြစ်သည်။ သနားကြင်နာသော အပြုံးလည်းမည်၏။

“ ဒါဖြင့် မောင် ... ဘာလို့ ခိုင်နဲ့ လှိုင်ကို မတားသလဲ ”

“ ကျွန်တော် ဘာကြောင့် တားရမလဲ ...။ ခိုင့်ကိုကော လှိုင့်ကိုကော ကျွန်တော် ပိုင်တာမှ မဟုတ်ဘဲ။ တားလို့ ဖြစ်ပါ့မလား ”

ကြိုင်သည် ပြုံးပြန်၏။ ကျွန်တော် သည်းမခံနိုင်သော အပြုံးကို ပြုံးပါသည်။

“ မမကြိုင် အဲဒီလို မပြုံးပါနဲ့ဗျာ ...။ မောင်ဟာ ... ပြုံးစရာ၊ ရယ်စရာ ဖြစ်နေသလား ”

ကြိုင်သည် နေရာမှ ထသည်။ ဖြူဝင်းသွယ်ပျောင်းသော သူ့လက်များဖြင့် ကျွန်တော့်ပုခုံးကို ကိုင်၏။

“ မမကြိုင် ပြုံးမိတာ ခွင့်လွှတ်ပါ မောင် ...။ မမကြိုင် မပြုံးရင် ဘာလုပ်ရမလဲ။ မောင့်လိုပဲ လိုက်ဒေါသထွက် ရမလား။ ဒါမှမဟုတ် ငိုနေရမလား ...”

ကျွန်တော်က ကြိုင့်ကို အံ့သြစွာ ပြန်ကြည့်မိသည်။ ကြိုင့်မျက်လုံးများ၌ အရောင်တို့ လဲ့နေသည်။ ဝန်းဝိုင်းသော မျက်ရည်များပေလော မသိ။ ကြိုင်က အေးချမ်းစွာ ဆိုသည်။

“ မောင်ရယ် ... သိပ်ပြီး စိတ်ဓာတ်မကြီးပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ကံကြမ္မာနဲ့ လောကဆိုတာက စိတ်ဓာတ်ကြီးတဲ့လူတွေကို သရော်လှောင်ပြောင်တတ်တယ်။ လူဆိုတာ ခက်သားပဲ။ ပိုင်တာကို မပိုင် ထင်တယ်။ မပိုင်တာကို အပိုင် ထင်တတ်တယ်။ ရှိတာကို မရှိထင်တယ်။ မရှိတာကို အရှိထင်တယ်။ ထင်တာတွေ လွဲမှ ငိုရရယ်ရမှန်း မသိ ဖြစ်တတ်တယ်။ ငိုတာထက်စာရင် ရယ်နိုင်တာ အနည်းဆုံး ပြုံးနိုင်တာ အကောင်းဆုံးထင်တယ် မောင် ...”

ကြိုင်သည် ဤမျှသာ ဆို၍ အိမ်တွင်းဝင်သွားသည်။

ခြံတွင်း၌ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်သည်။

ကြိုင်သည် သဘာဝတ္တဗေဒပညာ မဟာဝိဇ္ဇာတန်း နောက်ဆုံးနှစ် သီးဆစ် (ဋီကာ)ကို ရေးနေသူ ဖြစ်သည်။ သူ့ဋီကာ၏ နိဒါန်းနှင့် နိဂုံးကို ပြောသွားလေသည်လား မသိ။

ညဥ့်ဆယ့်တစ်နာရီထိုးကာနီးမှ ခြံဝသို့ ဂျစ်ကားတစ်စီး အပြင်းမောင်းနှင် ဆိုက်ကပ်လာသည်။

ဂျစ်ကားပေါ်ရှိ လူအားလုံး တုန်ယင်ချောက်ချားနေကြသည်။

ခိုင်က အရင် ပြေးဆင်းလာပြီး ကျွန်တော့်ကို အရင် ဖက်ငိုသည်။

ရတ်တရက် ကြောင်နေမိပြီးမှ ကျွန်တော်က ခိုင့်ပုခုံးကို ကိုင်လှုပ်၍ မေးရ၏။

“ ခိုင် ဘာဖြစ်တာလဲ၊ ပြောစမ်း ... မောင့်ကို ပြောစမ်း ...”

ခိုင်က မဖြေ။ တသိမ့်သိမ့်သာ ရှိုက်ဖိုငိုကြွေးနေသည်။

ခိုင့်လက်များက အေးစက်နေသည်။ ကျွန်တော့်ကို ဆုပ်ကိုင်ထားဟန်မှာ ရေနစ်သူတစ်ဦး၏ ဆုပ်မိ ဆုပ်ရာ သဏ္ဍာန် ပေါ်နေသည်။

ကျွန်တော်က ခိုင့်ကို ငုံ့ကြည့်မိသည်။

“ အို ...”

ခိုင့်အင်္ကျီတွင် ရဲရဲနီသော သွေးတို့ စွန်းထင်းလျက် ရှိနေ၏။

“ ခိုင် ... ခိုင် ...”

sic.com

www.burmeseclassic.com



ကျွန်တော်က ထိတ်လန့်တကြား အော်သည်။ ခိုင်က မလှုပ်။

ကျွန်တော်သည် ခိုင့်ကိုယ်လေးကို ပွေ့ချီယူမိသည်။ ခိုင် သတိလစ်နေလေပြီတကား။

ခိုင့်ကို ပွေ့ရင်း ကျွန်တော်က ကျန်လူများကို လှမ်းကြည့်မိသည်။ ဤလူများအနက် ငြိမ်းမောင် မပါ။

ကျွန်တော်က မျိုးဆွေဆိုသူအား လှမ်းမေးသည်။

“ နေပါဦး၊ ဘာဖြစ်လာကြတာလဲ၊ အသေကြီးတွေလို ငြိမ်မနေကြစမ်းနဲ့။ ပြောကြစမ်းပါဦး ငြိမ်းမောင်ကော ”

ပထမဦးဆုံး ဆိုသူမှာ လှိုင်ဖြစ်သည်။

“ ကို … ကို … မောင် … အစ်ကိုငြိမ်းမောင်ရယ် … အစ်ကိုငြိမ်းမောင်ရယ် …”

လှိုင်က စကားမဆုံးဘဲ မျက်နှာကို လက်ဝါးနှင့် အုပ်၍ ငိုကြွေးတော့သည်။

ကြိုင်နှင့် ဒေါ်လှယဉ် ထွက်လာသည်။ ကျွန်တော်သည် သတိလစ်လျက်ရှိသော ခိုင်အား ကြိုင်နှင့် ဒေါ်လှယဉ်ဆီ လွှဲပေးပြီး မျိုးဆွေ၏ အင်္ကျီရင်ဘတ်ကိုဆွဲလျက် မေးသည်။

“ ဟေ့လူ ဘာဖြစ်လာတာလဲ၊ ပြောလေဗျာ ”

ထိုအခါမှ မျိုးဆွေသည် လှုပ်ရှားလာသည်။

“ ဟို … ဟို … ငြိမ်း … ငြိမ်းမောင် …။ ဆေးရုံမှာ ထားခဲ့ရတယ် ”

ကျွန်တော်သည် မျိုးဆွေ၏ ရင်ဘတ်ကို ပိုတင်းအောင်ဆုပ်၍ ဆောင့်မေးသည်။

“ ဘာလို့ ငြိမ်းမောင် ဆေးရုံရောက်ရတာလဲ။ ပြောစမ်းပါ၊ မြန်မြန်ပြောစမ်းပါ ”

မျိုးဆွေသည် ပင်ပန်းမောဟိုက်စွာနှင့် ကျွန်တော့်ကို မျက်လုံးအပြူးသား ကြည့်နေသည်။ ကျွန်တော်က တင်းကျပ်စွာ ဆွဲထားသော လက်ကို ဖြေလိုက်၏။

ထိုအခါ မျိုးဆွေက လေကို အငမ်းမရ ရှူရှိုက်လိုက်ပြီး စကားစ,ပြောသည်။

“ ကျွန်တော်တို့နဲ့ တင်မောင်ညွန့်တို့ကား ဘုတ်ကလပ်နား သွားဆုံတယ်။ သူတို့ နောက်ကြတယ်။ ကျွန်တော်တို့ သည်းခံပါသေးတယ်။ နောက် ကားပေါ် ဗျောက်အိုးကျလာတယ်။ အဲဒီတော့ ရန်ဖြစ်ကြတယ်။ ငြိမ်းမောင်ကတော့ ဝင်တားတာပဲ။ ရှုပ်ရှုပ်ယှက်ယှက် ဖြစ်သွားတုန်း ဘယ်သူ့လက်ချက်မှန်း မသိဘူး။ ငြိမ်းမောင် ဓားထိုးခံရပြီး အဲ … အခု ဆေးရုံကြီးမှာ ထားရစ်ခဲ့ရတယ် …”

ကျွန်တော့်မျက်လုံးများ ပြာသွားသည်။ ကိုယ့်ကိုယ်ကို ဘာလုပ်မသည် မသိမီ ကားပေါ် ရောက်သွား၏။ ဂျစ်ကားကို စက်ကုန်ဖွင့်ကာ ဆေးရုံကြီးဆီသို့ အပြင်းမောင်းထွက်လာမိသည်။

ဆေးကျောင်းသားတစ်ဦး ဖြစ်သောကြောင့် ငြိမ်းမောင် ရှိရာသို့ အလွယ်တကူ ရောက်ခဲ့သည်။

ငြိမ်းမောင်ကို အောက်ဆီဂျင်ဓာတ် ပေးထားရ၏။ သွေးလည်း သွင်းပေးနေရသည်။

ကျွန်တော်၏ ဆရာ ပါမောက္ခဒေါက်တာတစ်ဦးက ရှင်းပြသည်။

“ ရဲဘက်ဆိုင်ရာ ဆရာဝန်ကြီးက ဓားမြှောင်ဒဏ်ရာလို့ ဆိုတယ်။ ဘယ်ဘက်အဆုတ် အလယ် တည့်တည့် ထိသွားတယ်။ နှလုံးနဲ့ ကပ်လွဲသွားတာ ကံကောင်းတယ် ဆိုရမယ် …”

ငြိမ်းမောင်ကို ခွဲစိတ်ခန်းသို့ ယူသွားကြသည်။

ယူကြုံးမရစွာ အောက်ထပ်သို့ဆင်းလာသော ကျွန်တော်သည် လူတစ်သိုက်နှင့် သွားဆုံသည်။

ခိုင်၊ လှိုင်၊ ကြိုင်နှင့် ဒေါ်လှယဉ်။ ထို့နောက် အရက်မူးပြေသေးဟန် မရှိသေးသော ငြိမ်းမောင်ဦးလေး၊ မျက်နှာရှစ်ခေါက်ချိုးနှင့် ငြိမ်းမောင်အဒေါ် …။ ငြိမ်းမောင်အဒေါ်သည် မဲ့ကာရွဲ့ကာဖြင့် ကျွန်တော့်ကို လှမ်းမေးသည်။

“ ဘယ့်နှယ် … သေပြီလား …။ အဒေါ်တို့ အလောင်းလာကောက်တာ ”

ကျွန်တော်သည် ဤမိန်းမကြီးကို စကတည်းမှ မေတ္တာမရှိ။ ယခုမူ ပို၍ မြင်ပြင်းကပ်မိသည်။

www.burmeseclassic.com



" ဩ ... အလောင်းလာကောက်တာ ဟုတ်လား ...။ ဝမ်းနည်းစရာပဲ၊ ဒေါ်ဒေါ်တို့ ရွှေမေတ္တာကြောင့် ငြိမ်းမောင် မသေသေးပါဘူး။ ငြိမ်းမောင်ဟာ ဘယ်တော့မှ သေမယ့်လူ မဟုတ်ဘူး ...။ မျက်ရည်မကျပါနဲ့ ဒေါ်ဒေါ် ... ဒေါ်ဒေါ့် မျက်ရည်ဟာ မြေမကျကောင်းဘူး ..."

ကျွန်တော်မုန်းသော ဤမိန်းမကြီးကို အယဉ်ကျေးနိုင်ဆုံး ပက်ပက်စက်စက် ပြောပြီး ကားဆီသို့ ထွက်ရန် လှမ်းလိုက်သည်။

ကျွန်တော့်လက်မောင်းကို ခိုင်က လှမ်းဆွဲသည်။

ခိုင့်မျက်လုံးများ၌ မျက်ရည်တို့ ဝဲလျှံနေသည်။ ခိုင့်ဆံပင်များကလည်း ဖြူဝင်းသောမျက်နှာနှင့် လည်တိုင်ဆီ ကပိုကရို ကျဆင်းနေ၏။

ဤအသွင် ... ဤအလှကို ကျွန်တော်က မုန်းတီးနာကြည်းစွာ ကြည့်မိသည်။

ခိုင်က စကားပြောရန် ဟန်ပြင်သည်။ ထိုအချိန်တွင် ကျွန်တော့်လက်မောင်းများကို ကိုင်ထားသော ခိုင့်လက်များကို ကျွန်တော်က လက်စောင်းခုတ် ပုတ်ချလိုက်သည်။

" မောင့်ကို ဘာမှ စကားတွေ ပြောမနေနဲ့ ခိုင်။ ခိုင့်စကားတွေကို ငြိမ်းမောင် သတိရမှ ပြောဖို့ ချန်ထား "

ကျွန်တော်သည် ကားပေါ်သို့တက်၍ မောင်းထွက်ခဲ့သည်။

www.burmeseclassic.com



# ( ၂၄ ) မုန်းသည်ဆိုသောနေ့

ငြိမ်းမောင်သည် နိုင့်အကြောင်းကို ခေတ်ပိုင်း၍ သမိုင်းပမာ ပြောခဲ့သည်။ သမိုင်းမည်သည် ပြန်လည် ထပ်ကျော့တတ်သော သဘောကိုမူ သတိပြုမိဟန်မတူ။

ယခုကား သမိုင်းသည် ပြန်လည်ထပ်ကျော့သည်ဟု ဆိုရမည်ကဲ့သို့ ရှိ၏။

ဆေးရုံကြီး၌ ငြိမ်းမောင်သည် လူမှန်းသူမှန်း မသိဘဲ သုံးရက်ခန့် ဝေဒနာ ခံစားနေရသည်။ သတိရပြီး နောက်ပိုင်း၌လည်း ရက်ပေါင်းများစွာ ဂလူးကို့(စ်)သွင်းလျက် ပက်လက်ကလေး မလှုပ်မယှက်နေရ၏။

ငြိမ်းမောင်၏ အသားများသည် ဖြူလျော်ဝါရွှေ၍ နက်သောမျက်ခုံးများသည် ပို၍မှောင်သည်ထင်ရ၏။ စကား ကောင်းစွာမပြောနိုင်သော်လည်း နိုင်နှင့် ကျွန်တော့်ကို ကြည့်သော သူ့မျက်လုံးကြီးများမှာ အဓိပ္ပါယ် အမျိုးမျိုးဆောင်နေ၏။ ထိုအဓိပ္ပါယ်တို့ကို ခွဲခွဲခြားခြား ကျွန်တော် နားမလည်။ သို့ရာတွင် လေးနက်သမျှ ဆွေးမြေ့ခြင်းသဘောလွှမ်းကြောင်းကိုမူ ကျွန်တော် ခံစားသိမိ၏။

ငယ်စဉ်ကလေးဘဝက နိုင့်ကြောင့် ရေနစ်၍ သေလုမျောပါး ဖြစ်ခဲ့ရပုံကို ကျွန်တော် တသသ အမှတ်ရမိသည်။

သူငယ်ချင်းမျိုးစုံရှိသည်။ အထက်စီး အနိုင်ယူသော သူငယ်ချင်းကား တစ်မျိုး၊ တန်းတူရည်တူ ပေါင်းသော သူငယ်ချင်းကား တစ်မျိုး၊ အောက်ကျို့နှိမ်ချကာ အနစ်နာခံပေါင်းသော သူငယ်ချင်းကား တစ်မျိုး ... ဤသူငယ်ချင်းအပြားသုံးပါး၌ ငြိမ်းမောင်သည် ရှားပါးလှသော တတိယ သူငယ်ချင်းအစားမျိုး ဖြစ်သည်။

ငြိမ်းမောင် ခံစားနေရသည်ကို မချိတင်ကဲကြည့်ရင်း ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်တင်မိသည်။ ကြိုတင် စိုးရိမ်သဖြင့် ငြိမ်းမောင်သည် ကျွန်တော့်ကို နိုင်တို့နှင့် လိုက်သွားရန် တောင်းပန်ခဲ့၏။ ကျွန်တော်သာ လိုက်သွားလျှင် ဤသို့ ဖြစ်ချင်မှဖြစ်မည်။

ကျွန်တော့်အနေနှင့် တာဝန်ရှောင်ရာ ကျခဲ့သည်။ သူငယ်ချင်းကောင်း မပီသရာ ကျခဲ့သည်။ ကိုယ့်အမြင် ကိုယ့်အထင်နှင့် ကိုယ်လုပ်ချင်လျှင် ပစ်ပယ်လျစ်လျူရှုတတ်သော ကျွန်တော်သည် ငြိမ်းမောင်နှင့် နှိုင်းစာကာ တစ်ကိုယ်ကောင်းဆန်ရာလည်း ကျနေသည်။

ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်မိသည်။ ကိုယ့်ကိုယ်ကို အပြစ်တင်မိရာမှ ဤဒုက္ခမီးကို စ,မွှေးလာသူ နိုင့်ကို စိတ်ဆိုးမိသည်။

ငြိမ်းမောင် ဒဏ်ရာရသောညက နိုင့်ကို စကားမာမာ ပြောပြီးသည့်နောက် ကျွန်တော်သည် ဆက်လက်၍ တင်းတင်းမာမာနေသည်။

ကျွန်တော်က ဆေးသိပ္ပံကျောင်းဆောင်မှ ငြိမ်းမောင်ထံ မှန်မှန်သွားကြည့်သည်။ နိုင်က အိမ်မှ မှန်မှန် လာသည်။

နိုင့်မျက်ခွံများမှာ မို့နေတတ်၍ နိုင့်မျက်လုံးများ နီရဲနေတတ်သည်ကို ထောက်သဖြင့် နိုင် ငိုနေခဲ့မှန်း ကျွန်တော် သိသည်။ ငြိမ်းမောင် သတိမရမီက နိုင်သည် ဝါဖျော့သော သူ့မျက်နှာကို တွေတွေငုံ့ကြည့်ရင်း အပေါ်နှုတ်ခမ်းကို အောက်သွားဖြင့် ကိုက်လျက် မျက်ရည်ပေါက်ပေါက် ကျတတ်သည်။

ငြိမ်းမောင် သတိကောင်းစွာပြန်ရ၍ စကားဆိုနိုင် ... ရယ်မောနိုင်မှ နိုင်လည်း ပြုံးဖော်ရသည်။

နိုင်သည် သစ်သီးပန်းသီးများကို ခွဲစိတ်၍ ငြိမ်းမောင်ကို တယုတယ ခွံ့ကျွေးသည်။ စောင်များကို ငြိမ်းမောင် ကိုယ်ပေါ်၌ ချပ်ချပ်ရပ်ရပ် ... သေသေသပ်သပ်ရှိရန် ပြုပြင်ခြုံလွှမ်းပေးသည်။ ဤသို့ လုပ်ကိုင် ပေးရင်း ကြေကွဲသော အပြုံးလေးကို ဆောင်နေဆဲ မျက်ရည်တို့လည်း အစဉ်ဝဲနေ၏။

နိုင်၏ အမူအကျင့်လေးများသည် ငယ်စဉ်ဘဝကို ပြန်ပြောင်းအောက်မေ့ဖွယ်ဖြစ်၏။ ဤသို့ အောက်မေ့လေသည် ခဏ၌ နိုင့်အပေါ် ကျွန်တော် စိတ်ဆိုးပြေမိလေသည်တကား။

www.burmeseclassic.com



တင်မောင်ညွှန့်တစ်ယောက်လည်း ငြိမ်းမောင်ကို မှန်မှန်လာကြည့်သည်။ တင်မောင်ညွှန့်၏ သူငယ်ချင်းတစ်ဦး ဖြစ်သော ကြည့်မြင်တိုင်သား သိန်းဟန်ဆိုသူမှာမူ ငြိမ်းမောင်ကို ဓားထိုးမှုနှင့် အချုပ်တွင်း ရောက်နေသည်။

နဂိုက မေတ္တာမရှိလှသော တင်မောင်ညွှန့်ကို ကျွန်တော်က ယခု လုံးဝစကားမပြော။ လူ့ယဉ်ကျေးမှု အရသာ သည်းခံနေရသည်။ စင်စစ်မူ ဂုတ်မှဆွဲ၍ ဆေးရုံသုံးထပ်ပေါ်မှ အောက်သို့ ပစ်ချချင်မိသည်။

တင်မောင်ညွှန့်ကို ခိုင်ကလည်း စကားမပြော။ သူ့ကို ခွင့်လွှတ်၍ ရင်းနှီးမှုမပျက် ဆက်လက် ဖော်ရွေနေနိုင်သူကား ကာယကံရှင် လူနာ ငြိမ်းမောင်သာတည်း။

စိတ်ဆိုးပြေသော တစ်နေ့တွင် ခိုင်တို့အိမ်သို့ ကျွန်တော် ထွက်လာခဲ့သည်။

အိမ်၌ ဧည့်သည်ရှင်းနေ၏။ ဤသည်ကို ကျွန်တော် သဘောကျမိသည်။

ခိုင့်ကို အိမ်တွင်း၌ မတွေ့သဖြင့် ခြံတွင်းသို့ ဆင်းလာခဲ့သည်။

စံပယ်ပင်များအနီး ခိုင့်ကို လှမ်းမြင်ရသည်။ ခိုင်တစ်ယောက်တည်း မဟုတ်။ တင်မောင်ညွှန့်လည်း ရှိနေသည်။

ပထမသော် ကျွန်တော်က အိမ်ဆီ ပြန်တက်မည် စိတ်ကူး၏။ သို့ရာတွင် သူတို့ထံမှ စကားသံများ ကြားရသဖြင့် ငြိမ်၍နားထောင်မိသည်။

ပထမ စ,ကြားရသည်မှာ တင်မောင်ညွှန့်၏ အသံ ...။

“ အခုတော့ ... မမခိုင် ကျွန်တော့်ကို မုန်းပြီပေါ့ ”

“ အခုတော့ မုန်းပြီဆိုတော့ ဘယ်တုန်းကများ မင်းကို ငါ ချစ်တယ်လို့ ပြောခဲ့ဖူးသလဲ တင်မောင်ညွှန့် ... ဟင် ”

တင်မောင်ညွှန့်၏ ဆို့နင့်ခြင်းနှင့် သရော်ခြင်းရောသော ရယ်သံ ပေါ်လာ၏။

“ ဟုတ်ပါတယ်၊ ကျွန်တော့်ကို ချစ်ပါတယ်လို့ မမခိုင် တစ်ခါမှ မပြောပါဘူး၊ ဘယ်ယောကျ်ားလေးကိုမှ မပြောပါဘူး။ ဘာကြောင့်လဲဆိုတော့ ပြောဖို့မှ မလိုဘဲ။ မမခိုင်က အမူအယာနဲ့ စကားပြောတတ်တဲ့ မိန်းမတစ်ဦးပဲ။ ခက်တာက မမခိုင်ဟာ အမူအယာနဲ့ လူတိုင်းကို စကားတစ်မျိုးပဲပြောတယ်။ ရှူးကြ၊ သတ်ကြ၊ သေကြအောင် ပြောတယ်၊ ဟုတ်တယ် မဟုတ်လား”

ခိုင်သည် ရုတ်တရက် ပေါက်ကွဲထွက်လာသော ဒေါသကို ကြားရ၏။

“ မင်း ... ငါ့ကို ဘာလို့ စော်ကားနေရလဲ မောင်ညွှန့် ”

“ တစ်လောကလုံးမှာ ကျွန်တော် မစော်ကားဝံ့ဆုံး လူတစ်ယောက်ဟာ မမခိုင်ပါပဲ။ မမခိုင်ကို စော်ကားကြတဲ့၊ သမုတ်ကြတဲ့၊ စွပ်စွဲကြတဲ့လူတွေရဲ့ သရော်လှောင်ပြောင်ချက်ကို ဂရုမထားဘဲ မမခိုင်ကို ကျွန်တော် ချစ်ခဲ့တယ်။ ချစ်ခဲ့တယ် ဆိုတဲ့စကားဟာ မှားပါတယ် ... ကိုးကွယ်ခဲ့မိတယ်။ အဲဒီလို ကိုးကွယ်ခဲ့မိတာဟာလည်း ကျွန်တော် မှားတာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုးကွယ်သူဟာ ဘယ်တော့မှ ပိုင်ဆိုင်ခြင်းကို မရဘူး။ ကိုယ်က ပူဇော်ရတာပဲရှိတယ် ”

ခိုင့်ထံမှ စကားသံ ပေါ်မလာ။ တင်မောင်ညွှန့်၏ အသံသည်သာ ကြေကွဲဖွယ် ဖြစ်လာ၏။

“ မမခိုင်ကို အသည်းနှလုံးနဲ့ ပူဇော်ပြီးပြီ။ နှစ်သက်သည်ဖြစ်စေ ... မနှစ်သက်သည်ဖြစ်စေ မမခိုင် ငြင်းပယ်လို့ မရတော့ဘူး။ အသည်းနှလုံးကိုမှ နည်းသေးတယ်ထင်ရင် ဒီမှာ မမခိုင် ... ကျွန်တော့်အသက်ကို ထပ်ပူဇော်ဦးမယ် ...”

ကျွန်တော်က ပန်းချုံအကွယ်မှ လှမ်း၍ သူတို့ကို ကြည့်မိသည်။

ခိုင်က နာကြည်းလှစွာသောဟန်နှင့် တင်မောင်ညွှန့်ကို စိုက်ကြည့်နေသည်။ လက်သီးကလေးများ ဆုပ်လျက်၊ နှုတ်ခမ်းလေးများက တုန်လျက်၊ ခံစားမှုက ဆို့ပိတ်နေသဖြင့် ပြောလိုရာစကားကို ရှာမတွေ့ဟန် ပြနေသည်။

www.burmeseclassic.com



အတန်ကြာမှ မိမိကိုယ်ကို ထိန်းသိမ်းလျက် ခိုင်သည် စကားပြန်၏။

" မမခိုင်ကို ဘာလို့ကိုးကွယ်နေကြသလဲ။ ဘာလို့ ဒီအသည်းနှလုံးတွေ၊ အသက်တွေကို ပူဇော်ချင်ကြသလဲ။ ဒါတွေကို မမခိုင်က ဘာလုပ်ရမှာလဲ။ အမှန်က စကားအဖြစ်သာ မင်းတို့ ပြောနေတာ၊ စင်စစ်က မင်းတို့တွေဟာသာ မမခိုင် အသည်းနှလုံးကို မင်းတို့တွေ တောင်းဆိုနေကြတဲ့လူတွေပါ။ တစ်ခုတည်းရှိတဲ့ အသည်းနှလုံးကို မမခိုင် ဘယ်လိုလုပ် ဝေပေးနိုင်ပါ့မလဲ"

တင်မောင်ညွန့် ရယ်ပြန်သည်။ ရယ်၍အားရမှ စကားဆိုသည်။

" ဟုတ်ပါတယ်၊ ကျွန်တော်တို့အားလုံးအတွက် မမခိုင်ရဲ့ အသည်းနှလုံးကို ဝေမပေးနိုင်ပါဘူး။ ဝေပေးဖို့လည်း မလိုပါဘူးလေ။ မမခိုင် ပေးလိုသူက တစ်ယောက်တည်း ရှိတာကိုး။ အဲဒီတစ်ယောက်ဟာလည်း ..."

တင်မောင်ညွန့် စကားမဆုံးလိုက်ရ။ စူးရှခက်မာစွာ အော်လိုက်သော ခိုင့်အသံ ပေါ်လာ၏။

" မင်းစကားပြောတာ များပြီ၊ တော်တော့ ထပ်မပြောနဲ့ "

တင်မောင်ညွန့်က မရပ် ...။

" ဟုတ်တာပြောတော့ မမခိုင် မခံနိုင်ဘူး။ ဒါပေမယ့် မှန်တာကို ဆက်ပြောရဦးမယ်။ မမခိုင် အသည်းနှလုံးကို မမခိုင် ပေးလိုတာ ကျွန်တော်လည်း မဟုတ်ဘူး။ ကိုငြိမ်းမောင်လည်း မဟုတ်ဘူး။ အဲဒီလူက ..."

ဤအကြိမ်တွင်မူ ခိုင်၏ လက်တစ်ဖက် မြောက်တက်သွားသည်ကို တွေ့ရသည်။ ခိုင့်လက်ဝါးနှင့် တင်မောင်ညွန့် ပါးတို့ ထိမိသည့်ခဏ၌ ဖြန်းကနဲ မြည်သံပေါ်လာ၏။

တင်မောင်ညွန့်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

ကျွန်တော်သည် ပန်းချီကွယ်မှ ထွက်မည်ပြုပြီးမှ သတိရ၍ ဆက်လက် ငြိမ်ရပ်နေရ၏။

တင်မောင်ညွန့်၏ လက်ဝါးတစ်ဖက်သည် သူ့မျက်နှာကို အုပ်လျက်ရှိနေသည်။ ဘေးတိုက်မြင်နေရသောကြောင့် မျက်နှာမှ ခွာလိုက်သော တင်မောင်ညွန့်၏ လက်ဖဝါးတွင် သွေးများ ပေကျံလျက်ရှိလာသည်ကို ကျွန်တော် ကောင်းစွာ မြင်ရသည်။

တင်မောင်ညွန့်၏ ပါးစပ်မှလည်း သွေးဖြာဖြာ စီးကျနေ၏။

တင်မောင်ညွန့်သည် လက်ဖဝါးမှ သွေးများကို ခေတ္တသော် ငေးစိုက်ကြည့်နေ၏။ ထို့နောက် ကြောက်မက်ဖွယ်ရာ မိုက်ကန်းသော စကားကို ဆို၏။

" မမခိုင် လက်ချက်ကြောင့် ကျွန်တော့်ကိုယ်က သွေးကျခဲ့ရပြီ၊ အဲဒီသွေးတွေကို တိုင်တည်ပြီး ကျွန်တော် သစ္စာပြုတယ်။ မမခိုင်ကို ကျွန်တော် ပိုင်ရပါစေ။ မပိုင်နိုင်သော် သွေးမြေကျခြင်း မဆုံးပါစေနဲ့။ ကျွန်တော်သော်လည်းကောင်း၊ မမခိုင်သော်လည်းကောင်း ဒီမြေပြင်က မကွယ်ပျောက်မချင်း သွေးမြေကျခြင်း မဆုံးပါစေနဲ့ "

မိုက်ကန်းလှသော သတ္တဝါကလေးသည် ဤကြောက်မက်ဖွယ် ကျိန်စာကို ရေရွတ်ပြီး ခြံတွင်းမှ ထွက်ခွာသွားလေ၏။

တင်မောင်ညွန့် ထွက်သွားပြီး ကြာလေမှ ကျွန်တော်က ပန်းချီဘေးမှ ထွက်၍ ခိုင့်အနား ကပ်ခဲ့သည်။

ခိုင်က မျက်နှာကို လက်ဝါးဖြင့် အုပ်၍ တိုးတိုးတိတ်တိတ် ကြိတ်ရှိုက်ငိုနေသည်။

" ခိုင် ..."

ခိုင်က ကျွန်တော့်ခေါ်သံ ကြားပုံမရ။ ထူးလည်း မထူး၊ လှည့်လည်း လှည့်မကြည့်။

**" ခိုင် ..."**

ကျွန်တော့်အသံက အတော်ကျယ်သွားသည်။ ထိုအခါမှ ခိုင်သည် ထိတ်လန့်တကြား လှည့်ကြည့်၏။

ကျွန်တော်က မျက်ရည်တို့ဖြင့် ပြည့်လျှံနေသော ခိုင့်မျက်လုံးများကို အတန်ကြာစွာ စိုက်ကြည့်မိသည်။

အားငယ်မှုန်ရီသော ဤမျက်လုံးများသည် မပြောင်းလဲသေးပါတကား။ မပြောင်းလဲသေးပါတကား။

ကျွန်တော်သည် အချိုသာဆုံး ပြုံး၍ အိတ်တွင်းမှ လက်ကိုင်ပဝါကိုထုတ်ပြီး ခိုင့်အား ပေးသည်။

www.burmeseclassic.com



ခိုင်က ကလေးငယ်ပမာ ကျွန်တော် ထုတ်ပေးသော လက်ကိုင်ပဝါနှင့် မျက်ရည်များကို သုတ်ပစ်ရာ၏။

ခိုင့်မျက်နှာ၌ မျက်ရည်များ မရှိတော့သော်လည်း တစ်ချီတစ်ချီ ရှိုက်သံက ဖောက်လာနေသည်။

ကျွန်တော်က အေးချမ်းစွာ အမိန့်ပေးသည်။

" သွား … ခိုင် မျက်နှာသစ်ပြီး ပေါင်ဒါလိမ်းခဲ့၊ အဝတ်အစားလည်း လဲခဲ့နော် … မောင်တို့ လမ်းလျှောက်ကြ ရအောင် …"

ခိုင်သည် မျက်လုံးအဝန်းသားနှင့် ကျွန်တော့်ကို ပြန်ကြည့်သည်။ လှုပ်ကား မလှုပ်။

" သွားလေ ခိုင် … မောင်တို့ လမ်းလျှောက်ကြရအောင် …"

ခိုင်သည် တစ်ချက်ထပ်၍ ကျွန်တော့်ကို ကြည့်လိုက်သေးသည်။ ထို့နောက် ဘာမျှပြန်မပြောဘဲ အိမ်တွင်းသို့ ဝင်သွားရာ၏။

မကြာခင် ခိုင် ပြန်ထွက်လာသည်။ ခိုင့်နောက်ပါးမှ လှိုင်လည်း ကပ်ပါလာသည်။

ခိုင်က ကျွန်တော့်ဆီ လျှောက်လာသည်။ လှိုင်က အိမ်ပေါက်ဝ အုတ်ခုံမြင့်မှ နေ၍ ကျွန်တော်တို့ နှစ်ဦးအား စူးစမ်းသယောင် လှမ်းကြည့်နေသောကြောင့် ကျွန်တော်က လှိုင့်ကို လှမ်းပြော၏။

" ဩော် … လှိုင်ရေ၊ ကိုကိုနဲ့ ခိုင် လမ်းလျှောက်သွားဦးမယ် …။ ဒေါ်ဒေါ်နဲ့ မမကြိုင်မေးရင် ပြောပြလိုက် ကြားလား "

လှိုင်သည် အထူးအထွေ ပြန်မပြောဘဲ … ပြုံးလဲ့လဲ့လေးဖြင့် ခေါင်းညိတ်ပြရှာ၏။

ကျွန်တော်နှင့် ခိုင်သည် ကျွန်းတောလမ်းဘက်သို့ ထွက်ခဲ့သည်။ တစ်ဖန် မဟာမြိုင်လမ်းမှတစ်ဆင့် ပြည်လမ်းမကြီးဆီ လျှောက်လာခဲ့ကြသည်။ ပြည်လမ်းမကြီးအတိုင်း မြောက်ဘက်သို့ ဆက်လျှောက်လာခဲ့ရာ မကြီးကြီးလမ်းထိပ် အရောက်တွင် ထောက်ကြံ့သွား ဘတ်(စ်)ကားတစ်စီး ဆိုက်လာ၏။

" လာ ခိုင် … ကားလျှောက်စီးကြရအောင် "

ခိုင့်ဆီမှ အဖြေမရဘဲ ကျွန်တော်က ကားပေါ်တက်သဖြင့် ခိုင်လည်း လိုက်တက်ခဲ့ရသည်။

ကားထွက်စတွင် စပယ်ယာက မေးသည်။

" ဘယ်သွားကြမှာလဲ ဆရာ …"

" ဘွဲ့နှင်းသဘင်လမ်းကိုကွာ …"

ကျွန်တော်က ဖြေရင်း ပိုက်ဆံသုံးမူး ထုတ်ပေးသည်။

ကားထွက်လာ၍ အချိန်အတန်ရသောအခါ ခိုင်က ကျွန်တော့်ကို လှည့်ကြည့်သည်။ ကျွန်တော်က ပြုံးပြသောအခါ ပြန်ပြုံးလေသည်။

ကျွန်တော်တို့ ဘွဲ့နှင်းသဘင်လမ်းထိပ်၌ ဆင်းကြသည်။ ထိုလမ်းအတိုင်း ဆက်လျှောက်လာကြ၍ လက်ဝဲဘက် ချိုးလိုက်သောအခါ ရေဂယက် လှိုင်းနုနုတို့ ညင်ညင်သာသာ ပုတ်ခတ်ဦးတိုက်နေရာ အင်းယားကန်စပ်သို့ ရောက်လာခဲ့၏။

ညနေ လေးနာရီခန့်သာ ရှိသေးသော်လည်း ဆောင်း၏ ဒေါင်းယာဉ်ပျံသည် ရောင်လျှံကို ညှိုးညှိုးမှိန်မှိန်သာ ပေးနေသည်။ နွေသည် အဝေးဝယ်ရှိနေသေးသော်လည်း သစ်ရွက်ဝါ တစ်ရွက်တလေသည် ကမ်းစပ်မြက်ခင်းပေါ်သို့ ကြွေသက် ခုန်ဆင်းနေ၏။

ခိုင်သည် မရန်းပင်ကြီးတစ်ပင်၏ ပင်စည်ကို မှီလျက် ကန်ရေပြင်ကို ငေးရင်း ရပ်သည်။ ကျွန်တော်ကလည်း ခိုင့်အနီးတွင် ရပ်လျက် ခိုင် ငေးကြည့်ရာ ရေပြင်ကို စူးစိုက်ကြည့်နေမိသည်။

ကျွန်တော်က ခိုင့်ဘက်လှည့်၍ ကြည့်ချိန်အထိ ခိုင်သည် ငြိမ်လျက် ကန်ရေပြင်ကိုသာ ငေးကြည့်နေလေ၏။

" ခိုင့်ကို မောင် စကားပြောနိုင်ပြီလား …"

www.burmeseclassic.com



ခိုင်သည် မျက်တောင်ကော့ကြီးများကို ပင့်၍ ကျွန်တော့်ကို ဝေဝေမှုန်မှုန် ကြည့်သည်။ ဤအကြည့်ကို ရင်မဆိုင်ရဲသော ကျွန်တော်က မျက်လုံးများကို ကန်ရေပြင်ဆီ လွှဲလိုက်ရ၏။

" ပြောလေ မောင် ... ခိုင် နားထောင်နေတယ် "

ဤသို့ဆိုပြန်သော် ကျွန်တော် ဘာပြောရမှန်း မသိ။ ပြောစရာ မရှိ၍ မဟုတ်၊ ပြောစရာတွေ များလှသောကြောင့် ဘယ်ကစ၍ ဘာကိုပြောရမှန်း မသိခြင်းသာ ဖြစ်၏။

ဘာကို စ,ပြောရမှန်း မသိသဖြင့် ကျွန်တော်က ခိုင့်မျက်နှာလေးကို ပြန်ငေးကြည့်မိသည်။

ခိုင့်မျက်နှာလေးသည် နုနယ်နေ၏။ နူးညံ့နေ၏။ ပျော့ပျောင်းနေ၏။ သန့်စင်နေ၏။

နံ့သာကို ဖုံအောင် မလိမ်း၊ အပူရုပ်ကို ထိန်းသည်ဆိုရုံ လိမ်းထားသဖြင့် ပင်ကိုသဘာဝအသားက မပျက်။ နက်မှောင်သော ဆံပင်ကို နောက်ထုံးရှင်အဖြစ်သာ ဆင်ထားသဖြင့် ပြုပြင်ရာလည်း မရောက်၊ မပြုပြင်ရာလည်း မရောက်၊ လေနှောင့်သဖြင့် ဆံယဥ်တို့ ဝဲပျံလွင့်နေပုံကပင် စိတ်တွင် ကရုဏာသက်ချင်စဖွယ် ဖြစ်နေသည်။

" ပြောမယ်ဆို မောင်၊ ခိုင် နားထောင်နေတယ်လေ ..."

ခိုင်က ထပ်ဆင့်သတိပေးလေမှ ကျွန်တော်သည် သက်ပြင်းကို မှုတ်ထုတ်ပြီး မျက်နှာတည်တည်နှင့် ဆိုသည်။

" ပြောမယ်ဆို ပြောပါမယ် ခိုင်ရယ် ...၊ ဒါပေမယ့် မောင့်စေတနာကို ခိုင် သတိထားစေလိုတယ်။ ခိုင် မှတ်မိ သေးရဲ့လား၊ ခိုင်နဲ့ မောင် ငယ်ငယ်က ချောက်ကြီးထဲ ကျကြတာလေ။ မောင် အတန်တန် တားရက်နဲ့ မိခိုင် နှောင့်လို့လေ ..."

ခိုင့်မျက်နှာကလေးသည် တည်သွား၏။ အသံလေးပင် မသိမသာမာစွာဆို၏။

" ခိုင် မှတ်မိပါတယ်၊ ဟုတ်တယ် မိခိုင် နှောင့်လို့ပေါ့၊ ဟဲ ... ဟဲ အဲဒါ ဘာဖြစ်သလဲ မောင် ..."

" ခိုင် မောင့်ကို ဒီလို အသံမာမာနဲ့ မပြောပါနဲ့၊ သရော်လည်း မသရော်ပါနဲ့၊ မောင် စကားပလ္လင် ခံထားပါတယ်၊ မောင့်စေတနာကို ခိုင် သတိထားပါလို့ ..."

မိခိုင် ငိုင်ကျသွားသည်။ ကျွန်တော်က အသံကို အေးဆေးနိုင်သမျှ အေးဆေးအောင် ထိန်း၍ ဆက်ပြောသည်။

" အဲဒီချောက်ကြီးထဲကတော့ ခိုင် ပြန်တက်နိုင်ခဲ့တယ်။ ဒါပေမယ့် အခု ခိုင်ဆင်းနေတဲ့ ချောက်ကြီးက လူမှုရေးရာ ချောက်ကြီးပဲ။ မိန်းကလေးတစ်ယောက်အနေနဲ့ ကြောက်စရာအကောင်းဆုံးဖြစ်တဲ့ လူမှုရေးရာ ချောက်ကြီးပဲ ...။ တစ်ခါတုန်းကလိုပဲ မောင် တားမြစ်တယ် ခိုင်။ မောင့်စကားကို နားထောင်ပါ ..."

ခိုင်သည် ဆက်ငိုင်နေ၏။ ကျွန်တော့်စကားကို နားလည်သဘောပေါက်သဖြင့် ငိုင်နေသည်ဟု ထင်ကာ ကျွန်တော် အားတက်မိသည်။

သို့ရာတွင် ...။

ခိုင်သည် မျက်နှာလေးမော့လျက် မျက်လုံးများ အရောင်တောက်လျက် ရန်တွေ့စကားကို ဆိုသည်။

" ဒီနေ့ စောစောပိုင်းက ယောက်ျားတစ်ဦးရဲ့ စော်ကားစွပ်စွဲတဲ့စကားကို ခိုင် ကြားခဲ့တယ်။ အခု မောင်ကပါ ခိုင့်ကို စော်ကားစွပ်စွဲနေပြန်ပြီလား ဟင် ..."

ရုတ်တရက်သော် ကျွန်တော် အံ့အားသင့်၍ ဘာပြန်ဖြေရမှန်း မသိ။ စိတ်တွင်း၌လည်း ကရုဏာဒေါသ မသိမသာ ထလာသည်။

" ဒီမှာ ခိုင်၊ မောင့်ကို ဘာလို့ ရန်တွေ့နေရသလဲ ...၊ မောင်ဟာ ခိုင် ရန်တွေ့ရမယ့် လူတစ်ယောက် မဟုတ်ဘူး။ ခိုင့်ကို စော်ကားနေတဲ့လူတစ်ယောက်လည်း မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မောင်ဟာ ခိုင့်သူငယ်ချင်းပဲ။ သူငယ်ချင်း တစ်ယောက်အနေနဲ့ မှန်တယ်ထင်တာတော့ ပြောရလိမ့်မယ်။ အမြင်မတော်တာကို ညွှန်ပြရလိမ့်မယ် "

www.burmeseclassic.com



ခိုင်က ရယ်သည်။ ကျွန်တော့်စကားတွင် ဟာသမပါဘဲလျက် ရယ်သဖြင့် သရော်သောရယ်ခြင်း ဖြစ်မှန်း သိသာသည်။

" မောင် ညွှန်ပြမယ့် အမြင်မတော်တာတွေက ဘယ်သူ့ဆီ ဦးတည်သလဲ၊ ခိုင့်ကို နှလုံးသား ပူဇော်ထားပါတယ်လို့ ပါးစပ်ကတော့ အော်နေပြီး ... ဘယ်သူ့ကိုမှ မပေးချင်သေးတဲ့ ခိုင့်နှလုံးသားကို ပုဂ္ဂလိကအပိုင်စီးချင်တဲ့ လူတွေဆီလား၊ ခိုင့်ကို အသက်ပေးပါတယ် တကြော်ကြော် နှုတ်က အော်နေပေမယ့် မိန်းမသားဖြစ်တဲ့ ခိုင့်အနေနဲ့ အသက်ထက် မြတ်နိုးရတဲ့ အရှက်ပေါ် အနိုင်ယူစီးမိုးပြီး လိုရာဆီဆွဲ ခေါ်ငင် ချုပ်ကိုင်လိုတဲ့ ယောက်ျားတွေဆီကိုလား။ ဒါမှမဟုတ် စာတင်ထားတဲ့ သမိုင်းအစကတည်းက ဘာအပြစ်မှ မကျူးလွန်ရဘဲ တရားခံဖြစ်နေရတဲ့ မိန်းမသားဂိုဏ်းဝင် ခိုင့်ဆီကိုလား ..."

ခိုင့်စကား၌ အလေးချိန်ရှိသည်။ သစ္စာပြည့်သည်ဟုလည်း ထင်မိသည်။ ထို့ကြောင့် လေအေးနှင့်ပင် ရှင်းပြမိသည်။

" အမြင်မတော်တာတွေကို ညွှန်ပြပါမယ် ဆိုကတည်းက အားလုံးဆီကိုတော့ ဦးတည်ရမှာပဲ ခိုင်။ တစ်ခုတော့ ရှိတယ်၊ မောင်က အမှား၊ အမှန်ကို ပရမတ္ထသစ္စာ အခြေခံနဲ့ ပြောပြနေတာ မဟုတ်ဘူး ...။ ဖြစ်ဆဲလောကရဲ့ လက်တွေ့ လူမှုစည်းကမ်းဘောင်အတွင်းက ပြောနေတာ ... ခိုင် နားလည်ရဲ့လား ..."

ခိုင်သည် မဖြေ။ အံကြိတ်လျက်တွင် မျက်ရည်များက စီးကျနေသည်။

" ခိုင်တို့ မောင်တို့ဆိုတဲ့ လူသားသတ္တဝါတစ်ဦးဟာ သေးငယ်လှပါတယ်။ လောကဆိုတာကတော့ ကြီးကျယ်လွန်းလှပါတယ်။ လောကကို အပြစ်တင်မစောနဲ့ ခိုင်။ ရန်သတ္တရုလည်း မပြုချင်ပါနဲ့။ မမှန်သောနည်းနဲ့လည်း မတော်လှန်ချင် ပါလေနဲ့ "

ခိုင်က ကျွန်တော့်ကို မော့၍ စူးစူးစိုက်စိုက်လေး ကြည့်သည်။ စကားပြန်သောအသံသည် မမာတော့သော်လည်း ခံပြင်းမှုအနက်သဘောကိုမူ မထိမ်ဝှက်နိုင်။

" မောင်က ခိုင့်ကို လောကကြီးကို အရှုံးပေးဖို့ ပြောနေသလား "

ကျွန်တော်က အသာအယာ ရယ်မောမိသည်။

" လောကကို အရှုံးပေးခြင်း၊ လောကကို အနိုင်ယူခြင်းဆိုတဲ့ စကားတွေကို လူတွေဟာ ဘယ်အနက်အဓိပ္ပါယ်နဲ့ ပြောနေကြတယ်ဆိုတာ မောင် မသိဘူး။ မွန်မြတ်သော ဒုလ္လဘရယ်လို့ ဂုဏ်တင်ခြင်းခံရတဲ့ ဘဝပိုင်ရှင် လူသားတစ်ယောက် အနေနဲ့တော့ ဘာကိုမှ အရှုံးပေးဖို့ မလိုအပ်ဘူး။ တစ်ခါတစ်နည်း လှည့်စားပြန်တော့ စိန္တကံ ... အစိန္တကံမည်တဲ့ ဘုရား ရဟန္တာ မဖြစ်မီ လောကကို နိုင်ပြီလို့ ကြွေးကြော်သူ လူသားတစ်ယောက်ဟာ လူ့မာန်ကို ရှိသင့်တာထက် ပိုထားတဲ့ မိုက်မှားသူတစ်ဦး ဖြစ်နေတတ်တယ် "

ခိုင်သည် မျက်ရည်ကျလျက် ခေါင်းငုံ့နေရာမှ မော့လျက် ပေါက်ကွဲစွာ ဆိုသည်။

" တော်ပါတော့၊ မောင့်တရားတွေကို ရပ်ပါတော့ ...။ ခိုင့်ကို ရှင်းရှင်းပြောစမ်းပါ။ မောင် ဘာတွေဆိုလိုနေတာလဲ"

ကျွန်တော်က ခိုင့်ကို ကြည့်မိသည်။ ခိုင့်မေးရိုးများမှာ အံကြိတ်ထားသောကြောင့် တင်းမာနေသည်။ ခိုင့်မျက်လုံးများ ကလည်း ထူးဆန်းစွာ မုန်းတီးမှုအပြည့်နှင့် ကျွန်တော့်ကို မီးပွင့်လုမတတ် စိုက်ကြည့်နေ၏။

ကျွန်တော်ကလည်း ဤမျက်လုံးများကို တည့်တည့်ပြန်ကြည့်ရင်း ပြတ်သားစွာ ပြောရ၏။

" ခိုင်က ရှင်းရှင်းပြောပါဆိုတော့ မောင် ပြောမယ်။ ခိုင် အနေအထိုင်ကို မောင် မကြိုက်ဘူး။ ခိုင့်ပေါင်းသင်းဆက်ဆံရေးပုံစံဟာ မှားနေတယ်။ ဒါကို မောင် ကန့်ကွက်တယ်။ ကန့်ကွက်ရုံမကဘူး ပြင်ခိုင်းနေတယ်။ မောင်ပြောတာ ရှင်းရဲ့လား ... ဟင် ... မိခိုင် ..."

ခိုင်၏ မျက်လုံးဝန်းဝန်းများသည် ပြူးကျယ်သွား၏။ ပါးစပ်ကလေးများလည်း ဟကာ မျက်ခုံးလေးများလည်း တွန့်လျက် မယုံကြည်နိုင်သော စကားကို ကြားလိုက်ရသည့်ပမာ ကျွန်တော့်အား ခေတ္တ တွေတွေစိုက်ကြည့်နေသည်။ နောက်ခဏတွင်မူ ခိုင်၏ မျက်နှာလေးသည် အသွင်အမျိုးမျိုး ပြောင်းလဲသွားသည်။

www.burmeseclassic.com



ပထမသော် ပြင်းထန်သော ကြေကွဲဝမ်းနည်းမှု၊ ထို့နောက် နင့်သီးနက်ရှိုင်းသော စိတ်နာမှု၊ လျှပ်တစ်ပြက်တွင်း ခိုင်၏ ညာလက်သည် မြောက်တက်သွားပြီး အရှိန်ပြင်းစွာနှင့် ကျွန်တော့်ပါးတစ်ဖက်ဆီ ကျဆင်းလာသည်။ ခိုင့်လက်ဖဝါးနှင့် ကျွန်တော့်ပါး မထိမီ၊ ကျွန်တော့်ဘယ်လက်က ထောင့်ဖြတ်ဝင်တားကာ ခိုင့်လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဖမ်းမိသည်။

ခိုင်သည် သူ့လက်ကလေးကို ကျွန်တော့်လက်တွင်းမှ လွတ်အောင်ရုန်းသည်။ သို့ရာတွင် မလွတ်နိုင်။

ခိုင့်ဘယ်လက်သည် ကျွန်တော့်ကို လှမ်းရိုက်ပြန်သည်။ ဤလက်တစ်ဖက်ကိုလည်း ကျွန်တော်က ကျန်လက် တစ်ဖက်ဖြင့် ဖမ်းဆုပ်ပြန်၏။

ခိုင်သည် စူးစူးရှရှ အော်သည်။

" လွှတ် ... လွှတ် ... ခိုင့်လက်တွေကို လွှတ် ...။ လွှတ်လိုက်စမ်းပါ ..."

ကျွန်တော်က ခိုင့်လက်များကို မလွှတ်။ နှုတ်ကမူ သတိပေးစကား ဆိုမိ၏။

" ခိုင် ဘာဖြစ်နေတာလဲ၊ မောင်ပြောတာ နားထောင်စမ်း "

ခိုင်သည် ကျွန်တော့်စကားကို အမှုမထား။ ကြားဟန်လည်းမတူ။ ကိုယ်လေးကိုသာ ယိမ်းနွဲ့တွန့်လိမ် ရုန်းကန်ရင်း နှုတ်မှလည်း တတွတ်တွတ် ပြောနေ၏။

" ခိုင့်လက်တွေကို လွှတ်ပါ။ ခိုင့်ကို မောင် မထိပါနဲ့။ မောင့်ကို မုန်းတယ်၊ မောင့်ကို ခိုင် မုန်းတယ် "

" ခိုင် ... ခိုင် ..."

ခိုင်က အကြိတ်အနယ်ပင် ကျွန်တော့်လက်မှ ရုန်းထွက်နေသည်။

ကျွန်တော်က ခိုင့်လက်များကို လွှတ်လိုက်သည်။ ခိုင်သည် ရုန်းကန်မှုအရှိန်ကြောင့် နောက်သို့ တစ်လှမ်းနှစ်လှမ်းမျှ ယိုင်ဆုတ်သွားသည်။ ကိုယ်ကိုမတ်အောင် ထိန်းနိုင်သောအခါ ခိုင်သည် တုန်ယင်စွာဖြင့် ကျွန်တော့်ကို စူးစိုက်ကြည့်နေသည်။

အို ... ဤအကြည့်သည် ကြောက်မက်ဖွယ်ကောင်းလေစွတကား။ ဤအကြည့်သည် စိမ်းကားလွန်းလှတကား ...။

ကြောက်မက်ဖွယ် စိမ်းကားသောအကြည့်ဖြင့် ကျွန်တော့်ကို ကြည့်နေသော ခိုင်သည် ယခင်က ကျွန်တော်သိခဲ့သော ခိုင် မဟုတ်ပါပေတကား ...။ ဤအသွင် ... ဤသဏ္ဌာန်သည် ကျွန်တော် မြင်နေကျ ခိုင်၏ အသွင်သဏ္ဌာန် မဟုတ်လေပါတကား။

ကျွန်တော်သည် ကြက်သေသေလျက် ရှိရာမှ ရှေ့တစ်လှမ်းတိုး၍ ခေါ်မိသည်။

" ခိုင် ... ဘာဖြစ်သွားတာလဲ ...။ မောင်လေ ... ခိုင့်မောင်လေ "

ခိုင်က နောက်သို့ တစ်လှမ်းဆုတ်သည်။

" ခိုင့်အနား မကပ်ပါနဲ့၊ မောင်ကို မုန်းတယ် ... မောင့်ကို မုန်းတယ် ... သိလား။ မောင့်ကို မုန်းတယ် ... မုန်းတယ် ... မုန်းတယ် ... မုန်းတယ် ... မုန်း တယ် ... မုန်း ..."

ခိုင့်အသံက ပြတ်သွားသည်။ ခိုင့်မျက်လုံးများမှာလည်း မှိတ်သွားသည်။

" အို ... ခိုင် ..."

ကျွန်တော်သည် ရုတ်တရက် ရှေ့သို့ခုန်၍ ခိုင့်ကို လှမ်းပွေ့မိသည်။ ကျွန်တော် လှမ်းပွေ့မိသည်မှာ အချိန်မီဖြစ်သည်။ အကြောင်းမှာ ကျွန်တော့်ရင်ခွင်တွင်း ရောက်ခဲ့သော ခိုင်၌ သတိမရှိပြီ ...။

ကျွန်တော်သည် ခိုင်ကို ရင်ခွင်၌ ပွေ့လျက်ထိုင်ရင်း ထိတ်လန့်တကြား ခေါ်မိသည်။

" ခိုင် ... ခိုင် ... ခိုင်ရေ ..."

ခိုင်ကမူ မလှုပ်။ ကျွန်တော်က ခိုင့်နားခေါင်းဆီ ပါးအပ်လျက် နားထောင်မိသည်။

ခိုင့်အသက်ရှူသံကို မကြားရ။

" ခိုင် ... ခိုင်ရေ ... မိခိုင်ရေ ..."

www.burmeseclassic.com



ခိုင့်မေးဖျားလေးကို ကိုင်လှုပ်၍ ကျွန်တော်က တကြော်ကြော် ခေါ်မိလေသည်။

ခိုင်မူကား သတိပြန်လည်မလာ။

ကျွန်တော်သည် ခိုင့်ကို မြက်ခင်းပေါ်ချ၍ ရေစပ်ဆီ ပြေးဆင်းခဲ့သည်။ လက်ခုပ်ဖြင့် ရေသယ်ခဲ့ပြီး ခိုင့်မျက်နှာလေးကို ဖျန်းပက်ရသည်။

ခိုင်က အသက်ပြန်ရှူသည်။ ကျွန်တော်သည် ခိုင့်ပါးနှစ်ဖက်ကို လက်ဖဝါးနှင့် ခပ်ပြင်းပြင်းလေး ပုတ်ခတ်ရိုက်ပေးသည်။

ခိုင့်အသက်ရှူသံသည် ပိုမြန်လာသည်။

ကျွန်တော်သည် ခိုင့်ပုခုံးလေးကို ဆွဲခါလှုပ်လျက် နာမည်ကို ဆက်တိုက်ခေါ်ပေးသည်။

" ခိုင် ... ခိုင် ... ခိုင် သတိရပြီလား။ မောင် ခေါ်နေတယ်လေ။ ခိုင့်မောင် ခေါ်နေတယ် "

ခိုင်သည် အသက်ရှူမှန်လာရာမှ မျက်လုံးများကို ဖွင့်ကြည့်သည်။

" ခိုင် ... ခိုင် သတိရပြီ ...။ ခိုင်ရေ မောင်လေ ... မောင်ပြောနေတာကို ကြားရဲ့လား ..."

ခိုင်သည် အံ့မှိုင်းရီဝေသော မျက်လုံးများနှင့် ကျွန်တော့်ကို အတန်ကြာစွာ စိုက်ကြည့်နေသည်။ ခဏတွင်မူ ထိတ်လန့်တကြားအော်သည်။

" ကြောက်တယ်၊ ကြောက်တယ်၊ ခိုင် ကြောက်တယ် "

ခိုင်သည် မျက်လုံးများကို ပိတ်၍ လက်ကလေးများက ကျွန်တော့်ကို သိုင်းဖက်သည်။ ကိုယ်လေးမှ တဆတ်ဆတ် တုန်ယင်နေသည်။ မျက်နှာလေးကိုလည်း ကျွန်တော့်ရင်ခွင်တွင် မှောက်အပ်ဝှက်ထား၏။

" ခိုင် ... ဘာကြောက်တာလဲ၊ မောင် ရှိတယ်လေ။ မောင့်ကို မှတ်မိရဲ့လား "

" ဟင့်အင်း ... ဟင့်အင်း ... ကြောက်တယ်၊ ကြောက်တယ်၊ ခိုင် သိပ်ကြောက်တယ် ..."

ကျွန်တော်က ခိုင့်လက်ကလေးများကို ဆုပ်ကိုင်စမ်းမိ၏။ ခိုင့်လက်ကလေးများက ကြောက်မက်ဖွယ် အေးစက်နေသည်။ လက်များက အေးစက်နေသော်လည်း တစ်ကိုယ်လုံးမှာ ချွေးတို့ဖြင့် ရွှဲနေ၏။

ကျွန်တော်က ခိုင့်ကိုပွေ့ပြီး နေရာမှထကာ ဟိုဟိုသည်သည် ကြည့်လျက် အကူအညီ မျှော်မိသည်။

ကံကောင်းထောက်မသည်ဟု ဆိုရမည်ထင်သည်။

ကျွန်တော်တို့ရှိရာ ကမ်းစပ်ဆီသို့ ဟင်ဒူစတန်အမျိုးအစား ကားနက်ကလေးတစ်စီးသည် ချိုးဝင် ထိုးဆိုက်လာသည်။

ကားပေါ်မှ လင်မယားလော ... သမီးရည်းစားလော မသိနိုင်သည့် လူရွယ်တစ်ဦးနှင့် မိန်းမပျိုတစ်ဦး ဆင်းလာကြသည်။

သူတို့သည် ကျွန်တော်တို့အား မြင်သော် အံ့အားသင့်ဟန် လှမ်းကြည့်ကာ ငြိမ်နေကြသည်။

ကျွန်တော်က သူတို့ဆီ ချဉ်းကပ်သွားပြီး တောင်းပန်ရ၏။

" နောင်ကြီးတို့ကို အနှောင့်အယှက်များ ပေးမိနေပြီလား မသိဘူး၊ ဒါပေမယ့် တောင်းပန်ပါရစေ၊ ဟောဒီက ကျွန်တော့်သူငယ်ချင်းမဟာ ရုတ်တရက် သတိလစ်သွားလို့ပါ။ သူ့အိမ်ကို ကျွန်တော် လိုက်ပို့ ပေးချင်ပါတယ်။ နောင်ကြီးတို့ ဝန်မလေးရင် ကျွန်တော့်ကို အကူအညီ ပေးစေလိုပါတယ် "

လူရွယ်သည် ကျွန်တော့်အား မယုံသည့်သဖွယ် တစ်ချက်လှမ်းကြည့်ပြီး သူ့ဘေးမှ မိန်းမပျိုကို သဘောထားမေးဟန် ပြန်ကြည့်သည်။

မိန်းမပျိုက သတိကောင်းစွာ မရသေးသော ခိုင့်မျက်နှာလေးကို ငုံ့ကြည့်သည်။ ထို့နောက် ခိုင့်လက်ကလေးကိုလည်း ကိုင်ကြည့်သည်။

ကျွန်တော်သည် အနောက်တိုင်းသူဆန်ဆန် ချောမွေ့သော မိန်းမပျို၏ မျက်နှာကို သေချာစွာ ကြည့်သည်။ ခဏ၌ နှုတ်မှလည်း လွှတ်ကနဲ ထွက်သွားသည်။

" မေဘယ်(လ်) ...၊ မေဘယ်(လ်) မဟုတ်လား ..."

www.burmeseclassic.com



မေဘယ်(လ်)သည် ကျွန်တော့်ကို မျက်လုံးပြာများဖြင့် မော့ကြည့်သည်။

“ ရှင် … မေဘယ်(လ်)ကို သိတယ် ဟုတ်လား ”

“ သိပါတယ် မေဘယ်(လ်) …။ မေဘယ်(လ်)မိတ်ဆွေ ကိုမြင့်သူဟာ ကျွန်တော့်သူငယ်ချင်း တစ်ဦးပဲ ”

မေဘယ်(လ်)၏ အသွင်၌ မသိမသာ တုန်လှုပ်မှုပေါ်လာသည်။ သို့ရာတွင် မေဘယ်(လ်)သည် လူရွယ်ဘက်သို့ လှည့်၍ဆို၏။

“ ကိုစိုးမောင် … မိန်းကလေးကိုယ်ဟာ အေးစက်နေတယ်။ မေဘယ်(လ်)တို့ လိုက်ပို့ပေးကြရအောင် …”

လူရွယ်သည် မေဘယ်(လ်)၏စကားကို မပယ်ရှားဟန် ဒရိုင်ဘာထိုင်ခုံတွင် ဝင်ထိုင်၏။

မေဘယ်(လ်)က ကားနောက်ကို ဖွင့်ပေးသဖြင့် ကျွန်တော်သည် ခိုင့်ကိုပွေ့လျက် ထိုင်သည်။

မေဘယ်(လ်)က တံခါးကို ပိတ်ပေးပြီး ကားရှေ့ခန်းရှိ ကိုစိုးမောင်ဆိုသူ၏ ဘေး၌ ဝင်ထိုင်သည်။

“ မေဘယ်(လ်)တို့ ဘယ်သွားကြရမှာလဲ …”

မေဘယ်(လ်)က မေးသောကြောင့် ကျွန်တော်က ဖြေရသည်။

“ ပုသိမ်လမ်းကိုပါ မေဘယ်(လ်) ”

ကားသည် ပြည်လမ်းမကြီးဆီ ပြန်ထွက်လာ၍ အမြန်မောင်းခဲ့သည်။ မဟာမြိုင်လမ်းမှ တစ်ဆင့်ချိုးကာ ပုသိမ်လမ်း ခိုင်တို့အိမ်သို့ ရောက်ခဲ့၏။

ခြံအတွင်း၌ စစ်သုံးဂျစ်ကားတစ်စီး ဆိုက်လျက်ရှိနေသည်ကို ထောက်၍ ကိုကိုနှင့် မြိုင်တို့ ရောက်နေကြောင်း ထင်ရှားသည်။

ကျွန်တော်က ခိုင့်ကို ပွေ့လျက် ကားပေါ်မှဆင်းသည်။

ထိုအချိန်တွင်ပင် အရပ်ဝတ်အရပ်စားဖြင့် ရှည်လျားထွားကြိုင်းသော ကိုကို၏သဏ္ဌာန်သည် အိမ်ပေါက်ဝမှ ပေါ်လာ၏။

ကိုစိုးမောင် ဆိုသူသည် အရပ်ဝတ်အရပ်စားနှင့် ဖြစ်လင့်ကစား သတိအနေအထားဖြင့် ရပ်လိုက်၏။

ကိုကိုက ကျွန်တော်တို့အားလုံးကို မျက်မှောင်ကြုတ်၍ တစ်လှည့်စီ ကြည့်ပြီးမေးသည်။

“ ဘယ့်နှယ် … ဗိုလ်စိုးမောင်နဲ့ မောင်တို့ ဘာဖြစ်လာကြသလဲ …”

ဗိုလ်စိုးမောင်က ရိုသေစွာ ဖြေသည်။

“ အင်းယားစောင်းမှာတွေ့လို့ အကူအညီတောင်းတာနဲ့ ခေါ်ခဲ့ရတာပဲ ဗိုလ်မှူးကြီး …၊ ဒါထက် ဗိုလ်မှူးကြီး ”

ဗိုလ်စိုးမောင်သည် မေးခွန်းကို ဆက်တိုက်မဆိုဘဲ ကျွန်တော်တို့ကို ကြည့်သည်။

ကိုကိုက အေးချမ်းစွာပင် ဖြေသည်။

“ ဒါ … ဗိုလ်မှူးရဲ့ ညီနဲ့ ညီမပဲ။ ကျေးဇူးပဲ ဗိုလ်စိုးမောင် …။ ဟေ့ … မောင် ဘာဖြစ်လာကြသလဲ ”

ကျွန်တော်က ဘာဖြေရမှန်း မသိ။ ထိုစဉ် မြိုင်၊ ကြိုင်နှင့် လှိုင်တို့ ပြေးထွက်လာသည်။

ကျွန်တော်သည် ဘာမျှရှင်းမပြတော့ဘဲ ခိုင့်ကိုပွေ့လျက် အိမ်တွင်းခန်းဆီသို့ ယူခဲ့သည်။

ခိုင့်ကို သူ့ခုတင်ပေါ် ချပေးလိုက်ချိန်၌ ခိုင်သည် သတိကောင်းစွာရပြီဖြစ်သည်။

ကျွန်တော်သည် ခိုင့်အား သူ့ညီအစ်မများနှင့် ထားခဲ့၍ အိမ်ပြင်ထွက်လာခဲ့သည်။

---

* ကိုမြင့်သူ၊ မေဘယ်(လ်)နှင့် မေရီတို့အကြောင်းကို “ညီမလေးရယ် စိုးရိမ်မိတယ်” ဝတ္ထုကြီးတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

www.burmeseclassic.com



မိုလ်စိုးမောင်သည် ကိုကို့ကို နှုတ်ဆက်၍ ပြန်ရန်ပြင်နေသည်။ မေဘယ်(လ်)သည် ကျွန်တော့်ကို အဓိပ္ပါယ်ပြည့်ဝန်းစွာ ကြည့်သည်။ ဘာမျှတော့ မပြော ...။

သူတို့ကား ထွက်သွားသောအခါ ကိုကိုက ဆိုသည်။

" ကိုကို ရာထူးတက်ပြီး မန္တလေးပြောင်းရမယ် မောင်။ အလုပ်များနေတာနဲ့ အိမ်ဘက်မရောက်ဘူး။ ဟိုတစ်နေ့က ကြိုင် တယ်လီဖုန်းလှမ်းဆက်လို့ မောင်ငြိမ်းမောင် ဒဏ်ရာရတာ ကိုကိုတို့ သိရတယ်။ အခုပဲ ဆေးရုံက မောင်ငြိမ်းမောင်ကို သတင်းမေးပြီး ပြန်လာကြတာ "

ကိုကိုသည် ဤမျှသာဆိုသည်။ ကျွန်တော်တို့ ဘာဖြစ်ခဲ့သည်ကို အထွေအထူးမမေး။ ဤသည်မှာ ကျွန်တော်တို့ ညီအစ်ကိုနှစ်ဦး၏ တစ်ဦးဂုဏ်သိက္ခာကို တစ်ဦးက လေးစားသော စောင့်ထိန်းမှုဖြစ်၏။

ကိုကိုက ဘာမျှ မမေးသော်လည်း မြိုင်သည် ထွက်ပေါ်လာ၍ မေးသည်။

" ဆိုစမ်း မောင် ... ဘာဖြစ်လာကြပြန်တာလဲ "

ကျွန်တော်က မြိုင့်ကို ပင်ပန်းကြီးစွာကြည့်၍ ဖြေရ၏။

" ဘာဖြစ်တယ်ဆိုတာ ... ကျွန်တော်လည်း မသိဘူး မမမြိုင်၊ အထူးသဖြင့် ခိုင်နဲ့ ပတ်သက်လာရင် ဘာတွေဟာ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော် မသိဘူး "

မြိုင်သည် ပြုံးရွှင်ကြင်နာစွာနှင့် ကျွန်တော့်ပုခုံးကို သူ့လက်တစ်ဖက်ဖြင့် ပုတ်၍ဆိုသည်။

" ဩော် မောင် ... မောင် ... အခုထိ ဒီစကားမျိုးပြောတုန်းပဲ။ မမမြိုင် ... မောင့်ကို ပြောဖူးတဲ့စကား မှတ်မိလား။ မိခိုင်ကို ကြပ်ကြပ် အကာအကွယ်ပေး၊ တစ်နေ့ ဘယ်သူမှ မခက်ဘူး၊ မောင်ပဲ ခက်လိမ့်မယ်လို့ "

အဓိပ္ပါယ်ပြည့်ဝန်းစွာ ကြည့်နေသော မြိုင်၏ မျက်လုံးများကို ကျွန်တော်က တစ်ချက်ပြန်ကြည့်ပြီး ခြံတွင်းသို့ ဆင်းလာခဲ့သည်။

သရက်ပင်ပျို၏ ပင်စည်ကို ဆုပ်ကိုင်ရင်း မကျေမနပ် ဖြစ်နေမိသည်။ ဘာကို မကျေမနပ် ဖြစ်နေမှန်းလည်း မသိ။

မည်မျှကြာအောင် ငိုင်နေမိသည် မသိ။ ကျွန်တော့်နောက်ပါးမှ နူးညံ့သော ခြေသံလေးများကို ကြားရသဖြင့် လှည့်ကြည့်မိသည်။

ကျွန်တော့်နောက်ပါးတွင် လှိုင်သည် ခြေစုံလေး ရပ်လျက်ရှိ၏။ လှိုင့်လက်နှစ်ဖက်က လင်ပန်း တစ်ချပ်ကို ကိုင်မ,ထားသည်။ လင်ပန်းထက်၌ ဖျော်ရည်အပြည့်နှင့် ဖန်ခွက်တစ်လုံးရှိ၏။

လှိုင်က ပြုံးလဲ့လဲ့ကလေး ဆိုသည်။

" မမခိုင် သတိရနေပါပြီ ...။ ကိုကိုမောင်လည်း ပင်ပန်းလာတယ် မဟုတ်လား။ မမမြိုင် ဖျော်ပေးတာနဲ့ လှိုင် ယူလာခဲ့တာ။ ဖရက်(ရှ်)လိုင်း(မ်) သံပုရာဖျော်ရည်လေ။ သောက်နော် ကိုကိုမောင် "

ဆောင်း၏ မိုးပြင်သည် ပြာလဲ့နေ၏။ နေဝင်စဖြစ်သဖြင့် မလင်းလှသော်လည်း မမှောင်သေး။ ငွေလဝန်းကို မမြင်ရလင့်ကစား ကြယ်ဖူးကြယ်ပွင့်တို့ အေးမြတောက်ပနေသည်။

အပြစ်ကင်းစင်သော လှိုင်၏ မျက်နှာကလေးသည် ဆောင်းမိုးပြင်သို့ ကြည်လင်ရွှန်းလက်နေသည်။ ထာဝစဉ် ပြုံးလဲ့လဲ့နိုင်သော လှိုင့်မျက်လုံးလေးများကလည်း ကြယ်ပွင့်များပမာ တဖျတ်ဖျတ် အေးမြတောက်ပ နေ၏။

ကျွန်တော်သည် သက်ပြင်းရှိုက်လျက်ပြုံးရင်း လှိုင်ပေးလေသော သံပုရာဖျော်ရည်ကို လှမ်းယူမိပါ သတည်း။

www.burmeseclassic.com



## ( ၂၅ ) သူ့အတွက် တစ်ရွက်တစ်လွှာ

ဆက်လက်လိုက်ပါလာသောနှစ်များကို ကြေကွဲဖွယ်ကောင်းသောနှစ်များအဖြစ် မှတ်တမ်းတင်ရပါမည်။

ငြိမ်းမောင်သည် ဒဏ်ရာကြောင့် ဆေးရုံ၌ သုံးလကြာအောင် နေခဲ့ရသည်။

ငြိမ်းမောင်အပေါ် ဘယ်တုန်းကမှ ကြင်နာမှုမရှိခဲ့သော သူ၏ ဦးလေးနှင့် အဒေါ်သည် ငြိမ်းမောင် ဆေးရုံကြီးထက် လဲနေစဉ်အတွင်း၌ နှလုံးသား ပိုမိုခက်မာခဲ့ကြသည်။ ကျွန်တော် အမှတ်ပြုမိသမျှ သူတို့သည် သုံးလကျော်အတွင်း ငြိမ်းမောင်ထံ သုံးလေးခေါက်သာ လာ၍ သတင်းမေးခဲ့သည်။ သူတို့၏ မျက်နှာထား၊ သူတို့၏ ဟန်ပန်အမူအယာများသည် လူနာကို လာ၍ သတင်းမေးသော သဘောထက် လာရန်တွေ့သော သဘော ပိုမိုသက်ရောက်စေကြောင်း သတိထားမိခဲ့၏။

လူနာငြိမ်းမောင်က သူတို့အား တုံ့ပြန်ပုံမှာလည်း အံ့သြဖွယ်ပင်ဖြစ်သည်။

ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်သည် နှလုံးအေးချမ်းသူဖြစ်ကြောင်း ကျွန်တော် အကြိမ်ကြိမ် ဖော်ပြခဲ့ပြီးပြီ။ ကျွန်တော် ခွင့်မလွှတ်နိုင်သော တင်မောင်ညွှန့်အပေါ်ပင် သူက သဘောထားကြီးစွာ ဖော်ဖော် ရွေရွေ ဆက်လက်ဆက်ဆံ နိုင်ကြောင်းကိုလည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် သူ့ဦးလေးနှင့် အဒေါ်ကို ဆက်ဆံသော ငြိမ်းမောင်သည် ကျွန်တော် နားလည်ထားသော ငြိမ်းမောင်နှင့် တခြားစီ ဖြစ်နေ၏။

ယခင်က ငြိမ်းမောင်သည် သူ့ဦးလေးနှင့် အဒေါ်ရှေ့တွင် စကားကျယ်ကျယ် မပြောဝံ့အောင် ညွတ်ကျိုးနိမ့်ချရသူ ဖြစ်ခဲ့သည်။ ယခုမူ မေတ္တာတရားကင်းမဲ့သော အေးစက်စိမ်းကားလှသည့် သူ့ဦးလေးနှင့် အဒေါ်တို့ကို ငြိမ်းမောင်သည် မတင်းမာသည့်တိုင်စေ၊ ညွတ်ကျိုးနိမ့်ချမှုကင်းသော ပကတိ ခန့်ညား တည်ငြိမ်ခြင်း အပြည့်နှင့် ပြန်လည်ဆက်ဆံ၏။ သူ့အစား ကြားထဲမှ အားနာမိသူ ကျွန်တော်က ဤယစ်ထုပ်ကြီးနှင့် သူ၏ ငြူစူသော ဇနီးအိုကို ချိုချိုသာသာ ပျူပျူငှာငှာ မျက်နှာသာပေး အရေးတယူ ပြုခဲ့ရသည်။

ဆေးရုံတက်စတွင် ငြိမ်းမောင်သည် တတိယတန်းအခန်း၌ နေရသည်။ ဤမှ ကုန်ကျစရိတ်ကိုပင် ခိုင်တို့အိမ်က စိုက်ထုတ်ပေးသည်။ ကိုကိုနှင့် မြိုင် လာကြည့်ပြီးသော နောက်ပိုင်း၌ ငြိမ်းမောင်သည် ပိုက်ဆံခန်းခေါ် အထူးခန်းသို့ ရွှေ့ပြောင်းခဲ့ရပါ၏။

ငြိမ်းမောင်၏ ဖခင်မှာ ပန်းနာရောဂါကြောင့် အိပ်ရာ၌ လဲနေသူ ဝေဒနာရှင်ဖြစ်သဖြင့် ငြိမ်းမောင်ကို လာသတင်း မမေးနိုင်ရှာ။ ငြိမ်းမောင်၏ မိခင်လည်း မရှိပြီ။ ငြိမ်းမောင်၏ ဖခင် ဓာတ်ပုံတိုက်ကို အမျိုးသမီး ဓာတ်ပုံတိုက်ဟု အမည် ပြောင်း၍ ဆက်လက်လုပ်ကိုင်နေရရှာသူ အစ်မနှစ်ဦးသည်သာ တစ်ပတ်တစ်ခါ သန်လျင်မှ လာကြည့်ကြရှာသည်။

ငြိမ်းမောင် ဆေးရုံမှ မဆင်းမီ တစ်ပတ်ခန့်တွင် တစ်ညနေ၌ သူ့အစ်မများနှင့် ဦးလေး၊ အဒေါ်တို့ကို မော်တော်ကားဆိပ်သို့ ကျွန်တော် လိုက်ပို့သည်။

ငြိမ်းမောင်၏ ဦးလေးသည် အပုပ်ချိန်ဖြစ်၍ လေသာ တဝေါ့ဝေါ့ တက်နေတတ်သည်။ ဘာကိုမျှ အမှုထားဟန်မတူ။ ငြိမ်းမောင်၏ အဒေါ်ကသာ မည္ဉာမတာဆိုသည်။

" မင်းသူငယ်ချင်း ငြိမ်းမောင်က အင်မတန် ... ကိုယ့်ဝမ်းနာ ကိုယ်မသိတဲ့လူပဲ။ ကြည့်စမ်းပါဦး တော် ... အစ်မတွေ ... အဒေါ်တွေ ... ဦးလေးတွေက မရှိမဲ့ရှိမဲ့ ပညာပေးတယ် ...။ သူက သေလုမျောပါး ဖြစ်အောင် အလေလိုက်တယ် "

ငြိမ်းမောင်၏ အစ်မနှစ်ဦးက ခေါင်းငုံ့၍သာ လမ်းလျှောက်လာနေသည်။ ဘာမျှ ဝင်မပြော။ စိတ်တွင်း၌ မခံချင် ဖြစ်မိသော်လည်း ယဉ်ကျေးစွာပင် ကျွန်တော်က ရှင်းပြရသည်။

www.burmeseclassic.com



" ငြိမ်းမောင်ဟာ ... အလေလိုက်ခဲ့တာ မဟုတ်ပါဘူး ဒေါ်ဒေါ်။ အလေလိုက်တတ်တဲ့ လူငယ်တစ်ဦးလည်း မဟုတ်ပါဘူး။ အကျင့်စာရိတ္တကောင်းမွန်ပြီး တစ်ဖက်သားအတွက် အနစ်နာခံတတ်တဲ့ မြင့်မြတ်တဲ့ လူငယ်တစ်ဦးပါ ..."

အဒေါ်ကြီးသည် လမ်းလျှောက်ခြင်းကို ရပ်လိုက်ပြီး မဲ့ကာရွဲ့ကာနှင့် ဆို၏။

" ငြိမ်းမောင်ဟာ မြင့်မြတ်တယ်၊ အနစ်နာခံတတ်တယ် ဟုတ်လား။ သူ့အစ်မတွေ မိန်းကလေးတန်မဲ့ အလုပ်လုပ်နေရတယ်။ ဒီအဒေါ်နဲ့ ဦးလေးကလည်း ထမင်းလုတ်ကိုခွဲပြီး အနစ်နာခံ စာသင်ပေးနေရတယ်။ သူ့အဖေ အားတိုင်း မွေးထားတဲ့ ညီ၊ ညီမတွေကလည်း တစ်ပြုံကြီးပဲ ...။ အဲဒါတွေအတွက်တော့ ထည့်မစဉ်းစားဘူး။ ဒီ ခိုင်ဆိုတဲ့ ကောင်မလေး အတွက် အနစ်နာခံနိုင်သပေါ့ ... ဟုတ်လား "

ကျွန်တော်က ဘာပြန်ဖြေရမှန်း မသိ။ ငြိမ်းမောင် အစ်မနှစ်ဦးကသာ ခေါင်းငုံ့လျက်ရှိရာမှ အားနာဟန် ကျွန်တော့်ကို လှမ်းကြည့်ကြသည်။

" နေပါဦး မောင်ရင်ရဲ့ ...။ မေးလိုက်ဦးမယ် မောင်ရင်တို့၊ ဒီ ခိုင်ဆိုတဲ့ ကောင်မလေးတို့က မျက်နှာကြီးမျိုးရိုးတွေပဲ။ ငြိမ်းမောင်က ဒီကောင်မလေးကို ဒီလောက် တစ်ဖက်သတ်ကြိုက်ပြီး အနစ်နာခံ နေရအောင် ဒီကောင်မလေးက ငြိမ်းမောင်လိုကောင်ကို ယူမှာမို့လား ဖြေစမ်းပါဦး ..."

ဤအကြိမ်တွင်မူ ကျွန်တော် သည်းမခံနိုင်တော့ ...။ အသံမာမာနှင့် ပြန်ဖြေရသည်။

" ဒေါ်ဒေါ် ဘာစကားတွေ ပြောနေတာလဲ ...ငြိမ်းမောင်ဟာ ခိုင့်ကို ကြိုက်နေတယ်လို့ ဘာကြောင့် စွပ်စွဲရသလဲ ...။ ထားပါတော့ ကြိုက်နေတယ်ပဲ ဆိုပါစို့။ ခိုင်က ငြိမ်းမောင်ကို ဘာလို့ ပြန်မကြိုက်နိုင်ရမှာလဲ ...။ ဘာလို့ကော မယူနိုင်ရမှာလဲ ...။ မျက်နှာကြီးတာ မျက်နှာငယ်တာ ကျန်တဲ့လူတွေအတွက်တော့ မဆိုနိုင်ဘူး ...။ ငြိမ်းမောင်နဲ့ ကျွန်တော်နဲ့ ခိုင့်အတွက်တော့ အဲဒါတွေကို မသိဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တွေဟာ သူငယ်ချင်းတွေ ဖြစ်လို့ပဲ။ ငယ်သူငယ်ချင်းတွေ ဖြစ်လို့ပဲ။ ကျွန်တော်ပြောတာ ရှင်းရဲ့လား ဒေါ်ဒေါ် ..."

ကျွန်တော့်စကားကြောင့် အဒေါ်ကြီး ရုတ်တရက် ပြန်မဖြေနိုင်။ ပါးစပ်ကြီးဟ,၍သာ ကြည့်နေ၏။

ကားဆိပ်သို့ ရောက်ခဲ့ကြပြီဖြစ်သည်။ ငြိမ်းမောင်ဦးလေးက သူ့ဇနီးကို လှမ်းအော်သည်။

" မင်းက ဘာတွေ သောက်စကားရှည်နေတာလဲ ...၊ ကိုယ့်တာဝန် ကိုယ်ကျေ ပြီးရောပေါ့ ...။ လူမှန်ရင်လည်း ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ၊ ကိုယ်မိုက်ရင် ကိုယ်ခံပေါ့။ ဘာမှ အပိုတွေ ပြောနေစရာ မလိုဘူး။ အလကားမိန်းမ လျှာကို ရှည်တယ် ..."

အဒေါ်ကြီး ငြိမ်သွားသည်။ ထိုစဉ် ကားဆိုက်လာသဖြင့် ငြိမ်းမောင်၏ အစ်မနှစ်ဦးက တိုးတိုးညင်သာ ကျွန်တော့်ကို နှုတ်ဆက်သည်။

" သွားမယ်နော် မောင် ...။ ကိုထွန်းအောင်နဲ့ မြို့င့်ကိုလည်း ပြောလိုက်ပါ။ မောင်လေးကို အခုလို ဂရုစိုက်တာ ... သိပ်ကျေးဇူးတင်ပါတယ်လို့ ..."

သူတို့အားလုံး ဆေးကောလိပ်ထောင့် မှတ်တိုင်မှ အင်းစိန် ဘတ်(စ်)ကားပေါ် တက်သွားသည်အထိ ကျွန်တော် ရပ်ကြည့်နေမိသည်။

စိတ်တွင်း၌ မချမ်းသာပါ။ တစ်သက်နှင့်တစ်ကိုယ် မကြုံဖူးအောင် စိတ်တွင်း၌ မချမ်းသာပါ။

❑

ငြိမ်းမောင် ဆေးရုံမှ ဆင်းရသောအချိန်၌ တက္ကသိုလ်စာမေးပွဲများ နီးကပ်နေပေပြီ။ ငြိမ်းမောင်အနေနှင့် စာမေးပွဲကို ဝင်မဖြေနိုင်။ ဖြေလျှင်လည်း ကျမည်မှာ သေချာနေ၏။

ငြိမ်းမောင်သည် သူ့အစ်မများနှင့် သန်လျင်မြို့သို့ လိုက်သွားကာ အနားယူရသည်။

www.burmeseclassic.com



ထိုနှစ် ခိုင် စာမေးပွဲကျသည်။ မိခိုင် စာမေးပွဲကျသည်မှာ မဆန်းလှဟု ထင်သည်။ ဝမ်းလည်း မနည်းမိ။

ငြိမ်းမောင်အတွက်သာ ဝမ်းနည်းမိသည်။ ငြိမ်းမောင်၏ ဘဝအခြေမှန်ကို သိသူဖြစ်၍ ကျွန်တော် အထူး ဝမ်းနည်းမိသည်။

ကျွန်တော်သည်သာ ဆေးတက္ကသိုလ်၌ ခက်ခဲမှု အမြင့်မားဆုံးဖြစ်သည့် ဒုတိယနှစ် ဆေးသိပ္ပံတန်း ဒုတိယပိုင်း စာမေးပွဲကြီးဟူသော အဆင့်ကို ခုန်လွှားကျော်လွှန်နိုင်ခဲ့သည်။

ထိုနှစ်၌ ဖေဖေသည် (ကျွန်တော် ဆရာဝန်ဖြစ်မည် သေချာပြီဖြစ်သောကြောင့်) ပင်စင်ယူသည်။

သန်လျင်ရှိ အိမ်ကြီးကို ပြန်လည်မွမ်းမံ ပြင်ဆင်သည်။ အပေါ်ထပ်မှာ လူနေရန်ဖြစ်၍ အောက်ထပ်ကို ဆေးတိုက် ဖွင့်ထားသည်။

ဖေဖေ့အဆင့်အတန်း၊ ဂုဏ်သတင်း၊ အတွေ့အကြုံအရ ဆိုလျှင် ပင်စင်ယူပြီးသည့်နောက် မဂိုလမ်း (ရွှေဘုံသာ)တွင် ဆေးခန်းဖွင့်၍ စီးပွားရှာနိုင်သေးသည်။ သို့ရာတွင် ဖေဖေသည် ဘဝနောက်ပိုင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပြီဖြစ်ရကား လူ၏ အသွေးအသားတို့ကို ခွဲစိတ်ရသည်ထက် ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ ပေါင်းယှက်အပ်သော မိမိ၏ စိတ်ကိုသာ ခွဲခြမ်း သုံးသပ်နေလိုသည်။ တစ်သက်တာ တစ်လျှောက်လုံး လူတို့၏ အနာရောဂါကို ကုသခဲ့ပြီး ဖြစ်သဖြင့် ယခုအခါ မိမိ၏ အဇ္ဈတ္တသန္တာန်၌ စွဲကပ်နေသော သက္ကာယဒိဋ္ဌိ အမှုံးပြုသည့် အသောဘဏ ရောဂါမျိုးစုံကိုသာ ဓမ္မဆေးနှင့် ကုသနေလိုသည်။

သန်လျင်အိမ်ကြီး အောက်ထပ်၌ ဆေးတိုက်ဖွင့်ထားခြင်းမှာ စီးပွားရေးထက် ကုသိုလ်ဖြစ် ဆေးဝါး ကုသရေးကို ရည်ရွယ်သည်။ တစ်နည်းအားဖြင့် တစ်သက်လုံးအလေ့ဖြစ်၍ အထုံပါနေသော လုပ်ငန်းကို မရပ်နိုင်သောကြောင့်လည်း ဖြစ်ဟန်ရှိသည်။

ဖေဖေတို့ စစ်ကိုင်းမှ သန်လျင်သို့ ပင်စင်ယူ ပြောင်းလာသောနှစ်၌ပင် ခိုင်နှင့် လှိုင်သည် ကိုကိုတို့နှင့် အတူ မန္တလေးသို့ လိုက်ပါသွားကြရ၏။

မမမြိုင်၏ စီစဉ်ချက် ဖြစ်ပါ၏။

ဒေါ်လှယဉ်က ရိုးအ၍ သဘောကောင်းသည်။ မဟာဝိဇ္ဇာတန်းအောင်၍ လက်ထောက်ကထိက ဖြစ်နေသော်လည်း မမကြိုင်က နလုံးသား နူးညံ့လွန်းသည်။ ဤအမေနှင့် ဤအစ်မသည် ခိုင့်ကို နိုင်မည် မဟုတ်။ လှိုင်ပါ ပျက်စီးမည်ကို စိုးရိမ်ရသည်။ ဤသို့ တွေးခေါ်မြော်မြင်၍ မြိုင်က ခိုင်ရော လှိုင်ပါ မန္တလေးသို့ ခေါ်သွားခြင်းဖြစ်သည်။

ကိုကိုသည် တပ်မဟာကြီးတစ်တပ်ကို အုပ်ချုပ်၍ မန္တလေး၌ ရုံးထိုင်ရသည်။ ထို့ကြောင့် ခိုင်က မန္တလေးကောလိပ်တွင် ဆက်တက်ရပြီး လှိုင်ကမူ စိန့်ဂျိုးဇက်ကွန်ဗင့်၌ အဋ္ဌမဆင့်တွင် ဆက်သင်ရသည်။

အားလုံးအတွက် ကောင်းလေသည်ဟု မှတ်ရမည် ထင်သည်။ မန္တလေးနှင့် စစ်ကိုင်းတွင် နွေတိုင်လျှင် တမာရွက်နှင့် စွယ်တော်ရွက်ဝါတို့ သဲသဲဝေဝေ ကြွေတတ်လေသည်မို့ မိခိုင် စိတ်ချမ်းသာနိုင်လိမ့်မည် ထင်သည်။

သန်လျင်၌ ကျန်ခဲ့သော ကျွန်တော်တို့အိမ်မှ စိတ်ဝင်စားစရာကောင်းသော အဖြစ်တစ်ရပ်ကို တင်ပြရပါမည်။

မာနကြီးသော ကျွန်တော့်ဒေါ်လေး ဒေါ်စာဥနှင့် မဲဇာတောင်ခြေရတုကို အဟဲကောင်းသော ဦးလေး ကိုဖိုးခင်ကြီး တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေကြပေပြီ။

ကျွန်တော်က ဦးလေးကိုဖိုးခင်ကို ကပ်၍မေးသည်။

“ ဘယ့်နှယ် စွံလှချည်လား ဦးလေးကိုဖိုးခင်ရ။ ဒေါ်လေးကို ဘယ်လိုရအောင် ပိုးသလဲ ”

ဦးလေးကိုဖိုးခင်သည် ဆံပင်အနက်နှင့် အဖြူ ဆတူရောနေသော သူ့ကတုံးဆံတောက် ဦးစွန်းကို လက်ဝါးနှင့် ပွတ်ရင်း စပ်ဖြဲဖြဲဖြေသည်။

www.burmeseclassic.com



" ဟဲ ... ဟဲ ... ဦးလေးက ဘုရားအလောင်းတော်တွေ ထားခဲ့တဲ့ နည်းစနစ်နဲ့ ပစ်ပိုးတာ။ မင်းဒေါ်လေး ဘယ်ခံနိုင်မလဲ ... အဟဲ ... ဟဲ ... ဟဲ ..."

" ဗျာ ... ဗျာ ... ဘယ်လို ... ဘယ်လို "

" မောင်ကလည်း ကောလိပ်ကျောင်းသားလုပ်ပြီး ညံ့လိုက်တာ။ မှတ်ထား မိန်းမပိုးနည်း ကမ္ဘာဦးကတည်းက ရှိတယ်။ မင်းကုသနည်းနဲ့ စိဒ္ဓမာနယောက်ျား ယစ်ထုပ်ကြီးနည်းလေ။ အဟား ... ဟား၊ အသည်းတွေ ဘာတွေ ကျွမ်းလုလု လုပ်ပြ လိုက်ရသေးသကွ ...။ ဟီး ... ဟီး ... ဟီး ..."

ကျွန်တော်က သူ့နည်းတွေကို သဘောပေါက်သယောင်ယောင် ရှိသော်လည်း အတိအကျ နားမလည်။ သို့ရာတွင် သူပြောပုံမှာ ကျလှသဖြင့် ရယ်မောမိသည်။

ဒေါ်လေးကို ကပ်မေးလိုက်သောအခါ တစ်မျိုးဆိုသည်။

" ဖိုးခင်ကို ကြိုက်လွန်းလို့ ယူလိုက်ရတာ မဟုတ်ပါဘူး မောင်ရ။ ဇီဝိတဒါန အသက်တစ်ချောင်းကို ကယ်လိုက်ရတာ ..."

" အို ... ဖြစ်ရလေ။ ဒါပေမယ့် ဒေါ်လေး ... သာဓုဗျာ ... သာဓု ..."

ဒေါ်လေးသည် ယခင်အတိုင်း ဖောင်းဆဲဖြစ်သော ပါးကြီးများကို စူလျက် မျက်မှောင်ကြုတ်ပြီး ကျွန်တော့်ကို ကြည့်သည်။

" မောင်က ဒေါ်လေးကို နောက်နေသလားဟင် ...။ ဒီက အကောင်းပြောနေတာ ..."

" အင်းပါ ဒေါ်လေးရာ၊ မောင်ကလည်း အကောင်း သာဓုခေါ်တာပဲ ဥစ္စာ။ ကဲပါ ...ဆက်ပါဦး ..."

" ဖိုးခင်က အရက်တွေသောက်ပြီး အသည်းဘာဖြစ်လို့ဆိုလဲ ...။ သေမယ် ဖြစ်တယ်လေ၊ အဲဒါ ဒေါ်လေးကြောင့် စိတ်ညစ်လို့ဖြစ်ရသတဲ့၊ သိပ်တတ်နိုင်တဲ့လူ။ ဒီတော့ ဆရာကြီးနဲ့ မမြကြ သနားပါတယ်၊ ယူလိုက်ပါဆိုလို့ သနားပြီး ယူလိုက်ရတာ တော်ရေ ..."

ထိုအခါမှ ကျွန်တော်သည် ဦးလေးကိုဖိုးခင် ပြောခဲ့သော စကားအဓိပ္ပါယ်ကို ပြည့်ပြည့်ဝဝ သဘောပေါက်ပြီး ရယ်မောမိသည်။

ကျွန်တော် ရယ်နေသည်ကို ဒေါ်လေးသည် မျက်နှာထားတည်တည်ကြီးနှင့် ကြည့်နေသည်။ ခဏကြာသော် သူ့မျက်နှာသည် ပြုံးလာပြီး အသံချိုချိုနှင့် မေးသည်။

" ဒါထက် ... လူများအကြောင်းတော့ မေးပြီးပြီ။ မောင်တို့အကြောင်းလည်း ဒေါ်လေး မေးရဦးမယ် "

" ဗျာ ... ကျွန်တော့်အကြောင်း ... ဘာမေးစရာရှိလို့လဲ "

" ရှိတာပေါ့တော့် ...။ မောင့် ခိုင်က အခု ဘာတွေဖြစ်နေတာလဲ "

ဤအကြိမ် မျက်နှာကို တည်ပစ်ရသူမှာ ကျွန်တော် ဖြစ်ပါ၏။

" ခိုင် ဘာဖြစ်နေတယ်ဆိုတာ ကျွန်တော်က ဘယ်လိုလုပ် သိမလဲ "

" ဒေါ်လေးက စေတနာနဲ့ မေးတဲ့ဥစ္စာ။ မောင်က မဖြေချင်ဘူးပေါ့ ...။ ဒါပေမယ့် ဒေါ်လေး အကုန်သိပြီးပါပြီ ...။ မြိုင့်ဆီကကော ... ကြိုင့်ဆီကကော ...။ ငြိမ်းမောင်အစ်မတွေဆီကကော ..."

" ဒေါ်လေး ဘာတွေသိလို့လဲ "

ဒေါ်လေးသည် စကား ရုတ်တရက်မပြန်ဘဲ ကျွန်တော့်ကို စူးစိုက်ကြည့်သည်။ တစ်သက်နှင့်တစ်ကိုယ် မှတ်မိသမျှ ဤအကြိမ်သည် ဒေါ်လေး ဒေါ်စာဥကြီး၏ ပထမဦးစွာသော လေးနက်သည့် အကြည့်ဖြစ်ပါ၏။

" ဘာတွေ သိရတယ်ဆိုတာ ... ဒေါ်လေး မပြောတော့ပါဘူး။ ဒါပေမယ့် မောင့်ကို တစ်ခု သတိပေးချင်တယ် "

" မောင့်ကို ဘာသတိပေးချင်လို့လဲ "

ဒေါ်လေးသည် မျက်နှာနှင့်လိုက်အောင် တည်ကြည်သောအသံနှင့် ဆို၏။

www.burmeseclassic.com



" စိတ်တစ်ခု ယုတ်ကိုးဆယ်တဲ့ ...။ အကျယ်က ... အဲ ... ဘယ်လောက်မှန်း ဒေါ်လေး မမှတ်မိတော့ဘူး ... စိတ်ဆိုတာ ... အင်မတန် ထွေပြားဆန်းကြယ်တယ်။ မိန်းမတွေစိတ်က သာထွေပြားဆန်းကြယ်သေးတယ်။ ဘုရားစူးရစေရဲ့ ... မယုံမရှိနဲ့။ ဒေါ်လေးကိုယ်တွေ့ ... အစက ဒေါ်လေးစိတ်ကို ဒေါ်လေး မသိခဲ့ဘူး။ အဝိဇ္ဇာဆိုတာ ဖုံးလွှမ်း လှည့်ဖျားတတ်တဲ့ သဘောရှိတယ် မဟုတ်လား "

ကျွန်တော်က ကြီးကျယ်သော အဘိဓမ္မာများကို ဆိုနေသော ဒေါ်လေးကို အံ့လည်းအံ့ဩသည်။ ရယ်လည်း ရယ်ချင်သည်။ သို့ရာတွင် အလေးအနက်ပြောနေသော ဒေါ်လေးကို သရော်ရာရောက်မည်စိုးသောကြောင့် ငြိမ်နားထောင်ရ၏။

" မိုးနဲ့ သရက် ... အိုးနဲ့ ကြွက်တဲ့။ နားလည်ဖို့ခက်သား မောင်ရဲ့၊ မချစ်တာကိုလည်း ချစ်တယ်မှတ်။ မမုန်းတာကိုလည်း မုန်းတယ် ထင်လိုထင်၊ ဒေါ်လေး စေတနာနဲ့ ကိုယ်တွေ့ကို ပြောပြနေတာနော် ..."

" အင်းပါ ဒေါ်လေးရယ် ... ကျွန်တော် နားထောင်နေပါတယ် ..."

" ဒါပေမယ့် အချက်က တစ်ကွက်တည်းပဲ မောင်ရဲ့။ အချက်ထိရင် ဒက်ကနဲ မှန်တာပဲ။ ဘုရားစူးရစေရဲ့၊ ချစ်တာတို့ မုန်းတာတို့က အောင့်ထားလို့ရတယ်။ ဒေါ်လေးကိုယ်တွေ့နော် ...။ အဲ ... သနားမိရင်တော့ ငါးပါးကို မှောက်တာပဲ ...။ တစ်ခါတည်း သမုဒယသစ္စာကော ... ဒုက္ခသစ္စာကော ... မြွေကြီးလင်းမြွေကစားသလို ခါးဖက် ဆက်လိုက်လာတော့တာပဲ တော်ရေ့ "

ဒေါ်လေး၏ မြွေကြီးလင်းမြွေ ပဋိစ္စသမုပ္ပါဒ်တရားကို ကျွန်တော် မရယ်နိုင်။ ဘာကြောင့်မသိ၊ ရင်၌ တစ်စုံတစ်ခုကို နင့်ကနဲ ခံစားမိသည်။

" ဒေါ်လေး မောင့်ကို ဘာလို့ ဒီစကားတွေ ပြောရတာလဲ "

" ဩော် ... စေတနာနဲ့ သတိပေးတာလို့ ဒေါ်လေး စကားခံထားသားပဲ။ တစ်ယောက်က တစ်ယောက်ကို သနားလာပြီဆိုရင် သတိထားလို့။ ဒါပါပဲ "

ဒေါ်လေးသည် ဤအကြိမ်တွင် ကျွန်တော့်အပေါ် မလျှို့ဝှက်စဖူး လျှို့ဝှက်သည် ထင်သည်။ ဤလျှို့ဝှက်ချက်ကို ကျွန်တော်ကလည်း မဖော်လို။

" ကျေးဇူးတင်ပါတယ် ဒေါ်လေးရယ်။ ဒါပေမယ့် တစ်ခုတော့ ပြောမယ်၊ သနားခြင်းက စခဲ့တဲ့ သမုဒယသဘောဟာ မေတ္တာစင်စစ်မည်ပေမယ့် ကိုယ်ကျိုးဖက်မှုနည်းတဲ့ သံယောဇဉ်ပေမို့ ဂေဟသိတပေမ နယ်ပယ်မှာ အဖြူစင်နိုင်ဆုံးသော တွယ်တာမှုတရားလို့ ခေါ်ရလိမ့်မယ်။ ဒီအတွက်တော့ ဘယ်သူဟာ ဘယ်သူ့အတွက်မှ ဝမ်းနည်းစရာမရှိဘူး ထင်တယ် "

ကျွန်တော်သည် ဤစကားနှင့် ပိတ်၍ ဒေါ်လေးအပါးမှ ခွာထွက်ခဲ့သည်။

မည်သို့ဖြစ်စေ။ ကျွန်တော်တို့ သန်လျင်အိမ်ကြီးမှာ စိတ်ချမ်းသာဖွယ်တို့နှင့် ပြည့်နေသည် ထင်ရ၏။

မမေစန်းနှင့် ကိုမောင်ညိုတို့လည်း အကြင်လင်မယား ဖြစ်ခဲ့လေ၍ အခါလည်ကျော် သားတစ်ဦးပင် ထွန်းကားခဲ့ပေပြီ ...။ ဤကလေးသည် ဖေဖေနှင့် မေမေ၏ အသည်းစွဲလည်းဖြစ်သည်။ ဒေါ်လေးဒေါ်စာဥနှင့် ဦးလေးကိုဖိုးခင်၏ အသည်းစွဲလည်း မှန်၏။ ညီငယ်၊ ညီမငယ် မရဖူးသော ကျွန်တော့်အတွက်လည်း ချစ်မဝနိုင်အောင်ရှိသည်။

ဦးထွန်းမောင်ကြီးကလည်း သူ့ခြံတွင်းမှ မှန်မှန်ပြန်လာသည်။ မအိုနိုင်သော ဤလူကြီးသည် မပျောက်နိုင်သော အကျင့်အတိုင်း အသီးစုံ၊ အရွက်စုံ ယူယူလာမြဲတည်း။ ကျွန်တော့်ကို ဂုဏ်ပြု၍ " မောင် "ဟုပင် အမည်ပေးထားသော မမေစန်း၏ ကလေးလေးကို ဟိုအသီး ဒီအသီး ခိုးကျွေးမြဲ ကျွေးလျက်ပေတည်း။

ဖေဖေနှင့် မေမေသည် ထာဝစဉ် မေတ္တာဓာတ်ကို ဆောင်တတ်သူများဖြစ်သည်။ မေတ္တာဓာတ်ခြုံသော ဖေဖေနှင့် မေမေတို့၏ အသိုက်အမြုံသည် ထာဝစဉ်ပင် ခိုလှုံဖွယ် အေးချမ်းလှလေသည်တကား။

❑

www.burmeseclassic.com



မကြောင့်မကြ၊ မတောင့်မတနှင့် ကျွန်တော်သည် ရန်ကုန်ဆေးတက္ကသိုလ်၌ ပျော်ရွှင်စွာ ပညာဆက်လက် ဆည်းပူးသည်။

ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်သည် တက္ကသိုလ်နှင့် ဝေးရရှာသည်။

စက်တင်ဘာလအတွင်း၌ ငြိမ်းမောင်သည် ကျွန်တော့်နေရာ လတ္တာလမ်း ဆေးသိပ္ပံကျောင်းဆောင် အခန်း၌ ခေတ္တ လာတည်းသည်။ လေတပ်မတော်မှခေါ်သော နိုင်ငံခြားပညာတော်သင် ဗိုလ်လောင်းစာမေးပွဲ ဝင်ရန် လာခဲ့ခြင်းဖြစ်၏။

ငြိမ်းမောင်မျက်နှာက ဘဝကို အရှုံးမပေးဟန် ပြုံးရွှင်လန်းဆန်းနေသည်။ နက်မှောင်သော မျက်ခုံးများအောက်ရှိ မျက်လုံးများသည်လည်း ကြည်လင်ဝင်းလက်နေသည်။

ငြိမ်းမောင် မကြိုက်မှန်သိသဖြင့် ကြုံခဲ့ကြရသော ကြေကွဲဖွယ်ရာများကို ကျွန်တော်တို့ မပြောကြ။ ဗိုလ်ရွေးအဖွဲ့၌ ငြိမ်းမောင် သွားအစစ်ခံနေသော ရက်များမှအပ ကျန်ရက်များတွင် အားလပ်တိုင်း ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးသည် ရန်ကုန်တစ်မြို့လုံး လျှောက်လည်ကြသည်။ ရုပ်ရှင်ကြည့်ကြသည်။ ပိုက်ဆံတတ်နိုင်သော ကျွန်တော်က ဒကာခံ၍ ဟိုတယ် ကောင်းကောင်းတို့၌ စားကောင်းသောက်ဖွယ် လျှောက်စားကြသည်။

ခိုင့်အကြောင်းကိုပင် စကားစပ်မိ၍ တစ်လုံးတလေ သာမန်ပြောရိုးပြောစဉ်ထက် ပိုပြီးမပြောမိကြ။

ပြောမိကြသော အချိန်သည်မှု ရောက်လာခဲ့သည်။ ထိုအချိန်ကျပြန်တော့လည်း တစ်ယောက်ရင်ကို တစ်ယောက် မခြွင်းမချန်တမ်း ဖွင့်ပြောမိကြသည်။

ထိုအချိန်ကား ... မိုးရိပ်စင်၍ နှင်းမှုန်ထင်စ ...။ နေရာကား ... ငယ်စဉ်က ကျွန်တော်တို့သုံးဦး ကစားနေကျ မြရာတော ဟိုတစ်စု သည်တစ်စုရှိရာ ကျိုက်ဖောခ် စေတီအနီးမှ တောင်ကုန်းလေးတစ်ခု ...။

ကျွန်တော်က သီတင်းကျွတ်ကျောင်းပိတ်ရက်မို့ သန်လျင်သို့ ပြန်နေဆဲဖြစ်၏။ ဗိုလ်လောင်းအဖြစ် အရွေးခံရသောကြောင့် ငြိမ်းမောင်က အင်္ဂလန်ကျွန်းသို့ ထွက်ခွာခါနီးဖြစ်၏။

တောင်ကုန်းထိပ်တွင် အတူထိုင်လျက် နေဝင်ပုံကို ကြည့်နေကြရာမှ ငြိမ်းမောင်က စ,မေးသည်။

" မင်း ... ခိုင့်ဆီက စာရသလားဟင် "

" ဟင့်အင်း ...၊ ဒါပေမယ့် ငါ စာသုံးစောင်တော့ ရေးထည့်ခဲ့ပါတယ်။ အေး လိုင့်ဆီကတော့ ပြန်စာရတယ် "

ငြိမ်းမောင်က မသိမသာ သက်ပြင်းချဆိုသည်။

" ငါတော့ စာမှန်မှန်ရတယ်။ မင်းဆီ သူက ဘာလို့ စာမပြန်ရသလဲ ..."

" မိခိုင်အကြောင်း မင်းသိသားပဲမဟုတ်လား ငြိမ်းမောင်။ သူ စိတ်ကောက်နေတာ ဖြစ်မှာပေါ့။ မင်း ဒဏ်ရာရတုန်းက ငါ သူ့ကို တော်တော်ထန်ထန် ဆက်ဆံခဲ့မိတယ်။ ထားပါတော့လေ ...။ စာထဲ ဘာတွေပါသလဲ။ မင်း အင်္ဂလန်သွားမှာကော သူသိသလား ..."

" အထူးအထွေတော့ မပါပါဘူး။ မန္တလေးတက္ကသိုလ် ကလောင်ရှင်အသင်းမှာ အမှုဆောင် ဝင်လုပ်နေသတဲ့။ စောင်းနဲ့ သီချင်းကြီးတွေ ဆက်တက်ခွင့်ရလို့ ပျော်သတဲ့။ ဟိုကွာ ... ဘုံဘာဆိုလဲ အဲဒီ ပတ်ပျိုးကြီးတောင် ရောက်နေပြီတဲ့ ..."

" သြော် ... သြော် ... ဘုံပျံနေနန်း။ သိပ်ခက်တယ် ... ငါတောင် ကောင်းကောင်းမပိုင်သေးဘူး "

" အေး ဟုတ်တယ် ဘုံပျံနေနန်း။ ပြီးတော့ ကဗျာတွေလည်း စပ်နေသတဲ့။ မောင် ... ခိုင်ဟာ စိတ်ကူးယဉ်တယ်၊ ငါ့ဆီကို စာရေးတိုင်း သစ်ရွက်ကလေး ... တစ်ရွက် တစ်ရွက် ထည့်ထည့်ပေးတယ် "

ကျွန်တော် ငိုင်နေခိုက် ငြိမ်းမောင်သည် အိတ်တွင်းသို့ နှိုက်သည်။ စာရွက်ပြာပြာတစ်ရွက် အရင်ထွက်လာသည်။ စာရွက်ပြာတွင်းမှ သစ်ရွက်ကလေးတစ်ရွက်ကို ထုတ်ယူပြသည်။

စွယ်တော်ရွက်မူ မဟုတ်။ ဖယောင်းတိုက်ထားသော တမာရွက်ဝါဝါလေး တစ်ရွက်သာဖြစ်သည်။

ကျွန်တော်တို့နှစ်ဦးစလုံး စကားမဆက်နိုင်ဘဲ အတန်ကြာ ငိုင်နေမိကြသည်။ ကျွန်တော်က စတင်၍ ပြန်မေးသည်။

" ငြိမ်းမောင် မင်းမျက်နှာဟာ သိပ်လေးနက်နေတယ် ...။ မင်း ငါ့ကို တစ်ခုခု ပြောစရာရှိတယ် မဟုတ်လား။ ရှိရင် ပြောကွာ "

ငြိမ်းမောင်သည် သစ်ရွက်ဝါကလေးကို လက်ဝါးပြင်တွင် တင်ထားလျက် စိုက်ကြည့်ရင်း သူ့ထုံးစံအတိုင်း ရယ်သည်။ ရယ်၍အားရမှ ပြော၏။

" ဒီသစ်ရွက်ဝါကလေးကို စ,ရခဲ့တာ မင်းပဲ မောင်။ အခုတော့ ငါ့ဆီ ရောက်လာတယ်။ ငါ စဉ်းစားနေတာက ဒီသစ်ရွက်ကလေးကို ငါ ပိုင်သင့် မပိုင်သင့်ပဲ "

ကျွန်တော်က ငြိမ်းမောင်ကို လှမ်းကြည့်မိသည်။ ငြိမ်းမောင်ကမူ သူ့လက်တွင်းမှ သစ်ရွက်ဝါကလေးကိုသာ မမှိတ်မသုန် ရှုကြည့်နေ၏။

" ငြိမ်းမောင် သူငယ်ချင်း မင်း ဘာကိုဆိုလိုနေတာလဲ "

ကျွန်တော်က မေးလေမှ ငြိမ်းမောင်သည် ဆွေးမြေ့စွာဖြင့် မော့ကြည့်ပြီး ဖြေသည်။

" ငါဟာ အမြဲတမ်း ဒုတိယလူတစ်ယောက်ပဲ ဖြစ်ခဲ့ရတယ် မောင်။ ဒါကို မင်းအသိဆုံးပဲ။ ဒုတိယသာ အမြဲဖြစ်ခဲ့ရတော့ စိတ်ဓာတ်ဟာ ခေါက်ရိုးကျိုးသလိုဖြစ်ပြီး ဒုတိယတန်းမှာသာ အမြဲတမ်း နေဝံ့တယ်။ ပထမတန်းကို မမှန်းရဲဘူး။ ပထမတန်းကို ရောက်လိမ့်မယ်လို့လည်း မယုံဘူး။ မယုံတဲ့အထဲက ပထမတန်းကို ရောက်ရမယ်ဆိုတော့ ကြောက်မိတယ် မောင် ... သိပ်ကြောက်မိတယ် ..."

ကျွန်တော်သည် ငြိမ်းမောင်စကားကြောင့် ရင်ထုမနာ စိတ်ထိခိုက်မိသည်။ ထို့ကြောင့် သူ့ပုခုံးကို ပုတ်၍ ညင်သာစွာ ပြောရ၏။

" ပထမလူ ... ဒုတိယလူလို့ ပြောဖို့က လူ့ဘဝကြီးဟာ စာမေးပွဲတွေ၊ အတန်းတွေနဲ့ သတ်မှတ်ပိုင်းခြားတဲ့ ကျောင်းကြီး မဟုတ်ဘူး။ ယှဉ်ပြိုင်ပြေးရတဲ့ တာရှည်ပြေးပွဲကြီးနဲ့ နှိုင်းချင်ရင်တော့ နှိုင်းနိုင်တယ်။ ဒါပေမယ့် မင်း ပြေးခဲ့ရတဲ့ ခရီးဟာ တိုတိုပဲ ရှိပါသေးစတယ်။ ပန်းတိုင်ဟာ အဝေးကြီး လိုသေးတာမို့ ဘယ်သူ ပထမ၊ ဘယ်သူ ဒုတိယလို့ ပြောဖို့ စောလွန်းသေးတယ် ထင်တယ်။ ပြီးတော့ တစ်ခုရှိတယ်၊ ဒါက ဒီပြေးပွဲကြီးမှာ ငါဟာ မင်းနဲ့ ပြိုင်ပြေးသူ မဟုတ်ဘူး။ ဘယ်တော့မှလည်း မပြေးဘူး။ မင်းကိုသာ ငါ ပထမရစေချင်တယ်။ လူများ ပန်းဝင်သွားမှာတော့ ငါ မကြည့်ချင်ဘူး ..."

ငြိမ်းမောင်သည် ဇက်ကျိုးကျကာ မြေပြင်သို့ စိုက်ကြည့်လျက် ငြိမ်နေ၏။

ကျွန်တော်က သဘောကျစွာ အော်ရယ်ပြီး ငြိမ်းမောင်၏ ကျောကို လက်ဝါးနှင့် ရိုက်၍ မေးသည်။

" သူငယ်ချင်း ... တို့ ဖြောင့်ပဲ ပြောကြရအောင် ...။ မင်း ခိုင့်ကို ချစ်နေတယ် မဟုတ်လား ..."

ငြိမ်းမောင်က ရှက်ပြုံးပြုံး၍ ပြန်ကြည့်ပြီး မေး၏။

" မင်းကော ..."

" ငါက အရင်မေးသူပါ ...မင်း ဖြေဦး .."

ငြိမ်းမောင်က မျက်လွှာချပြီး မပွင့်တပွင့် ဖြေသည်။

" ဒီအမေးကို ငါဖြေဖို့ လိုသေးသလား ..."

ငြိမ်းမောင်သည် အနည်းငယ် စိုးရိမ်ဟန်ပြ၍ ကျွန်တော့်ကို မော့ကြည့်သည်။

" ငါ့အဖြေကတော့ သိပ်ရှင်းတယ် ငြိမ်းမောင်။ ခိုင်ဟာ ဒီလောကကြီးထဲမှာ ငါ သံယောဇဉ်ရှိနေတဲ့ မိန်းမသားတွေအနက် ထိပ်ဆုံးမှာပါနေတဲ့ မိန်းကလေးတစ်ဦးပဲ။ ဒါကို ငါ ဝန်ခံတယ် ..."

ငြိမ်းမောင်သည် သဲ့သဲ့ပြုံးရင်း ခေါင်းညိတ်နေ၏။ ကျွန်တော်ကသာ ဆက်ပြောသည်။

" ဒါဖြင့် ... ဒါဟာ ... ချစ်တာလား။ ဒါကို ဖြေဖို့က ... ချစ်တယ်ဆိုတာဟာ ဘာလဲ ...။ ချစ်တယ်ဆိုတာဟာ ... ပိုင်ဆိုင်ချင်တာ ဆိုရင်တော့ ခိုင့်ကို သူတစ်ပါး ပိုင်ဆိုင်မှာ မရှုစိမ့်လောက်အောင် ငါ မနာလို

www.burmeseclassic.com



တတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူငယ်ချင်းတစ်ယောက်အနေနဲ့ ... ငါ ခိုင့်ကို ပိုင်ဆိုင်သင့်သမျှ ပိုင်ဆိုင်ပြီးသားပဲ။ ငါ စကားရှာမတွေ့ဘူး ငြိမ်းမောင်။ အနီးစပ်ဆုံး ပြောရရင် ခိုင့်ကို ငါ ... ချစ်နိုင်တယ်။ ချစ်နိုင်တယ်ဆိုတာ ချစ်နေပြီလို့လည်း ဆိုတာမဟုတ်ဘူး။ ချစ်ပြီးပြီလည်း မဟုတ်ဘူး။ ချစ်လိမ့်ဦးမယ်လို့လည်း မဟုတ်ဘူး။ ကာလသုံးပါးနဲ့ မဆိုင်တဲ့ စကားတစ်ရပ်ပဲ။ သူငယ်ချင်း နားလည်ရဲ့လား "

ငြိမ်းမောင်က တွေးခေါ်စွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဖြေ၏။

" ငါ နားလည်ပါတယ်။ မင်း ခိုင့်ကို မချစ်သေးဘူး။ ဒါပေမယ့် ချစ်နိုင်တယ်။ ဟုတ်တယ်မဟုတ်လား။ ချစ်နိုင်တယ် ..."

" ဟုတ်တယ်။ ဒါပေမယ့် ... မင်း သံသယကင်းအောင် ငါ တစ်ခု ဝန်ခံမယ်။ ခိုင့်ကို ငါ ချစ်နိုင်တယ်။ အဲဒီလိုပဲ ချစ်နိုင်တဲ့ တခြားတစ်ယောက်လည်း ရှိသေးတယ် "

ငြိမ်းမောင်သည် ကျွန်တော့်မျက်လုံးများကို စူးစမ်းသယောင်ကြည့်ပြီး မေး၏။

" အဲဒီတစ်ယောက်ဟာ ဘယ်သူလဲ "

" ဘယ်သူလဲဆိုတာ ... ငါပြောဖို့ မလိုဘူးထင်တယ်။ ချစ်နိုင်သူတစ်ယောက် ရှိသေးတယ်ဆိုရင် လုံလောက်ပြီ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ချစ်မိပြီ ဆိုသူတစ်ဦးကို မတွေ့မချင်း ချစ်နိုင်သူကတော့ တစ်ယောက် မဟုတ်ဘူး၊ နှစ်ယောက် မဟုတ်ဘူး၊ သုံးယောက် မဟုတ်ဘူး၊ အများကြီး တွေ့နိုင်သေးတယ် ..."

ငြိမ်းမောင်သည် သက်ပြင်းနှင့်ရောရှ၍ ရယ်သည်။

" မောင် ... မင်းဟာ ငါ့ဟီးရိုးပဲ။ မင်းကို သိပ်အံ့သြတာပဲ။ အရင်တုန်းကလည်း အံ့သြတယ်၊ အခုလည်း အံ့သြတယ်၊ နောင်လည်း အံ့သြရဦးမယ် ထင်တယ်။ မင်းက ... လောကကြီးဆီက အမြဲရနေသူတစ်ဦးပဲ။ ရနေသူတစ်ဦးဆိုတော့ ဘာကိုမှ မင်း မက်မက်မောမော ရမှရစေ သဘောရှိဟန် မတူဘူး။ ရတဲ့အခါမှသာ ရရော၊ မရလည်း မင်းပူမယ့်လူမျိုး မဟုတ်ဘူး "

ကျွန်တော်ကလည်း ရယ်၍ပြန်ဖြေသည်။

" မင်း ဒီစကားမျိုးပြောတာ နှစ်ခါရှိပြီ သူငယ်ချင်း။ ထားပါတော့လေ ငါ့ကိုလည်း မင်း အံ့သြချီးမွမ်းလို့ ကျေးဇူးတင်ပါတယ်။ ငါကလည်း မင်းကို အံ့သြချီးမွမ်းချင်တယ်။ မင်းကတော့ ဒီလောကကြီးက ဘာမှမရခဲ့သေးဘူး။ ဒါပေမယ့် အဲဒီလောကကြီးကို ရင်ဆိုင်ရဲသလို သည်းခံခွင့်လွှတ်နိုင်တဲ့ မင်းရဲ့ သတ္တိကြောင့် ငါဟာ မင်းသူငယ်ချင်း ဖြစ်ရတာကို ဂုဏ်ယူတယ် ငြိမ်းမောင် "

ငြိမ်းမောင်သည် ကျွန်တော့်ကို လှည့်ကြည့်သည်။ သူ့နှုတ်ခမ်းများက ပြုံးရယ်နေသော်လည်း မျက်လုံးများ၌ မျက်ရည်တို့ ပြည့်နေ၏။

ကျွန်တော်က လက်ကမ်းပေးသည်ကို သူက ဆွဲယူသည်။ ကျွန်တော်တို့နှစ်ဦးသည် တစ်ဦးကို တစ်ဦးစိုက်ကြည့်၍ တစ်ဦးလက်ကိုတစ်ဦး ခိုင်မာမြဲမြံစွာ ဆုပ်လျက် အားရပါးရ လှုပ်ခါမိကြသည်။

နေဝင်၍ မှောင်စပျိုးချိန်၌ ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးသည် တောင်ကုန်းများအတိုင်း ဆင်းလျှောက် ပြန်လာခဲ့ကြ၏။

အတန်ကြာ ငြိမ်နေရင်း လျှောက်လာခဲ့ကြရာမှ ကျွန်တော်က စ,မေးသည်။

" သူငယ်ချင်းရဲ့ မေတ္တာကို မသွားခင် ခိုင့်ကို ဖွင့်ပြောသွားမလား "

ငြိမ်းမောင်က ခေါင်းခါသည်။

" စောပါသေးတယ် သူငယ်ချင်း။ ပြီးတော့ ငါဟာ ဘာကောင်မှ မဟုတ်သေးဘူး။ ခိုင်နဲ့ ထိုက်တန်တဲ့ ဘဝရောက်မှ ငါ ဖွင့်ပြောမယ်။ လောစရာ မလိုပါဘူးလေ။ ဒီထက်မက ရှည်တဲ့နှစ်တွေကို ငါ မျှော်လင့်ချက်နဲ့ ဖြတ်ကျော်နိုင်ခဲ့သေးတာပဲဟာ "

ကျွန်တော်က ငြိမ်းမောင်ကို ခေါင်းငဲ့၍ တစ်ချက်ကြည့်မိသည်။

www.burmeseclassic.com



ငြိမ်းမောင်သည် မြေပြင်ကို စူးစိုက်ကြည့်ရင်း ခြေလှမ်းကို လေးလေးမှန်မှန်နှင့် ကျဲကျဲလှမ်းနေ၏။ ဤခြေလှမ်းတို့သည် ဤအကြိမ်၌ မြေပြင်ကို မကျေနပ်စွာ နင်းနေလေသည်မှု မဟုတ်တန်ရာ။

ကျွန်တော့်မျက်လုံးများသည် ကျွန်တော်တို့ မျက်နှာမူလျက်ရှိရာ အနောက်ဘက် မိုးကုပ်စက်ဝိုင်းဆီ ရောက်သွားသည်။

တစ်နေ့တာမည်သော အချိန်ကာလ အပိုင်းအခြားတစ်ရပ်၏ နိဂုံးချုပ်သည့် သဘောကို စုံးစုံးမြုပ်ဝင်ခဲ့ပြီဖြစ်သော နေလုံးက သရုပ်ဆောင်ပြလျက်ရှိသည်။

နေလုံးသည် စုံးစုံးမြုပ်ဝင်သွားခဲ့ပြီ ဖြစ်လင့်ကစား မိုးကုပ်စက်ဝိုင်း၏ အထက်ဆီ၌ မထိန်မဝင်း သော်လည်း အလင်းပင် မည်သေးသည့် ရောင်ခြည်တို့ကို ထားချန်ရစ်သည်။

ကျောခိုင်းထားရာအရပ်ဆီမှ ကျိုက်ဖောဓိစေတီကြီး၏ ညောင်ရွက်ခတ်သံ၊ ဆည်းလည်းသံတို့သည် ညိုးညိုးညံ့ညံ့ လွင့်ပျံ့လိုက်ပါနေ၏။

ထိုခဏတွင်ပင် ထူးဆန်းသော ဆွေးမြေ့မှုတစ်ရပ်သည် ကျွန်တော့်ရင်၌ မသိမသာ ထင်လာသည်။

ဆောင်းညဆည်းဆာ၌ မသိမသာ ချဉ်းနင်းလာသော အမှောင်ဓာတ်ပမာ မသိမသာ လွှမ်းထင်လာခဲ့ပါ၏။

❑❑❑

www.burmeseclassic.com



# အပိုင်း ငါး

## ပြိုင်ငိုချင်စမ်းပါဘိလေး


၂၆ တစ်ယောက်တစ်မြေ

၂၇ သူ့မှာ အိပ်မက်တွင်းက လူပေမို့

၂၈ သူ့အတွက် ကိုယ့်မှာတမ်း

၂၉ ကြုံလေပြန်ရသည် နိုင်

၃၀ တစ်ပြည်စံ ဘဝ

၃၁ ပြိုင်ငိုချင်စမ်းပါဘိလေး

www.burmeseclassic.com



## ( ၂၆ ) တစ်ယောက်တစ်မြေ

ငြိမ်းမောင် အင်္ဂလန်ပြည်သို့ ထွက်ခွာသွားပြီးနောက် ဤ၀တ္ထုဇာတ်လမ်းတွင် အသေးစိတ် ထည့်သွင်းရေးသား ဖော်ပြထိုက်လောက်အောင် ထူးခြားသော အဖြစ်အပျက်များ မပေါ်ပေါက်ခဲ့ပါ။

ကျွန်တော်က ဆေးတက္ကသိုလ်မှာ သင်ရိုးသင်စဉ် ဆက်သင်နေသည်။ ခိုင်မူ စာမေးပွဲ တစ်နှစ်ဆက်ကျကြောင်း သိရသည်။ လှိုင်မူကား ကိုးတန်းသို့ တက်ခဲ့ရသည်။

အရေးတယူ အနည်းငယ် ဖော်ပြထိုက်သည်မှာ တင်မောင်ညွှန့် ဖြစ်ပါ၏။

တင်မောင်ညွှန့်ကို ကျွန်တော်က တင်းတင်းမာမာ ဆက်ဆံသော်လည်း သူက ဖော်ရွေလေးစားစွာ လိုက်လံနှုတ်ဆက်တတ်သည်။ သူ့ဘက်က လိုက်လျောပြန်သော် ကျွန်တော် ဆက်လက်မရိုင်းပျသာ။

လသာလမ်း ဆေးသိပ္ပံကျောင်းတွင် နေရာမရသော ဆေးကျောင်းသားတချို့သည် တကောင်းကျောင်းဆောင်တွင် နေကြသည်။ တကောင်းကျောင်းဆောင်ရှိ မိတ်ဆွေ ဆေးကျောင်းသားထံ သွားတိုင်း တင်မောင်ညွှန့်ကို ကျွန်တော်တွေ့ရသည်။

တင်မောင်ညွှန့်သည် ဥပစာသိပ္ပံတန်း အောင်မြင်ပြီး အရွေးချယ်ခံရသောကြောင့် သစ်တောပညာသိပ္ပံကျောင်းသားတစ်ဦး ဖြစ်နေသည်။ သစ်တောပညာသိပ္ပံ ကျောင်းသားတို့သည် မိုးတွင်း၌ ရန်ကုန်တက္ကသိုလ်တွင် စာတွေ့ပညာရပ်များ သင်ကြားကြရသည်။ ဆောင်းမှစ၍ နယ်ထွက်တောဆင်းလျက် လက်တွေ့ပညာ ဆည်းပူးကြရသည်။ ရန်ကုန်တက္ကသိုလ်တွင်ရှိဆဲ သစ်တောပညာသိပ္ပံကျောင်းသားများသည် တကောင်းကျောင်းဆောင်၌ နေကြသောကြောင့် တင်မောင်ညွှန့်နှင့် ကျွန်တော် မကြာခဏ တွေ့ရသည်။။

အသက်နှင့် ပညာအဆင့်အတန်းကြောင့်လော မသိ၊ တင်မောင်ညွှန့်၏ ဟန်ပန်အမူအယာတို့သည် တည်ကြည်လေးနက်လာခဲ့သည်။ တင်မောင်ညွှန့်၌ မပြောင်းလဲသည်မှာ ယခုတိုင် ခိုင့်ကို သံယောဇဉ်ကြီးနေခြင်းဖြစ်သည်။

သူ့အခန်း စာရေးစားပွဲပေါ်၌ ခိုင့်ဓာတ်ပုံကို ထောင်ထားသည်။ အခန်းနံရံ၌လည်း ရယ်ဖွယ် ... သနားဖွယ် ဆောင်ပုဒ်တစ်ခုကို သဘော်ဆေးအနီနှင့် ရေးထားသည်။

“ **ချစ်၍ကြိုးစားသည်** ”ဟူသတည်း။

ကျွန်တော်သည် တင်မောင်ညွှန့်ကို မမုန်းရက်တော့။ အနည်းဆုံး မိုက်ကန်းသည့် ညီတစ်ဦးအပေါ်ထားရှိသည့် ကြင်နာမှုမျိုးကို ထားနိုင်ခဲ့သည်။

ထိုနှစ် ဆောင်းတွင်း၌ တင်မောင်ညွှန့်တို့သည် ကချင်ပြည်နယ် သစ်တောများဆီသို့ သွားရောက်၍ လက်တွေ့ပညာ ဆည်းပူးရသည်။

နောက်တစ်နှစ် မိုးဦး၌ ပြန်လာသောအခါ တင်မောင်ညွှန့်သည် ရှားပါးသော သစ်ခွပန်းများကို ကချင်ပြည်နယ် တောတောင်များမှ ယူလာခဲ့သည်။ အချို့ကို ပုသိမ်လမ်းရှိ ခိုင်တို့အိမ်အတွက် ပေးသည်။ အချို့ကို သန်လျင်ရှိ ခြံတွင်း၌ စိုက်ရန်ဆိုကာ ကျွန်တော့်ကို ပေးသည်။

ခွင့်လွှတ်၍ ခင်မင်ခဲ့ပြီဖြစ်သော ကျွန်တော်က ကျောင်းအားလပ်ချိန်တစ်ရက်တွင် တင်မောင်ညွှန့်အား သန်လျင်သို့ အလည်ခေါ်ခဲ့သည်။

ညနေစောင်း ခြံတွင်း လမ်းလျှောက်ရင်း ကျွန်တော်က ကျွန်တော်၊ ခိုင်၊ ငြိမ်းမောင်တို့ ငယ်စဉ်က ကစားခဲ့ကြသော နေရာများကို ညွှန်ပြ၍ ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြောပြမိသည်။

တင်မောင်ညွှန့်သည် အားငယ်ဝမ်းနည်းသော အပြုံးကိုပြုံး၍ မေးသည်။

“ အစ်ကိုမောင် ... ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ ... ဆိုတဲ့ စကားကို အစ်ကိုမောင် ယုံသလား ”

ကျွန်တော်က သူ့ကို စူးစမ်းစွာ ပြန်ကြည့်ပြီး အသာအယာဆို၏။

“ မောင်ညွှန့်ရယ် ... မင်းမေးတဲ့စကားကြီးက အဓိပ္ပါယ်များတော့ အစ်ကိုမောင် ဘယ်လိုဖြေရမှာလဲ ”

www.burmeseclassic.com



" မဟုတ်ပါဘူး အစ်ကိုမောင် ...။ ကျွန်တော် ရိုးရိုးမေးတာပါ။ ယေဘုယျသဘောပေါ့ "

" အေး ... ယေဘုယျသဘော မေးရင်တော့ ယေဘုယျသဘောပဲ ဖြေရမှာပဲ။ ဒါထက် မောင်ညွန့် ဗုဒ္ဓအဘိဓမ္မာကို လိုက်စားဖူးသလား ..."

" ဟင့်အင်း ... ကျွန်တော် အဘိဓမ္မာဆို ဘယ်အဘိဓမ္မာမှ မသိဘူး ..."

" ကောင်းကွာ ... ဒီလိုဆို ... ဘယ်က စပြောရမှန်းတောင် မသိဘူး။ ထားလေ၊ မောင်ညွန့်ရဲ့ အမေးကို ဖြေဖို့က အချစ်ဆိုတာကို ဘယ်လို အနက်အဓိပ္ပါယ်နဲ့ သုံးကြသလဲလို့ ပြန်မေးရလိမ့်မယ်။ အချစ်ဆိုတာက မေတ္တာအဖြစ်နဲ့ ပြောနေသလား၊ ပေမတဏှာအဖြစ်နဲ့ ပြောနေသလား "

" ဟင် ... အစ်ကိုမောင်ကလည်း အချစ်ဆိုတာ မေတ္တာပေါ့ "

" ဒီလို လုံးပြောလို့မရဘူး မောင်ညွန့်။ လူတွေဟာ အချစ်ဆိုတဲ့စကားကို သုံးတိုင်း၊ မေတ္တာနဲ့ ပေမတဏှာကို ရောရောထွေးထွေး ပြောမိကြတယ်။ ဖိုနဲ့မ ... တပ်မက်ကြတာကို မေတ္တာလို့ ခေါ်ဖို့မပြောနဲ့၊ မောင်နဲ့ နမ၊ သားနဲ့ အမိ ချစ်ကြတာကိုတောင်မှ ၅၂၈ မေတ္တာလို့ အရမ်းခေါ်လို့မရဘူး။ မောင်နဲ့ နမ၊ သားနဲ့ အမိ ချစ်ကြတာကိုတောင်မှ ထောင့်ငါးရာ နယ်ပယ်ထဲမှာ ရှိနေတတ်ကြတယ်။ မောင်နဲ့ နမ၊ သားနဲ့ အမိ အချစ်ဟာ လင်ချစ်မယားချစ်၊ သမီးရည်းစားချစ်လောက် ပူလောင်တဲ့ ကိလေသာ မဟုတ်ပေမယ့်၊ ဂေဟာဿိတ ပေမ (ဝါ) အိမ် သို့မဟုတ် အိမ်ထောင်စုသဘောကို မှီဖြစ်လာတဲ့ သမုဒယတရားအဖြစ်ပဲ ရှိနေသေးတယ်။ ငါးရာ့နှစ်ဆယ့်ရှစ်သွယ်သော မေတ္တာသဘောကို သရုပ်ခွဲပြောရင် ရတယ်။ ဒါပေမယ့် သိပ်ရှည်မယ်။ အတိုချုပ်ကတော့ ဩဓိသ၊ အနောဓိသဆိုတဲ့ ဂုဏ်တွေနဲ့ပြည့်တဲ့ ဖြူစင်သော ချစ်ခြင်းသာ မေတ္တာမည်တယ်"

" ဟာ ... အစ်ကိုမောင်ကလည်း အဲဒီတရားတွေနဲ့ ကျွန်တော် မေးတာနဲ့ ဘာဆိုင်လို့လဲ ..."

" ဆိုင်လို့ ပြောနေတာပေါ့ မောင်ညွန့်ရယ် ...။ ငယ်ကချစ် အနှစ်တရာ မမေ့သာ ဆိုတဲ့စကားဟာ မှန်သလိုလိုနဲ့ မှားတယ်။ မှားသလိုလိုနဲ့လည်း မှန်တယ် ..."

" ဟာ ... ကျွန်တော် မျက်စိလည်သွားပြီ ..."

" မလည်ပါနဲ့ မောင်ညွန့်။ အစ်ကိုမောင် ရှင်းပြပါမယ်။ တဏှာဆိုတာက အဝိဇ္ဇာနဲ့ အမြဲယှဉ်တွဲတယ်။ အဝိဇ္ဇာ ဆိုတာက ဖုံးလွှမ်းတတ်တယ်၊ လှည့်စားတတ်တယ်၊ ပြောင်းလဲတတ်တယ်။ ဒီတော့ တဏှာချစ်ဟာ မမြဲဘူး၊ အချစ်ဆုံးလူဟာ တစ်နေ့မှာ အမုန်းဆုံးလူ ဖြစ်လာတတ်သလို၊ အမုန်းဆုံးလူဟာလည်း အချစ်ဆုံးလူ ဖြစ်လာတတ်တယ်။ ဒါကြောင့် မောင်ညွန့် စကားကို မှန်သလိုလိုနဲ့ မှားတယ်လို့ အစ်ကိုမောင် ပြောတာ ..."

" ဒါဖြင့် မှားသလိုလိုနဲ့ မှန်တယ် ဆိုတာကကော ..."

" ဒါကိုလည်း ရှင်းပြနိုင်ပါတယ်။ တဏှာဆိုတဲ့သဘောက ဥပါဒါန်ဆိုတဲ့ တရားကို ဆောင်လာတတ်တယ်။ ငယ်က ချစ်လို့ မမေ့ဘူး ဆိုတာမှာ မမေ့တာဟာ အချစ် မဟုတ်ဘူး။ ဥပါဒါန်တရားတွေသာ ဖြစ်တယ်။ တကယ်မြဲ တကယ်ခိုင်တာက မေတ္တာဆိုတဲ့ ( ကိလေသာစကင် သုံးထောင်ဝက်က ကင်းလွတ်တဲ့ ...) အစစ်အမှန် ဖြူစင်သော ချစ်ခြင်းသာ ဖြစ်တယ်။ နားလည်ပြီလား ..."

တင်မောင်ညွန့်သည် ကျွန်တော့်ကို အံ့ဩဟန် ငြိမ်လျက် စိုက်ကြည့်နေသည်။ အတန်ကြာမှ ရယ်သည်။

" မင်း ဘာရယ်တာလဲ မောင်ညွန့် ..."

" အစ်ကိုမောင့်ကို သဘောကျလို့ပါ။ ပြီးတော့ မမခိုင် ပြောတာကိုလည်း သွားသတိရလို့ ..."

" ခိုင်က ဘာပြောလို့လဲ ..."

" ကျွန်တော့်ကို စိတ်မဆိုးနဲ့နော်၊ အမုန်ကို ဝန်ခံရရင် တစ်ကြိမ်က အစ်ကိုမောင့်ကို ကျွန်တော် အထင်လွဲဖူးတယ်။ ပြီးတော့ မနာလိုလည်း ဖြစ်ခဲ့ဖူးတယ် ..."

ကျွန်တော်က ဘာမျှမပြန်မဖြေဘဲ ငြိမ်နေ၏။

www.burmeseclassic.com



" ကျွန်တော် ဆောင်းတွင်းတုန်းက မြစ်ကြီးနားဘက် အသွားမှာ မမခိုင်ကို ဝင်တွေ့သေးတယ်။ တွေ့တယ်ဆိုတာက မန္တလေးတက္ကသိုလ်မှာ ဝင်တွေ့တာပါ။ ဗိုလ်မှူးကြီးနဲ့ မမမြိုင်ကို ကြောက်တာမို့ နန်းတွင်းထဲက အိမ်မှာ သွားတွေ့ရတာ မဟုတ်ပါဘူး ..."

တင်မောင်ညွှန့်က ဝမ်းနည်းစွာ ရှင်းပြသည်။

" အဲဒီလို တွေ့ကြတော့ ဟိုအကြောင်း ဒီအကြောင်းတွေ စကားစပ်ပြောမိကြတာပေါ့လေ။ ကျွန်တော် သတိထား မိတာက မမခိုင်ဟာ အစ်ကိုငြိမ်းမောင်အကြောင်း ပြောတယ်။ အခြား မိတ်ဆွေတွေအကြောင်းလည်း ပြောတယ်။ အစ်ကို ငြိမ်းမောင်ကို ဓားထိုးမှုနဲ့ ထောင်သုံးလကျသွားတဲ့ ကျွန်တော့်သူငယ်ချင်း သိန်းဟန် အကြောင်းတောင် မေးသေးတယ်၊ ဒါပေမယ့် ..."

တင်မောင်ညွှန့်သည် စကားမဆက်ဘဲ ရပ်လိုက်၏။

" ဒါပေမယ့် ဘာဖြစ်လဲ ပြောလေ ..."

" ဒါပေမယ့် ... အဲ ... အစ်ကိုမောင့်အကြောင်းကိုတော့ မပြောဘူး။ ကျွန်တော်က စကားစပ် ပြောဖန်များမှ ကျွန်တော် မမျှော်လင့်တဲ့စကားကို ဆိုတယ် ..."

တင်မောင်ညွှန့်သည် အပြောရခက်ဟန် စကားရပ်သွားပြန်သည်။

" ပြောလေ မောင်ညွှန့်၊ ခိုင်က အစ်ကိုမောင့်အကြောင်း ဘာဆိုလိုက်သလဲ "

" အစ်ကိုမောင် စိတ်မဆိုးနဲ့နော် "

" အို ... ငါက ဘာလို့စိတ်ဆိုးရမှာလဲ "

" အစ်ကိုမောင်ဟာ လောကကြီးကို အစ်ကိုမောင် ကြည့်ချင်သလိုကြည့်ပြီး မြင်ချင်သလိုမြင်တယ်တဲ့၊ ပြီးတော့ အစ်ကိုမောင့်မှာ အသည်းနှလုံး မရှိဘူးတဲ့ "

ဤစကားရပ်၌ ဟာသမပါဘဲ ကျွန်တော်က ရယ်သည်။

" အစ်ကိုမောင် ဘာရယ်တာလဲ "

" သြော် ... မိခိုင်ပြောတာက ရယ်စရာကောင်းလို့ပါ ...။ ငါ့မှာ အသည်းနှလုံးရှိပါတယ် မောင်ညွှန့်ရယ်။ တစ်ခု ခြားနားတာက ငါဟာ ဘယ်သူ့အသည်းနှလုံးကိုမှ မလိုချင်ဘူး။ ငါ့အသည်း နှလုံးကိုလည်း ဘယ်သူ့ကိုမှ မပေးချင်ဘူး။ ငါထားနိုင်တာက မေတ္တာတရားသာပါ။ မေတ္တာတရားဆိုတာဟာ အနိုင်ယူလေ့လည်း မရှိဘူး၊ အရှုံးပေးခြင်းလည်း မရှိဘူး။ ဘာကြောင့်ဆိုတော့ မေတ္တာတရားဆိုတာဟာ တောင့်တခြင်းမှ မဟုတ်ဘဲ၊ ပြီးတော့ နှိမ့်ချခြင်းလည်း မဟုတ်ပေဘူး "

တင်မောင်ညွှန့်က ကျွန်တော့်ကို ထိတ်လန့်ဟန် မော့ကြည့်သည်။ ထို့နောက် သဲ့သဲ့ပြုံး၍ မေး၏။

" အစ်ကိုမောင်က ကျွန်တော့်ကို သရော်နေတာလား "

" မဟုတ်ရပါဘူး ငါ့လူရာ၊ အေး ... တစ်ခုတော့ရှိတယ်။ မောင်ညွှန့်တို့ကို သတိပေးချင်တယ်။ မင်းတို့ဟာ အသည်းနှလုံးဆိုတဲ့ စကားကို နှုတ်ဖျားမှာ အလွယ်တကူ တင်ထားလို့ရတဲ့ ကစားစရာပမာ လဲလှယ်ခြင်းတို့၊ ပေးကမ်းစွန့်ခြင်းတို့ ဆိုတဲ့ စကားတွေကို မှားမှားယွင်းယွင်း တင်စားပြောနေကြတယ်။ အေး ... တစ်နေ့မှာ နှလုံးသားကို ဆုံးရှုံးပြီးမှ ကစားစရာ မဟုတ်မှန်းသိလို့ ငိုကြွေးရင်သာ၊ ကလေးတွေ မဟုတ်ကြလို့ ဘယ်သူကမှ မသနားရင်၊ လောကကို စိမ်းကားလှတယ်လို့ အပြစ်မတင်ကြနဲ့ "

တင်မောင်ညွှန့်သည် ခေါင်းငိုက်စိုက်လျက် အတန်ကြာ ငိုင်နေပြီးမှ ဖြည်းလေးစွာ မေးသည်။

" အစ်ကိုမောင် ဘာဆိုလိုတာလဲ "

ကျွန်တော်က သူ့ပုခုံးကို အသာပုတ်၍ အေးဆေးညင်သာ ဆိုမိသည်။

" အစ်ကိုမောင် ဆိုလိုတာဟာ ရှင်းပါတယ် ညီရယ်၊ လောကကြီးမှာ အစ်ကိုမောင် မငိုချင်ဘူး။ မောင်ညွှန့်ကိုလည်း မငိုစေချင်ဘူး။ ခိုင့်ကိုလည်း မငိုစေချင်ဘူး။ အခြား ဘယ်သူ့ကိုမှ မငိုစေချင်ဘူး။ ချစ်သူရော၊ မုန်းသူရော၊ အားလုံးဟာ မပြုံးနိုင်ကြစေ၊ ချုံးပွဲချလို့တော့ ငိုမနေကြရစေချင်ဘူး "

www.burmeseclassic.com



တင်မောင်ညွှန့်သည် ကျွန်တော့်ကို တစ်ချက် ပြန်မော့ကြည့်သည်။ ကျွန်တော်ကလည်း သူ့ပုခုံးကို ဆုပ်ကိုင်ရင်း သူ့အား ပြန်စိုက်ကြည့်မိသည်။

ရင်ကို အကုန်ဖွင့်မပြလိုက်သော်လည်း ကျွန်တော်ပြောခဲ့သော စကားရပ်တို့ကို အကြောင်းဇာတ်နှင့် စပ်ဟပ်ဆင်ခြင်၍ ခများ နားလည်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်ပါ၏။

ကျွန်တော် မျှော်လင့်ခဲ့ပါ၏။

❑

မငိုတတ်၍လော၊ မငိုချင်၍လော မသိ။ ငိုစရာတွေကို ဘဝတွင် အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ရလင့်ကစား၊ မငိုခဲ့ဖူးသော ငြိမ်းမောင်ထံမှ ရှေ့ရေးကို အားသစ်မာန်သစ်နှင့် ကြည့်၍ ရေးလိုက်သော စာများကို ကျွန်တော် မှန်မှန်ရသည်။

သူ့ပထမစာများ၌ ရေသစ်၊ မြေသစ်ကို ရောက်နေသော လူငယ်တစ်ဦး၏ သဘာဝအလျောက် ထူးဆန်းသော အတွေ့အကြုံများကို ရေးသည်။

နှင်းပွင့်ဖြူဖြူတို့အကြောင်းလည်း ပါသည်။ ပေါင်ဖြူဖြူ၊ မျက်လုံးပြာပြာနှင့် ဆံပင်ဝါဝါတို့ အကြောင်းလည်း ပါသည်။

နောက်စာများ၌မှ ကောက်မည့်ရွှေရောင် လယ်တောနှင့် အစာရေစာပေါသမျှ မုဋ္ဌောစေတီ ... အလီလီဖြင့် ကြည်နူးဖွယ်ရာ မိခင် မြေမဟာကို လွမ်းသံများ ပါလာ၏။

နောင်အခါ ဤမိခင်မြေ၏ အရေးအရာတို့ကို ဆွေးနွေးလာ၏။

"တရုတ်ဖြူအရေးဟာ ... ဘယ်အခြေအနေ ရောက်နေသလဲ သူငယ်ချင်း။ ငါတို့က ဒီဆီ မှာတော့ သူတို့ သတင်းစာတွေ ရေးသမျှပဲ ဖတ်ကြရတယ်။ သူတို့ သတင်းစာတွေ ဆိုတာကလည်း ငါတို့တိုင်းပြည်အကြောင်းကို မကောင်းတာ လောက်ပဲ တင်ပြချင်ကြတာ။ ကောင်းတာဆိုရင်တော့ မဖော်ပြကြဘူးလေ ...။

လေတပ်မတော်က ရောက်လာကြတဲ့ အရာရှိအချို့ဆီက အားရစရာသတင်းတွေတော့ ကြားရတယ်။ လွိုင်တပ်၊ ပန်လောင်စစ်ပွဲမှာ ငါတို့ လေတပ်မတော်ဟာ အရေးပါစွာ ဝင်နွှဲကြသတဲ့။ မောင်းပြင်၊ ကျိုင်းတုံတစ်ဝိုက်က တရုတ်ဖြူတွေကို ချေမှုန်းကြရာမှာလည်း ကြည်းတပ်မတော်နဲ့ လေတပ်မတော်ဟာ အောင်ပန်းဆွတ်ခဲ့ကြသတဲ့ ...။

ဒီမှာကတော့ စိတ်ပျက်စရာကြီးပါကွာ ...။ ငါတို့နိုင်ငံကို အားမတန် မာန်လျှော့ပြီး လက်လွှတ်ခဲ့ရတဲ့ တိုင်းပြည်မှာ ပြန်စစ်ပညာသင်ရတာကတော့ တစ်မျိုးကြီးပဲ။

ဝင်းဂိတ်အကြောင်း ရေးထားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ရတယ်။ ဝင်းဂိတ်ကိုတော့ ဘုရားလောက် ချီးမွမ်းထားပြီး ဗိုလ်ချုပ်အောင်ဆန်းကိုတော့ ပက်ပက်စက်စက် ရေးသား ထားတယ်ကွာ ... သိလား ...။

ငါ့သူငယ်ချင်း အောင်မြင်ဆိုတဲ့ကောင်က စော်ကားတာ မခံချင်တာနဲ့ ဂေါ်ရာတစ်ကောင်ကို တို့ကျောင်းတပ်ရှေ့က အလှစိုက်ထားတဲ့ အုတ်ခဲ ဆွဲနုတ်ပြီး ရိုက်တာ ဘာဖြစ်ဦးမလဲ မသိဘူး။

ငါကတော့ သည်းခံပါတယ်။ ငါတို့ တပ်မတော်က လူကြီးတွေဟာ ငါတို့ကို ဒီတိုင်းပြည် လွှတ်ပေးတာဟာ သည်းခံစိတ်၊ ဖွဲ့ရှိစိတ်၊ အမြင်မှန်စိတ်တွေ ရလာအောင် ရည်ရွယ်သလား မသိဘူး။

မင်းကတော့ ဂျပန်တော်လှန်ရေးတုန်းက တိုင်းပြည်တာဝန်ကို အားရအောင် ထမ်းခဲ့ရပြီပြီ။ ငါတော့ ရှေ့ရေးကို မျှော်တယ်ကွာ။ မွေးကတည်းက နိုင်ငံက ကျွေးခဲ့တဲ့ ကျေးဇူးကို မင်းလိုပဲ

www.burmeseclassic.com



ပြန်ဆပ်ချင်တယ်။ သူငယ်ချင်း ယုံမလား မသိဘူး။ နိုင်ငံခြားရောက်မှ ကိုယ့်ပြည်ကို ကိုယ် ချစ်လာတယ်ကွာ၊ အဲဒါထက် ...”

ငြိမ်းမောင်၏ စာသည် “ အဲဒါထက် ”မှစကာ ကိုယ်ရေးကိုယ်တာပိုင်း ပြန်ရောက်လာ၏။

“ အဲဒါထက် ငါတို့ငယ်ငယ်က တာဖဲလုပ်တမ်း ကစားတာ မှတ်မိသေးလား။ ငါ လေထဲမှာ သစ်ကိုင်းတစ်ကိုင်းက တစ်ကိုင်း လွဲမကူးတတ်ဘူးလေ။ တစ်ခါက ကျပြီးသေမယ် ဖြစ်သေးတယ် မဟုတ်လား။ အခုတော့ လေထဲမှာ လေယာဉ်ပျံ တစ်စီးနဲ့ ကျွမ်းလည်း ထိုးတတ်ပြီ၊ ဇောက်ထိုးလည်း ဆင်းတတ်ပြီ၊ မှောက်ခုံလည်း ပျံတတ်ပြီ။ ပြီးတော့ ရေလည်း ကူးတတ်ပြီ။ **ငါမသေဘူး ရေကူးတတ်ပြီ သူငယ်ချင်းရေ ...”**

ဤနေရာသို့ ရောက်သောအခါ ကျွန်တော်သည် သဘောကျလှသဖြင့် စာဖတ်ရင်း ရယ်မိသည်။

“ မင်းနဲ့ ခိုင် စိတ်ကောက်နေကြတုန်းပဲလား။ ငါဆိုလိုတာက မိခိုင်က စိတ်ကောက်တုန်း ပဲလားလို့ပါ။ မင်းကတော့ အင်မတန် စိတ်ရှည်တဲ့ကောင်မို့ စိတ်မကောက်တတ်ပါဘူး။ ဒါပေမယ့် ငါထင်တယ် မင်းက နည်းနည်း မာနကြီးလွန်းတယ် ထင်တယ်။ ချော့ထိုက်တဲ့အခါ ချော့ပြီး ပျော့ထိုက်တဲ့အခါမှာလည်း ပျော့ဦးမှပေါ့။ တို့အားလုံးကတော့ မင်းကို “ ဟီးရိုး ”လို့ ထင်ထားကြသူတွေပါ။

ခိုင့်ဆီက ငါ စာမှန်မှန်ရတယ်။ စာတွင် မကဘူး၊ သူစပ်တဲ့ ကဗျာတွေပါ ရတယ်။ ကဗျာကတော့ ငါ သိပ် နားမလည်ဘူး။ မင်းကတော့ နားလည်လိမ့်မယ် ထင်တယ်။

ဟိုတစ်လောက ခိုင်ငါ့ ငါ့ဆီကို ကြံကြံဖန်ဖန် တောင်းတယ်ကွာ။ မေပယ်(လ်)ရွက်ဝါတွေ ပို့ပေးပါတဲ့။

မေပယ်(လ်)ရွက်ဝါဟာ လှတော့ အတော်လှတယ် သူငယ်ချင်း။ သဏ္ဌာန်ကတော့ တို့ဆီက ချဉ်ပေါင်ရွက်အကြီးစားမျိုးပုံပဲ။ ဆောင်းဦးမှာ ကြွေလေ့ရှိတယ်။ ကြွေရင် ရွှေလိုပဲ ဝါနေပြီး အနီပြောက်ကလေးတွေလည်း ပါတယ်။ တို့ ကျက်ခဲ့ဖူးတဲ ရှင်ဥတ္တမကျော်ရဲ့ စာထဲက သစ်ရွက်နဲ့ သိပ်တူတယ်။ ငါသိချင်တာက ခိုင်ဟာ ဘာကြောင့် ဒီသစ်ရွက်ဝါတွေကို ချစ်ရသလဲ ... သစ်ရွက်ဝါ ဆိုတာဟာ အဟောင်းပါကွာ။ ချစ်ခြင်းချစ်ရင် အသစ်ဖြစ်တဲ့ အနာဂတ်ကို ချစ်ဖို့ကောင်းတယ်။ အဟောင်းမှာလည်း ချစ်စရာကောင်းတာတွေတော့ ရှိပါတယ် ...။ ဥပမာ တို့သူငယ်ချင်းသုံးယောက်ရဲ့ အချစ်ဆိုပါတော့ ...။

ခိုင့်ဆီ မေပယ်(လ်)ရွက်တော့ ငါ ထည့်ပေးလိုက်တယ်။

တင်မောင်ညွန့်ကိုတွေ့ရင် ငါက သတိရကြောင်း ပြောပြပေးပါ။ သူက ငါ့ဆီ စာမရေးဘူးကွ။ ငါ့စာ အတော်ရှည်သွားပြီ။ နိဂုံးချုပ်အနေနဲ့ ဆုတောင်းတယ်။

တို့ပြန်ဆုံတွေ့ရင် သာယာသောနေ့များဟာ တို့အားလုံးအတွက် ဖြစ်ပါစေလို့။

မောင့်သူငယ်ချင်း
ငြိမ်းမောင်

ငြိမ်းမောင် စာထဲတွင် ပါသည့်အတိုင်း ခိုင်သည် ကျွန်တော့်အပေါ် စိတ်ကောက်နေဆဲပင် ရှိဟန် တူသည်။

ထိုနှစ်များအတွင်းက ခိုင်တို့ ညီအစ်မနှစ်ဦးစလုံး ရန်ကုန်သို့ ပြန်မလာကြရ။ ဒေါ်လှယဉ်၊ ကြိုင်၊ ဦးမြဘူးတို့သာ နွေတိုင်လျှင် မန္တလေးသို့ တက်ကြသည်။ ဦးမြဘူး၏ သွေးတိုးရောဂါမှာ ပူအိုက်ခြင်းနှင့် မတည့်။ ကိုကိုက မေမြို့၌လည်း အိမ်တစ်လုံး ဆောက်ထားသဖြင့် ဦးမြဘူးသည် နွေဝယ် မေမြို့တွင် သွားနေနိုင်သည်။

www.burmeseclassic.com



ကျွန်တော်က ညီအစ်မနှစ်ဦးထံ တစ်လလျှင် တစ်ကြိမ်ကျ စာမှန်မှန်ထည့်ရာ လိုင့်ဆီမှ မှန်မှန်ပင် ပြန်စာရသည်။ တက္ကသိုလ်ဝင်တန်း တက်နေရပြီဖြစ်သော လိုင်သည် ကလေးလည်း မဟုတ်၊ လူကြီးလည်း မမည်သေး။ လိုင့်စာလေးများ ဖတ်ရသည်မှာ ရယ်ဖွယ်၊ ကြည်နူးဖွယ် ရှိသည်။

မိခိုင်က ဘီအေ ပထမနှစ်သို့ ယခုမှ ရောက်သည်။ သို့ရာတွင် အသံလွှင့် သီဆိုခွင့် မရနိုင်တော့သော ခိုင်သည် မဂ္ဂဇင်းများ၌ ကျော်ကြားသော ကဗျာဆရာမတစ်ဦးမူ ဖြစ်နေပြန်သည်။

ကျွန်တော်သည် ကိုယ့်စာနှင့်ကိုယ် အလုပ်များနေသောကြောင့် မဂ္ဂဇင်းများကို မဖတ်မိ။ သို့ရာတွင် တင်မောင်ညွှန့် တကောင်းက ယူလာပြတတ်သဖြင့် ခိုင့်ကဗျာလေးများကို ဖတ်ရသည်။ ကလောင်နာမည်ကို မိခိုင် (မန်းတက္ကသိုလ်)ဟု ယူထားသဖြင့် သဘောကျမိသည်။

ခိုင့်ကဗျာလေးများကို ကျွန်တော်က စုဆောင်း သိမ်းဆည်းထားသည်။ ခိုင့်ကဗျာများက စိတ္တဇ ဆန်သည်။ အလွမ်းဘက်လည်း လု၏။ မိန်းမသားတစ်ဦးအနေနှင့် နှလုံးသားကို ဖွင့်ပြပုံမှာလည်း ရဲရင့် လွန်းသည်။ မည်သို့ဖြစ်စေ … လှမူ လှပ၏။ မန်းတက္ကသိုလ်ကျောင်းသူပီပီ စကားလုံး သိပ်သည်းကျစ်လစ် မှန်ကန်သည်။ ကြင်နန်းဆန်သည် ခေါ်ရမည်လော မန်းဟန်ပင် မှတ်ရမည်လော မသိ။ စကားသွား စကား လာသည် ပြေပြစ်ချောမောရုံမက ညက်ညောနူယဉ်သည်။

မဂ္ဂဇင်းများကို လစဉ် ကဗျာတစ်ပုဒ်စီ မှန်မှန်ပို့နိုင်သော ခိုင်သည် ကျွန်တော့်ထံကိုမူ စာမှန်မှန် မပြန်။ ပြန်သော အခါ၌လည်း အဘယ်သို့ ကောက်ချက်ချရမှန်း မသိ။

" ခိုင့်ဆီကို စာမှန်မှန်ရေးလို့ မောင့်ကို ကျေးဇူးတင်ပါတယ်။ မောင့်စာတွေဟာ ဆုံးမစာ ဆန်တာကြောင့် လောကသာရပျို့နဲ့အတူ ခိုင် ရိုသေစွာ သိမ်းထားပါတယ် …။

မောင့်ဆီကို စာမှန်မှန်မပြန်တဲ့ မိခိုင်ကို ခွင့်လွှတ်ပါ။ ခိုင်က ခံစားမှုရှိမှ စာရေးလို့ရတယ်။ ခိုင့်ခံစားမှုက မန္တလေးမှာပဲ ရှိနေတယ်လေ။

ဒီမှာက သစ်ရွက်ကြွေတဲ့ နွေဆိုရင် သိပ်လှတာပဲ မောင်။ နွေမှ မဟုတ်ဘူး၊ လေမိုးဖြူ သန်ကြွင်းနဲ့ ငွေနှင်းတွေရောတဲ့ ဆောင်းဆိုရင်လည်း ယဉ်တာပဲ။ ဟိန်းဟောက်တတ်တဲ့ မိုးဟာတောင် ဒီမှာတော့ မရိုင်းဘူး မောင် …။

မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးလို့တော့ မခေါ်ပါဘူး။ ဒါပေမယ့် ဗိုလ်မှူးမျက်ရှင်၊ စည်းကမ်း ခင်တဲ့၊ အိမ်ခွင်လုံးသက်ပိုင် မမြိုင်က ခိုင့်ကို ဒဏ်ထားသတဲ့လေ …။

ခိုင့်ကို ရန်ကုန် မဆင်းရဘူးတဲ့။ ခိုင် လိမ္မာမှ ရန်ကုန် ဆင်းရမတဲ့။ ဒီအတိုင်း ဆိုရင်တော့ ခိုင် ရန်ကုန်ကို ဘယ်တော့မှ ရောက်တော့မှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ခိုင်က ဘယ်တော့မှ လိမ္မာမှာမှ မဟုတ်ဘဲကိုး …။

လိမ္မာတယ်ဆိုတ အင်မတန် ပျင်းစရာကောင်းတဲ့ အလုပ်ပဲ မောင်။ လိမ္မာတယ်ဆိုတဲ့ လူတွေကို ကြည့်ပြီး ခိုင် သနားမိတယ်။ သူတို့ဟာ လောကကြီးကိုလည်း လိမ်နေကြတယ်။ လူလူချင်းလည်း လိမ်နေကြတယ်။ အဆိုးဆုံးကတော့ ကိုယ့်အသည်းနှလုံးကို ကိုယ်ပြန် လိမ်နေကြတာပဲ။ အဲဒီလို လိမ်ရင်းက သူတို့အသည်းနှလုံးဟာ မာလာကြတယ်။ လိမ္မာတယ် ဆိုတဲ့ အဓိပ္ပါယ်ဟာ ဒါပဲ ထင်ပါရဲ့ …။

ခိုင်ကလည်း အခြေအနေအရတော့ လိမ်ကြည့်မလားလို့ စိတ်ကူးတယ်။ လိမ်ဖြစ်လို့ ခိုင့်အသည်းနှလုံး မာလာရင် ဝမ်းနည်းမယ့်သူတော့ မရှိတန်ကောင်းပါဘူး …။

လောလောဆယ်တော့ ရန်ကုန်ကို မပြန်ရလို့ ခိုင် ဝမ်းမနည်းပါဘူး။ အင်းယားကန်နဲ့ တိရစ္ဆာန်ရုံကို သြကာသ လောကအဖြစ် ကြည့်နေရတဲ့ ရန်ကုန်ကို ခိုင် နည်းနည်းမှ မလွမ်းပါဘူး …။

အထက်မြန်မာပြည် မြို့ကြီးတွေကိုတော့ ခိုင်တို့ တော်တော်နဲ့အောင်လည်ပြီးပြီ။

www.burmeseclassic.com



မကွေးက တမာပင်ကြီးတွေနဲ့ မြန်မာကုက္ကိုပင်ကြီးတွေဟာ ငွားငွားစွင့်စွင့်နဲ့ သိပ်တင့်တယ်သလို ခန့်ညားတယ် မောင်။ ကျောက်ပန်းတောင်းနဲ့ ပုပ္ပါးတစ်ဝိုက်ကျရင် မောင် မမြင်ဖူးတဲ့ တဖောင်းပဒုမာ အပါအဝင် တဖောင်းမျှင်မျှင်၊ တဖောင်းဖွားဖွား၊ တဖောင်းသွယ်သွယ်၊ တဖောင်းမျိုးအလှယ်လှယ်ကို တွေ့ရတယ်။

ကျောက်ပုံကနေ မိတ္ထီလာကိုလာရင် လမ်းမှာ ခံပွင့်တွေကို တွေ့ရတယ်။ ခံပွင့်ကို စံပယ်ထက် ဂုဏ်နိမ့်ပြီး ဘာလို့ စာစပ်သွားလည်း မသိဘူး။ ခံပွင့်ဟာ သိပ်မွှေးတယ် မောင်။ အပွင့်ကလေးကသေးတော့ မိုးကောင်းကင်က ကြယ်ပွင့်ကလေး တွေနဲ့ သိပ်တူတာပဲ။

စစ်ကိုင်းကျမှ ဦးကြင်ဥရဲ့ ဒဟတ်ပင်နဲ့ ဒဟတ်ပန်းကို ခိုင် မြင်ဖူးတယ်။ ပြောစမှန်ဆန်းတဲ့ တောဒဟတ်ပန်း ဆိုတာပေါ့ ...။

မုံရွာတစ်ခွင်ကိုတော့ ... ဆရာ ဘုတလင်ချစ်လေးနဲ့ ခိုင့်သူငယ်ချင်း ကိုသိန်းနိုင်တို့ ကျေးဇူးကြောင့် နှံ့အောင် ခိုင် ရောက်ဖူးတယ်။ အမေရိကန် ရောက်ဖူးတဲ့ ခိုင့်ဆရာ ကထိကတစ်ဦးက ပြောတယ်။ မိုးညှင်းသမ္ဗုဒ္ဓေစေတီတော်ကြီးကို ဖူးမိတဲ့အခါမှာ ကုလသမဂ္ဂ အဆောက်အအုံကြီးကို အထင်မကြီးတော့ဘူး ...။ ကုလသမဂ္ဂ အဆောက်အအုံကို မမြင်ဖူးတော့ ခိုင် မပြောတတ်ဘူးလေ။ ခိုင်ကတော့ မုံရွာကနေ ညောင်ပင်ကြီးဘက်ကမ်း ကူးရတာ သိပ်ပျော်တယ်။ နွေဆိုရင် မြစ်ရေက စိမ်းလဲ့လဲ့နေတယ်။ မြစ်လယ်က ကြည့်ရင် ကြေးစည်တောင် အပါအဝင် တောင်တွေတောတွေဟာ မြတံတိုင်းလို မှိုင်းနေတယ်။ ခိုင်ကလေ ... **"သလ္လာဇရာ ...။ ခွေဝိုက်ကာကွေး ...၊ တောင်စဉ်ငဲ့ တိမ်လွှာကြိုင်မွှန်း ရေသွန်းမန္တာ ..."** ဆိုတဲ့ စိန်ကြောင်နီလာပတ်ပျိုးက အဲဒီအပိုဒ်ကို မဆိုဘဲ မနေနိုင်ခဲ့ဘူး ...။

မောင် ... သန်လျင်ကိုတော့ ခိုင် လွမ်းပါတယ်။ ဒါပေမယ့် သန်လျင်က ခိုင့်အတွက် သိပ်အတိတ်ဆန်တယ်။ အတိတ်ဆိုတာဟာ လွမ်းစရာကောင်းပေမယ့် မပိုင်နိုင်တော့တဲ့ တရားမဟုတ်လား။

ခိုင်က မလွမ်းချင်ပါဘူး။ မလွမ်းချင်လို့လည်း မလိမ္မာချင်ပါဘူး။ အမိုက်အမဲကို ခွင့်လွှတ်ပါ မောင်ကြီးရှင့်။

**မောင့်မိခိုင်**

www.burmeseclassic.com



## ( ၂၇ ) သူ့မှာ အိပ်မက်တွင်းက လူပေမို့

" လွမ်းကပူဆွေး ၊ သူနှင့်ဝေးသော်၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏ "

ဥမ္မာဒန္တီပျို့ဆရာကို ရှိသေပါ၏။ သို့သော်လည်း ဥမ္မာဒန္တီပျို့လာ ဤစာပိုဒ်ကိုမူ ကန့်ကွက်ရပါမည်။

ကျွန်တော် ရှင်းပြပါအံ့။

ကျွန်တော် ဆေးတက္ကသိုလ်၌ အကြိတ်အနယ် ကြိုးစားနေဆဲ နောက်ဆုံးနှစ်တွင် ငြိမ်းမောင် ပြန်ရောက်လာခဲ့သည်။

ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်၊ ဘဝကို အန်တုဖက်ပြိုင်၍ အနိုင်ယူခဲ့သော ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်။

ယခုမူ ကျွန်တော် ဂုဏ်ယူခဲ့ရပါပြီ။

အေးသောအရပ်တွင် အနေကြာလာခဲ့သောကြောင့် နဂိုက လတ်သော ငြိမ်းမောင်၏ အသားသည် ပိုဖြူဝင်းနေ၏။ အသားပိုဖြူဝင်းလာသောအခါ နက်သောမျက်ခုံးများက ပိုမှောင်လာသည်။ ပြုံးရီသော မျက်လုံးများကလည်း ပိုမိုအရောင် တောက်ကာ သိန်းငှက်မျက်လုံးပမာ ရဲရင့်နေ၏။

သူ့အသားအရေနှင့် လေတပ်မတော်၏ မီးခိုးရောင် စစ်ဝတ်စုံသည် လိုက်ဟပ်လှသည်။

ငြိမ်းမောင်သည် အရပ်မရှည်သော်လည်း ပခုံးကား၍ ရင်ခွင်ကျယ်ပြီး ခါးသေးသောကြောင့် အချိုးအချိတ်မှုကျ၏။ ရှူးဖိနပ်၊ ကက်ဦးထုပ်တို့ပါ ဖြည့်စွက်လိုက်သောအခါ ငြိမ်းမောင်၌ လူရှိသေ ခန့်ညားဖွယ်သော သွင်ပြင်လက္ခဏာပြည့်နေ၏။

ငြိမ်းမောင် ပြန်ရောက်စဉ် ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးသည် တစ်ခါတုန်းကကဲ့သို့ပင် တစ်မြို့လုံး လျှောက်လည် စားသောက်ကြသည်။ ဤအကြိမ်တွင်မူ ငြိမ်းမောင်က ဒကာခံ၏။ တစ်ခါတစ်ရံ ငြိမ်းမောင်နေရာ မင်္ဂလာဒုံ အရာရှိရိပ်သာသို့ ကျွန်တော်က လိုက်၍ စားသောက်တတ်သည်။ ညဥ့်လည်း အိပ်သည့်အခါ အိပ်သည်။

ပျော်ရွှင်ဖွယ်အကောင်းဆုံး အချိန်များပင် ဖြစ်ခဲ့ပါသည်။ ဤမျှပျော်ရွှင်ဖွယ်ကို ပေးခဲ့သော လူ့ဘဝကို ကျေးဇူး တင်ပါ၏။

ဤပျော်ရွှင်ဖွယ် အချိန်များအတွင်း ငြိမ်းမောင်သည် ခိုင်နှင့် ပတ်သက်သော သူဘဝရေ့ရေးကို မပြော။ မပြောသည် ကိုလည်း နားလည်ပါသည်။

ငြိမ်းမောင်ဖခင်သည် အိပ်ရာထက်လဲနေသည်မှာ ကြာပါပြီ။ ငြိမ်းမောင်၏ အစ်မနှစ်ယောက် ဦးစီးဆောင်ရွက် လုပ်ကိုင်နေသော ဓာတ်ပုံတိုက်လုပ်ငန်းမှာ မအောင်မြင်ဟု မဆိုနိုင်စေ၊ ဝင်ငွေများလှသည်မူ မဟုတ်။

ငြိမ်းမောင် ပြန်ရောက်ချိန်၌ ညီအကြီးသည် ကောလိပ်ရောက်လာ၏။ ညီလတ်ကား တက္ကသိုလ်ဝင်တန်း၌။ ညီငယ်ကား ... ရှစ်တန်းတွင်။ ငြိမ်းမောင်ကို တာဝန်တို့က စောင့်နေသည်။

ဤအိမ်တွင်း မိသားစု " ဝမ်းရေး "အပြင် ငြိမ်းမောင်အတွက် " ပြည်ထဲရေး " ကလည်း တစ်မှောင့်ပူလာသည်။

ငြိမ်းမောင်၏ စာ၌ ရည်ညွှန်းခဲ့သည့်အတိုင်း ၁၉၅၀–ခုနှစ်လောက်ကတည်းမှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်လာသူ တရုတ်ဖြူတို့ရန်သည် မီးပွားကဲ့သို့ ကြာလေ ကြီးထွားလာခဲ့သည်။ ဤရန်မီးပွားကို စတင်ရင်ဆိုင်ရသူများမှာ ပြည်ထောင်စု၏ လက်နက်ကိုင် (ကြည်း)တပ်မတော်သားများ ဖြစ်ခဲ့ပါသည်။ သို့ရာတွင် **လွိုင်တပ်၊ ပန်းလောင်** တောင်မြင့်ဒေသ စစ်ပွဲများမှစ၍ တပ်မတော်(လေ)သည် အရေးပါသောအခန်းမှ ပါဝင်လာသည်။ ၁၉၅၂–ခုနှစ်၊ နိုဝင်ဘာလတွင် **မောင်းပြင်**တွင် စုရုံး၍ ကျိုင်းတုံ၊

www.burmeseclassic.com



မောင်းပြင်လမ်းကို ခြိမ်းခြောက်ရန်ပြုလာသော တရုတ်ဖြူများကို ချေမှုန်းရာ၌ ကြည်းတပ်မတော်နှင့် လေတပ်မတော်သည် လက်တွဲညီတူ ပြည်သူ့ဝန်ကို ထမ်းခဲ့ကြသည်။

ငြိမ်းမောင် ပြန်ရောက်ချိန်၌ **မဟာ** နှင့် **နဂါးနိုင်** စစ်ဆင်ရေးကြီးများ စ,နေပေပြီ။ လေတပ်မတော်သည် တောတောင် ကန္တာရအတွင်းရှိ ရဲဘော်ရဲဘက်များထံ စားနပ်ရိက္ခာနှင့် ခဲယမ်းမီးကျောက်များကို ရာသီဥတုဆိုးနှင့် တိမ်ခိုးတောင်စွယ်တို့ကို ပမာမပြုဘဲ ချပေးရ၏။ ရန်သူ့အချက်အချာနေရာများကို သေနင်္ဗျူဟာနည်းကျစွာ တိုက်ခိုက်ပေးရ၏။

လေတပ်မတော်၏ သူရဲဗိုလ်တစ်ဦးဖြစ်သူ ငြိမ်းမောင်၌လည်း အားလပ်ခွင့် မရှိတော့။ မိတ္ထီလာမှာ တာဝန်ကျသည့်အခါ ကျသည်။ မင်္ဂလာဒုံမှာ တာဝန်ကျသည့်အခါ ကျသည်။ တစ်ခါတစ်ရံတွေ့စဉ် မုတ်ဆိတ်ပါးမြိုင်းမွေးများ ရှိနေတတ်သည်။

အမှန်မှာ ... ဝမ်းရေးနှင့် ပြည်ထဲရေးသည် လွှမ်းရေးထက် ပိုခက်ပါ၏။

❑

ဆိုက်ရက်လာသော တစ်နေ့တွင်ကား ကျွန်တော်တို့အားလုံး ပြန်တွေ့ခွင့်ရသည်။ ထိုအချိန်မှာ အတာကူးသည့် နှစ်ဦးကိုကြိုဆိုသော သင်္ကြန်ကာလ၌တည်း။

ကိုကိုက တာဝန်နှင့် ဌာနချုပ်သို့ ဆင်းလာသည်။ တပ်မှူးများစုံ၍ ညှိနှိုင်းစရာများ ရှိနေသောကြောင့် ရက်တို့ ကြာ၏။ သင်္ကြန်တွင်း၌ ကိုကို ရန်ကုန်၌ပင် ရှိနေရ၏။

မြိုင်၊ ခိုင်နှင့် လှိုင်တို့လည်း ပါလာကြသည်။

ရှားရှားပါးပါး အားလပ်ခွင့်ရခဲ့သော ငြိမ်းမောင်သည်လည်း မင်္ဂလာဒုံတွင်ပင် ရှိနေ၏။

ကျွန်တော်က အမ်ဘီဘီအက်(စ်) နောက်ဆုံးစာမေးပွဲကြီးကို အောင်အောင်မြင်မြင် ဖြေဆိုခဲ့ပြီးပြီ။ ခိုင်က ဘီအေ နောက်ဆုံးနှစ် ဖြေလာခဲ့၏။ လှိုင်က ပထမနှစ် ဥပစာသိပ္ပံစာမေးပွဲကို သတ္တဗေဒဘာသာတွဲနှင့် ဖြေလာသူ ဖြစ်နေပြီ။

ဤသို့ ပြန်လည်ဆုံတွေ့ကြသောအခါ အံ့သြရသူမှာ ကျွန်တော်သာ ဖြစ်ခဲ့ပါ၏။

မြိုင်သည် ဆင်ယင်ထုံးဖွဲ့မှု၌ ဂုဏ်သရေနှင့် အညီ ပြုပြင်ခဲ့ပြီ ဖြစ်သည်မှတစ်ပါး ပင်ကိုရုပ်မလဲသေး ...။ စည်းစိမ်တိုး၍ အလှတိုးနေသည်ဟု သူတကာ ဆိုစရာပင်၊ ပျိုမြစ်ခြင်းတို့ မပျောက်။ မြိုင်မှာ သားနှစ်ယောက်အမေ ဖြစ်ခဲ့လေသောကြောင့် အံ့သြဖွယ်ပင်တည်း။ သူတို့ညီအစ်မတွေ ဆုတောင်းကောင်းသည် ထင်ပါ၏။

ခိုင်၏ ရုပ်ရည်တို့ကလည်း မပြောင်း။

မျက်လုံး၊ မျက်ခုံး၊ ကိုယ်လုံးကိုယ်ထည်၊ အသားအရေ၊ မျက်နှာမှ စ၍ လုံးဝမပြောင်းလဲ ...။ " ခိုင် ..." ဆိုသော နာမည်နှင့် လိုက်အောင် ခိုင်သည် " ခိုင် " လွန်းလှသည်။ ခိုင်၏ စိတ်သည်လည်း ယခင်အတိုင်း " ခိုင် " ကျန်ရစ်နေဆဲလောမသိ။

" မောင်က ကိုကိုနဲ့ ပိုတူလာပြီ ...။ မေးရိုးကားပြီး နဖူးမှာ အရစ်တွေ ပေါ်လာပြီ "

ဤစကားကို တွေ့တွေ့ချင်း ညီအစ်မသုံးဦးလုံးက တညီတညွတ်တည်း မှတ်ချက်အဖြစ် ချကြကုန်၏။

ကျွန်တော်က မြိုင်နှင့် ခိုင်ကိုမူ ဘာမျှပြန်မပြော။ လှိုင့်ကိုသာ ပြန်ဆိုရ၏။

" အစ်ကိုမောင့်ကိုသာ ပြောတာ ... လှိုင်ကကော ..."

လှိုင်က ပြုံးစူစူ ဝင်းဝင်းလဲ့လဲ့ဖြင့် ခါးကလေးထောက်ရင်း ပြန်မေး၏။

" လှိုင်က ဘာဖြစ်နေလို့လဲ ..."

" ဩော် ... လှိုင်က ပိုလှလာတယ်လို့ အစ်ကိုမောင်က ပြောမလို့ပါ ..."

www.burmeseclassic.com



" အစ်ကိုမောင် တကယ်ပြောတာလား ..."

" ဩော် ... လှိုင်ရယ်၊ လှိုင့်ကို အစ်ကိုမောင် ဘာလို့ညာရမှာလဲ "

လှိုင်က မျက်မှောင်လေးကြုတ်၍ ကျွန်တော့်ကို ကြည့်နေသည်။ မျက်လုံးပြာများက တလဲ့လဲ့ လွင်နေ၏။

ကိုယ်သဏ္ဌာန်က ကြော့သည်။ ဟန်မူယာက ပျော့ပျောင်းသမျှ ပေါ့ပါးလွတ်လပ်သည်။

လှိုင်သည် မိန်းမမြတ်အင်္ဂါတို့ဖြင့် ပြည့်ဝထွန်းလှိုင်နေလေပြီတကား ...။

ထိုနှစ်က ပုသိမ်လမ်းနှင့် ကျွန်းတောလမ်းဆုံတွင် မဏ္ဍပ်ထိုး၍ ရေကစားကြသည်။ ရပ်ကွက်တွင်းရှိ အမျိုးသမီးအားလုံးသည် ရွှေဝါရောင် လုံချည်ဆင်တူဖြင့် ဆင်နွှဲကြသည်။

လှိုင်လည်း ပါသည်။ ခိုင်လည်း ပါသည်။ မြိုင်လည်း ပါသည်။ မမကြိုင်ကြီးပင် ပါလာ၏။

မင်္ဂလာဒုံမှ ငြိမ်းမောင်လည်း ရောက်လာ၏။

အမျိုးသမီးများနှင့် ကလေးသူငယ်များသာ ရေပက်ကစားကြသည်။ ကျွန်တော်၊ ငြိမ်းမောင်နှင့် ရပ်ကွက်အတွင်းမှ လူရွယ်များက ရေစည်များကို ရေဖြည့်ပေးရသည်။ မတော်တရော် မဖြစ်အောင်၊ ရန်မဖြစ်အောင်၊ လက်လွန်ခြေလွန် မဖြစ်အောင် ထိန်းသိမ်းရသည်။ ကိုကိုပင်လျှင် မဏ္ဍပ်၌လာ၍ ပြုံးပြုံးကြီး ကြည့်နေတတ်သည်။

မိန်းမပျိုများသည် တူညီရောင်စုံ ဝတ်ထားသော် အားလုံး လှနေတတ်ကြသည်။ သင်္ကြန်ရေခံအောင် မိတ်ကပ်ခြယ်ထားသော် ပို၍လှနေကြ၏။

လှပသော မိန်းမပျိုများအနက် ကြိုင် ... မြိုင် ... ခိုင် ... လှိုင်တို့သည် ဘုရင်မများသဖွယ် ထင်ရှားနေ၏။

ခေတ်သိကာလသားများ၏ ကျီစယ်သော သီချင်းသံများက မဏ္ဍပ်ရှေ့တွင် ခေတ်စားလာ၏။

**" ကြိုင် ... မြိုင် ... လှိုင် ... ခိုင်လုံးရယ် ...၊ ကြိုင် ... မြိုင် ... လှိုင် ... ခိုင်လုံးရယ် ...၊ ခိုင်လုံးရယ်မွှေး ..."**

ရေပက်သူများက အဘယ်မျှ မွှန်းအောင်ပက်သည်ဖြစ်စေ၊ ရောက်လာသူ ကာလသားများက ဤသီချင်းကို သံပြိုင် ဆိုကြသည်။

**" ကြိုင် ... မြိုင် ... လှိုင် ... ခိုင်လုံးရယ် ...၊ ကြိုင် ... မြိုင် ... လှိုင် ... ခိုင်လုံးရယ် ...၊ ခိုင်လုံးရယ်မွှေး ..."**

သင်္ကြန်အကြတ်နေ့ နံနက်ခင်း၌ ကြိုင်ကာ ... မြိုင်ကာ ... လှိုင်ကာ ... ခိုင်ကြရင်း ဂျစ်ကားတစ်စီး မဏ္ဍပ်ရှေ့၌ ထိုးဆိုက်လာသည်။

ရေများ တဗွမ်းဗွမ်း လောင်းနေခိုက် ဖြစ်သဖြင့် ဘယ်သူကို ဘယ်သူမှန်း မသိ။ ဂျစ်ကား ထွက်သွားသောအခါ လူရွယ်တစ်ဦး ဆင်းကျန်ရစ်သည်။ သူ့အဖော်များက လှောင်ပြောင်သရော်သွားကြသော်လည်း သူကမူ ပြုံးရွှင်ရင်းနီးစွာဖြင့် ကျွန်တော့်ထံ ချဉ်းကပ်လာ၏။

" ဟေး ... အစ်ကိုမောင် ..."

" ဟာ ... မောင်ညွန့် ..."

လူရွယ်မှာ တင်မောင်ညွန့်ပင် ဖြစ်လေသည်တကား။

နှစ်ဆန်းတစ်ရက်နေ့တွင် ကျွန်တော်တို့အားလုံး သန်လျင်သို့ သွားကြသည်။ တင်မောင်ညွန့်လည်း ကျွန်တော့်ဧည့်သည်အဖြစ် လိုက်ပါလာသည်။ (တင်မောင်ညွန့်မှာ သစ်တောသိပ္ပံနောက်ဆုံးနှစ်သို့ ရောက်နေပြီ ဖြစ်၏။ သူ့မိဘများ ကလည်း ပင်စင်ယူ၍ ရွာလမ်း၌ နေကြသည်။)

သန်လျင်သို့ ရောက်သောအခါ ကျွန်တော်တို့သည် ကျွန်တော်တို့အိမ်၌ ခေတ္တသာ နားကြသည်။ ထို့နောက် ကြိုတင် စဉ်းစားထားသည့်အတိုင်း ဦးထွန်းမောင်ကြီး၏ ခြံဆီသို့ ထွက်သွားကြသည်။

www.burmeseclassic.com



ဤတစ်ချို့ ဦးမြဘူး မပါသည်သာ ခြားသည်။

နောက်ဆုံး၌ ဖေဖေ ... ကိုကိုနှင့် သန်လျင်မှ မေဂျာတစ်ဦးသည် လျှောက်လာကြ၏။ သူတို့ရှေ့တွင် သန်လျင်တပ်မှ ဗိုလ်တစ်ဦးနှင့် ရဲဘော်များသည် ဦးလေး ကိုဖိုးခင်၊ ကိုမောင်ညိုနှင့်အတူ ကလေးများကို ထိန်းသိမ်းပါလာသည်။ ကလေးများဆိုသည်မှာ ကိုကို့ကလေးနှစ်ဦးနှင့် ကိုမောင်ညို၏ သား " မောင် "တို့ပင် ဖြစ်ပါ၏။

ဤသည်ရှေ့တွင် မေမေ၊ ဒေါ်လှယဉ်နှင့် မမကြိုင်တို့။

သူတို့ ရှေ့တွင် မြိုင်၊ ခိုင်၊ လှိုင်၊ ကျွန်တော်၊ ငြိမ်းမောင်နှင့် တင်မောင်ညွန့်တို့။

ထိပ်ဆုံးက မမေစန်းက သီချင်းတကြော်ကြော်၊ ဒေါ်လေး ဒေါ်စာဥကြီးတို့က ဖိုးဝရုပ်ကြီးကဲ့သို့ပင် ကလျက် ခုန်လျက် ...။

ခြံထဲသို့ ရောက်သောအခါ ကိုကိုက တစ်ခါတုန်းကလိုပင် အော်မေးသည်။

" ဗျို့ ... ဦးထွန်းမောင်ကြီး ဘာဟင်းတွေ ချက်မလို့လဲ "

" ထုံးစံအတိုင်း လည်လှီးသား သက်သတ်လွတ်ဗျို့ "

ဦးထွန်းမောင်ကြီး ခေါင်း၌ ဆံပင်တို့ ဆွတ်ဆွတ်ဖြူနေခြင်းနှင့် ကိုကိုသည် ဗိုလ်မှူးကြီးတစ်ဦး ဖြစ်နေခြင်းသာ ခြားသည်။ ကျန်သည်အားလုံးမှာ အတူတူလိုပင် ဖြစ်နေ၏။

လှိုင်က မမြင်ဖူး၍ ကြည့်ချင်သည် ဆိုသောကြောင့် ကျွန်တော်က နွယ်ကြိုးများကို လွဲစီးကာ တာဇံ လုပ်ပြရသေးသည်။ ငြိမ်းမောင်ကလည်း အားကျမခံ ခိုင့်ကို ဖောင်လေးပေါ်တင်၍ ကန်ထဲ ထိုးဝါးထိုးပြီး သွားပြသည်။ ရေလယ်ရောက်သောအခါ မျှော့တွယ်ချင်ယောင်ဆောင်၍ ငိုမဲ့မဲ့လုပ်ပြပြီး ရေထဲသို့ ဒိုင်ဗင် ထိုးဆင်းသည်။

ဖောင်ပေါ်တွင် တစ်ယောက်တည်းကျန်ရစ်သော ခိုင်က အော်လေမှ ငြိမ်းမောင်သည် ဖောင်ဆီ ပြန်ကူးတက်၍ ကမ်းဆီ ပြန်လာခဲ့၏။

ဤသည်အားလုံးကို ဝမ်းနည်းပြုံးပြုံး၍ ပွဲကြည့်သူပမာ ဖြစ်နေရရှာသူမှာ တင်မောင်ညွန့်သာတည်း။

ညနေစောင်း၍ ကိုကိုက စဖောက်သည်။

ကိုကိုသည် ရေတစ်ပုံးဖြင့် သူ့ချစ်ဇနီး မြိုင်ကို စိုအောင်ရွှဲရွှဲလောင်းသည်။

" ကိုကို ဘာလုပ်တာလဲ သင်္ကြန်တက်ပြီးပြီ ..."

မြိုင်သည် ဒေါသမထွက်ဘဲ စိတ်ဆိုးဟန်နှင့် အော်၏။ ကိုကိုက တဟဲဟဲရယ်ရင်း ဖြေသည်။

" သိကြားမင်း ဆေးတံ မေ့ကျန်ရစ်လို့ သင်္ကြန် ပြန်ကျတာ "

အားလုံး ရယ်နေခိုက် ကိုကိုက ပုံးတွင်း ကျန်နေသော ရေများဖြင့် ကြိုင့်ကို လောင်းသည်။

ကြိုင်က ဘာမျှ ပြန်မပြော။ ချမ်း၍လော ... ဘာ၍လောမသိ၊ မျက်နှာ၌ သွေးတို့ ရဲနေ၏။

ကျွန်တော်ကလည်း ကန်တွင်းမှ ရေတစ်ပုံးခပ်ကာ အနီးရှိ လှိုင့်ကို လောင်းသည်။ ခိုင့်ထံ ဆက်လောင်းရန် ကပ်သွားသောအခါ ခိုင်သည် မျက်နှာထားတည်တည်နှင့် လှမ်းပြော၏။

" မောင် ... ခိုင့်ကို ရေမလောင်းနဲ့ ဒါပဲ ..."

ကျွန်တော်က ခိုင် ဟန့်တားသည်ကို မှုလှသည်တော့ မဟုတ်။ ကျွန်တော့် ရေပုံးတွင်း ရေကုန်နေမှန်း သိရသဖြင့် ရပ်လိုက်မိသည်။

ခိုင်သည် ခပ်လှမ်းလှမ်း၌ ရောက်နေပြီဖြစ်သော ကိုကိုတို့ကို ကြည့်၍ ဆိုသည်။

" ကိုကိုက ... ကြည့်။ ရေလောင်းတာတောင်မှ မမမြိုင်ကို လောင်းလို့ ကျန်တာနဲ့ မမကြိုင်ကို လောင်းတယ် "

ကျွန်တော်သည် ဘာမျှပြန်မဖြေဘဲ ရေထပ်ခပ်ရန် ကန်စပ်သို့ ဆင်းပြေးသည်။ ရေခပ်ပြီး၍ ကန်ပေါင်ရိုးပေါ် ကျွန်တော် ပြန်ရောက်သောအခါ ခိုင် မရှိတော့ ...။

www.burmeseclassic.com



ကျွန်တော်က ရေပုံးကြီး ဆွဲလျက်နှင့် ဦးထွန်းမောင်ကြီး၏ အိမ်ဆီ လျှောက်လာခဲ့သည်။

အိမ်တံစက်မြိတ်၌ ရေခွက်ကိုယ်စီဖြင့် ငြိမ်းမောင်နှင့် တင်မောင်ညွန့်တို့သည် ခိုင့်ကို ရေဝိုင်းလောင်းနေကြ၏။

ရေပုံးကြီးဆွဲလျက် ကျွန်တော် ဘာဆက်လုပ်ရမှန်း မသိ။

ထိုစဉ် ဒေါ်လေး ဒေါ်စာဥကြီးက ညည်းသည်။

" တကတည်း … မျက်နှာလိုက်,လိုက်ကြတာ။ အိုက်လွန်းလို့ ငါ့ကိုတော့ ဘယ်သူမှ ရေမလောင်းကြဘူး …"

အခြား လောင်းစရာ မရှိတော့သော ကျွန်တော်က ဒေါ်လေး ဒေါ်စာဥကြီး၏ ဖိုးဝရုပ် ခန္ဓာကိုယ်ကြီး တစ်ခုလုံး ရွှဲအောင် ရေတစ်ပုံးလုံး လောင်းချလိုက်ရပါ၏။

❑

မိုးဦးကျစ ဇွန်လဆန်းတွင် ခိုင်တို့ မန္တလေး ပြန်ကြသည်။

ကိုကိုကမူ တာဝန်အရ ပြန်သွားသည်မှာ ကြာလှပြီ။ မြိုင်၊ ခိုင်နှင့် လှိုင်တို့သာ နေရစ်ခဲ့ကြခြင်း ဖြစ်သည်။

ထိုအချိန်၌ တက္ကသိုလ်စာမေးပွဲ အောင်စာရင်းများ ထွက်ခဲ့ပြီးလေပြီ …။

ခိုင်၊ လှိုင်၊ ကျွန်တော်၊ တင်မောင်ညွန့်တို့ အားလုံး စာမေးပွဲအောင်ကြသည်။

မြန်မာစာကို ဂုဏ်ထူးဖြင့်အောင်သော ခိုင်က မန္တလေးတက္ကသိုလ်တွင် နည်းပြဆရာမ ရာထူးရသည်။ နောက်ဆုံးနှစ် အမ်ဘီဘီအက်(စ်)စာမေးပွဲတွင် ကျောင်းသားအားလုံးအနက် ပထမရသော ကျွန်တော်က ရန်ကုန်ဆေးရုံကြီး၌ပင် ဆရာဝန် အဖြစ် တာဝန်ထမ်းရမည်။

ခိုင်တို့သည် မီးရထားနှင့် ပြန်ကြသောကြောင့် ကျွန်တော်၊ ငြိမ်းမောင်နှင့် တင်မောင်ညွန့်တို့က ဘူတာကြီးသို့ လိုက်ပို့ကြ၏။

လဆန်းစဖြစ်သောကြောင့် မဂ္ဂဇင်းများ ထွက်နေပေပြီ။

ခိုင်သည် ရထားမထွက်မီ ကျွန်တော်တို့သုံးဦးကို မဂ္ဂဇင်းတစ်အုပ်စီ လက်ဆောင်ပေးသွားသည်။

မီးရထားကြီး ထွက်သွားသောအခါ တင်မောင်ညွန့်သည် ကျွန်တော်တို့နှင့် ခွဲ၍ ကြိုင်နှင့် ဒေါ်လှယဉ်တို့ကို ပုသိမ်လမ်းမကြီးသို့ သူ့ဖခင်၏ ကားနှင့် လိုက်ပို့၏။ ကျွန်တော်က သန်လျင်သို့ ပြန်မည်ဖြစ်သောကြောင့် ငြိမ်းမောင်သည် ကျွန်တော်နှင့်အတူ ညောင်တန်းသင်္ဘောဆိပ်သို့ လိုက်ခဲ့၏။

ချစ်ခင်သူများနှင့် ခွဲခွာရခြင်းမည်သည် ယာယီဖြစ်စေ၊ ထာဝစဉ်ဖြစ်စေ စိတ်ထိခိုက်ဖွယ်မျိုးဖြစ်၏။

သင်္ဘောထွက်ရန် အချိန်လိုသေးသောကြောင့် ကျွန်တော်တို့သူငယ်ချင်းနှစ်ဦးသည် လက်ဖက်ရည်ဆိုင် တစ်ဆိုင်၌ ထိုင်ကြသည်။

အတန်ကြာ ငိုင်နေကြပြီး ကျွန်တော်က စတင် စကားပြော၏။

" မင်း … ခိုင့်ကို ပြောပြီးပြီလား …"

ငြိမ်းမောင်သည် လက်ဖက်ရည်ခွက်ကို စူးစိုက်ကြည့်ရင်း ခေါင်းခါပြ၏။

" ဘာဖြစ်လို့လဲ …"

ငြိမ်းမောင်က သက်ပြင်းချရင်း … " စောသေးတယ်ကွာ "ဟု ဆိုသည်။

" မင်းမလည်း အမြဲတမ်း စောနေတယ် ထင်တာပဲ ငြိမ်းမောင် "

" ဘယ့်နှယ်လုပ်မလဲ မောင် …။ ငါ့ဘဝ တစ်လျှောက်လုံးမှာ ငါလုပ်ချင်တာကို လုပ်ဖို့ အချိန်နဲ့ အခြေအနေက ဘယ်တော့မှ မပေးခဲ့ဘူး …"

www.burmeseclassic.com



" မင်း အိမ်တွင်းစီးပွားရေးအတွက် ပူပြောနေတာလား ...။ ဒါကတော့ သိပ်အဓိက မဟုတ်ဘူး ထင်တယ် ..."

" ဟုတ်ပါတယ် ... အဓိကလို့တော့ မဆိုနိုင်ဘူး။ ဒါပေမယ့် အဓိကအချက်တစ်ခု ရှိနေတယ် "

" ဘာ ... လဲ "

" မင်းသိသားပဲ မောင်ရာ၊ တို့မှာ စစ်ဆင်ရေးကြီးတွေ ဆင်နွှဲနေတုန်းပဲ ရှိသေးတယ်။ ဒီစစ်ဆင်ရေးကြီးတွေကို သတင်းစာထဲမှာသာ ဖတ်ကြရတဲ့လူတွေအတွက်တော့ ပေါ့ပေါ့ဆဆပဲ ဖြစ်ချင်ဖြစ်နေမယ်။ ကိုယ်တို့အတွက်တော့ သွေးတွေ၊ အသက်တွေ ကျနေတာကို နေ့တိုင်း မြင်နေရတယ်။ တစ်ခါတလေ ကိုယ့်လေယာဉ်ပျံကို ကွင်းမှာဆိုက်ပြီး ဆင်းလျှောက်လာတိုင်း ကိုယ့်ကိုယ်ကို လက်နဲ့ ကိုင်ပြီး ပြန်စမ်းကြည့်မိတယ်၊ စိတ်စွဲပြီး ဝိညာဉ်အဖြစ်နဲ့ အသက်ဟာ ဆက်ရက်လေပဲလား ... လို့ "

ငြိမ်းမောင်သည် စကားကို မဆက်ဘဲ ငြိမ်နေ၏။ ကျွန်တော်က စကားဆက်ခိုင်းရသည်။

" အဲဒီတော့ ..."

" အဲဒီတော့ ဘာဖြစ်ရမလဲ။ ကိုယ့်ဘဝမှ ကိုယ်မပိုင်သေးတာ ... တခြားလူတစ်ယောက်ရဲ့ ဘဝကို ဘယ်လိုလုပ် ပိုင်ရမှာလဲ "

ဤအကြိမ်၌ ကျွန်တော် ငိုင်သွားမိသည်။ ငြိမ်းမောင်၏ စကားသည် တစ်ကြိမ်က ကိုကိုပြောခဲ့သော စကားနှင့် တူလှလေသည်တကား ...။

ခဏ၌မူ ကျွန်တော်သည် အားရပါးရ ရယ်မောပြီး ငြိမ်းမောင်၏ ပုခုံးကို လှမ်းပုတ်၍ ဆိုမိသည်။

" မင်းစေတနာကို ငါနားလည်ပြီ သူငယ်ချင်း။ ဒီစကားမျိုးကို ကိုကိုလည်း ပြောဖူးတယ်။ အပြီးသတ်ကျတော့ ကိုကိုနဲ့ မမမြိုင် ပေါင်းကြရတာပဲမဟုတ်လား။ အေး ... မင်းတို့ကိုလည်း တူသောအကျိုး ပေးပါလိမ့်မယ်ကွာ။ ဟား ... ဟား ... ဘယ့်နှယ်လဲ "

ကျွန်တော် ရယ်သောကြောင့် ငြိမ်းမောင်လည်း လိုက်ရယ်သည်။

" အေးကွာ ... ဘာကိုမှ အစိုးမရတဲ့ ဘဝမှာ အနာဂတ်ကို ကြိုတင်မင်းမူထားရတာ အရသာပဲ။ အင်း ... အင်း ... အင်း ... အင့် ... အင့် "

သင်္ဘောကြီးက ပထမဥသြမှုတ်သောအခါ ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦး ခွဲခဲ့ကြသည်။

ကျွန်တော်သည် သင်္ဘောဦး ပထမခန်း၌ ထိုင်ရင်း အတွေးနယ်ချဲ့မိပါသည်။

ပြတင်းဝများအနီး ကပ်လျက် စင်ရော်ငှက်ဖြူဖြူများက ဝဲကာဝဲကာ ကပ်ပျံကာ ရှိနေကြသည်။

သန်လျင်ဘက်သို့ ဦးတည်ခုတ်မောင်းနေသော သင်္ဘောကြီးသည် ကျွန်တော့်ကို အတိတ်ကာလဆီသို့ ပြန်လည် ခေါ်ဆောင်သွားနေသည်ဟု ထင်မိသည်။

ကျွန်တော်သည် လက်တွင်း၌ ကိုင်လျက်ရှိသော ခိုင်ပေးခဲ့သည့် မဂ္ဂဇင်းစာအုပ်ကို ကြည့်မိသည်။ ကျောဘက်၌ ရိုက်ထားသော မာတိကာရှိ ကဗျာခန်းတွင် ခိုင့်အမည်ကို တွေ့ရသည်။

ကျွန်တော်က စာမျက်နှာများကို လှန်ရှာကြည့်သည်။ **မိခိုင် (မန်းတက္ကသိုလ်)**၏ ကဗျာကို အလွယ်တကူပင် ရှာတွေ့ပါ၏။ ကဗျာ၏ အမည်ကို **" အိပ်မက်တွင်းက ချစ်သူ "**ဟု တပ်ထားသည်။

**" စိန်ပြီဆိုသော် ...**
**မိုးညိုမည်းမည်း၊ အမှောင်ထဲမှာ**
**ဖွတ်ပဲလိုက်ပွေ့၊ အလို ... တွေ့ပြီ**
**အငွေ့သဏ္ဍာန်၊ သူလွတ်ပြန်၍**
**တစ်ဖန်ပန်းပွင့်၊ ပြုံးပြုံးဝင့်ခဲ့**
**သခင့်သခင်၊ ဦးဥ္ဆင်မည်**

www.burmeseclassic.com



တော်ဝင်မျိုးကို၊ နွယ်ကြိုးနှောင်ရစ်
ငင်သည်ဖြစ်မူ၊ သနစ်တစ်ဖုံ
တိမ်၌လုံသည်၊ ငွေယုန်ပွင့်က စိန်ဆို၏။

အခက်သားမင့် ...

ကြိုးစား၍ခုန်၊ တိမ်တိုက်မှုန်ဆီ
အဟုန်စိုက်စိုက်၊ သူ့ထံလိုက်ရ
အမိုက်မကံ၊ ကိုယ်ချည်းကျန်မှ
အမှန်သစ္စာ၊ နိုးလာပါ၏။
သဥ္စာလီဦး၊ ရှိုက်ငိုဖူးသည်
မေ့ဖူးသူ၏ ဝဋ်ဇာတ်ကြောင်း ...။

သနားခွင့်ကို ...
နှုတ်နှင့်မပန်၊ သိထိုက်ရန်ရှင့်
ရွှေညာဏ်ဝေ့ဝေ့၊ ညှင်းခလေ့နှင့်
အငွေ့သက်ဝေ၊ ပန်း လ ဆွေရယ်
ရေမြေမိုးအောက်၊ လျှောက်၍မရှာ
မလိုပါသည်၊ သူ့မှာ အိပ်မက်တွင်းက လူပေမို့ ...”

www.burmeseclassic.com



# ( ၂၈ ) သူ့အတွက် ကိုယ့်မှာတမ်း

ရန်ကုန်ဆေးရုံကြီး၌ ကျွန်တော်သည် နှစ်နှစ်ကျော် အမှုထမ်းခဲ့ရသည်။ ထိုနှစ်များသည် ဘဝ၌ ကျေနပ်ဖွယ် အကောင်းဆုံးသောနှစ်များ ဖြစ်ခဲ့ပါ၏။

လူတစ်ဦးအနေနှင့် မိမိ ဝါသနာပါသောအလုပ်ကို လုပ်ခွင့်ရခြင်းသည် စိတ်ချမ်းသာဖွယ် ဖြစ်ပါ၏။ မိမိ ဝါသနာပါသည့်အတိုင်း လုပ်နေရသောအလုပ်သည် သမ္မာအာဇီဝလည်းဖြစ်၍ နတ်လူသာခုခေါ်သော အလုပ်ဖြစ်ပြန်လျှင် အလုပ်သည် တာဝန်မမည်တော့။ ပင်ပန်းခြင်း ဆိုသည်ကိုလည်း သတိမပြုမိ။ နေ့တိုင်းသည် မင်္ဂလာပြည့်၍ အချိန်ဆိုသည် ငြီးငွေ့ဖွယ်ကို မမြင်။ လူ့ဘဝသည် ခင်မင်တွယ်တာဖြစ်လျက်၊ လောကသည်လည်း ဖော်ရွေပြေပြစ်နေ၏။

ဆရာဝန်တစ်ဦးအဖြစ်နှင့် ကျွန်တော်သည် ဘဝကို ဤသို့ ကျေနပ်နှစ်သိမ့်ခဲ့ပါ၏။

အလုပ်မှ အားလပ်ခွင့်ရတိုင်း ကျွန်တော်သည် သန်လျင်မြို့သို့ ပြန်လေ့ရှိသည်။ ဖေဖေ့ဆေးခန်း၌ ကူလုပ်ရသည်မှာ ပျော်ဖွယ်ကောင်း၏။ ဆေးပညာ၏ နောက်ဆုံးတိုးတက်မှုများကို ဖေဖေနှင့် ဆွေးနွေးရသည်မှာလည်း ပျင်းရိဖွယ်မရှိ။

ဖေဖေ၏ ကြည်နူးမှုကိုလည်း ကျွန်တော် အထူးဖော်ပြရန်မလို။ ဖခင်တိုင်းသည် သားကို မိမိ၏ ကိုယ်ခွဲပုံတူအဖြစ် ရှုမြင်လိုသည်။ ဤဆန္ဒနှင့် ပြည့်ဝခဲ့သော ဖေဖေသည် ကံကောင်းပါ၏။ ဖေဖေ့သား ဖြစ်ရသော ကျွန်တော်သည်လည်း ကံကောင်းပါ၏။

သန်လျင်သို့ ပြန်ရောက်တိုင်း ကျွန်တော်သည် ကျွန်တော့်ငယ်ချစ် ပီယာနိုနှင့် ပြန်တွေ့ရသည်။ ကျွန်တော်ငယ်ငယ်က တီးခဲ့ရသော ရွှန်းနစ်(ချ်) အမျိုးအစား ဂရန်း(ဒ်) ပီယာနိုကြီးတော့ မဟုတ်ပါ ...။ ဖေဖေ အသစ်ဝယ်ပေးထားသော လင်းဘတ်(ထ်) အမျိုးအစား မတ်ရပ်ပီယာနို ဖြစ်ပါ၏။

ဖေဖေ၏ အတွေးအခေါ်တစ်ရပ်က ကျွန်တော့်ခေါင်းထဲ စွဲနေသည်။ ဖေဖေက ဆိုလေ့ရှိသည်။ မေတ္တာနှင့် တည်ထောင်ထားသော ဤလူ့ဘောင်တွင် ကရုဏာတရား ရင်ဝယ်အစဉ်ရှိနေရန်အတွက် လူတစ်ယောက်၏ နှလုံးသား၌ လူသားတို့၏ အမွေ ...။ လူ့ယဉ်ကျေးမှု၏ အမြုတေဖြစ်သော စာပေ၊ ကဗျာ၊ လက်ာ၊ ဂီတ အနုပညာတို့ ကိန်းအောင်း နေရမည် ဟူသတည်း။

ကျွန်တော်သည် ပီယာနိုကို မှန်မှန်ပြန်တီးမိသည်။ ထိုအခါ ဂီတ၌ ကျွန်တော် အမြင်သစ်များ ထပ်မံရရှိခဲ့သည်။

လူ့စိတ်သည် ကျဉ်းမြောင်းသော ရုပ်ကမ္ဘာကို လွန်၍ ခရီးသွားလိုသည်။ ထိုအခါ ဂီတသည် ယာဉ်ကောင်းပေတည်း။ မျက်လုံးစက္ခုအကြည်ဓာတ်နှင့် မမြင်နိုင်ဘဲ ဟဒယဝတ္ထုသည်သာ ခံစားသိနိုင်သော တစ်နယ်တစ်ပယ်၌ လှပတင့်တယ်မှုတို့ ရှိသည်။ ထိုနယ်ပယ်သို့ ကူးရန် ဂီတသည်သာ တံတား ဖြစ်လေသတည်း။ နှုတ်နှင့် လျှာမှဖြစ်သော စကားတို့နှင့် မဖော်ပြနိုင်သော သစ္စာတရားတို့ရှိသည်။ ထိုသစ္စာတရား၏ သဘောသည် ဂီတသည် သိလေသတည်း။

ကျွန်တော်သည် ထူးမခြားနား သီချင်းကြီး၌ ဘဝ၏ ကြည်လင်တောက်ပမှုကို သွားတွေ့သည်။ ယမုန်နာပတ်ပျိုး၌ လူနှင့် လူ့ပတ်ဝန်းကျင်၏ အညမညသဘောကို သွားမြင်သည်။ အထူးသဖြင့် အောင်မြေသာစံပတ်ပျိုး၌ ဘဝ၏ မျှော်လင့်ချက်နှင့် အင်အားကို သွားရင်ဆိုင်မိသည်။

ကျွန်တော်နှင့် ဂီတသည် သစ်ဆန်းသော ပေါင်းဖွဲ့မှုနှင့် ပြန်လည်ပေါင်းဖွဲ့ခဲ့မိကြပါ၏။

ငြိမ်းမောင် ပြောသကဲ့သို့ ဤလောကကြီးမှ အစစ ရနေသူဖြစ်သောကြောင့် ကြောင့်ကြခြင်း ကင်းလေသဖြင့် ဘဝကို ကျေနပ်တင်းတိမ်စွာ ရှုမြင်နေမိလေသည်လော မပြောတတ်။

❑

www.burmeseclassic.com



ရန်ကုန်ဆေးရုံကြီး၌ တာဝန်ထမ်း၍ တစ်နှစ်ပြည့်သောအချိန်တွင် ခေါ်သော နိုင်ငံခြားပညာတော်သင်ခွင့်ကို ကျွန်တော် လျှောက်ထားခဲ့သည်။ ပညာတော်သင်အဖြစ် အရွေးခံရမည်ဟုလည်း မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ရှိခဲ့ပါသည်။

ပညာတော်သင်အဖြစ်သွားရန် ရေးဖြေစာမေးပွဲ၊ နှုတ်တိုက်မေးဖြေ စစ်ဆေးခြင်းများကို အဆင့်ဆင့် ရင်ဆိုင်ခဲ့ရ ပါသည်။ အားလုံးကို အောင်မြင်ပြီးသည့်တိုင်အောင် မိမိသွားလိုသောနိုင်ငံမှာ တက္ကသိုလ်က မိမိကို လက်ခံနိုင် လက်မခံနိုင်၊ လက်ခံနိုင်သည့်တိုင်အောင် ဘယ်နှစ်မှ လက်ခံနိုင်သည် ဆိုသည်တို့ကို စောင့်ရပါသည်။ ကျွန်တော်က ဖေဖေ့ဆန္ဒအတိုင်း အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ လိုချင်သဖြင့် အင်္ဂလန်နိုင်ငံကိုသာ ရွေးချယ်ခဲ့ပါ၏။

ဤသို့ စောင့်ဆိုင်းနေသော နှစ်အတွင်း တစ်နေ့သော် ... ငြိမ်းမောင် ကျွန်တော့်ထံ ပေါ်လာသည်။

ငြိမ်းမောင်၏ အသွင်သည် ကြည်နေ၏။ မျက်နှာကလည်း ရွှင်နေ၏။ ကိုယ်ဟန်အမူအယာကလည်း ပေါ့ပါးနေသည်။

သူ ရောက်လာချိန်မှာ ညနေပိုင်းဖြစ်ပြီး ကျွန်တော် တာဝန်ကျနေရာ ဝါ့ဒ်၌ လာတွေ့ခြင်းဖြစ်၏။

" သူငယ်ချင်း နိုက်ဂျူတီ ရှိသေးလား "

တွေ့တွေ့ချင်း သူက မေးသည်။

" ဟင့်အင်း ... ကိုယ် တစ်နေ့လုံး တာဝန်ကျထားတာ။ အခုပဲ အားတော့မယ် ... ဘာလုပ်မလို့လဲ ..."

ငြိမ်းမောင်သည် အားရပါးရပြုံး၏။

ငါ ဝမ်းသာစရာ ပြောစရာလည်းရှိတယ်။ တိုင်ပင်စရာလည်း ရှိတယ်ကွ။ ဒီည တို့ လျှောက်လည်ကြရအောင်။ ပြီးတော့ ဒီည မင်းအခန်းမှာ ငါအိပ်မယ်။ ငါ့ကား ပါလာတယ် ... ကားထားစရာ ရှိရဲ့လား ..."

" ရှိပါတယ် ... ခဏနေဦးနော် ..."

ကျွန်တော်သည် ညဥ့်လှည့်ကျသော ဆရာဝန်နှင့် တာဝန်အပြောင်းအလဲကိစ္စများလုပ်ပြီး ငြိမ်းမောင်နှင့် အတူ ထွက်လာခဲ့သည်။

ကျွန်တော်က ဆေးရုံကြီးဝင်း အတွင်းရှိ ကျွန်တော့်ဆရာ ဆေးသိပ္ပံကထိကလည်း ဖြစ်သော၊ တစ်ကိုယ်တော် လူပျိုကြီးတစ်ဦးလည်းဖြစ်သော ဆရာဝန်ကြီးတစ်ဦး၏ အိမ်အောက်ထပ်၌ နေသည်။

ငြိမ်းမောင်သည် သူ့ဂျစ်ကားကို ကိုယ်တိုင်မောင်းသည်။

" နေပါဦး ဝမ်းသာစရာဆိုတာ ဘာလဲ "

" မင်း ... သတင်းစာတွေ မဖတ်ဘူးလား "

" ငါ ... အခုရက်အတွင်း အလုပ်များတာနဲ့ သတင်းစာ မှန်မှန်မကြည့်မိဘူး "

ငြိမ်းမောင်သည် မကျေနပ်ဟန်နှင့် " ကောင်းကွာ ..."ဟု ညည်းသည်။

" ဘာလဲကွ ... ကောင်းကွာ ... ဆိုတာ ..."

" အေးလေ ... ကောင်းကွာပဲ ဆိုရမှာပေါ့ ...။ ငါတို့ကတော့ သေရေးရှင်ရေး၊ မင်းတို့ကတော့ သတင်းစာတောင် မဖတ်မိဘူး။ နိပ်သဟ ..."

" မင်းဟာကလည်း စကားမစပ် ဘာမစပ်နဲ့။ ရှင်းလည်းပြဦးမှပေါ့ ..."

ငြိမ်းမောင်က သူ့ကိုယ်သူ သတိရဟန် ရယ်မောသည်။

ကားသည် ကျွန်တော် နေသောအိမ်သို့ ရောက်ခဲ့၏။

ငြိမ်းမောင်က ရယ်ရင်း ကားစက်ပိတ်နေစဉ် အားမရသူ ကျွန်တော်က ဘုမေးမိသည်။

" ဝမ်းသာစရာလည်း ဆိုသေးရဲ့၊ သတင်းစာ မဖတ်ဘူးလားလဲ မေးရဲ့။ ဘာလဲ မင်းနဲ့ ခိုင်နဲ့ ရုံးတက်လက်ထပ်လိုက်ကြလို့လား "

www.burmeseclassic.com



“ ဟား ... ဟား ... ဟား ... ဟား ... အင့် ... ဟင့် ... ဟင့် ဟင့် ဇမ္ဗူဒီပ နိမိတ္တတဲ့။ မင်းပါးစပ်က နိမိတ်ကောင်းထွက်တဲ့ ရွှေပါးစပ်ပဲ၊ လာပါ အိမ်ထဲကျမှ ငါ ရှင်းပြမယ် ”

ငြိမ်းမောင် အူမြူးနေပုံရသည်။ သူ မြူးခြင်းသည် ကျွန်တော့်ဆီကိုပါ ကူးစက်လာသောကြောင့် ဘာမှန်းမသိရဘဲ ရယ်ရင်း သူနှင့်အတူ အိမ်တွင်းသို့ ဝင်ခဲ့ကြ၏။

ထိုင်မိလျှင် ထိုင်မိကြချင်း ကျွန်တော်က “ ကဲ ... ဆို ”ဟု မေးသည်။

ငြိမ်းမောင်သည် မျက်နှာကို တည်ပစ်လိုက်သည်။ အရေးကြီးသောစကားကို စဉ်းစားနေဟန် ခေတ္တ နေပြီးမှ ပြန်မေး၏။

“ ဒီမှာ မောင် ... လောကကြီးမှာ ပျော်စရာအကောင်းဆုံးနေ့တွေဟာ ဘယ်နေ့တွေလဲ ...”

“ နေပါဦး ... သုံးနေ့လား ... လေးနေ့လား ... ငါ မြန်မာစာ ဥပစာတန်းမှာ ကျန်ရစ်ခဲ့ပြီ။ ဘာတဲ့ ... အဲ ... ရှင်လိင်ပြန်တဲ့နေ့ရယ်၊ မိန်းမရတဲ့နေ့ရယ် ...၊ ပြီးတော့ ... အေးကွာ ... ငါ မမှတ်မိတော့ဘူး ...”

“ ထားပါတော့ ... ငါလည်း မမှတ်မိတော့ဘူး။ ဒါပေမယ့် ... တပ်မတော်သားတစ်ယောက်အနေနဲ့ နေ့တစ်နေ့ တိုးချင်တယ်။ အပျော်ဆုံးနေ့တစ်နေ့ဟာ စစ်ပွဲကြီးတစ်ပွဲကို အောင်မြင်အပြီးသတ်တဲ့နေ့ပဲ။ ဘယ့်နှယ်လဲ ”

ငြိမ်းမောင်စကားကြောင့် ကျွန်တော် ရုတ်ချည်း သတိရမိသည်။

“ ဘာလဲ ... မင်းတို့ ‘ ရန်ကြီးအောင် ’ စစ်ဆင်ရေးကြီး ပြီးသွားပြီလား ...”

“ ဟုတ်တယ် ... ပြီးသွားပြီ ...။ နေဦး ... ဒါလောက်နဲ့ ငါ ဒီလောက် ဝမ်းသာနေတာ မဟုတ်ဘူး။ အခု သူတို့ဟာ တို့မြန်မာ့မြေထဲမှာ တစ်ကောင်မှ မကျန်တော့ဘူး။ မဲခေါင်မြစ် တစ်ဖက်ကမ်းကို ပြေးကြရပြီ။ အခွင့်ရတဲ့တစ်နေ့မှာ ဝင်နှောင့်ချင် နှောင့်ဦးမှာပေါ့ ...။ ဒါပေမယ့် အလုံးအရင်းနဲ့တော့ ဝင်မစော်ကားနိုင်တော့ဘူး။ အဲဒါလောက်ကိုလည်း ငါက အထူးဝမ်းသာစရာအဖြစ်နဲ့ ပြောနေတာ မဟုတ်ဘူး။ ငါ ဝမ်းသာတာက ဒီအောင်ပွဲကြီးရဲ့ အရှည်တည်မဲ့ အနက်အဓိပ္ပါယ်အတွက်ပဲ ”

ငြိမ်းမောင်၏ အသံသည် လေးနက်လာသကဲ့သို့ မျက်နှာမှာလည်း ခန့်ညားလာသည်။

“ အဲဒီ အနက်အဓိပ္ပါယ်ဟာ ဘာလဲ။ တို့ပြည်ဟာ သေးသေးလေးပဲ။ တို့လူဦးရေဟာ နည်းနည်းလေးပဲ။ တို့ရဲ့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကျောထောက်နောက်ခံအင်အားဟာ ဘာမှ မရှိသေးဘူး။ ဒါပေမယ့် တို့ဟာ တို့လွတ်လပ်ရေးကို ထိန်းသိမ်းရမယ်ဆိုတဲ့ အသိဉာဏ်ရှိသလို၊ ထိန်းသိမ်းရဲတဲ့ သတ္တိလည်းရှိပြီး၊ ထိန်းသိမ်း တတ်တဲ့ အစွမ်းလည်းရှိတယ်။ ဒါကို ကမ္ဘာက သိသွားတယ်။ နောင်ကို ဘယ်သူပဲဖြစ်ဖြစ် တို့ပြည်ကို ကျူးကျော်ချင်တဲ့လူဟာ အင်္ဂလိပ်ဆိုရိုးစကားအတိုင်းပဲ မကျူးကျော်ခင် **နှစ်ကြိမ် စဉ်းစားရတော့မယ် ...**”

ကျွန်တော်သည် ငြိမ်းမောင် ဆိုလိုသော အနက်အဓိပ္ပါယ်ကို ကောင်းစွာ သဘောပေါက်သဖြင့် ငြိမ်းမောင်၏ လက်ကို ဆွဲကိုင်လှုပ်ယမ်းရင်း လိုက်လိုက်လှဲလှဲ ပြန်ဆိုမိ၏။

“ မှန်တယ် သူငယ်ချင်း။ သူတို့ နှစ်ကြိမ် စဉ်းစားရတော့မယ် ...။ အဲဒီဂုဏ်သိက္ခာကို နိုင်ငံအတွက် ပေးတဲ့ မင်းအပါအဝင် ကြည်း၊ ရေ၊ လေ တပ်မတော်သားအားလုံးကို ပြည်သူတစ်ယောက်အနေနဲ့ ကျေးဇူး တင်တယ် ...”

ငြိမ်းမောင်၏ တည်ကြည်သောမျက်နှာသည် ပြုံးရွှင်ကြည်လင်လာ၏။ ထို့နောက် ... အေးချမ်းစွာ ဆိုသည်။

“ ပြီးတော့ ... ငါလည်း ရာထူးတက်ခဲ့ပြီ သူငယ်ချင်း။ အဲ ... မှော်ဘီကိုတော့ ခဏပြောင်းရမယ် ”

ဝမ်းသာစရာစကားများကို ဆက်တိုက်ကြားနေရသောကြောင့် ကျွန်တော် ဘာဆက်ပြောရမှန်းမသိ။ ထို့နောက်မှ သတိရကာ မေးမိ၏။

“ နေဦး ... စောစောက မင်း ... ငါနဲ့ တိုင်ပင်စရာရှိတယ်လို့ ပြောတယ်။ အဲဒါ ဘာလဲ ...”

www.burmeseclassic.com



" ဒါက အေးအေးဆေးဆေး ပြောမှဖြစ်မယ်။ သွားကွာ၊ မင်း အဝတ်အစားလဲ၊ တို့ ညစာကောင်းကောင်း ထွက်စားကြရအောင် "

ကျွန်တော်သည် ငြိမ်းမောင်၏ စကားကို နာခံလျက် ဆရာဝန်ဝတ်စုံကို ချွတ်ကာ ရေချိုးသည်။ ရေကို သွက်သွက် ချိုးသော်လည်း ပျော်ပါးရွှင်မြူးသောစိတ်နှင့် သီချင်းတကြော်ကြော် ဆိုမိသည်။

အဝတ်အစားလဲပြီး ငြိမ်းမောင်နှင့်အတူ ကားဖြင့် မြို့တွင်းသို့ ထွက်ခဲ့ကြသည်။

ကျွန်တော်တို့ နှစ်ဦးစလုံး အရက်သေစာ မသောက်စားတတ်ကြ။ အခြားထွေလာကေလာများကိုလည်း နားမလည်ကြ။ ကျွန်တော်တို့သည် အစားအသောက်ကောင်းကောင်းကို ကြိုက်သည်။ အထူးသဖြင့် တရုတ်ဟင်းမယ်ကောင်းကောင်းများကို ကြိုက်သည်။ ရုပ်ရှင်ကောင်းကောင်းကြည့်ရန် ဝါသနာပါကြသည်။

ထိုညနေကမူ နှစ်ဦးစလုံး ရုပ်ရှင်ကြည့်လိုစိတ် မရှိကြ။ ထို့ကြောင့် အေးချမ်းသန့်ရှင်း၍ တရုတ်စာကောင်းကောင်း ရသော ရှစ်မိုင်ရှိ ဟိုတယ်တစ်ခုဆီ ထွက်ခဲ့ကြသည်။

ငါးမန်းတောင်ဟင်းချို၊ ပင်လယ်ကဏန်းပေါင်း၊ ခရုခေါက်ဆွဲစသော ကြိုက်ရာအစာများကို မြိန်ယှက်စွာ စားသောက်ကြသည်။ ရေခဲခတ် ပေးထားသော သစ်သီးစုံ အဖျော်ယမကာတို့နှင့် ဗိုက်ပြည့်အောင် ဖြည့်ပြီး မြို့တွင်း ပြန်လာကြသည်။ သိမ်ကြီးဈေးထိပ်ရှိ သစ်သီးတန်း၌ သစ်တော်သီး၊ ပန်းသီးနှင့် စပျစ်သီးများ ဝင်ဝယ်ကြသည်။

ကျွန်တော့်အခန်းသို့ ပြန်ရောက်ချိန်၌ ညကိုးနာရီ ထိုးပေပြီ။

အဝတ်အစားလဲပြီး သစ်သီးစားရင်း စကားဆက်ကြ၏။

" မင်း ငါနဲ့ တိုင်ပင်မယ်ဆိုတာ … ဘာကိစ္စလဲ "

ငြိမ်းမောင်က ပန်းသီးကို ခွဲစိတ်လျက်ရှိရာမှ ရပ်သွားသည်။ ဘာမျှပြန်မဖြေဘဲ ပန်းသီးကိုသာ ဆက်လက်ခွဲစိတ်သည်။ အတန်လေးကြာမှ အသည်းခြမ်း ပုံသဏ္ဍာန်ရှိသော ပန်းသီးစိတ်ကို စိုက်ကြည့်ရင်း လေးလေးဖြေသည်။

" ခိုင့်ကို ငါ ဖွင့်ပြောတော့မယ်လို့ စိတ်ကူးတယ် "

ဘာပြန်ဖြေရမှန်း မသိသော ကျွန်တော် ငိုင်ကျသွားမိ၏။

ငြိမ်းမောင်က ကျွန်တော့်ဘက် လှည့်လိုက်ပြီး ဆိုပြီးသောစကားကို ထပ်ရေရွတ်သည်။

" ခိုင့်ကို ငါ ဖွင့်ပြောတော့မယ်လို့ စိတ်ကူးတယ်။ ဒါပေမယ့် ဘယ်လို ဖွင့်ပြောရမှန်း မသိဘူး။ အဲဒါ … မင်းနဲ့ ငါ တိုင်ပင်ချင်လို့ပဲ "

" ပြောချင်တာ … ပြောဖို့ဟာများ ခက်နေရသလား ငြိမ်းမောင်။ ပြောချလိုက်ရောပေါ့ …"

ငြိမ်းမောင်က ကျွန်တော့်မျက်လုံးများကို စူးစိုက်ကြည့်ပြီး မေးသည်။

" ပြောချင်တာ ပြောချလိုက်ဖို့ ရိုးရိုးစကားလို လွယ်တာမှ မဟုတ်ဘဲ။ ကောင်းပြီ၊ လွယ်တယ်ဆိုရင် မင်းကို ငါမေးမယ်။ မင်း … ဟို … အဲ … ရည်းစားစကား ဘယ်နှစ်ခါပြောဖူးလို့လဲ "

ငြိမ်းမောင်၏ စကားက ကျွန်တော့်ပျော့ကွက်ကို တိုက်ရိုက်ဝင်မှန်သည်။ ကျွန်တော်သည် မိန်းကလေးများကို ကြောက်သူမဟုတ်။ သူတို့၌ ကြောက်စရာလည်း မမြင်မိ။ သို့ရာတွင် ရည်းစားစကား မည်ကဲ့သို့ ပြောရမည်ကို လေးလေးနက်နက် တစ်ခါမျှ မစဉ်းစားမိဖူးပေ။

အဖြေမပေးနိုင်သော ကျွန်တော့်ကို ကြည့်၍ ငြိမ်းမောင်သည် သနားဖွယ် ဆို၏။

" မင်းဟာ … ငါ့ထက် သတ္တိကောင်းတယ်။ ဒါတောင် ရည်းစားစကား ဘယ်လိုပြောရမယ်ဆိုတာ မင်း မဖြေတတ်ဘူး မဟုတ်လား။ သာမန် ကောင်မလေးတစ်ယောက်ကိုတောင် ကြိုက်တယ်လို့ ပြောဖို့က ဘယ်လောက်ခက်ခဲသလဲ …။ မင်း … စဉ်းစားကြည့်စမ်း၊ ပြီးတော့ … ကိုယ်ကြိုက်နေတဲ့ ကောင်မလေးကလည်း ကိုယ်တစ်သက်လုံး သူငယ်ချင်းအဖြစ် ပေါင်းလာခဲ့သူ။ သူငယ်ချင်းမကို ရည်းစားစကား

www.burmeseclassic.com



ဘယ်လိုလုပ် ပြောရမလဲ။ ပြီးတော့ ... အဲ ... မင်းသိသားပဲ၊ ခိုင့်ကို ငါ ကြောက်တယ် ...။ မိခိုင်က ငယ်ငယ်တည်းက ငါ့ကို နိုင်ခဲ့တာ မဟုတ်လား ..."

ငြိမ်းမောင် စကားကြောင့် ကျွန်တော် ပိုငိုင်သွားမိသည်။ ဘာအကြံမျှလည်း မပေးတတ်။ အကြံ မပေးတတ်သူကို ငြိမ်းမောင်က စစ်ကူလာတောင်းပြန်၏။

" ဒါကြောင့်မို့လို့ ... မင်းကို ငါ လာတိုင်ပင်တာပဲ မောင်။ ငါ ဘာလုပ်ရမလဲ "

ရုတ်တရက်သော် ... ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။ သို့ရာတွင် အားကိုးတကြီးနှင့် ကြည့်နေသော ငြိမ်းမောင်၏ မျက်လုံးများကြောင့် အကောင်းဆုံးဖြစ်မည်ထင်သည့် အကြံကို ပေးမိသည်။

" မင်း ... နှုတ်နဲ့ ပြောဖို့ခက်နေတယ်ထင်ရင် ... စာနဲ့ရေး ပြောပြပါလား။ စာနဲ့ဆိုတော့ စုံစုံ လင်လင်လည်း ရှင်းပြနိုင်တယ်။ ပြောရတာ မဟုတ်တော့ လွတ်လွတ်လပ်လပ်လည်း ရင်ဖွင့်နိုင်တယ် ထင်တယ် ..."

ငြိမ်းမောင်သည် တောက်ပစွာ ပြုံးသည်။

" အဲ ... ဒီအကြံကို ငါလည်း ရတယ် ...။ ဒါကြောင့်လည်း မင်းဆီ လာအကူအညီတောင်းတာပဲ ..."

" ငါက ဘာအကူအညီ ပေးရမှာလဲ ..."

ငြိမ်းမောင်က အားနာပါးနာ ဆက်ပြုံးသည်။ ထို့နောက် ကိုယ်ပြောသည့်စကားကို ကိုယ်မပြောရဲဟန် ခက်ခက်ခဲခဲ ဆိုရှာသည်။

" ဒီလိုကွာ ... ဟိုဒင်း ...။ ငါ ... အဲ ... စာတော့ ရေးချင်တယ် ... ခက်တာ ဘယ်လိုရေးရမှန်း မသိဘူး။ ဘယ်လိုရေးရမှန်းမသိဘူး ဆိုတာက ... ကွာ ...။ ငါ ဘယ်လိုပြောရမှန်းမသိဘူး။ ဒီလိုကွာ ... ဟိုဒင်း ... ပြောချင်တာတွေရှိတယ်၊ အဲဒီပြောချင်တာတွေကို ဟို ..."

ငြိမ်းမောင် စကားမဆက်နိုင်။ သူ့လက်ချောင်းများက မထိန်းနိုင်စွာ အာရုံကြောလှုပ်ရှားနေသည့်ပမာ စားပွဲကို ကဏန်းလျှောက်သကဲ့သို့ ခေါက်နေ၏။ သူ့ဒုက္ခကို ရိပ်မိသော ကျွန်တော်က အားပေးရသည်။

" ပြောပါ သူငယ်ချင်း ...။ ငါ ဘာကူညီရမလဲ ... မင်းရင်ထဲရှိတာကို ရှင်းရှင်းပြောစမ်းပါ "

ငြိမ်းမောင်သည် ဟင်းကနဲ ညည်းရင်း တစ်ချက်ပြုံး၍ ကျွန်တော့်ကို ကြည့်သည်။ ထို့နောက် ခေါင်းကုတ်၏။ တစ်ချီ ပြန်ပြုံး၍ ကြည့်နေပြန်သည်။ စိတ်မရှည်နိုင်သော ကျွန်တော်က အော်သည်။

" ဟေ့ကောင် ... မင်း ငါ့ကို ဒီလောက်တောင် ပင်ပင်ပန်းပန်း ကြည့်ရအောင် ငါက ခိုင် မဟုတ်သေး ပါဘူးကွ ...။ ပြောမှာ ပြောစမ်းပါ ..."

ကျွန်တော် အော်သည်ကို စိတ်မဆိုးဘဲ ငြိမ်းမောင်က ဟီးကနဲ တစ်ချက်ရယ်သည်။

" အေးကွာ ... ဒါဖြင့် ပြောပါ့မယ် ... ဟိုကွာ ... အဲ ... မင်း ငါ့ကို စာရေးပေးမလား ..."

" ဟေ ..."

ကျွန်တော်သည် မယုံကြည်နိုင်စွာ ငြိမ်းမောင်ကို ကြည့်မိသည်။

ထိုအခါကျတော့လည်း ငြိမ်းမောင်သည် အေးချမ်းစွာ ရှင်းပြသည်။

" ဒီလိုကွာ ... မင်းက ငါ့ထက် မြန်မာစာ ပိုကောင်းတယ်။ ကဗျာလည်း တတ်တယ်၊ စကား ပြောရင်လည်း ရှင်းရှင်းနဲ့ လူနားလည်အောင် ပြောတတ်တယ်။ ငါ့ဘာသာရေးရင် ငါရေးချင်တာတွေ မရေးမိဘဲ မရေးချင်တာတွေ ရေးမိမှာ ကြောက်တယ်။ အဲဒီတော့ မင်း ရေးပေးမလား "

ကျွန်တော်သည် ငိုရခက်၊ ရယ်ရခက်နှင့် ငြိမ်းမောင်ကို ကြည့်နေမိသည်။

" ဘာလဲ မောင် ... မင်း ငါ့ကို မကူညီနိုင်ဘူးလား "

သူက ပူဆာနေပြန်သောကြောင့် ကျွန်တော်က စိတ်ရှုပ်စွာ ပြန်မေးမိသည်။

" နေပါဦး ငြိမ်းမောင်ရ၊ ငါ ဘာတွေရေးပေးရမှာလဲ "

www.burmeseclassic.com



“ မခက်ပါဘူး သူငယ်ချင်းရာ။ ဒီလိုလေ … ခိုင့်ကို ငါ ဘယ်လောက်ချစ်သလဲ၊ ဘာကြောင့် အဲဒီလို ဘယ်လောက် ချစ်ရသလဲ။ ပြီးတော့ … အဲ … ပြီးတော့ …”

ငြိမ်းမောင်သည် လက်များကို ရှုန်းကန်လှုပ်ရှားနေသည်။ စကားကမူ “ ပြီးတော့ … ပြီးတော့ …”မှ မတက်။ အတန်ကြာ ရှုန်းကန်နေပြီးမှ အလွန်ရှင်းလင်းပြတ်သားစွာ ဆိုသည်။

“ ပြီးတော့ … အဲ ချစ်တယ်ကွာ။ သိပ်ချစ်တယ်။ ပြီးတာပဲ မဟုတ်လား … မင်း ရေးပေးနိုင်မလား ”

ကျွန်တော်သည် ရယ်ချင်မိသည်။ တစ်ပြိုင်နက်မှာပင် ရင်တွင်း၌ ဆို့နင့်နင့် ဖြစ်မိသောကြောင့် မရယ်မိ။

ငြိမ်းမောင်က မျက်မှောင်ကြုတ်ပြီး ကျွန်တော့်ကို ကြည့်၍မေးသည်။

“ မရယ်ချင်ပါဘူး သူငယ်ချင်းရာ၊ ငါစဉ်းစားနေတာက ငါ ရေးလို့ ကောင်းပါ့မလားလို့ …”

“ ကောင်းပါတယ်ကွာ … ငါ့ထက်တော့ ကောင်းမှာပဲ။ ငါက စိတ်ချလို့ ရေးခိုင်းတာပဲ ဥစ္စာ။ ဒီလို လုပ်လေ မင်းက ရေးလိုက် ငါက ဖတ်လိုက်လုပ်မယ်။ ကဲကွာ … ရေးကြရအောင် …”

ငြိမ်းမောင်သည် ကျွန်တော့်စာရေးစားပွဲပေါ်မှ စာရေးစက္ကူနှင့် ဖောင်တိန်ကို ဆွဲယူပေးသည်။

မတတ်သာတော့သဖြင့် ကျွန်တော်က စာရေးရန် စဉ်းစားသည်။ ဘယ်က စ,ရေးရမှန်း မသိ။ ငြိမ်းမောင်ကမူ ကျွန်တော့်ကုတင်ပေါ်တက်၍ ပက်လက်လှန် ဒူးချိတ်ရင်း စောင့်နေရှာ၏။

စဉ်းစားမရသည့်အဆုံးတွင် ကျွန်တော်က ရင်တွင်း၌ ပေါ်လာသည်မှ စရေးသည်။

“ ချစ်လှစွာသော သူငယ်ချင်း ခိုင်

သူငယ်ချင်းတစ်ယောက်အနေနဲ့ စတင်ပြီး ချစ်ခဲ့ရတာမို့ သူငယ်ချင်းလို့ပဲ ခေါ်လိုက်ရတယ် ခိုင်ရေ။ ဒါပေမယ့် ဒီစာကို ဖတ်ပြီးတဲ့အချိန်မှာ ခိုင်ဟာ ကိုယ့်ကို သူငယ်ချင်းလို့ပဲ ဆက်မခေါ်နိုင်မှာကို စိုးရိမ်မိတယ်။ ဆက်ပြီးခေါ်နေမှာကိုလည်း စိုးရိမ်မိတယ် ခိုင်ရယ် ”

ကျွန်တော်က ဤမျှ ရေးပြီးသမျှ ငြိမ်းမောင်ကို ပြမိသည်။ ငြိမ်းမောင်သည် ကုတင်ပေါ်၌ မှောက်လိုက်၍ သေချာစွာ ဖတ်သည်။ ဆုံးသောအခါ အားရပါးရ မှတ်ချက်ချသည်။

“ အဲ … ငါ စိုးရိမ်နေတာလည်း အဲဒါပဲ။ ဟုတ်ပြီ သူငယ်ချင်း ဆက်ရေးပါ … ဆက်ရေးပါ …”

ကျွန်တော်က ဆက်ရေးပြန်သည်။

“ တစ်ခုတော့ ရှိလေရဲ့ ခိုင် …။ ဟန်ဆောင်သော မိတ်ဆွေသည် ရန်သူထက်ဆိုးသည် … တဲ့ …။ ဆိုရိုး ရှိတယ်။ ကိုယ် ဟန်ဆောင်မနေချင်တော့ပါဘူး ခိုင်။ ရန်သူဖြစ်မှာ စိုးတာထက် ရင်မှာ အသစ်ဖြစ်လာတဲ့ သစ္စာပွင့်ကို အခွင့်သင့် အခါကောင်းစဉ် ဆင်ထိုက်သူ ခေါင်းထက် မတင်ဆက်မိလို့ နှောင်းရက်တွေမှာ အချိန်လင့်ရပြီကော ဆိုပြီး ပင့်သက်ဖိုဖို … အလိုမကျ … နှောင်တ,ပိုပိုနဲ့ မငိုရလိုလို့ပဲ ဖြစ်လေတယ် ခိုင် …”

ကျွန်တော်သည် ဤနိဒါန်းကို ငြိမ်းမောင်ကို ပြမိပြန်သည်။ ငြိမ်းမောင်သည် အသေအချာ ဖတ်ပြန်ပြီးနောက် ကျွန်တော့်ကို အံ့သြဟန် မော့ကြည့်လျက်ဆိုသည်။

“ ကောင်းလှချည်လား သူငယ်ချင်းရာ … ဘုရားစူးရစေရဲ့။ ခိုင်တော့ မသိဘူး၊ ငါ့ကိုယ်ငါတောင် ပြန်သနားမိတယ် …”

ကျွန်တော်သည် ငြိမ်းမောင်ကို စိုက်ကြည့်ပြီး အသံမာမာနှင့် မေးသည်။

“ မင်း ငါ့ကို သရော်နေတာလား ငြိမ်းမောင် ”

ငြိမ်းမောင်သည် နားမလည်ဟန် ကျွန်တော့်ကို ပြန်ကြည့်သည်။

“ ငါက မင်းကို ဘာလို့သရော်ရမှာလဲ မောင်ရာ၊ ကောင်းလို့ ကောင်းတယ် ပြောမိတာပါ။ တကတည်း မင်းက … သိပ်ဈေးကြီးတဲ့ကောင်ပဲ။ ကဲပါကွာ … ဆက်ရေးပါ၊ ငါ့ကို မပြနဲ့တော့။ ပြီးမှပဲ ဖတ်ကြည့်တော့မယ်။ ကဲ … ကျေနပ်ပြီလား …”

ငြိမ်းမောင်သည် ကုတင်ပေါ်၌ ပက်လက်ပြန်လှန်ပြီး နဖူးပေါ်လက်တင်၍ ငြိမ်နေ၏။

www.burmeseclassic.com



ကျွန်တော်က စာကို ဆက်ရေးသည်။ ငြိမ်းမောင်ကို မပြတော့ဘဲ လက်တွေ့သည့်အတိုင်း မရပ်မနား ရေးမိသည်။

ဤစာမှာ ကျွန်တော့်အတွက် ပထမဆုံးနှင့် နောက်ဆုံးရေးဖူးသော သမုဒယမှာတမ်းရှည် ဖြစ်နေခဲ့ပါ၏ ... ဖြစ်နေခဲ့ရပါ၏။

ချစ်လှစွာသော သူငယ်ချင်းခိုင် ...။

သူငယ်ချင်းတစ်ယောက်အနေနဲ့ စတင်ပြီး ချစ်ခဲ့ရတာမို့ သူငယ်ချင်းလို့ပဲ ခေါ်လိုက်ရတယ် ခိုင်ရေ ...။ ဒါပေမယ့် ဒီစာကို ဖတ်ပြီးတဲ့အချိန်မှာ ခိုင်ဟာ ကိုယ့်ကို သူငယ်ချင်းလို့ပဲ ဆက်ပြီးမခေါ်နိုင်မှာကို စိုးရိမ်တယ်။ ဆက်ပြီး ခေါ်နေမှာကိုလည်း စိုးရိမ်မိတယ် ခိုင်ရယ် ...။

တစ်ခုတော့ ရှိလေရဲ့ ခိုင် ...။ ဟန်ဆောင်သော မိတ်ဆွေသည် ရန်သူထက် ဆိုးသည်တဲ့ ...။ ဆိုရိုးရှိတယ်။ ကိုယ် ဟန်ဆောင်မနေချင်တော့ပါဘူး ခိုင်။ ရန်သူဖြစ်မှာ စိုးတာထက် ရင်မှာ အသစ်ဖြစ်လာတဲ့ သစ္စာပွင့်ကို အခွင့်သင့် အခါကောင်းစဉ် ဆင်ထိုက်သူ ခေါင်းထက် မတင်ဆက်မိလို့ နှောင်းရက်တွေမှာ အချိန်လင့်ရပြီကော ဆိုပြီး ပင့်သက်ဖိုဖို အလိုမကျ၊ နှောင်တ,ပိုပိုနဲ့ မငိုရလိုလို့ဘဲ ဖြစ်လေတယ် ခိုင်။

ချစ်မိလို့ ကြောက်မိတယ် ခိုင်။ ကြောက်မိလို့လည်း ရဲလိုက်ရပြန်တယ်။

အသည်းကမ္ဘာမှာ ပိုင်ဆိုင်လိုချင်ရင် ပြိုင်ဆိုင်ရတဲ့ စွန့်စားခြင်းဓမ္မတာကို ခိုင် နားလည်စွာနဲ့ ကိုယ့်ကို ခွင့်လွှတ်နိုင်ပါစေ ...။

ဘဝါဘဝေ အဆက်ဆက်က နှစ်ဖြာရေစက် ပြုသမျှမကွာ၊ အာသဝေ မပျက်သမျှ၊ ပါလေချက် သမုဒယတဏှာ၊ ယခုဘဝမှာ မနီးရင်လေ ... ကြီးမောင့်ဒုက္ခာဆိုတဲ့ ... ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခသစ္စာကို ဖွင့်ဆိုသီပြတဲ့ စာကို ခိုင် တွေ့ဖူးလိမ့်မယ် ...။ ကိုယ်လည်း တွေ့ဖူးပါတယ်။ ဒါပေမယ့် ကိုယ့်အတွက်တော့ သိလျက်နဲ့ ဝိပါက်ကြမ္မာငင်လေသလား မပြောတတ်ဘူး ခိုင်ရေ ..။

အစက ဘယ်မှာ ... အဆုံးက ဘယ်ဆီ ... မသိနိုင်ပြီတဲ့။ သံသရာကြီးနဲ့ ချီပြီး အတိတေ ... ဘယ်ဘဝက ဘယ်လိုစတဲ့ သံယောဇဉ်ပါလို့ ကိုယ့်မှာ ပြောနိုင်ခွင့် မရှိပါဘူး ခိုင် ...။ ဒါပေမယ့် ဆယ်ကျော်နှစ်က ကျွမ်းချစ် သဒ္ဒါကြိုးသူမှာ ... လို့တော့ သူတကာထက် လွန်ပြီး မေတ္တာသက်ကို ရေတွက်ပြနိုင်သူပါ ချစ်သော ခိုင်။

မေတ္တာသက်ဟာ ကြီးတော့ သံယောဇဉ်မီးဟာလည်း ကြီးပါလေရဲ့ ခိုင်။ အထီးကျန် ဘဝနဲ့ ကြီးမောင့်ဒုက္ခာလို့လည်း မငိုညည်းချင်ဘူး။ ငိုညည်းသင့်တယ်လို့လည်း မထင်မိဘူး ခိုင်။

အနိုင်မရလို့ မပိုင်ရတောင် ရှုံးရလေတယ်လို့ သုဉ်းသုညဟာ ဘဝလက္ခဏာ မဖြစ်လိုပါဘူး ခိုင်။

ဆိုင်လေသူမို့ အနိုင်ယူပြီး အပိုင်ချူခွင့်ကိုလည်း ကိုယ် မတောင်းဆိုပါဘူး ခိုင်။

သဇင်ခိုင် သူညွှတ်ရင်တော့ ယူဆွတ်လို့ ခေါင်းမှာဆင်၊ ရင်မှာ ပွေ့လိုတဲ့ ကိုယ့်စေတနာပါ ခိုင်။

အစိုးမရတဲ့ လောကမှာ တောင့်တသူတစ်ယောက်အနေနဲ့ မျှော်လင့်ခြင်းတွေ ရင်မှာ ပိုက်ပြီး အသက်ရှင်ခွင့်တော့ ရထိုက်တယ်ထင်တယ် ခိုင်ရေ။

www.burmeseclassic.com



ချစ်ပြီးလေမင့် ချစ်ခွင့်ကိုတော့ တောင်းရန်မလိုပါ ခိုင်။
ချစ်ဆုကိုသာ ကိုယ့်မှာ တောင်းရလေတယ်။
သခင်ပျောင်းပျ၊ ညွတ်ကောင်းလှ … လို့ ကြောင့်ကြရင်းက မျှော်လင့်မိတယ် ခိုင် …။

ခိုင့် ငြိမ်းမောင်

ရေးလိုက်၊ ဖျက်လိုက်၊ ပြင်လိုက်နှင့် အဘယ်မျှကြာသည် မသိ။ အချောသပ် ရေးပြီး၍ လှည့်ကြည့်လိုက်သောအခါ ငြိမ်းမောင်သည် တခေါခေါဟောက်လျက် အိပ်ပျော်နေပေပြီ။

ကျွန်တော်က နှိုးပြီး စာကို ပြမည် ကြံသည်။ သို့ရာတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ဟန်ကား ဘယ်နှစ်ည အိပ်ရေးပျက်ခဲ့လေသည် မသိ။

ကျွန်တော်သည် ခြေရင်းမှ စောင်ကို ယူပြီး သူ့ရင်ဘတ်အထိ လွှမ်းခြုံပေးသည်။

စာကို သူနိုးလာလျှင် မြင်နိုင်အောင် စားပွဲပေါ်တွင် ဖန်တုံးနှင့် ဖိထားလိုက်သည်။

မီးမှိတ်လိုက်ပြီး ကျွန်တော်လည်း အိပ်ရာဝင်ခဲ့သည်။

ထိုည၌ တစ်ကြိမ်က မြင်မက်ခဲ့ဖူးသော အိပ်မက်ကို ကျွန်တော် ပြန်မက်မိသည်။

မိုးတွေက ညို၍ ပတ်ဝန်းကျင်သည် မှိုင်းမှိုင်းမှုန်နေ၏။ အရပ်ကိုးမျက်နှာမှ ဓမ္မသီချင်းဆန်သော တေးဂီတသံသည် ဆွေးမြေ့ဖွယ် ပျံ့လွင့်လာနေ၏။

သဇင်ပန်းရနံ့တို့ကလည်း ကြိုင်လှိုင် မွှေးကြူနေပါသည်။

တောအလယ်တွင် ပန်းနွယ်ဒါန်းထက်မှ ခင်မြိုင့်ကို ကျွန်တော် တွေ့ရသည်။

ခေါင်းထက်တွင် သဇင်ပန်းများ ဝေလျက်နှင့် ခင်မြိုင်သည် ညှိုးငယ်သော မျက်နှာလေးနှင့် ကျွန်တော့်ကို လှမ်းကြည့်သည်။

ကျွန်တော်က အနီးကပ်သွားသောအခါ ခင်မြိုင်သည် ဒါန်းထက်မှ ဆင်းပြေးသည်။

" အို … ခင်မြိုင် …"

ကျွန်တော်က ဝမ်းပန်းနည်းစွာ ဆိုမိသည်။

မျက်ရည်ဥတို့ ခိုတွဲသော မျက်လုံးများဖြင့် ခင်မြိုင်သည် ကျွန်တော့်ကို တစ်ချက်ပြန်ကြည့်သည်။ ထို့နောက် တောအတွင်းသို့ မြုပ်ဝင်ပျောက်ကွယ်သွား၏။

အဆုံးအစ မမြင်သာအောင် ကျယ်ဝန်းသော လွင်တီးခေါင်၌ ကျွန်တော် တစ်ယောက်တည်း လျှောက်နေရသည်။ မိုးတွေကလည်း သည်းသည်းမည်းမည်း ရွာချနေ၏။ မိုးသံလေသံနှင့် ရော၍ ဓမ္မသီချင်းသံများကလည်း ဆူညံမြင့်တက်လျက် ရှိသည်။

" ခင်မြိုင်ရယ် မောင်ညို လာပါပြီ …"

ကျွန်တော်က ဆို့နင့်ကြေကွဲစွာ ရှိုက်လိုက်မိပါ၏။

❑

ငြိမ်းမောင်သည် ကျွန်တော်ရေးပေးသော စာကို ခိုင့်ထံ ထည့်လိုက်ခဲ့သည်။ ထို့နောက် ကိုယ့်ကိစ္စနှင့် ကိုယ် အလုပ်များနေသောကြောင့် တစ်ဦးနှင့်တစ်ဦး မတွေ့ကြမိ။

တစ်လခန့် ကြာသောအခါ သူ ခေတ္တတာဝန်ကျနေသော မိတ္ထီလာစခန်းမှ ငြိမ်းမောင်သည် ကျွန်တော့်ထံ စာတစ်စောင် ထည့်လိုက်သည်။

www.burmeseclassic.com



သူ့စာ၌ ဝမ်းသာခြင်းနှင့် ရွှန်းရွှန်းဝေနေသည်။ မန္တလေးတက်၍ ခိုင်နှင့် တွေ့ပြီးပြီ ဆိုသည်။ ခိုင်က သူ့အချစ်ကို လက်ခံသည်ဟုလည်း ဆိုသည်။ အောက်ပါ ကောက်နှုတ်ချက်ကို ဖတ်မိလျက် သူ့ခံစားမှုကို သိနိုင်သည်။

> " တိုက်လေယာဉ်ပျံကို ဒေါင့်ကျဲကျဲနဲ့ အမြင့်ကနေ ထိုးစိုက်ဆင်းပြီး ရန်သူ့စခန်းကို ပထမဆုံး ဖြိုရတုန်းကတောင် ငါ့ရင်တွေ သိပ်မခုန်ဖူးဘူး။ ခိုင်နဲ့ သွားတွေ့တုန်းကတော့ ငါ့ရင်ထဲမှာ ဒါကိုတာလေယာဉ်ပျံရဲ့ စက်သံထက်တောင် ဆူနေသေးတယ်။ ခိုင်ကတော့ အမူအယာ တစ်ချက်ကလေး မပျက်ဘူး။ သူ့ရုပ်ကိုကြည့်ပြီး ငါတော့ ပစ်မှတ်လွဲသွားပြီ ထင်မိတယ်။ ခါတ်ဆီကုန်ခါနီး ကွင်းရှာမတွေ့သလိုဘဲ ဇောချွေးတွေ ပြန်မိတယ်။
>
> နောက်တော့မှ ခိုင်က အေးအေးနဲ့ တည်တည်ပဲ ဖြေတယ်။ ငါ့အချစ်ကို လက်ခံပါတယ် ... တဲ့ ... သိလားကွ။ လက်ခံတယ်တဲ့။ မမျှော်လင့်တဲ့စကား ကြားရပြန်တော့ ငါ့ရင်ထဲ အဲယားပေါ့ကက် မိသလို စိမ့်ကနဲ၊ ငြိမ့်ကနဲဖြစ်ပြီး ဘာပြန်ပြောရမှန်း မသိဘူး။
>
> အခုအချိန်တော့ ငါ့ရင်ထဲမှာ ဝမ်းသာမှုတွေဟာ မိတ္ထီလာကန်ကြီး ရေပြည့်နေသလို ပြည့်နေတယ်။ မင်းကိုလည်း ထိုင်ထိုင်ပြီး ရှိခိုးဦးချချင်တယ် ကျေးဇူးရှင်ရေ ...။ တကယ်ပါပဲကွ။
>
> ဟိုတလောက တို့ ကျောက်ဆည် ဝေဘူတောင်ကို သွားလည်ကြတယ် ...။ ခိုင်ရော ...၊ လှိုင်ရော ...၊ ငါရော ... မင်းကို သတိရလိုက်ကြတာ။ အဲ ... တင်မောင်ညွှန့်ကလည်း အထူး သတိရပါတယ်တဲ့ ...။ သူက အခု စစ်ကိုင်းမှာ သစ်တောဝန်ထောက်ကွ။
>
> မင်း အင်္ဂလန် ဘယ်တော့သွားမလဲ။ မသွားခင် အားလုံးတွေ့ဆုံချင်တယ်လို့ ခိုင်က ပြောတယ်။ သွားခါနီး ကျရင် ပြောကွာ။ တို့နှစ်ယောက် ခွင့်ယူပြီး ဆင်းလာခဲ့မယ် "

ငြိမ်းမောင်၏ စာကြောင့် ကျွန်တော် ဝမ်းသာရပါသည်။ တင်မောင်ညွှန့် စစ်ကိုင်းသို့ ရောက်နေပြီ ဆိုသောကြောင့် စိတ်တွင်း၌ အနည်းငယ် စနောင့်စနင်း ဖြစ်မိသည်။ သို့ရာတွင် ငြိမ်းမောင်၏ အချစ်ကို ခိုင်က လက်ခံလိုက်ပြီ ဆိုသောကြောင့် အစစ အဆင်ပြေနေလိမ့်မည် ထင်သည်။

သို့ရာတွင် အမှန်မှာ ကျွန်တော် ထင်ခဲ့သမျှ တက်တက်စင်အောင် လွဲပါသည်။

www.burmeseclassic.com



## ( ၂၉ ) ကြုံလေပြန်ရသည် ခိုင်

၁၉၅၇–ခုနှစ်၊ စက်တင်ဘာလအတွင်း ကျွန်တော် အင်္ဂလန်ပြည်သို့ ထွက်ခွာသွားရန်ပြန်သည်။

ကတိအတိုင်း ငြိမ်းမောင်နှင့် ခိုင်သည် ယူဘီအေ လေယာဉ်ပျံဖြင့် ရန်ကုန်သို့ ဆင်းလာကြသည်။ လှိုင်ကမူ ဆေးသိပ္ပံ ဒုတိယနှစ်၌ ခြေလက်ချော်၍ တစ်နှစ်ကျပြီးနေသဖြင့် စာကြိုးစားနေရသောကြောင့် ပါမလာ။ ငြိမ်းမောင်နှင့် ခိုင့်ကို အတူ ဆင်းလာခွင့်ပေးသည်ကိုထောက်၍ သူတို့နှစ်ဦးအား ကိုကိုနှင့် မြိုင်သည် သဘောတူထားဟန်ရှိသည်။

ခိုင်က … သူအိမ့်တွင် တည်းသည်။ ငြိမ်းမောင်က ကျွန်တော့်အခန်း၌ လာနေ၏။

ငြိမ်းမောင်၊ ခိုင်နှင့် … တစ်ခါတစ်ရံ မမကြိုင်ပါ ကျွန်တော့်သည် ရန်ကုန်မြို့တွင်း၌ လျှောက်လည်ကြသည်။

ကျွန်တော် မြန်မာပြည်မှ မထွက်ခွာမီ သုံးရက်ခန့်အလို၌ ခိုင်ရော၊ ကြိုင်ရော၊ ငြိမ်းမောင်ပါ … သန်လျင်သို့ သွားကြသည်။ ဖေဖေ၊ မေမေတို့နှင့် ခွဲခွာခါနီး ပျော်ပျော်ရွှင်ရွှင် နေကြရန်ဖြစ်သည်။

ပျော်ရွှင်သင့်သော အချိန်လည်း ဖြစ်ပါသည်။ ကျွန်တော်သည် ဖေဖေ၏ မျှော်လင့်ချက်ဖြစ်သော အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ကို ယူပေးနိုင်တော့မည် မဟုတ်ပါလော …။

မေမေသည် မပြောင်းလဲစွာ စားဖွယ်၊ သောက်ဖွယ်တို့ကို ချွေးတလုံးလုံး တပြုံးပြုံးနှင့် ချက်သည်။ နိုင်ငံခြားရောက်လျှင် မြန်မာအစာကို အထူးလွမ်းတတ်သည်ဟု ငြိမ်းမောင်က ပြောသဖြင့် မေမေသည် မြန်မာ့အစားအစာကောင်းစစ်များကိုသာ ချက်ကျွေးသည်။

မဟုတ်က ဟုတ်က တွေးပြီး ဖောက်သူမှာ ဒေါ်လေးဒေါ်စာဥကြီး ဖြစ်သည်။

ကျွန်တော် အင်္ဂလန်သို့သွားလျှင် ယူသွားရန်အတွက် ဒေါ်လေး ငါးပိကြော် ကြော်နေသည့်အနီးသို့ ကျွန်တော်က မမေစန်း၏သား မောင်ကလေးနှင့် ကျွန်တော့်အား တစ်ဝက်စီပေးပြီး ဆိုသည်။

" အခုသာ မောင်က ဒေါ်လေးပေးတဲ့ ပုစွန်ခြောက်ကို စားတာပါ …။ ပြန်လာရင် ဗိုလ်မ ပါလာပြီး ဘိစတိတ်တို့ ကတ်တလိတ်တို့ကို လက်ငါးချောင်းရှိရက်နဲ့ ခက်ရင်းနဲ့ ထိုးစားချင်တယ် ပြောမှာ …"

" ဟာ … ဒေါ်လေးကလည်း … ဗိုလ်မ ယူလာပြီး ဗိုလ်လုပ်တဲ့ခေတ်ဟာ ကုန်ပါပြီ။ ကျွန်တော်က ဗမာမ,သာ ပြန်ယူမှာ …"

ဒေါ်လေးသည် ယောက်မကြီးကို လွှတ်လိုက်ပြီး ထုံးစံအတိုင်း ဝါသနာကြီးစွာ မေး၏။

" မောင်က ဗမာမ … ပြန်ယူမယ်။ နေဦး … ဘယ်သူ့ကိုယူမှာလဲ၊ တွေ့ထားပြီးပြီလား "

" တွေ့ထားတယ်တော့ ဘယ်ဟုတ်မလဲ ဒေါ်လေးရ …။ ကိုယ့်ဆန္ဒကို ကိုယ်ပြောတာ …"

ဒေါ်လေးသည် တစ်စုံတစ်ခုကို မကျေနပ်ဟန် မျက်နှာထားစူစူနှင့် ငါးပိ ကြော်သည်။ အတန်ကြာမှ ဘာစိတ်ကူး ရသည်မသိ၊ ပြုံးဖြီးဖြီးနှင့် ပြောသည်။

" ဆန္ဒရှိရင် နားဖောက်ထားရတယ် တော်ရေ့ …။ မောင့်မှာ လက်ကျန် နည်းနေပြီ …"

" ဒေါ်လေး ဘာပြောတာလဲ "

" ဩော် … လက်ကျန်နည်းနေပြီဆိုတာ ရှင်းသားပဲ။ ဘိလပ်မရောက်ခင် ဗမာစကား နားမလည်တော့ဘူးလား။ လက်ကျန်နည်းနေပြီဆိုတာ လက်ကျန်နည်းနေပြီပဲပေါ့။ ဒီထက် ရှင်းအောင် ပြောလိုက်ရဦးမလား …"

" အာ … အာ … တော်ပါပြီ ဒေါ်လေး …။ အဲဒါက အရေးမကြီးဘူး၊ တစ်ခါတုန်းကလို ဒေါ်လေး ငါးပိကြော်အိုးကြီး တူးသွားဦးမယ် …"

ကျွန်တော်သည် ဤသို့ စကားဖြတ်၍ ဒေါ်လေးအပါးမှ လစ်ခဲ့ရသည်။

ခိုင်နှင့် ကြိုင်မှာ ကျွန်တော်တို့ အိမ်တွင်ပင် နေသည်။ ငြိမ်းမောင်ကမူ သူ့ဖခင် အိမ်တွင်ပင် နေပါ၏။

www.burmeseclassic.com



နံနက်စာကို သူ့အိမ်တွင် စားပြီး ငြိမ်းမောင်သည် ကျွန်တော်တို့နှင့် တစ်နေ့လုံး လာနေတတ်သည်။ တစ်ခါတစ်ရံ နံနက်ပိုင်းလာ၍ နေ့ခင်းပိုင်းပြန်ပြီး ညနေစောင်းမှ ပြန်လာတတ်သည်။

တစ်ညနေတွင် ငြိမ်းမောင်သည် အရောက်နောက်ကျသည်။ ကြိုင်သည် မေမေနှင့် ဒေါ်လေးတို့နှင့် အတူ ဈေးလိုက်သွားသည်။

ဖေဖေနှင့် စကားပြောရာမှ ကျွန်တော်သည် ခြံတွင်းသို့ ဆင်းလာခဲ့သည်။ အမှတ်မထင်ပင် ကျွန်တော့် ခြေလှမ်းများက ခြံနောက်ပိုင်းသို့ သယ်ဆောင်လာခဲ့၏။

မြရာပင်ကြီးကို လှမ်းမြင်ရချိန်၌ ကျွန်တော့်ခြေလှမ်းများ တုံ့သွားသည်။

ခိုင်သည် မြရာပင်ခြေ၌ ပင်စည်ကို မှီထိုင်ရင်း အဝေးသို့ ငေးလျက်ရှိနေ၏။

ကျွန်တော်သည် ခိုင့်အနီးသို့ ကပ်လျက် အသာအယာ ရပ်လိုက်မိ၏။

ခိုင်သည် လှမ်းမကြည့်ဘဲ အဝေးသို့သာ ဆက်ငေးမြဲ ငေးနေ၏။

ဘေးတိုက်မြင်ရသော ခိုင့်မျက်နှာလေးကို ကြည့်ရင်း ကျွန်တော်ကလည်း ဘာစကားမျှ မဆိုမိ။ လွန်ခဲ့သော ဆယ့်ခြောက်နှစ်ကျော်က ဤနေရာလေး၌ပင် ခွဲရခါနီး ကြုံခဲ့ရသည်ကို အမှတ်ရသဖြင့် ရင်တွင်းဝယ် မသိမသာ လှုပ်ရှားနေ၏။

" ထိုင်လေ ... မောင် "

ခိုင်က လှည့်မကြည့်ဘဲနှင့်ပင် ဆိုသည်။

ကျွန်တော်သည် ခိုင်နှင့် ခပ်ကွာကွာ မြေပြင်တွင် ထိုင်လိုက်၏။ ကျွန်တော့်မျက်လုံးများသည် ခိုင့်ဘေးရှိ ဖောင်တိန် ညှပ်လျက်သား ပိတ်ထားသည့် စာအုပ်ဆီ ရောက်သွား၏။

" ခိုင် ကဗျာစပ်နေတာလား "

ခိုင်က မဖြေဘဲ ကျွန်တော့်ကို လှည့်ကြည့်သည်။ ခိုင်ကြည့်ပုံမှာ တစ်မျိုးဖြစ်၏။ မျက်နှာထား အသွင်မှာလည်း ဆန်းသည်။

ခိုင့်မျက်နှာလေးက အပြုံးကို မဆောင်၊ ညှိုးရောင်လည်း မပြ၊ တည်လှသည်လည်း မဟုတ်၊ လဲ့လဲ့ပြာသော မျက်လုံးများ၌ မျက်ရည်ဝေ့ဝေ့ လွှမ်းနေသော်လည်း အကြည့်မှာ မကြင်နာ၊ စိမ်းကား လှသည်လည်း မဆိုရဲ။

ခိုင်သည် ကျွန်တော့်ထံမှ မျက်လုံးလွှဲလိုက်ပြီး ရှေ့မှ တောင်ကမူလေးများဆီ ပြန်ငေးလျက် အေးအေးပြောသည်။

" အစကတော့ ကဗျာစပ်မလို့ပဲ။ ဒါပေမယ့် စပ်မရဘူး။ အတွေးတွေက ဝင်ဝင် လာတယ် ..."

" ဘာအတွေးလဲ ခိုင် ..."

" ဘာအတွေးတွေဆိုတာ ဘယ်လိုလုပ် ပြောရမလဲ။ စိတ်ဆိုတာ ဟိုရောက်ဒီရောက် မဟုတ်လား ..."

ကျွန်တော်က အသာအယာ ပြုံးမိသည်။

" ခိုင်ပြောတာ မှန်တယ်။ စိတ်ဆိုတာ ဟိုရောက် သည်ရောက်ပဲ ...။ မောင့်စိတ်ကတော့ ငယ်ငယ်တုန်းကဆီ ပြန်ရောက်ပြီး လွမ်းမောမိတယ် ခိုင်ရယ် ..."

ခိုင်သည် ကျွန်တော့်ဘက်လှည့်ကာ ကျွန်တော့်မျက်လုံးများကို စူးစူးစိုက်စိုက် ကြည့်လျက်မေးသည်။

" ငယ်ငယ်တုန်းကဘဝကို မောင် တကယ်ပြန်လွမ်းသလား "

" ဘယ့်နှယ်ပြောလိုက်ပါသလဲ ခိုင်၊ တစ်သက်မှာ ပျော်စရာအကောင်းဆုံး အချိန်တွေဟာ ရှိခဲ့ဖူးတယ် ဆိုရင် အဲဒီ အချိန်တွေဟာ ခိုင်ရယ်၊ မောင်ရယ်၊ ငြိမ်းမောင်ရယ် သုံးယောက်အတူ ကစားခဲ့ကြတဲ့ ကလေးဘဝ အခါတွေပါပဲ ခိုင်။ ခိုင့်လိုသာ စာရေးကောင်းရင် မောင် ကဗျာကောင်းကောင်းတစ်ပုဒ်များ စပ်မိမလား မသိဘူး ..."

ခိုင်သည် ထူးဆန်းစွာ ပြုံးလိုက်ပြီး မှတ်ချက်ချသည်။

www.burmeseclassic.com



" မောင်လည်း စာရေးကောင်းသားပဲ ..."

" ဘာပြောတယ် ခိုင် ..."

" ဩော် ... မောင်က စာရေးကောင်းပါတယ်လို့ ခိုင်က ပြောနေတယ် "

ကျွန်တော်က မျက်မှောင်ကြုတ်၍ ခိုင့်ကို ကြည့်သည်။ ခိုင်က အသံလေးထွက်အောင် အသာအယာ ရယ်မောလိုက်ပြီး ဆက်ရွတ်သည်။

" **အစက ဘယ်မှာ၊ အဆုံးဟာ ဘယ်ဆီ မသိနိုင်ပြီတဲ့ ...။ သံသရာကြီးနဲ့ချီပြီး အတီတေ ဘယ်ဘဝက ဘယ်လိုစခဲ့တဲ့ သံယောဇဉ်ပါလို့ ကိုယ့်မှာ ပြောနိုင်ခွင့် မရှိပါဘူး ခိုင်။ ဒါပေမယ့် ဆယ်ကျော်နှစ်က ကျွမ်းချစ်သဒ္ဒါ ကြီးသူမှာလို့တော့ သူတကာထက်လွန်ပြီး မေတ္တာသက်ကို ရေတွက်ပြနိုင်သူပါ ချစ်သော ခိုင် ...** တဲ့ ... ဟဲ ... ဟဲ ... ငြိမ်းမောင် ရေးတာလေ မောင် ...။ သူလည်း သိပ်စာရေးကောင်းတာပဲ "

ကျွန်တော်က ထိတ်လန့်တကြားဖြင့် ခိုင့်ကို မော့ကြည့်သည်။ ခိုင်ကမူ ... ကလေးငယ်တစ်ယောက် ပမာ တခစ်ခစ် ရယ်မောနေသည်။

ခိုင် ဘာဆိုလိုမှန်း မသိ။ ခိုင့်ကို ဘာပြန်ပြောရမှန်းလည်း မသိ။ ငုတ်တုတ်သာ ငြိမ်ခံနေရသည်။

ခိုင်ကသာ ဆက်ရယ်နေသည်။ ရယ်၍အားရမှ သမင်မငယ်သဖွယ် သွက်လက်စွာ ထရပ်သည်။

" ခိုင် ပျော်လိုက်တာ မောင် ...။ လာ ... ခိုင်တို့ ငယ်ငယ်ကလို လမ်းလျှောက်ကြရအောင် "

" အို ... ဘယ်ဖြစ်မလဲ ...ခိုင် "

" ဘာလို့ မဖြစ်ရမှာလဲ ...။ လမ်းလျှောက်တယ်ဆိုတာ လွယ်လွယ်လေးပဲ "

" မဟုတ်ဘူးလေ ... ငြိမ်းမောင်လည်း ပြန်မလာသေးဘူး "

ခိုင်၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားသည်။ မျက်လုံးများကလည်း စူးရှတောက်ပ ဝင်းလာခဲ့၏။

" ငြိမ်းမောင်ကို စောင့်ရအောင် တာဖ်လုပ်တမ်း ကစားကြမှာမှ မဟုတ်ဘဲ ...။ လမ်းလျှောက်ကြပါမယ် ဆိုမှ၊ ဘာလဲ ... မောင် ခိုင်နဲ့ လမ်းမလျှောက်ချင်တော့ဘူးလား "

တတ်နိုင်ပါပေ့ မိခိုင်။ အကျပ်ကိုင်ပြန်တော့ ကျွန်တော်သာ အရှုံးပေးရသည်။

ခိုင် ဦးဆောင်ရာနောက်သို့ ကျွန်တော် လိုက်ခဲ့ရသည်။

တော်ပါသေး၏။ ခိုင်သည် မြရာတောဖုံးသော တောင်ကုန်းများကို မရွေး၊ ခြံရှေ့မှထွက်ကာ သန်လျင် ကျောက်တန်း မော်တော်ကားလမ်းဆီသာ ရှေ့ရှုခဲ့သည်။

မိုးငွေ့ပါသော ညနေချမ်း၏ လေသည် မပြင်းမညင် တိုက်ခတ်လာနေ၏။ ငယ်စဉ်ကတည်းမှ ရင်းနှီး ခဲ့သော သန်လျင်၏ တောနံ့၊ တောင်နံ့၊ သစ်စိမ်းနံ့တို့သည် လေဝယ် မွှေးပျံ့ပါလာနေသည်။

ကျွန်တော်သည် ဘေးတွင်ယှဉ်လျက် လျှောက်ပါလာသော ဝါဝင်းသည့် အသား၊ ကြော့ရှင်းသည့် ကိုယ်နေ၊ စိုပြေသန့်စင်သော မျက်လုံးလေးနှင့် ခိုင့်ကို တစ်ချက်ကြည့်မိရင်း စိတ်တွင်း၌ မသိမသာ ကြည်နူး ပျော်ရွှင်လာ၏။

ဂါတ်တဲရှေ့အရောက်တွင် သဘော်ာဆိပ်မှ ပြေးတက်လာသော ကျောက်တန်းသွား ကားတစ်စီးက မီလာ၏။

ကျွန်တော်က တစ်စုံတစ်ရာကို ရုတ်ချည်းသတိရ၏။ သို့ရာတွင် နောက်ကျသွားလေပြီ။

ခိုင်သည် ကားကို ဆီးတားသည်။ ကျွန်တော့်ကိုလည်း သရော်တော်တော် ပြုံးပြသည်။ လစ်သဖြင့် ခံလိုက်ရသော ကျွန်တော် ပြုံး၍သာ ခေါင်းညိတ်ပြပြီး ခိုင်နှင့်အတူ ကားပေါ် တက်လိုက်ခဲ့သည်။

ဦးထွန်းမောင်ကြီး၏ ခြံရှေ့တွင် ကျွန်တော်တို့ ဆင်းကြသည်။

www.burmeseclassic.com



ခြံတွင်းမှ ခွေးဟောင်သံ အလျင်ကြားရပြီး မရှေးမနှောင်းပင် ရှည်လျားမြင့်မားသော ဦးထွန်းမောင်ကြီး ပေါ်လာ၏။

" ကြည့်စမ်း ... မောင်ပါလား။ သူက ဘယ်သူလဲ ... ကြိုင် ...၊ ဟယ် မဟုတ်ပါဘူး ... ဟဲ့ ... ခိုင် ... ဟုတ်လား "

ခိုင်က အသာအယာပြုံးရင်း ဖြေသည်။

" ဦးလေးဦးထွန်းမောင်ကြီးကလည်း ခိုင့်ကို မမှတ်မိဘူးလား "

" ဟ ... မျက်လုံးကလည်း မွဲတယ်။ ပြီးတော့ နင်တို့ညီအစ်မတွေက ခွဲလို့မှ မလွယ်ဘဲ။ လာ ... လာ ... အိမ်ကို လိုက်ခဲ့။ ဒါထက် မောင် ဘီလပ်ကို သွားတော့မယ်ဆို "

" ဟုတ်တယ် ... ဦးလေးဦးထွန်းမောင်ကြီး၊ အဲဒါ မောင် လာနှုတ်ဆက်တာ။ ပြီးတော့ အိမ်ကို လာမယ်။ မောင်တို့ ခြံထဲ လျှောက်ကြည့်လိုက်ဦးမယ် ..."

" အေး ... အေး ... သွားကြ ... သွားကြ။ ဒါပေမယ့် ကန်ထဲမှာ မဆော့နဲ့။ ရေနစ်ဦးမယ်နော် ဟား ... ဟား ... ဟား ..."

ကျွန်တော်နှင့် ခိုင်သည် ရေကန်သို့ပင် လျှောက်လာခဲ့ကြသည်။

ကန်လေးသည် အစစ မပြောင်းလဲဟန်ရှိသည်။ ဖောင်လေးမှာလည်း အဆင်သင့်။ ထိုးဝါးလေးမှာလည်း အဆင်သင့်။

ခိုင်နှင့် ကျွန်တော်သည် တစ်ဦးမျက်နှာ တစ်ဦးကြည့်ပြီး ပြိုင်တူ ပြုံးမိကြ၏။

" ခိုင် ဘာပြုံးတာလဲ "

" မောင်ကော ဘာပြုံးတာလဲ "

" ဩော် ... မောင်က ငြိမ်းမောင် ရေနစ်တာကို သွားသတိရလို့ပါ ..."

" ငြိမ်းမောင်တစ်ယောက်တည်း မဟုတ်ပါဘူး။ ခိုင်ရော မောင်ရော နစ်ကြတာပါ "

ကျွန်တော်က သက်ပြင်း မသိမသာ ချမိသည်။

" ဟုတ်တော့ ဟုတ်တယ်လေ ...။ ဒါပေမယ့် ငြိမ်းမောင်ကတော့ သေလုမျောပါး ခံခဲ့ရတယ် မဟုတ်လား ..."

ခိုင်က ဘာမျှပြန်မပြောဘဲ ငြိမ်နေ၏။

" ပြန်စဉ်းစားကြည့်ရင် ငြိမ်းမောင်ဟာ သိပ်သနားစရာကောင်းတာပဲ။ ခိုင်က သူ့အပေါ် ဆိုးတယ်။ မောင်က သူ့အပေါ် အနိုင်ယူတယ်။ အရှုံးပေး အနစ်နာခံစရာရှိရင် ငြိမ်းမောင်ချည်းပဲ။ ငြိမ်းမောင်ဟာ ခိုင်နဲ့ မောင်ရဲ့ ရှားပါးလှတဲ့ သူငယ်ချင်းစစ်တစ်ယောက်ပဲ ခိုင် ..."

ခိုင်သည် ဘာမျှ ပြန်မပြော။

" ဘဝဆိုတာကလည်း ငြိမ်းမောင်ကိုသာ ဖိထောင်းချင်တယ် ထင်တယ်။ ဒါပေမယ့် စိတ်ကောင်းရှိသူကို နတ်ကောင်း မ,တတ်တာပဲ။ အခုဆိုရင် ငြိမ်းမောင်ဘဝဟာ တောင့်တအပ်တဲ့ ဆုနဲ့ ပြည့်ပြီး ဝမ်းသာစရာကြီးပဲ။ ဒီအတွက် မောင်လည်း သိပ်ပျော်မိတယ် ခိုင် "

ဤတစ်ကြိမ်တွင် ခိုင်သည် သိသိသာသာ လှုပ်ရှားသွားသည်။ ကျွန်တော့်ကို တစ်စုံတစ်ခု ပြန်ပြောတော့မည့်ဟန် နှုတ်ခမ်းလေးများက တဆတ်ဆတ် လှုပ်လာ၏။ ကျွန်တော်ကလည်း စကား ရပ်သွားသည်။

ခိုင်သည် ပြန်လည်တည်ငြိမ်သွားပြီး နူးညံ့စွာ မေးသည်။

" မောင် ... ငြိမ်းမောင်ကို သိပ်ချစ်တာပဲလား ..."

" ဘယ့်နှယ်မေးလဲ ခိုင်။ ချစ်ပါပြီကော ... သိပ်ချစ်တာပေါ့။ ငြိမ်းမောင်တွင် မကဘူး၊ ခိုင့်ကိုလည်း သိပ်ချစ်တယ်။ ငြိမ်းမောင်နဲ့ ခိုင်ဟာ ဒီလောကမှာ မောင့်အချစ်ဆုံးလူတွေထဲမှာ ထိပ်ဆုံးက ပါတယ် "

www.burmeseclassic.com



ခိုင်က ပြုံးသည်။ ပြုံးရာမှ ချာကနဲ လှည့်ကြည့်၍ ကျွန်တော် မမျှော်လင့်သော စကားကို ဆိုသည်။

“ ဟုတ်တယ် ... ခိုင်ကလည်း ချစ်ပါတယ်။ မောင်ပြောသလိုပဲ၊ ခိုင့်အတွက်လည်း မောင်နဲ့ ငြိမ်းမောင်ဟာ ဒီလောကမှာ ခိုင့်အချစ်ဆုံးလူတွေထဲမှာ ထိပ်ဆုံးက ပါပါတယ်။ ဒါပေမယ့် ...”

ခိုင်က စကားကို ရပ်၍ရယ်သည်။ မိခိုင် ရယ်ပုံမှာ ရယ်သည်ထက် ငိုသည်နှင့် ပိုတူနေ၏။

ခိုင်သည် မျက်နှာကို တည်လိုက်ပြီး ရေပြင်ကို စိုက်ကြည့်လျက် တစ်လုံးချင်းဆိုသည်။

“ ဒါပေမယ့် ... ခိုင် သူ့ကိုချစ်တာဟာ အခု သူမျှော်လင့်နေတဲ့ အချစ်မျိုးနဲ့တော့ မဟုတ်ဘူး။ အဲဒါကို မောင် သိစေချင်တယ် ”

ခိုင့်စကားကြောင့် ကျွန်တော် ထိတ်လန့်သွားသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းလည်း မသိ။ အတန်ကြာမှ “ ဘာပြောတယ် ခိုင် ...”ဟု မေးမိသည်။

“ ခိုင်ပြောတာ ရှင်းပါတယ်။ ငြိမ်းမောင်ကို ခိုင် ချစ်တယ်။ ဒါပေမယ့် ခိုင် သူ့ကို ချစ်တာဟာ အခု ခိုင့်ဆီက သူမျှော်လင့်နေတဲ့ အချစ်မျိုးနဲ့တော့ မဟုတ်သေးဘူး ... သိရဲ့လား ... မောင်။ အို ဒီမှာ မောင် ... မောင် ဘာလို့ မသိချင်ယောင် ဟန်ဆောင်နေရတာလဲ ...”

ခိုင်က ဆတ်ဆတ်ကလေး ပြောသဖြင့် ကျွန်တော်ကလည်း အလန့်တကြား ပြန်မေးမိသည်။

“ ဗျာ ... ဘုရားရေ ... မောင်က ဟန်ဆောင်နေတယ်။ မောင် ဘာဟန်ဆောင်နေလို့လဲ ...”

ခိုင်က ရယ်ပြန်ပါသည်။ မိခိုင်သည် ဘာကြောင့် အမျိုးမျိုးအဖုံဖုံ ရယ်နိုင်ပါသနည်း။ ကျွန်တော် ငိုင်နေခိုက် ခိုင်က ကြောက်မက်ဖွယ် စွပ်စွဲလေပြီ။

“ ဟဲ ... ဟဲ ... မောင်က သိပ်သတ္တိကောင်းတယ်။ ပြီးတော့ သိပ်ပြီးလည်း ဟန်ဆောင်နိုင်တယ်။ ဒီနှစ်ခု ပေါင်းလိုက်တော့ မောင်ဟာ သိပ်ကြောက်စရာ ကောင်းတဲ့လူတစ်ယောက် ဖြစ်လာတယ် သိလား ”

ခိုင့်စကားက ပြင်းထန်လွန်းသောကြောင့် ပြန်ချေပရန်စကား ကျွန်တော် ရှာမတွေ့။

ခိုင်က ဆက်ပြောသည်။

“ ဆက်ဟန်ဆောင်မနေပါနဲ့တော့ မောင်။ ဒီကိစ္စတွေအားလုံးကို မောင် သိပြီးသားပါ။ အို ... အို ... ခိုင် စကားဆုံးအောင် ပြောပါရစေဦး။ မောင် မညာချင်ပါနဲ့။ မောင်ဟာ ညာတတ်တဲ့လူ မဟုတ်ဘူး။ မောင့်နှုတ်က ညာပေမယ့် မျက်လုံးတွေနဲ့ မျက်နှာက ခိုင့်ကို ကွယ်လို့မရဘူး ...။ ဒီမှာ ... ညာတတ်မှ ညာပါ ဆရာကြီးရယ် ”

ခိုင်က ကျွန်တော့်ကို စူးစိုက်ကြည့်သည်။ ဤမျက်လုံးများကို ရင်မဆိုင်ရဲသော ကျွန်တော်က မျက်နှာလွှဲလိုက်ရပါသည်။ မိခိုင်ကို အရှုံးပေးလိုက်ရမှန်း ကိုယ့်ကိုယ်ကိုလည်း သိလိုက်မိပါသည်။

သက်ပြင်းကိုသာ အားယူရှိုက်ပြီးမှ ဝန်ခံရသည်။

“ ကောင်းပါပြီ ... ခိုင့်ကို မောင် မညာတော့ပါဘူး။ ဟုတ်တယ် အားလုံးကို မောင် သိပြီးပြီ၊ ကျေနပ်လား။ ဒါပေမယ့် မောင် မေးမယ် ...။ ခိုင်ဟာ ဒီစကားတွေကို ဘာလို့ အခုမှ မောင့်ကို ပြောရသလဲ။ ပြောနေဖို့ လိုသေးသလား။ ငြိမ်းမောင်အချစ်ကို ခိုင် လက်ခံပြီးပြီ မဟုတ်လား ”

ရုတ်တရက် ခိုင် အော်ရယ်သည်။ လှောင်ပြောင်ခြင်းနှင့် နာကြည်းမှုရောသော ရယ်သံဖြစ်ပါ၏။ တစ်ခဏတွင်မူ ဒေါသဖြင့် တုန်ယင်၍ စကားပြန်သည်။

“ ဟုတ်တယ်လေ၊ ငြိမ်းမောင်အချစ်ကို ခိုင် လက်ခံတယ်။ **အချစ်ကို လက်ခံတယ်**။ ဒါ ... ခိုင် အတိအကျ ဖြေလိုက်တဲ့ စကားပဲ ...။ ဒီစကားကို မောင်တို့က ဘယ်လိုနားလည်ထားလို့လဲ ”

“ ဒီစကားကို ဘယ်လိုနားလည်ရမလဲ ...။ ဒီစကားအတိုင်းပဲ နားလည်ရတာပေါ့။ မောင်တို့ မှားသလား ...”

ခိုင်သည် မျက်နှာလေးမဲ့၍ ရန်တွေ့သည်။

www.burmeseclassic.com



" မောင်တို့ မှားသလား ... ဟုတ်လား။ မောင်တို့ မမှားပါဘူး။ သမိုင်းစ,ကတည်းက မောင်တို့ ယောကျ်ားတွေ မမှားပါဘူး။ ခိုင်တို့သာ မှားခဲ့ကြတယ်။ မိန်းမတွေသာ မှားခဲ့ကြတယ် ...။ ကျေနပ်ပါပြီလား ... မောင်ကြီးရှင့် ..."

ကျွန်တော့်ရင်မှာ ဆို့သွားသည်။ ဒေါသလည်း မသိမသာ ထွက်လာ၏။

" မောင့်ကို ဘာလို့ ရန်တွေ့တာလဲ ခိုင် ...။ အို ... ခိုင် မောင့်ကို ဒီလိုမကြည့်ပါနဲ့။ ခိုင် ဘာပြောချင်သလဲ ပြောပါ ...။ မောင့်ကိုတော့ ရန်မတွေ့ပါနဲ့ ခိုင်ရယ် "

ခိုင်သည် ငိုင်ကျသွား၏။ မျက်နှာကို တစ်ဖက်သို့ လွှဲပစ်လိုက်သည်။ အတန်ကြာ၍ ပြန်လှည့်လာသောအခါ ခိုင့်မျက်တောင်ကော့များ၌ မျက်ရည်ဥတို့ ခိုတွဲနေသည်။ ပြောသောစကားသံမှာလည်း မမာတော့ပါလေ။

" မောင့်ကို ရန်တွေ့သလိုဖြစ်နေရင် ခိုင့်ကို ခွင့်လွှတ်ပါ။ ဒါပေမယ့် ခိုင် ဆက်ပြောရဦးမယ်။ အချစ်နဲ့ပတ်သက်လာရင် ... မောင်တို့ယောကျ်ားတွေဟာ တစ်ကိုယ်ကောင်းဆန်တတ်တယ်။ တစ်ကိုယ်ကောင်းဆန်တတ်တယ် ဆိုတဲ့စကားကို မကြိုက်ရင် ကိုယ်တွေးချင်သလို တွေးတတ်တာလို့ ခိုင် ပြောပါမယ်။ ခွင့်လွှတ်နိုင်ပါတယ် .... နော် မောင် "

ကျွန်တော့်၌ ဖြေစရာ မရှိ။

" ခိုင်တို့ဘက်ကလည်း တစ်ခါတလေ လှည့်စဉ်းစားပေးပါဦး မောင်။ ချစ်တယ် ဆိုတာဟာ ဘာလဲ။ ခိုင်တို့ မိန်းမသားတွေအနေနဲ့ကတော့ ဘဝကို ပုံအပ်လိုက်ရတာပါပဲ။ ဘဝကို ပုံအပ်ရတာမို့လည်း သိပ်ချင့်ချိန်ရပါတယ် မောင်ရယ် ..."

ခိုင့်စကားက ကြောင်းကျိုးဆက်သွယ် ဆီလျော်လာသည်။ ထို့ကြောင့် ဖြတ်မပြောဘဲ ငြိမ်နားထောင်မိပါသည်။

" ကဗျာဆရာမို့ စိတ်ကူးယဉ်တယ်လို့ မဆိုချင်ပါနဲ့ မောင်။ ခိုင့်အတွက်တော့ ချစ်ရေးချစ်ရာမှာ အဆင့်နှစ်ဆင့် ရှိတယ်။ **အချစ်ကို လက်ခံခြင်း**က တစ်ဆင့်၊ **အချစ်ကို တုံ့ပြန်ပေးခြင်း**က တစ်ဆင့်။ ဒီနှစ်ဆင့်ဟာ မတူပါဘူး မောင်။ ဒီလိုပဲ ... **ချစ်နိုင်သူ**ဆိုတာက သဘောတစ်ခု၊ **ချစ်သူ**ဆိုတာကလည်း သဘောတစ်ခု၊ ချစ်နိုင်သူဆီက အချစ်ကို လက်ခံခြင်းဟာ သူ့ကို အချစ်တုံ့ပြန်ပြီး ချစ်သူရယ်လို့ သတ်မှတ်လိုက်တာ မဟုတ်သေးဘူး ...။ ရှင်းပါသလား မောင် "

ရှင်းပါသည်။ အလွန်ရှင်းပါသည်။ ကျွန်တော့်အတွက် အလွန်ရှင်းလွန်း၍ ခက်နေပါသည်။

ခိုင့်ထံမှ သဲ့သဲ့ရယ်သံ ကြားရပါသည်။ ရယ်သံနောက် ကပ်၍ ဆွေးမြေ့သောစကားသည်လည်း ပါလာသည်။

" မိခိုင်ကို အပြစ်မတင်ပါနဲ့ မောင် ...။ ဘယ်သူတွေ ဘယ်လို အပြစ်တင်တင်၊ ခိုင့်ကို မောင်တစ်ယောက်တော့ အပြစ်မတင်ပါနဲ့။ မောင့်ကိုလည်း ခိုင် မညာပါဘူး။ ငြိမ်းမောင်ဟာ ခိုင့်ချစ်သူ မဟုတ်သေးပါဘူး။ ဒါပေမယ့် ခိုင် ချစ်နိုင်သူ တစ်ယောက်ပါ။ မောင်ညွှန့်ခများဟာလည်း ခိုင် ချစ်နိုင်သူပါ ...။ ပြီးတော့ ... ပြီးတော့ ..."

ခိုင့်ထံမှ စကားဆက်မလာပါ။

မျက်ရည်ဥ ခိုတွဲလျက်ရှိသော ခိုင့်မျက်လုံးပြာပြာများသည် ကျွန်တော် ယခင်က တစ်ခါကမျှ မမြင်ဖူးသေးသော မျက်လုံးများ ဖြစ်ပါ၏။ အို ... မြရည်ကြောစိမ်း၊ လဲ့လဲ့ရှိမ်း၍၊ ခပ်သိမ်းကလျာ၊ ရှုဘွယ်သာသော ... ကျွန်တော့်ရှေ့မှ ခိုင်သည်လည်း ကျွန်တော် တစ်ခါမျှ မသိခဲ့ဖူးသော ခိုင် ဖြစ်နေပါ၏ ...။ ဖြစ်နေပါ၏။

ကျွန်တော်ကိုယ်တိုင်သည်လည်း ယခင်က ကျွန်တော် သိခဲ့သည့် ကျွန်တော်တော့ မဟုတ်ပါ ... မဟုတ်လေပါ။

www.burmeseclassic.com



လောကဆိုသည်ကို သတိမပြုမိပါ …။ ပတ်ဝန်းကျင်ကို့လည်း မေ့မိပါသည်။ ဘာကိုမှ မသိ၊ ဘာကိုမှ မမြင်၊ ဘဝအသိဟူ၍ ရင်နှလုံးသား လှုပ်ရှားမှုကိုသာ စိတ်မှတ်မဲ့ ခံစားမိခြင်းသာ ရှိပါလေ၏ …။ ရှိပါလေ၏။

သို့ရာတွင် … ထိုအခိုက် ထိုခဏတွင်ပင် ဦးထွန်းမောင်ကြီး၏ အိမ်ဆီမှ ခွေးဟောင်သံ ကြားရသည်။

ခြံဝဆီ လှည့်ကြည့်သောအခါ … ရွှင်မြူးခုန်ပေါက် ပြေးဝင်လာသော ငြိမ်းမောင်ကို တွေ့ရသည်။

“ အဲ … ငါ ထင်သားပဲ။ မင်းတို့ ကျောက်တန်းတော့ သွားတာ မဟုတ်ဘူး … ဦးလေး ဦးထွန်းမောင်ကြီးကို လာနှုတ်ဆက်တာ ဖြစ်ရမယ်လို့ …”

ငြိမ်းမောင်သည် အော်ပြောရင်း ကျွန်တော်တို့ဆီ လျှောက်လာသည်။ လျှောက်လာရင်း သစ်ပင်ကြီးတစ်ပင်မှ ကျဆင်းလျက်ရှိသော ဂုံညင်းနွယ်ကြီးတစ်နွယ်ကို ဆွဲယူကာ လွဲရမ်းစီးခိုသည်။ ဂုံညင်းနွယ်ကြီးသည် ရှည်ရကား … ငြိမ်းမောင်သည် ပေါ့ပါးစွာနှင့် ကျွန်တော်တို့အနီး၌ ကျလာ၏။

ငြိမ်းမောင် ပြုမူပုံကို သဘောကျသဖြင့် ရယ်၍မေးသည်။

“ ဒါထက် တာဇံကြီး … ငါတို့ ဒီဘက်ထွက်လာတာ ဘယ်လိုလုပ်သိလဲ ”

“ လှမ်းမြင်လို့ပေါ့ … ငါက စောစောထွက်လာတာပဲ၊ ဒေါ်ဒေါ်တို့ ဈေးဝယ်လာတာနဲ့ တိုးနေလို့ သူတို့နဲ့မှ အတူတူ ပြန်လာတာ …။ အိမ်နားကျတော့ ကားပေါ် မင်းတို့ တက်နေတာ လှမ်းမြင်ရတယ်။ ဝေးနေတော့ ခေါ်ရင်ကြားမှာ မဟုတ်တော့ နောက်ကား စောင့်စီးပြီး လိုက်လာတာ ”

ရှင်းပြနေရာမှ ငြိမ်းမောင်မျက်လုံးများသည် ဖောင်လေးဆီ ရောက်သွား၏။

“ ဟာ … အတော်ပဲ … ဖောင်စီးကြရအောင် … လာ … လာ … ခိုင်။ မျှော့တွယ်ရင်လည်း ခွာပေးပါ့မယ် ”

ငြိမ်းမောင်က ခိုင့်လက်ကို ဆွဲခေါ်သည်။ ခိုင်က ကျွန်တော့်ကို တစ်ချက်ကြည့်လိုက်ပြီး ငြိမ်းမောင် ခေါ်ရာ ပါသွားသည်။

ငြိမ်းမောင်က ထိုးဝါးနှင့် ထောက်ကာ ဖောင်ကို ရေလယ်သို့ ရွှေ့စေသည်။ ရေလယ်မှနေ၍ ကျွန်တော့်ကို လှမ်းနောက်သည်။

“ မောင်ရေ … ဒိုင်ဗင်ထိုးချလိုက်ပါဦးကွာ။ ငါက ခုန်ဆင်းဆယ်ပါ့မယ်။ အဟုတ်ပြောတာ …။ တောက်တဲ့လက်မည်း … ရေထဲဆွဲချ၊ ငါ မသေဘူး ရေကူးတတ်တယ်။ ဟား … ဟား … ဟား … ဟား ”

ပျော်နေသော ငြိမ်းမောင် …၊ ရွှင်နေသော ငြိမ်းမောင်၊ ဘဝ မျှော်လင့်ချက်တို့ဖြင့် ဝေနေသော ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင်။

သူ ပျော်နေသဖြင့် ကျွန်တော်က ရယ်နေသည်။ စိတ်တွင်း၌မူ ဝမ်းနည်းနေမိသည်။

သူ့အတွက်လည်းကောင်း၊ ခိုင့်အတွက်လည်းကောင်း။ ထို့နောက် …။

အားလုံးအတွက် ထူးဆန်းဖွယ်ရာ ကျွန်တော့်စိတ်တွင်းဝယ် ဝမ်းနည်းနေမိပါ၏။

❑

ထိုညက ကျွန်တော် အိပ်မပျော် …။

အိပ်မပျော်၍ ဖွတ်မိုတ်ကာမှ … မျက်လုံးက ပိုကြောင်လာသည်။

ကျွန်တော်သည် အိပ်ယာထက်မှ ထပြီး ပြတင်းဝမှ ခြံတွင်းသို့ ငေးကြည့်နေမိသည်။

လရောင်မှိန်မှိန်ဝယ် မိုးတိမ်ချိတက်၍ လေသက်ကျကာ ကောင်းကင်ထက်တွင် လျှပ်စီးတို့ တဝင်းဝင်း လက်နေသော ညတစ်ည ဖြစ်ပါ၏။

ကျွန်တော်သည် လရောင်တွင် ပြိုးပြိုးပြက်ပြက်နှင့် ဖြိုးဖြိုးဖြောက်ဖြောက် ကျဆင်းစပြုနေသော ရေ့မှ မြင်ကွင်းကို ငေးရင်း ငိုင်နေမိသည်။

www.burmeseclassic.com



ဤရှုမြင်ကွင်းကို ငယ်ငယ်မှစ၍ ရင်းနှီးတွယ်တာခဲ့ရသည်။ ယခုမှ ဤညလွန်မြောက် တစ်နေ့ရောက်၍ နောက်တစ်ချီ တစ်မိုးသောက်ပြီးလျှင် ရင်းနှီးတွယ်တာမိသော ဤမြေ၊ ဤဒေသ၊ ဤပတ်ဝန်းကျင်မှ ခွဲခွာသွားရလေတော့မည်။

ဤမြေ၊ ဤဒေသ၊ ဤပတ်ဝန်းကျင်မှ တစ်ချိန်ကလည်း ခွဲခွာခဲ့ရဖူးပါသည်။ သို့ရာတွင် ထိုစဉ်ကမူ ကိုယ့်ပြည်၊ ကိုယ့်မြေ … ကိုယ့်ဌာနေ တိုင်းအတွင်းပင်ဖြစ်၍ ရင်၌ လှိုင်းဖုံဖုံ ဝိုင်းအုံမကြွဖူး။

ယခုမူ ရင်၌ လှိုင်းဖုံဖုံ ဝိုင်းအုံကြွနေပါ၏။ ဤတစ်ချီ သွားလေရမည်မှာ ရေပင်လယ် ဖီလာခြားသော တစ်ပါးနိုင်ငံ တစ်ကျွန်းတစ်နယ်ထံသို့တည်း။

ဤခံစားမှုဖြင့် ကျွန်တော်သည် ခြံအနောက်စွန်းတွင် လှမ်းမြင်နေရသော မြရာပင်ကြီးကို စိုက်ကြည့်နေမိ၏။ စိုက်ကြည့်နေမိစဉ် တစ်ချိန် ကလေးဘဝက ရှမ်းတောင်မင်းကို မနာလို ဖြစ်မိသကဲ့သို့ မြရာပင်ကြီးကိုလည်း ယခု မနာလိုဖြစ်မိသည်။

ဤမြရာပင်ကြီးအောင်တွင် ခိုင်နှင့် ကျွန်တော် စတွေ့ခဲ့ရသည်။ ဤမြရာပင်ကြီးကို လှမ်းမြင်တွေ့နိုင်သော တောင်ကုန်း၊ ချုံငယ်တို့တစ်ခွင်၌ ကျွန်တော်တို့ ကျင်လည်ပျော်ပါး ကစားခဲ့ကြသည်။ မြရာပင်ကြီးသည် ကိုကိုနှင့် မြိုင်ကိုလည်း သိသည်။ ကျွန်တော်နှင့် ခိုင်ကိုလည်း သိသည်။ သူသိသည်ကို သူမြဲ၍ သူ မတုန်မလှုပ် ရပ်နေနိုင်ဘိသည်။ ထို့ကြောင့် သူ့ကို ကျွန်တော် မနာလိုဖြစ်မိသည်။

ဤသို့ ကျွန်တော် တွေးနေခိုက် မိုးသက်လေက ဆင်လာခဲ့သည်။ ကောင်းကင်ဝယ် တိမ်ညိုမည်းအုပ်၍ ငွေလရောင်လည်း မြုပ်ကွယ်ခဲ့သည်။ ရန်စွယ်တကြီးနှင့် မိုးသီးမိုးပေါက်တို့ သည်းသည်းဖောက်ဖောက် ကျရောက်လာစဉ် လျှပ်နွယ်၊ လျှပ်ပန်းတို့သည် တောက်လောင်ထိန်ညီးလာသည်။

ကျွန်တော် မကျေနပ်သည်ကို နားလည်၍လော မသိ၊ မြရာပင်ကြီးသည်လည်း တဟီးဟီး တဟဲဟဲနှင့် ကျွန်တော့်ကို နှုတ်ဆက်သည့်အလား သဲသဲရုတ်ရုတ် လှုပ်ရှားယိမ်းယိုင်လာသည်။

ထိုခဏ၌ပင် မြရာပင်ကြီးအောက်၌ မည်းမည်းသဏ္ဍာန်တစ်ခုကို ကျွန်တော် မြင်လိုက်ရသည်။ ရုတ်တရက် ဖြစ်သဖြင့် ကျွန်တော့်မျက်လုံးများကို ကျွန်တော် မယုံမိ။ အရိပ်ပေလော၊ အရောင်လော။

ကျွန်တော် မယုံသင်္ကာ ဖြစ်နေဆဲဝယ် လျှပ်စီးတစ်ချက်သည် အတန်ရှည်စွာ လက်သည်။

လျှပ်စီးရောင်၌ သူ့ကို အသွင်ထင်ရှားစွာ ကျွန်တော် မြင်လိုက်ရသည်။

သူ့လက်နှစ်ဖက်သည် အိပ်မက်တွင် လမ်းလျှောက်နေသူကဲ့သို့ ရှေ့သို့ဆန့်ထွက်လျက် ရှိနေ၏။ သူ့ဆံပင်များက ဖားဖားဝေဝေ လေတွင် လွင့်နေ၏။

စက္ကန့်အတွင်းတွင်ပင် မြေကို တုန်ဟီးစေလျက် မိုးခြိမ်းသံကြီးတစ်ခုက ကြောက်မက်ဖွယ် ပေါ်လာ၏။ တစ်လောကလုံးလည်း မှောင်သွားသည်။

ရုတ်တရက် ဝင်လာသော ဗီဇ၏ လျှင်မြန်ခြင်းဖြင့် ကျွန်တော်သည် အခန်းအပြင်ဘက်သို့ ထွက်ပြေးလာခဲ့သည်။

ကြိုင်နှင့် ခိုင်တို့ အိပ်သော အခန်းရှေ့သို့ ရောက်သောအခါ ကျွန်တော့်ရင်မှ နှလုံးသည် အခုန်ရပ်သွား၏။

အခန်းတံခါးက ပွင့်နေပါ၏။

အခန်းအတွင်းသို့ ကျွန်တော် ပြေးဝင်ရောက်သွားချိန်၌ တစ်စုံတစ်ယောက်၏ ထိတ်လန့်တကြား လူးလဲထ,သံကို ကြားရ၏။

ကျွန်တော်သည် မီးခလုတ်ကို စမ်းဖွင့်သည်။ မီးကြိုးတို့ ပြတ်နေသည်လော မသိ။ မီးက ပွင့်မလာ။

ကြိုင်၏ ထိတ်လန့်စွာ မေးသံထွက်လာ၏။

" ဘယ်သူလဲ၊ ဘယ်သူလဲ "

www.burmeseclassic.com



" ကျွန်တော်ပါ မမကြိုင်၊ ခိုင် ရှိရဲ့လား။ ဟင် ... အို ... မမကြိုင် ... ခိုင် မရှိတော့ဘူး၊ ခိုင် မရှိတော့ဘူး "

စိုးရိမ်စိတ်မွန်၍ ကျွန်တော်သည် အရှူးပမာ အိမ်အောက်ထပ်သို့ တဒိုင်းဒိုင်း ပြေးဆင်းခဲ့သည်။

ပွင့်နေသော အိမ်တံခါးမကြီးမှ ထွက်၍ မိုးထဲလေထဲဖြတ်ပြီး ကျွန်တော်သည် မြရာပင်ကြီးဆီ တစ်ဟုန်ထိုး ပြေးခဲ့သည်။ ပြေးရင်းလည်း နှုတ်မှ တကြော်ကြော် အော်ခေါ်မိသည်။

" ခိုင်ရေ ... ခိုင်ရေ ..."

မိုးသံ၊ လေသံ၊ မိုးခြိမ်းသံတို့က ဆူညံနေ၏။ အပြင်းပြေးလျက်ရှိသော ကျွန်တော့်မျက်နှာဆီသို့ မိုးပေါက်တို့သည် ကျောက်ခဲ့နှင့် ပစ်ပေါက်သကဲ့သို့ စင်ပက် ဝင်မှန်နေ၏။

မြရာပင်ကြီး၏ ပင်ခြေ၌ ကျွန်တော်က ခိုင့်ကို ရှာသည်။ ခိုင့်ကိုမူ မတွေ့။ ငယ်စဉ်ကအဖြစ်ကို အမှတ်ရသောကြောင့် ကျွန်တော်သည် သဲချောင်းကလေးအတိုင်း မှိုင်းညိုသော ကျိုက်ဖောမိစေတီတော်ကြီးဆီ ဦးတည်၍ ပြေးတက်သွားမိသည်။

" ခိုင်ရေ ... ခိုင်ရေ ... မောင် လာပြီ "

တကြော်ကြော်သာ အော်ရသည်။ ဤမိုး၊ ဤလေတို့၏ ဆူညံခြင်းကို ကျွန်တော့်အသံက မခွင်းနိုင်။

နောက်တစ်ကြိမ် လျှပ်စီးရည်စွာ လက်ပြန်သည်။ ထိုအခိုက်တွင်ပင် သဲချောင်းလေးအစပ်၌ လဲလျောင်းကျနေသော သဏ္ဌာန်တစ်ခုကို တွေ့လိုက်မိပါသည်။

ကျွန်တော်က ထိုသဏ္ဌာန်ဆီသို့ ပြေးသွားခိုက် ပြင်းထန်သော မိုးကြိုးပစ်သံကို ကြားရသည်။

ကျွန်တော်တို့နှင့် ကိုက်တစ်ရာခန့်ဝေးသော တောင်ကုန်းတစ်ခုထက်ရှိ သစ်ပင်ကြီးတစ်ပင်ကို မိုးကြိုး ဝင်မှန်သောကြောင့် မီးဟုန်းဟုန်း ထထောက်သည်ကို မြင်လိုက်ရ၏။

ဤသည်ကို ပမာမပြုဘဲ ကျွန်တော်သည် သဲချောင်းစပ်၌ လဲနေသော သဏ္ဌာန်ကို ဝင်ပွေ့သည်။

" ခိုင် ... ခိုင် ... အို ခိုင်ရယ် ..."

ခိုင်၌ သတိမရှိပြီ။ မိုးရေတို့ဖြင့် ရွှဲရွှဲစိုနေပြီဖြစ်သော ခိုင့်ကိုယ်လေးမှာ မလှုပ်။

" ခိုင် ... ခိုင် ... မောင် ခေါ်နေတယ် ခိုင် "

ခိုင်က မထူး။ မထူးသူကို ကျွန်တော်က တကြော်ကြော် ခေါ်နေမိသည်။

အိမ်ဘက်ဆီမှ ဆူဆူညံညံအသံများကို ကြားရ၏။ မကြာမီပင် လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းဖြင့် ဖေဖေ ခေါင်းဆောင်လျက် ကြိုင်အပါအဝင် အိမ်သားများ ရောက်လာကြသည်။

ကျွန်တော်သည် ခိုင့်ကိုယ်လေးကို ပွေ့ယူလျက် ရပ်ရင်း ဖေဖေ့ကို ကြည့်သည်။ မေမေ့ကိုလည်း ကြည့်သည်။ ကြိုင့်ကိုလည်း ကြည့်သည်။ သူတို့၏ မျက်လုံးသုံးစုံကလည်း ကျွန်တော့်ကို တစ်ညီ တစ်ညွတ်တည်း စိုက်ကြည့်နေကြ၏။

ရေတို့ဖြင့် ရွှဲရွှဲစိုနေသော်လည်း ပူနွေးလျက်ရှိသော ခိုင့်ကိုယ်လေးကို ရင်ခွင်တွင်အပ်ကာပွေ့လျက် ကျွန်တော်သည် ရှေ့ဆုံးမှ ထွက်လာခဲ့မိပါလေသတည်း။

www.burmeseclassic.com



## ( ၃၀ ) တစ်ပြည်စံဘဝ

ဤသို့လျှင် စိတ်အချမ်းသာဆုံး ဖြစ်ရမည့်အချိန်၌ စိုးရိမ်ဝမ်းနည်းစိတ်နှင့် ကျွန်တော်သည် မြန်မာပြည်မှ ထွက်ခွာသွားခဲ့ရသည်။

မင်္ဂလာဒုံလေဆိပ်သို့ လိုက်ပို့ကြသူများအနက် ကျွန်တော့်အချစ်ဆုံးလူသုံးဦး မပါပါ။ ဖေဖေ၊ နိုင်နှင့် ငြိမ်းမောင်တို့ ဖြစ်ကြပါ၏။

အအေးမိ၍ အပြင်းဖျားနေသော နိုင့်ကို ဖေဖေ့လက်တွင်း ကျွန်တော် အပ်ခဲ့သည်။

ငြိမ်းမောင်ခမျာလည်း နိုင့်အပါးမှ မခွာနိုင်ရှာ။ ဓမ္မတာသဘောဖြစ်သောကြောင့် ငြိမ်းမောင်ကို ကျွန်တော် အပြစ်မတင်နိုင်ပါ။

မိုးတို့ သည်းသည်းမည်းမည်း ရွာနေဆဲ ဘီအိုအေစီ လေယာဉ်ကြီးသည် ကျွန်တော်နှင့် ခရီးသည်တို့အား တင်ဆောင်၍ မင်္ဂလာဒုံလေယာဉ်ကွင်းမှ ထွက်ခွာလာခဲ့သည်။

ဤအလွမ်းဇာတ်ကို ဤမျှ စိတ်ရှည်စွာဖြင့် ဖတ်လာခဲ့ကြသော စာရှုသူအပေါင်းတို့အား ဆောင်းနွေမကွဲ၊ မိုးဖွဲ နှင်းမြူဆိုင်း၍ ထာဝစဉ်လို အုံ့မှိုင်းလေတတ်သော တိုင်းကြီး အင်္ဂလန်ကျွန်းစုထဲဝယ် ကြုံလေပြန်ရသော ကျွန်တော့်ဘဝ အထွေထွေကို စာတစ်ခွေ၊ ပေတစ်ဖွဲ့အဖြစ် ပုံကြီးချဲ့လျက် အထူးဆက်လက်မဖော်ပြလိုပါ။

ကျွန်တော် ရောက်စတွင် ဖေဖေ့ထံမှလည်းကောင်း၊ ငြိမ်းမောင်ထံမှလည်းကောင်း၊ နိုင့်ထံမှလည်းကောင်း စာများ ရသဖြင့် နိုင် ကျန်းမာလာခဲ့ကြောင်း သိရပါသည်။ နိုင်သည် မန္တလေးသို့ ပြန်၍ အမှုထမ်းနေပြီ ဆိုသည်။

ဤသည်ပင် ကောင်းပါ၏။ ဝဿန်တိုင်လျှင် ... မိုးကထန် လေကပြင်း၍ လျှပ်နွယ်တို့ ဝင်းလက်တတ်သည့် သန်လျင် အပါအဝင် မုတ်သုန်နယ်တွင်းနှင့် နိုင်သည် ကံချင်း စပ်ဟပ်တည့်ဟန်မတူ။

မိုးလည်းမကြမ်း၊ ဆောင်းလည်းဆန်း၍၊ နွေလွမ်းရာသီ၊ တိုင်ခဲ့ပြီက ... သီဂီရော်ရွက်၊ မြေမှာသက်သည့်၊ ကျေးငှက်ဥဩ၊ တွန်သံစောရာ၊ မြကြာရစ်ဆင့်၊ မန်းမြေမြင့်နှင့် နိုင်သည် သင့်တင့်လေဟန်ပေတကား ...။

လူမည်သည် အခက်လေသား။ နှလုံးသားက တစ်ခါတစ်ရံ ဖောက်ပြန်လွမ်းမိုး ကြီးစိုးလေသည် မှန်သော်လည်း ရုန်းကန်နေရသော ဘဝရက်များအတွင်းမှ ဦးနှောက်အားနှင့်သာ ရှင်သန်နေရလေသည်။

ဤသဘောနိယံ၊ လောကဓမ္မ၊ သဘာဝကို ကျွန်တော်ကလည်း မလွန်ဆန်သာ။

အစားမှာ ဆင်းရဲသည်။ အနေမှာ မွဲသည်။ ရာသီကလည်း ထာဝစဉ် ကျိန်ဆဲလေသည်လော မပြောတတ်။ ဤသဘောသာ ရှိအပ်သော ဘိလပ်ခေါ် အင်္ဂလန်ကျွန်း၌ နေခဲ့ရသော နှစ်များသည် ကျွန်တော့်အတွက် ပင်ပန်းပါ၏။

တော်ဝင်နန်းသုံး ခွဲစိတ်ကုသရေးဆရာဝန်ဂိုဏ်းဝင် ပညာရှင်ဖြစ်ဖို့ကလည်း မလွယ်။

စာတွေ့က ခက်သည်။ လက်တွေ့၌ ... အနားမနေရ။ အမှားတစ်ချက် အသက်ပင်မည်သော ပညာမျိုးမို့ ... ကြိုးကုတ်၍သာ သင်ယူရပါသည်။

ပညာအနေနှင့် ခွဲစိတ်ကုသခြင်းဟု ယေဘုယျ ခြုံခေါ်သော်လည်း အပိုင်းပိုင်း အဆင့်ဆင့်ရှိသည်။

ခေါင်းပိုင်း၊ ရင်ပိုင်း၊ ဝမ်းဗိုက်ပိုင်း စသည်ဖြင့် အပိုင်းကြီးများရှိသည်။ ဤအပိုင်းကြီးများကို ထပ်ဆင့်အနုစိတ်လျှင် ဦးနှောက်၊ မျက်လုံး၊ နှာခေါင်း၊ လည်ချောင်း၊ နှလုံး၊ အဆုတ်၊ အသည်း၊ အစာအိမ်၊ ကျောက်ကပ်၊ ဂိုနဒ်(စ်)ခေါ် လိင်အင်္ဂါ အကျိတ် ... စသည်ဖြင့် စိတ်ဖြာ၍ မဆုံးနိုင်အောင်ရှိသည်။

ဗီဇကကဲ့သို့ အစစ,ကုနိုင်၍ အဘက်ဘက်ပိုင်သော သမားဟူသည်မှာ စာ၌သာ တွေ့နိုင်ပါသည်။

www.burmeseclassic.com



သိပ္ပံဆိုင်ရာ ဆေးပညာနယ်ပယ်၌မူ စပယ်ရှယ်လစ်(စ်)(ထ်)ခေါ် ထူးချွန်တတ်ကျွမ်းသူတစ်ဦး ဖြစ်လာရေးအတွက် ခန္ဓာစု၏ အဓိကအင်္ဂါတစ်ခုခုကို အနုစိတ် ပိုင်နိုင်ရန် အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကြိုးစားရသည်။

ကျွန်တော်က ရင်ပိုင်းကို ရွေးသည်။ အသေးစိတ်အနေနှင့် အဆုတ်ကို ပိုင်နိုင်ရန် ကျင့်သည်။ ဆက်စပ်နေသဖြင့် နှလုံးပိုင်းဆိုင်ရာကိုလည်း လေ့လာရပါသေး၏။

တိုင်းပြည်ရေး၊ ဝမ်းရေးတို့နှင့် ဆက်စပ်နေသော လူမှုရေးပညာကြောင့် လွမ်းရေးသည် ကျွန်တော့်အပေါ် အနိုင်မယူသာကြောင်း အစီရင်ခံလျှင် ပိုရန်ကောဟု အပြစ်တင် မစောစေလိုပါ။

ဖေဖေ၊ မေမေနှင့် ကိုကိုတို့ထံမှ စာမှန်မှန် ရပါသည်။ ကြိုင်၊ မြိုင်၊ လှိုင်နှင့် ခိုင်တို့ထံမှလည်း စာမှန်မှန် ရပါသည်။ ငြိမ်းမောင်ထံမှလည်း မှန်မှန်ပင် စာရသည်။ ဝမ်းနည်းဖွယ်ရာ သတင်းတစ်ရပ်ကား ခိုင်တို့ဖခင် ဦးမြဘူး ဆုံးသွားသည် ဆိုခြင်းပင် ဖြစ်၏။

ကိုကိုက တနင်္သာရီတိုင်းသို့ ပြောင်းခဲ့ရသည်။ လှိုင်သည် မန္တလေးဆေးသိပ္ပံမှ ဒုတိယနှစ်ကို အောင်ပြီးနောက် ရန်ကုန်ဆေးသိပ္ပံ၌ ဆက်တက်နေသည်။ ခိုင်က မန္တလေးတက္ကသိုလ်မှ ထွက်၍ ရန်ကုန်ပြန်ကာ ဘီအယ်(လ်) တက်နေသည် ဆို၏။ ဘီအယ်(လ်)တက်ရင်း စာပေအနုပညာနယ်သို့ ခြေစုံပစ်ဝင်ခဲ့ပြီဟုလည်း သိရသည်။

ငြိမ်းမောင်ထံမှ ပထမရသောစာများသည် ထုံးစံအတိုင်း ရွှန်းရွှန်းဝေ၍ ပျော်ရွှင်သံ ပြည့်နေသည်။ သို့ရာတွင် တစ်နှစ်ခန့်အကြာ၌မူ တစ်စတစ်စ လေသံပြောင်းလာသည်။

> **"ခိုင်ဟာ ဘာမှမပြောင်းလဲသေးဘူး မောင် ...။ မပြောင်းလဲသေးဘူး ဆိုသမှ အစစဘာမှ မပြောင်းလဲဘူး။ မပြောင်းလဲတာကို ငါရယ်ရမလား ... ငိုရမလား မသိဘူး ..."**

ဤစာနှင့် စသည် ...။ ထို့နောက် ...။

> **"ခိုင့်ကို ငါ နားမလည်ဘူး။ အေးလေ ... အစကတည်းက ခိုင့်ကို ငါ နားမလည်ခဲ့ပါဘူး။ ဘယ်မိန်းမကိုမှလည်း ... ငါ နားမလည်ခဲ့ပါဘူး။ မင်းကော နားလည်သလား။ ငါတော့ တစ်ခါတစ်ခါ ရူးချင်တယ်ကွာ ..."**

ကျွန်တော်က ခိုင့်ဆီကို စာလှမ်းရေးသည်။ တတ်နိုင်သမျှလည်း ဖျောင်းဖျ ပြောဆိုရေးသည်။ ခိုင်ချစ်သည်ဆိုသော မေပယ်(လ်)ရွက်ဝါများကိုလည်း ထည့်ပေးလိုက်သည်။

ခိုင့်ဆီမှ စာနှင့်အတူ စွယ်တော်ရွက်ကလေးများ ပြန်ရသည်။ ထုံးစံအတိုင်း တောတောင်ရေမြေတို့ကို ဖွဲ့၍ရေးသည်။ ကျွန်တော် သွယ်ဝိုက်ဖျောင်းဖျ၍ ဆုံးမစကား ရေးမိသည့်အတွက်မူ နာလိုခံခက်သောအဖြေကို ပေးသည်။

**"မောင့်စာတွေကို လောကသာရပျို့နဲ့အတူ သိမ်းထားပါတယ်"** ဟူသတည်း။

ငြိမ်းမောင်၏ စာတစ်စောင်တွင်မူ ကျွန်တော်သိပြီးသော အကြောင်းများ ပါလာသည်။

> **"တစ်ခါက ငါရူးချင်တယ်လို့ ညည်းဖူးတယ်။ အခုမှ ငါ အရူးဖြစ်နေခဲ့မှန်း သိရတယ်။**
>
> **ငါ့အချစ်ကို လက်ခံပါတယ် ဆိုထားတော့ ငါရူးလောက်နေတာပေါ့။ အခုတော့ တစ်မျိုးဆိုတယ်။ အချစ်ကို လက်ခံခြင်းနဲ့ အချစ်ကို တုံ့ပြန်ခြင်းဟာ တခြားစီတဲ့။ မင်း တစ်ခါက ပြောသလိုပဲ ချစ်နိုင်သူနဲ့ ချစ်သူကို သူက ခွဲခြားပြသေးတယ်။**
>
> **ငါဟာ သူချစ်နိုင်သူတစ်ယောက်ပါတဲ့ ...။ တော်သေးတာပေါ့လေ။ ဒါပေမယ့် ... တင်မောင်ညွန့် ကလည်း သူချစ်နိုင်သူတစ်ယောက်ပဲတဲ့။ သေရောပေါ့ကွာ ...။**

www.burmeseclassic.com



အဲဒါတွေ ထားပါတော့။ နောက်ဆုံး သူစပ်ထားတဲ့ ကဗျာတစ်ပုဒ်ကို မင်းဆီ ထည့်ပေးလိုက်တယ်။ ငါ ဘယ်လို နားလည်ရမှာလဲ။ မင်းကော နားလည်သလား။ နားလည်ရင် အဓိပ္ပါယ် ပြန်ပေးလိုက်စမ်းပါကွာ ...”

ကျွန်တော်သည် ငြိမ်းမောင် ပူးတွဲထည့်ပေးလိုက်သော ခိုင့်ကဗျာကို ဖတ်ကြည့်မိသည်။ ကဗျာ နာမည်ကို တွေ့သည်နှင့် တစ်ပြိုင်နက် သက်ပြင်းချလိုက်မိပါသည်။

သက်ငင်ချစ်

အင်းလျားစောင်း၌ ...
ဆောင်းတွင်းစဉ်ဝယ်၊ နေရောင်ပြယ်ခိုက်
ညှိုးငယ်မြလွှာ၊ မြက်ခင်းမှာလျှင်
ညိုဝါရွက်မည်း၊ ခန္ဓာစဲ၏
ယှဉ်တွဲစင်စစ်၊ ရပ်သည်ဖြစ်လည်း
မချစ်ပြီတည့် မေနှင့် မောင်။

စိမ်းကားသူ၏ ...
မပျူငှာသော၊ ကြည့်အမောတွင်
သဘောထွေထွေ၊ နှင်းသို့ဝေသည်
ပဟေဠိလော၊ ဖြေဘိလောရှင့်
မပြောကြလျှင်၊ ကောင်းမည်ထင်၏
ပြောလျှင်ဝှက်ပုန်း၊ မေတ္တာသုဉ်းမည်
အမုန်းဒဏ်ချက် စကားနာ။

မောင့်နှုတ်ခမ်းလည်း ...
နှမ်း၍မခိုင်၊ မဲ့လွယ်နိုင်သည်
မပိုင်သူ့စိတ်၊ ပြုံးမည်ထိတ်ရှင့်
တိုးတိတ်ကွယ်ဖုံး၊ ပြုံးကားပြုံး၏
အဆုံးသတ်တွင်၊ အနက်ထင်သည်
သက်ငင်ချစ်၏ ညဥ့်ငှက်ဆိုး။

လင်းရာမှမှောင် ...
ဤနေရောင်နှင့် ကန်ပေါင်ဤမြက်
ဤသစ်ရွက်တို့၊ စိမ်းလျက်မှရော်
ဖော်တစ်ချက်နှင့်၊ တစ်သက်မတည်
ရက်မရှည်သည်၊ တွက်ရည်မိုက်မှား
နလုံးသား၏ လှည့်စားပိုင်သော စိတ္တဇ။

❑

www.burmeseclassic.com



ကျွန်တော်သည် အင်္ဂလန်ပြည်သို့ရောက်ပြီး နှစ်နှစ်ကျော်၌ အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ကို ရပါသည်။ ဘွဲ့အမည်ကို ဆီလျော်အောင် မြန်မာဘာသာပြန်ရလျှင် **တော်ဝင်နန်းသုံး ခွဲစိတ်ကုသရေး ဆရာဝန်ဂိုဏ်းဝင် ပညာရှင်**ဟု မည်ပါသည်။

ဤဘွဲ့ကို ရပြီးနောက် ကျွန်တော့်ဆရာ ပါမောက္ခကြီးများက ထောက်ခံသည် တစ်ကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက ခွင့်ပြုသည်တစ်ကြောင်း၊ ဖေဖေကလည်း တိုက်တွန်းသည် တစ်ကြောင်း၊ ဤအကြောင်းများကြောင့် ကျွန်တော့် အခြေခံအတတ်ကို အထောက်အကူပြုမည့် သက်ဆိုင်ရာ ပညာသင်တန်းများကို လိုက်တက်နေပါသည်။

အားလုံးပြတ်၍ ၁၉၆၁-ခု သူတို့ဆီမှ ဆောင်းတွင်းကာလ နောက်ပိုင်းရက်များအတွင်း မြန်မာပြည် ပြန်ရန် သင်္ဘောပတ် စောင့်ရင်း ဥရောပ၏ မြေပြန့်ဒေသမည်သော ဟော်လန်၊ ဘယ်(လ်)ဂျီယံနိုင်ငံများဆီ ခရီးထွက်လည်ပါသည်။

လန်ဒန်မြို့သို့ ကျွန်တော် ပြန်ရောက်သောအခါ ပြည်ထောင်စုသားတစ်ဦးအနေနှင့် ဂုဏ်ယူဖွယ် ဖြစ်သမျှ လူတစ်ဦး အနေနှင့် ရင်နှင့်ထိခိုက်ဖွယ် သတင်းတစ်ရပ်က စောင့်နေသည်။

မြန်မာပြည်နယ်စပ်၌ ပြန်လည်စုရုံးလာကြသော တရုတ်ဖြူများကို အပြတ်အသတ် ချေမှုန်းပစ်သည့် **မဲခေါင် စစ်ဆင်ရေးကြီး** အကြောင်းကို လန်ဒန်သတင်းစာများ၌ ဖတ်ရသည်။

ဤစစ်ဆင်ရေးကြီးအတွင်း ထူးခြားချက်မှာ မြန်မာ့လေတပ်သမိုင်းတွင် ရှေးဦးအဖြစ် စံတင်ရမည့် လေကြောင်းတိုက်ပွဲကြီး ဖြစ်ပွားခဲ့ခြင်း ဖြစ်ပါသည်။

ကျူးကျော်သူတို့၏ လေယာဉ်ကို ပစ်ချဖျက်ဆီးနိုင်ခဲ့သော အမြတ်နှင့်အတူ မြန်မာ့သားကောင်း လေသူရဲ ဗိုလ်ပီတာလည်း ဆုံးရှုံးခဲ့သည်။

ကျွန်တော့်အတွက် သီးသန့်စောင့်နေသော အိမ်မှ စာများတွင် ကျွန်တော် မကြားမြင် မရှုရက်သော သတင်းသည် ပါလာ၏။

မဲခေါင်စစ်ဆင်ရေးကြီးအတွင်း လေယာဉ်မှူး ငြိမ်းမောင်တစ်ယောက် အပြင်းအထန် ဒဏ်ရာရ၍ ဆေးရုံတွင် တင်ထားရသည်ဆိုသော သတင်းဆိုးကြီးပေတည်း။

www.burmeseclassic.com



## ( ၃၁ ) ပြိုင်ငိုချင်စမ်းပါဘိလေး

မြန်မာပြည်မှ ကျွန်တော် ထွက်ခွာသွားသောနေ့၌ မိုးတို့ သည်းသည်းမည်းမည်း ရွာလျက်ရှိသည်။ မိုးသည်းသည်းမည်းမည်း ရွာလျက်ရှိသော ဩဂုတ်လတစ်နေ့၌ပင် မြန်မာပြည်သို့ ကျွန်တော် ပြန်လည်ရောက်ရှိလာခဲ့သည်။

ကျွန်တော်တို့က ဒါဘီရှိုင်းယား ပင်လယ်ကူးသင်္ဘောကြီးမှတစ်ဆင့် ကူးတို့သင်္ဘောလေးဆီကူးကာ ဆိပ်ကမ်းသို့ ကူးလာခဲ့ကြသည်။

ဆိပ်ခံဇောတံတား ကုန်းပတ်ထက်တွင် သည်းသည်းမည်းမည်း ရွာနေသော မိုးကိုမှုဘဲ ကြိုနေကြသူများအနက် ကျွန်တော်ချစ်ရသူ အားလုံးလိုလိုကို တွေ့ရသည်။

ထိပ်ဆုံးမှ မိုးကာအင်္ကျီဝတ်ကာ ထီးဆောင်းရင်း ဆေးပြင်းလိပ်ခဲလျက် ကျေနပ်သောအပြုံးကြီးနှင့် ထီးထီးမားမား ရပ်နေသည်မှာ ဖေဖေဖြစ်သည်။ ဖေဖေ့ဘေး၌ မေမေ၊ မေမေ့ဘေး၌ ဒေါ်လှယဉ်၊ ဒေါ်လှယဉ်ဘေး၌ ဒေါ်လေးစာဥ၊ ထို့နောက် ကြိုင် ...၊ ခိုင် ...။

ခိုင့်ဘေးမှ တစ်ယောက်လူကို မြင်လိုက်ရသည့်ခဏ၌ ပြုံးရွှင်အော်ဟစ် လှမ်းနှုတ်ဆက်နေသော ကျွန်တော့်ပါးစပ်သည် ပိတ်သွားသည်။ ဖေ့ယမ်းလှုပ်ရှားနေသော ကျွန်တော့်လက်တစ်ဖက်သည်လည်း လေထဲတွင်ပင် ငြိမ်ရပ်သွား၏။

သူကမူ မိုးကာအင်္ကျီဝတ်လျက်နှင့်ပင် ပြုံးပြုံးကြီးဖြင့် ခန့်ညားစွာ ရပ်နေသည်။ ဤသို့ ခန့်ညားစွာ ရပ်နေနိုင်ရန်အတွက် သူ့ညာဘက်လက်က ချိုင်းထောက်ကြီးတစ်ခုပေါ်တွင် အားပြုထားရ၏။

ငြိမ်းမောင် ...။ ကျွန်တော့်သူငယ်ချင်း ငြိမ်းမောင် ...။

ငြိမ်းမောင်ဘေးမှ ရပ်နေသူမှာ ကျွန်တော် မမျှော်လင့်မိသော တင်မောင်ညွန့် ဖြစ်နေပါ၏။

ကုန်းဘောင်ပေါ် ရောက်ရောက်ချင်း ဖေဖေက ကျွန်တော့်လက်ကို ပွေ့ယူကာ အားရစွာဆိုသည်။

" ငါ့သား ... ဖေဖေ သေပျော်ပြီ "

မေမေကမူ ကျွန်တော့်ကို ပွေ့ဖက်လျက် ဝမ်းသာကြည်နူးမှုဖြင့် မျက်ရည်များ မထိန်းနိုင်ပါ။

ဒေါ်လေး ဒေါ်စာဥကြီးကသာ နောက်သည်။

" မောင့်အသားတွေက နီလာလိုက်တာ တကယ့်ဗိုလ်ကြီးပဲ။ ဗိုလ်မ ခေါ်မလာလို့ တော်သေးတယ် ... ဟွန်း ...။ ဒေါ်လေးစကား မှတ်မိသေးလား။ ဟိုဒင်း ... အဲ နည်းနေပြီ ဆိုတာလေ။ အချိန်မီသေးတယ် တော်ရေ့ "

ကျွန်တော်က ဒေါ်လေးလက်မောင်းသားကြီးများကို မနာအောင် ထိုးမိသည်။

ကြိုင်က ပြုံးရုံသာ ပြုံးသည်။ ခိုင်က " မောင် ဝလာတယ် "ဟု တိုးတိုးညင်သာ ဆိုသည်။

ကျွန်တော်က အားနေသော ငြိမ်းမောင်၏ လက်တစ်ဖက်ကို ဆုပ်မိသည်။ ငြိမ်းမောင်ကလည်း ကျွန်တော့်လက်ကို ပြန်ဆုပ်သည်။ အတန်ကြာ မလွှတ်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက် စိုက်ကြည့်နေမိ၏။

ကျွန်တော့်မျက်လုံးများ၌ မျက်ရည်များ ဝိုင်းနေမည်ထင်သည်။ ငြိမ်းမောင်မျက်လုံးများကမူ ခါတိုင်းလိုပင် ကြည်လင်စူးရှနေ၏။

ကျွန်တော်က တင်မောင်ညွန့်ဘက် လှည့်၍ လက်ဆွဲနှုတ်ဆက်ပြီး မေးမိသည်။

" မောင်ညွန့်ကကော ... အခု ဘယ်မှာလဲ "

" ဒီမှာပါပဲ ...။ မင်းကြီးရုံးမှာပဲ ...။ ဒါပေမယ့် ... ကြာကြာမနေရတော့ပါဘူး အစ်ကိုမောင်။ အစ်ကိုမောင်နဲ့ ပြန်တွေ့ခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ "

www.burmeseclassic.com



တင်မောင်ညွန့်က ပြုံးဌေ့ဌေ့နှင့် ဆိုသည်။ ဘာကြောင့် မသိ၊ သူ့စကားသည် ကျွန်တော့်ရင်၌ ထူးဆန်းသော ခံစားမှုတစ်ရပ်ကို ပေါ်စေခဲ့ပါ၏။

ကျွန်တော်တို့အားလုံးသည် ဗောတံတားကြီးမှ ဆိပ်ကမ်းထွက် ရုံးခန်းမကြီးဆီသို့ တက်လာခဲ့ကြ၏။ တံတားအလယ် ရောက်မှ ငြိမ်းမောင်အဖြစ်ကို သတိရသဖြင့် နောက်လှည့်ကြည့်မိသည်။

ကျွန်တော် သွားရောက်ကူညီရန် မလိုပါ။

ငြိမ်းမောင်က လက်တစ်ဖက်ဖြင့် ချိုင်းထောက်ကို အားပြုတက်သည်။ အခြားတစ်ဖက်မှ အားပြုရန်ကား ...။

ခိုင်က သူ့လက်ကလေးတစ်ဖက်ဖြင့် ငြိမ်းမောင့်လက်ကို ဆုပ်ကိုင်တွဲခေါ်လာသည်။

ရှေ့ဆုံးတွင် တင်မောင်ညွန့်သည် ဦးခေါင်းငိုက်စိုက်နှင့် လျှောက်လျက်ရှိ၏။

ကျွန်တော်သည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး ကြိုင့်ကို လှမ်းမေးသည်။

" ဒါထက် မကြိုင် ... လှိုင်တစ်ယောက်ကော ... "

မကြိုင် မဖြေမီ ဖေဖေက အရင်ဝင်ပြော၏။

" တွေ့ရပါမယ် ... သား လှိုင့်ကို တွေ့ရမှာပါပဲ "

နားမလည်စွာ ကျွန်တော်သည် ဖေဖေ့ကို ပြန်ကြည့်မိသည်။

" လှိုင်က အခု ဒေါက်တာဖြစ်ပြီး တောင်ကြီးမှာလေ။ ဖေဖေ့မိတ်ဆွေ ဆေးမင်းကြီးနဲ့တွေ့လို့ ပြောလိုက်တယ်။ သား ပြန်ရောက်ရင် သားလည်း တောင်ကြီးက စဝ်စံထွန်းဆေးရုံကြီးကို သွားရမတဲ့ "

ဖေဖေက တည်ငြိမ်စွာ ရှင်းပြပါသတည်း။

❑

ကျွန်တော် ပြန်ရောက်စ တစ်ရက်နှစ်ရက်ခန့်တွင် ဖေဖေ၊ မေမေတို့နှင့်အတူ ခိုင်တို့အိမ်တွင် နေသည်။ ငြိမ်းမောင်က လေတပ်မတော်ထဲတွင်ပင် ရှိသေးသောကြောင့် မင်္ဂလာဒုံတွင် နေသည်။

ရောက်စတွင် ဆောင်ရွက်စရာကိစ္စများက ရှိနေသောကြောင့်လည်းကောင်း၊ ပြန်လည်တွေ့ဆုံချိန် မည်သည် ပျော်ရွှင်ဖွယ် စကားရပ်များကို ပြောမဆုံးလေသော အချိန်ဖြစ်သောကြောင့်လည်းကောင်း၊ လေးနက်သော ပုဂ္ဂလိက ဘဝရေးရာများကို ကျွန်တော်တို့ မဆွေးနွေးကြ။

ကျွန်တော်သည် တာဝန်ကျရာ စဝ်စံထွန်းဆေးရုံကြီးသို့ အမြန်ဆုံး သွားရပါမည်။ ပြင်ဆင်သင့်သည်ကို ပြင်ဆင်ပြီးသောအခါ သန်လျင်အိမ်ကြီးသို့ ပြန်၍ သုံးရက်နားသည်။ ငြိမ်းမောင်လည်း ကျွန်တော်နှင့် လိုက်ခဲ့သည်။ ခိုင်တော့ မပါ။ သန်လျင်သို့ ခိုင် မလာသည်မှာ ကောင်းသည်ဟု ကျွန်တော် ထင်ပါသည်။

တိမ်တောက်သော နေဝင်ချိန် တစ်ညနေ၌ ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦးသည် မြရာရုံ စိမ်းညိုတို့ လွှမ်းဖုံးအပ်သော တောင်ကုန်းလေးပေါ်၌ တစ်ခါတုန်းက နေရာတွင်ပင် အတူထိုင်လျက်ရှိကြသည်။ ယခင်နှင့်မတူ၊ ခြားသည်မှာ ငြိမ်းမောင်ဘေး မြေပေါ်တွင် ချိုင်းထောက်ကြီး လဲလျောင်းလျက်ရှိခြင်းသာတည်း။

နှစ်ဦးသား စကားမဆိုမိဘဲ အတန်ကြာ ငြိမ်နေကြပြီးမှ ကျွန်တော်က စ,ပြော၏။

" မင်းရှေ့ရေး ဘယ်လိုလုပ်မလဲ ငြိမ်းမောင် "

ငြိမ်းမောင်က အေးချမ်းစွာပင် ဖြေသည်။

" တပ်က ပင်စင်ယူမယ်ဆိုရင် ရတယ်။ ဒါပေမယ့် ခြေတစ်ချောင်း၊ လက်နှစ်ဖက်နဲ့ ဦးခေါင်းတစ်လုံး ရှိသေးရက်နဲ့ တိုင်းပြည်က ပေးတဲ့ ရိက္ခာကို ထိုင်မစားချင်ဘူး မောင်။ တိုက်ရေးခိုက်ရေးကို သိပ်မလုပ်နိုင်ဘူးထား၊ တိုင်းပြည်ဝန်ကို တခြားနည်းနဲ့ ထမ်းဖို့ တပ်မတော်မှာ ငါ့အတွက် နေရာရှိပါသေးတယ် "

ကျွန်တော်က သူ့ကို ကြည်ညိုလေးစားစွာ ကြည့်မိသည်။

www.burmeseclassic.com



" မှန်ပါတယ်။ ဒါပေမယ့် ငါဆိုလိုတာ အဲဒါမဟုတ်ဘူး …။ မင်းနဲ့ ခိုင့်ရှေ့ရေးကို ပြောတာ …"

ငြိမ်းမောင်က ပြုံးရင်းဖြေသည်။

" စောပါသေးတယ်ကွာ …"

" လုပ်ပြန်ပြီ၊ မင်းမလည်း အမြဲစောနေသေးတာပဲ …"

" အချိန်ဆိုတဲ့သဘောဟာ အခြေအနေပေါ် အမြဲတည်တာပဲ။ ဘဝကို တစ်မျိုးတစ်ဖုံ ပြန်စနေရတဲ့ ငါ့အတွက် စောလွန်းသေးတယ် ဆိုတဲ့စကားဟာ မမှားပါဘူး မောင်ရာ …"

ငြိမ်းမောင်၏ မှန်သောစကားကြောင့် ကျွန်တော် ခေတ္တငိုင်သွားမိ၏။

" ထားပါတော့လေ၊ ဒါထက် ခိုင့်သဘောက ဘယ်လိုရှိနေသလဲ …"

" ခိုင့်သဘောကို ငါ ဘယ်လိုလုပ်သိမလဲ၊ မင်းကော သိမလား မောင်။ တစ်ခုတော့ ရှိတယ်။ ငါ ဒုက္ခိတဖြစ်တဲ့အချိန်မှာ ခိုင်ဟာ အဖြူစင်ဆုံး ကြင်နာမှုကို ပေးခဲ့တယ်။ ပေးတုန်းပဲ။ အဲဒါကိုတော့ ငါသိတယ် "

" အဖြူစင်ဆုံး ကြင်နာမှုဟာ … အချစ် ဖြစ်မလာနိုင်ဘူးလား ငြိမ်းမောင် …"

" ဖြစ်လာနိုင်ပါတယ်၊ ဖြစ်လာနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်။ ဖြစ်မလာရင်လည်း ငါ ဝမ်းမနည်းပါဘူး မောင် "

" မင်း ဘာဆိုလိုတာလဲ ငြိမ်းမောင် "

" ငါဆိုလိုတာ ရှင်းပါတယ်။ ငါ့ဘဝမှာ ဘာမှ မရခဲ့ဘူးလေ။ မရခဲ့တဲ့အပြင် ဆုံးရှုံးခဲ့ရတာပဲ ရှိတယ်။ အရှုံးဆုံးဘဝကျမှ တစ်ခုခုကို ရရင် အဲဒီတစ်ခုခုဟာ သာမန်ကြင်နာမှုပဲဖြစ်ပစေ တန်ဖိုးရှိလှပါတယ်။ ဒါကြောင့် ငါ ဝမ်းမနည်းဘူး …"

ငြိမ်းမောင်ကို ကျွန်တော် ရင်ထုမနာ ကြည့်မိ၏။ ငြိမ်းမောင်ကသာ တည်ငြိမ်စွာ ဆက်ပြောသည်။

" ပြီးတော့ ငါ့သဘောကိုလည်း ပြောပြချင်တယ်။ လူတစ်ယောက်အနေနဲ့ ချစ်ခြင်းကိုတော့ တောင့်တတယ်ကွာ။ ဒါပေမယ့် ချစ်ခြင်းနေရာကို သနားခြင်းက အယောင်ဆောင် ဝင်လာမှာကိုတော့ မလိုလားဘူး။ ပြီးတော့ ဒုက္ခိတဘဝ ရခြင်းအပေါ် အမြတ်ထုတ်ပြီး သနားသူကို ချစ်သူဖြစ်လာအောင် အနိုင်မကျင့်ချင်ဘူး …"

ငြိမ်းမောင် စကားများကို ကြားရသည်မှာ ကျွန်တော် ရင်နာလှသည်။ သူ့ကိုလည်း ကြာလေလေးစားလေ ဖြစ်မိသည်။

" မင်းစေတနာကို ငါ အံ့သြလို့မဆုံးဘူး ငြိမ်းမောင်။ ဒါပေမယ့် ပြန်စဉ်းစားပါဦး။ သနားခြင်းနဲ့ ချစ်ခြင်းကြားက ခြားနားမှုဟာ ပါးပါးလွှာလွှာကလေးပါ၊ ဘယ့်နှယ်လဲ …"

ကျွန်တော့်စကားကို ဘာသဘောကျသည်မသိ၊ ငြိမ်းမောင်က ရယ်သည်။

" မင်း ဘာရယ်တာလဲ "

" မင်းစကားကို သဘောကျလို့ပါ။ သနားခြင်းနဲ့ ချစ်ခြင်းကြားက ခြားနားမှုဟာ ပါးပါးလွှာလွှာကလေး။ ဟဲ … ဟဲ … ဟုတ်တယ်။ မှန်တယ် …။ ခြွင်းချက်တစ်ခုပဲရှိတယ်။ သနားသူတစ်ယောက်၊ ပြီးတော့ ချစ်သူကလည်း တစ်ယောက် ရှိနေပြီးရင် … မှန်ဖို့ခက်တယ် သူငယ်ချင်း "

" ခိုင့်မှာ ချစ်သူရှိနေပြီလို့ မင်း ထင်နေသလား "

" ဒါကို ငါ ဘယ်လိုလုပ်ပြီးသိမလဲ မောင်။ သူဆိုတာ ကိုယ့်စိတ်ကိုယ်တောင်မှ သိကြတာမျိုး မဟုတ်ဘူး "

ကျွန်တော် မဖြေမိ။ သို့ရာတွင် သိလိုရာတစ်ချက်ကိုမူ ပြန်မေးမိ၏။

" ဒါထက် မောင်ညွန့်ကကော ဘယ်လိုလဲ "

ငြိမ်းမောင်က သက်ပြင်းချ၏။

www.burmeseclassic.com



" ဒီကောင်လေးအတွက်လည်း ငါ စိတ်မကောင်းဘူး မောင်။ သူက အခု နောင်တရတယ်ဆိုပြီး ကိုယ့်ကိုယ်ကို အပြစ်တင် ညှဉ်းဆဲနေတယ်။ ဒါပေမယ့် အချစ်ဆိုတာဟာ သတ်ပစ်လို့ မရဘူး။ မေ့ပစ်လို့လည်း မရဘူး။ မရှိချင်ယောင်ဆောင် လှည့်စားထားလို့ပဲ ရတယ် ..."

" ငြိမ်းမောင် မင်းစကားတွေဟာ အဘိဓမ္မာဆန်လာပြန်ပြီ။ တို့ လက်တွေ့ကျကျ ပြောကြရအောင် "

ငြိမ်းမောင်သည် ရယ်၍ ကျွန်တော့်ပုခုံးကို လှမ်းပုတ်သည်။

" အမှန်ကို တွေးမိရင် အဘိဓမ္မာဆန်လာတယ် ...သူငယ်ချင်း။ အဟဲ ... ဟဲ ... အင့် ... ဟင့် ... ဟင့် ...။ မင်းပြောသလို လက်တွေ့ကျရေးအတွက်တော့ စောလွန်းပါသေးတယ်။ လက်တွေ့ကျချင်တဲ့လူဟာ အခြေအနေနဲ့ အချိန်အခါကို စောင့်ရတယ်။ အချိန်ကို စောင့်ရတာလည်း ရင်တခုန်ခုန်နဲ့ ပျော်ဖို့ကောင်းပါတယ်။ အနည်းဆုံးတော့ အိုခြင်းတရားကို သတိမပြုမိဘူးပေါ့ကွာ။ ဟား ... ဟား ... ကဲ ... နေဝင်တော့မယ် ပြန်ကြစို့။ ငါ့ကို တွဲထူပေးဦး မောင် ..."

❑

သန်လျင်တွင် မတင်မကျနင့် ငြိမ်းမောင်၏ စကားကို မကျေနပ်စွာ ကြားခဲ့ရပြီးနောက် တောင်ကြီးမြို့သို့ မတက်ခင် ရန်ကုန်၌ တင်မောင်ညွန့်ကို ကျွန်တော် သွားတွေ့သည်။

ထူးဆန်းစွာ တင်မောင်ညွန့်သည် ခိုင်တို့အိမ်သို့ မလာတော့။

သူ့ကို သူ့မင်းကြီးရုံး၌ ကျွန်တော် သွားရှာသည်။ ရုံး၌ သူ့ကို မတွေ့။ တောင်ငူသို့ သစ်တောအရေးပိုင်အဖြစ် ပြောင်းတော့မည်ဖြစ်သောကြောင့် ပြင်ဆင်နေသဖြင့် ရုံးမတက်နိုင်ဟု ဆိုသည်။ ထို့ကြောင့် ရှောလမ်းရှိ သူတို့အိမ်သို့ လိုက်သွားသည်။

သူက ကျွန်တော့်ကို စားပွဲတစ်လုံး၌ ဧည့်ခံသည်။ စားပွဲပေါ်၌ သောက်လက်စ ဝီစကီပုလင်းတစ်လုံးကို ထောင်ထားသည်။ သူ့ကြည့်ရသည်မှာလည်း အတော်လေး မူးနေသည်။

" လွန်လှချည်လား မောင်ညွန့်ရယ်၊ အစောကြီး ရှိသေးတယ် "

ကျွန်တော်သည် ခပ်လှမ်းလှမ်းရှိ သူ့အိမ်သူအိမ်သားများကို လှမ်းကြည့်ရင်း အပြစ်ဆိုမိသည်။

တစ်သက်လုံး သူ့ကို အလိုလိုက်ထားသော သူ့မိဘများသည် ယခုလည်း ခွင့်လွှတ်ကြည့်နေဟန်တူသည်။

တင်မောင်ညွန့်သည် ဘာမျှပြန်မပြောဘဲ ဖန်ခွက်အသစ်တစ်လုံးထဲသို့ အရက်ငှဲ့ထည့်မည် လုပ်သည်။

" မထည့်နဲ့ မောင်ညွန့် ငါ မသောက်တတ်ဘူး "

တင်မောင်ညွန့်သည် ထိုအခါကျမှ သတိရဟန် ပုလင်းကိုချပြီး ရယ်မောဆို၏။

" ဟား ... ဟား ... ကျွန်တော် မေ့သွားလို့၊ အစ်ကိုမောင်မှ အရက်မသောက်တတ်ဘဲ၊ ဟုတ်တယ် ... အစ်ကိုမောင်က အရက်သောက်ဖို့မှ မလိုဘဲဟာ "

" ဟ ... ဘယ်သူကကော အရက်သောက်ဖို့လိုလို့လဲ "

" လိုတယ် အစ်ကိုမောင် ... လိုတယ်။ အစ်ကိုမောင်က လောကကြီးအကြောင်း ဘာသိလို့လဲ ..."

ကျွန်တော်က သူ့ကို စူးစိုက်ကြည့်မိသည်။ သူက မျက်တောင်စင်းလျက် အရက်ထပ်ငှဲ့ကာ ရေမရောဘဲ တစ်ကျိုက် ထပ်မော့၏။

" လောကကြီးအကြောင်း၊ အင်းလေ ... လူတွေအကြောင်း ကျွန်တော် ပြောပြမယ်။ လူအမျိုးမျိုး ရှိတယ် ... အဲဒါကို အစ်ကိုမောင် သိလား "

ကျွန်တော်သည် သူ့ကို ရယ်ချင်လာ၏။ သနားလည်း သနားမိသည်။

" အေးကွာ ... ဆိုစမ်းပါဦး "

www.burmeseclassic.com



" တချို့လူတွေက မွေးကတည်းက အောင်မြင်ဖို့ မွေးလာခဲ့ရတာ၊ ဥပမာ အစ်ကိုမောင်တို့လိုလူမျိုး၊ တစ်ချို့လူတွေက မွေးကတည်းက ဆုံးရှုံးဖို့ မွေးခဲ့ရတာ၊ ဥပမာ ကို ... အယ် ... ဆရာငြိမ်းမောင်တို့လို လူမျိုး ... တချို့လူတွေကတော့ မွေးကတည်းက သူများကြား ကန့်လန့်ဝင်ပြီး ဒုက္ခပေးဖို့ မွေးလာခဲ့ရတဲ့လူမျိုး၊ ဥပမာ ကျွန်တော့်လို လူမျိုး ..."

" မောင်ညွှန့် မင်းဘာတွေ လျှောက်ပြောနေတာလဲ။ သိပ်မူးနေပြီလားဟင် "

သူက ကျွန်တော့်ကို လက်ဝါးကာပြသည်။

" မူးတော့ မူးတယ် ... ဒါပေမယ့် ကျွန်တော်က မူးရင် စကားကို သိပ်စဉ်းစဉ်းစားစား ပြောတတ်တယ် "

စိတ်မချမ်းသာလျက်က သူ့စကားကြောင့် ရယ်မိပြန်သည်။

" ဟော အစ်ကိုမောင် ရယ်တယ်။ ကျွန်တော့်ကို သဘောကျလို့ မဟုတ်လား ... ဟဲ ... ဟဲ။ ကျွန်တော့်ကိုလည်း ကျွန်တော် သိပ်သဘောကျနေတယ်။ ကျွန်တော် လိမ္မာပြီ၊ သိလား အစ်ကိုမောင် "

လိမ္မာသူကြီးသည် အရက်ကို တစ်ကျိုက်မော့လိုက်ပြန်သည်။

" မင်း ဘာတွေဖြစ်နေရတာလဲ မောင်ညွှန့်။ ငါ ... အရက်သောက်တာကို ဆိုလိုတာ မဟုတ်ဘူး။ မင်း ဘာဖြစ် နေသလဲ ပြောစမ်း "

တင်မောင်ညွှန့်သည် ငိုင်ကျသွားသည်။ အတန်ကြာမှ တစ်လုံးချင်း ဖြည်းလေးစွာ ဆိုသည်။

" ကျွန်တော် ပြောခဲ့ပါရောလား ... ကျွန်တော်ဟာ လူတကာကြား ကန့်လန့်ဝင်တိုက်ပြီး ဒုက္ခပေးခဲ့ ပါတယ်လို့။ အခု ကျွန်တော် ဘယ်သူ့ကြားမှ ကန့်လန့်ဝင်မတိုက်တော့ဘူး။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေး တော့ဘူး။ ရှင်းပြီလား အစ်ကိုမောင် "

ကျွန်တော်က မဖြေသေးဘဲ သူ့ကိုသာ ကြည့်နေ၏။ သူကသာ အာလေးလျှာလေးဖြင့် ဆက်ပြောသည်။

" ကျွန်တော် လူတွေကြားမှာ မနေဘူး။ ကျွန်တော် အခု တောထဲတောင်ထဲ သွားနေမယ် ... သိလား အစ်ကိုမောင်။ ကျွန်တော် တောထဲတောင်ထဲမှာပဲ နေမယ် "

ကျွန်တော်သည် သူ့ကို အထူးဘာမျှ ဆက်ပြောရန် မရှိတော့။ ဆက်ပြောနေ၍လည်း ဤအခြေအနေမျိုးတွင် ထူးမည်မဟုတ်။

" ကောင်းပါပြီကွာ ...။ အစ်ကိုမောင် မနက်ဖြန် တောင်ကြီးကို သွားတော့မယ်။ မောင်ညွှန့်ကို လာနှုတ်ဆက်တာပါ။ အစ်ကိုမောင့်ဆီကို စာမှန်မှန်ရေးပေါ့ ဟုတ်လား ... သွားမယ် "

ကျွန်တော်သည် နေရာမှ ဖွတ်ထထွက်ခဲ့သည်။ တင်မောင်ညွှန့်က အရက်ဖန်ခွက်ကိုင်ရင်း တိုက်ပေါက်ဝအထိ လိုက်ပို့သည်။

" သွားတော့ အစ်ကိုမောင်။ အစ်ကိုမောင့်ဆီ စာရေးပါ့မယ် ...။ ကျွန်တော့်ဆီက စာမရရင်တော့ တောထဲတောင်ထဲ ရောက်နေပြီမှတ်။ ကျွန်တော် တောထဲတောင်ထဲမှာပဲ နေမယ်။ သိလား အစ်ကိုမောင် ..."

ကျွန်တော့်စိတ်မှာ မချမ်းသာလှပါ။ စိတ်မချမ်းသာ၍လည်း ဘာကိုမျှ ကျွန်တော်က ပြုပြင်ပြောင်းလဲ ပေးနိုင်စွမ်းသူ မဟုတ်။

ကျွန်တော်သည် အေးအေးလူလူ စဉ်းစားလိုသောကြောင့် ရွာလမ်းမှ ပုသိမ်လမ်းသို့ လမ်းလျှောက် လာခဲ့သည်။

ကျွန်တော်သည် ခိုင်တို့အိမ်၌ပင် တည်းသည်။ ကျွန်တော့်ကို ဘူတာရုံသို့ လိုက်ပို့ရန်အတွက် ဖေဖေနှင့် မေမေလည်း ရောက်နေကြသည်။ ငြိမ်းမောင်လည်း မင်္ဂလာဒုံမှ လာမည်ဖြစ်၏။

အိမ်သို့ရောက်သောအခါ ပန်းခြံတွင်း၌ တစ်ဦးတည်းရပ်နေသော ခိုင့်ကို ကျွန်တော် လှမ်းတွေ့ရသည်။

ကျွန်တော်သည် အိမ်တွင်းသို့ မဝင်ဘဲ ခိုင်ရှိရာဘက်သို့ လျှောက်သွား၏။

www.burmeseclassic.com



ခိုင်နှင့် ကျွန်တော်တို့သည် ခုံတန်းရှည်တစ်ခုပေါ်၌ ထိုင်ကြသည်။

ဘေးတစ်ဝိုက်ရှိ စံပယ်ချုံကြီးတို့ဝယ် ငွေစံပယ်ကြုံမွှေးတို့ ဖြူဖြူဖွေးနေသည်။ ရနံ့တို့လည်း ကြိုင်လှိုင်အေးမြနေ၏။

ခိုင့်ခေါင်းတွင်လည်း စံပယ်ပန်းတို့ ဝေနေ၏။

ကျွန်တော်သည် ငယ်စဉ် ကလေးဘဝက ခေါင်းတွင် စံပယ်ဖြူဖြူပန်လျက် မြရာပင်ကြီးအောက်မှ ကျွန်တော့်ကို စိတ်ကောက်လျက် ထွက်ပြေးသွားခဲ့ဖူးသော ခိုင့်အား အမှတ်ရမိသည်။

ကလေးဘဝက ရုပ်ရည်အတိုင်း မရှိတော့သော်လည်း ခိုင့်မျက်နှာလေးမှာ နုနယ်ဆဲ၊ သန့်စင်ဆဲ၊ ဖြူဝင်းဆဲ ဖြစ်နေပါ၏။ အရွယ်လိုက်၍ မျက်နှာကလေး အတန်သွယ်ကာ ကိုယ်ခန္ဓာ အနည်းငယ် အရည်စစ်သွားသည်မှတစ်ပါး ခိုင့်ဝယ် အခြား ပြောင်းလဲမှုများ မရှိ။

ခိုင့်စိတ်သည်မူ ပြောင်းလဲပါစေ၊ အကောင်းအတွက် ပြောင်းလဲပါစေ ...။

ဤသို့ စိတ်တွင်းမှ ကျွန်တော် တိတ်တိတ်ကျိတ် ဆုတောင်းမိပါသည်။

ခိုင်သည် ပြုံးလျက် မျက်တောင်ကော့များကို ပင့်ကာ ကျွန်တော့်ကို မော့ကြည့်ပြောသည်။

“ မောင် ... ခိုင့်ကို ပြောစရာတွေရှိတယ် မဟုတ်လား ... ပြောလေ ”

ကျွန်တော်ကလည်း ကျေနပ်စွာ ပြုံးလိုက်မိသည်။

“ ဟုတ်တယ် ခိုင် ... ခိုင့်ကို မောင် ပြောစရာတွေ ရှိတယ်။ ပြီးတော့ ခိုင် ပြောပြမှာတွေကိုလည်း မောင် နားထောင်ချင်တယ် ...”

ခိုင်သည် ပြုံးနေသောမျက်နှာလေးကို တည်လိုက်ပြီး အေးချမ်းညင်သာစွာ ဆို၏။

“ မောင်က အရင်ပြောလေ ...။ ခိုင် နားထောင်ပါ့မယ် ”

ဤသို့ဆိုပြန်သော် ကျွန်တော် ဘယ်က စပြောရမှန်းမသိ။ ကျွန်တော် ငိုင်နေသောကြောင့် ခိုင်က ထပ်တိုက်တွန်းသည်။

“ ပြောလေ မောင် ... မောင့်မှာ ပြောစရာတွေ အများကြီးရှိတယ်ဆို ”

ကျွန်တော်က အခိပ္ပါယ်မရှိ တစ်ချက်ရယ်လိုက်သည်။

“ ပြောစရာတွေ အများကြီးပဲလို့တော့ စိတ်က ထင်မိတယ်။ တကယ်ပြောမယ် ဆိုရင်တော့လည်း တိုတိုလေးပဲ ခိုင်။ ခိုင်တို့ မောင်တို့ဟာ သွယ်ဝိုက်ပြောနေကြရမယ့် အရွယ်တွေလည်း မဟုတ်လေတော့ မောင် တိုတိုပဲ ပြောပါ့မယ် ...”

ခိုင်သည် မျက်လွှာလေးချ၍ နားထောင်နေသည်။ ကျွန်တော်က သာယာညင်းပျောင်းစွာ ပြောမိသည်။

“ ခိုင်တို့ မောင်တို့မှာ မိဘမောင်နှမအရင်းကလွဲရင် အချစ်ဆုံးသူငယ်ချင်း သုံးဦးပဲ ရှိခဲ့ကြတယ် ခိုင်။ တစ်ခါတလေ သူငယ်ချင်းနဲ့ မိဘမောင်နှမအရင်းကို ဘယ်သူ့ပိုချစ်တယ်လို့ မောင် ဆုံးဖြတ်လို့ မရဘူး။ ဒါကို ခိုင် ယုံပါ ...”

ခိုင်သည် မျက်လွှာချခြင်းကို မဖျက်။ လှုပ်လည်း မလှုပ်။ နှုတ်မှမူ တိုးတိုးပြန်သည်။

“ ခိုင်လည်း ယုံပါတယ် ...”

“ ခိုင် ယုံတယ်ဆိုတာ မောင်လည်း သိတယ်။ ဒါကြောင့်မို့ မောင် ဆက်ပြောမယ် ခိုင်။ မောင်တို့ သူငယ်ချင်းသုံးဦးမှာ တစ်ယောက်ကတော့ ကံအဆိုးဆုံးလူ ဖြစ်နေခဲ့ရပြီ။ ဒါပေမယ့် သူ့မှာ မျှော်လင့်ချက်တွေ ရှိနေတယ် ခိုင်။ ဒီမျှော်လင့်ချက်တွေ ကိုသာ ပြည့်ဝစေဖို့ ကူညီဖြည့်ဆည်းပေးဖို့က ခိုင်နဲ့ မောင်ရဲ့ တာဝန်ပဲ ...”

ခိုင်က မလှုပ်။

“ အထူးသဖြင့် သူ့မျှော်လင့်ချက်ပြည့်ဖို့ တစ်လောကလုံးမှာ ခိုင်ဟာ အကူညီနိုင်ဆုံး လူတစ်ယောက် ဖြစ်နေတယ် ခိုင် ...”

www.burmeseclassic.com



ယခုတိုင်လည်း ခိုင်က မလှုပ်သေး။ ကျွန်တော်သည် စကားမဆက်ဘဲ ငုံ့နေသော ခိုင့်မျက်နှာလေးကို ရှေ့မှပန်း၍ ကြည့်မိသည်။

ခိုင့်မျက်လုံးများမှ မျက်ရည်ပေါက်ကြီးများ တပေါက်ပေါက် လိမ့်ကျနေသည်။ အံလေးကို ကြိတ်ထားသည်။ ရင်လေး မှာလည်း လှိုက်ဖိုလှုပ်ရှားနေ၏။

" ကြည့်စမ်း၊ ခိုင် ငိုနေတယ်။ ဘာလို့ ငိုရသလဲ ခိုင်။ ဒီလောကကြီးမှာ မောင် အတောင့်တဆုံးက ... ခိုင့်ကိုလည်း မငိုစေချင်ဘူး။ ငြိမ်းမောင်ကိုလည်း မငိုစေချင်ဘူး။ မောင်လည်း မငိုချင်ဘူး ... မငိုပါနဲ့ ခိုင်ရယ် ..."

ခိုင်သည် ကျွန်တော့်ကို မော့ကြည့်သည်။ မျက်ရည်များကမူ ပေါက်ပေါက်ကျဆဲ။ မျက်နှာလေးကမူ ပြုံးနေပါ၏။

" ခိုင် မငိုပါဘူး မောင်။ မောင့်လိုပဲ ... ဘယ်သူ့ကိုမှလည်း ခိုင် မငိုစေချင်ပါဘူး။ ဒါပေမယ့် ခိုင် မျက်ရည်ကျမိတယ် မောင်။ ခိုင့်မျက်ရည်ကြောင့်လည်း ဘယ်သူ့ကိုမှ စိတ်မကောင်း မဖြစ်စေချင်ဘူး။ ဒါပေမယ့် တစ်ခုတော့ မောင့်ကို ခိုင် မေးချင်တယ် "

" မေးလေ ... ခိုင် ... ဘာမေးမှာလဲ "

" ငယ်ငယ်တုန်းက ခိုင်စားရမယ့် မုန့်တွေကို ဟုတ်ကြိုင်တို့ကို ဝေပေးတော့ မောင် စိတ်ဆိုးခဲ့တယ်။ မောင် ကန့်ကွက်ခဲ့တယ်။ အခုတော့ မောင်က ခိုင့်အချစ်ကို ဝေခိုင်းနေတယ်ပေါ့ ...။ ဟုတ်လား "

ခိုင့်စကားသည် ကျွန်တော့်အရှိုက်ကို ထိသွားသည်။ ရုတ်တရက်သော် ဆင်ခြေကို ရှာမရသကဲ့သို့ စကားကိုလည်း ရှာမတွေ့။ အတန်ကြီးကြာမှ ဖျောင်းဖျပြောရသည်။

" ခိုင့်အချစ်ကို မောင် ဝေခိုင်းနေတာ မဟုတ်ပါဘူး။ အချစ်ဆိုတာဟာလည်း ဝေခွဲလို့ရတာမျိုး မဟုတ်ပါဘူး ခိုင်ရယ်။ ခိုင်က တစ်ချိန်က ချစ်နိုင်သူနဲ့ ချစ်သူကို ခွဲခြားပြောပြခဲ့တယ်။ မောင်က ချစ်သင့်သူ ဆိုတဲ့တစ်ယောက်ကို ထပ်တိုးရလိမ့်မယ်။ ခိုင်ရဲ့ ချစ်နိုင်သူတစ်ဦးဟာ အခုအချိန်မှာ ချစ်သင့်သူတစ်ဦး ဖြစ်နေပြီလို့ မောင် ထင်တယ်။ အချစ်ကို မဝေပါနဲ့ ခိုင်။ ကိုယ်ချစ်နိုင်တဲ့ ချစ်သင့်တဲ့လူဆီ ပေးထိုက်တာမို့ ပေးလိုက်ပါ ခိုင် ..."

ခိုင်သည် မတုန်မလှုပ် ငြိမ်နေသည်။ ဘာစကား ပြန်ပြောမည်နည်းဟု စောင့်နေမိသည်။ သို့ရာတွင် ဘာစကားမျှ ပြန်မပြောဘဲ ခိုင်သည် နေရာမှ ထလိုက်သည်။

ခိုင်သည် ပြုံး၍ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ မျက်နှာက ပြုံးလေသော်လည်း မျက်လုံးတို့က မပြုံးပါလေ။

" အချစ်ဆိုတာဟာ ဝေခွဲလို့ရတာမျိုး မဟုတ်ဘူးဆိုတဲ့ မောင့်စကားကို ခိုင် သိပ်ကြိုက်တယ်။ အချစ်ကို မဝေခိုင်းဘူး ဆိုလို့လည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ဝေခွဲစားလို့ရတဲ့ မုန့်ကိုတောင် ကိုယ်က စွန့်ရမယ်ဆိုရင် အများကြီး စဉ်းစားရမယ်။ မုန့်ထက် မနှိုင်းသာအောင် တန်ဖိုးကြီးတဲ့ အချစ်ကို တစ်ဦး တစ်ယောက်ကို ပိုင်ဆိုင်ခွင့် ရစေဖို့အတွက်တော့ ... ပိုစဉ်းစားရမယ် မောင်။ ဘာကြောင့်လဲဆိုတော့ အချစ်ဆိုတာ ပေးသင့်တယ်ထင်ပြီး ပေးလို့ရတာမျိုး မဟုတ်ဘူး။ ပေးချင်မှ ပေးလို့ရတာ ... **ကိုယ်ပေးတိုင်းလည်း သူ မရပါဘူး မောင် ... ကိုယ်ပေးချင်တိုင်းလည်း သူ မယူပါဘူး မောင်** "

ခိုင်သည် ချာကနဲ လှည့်ထွက်သွားသည်။

အချစ်အဘိဓမ္မာကို မပိုင်ပါဘဲ သရုပ်ခွဲပြခဲ့သူ ကျွန်တော်သာ တစ်ယောက်တည်း ကျန်ခဲ့ပါ၏။

❑

ထိုည၌ ငွေလက ဝင်းပထိန်လင်းနေသည်။ ထိန်လင်းနေသော ငွေလဝန်းကို ပွတ်ကာသီကာ ဖြတ်သန်း လေလွင့်နေသော မိုးတိမ်ဖြူတို့ကြောင့်လည်း လွမ်းဖွယ်ရှိလှသည်။

www.burmeseclassic.com



နံနက်စောစော ထရမည် ဖြစ်သောကြောင့် အိပ်ရာသို့ စောစောပင် ကျွန်တော် ဝင်ခဲ့သည်။ အိပ်ယာနှင့် ကျော ထိမိ၍ ဦးခေါင်းက လှဲမိခဲ့သည်ဖြစ်သော်လည်း မျက်လုံးတို့က မမှိတ်။

အာရုံက ထွေပြား၍ စိတ်က လှုပ်ရှားသည်။ ထိုအခါ နှလုံးသားက အိပ်ရန်ကို ပုန်ကန်သည်။

မပိတ်ချင်ပါဆိုသော မျက်လုံးများကို ဖွတ်မှိတ်ခိုင်းနေရသော်လည်း ကျွန်တော့်ကိုယ်မှာ လူးလိမ့်နေ၏။

ထိုစဉ် လေလှိုင်းယဉ်ကို စီး၍ ငိုညည်းသယောင် ဆိုင်းတွဲ့ လေးနွဲ့သော စောင်းသံက ပေါ်လာ၏။

ကျွန်တော်သည် အိပ်ရာမှထကာ ပြတင်းမှ စောင်းသံလာရာဆီသို့ လှမ်းကြည့်မိသည်။

ခြံတွင်း စံပယ်ရုံများအနီး ခုံတန်းပေါ်တွင် ခိုင်သည် စောင်းကို ပွေ့၍ တီးနေသည်။ မလှမ်းမကမ်း၌ ချိုင်းထောက်ကြီးဖြင့် ငြိမ်းမောင်က ရပ်နေ၏။

စောင်းသံနှင့်အတူ ခိုင်၏ ဆွေးမြေ့သောသီချင်းသံ ပေါ်လာ၏။ တေးထပ်တစ်ပုဒ် ဖြစ်ပါသည်။ ဤတေးထပ်သည် မည်သူ့ကို ရည်ညွှန်းပါသနည်း။ ကျွန်တော် မပြောတတ်။

တိမ်ဖြူဖြူ ဖြတ်သန်း၍ လွမ်းဖွယ်သော မိုးညယံဝယ် ခိုင့်အသံသည် မတိုးမကျယ် လွင့်လာနေပါ၏။

**" တစ်လတွင် မပျော်ချက်၊ အရက်က လေးဆယ်။**
**ခက်သမျှ ဆွေးဖွယ်မှာ၊ အေးတယ်ဖြင့် မတွေ့။**
**ခုဖြစ်တဲ့မှုပုံလို၊ လူ့ဘုံကို ငြီးငွေ့ပေါ့လေ့။**
**ကြာလေလေနေသရွေ့၊ တစ်နေ့မှ မကြည်။**
**လူမြင်ရင် အမူလုပ်ပါလို့၊ မပူရပ် ပြုံးရတော့သည်။**
**ယိုလုလု မျက်ရည်ငယ်၊ ရက်ရှည်သာ အို ... သွေးလို့။**
**ကိုယ့်ဘေး ကိုယ်သာမြင်၊ လေးတဲ့ရွှေရင်။**
**မတိတ်တမ်း နှစ်ကိုယ်ယှဉ်တယ်၊ ပြိုင်ငိုချင်စမ်းပါဘိလေး "**

❑❑❑

www.burmeseclassic.com



အပိုင်းခြောက်

သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ခိုင်


၃၂　မောမြေမြင့်ကွန်းထောက်ဆောင်

၃၃　မဖြောင့်ပုံ့လွင့် နှောင်ကြိုးဝင့်သည်

၃၄　လိုင့်အတွက် ချယ်ရီဦး

၃၅　လွမ်းစေတီဦး

၃၆　နမပြာဝင်း နေရစ်မင်း

www.burmeseclassic.com



## ( ၃၂ ) မောမြေမြင့် ကွန်းထောက်ဆောင်

မောမြေခုံမြင့်မှ ရှုတိုင်းတင့်သော ထင်ရှူးပင် ချယ်ရီမြို့တော်သည် ကျွန်တော့်အပေါ် ရောက်ဦးကပင် ဖော်ရွေ နှစ်လိုစွာ ခင်မင်မှုဖြင့် ကြိုဆိုပါ၏။

ရန်ကုန်ဘူတာကြီးမှ ရထားထွက်လာစဉ်မှ ကျွန်တော့်စိတ်များသည် မကြည်လှ ...။

လူဆိုသည်မှာ မိမိအသိုက်အဝန်းကို မိမိခင်တတ်သော သတ္တဝါမျိုးဖြစ်သည်။ အသိုက်အဝန်းတကာ အနက် မိမိ၏ အိမ်ထောင်စုကို ပိုမိုအခင်မင်ဆုံးဖြစ်လေသည်။ ဤသို့ ခင်မင်သော အသိုက်အဝန်းနှင့် ခွဲခွာ ရသောအခါ အသက်အရွယ် ပညာအဆင့်အတန်းသည် ပဓာနမဟုတ်၊ သာမည ဖြစ်သွားလေသည်။ နလုံးသား သည်သာ ပိယေဟိဝိပ္ပယောဂေါဒုက္ခော သဘောကို တင်ပြ၍ သဘာဝစိတ်ဓာတ်ကို နှုးညံ့စွာ ပြောတတ်ပါလေ၏။

ခင်မင်သော အသိုက်အဝန်းနှင့် ခွဲခွာရသည်မှာ ကျွန်တော့်အတွက် အဆန်းမဟုတ်သည်မှာ မှန်၏။ တော်လှန်ရေးခေတ်အခါက ရှင်လမ်းထက် သေလမ်းများသော စစ်မြေပြင်စခန်းသို့ သွားခဲ့ဖူးပြီ။ ရေမြေခြားရာ တိုင်းတစ်ပါးသို့လည်း ခွဲခွာသွားခဲ့ဖူးပြီ။ သို့ရာတွင် ထိုစဉ်အခါများက ယာယီသွားခြင်းသဘောသာရှိသည်။ ယခုမူ အတောင်စုံ၍ ရိပ်မြုံဟောင်းကို ထာဝရစွန့်ကာ တစ်ရေတစ်မြေမှာ တစ်နေရာရှာလျက် တစ်ဘာသာ တစ်သီးတခြား စွန့်စားရတော့မည့် ငှက်လုလင်ပမာတည်း။

တစ်ရေတစ်မြေမှာ တစ်နေရာ ရှာတွေ့လျက် တစ်ဘာသာ စွန့်စားပြီး တစ်သိုက်တစ်မြုံကို အတောင် စုံ၍ ခိုလှုံနားနေ ပျော်ပါးနိုင်ပြန်သော် လူ့ဘဝသံသရာသည် စက်ဝိုင်းပမာ လည်ပြန်ပါပေဦးမည်။ သမုဒယ ကွင်းဆက်ကြောင့် မပျက်လေသော ဤစက်ဝိုင်းတွင် ကျင်လည်လေသရွေ့ လွမ်းခလေ့နှင့် မိုးမြူသို့ ဝေ့ဝေ့မှုန်ကာ အစုန်အဆန် လိုက်ပါလာလေဦးမည်တကား။

ကျွန်တော်သည် ထူးဆန်းစွာ ရင်၌ပေါ်လာသော အဘိဓမ္မာအတွေးဖြင့် ဖေဖေ့ကို ကြည့်မိသည်။ မေမေ့ကို ကြည့်မိသည်။ ဒေါ်လှယဉ်၊ ကြိုင်၊ ခိုင်နှင့် ငြိမ်းမောင်တို့ကိုလည်း ကြည့်မိသည်။

ဆံပင်ဆွတ်ဆွတ်ဖြူလျက် ခါးကိုင်းနေသော ဖေဖေတစ်ယောက်သည်သာ ခါတိုင်းကဲ့သို့ပင် ဆေးပြင်းလိပ်ခဲလျက် အေးချမ်းတည်ကြည်စွာ ဆုံးမမှာကြားသည်။

" မောင့်ကို ဖေဖေ ကလေးတစ်ယောက်အဖြစ်နဲ့ပဲ ကြည့်နေခဲ့တယ်။ ဒီနေ့ကစ,ပြီး လူကြီးတစ်ယောက် အဖြစ်နဲ့ မှတ်လိုက်တော့မယ်။ မောင့်ကို ဖေဖေ မှာချင်တာက အမျိုးကို စောင့်ထိန်းပါ၊ အမျိုးဂုဏ်ကို မဖျက်ပါနဲ့၊ အမျိုးကိုလည်း ဆက်ပါ။ အဲ ... သားကို ဖေဖေ ပြောခဲ့တဲ့ စကားတစ်ခုကို ပြန်ပြင်ရဦးမယ် ..."

ကျွန်တော်သည် ဖေဖေ့ကို စူးစမ်းစွာ ကြည့်မိ၏။ ဖေဖေကသာ သူ့ဘာသာသူ ဘာသဘော ကျသည်မသိ၊ အားရပါးရ ပြုံးလိုက်ပြီးမှ စကားဆက်သည်။

" သား ... အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ရမှ ဖေဖေ သေမယ်လို့ ပြောခဲ့တာလေ။ ဖေဖေ မသေ သေးဘူး။ သေလည်း မသေချင်သေးဘူး ..."

ကျွန်တော်က ဖေဖေ့လက်ကို ဆုပ်ညှစ်၍ ပြောမိသည်။

" ဖေဖေ မသေပါဘူး။ မသေနိုင်သေးပါဘူး "

ဖေဖေက ကျေနပ်စွာပြုံးသည်။

" ဟုတ်တယ်၊ ဖေဖေ မသေနိုင်သေးဘူး။ သေမှာလည်း မဟုတ်သေးဘူး။ သေလည်း မသေချင် သေးဘူး။ ပြီးတော့ ဖေဖေ့မှာ မောင့်အတွက် နောက်ဆုံးတာဝန်တစ်ခု ကျန်နေသေးတယ် "

ကျွန်တော်က ဖေဖေ့ကို တစ်ချက်ပြန်ကြည့်မိသည်။ ဖေဖေက လေးနက်တည်ကြည်စွာ ဆက်ပြော၏။

" ဖေဖေ ဘာတာဝန်ကျန်နေတယ်ဆိုတာ မောင် စဉ်းစားမိပါလိမ့်မယ်။ အဲဒီတာဝန်နေရာမှာတော့ ဖေဖေ အာဏာ မသုံးချင်ဘူး။ ကိုကို့တုန်းကလည်း ဖေဖေ မသုံးခဲ့ဘူး။ ဒါပေမယ့် သားရွှေအိုးထမ်းလာတဲ့ ကိန်းကိုတော့ ဖေဖေ မြင်ချင်တယ်။ တောင်ကြီးကို ရောက်ပြီးရင် သား ပိုသဘောပေါက်ပါလိမ့်မယ် "

www.burmeseclassic.com



ဖေဖေက အဓိပ္ပါယ်လေးနက်သော မျက်လုံးများဖြင့် ကျွန်တော့်ကို ကြည့်နေသည်။ ကျွန်တော်က မေမေ့ဘက်သို့ လှည့်ကြည့်နေသည်။ ကျွန်တော့်မေမေက ထုံးစံအတိုင်း ဖေဖေ့စကားကို ထောက်ခံကြောင်း ပြုံး၍ခေါင်းညိတ်ပြသည်။

ကျွန်တော်သည် ဖေဖေနှင့် မေမေ မသိအောင် သက်ပြင်းကို ခိုးရှိုက်ပြီး ပြုံးလျက်က ကတိပေးသည်။

" ဖေဖေနဲ့ မေမေ ဆိုလိုတာကို မောင် သဘောပေါက်ပါတယ်။ ဖေဖေပြောသလို သားရွှေအိုး ထမ်းလာတဲ့ ကိန်းဟာလည်း ဆိုက်ပါလိမ့်မယ် ထင်တယ် ဖေဖေနဲ့ မေမေ "

ဖေဖေ၊ မေမေနှင့် ကျွန်တော်တို့ သုံးဦးစကားပြောနေကြသည်ကို လွတ်လပ်စေရန် အခြားသူများက ခပ်လှမ်းလှမ်းတွင် အလိုက်သိစွာ ရပ်နေကြ၏။ ဖေဖေက စ၍ ကျွန်တော့်အနီးမှ ခွာသောအခါ ငြိမ်းမောင်က ကပ်လာသည်။

သူ့မျက်နှာက ပြုံးရွှင်နေ၏။ သူ့မျက်လုံးများကလည်း တောက်ပနေသည်။ ကျွန်တော့်လက်ကို အားရပါးရ လှုပ်ယမ်းရင်း ဆိုသည်။

" မောင်ရာ မင်းသိပ်ဟုတ်တာပဲ။ သိပ်ကိုဟုတ်တာပဲ။ မင်းဖြစ်ချင်တာတွေဟာ အကုန်ဖြစ်လာပြီ။ မင်းလုပ်တာတွေကိုလည်း အကုန်လုပ်ရတာပဲ၊ မင်းဖြစ်ချင်တာဟာ ဆရာဝန်ကြီးဖြစ်ပြီး၊ မင်းလုပ်ချင်တာဟာလည်း ပြည်သူတွေကို အကျိုး ပြုတဲ့ လုပ်ငန်းမို့ ငါ သိပ်ဂုဏ်ယူတယ် သိလား "

ငြိမ်းမောင်သည် ကျွန်တော့်အတွက် အမှန်တကယ်ပင် ဂုဏ်ယူဝမ်းသာနေကြောင်း ထင်ရှားသည်။ ကျွန်တော်ကသာ ချိုင်းထောက်ကြီးနှင့် သူ့ကို အမှတ်ပြုမိ၏။ သူဝမ်းသာသမျှ ကျွန်တော်က စိတ်ထိခိုက်မိသော်လည်း သူ့နည်းတူ ပျော်ရွှင်လျက် စကားပြန်ရသည်။

" ငါ့အတွက် မင်း ဂုဏ်ယူဝမ်းသာတယ်ဆိုတာ ငါ ယုံပါတယ် ငြိမ်းမောင်။ အမှန်ကို ပြောရရင် မင်းအတွက် ငါက ပိုဂုဏ်ယူဝမ်းသာရလိမ့်မယ် ထင်တယ် "

ငြိမ်းမောင်၏ မျက်နှာသည် အလွန်သတိထားမိမှ မြင်ရံ့ ညိုကနဲတစ်ချက်ဖြစ်သွား၏။ သို့ရာတွင် လျှပ်တစ်ပြက်မျှ အတွင်းတွင် သူက အားရပါးရရယ်ပြီး ကျွန်တော့်ပုခုံးအား ပုတ်လျက်ဆို၏။

" ဟား … ဟား … ဟား … မောင် … မင်းက လူတစ်ဖက်သားကို စိတ်ချမ်းသာအောင် အားကြီး ပြောတတ်တယ်။ ဒါကြောင့်လည်း မင်းကို ငါ ချစ်တာ။ အေး … ငါ စိတ်ချမ်းသာပါတယ် သူငယ်ချင်း။ တို့တွေအားလုံးဟာ ကိုယ့်တာဝန် ကိုယ်ကျေကြတာမို့ ရှေ့ဆက် စိတ်ချမ်းသာကြဦးမှာပါကွာ။ ဟုတ်လား "

ကျွန်တော်သည် ခိုင့်ကို လှမ်းကြည့်မိ၏။

ခိုင့်အမူအယာသည် ငူငူငိုင်ငိုင်နိုင်သည်။ နှုတ်မှာနည်း၍ ပြုံးရိပ်မဝဲ၊ တဖျတ်ဖျတ်လှုပ်ရှားနေသည်မှာ ခိုင့်မျက်တောင်ကော့များသာ ဖြစ်လေသည်။

ကျွန်တော်သည် ရှေးယခင်က ကျွန်တော်တို့ စစ်ကိုင်းသို့ ပြောင်းရွှေ့ကာနီးစဉ်က ခိုင်၏ အလားတူ အမူအယာလေးကို သွားသတိရမိ၏။

ရင်၌ ခံစားမှုရှိနေသော်လည်း ကျွန်တော်သည် ပြုံး၍ အမှတ်မထင်ဟန်နှင့် ထုံးထမ်းစဉ်လာ မေးရိုးမေးစဉ်မျိုးကို မေးရ၏။

" ခိုင်ရော … လှိုင့်ဆီ ဘာမှာဦးမလဲ "

ခိုင်သည် ငွေ့ငွေ့ပြုံးလျက် " အထူးမှာစရာ မရှိပါဘူး "ဟု တိုးတိုးနှင့် လေးလေး ဖြေသည်။

" ဒါဖြင့် မောင်က ကတိတစ်ခုပေးမယ်။ ချယ်ရီပန်းတွေပွင့်ရင် ခိုင့်ဆီ စာအိတ်ထဲထည့်ပြီး ပို့ပေးမယ် … ဟုတ်လား "

ကျွန်တော်က ရယ်ရွှင်ဖွယ် နောက်ပြောင်သော်လည်း ခိုင်က တည်တည်လေး စကားပြန်၏။

" ခိုင့်ဆီရောက်တော့ မောင့်ချယ်ရီက နွမ်းရောပေါ့ "

ကျွန်တော်၏ ရယ်နေသောပါးစပ်မှာ ပိတ်သွားမိ၏။ ဘာစကား ဆက်ဆိုရမှန်း မသိတော့။

www.burmeseclassic.com



ငြိမ်းမောင်ကသာ သူ့အယူအဆနှင့်သူ ဝင်ပြောသည်။

“ ခိုင်ကလည် ... သစ်ရွက်ဝါလေးတွေကိုတောင် ချစ်သေးတာပဲ။ ပန်းအနွမ်းက ဝါပေမယ့် အနံ့ကျန်သေးတော့ ပိုသာတာပေါ့ ...။ မဟုတ်လား မောင် ”

ငြိမ်းမောင်က သူ့စကားသူ ပြန်သဘောကျ၍ ရယ်နေသောကြောင့် ကျွန်တော်ကပါ လိုက်ရယ်သည်။ ခိုင်ကမူ လိုက်မရယ်။

ကြိုင်နှင့် ဒေါ်လှယဉ်က တောင်ကြီးမြို့သို့ မရောက်ဖူးကြသေးကြောင်း၊ အင်းလေးဆုတောင်းပြည့်ဘုရားကို ဖူးမြော်လိုကြကြောင်း၊ လာမည့်နွေ၌ တက်လာခဲ့ကြမည့်အကြောင်း စသည်တို့ကို လူကြီးများပီပီ ပြောကြ၏။

ညနေသုံးနာရီ၌ ကွမ်းခြံဘူတာကြီးမှ ရထားထွက်လာသောအခါ မိုးတို့ မည်းမှောင်နေ၏။ ပဲခူးကွင်းသို့ ရောက်ချိန်တွင်မူ မိုးသည် သည်းသည်းမည်းမည်း ရွာချနေလေပြီတကား ...။

ကျွန်တော့်အာရုံတို့မှာ ထွေပြားနေ၍ စိတ်တို့က လှုပ်ရှားနေသည်။ လှုပ်ရှားသောစိတ်ကို အလိုလိုက်လေလွင့်စေလျက် ပြတင်းမှ ငေးရင်း လိုက်ပါလာခဲ့၏။

ကျွန်တော်သည် နှစ်ယောက်အိပ်ခန်း၌ လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ ပဲနွယ်ကုန်း၌ သူပုန်ဗုံးကြောင့် ရထားကြီး တိမ်းမှောက်ရသည့်အရှိန် မပြေတတ်သေးသဖြင့် ညရထားစီးသူ နည်းရကား ကျွန်တော့်အခန်းတွင် ကျွန်တော် တစ်ယောက်တည်း ရှိသည်။

ကိုယ်ရေးကိုယ်တာဆီမှ အတွေးတို့သည် တိုင်းရေးပြည်ရာသို့ ရောက်လာခဲ့၏။

လွတ်လပ်ပြီး လသားရရုံအချိန်က စ,ထခဲ့သော သူပုန်သူကန် ရန်က မအေးသေး။ မြို့ပေါ်ရှိ နိုင်ငံရေးပါတီတို့ ကွဲပြဲနေကြရုံသာမက အာဏာရပါတီထဲတွင်ပင် ဦး–ဗိုလ်–သခင်ဟူ၍ အချင်းချင်း ထပ်ဆင့်ကွဲနေကြသေးသည်။

ရှေးစဉ်က ဤပဲခူးကွင်း၌လည်းကောင်း၊ ဆက်လျက်ရှိသော တောင်ငူနယ်ရှိ တောတောင်များ၌လည်းကောင်း၊ ကွဲပြဲမှု၏ အကျိုးကြောင့် တိုင်းရင်းသားအပေါင်းတို့၏ သွေးတို့ မြေဝယ် အကြိမ်ကြိမ် ကျပြီးလေပြီ။ ပဒေသရာဇ် ... ဧကရာဇ် လူ့ဘောင်ဆိုသည်မှာ ရာဇပလ္လင်ကို သွေးနှင့်ဆေး၍ မြို့နန်းကို အသက်နှင့်တည်ဆောက်ရရိုး ဓမ္မတာမို့ အဆန်း ဟူ၍ မဆိုသာ။ သို့ရာတွင် သမိုင်းအရ မဝေးလှသေးသော တစ်ချိန်က လူ့ဘောင်သစ်ကို ရည်မျှော်သော တိုင်းရင်းသား ရဲဘော်များ၏ အသက်သွေးတို့သည် ဖက်ဆစ်စနစ်ကို တော်လှန်ရင်း ဤမြေကို ကြည့်နိုင်၍ စကားဆိုနိုင်ပါလျှင် တမလွန်ဘဝမှ ကျွန်တော့်ရဲဘော်များသည် ဘာပြောကြမည်နည်း ...။ မတိတ်တမ်း နှစ်ကိုယ်ယှဉ်ပြိုင် ငိုချင်စမ်းပါဘိလေးဟု ဆိုကြလေမည်လော မပြောတတ်။

ကျွန်တော် ယခု ရှေ့ရှုသွားနေသော ရှမ်းတို့ဌာနေဆီ၌လည်း ပဒေသရာဇ်တို့၏ နောက်ဆုံးမီးတောက်သည် ဖက်ဒရယ်မှ ပုံစံနှင့် အလျှံကုန်ထနေလေ၏။

ကျွန်တော့်အတွေးတို့က မဆုံး။ အတွေးမဆုံးမီ ပဲခူးဘူတာသို့ ရောက်လာခဲ့သည်။

အစားကို အချိန်မှန်စားသူ ဖြစ်သောကြောင့် ကျွန်တော်သည် ပဲခူးမှ အထွက်၌ စားသောက်ခန်းထဲတွင် ညစာ သွားစားသောက်သည်။

အခန်းသို့ ပြန်ရောက်သောအခါ ကျွန်တော်သည် လန်ဒန်၌ ရှိစဉ်က စုဆောင်းရရှိထားခဲ့သော ဆိုဗီယက် ဆေးပညာဂျာနယ်များကို ထပ်မံဖတ်ရှုသည်။

စဝ်စံထွန်းဆေးရုံကို အများပြည်သူများက ရှရှားဆေးရုံကြီးဟု ခေါ်နေကြသည်။ နာမည်အမှန်မှာ ပြည်ထောင်စု၏ အာဇာနည်ကြီးတစ်ဦးဖြစ်သည့် **မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း**ကို ဂုဏ်ပြုထားသော **စဝ်စံထွန်းဆေးရုံကြီး** ဟူ၍သာ ဖြစ်သတည်း။

www.burmeseclassic.com



စဝ်စံထွန်းဆေးရုံကြီး၌ ဆိုဗီယက်ဆရာဝန်ကြီးများနှင့် တွဲဖက်လုပ်ကိုင်ရမည် ဖြစ်သောကြောင့် ဆိုဗီယက် ဆေးပညာဂျာနယ်များကို ကျွန်တော် ပြန်လည်ဖတ်ရှုခြင်း ဖြစ်လေသည်။

ဂျာနယ်တို့၌ စိတ်ဝင်စားသွားသဖြင့် ညဉ့်ဆယ့်တစ်နာရီထိုးမှ မျက်လုံးများက စင်းကျလာသည်။

အမှန်မှာ မနေ့ညက စောစော အိပ်ရာဝင်ခဲ့သော်လည်း မိုးလင်းခါနီးမှ အိပ်ပျော်ခဲ့သည်။ ယခုမူ အိပ်ချင်ခြင်းကို တားမရ။

ကျွန်တော် စီးလာသောတွဲမှာ ရွှေညောင်အထိ တိုက်ရိုက်တက်လိုသူများအတွက် သတ်မှတ်ပေး ထားသောတွဲ ဖြစ်လေရကား သာစည်တွင် ရထားကူးပြောင်းရန် မလို။ ထို့ကြောင့် ကျွန်တော်သည် မီးများကို ပိတ်ပြီး စိတ်ချလက်ချ အိပ်ပစ်လိုက်သည်။

ကျွန်တော် နိုးသောအချိန်၌ အရှေ့ဘက်တွင် ရောင်နီဦးတို့ ပျို့လာလေပြီ။ တွဲကို ရွှေညောင်တက်မည့် ရထားနှင့် ဆက်ပြီးကြောင်း တွေ့ရသဖြင့် မိမိကိုယ်မိမိ မည်မျှအိပ်မောကျသွားကြောင်း သိရ၏။

မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး နံနက်စာကို တစ်ဝစားသည်။ ကျွန်တော့်အခန်းသို့ ပြန်ရောက်ပြီး မကြာမီ ရထား စ,ထွက်တော့၏။

မိုးစင်စင်လင်းချိန်၌ ရထားသည် စိမ်းလန်းစိုပြည်သော ကမ္ဘောဇ၏ တောင်တန်းများကို စတင် တက်စပြုလေပြီ။

နံနက်ခင်း၏ ရောင်ခြည်တို့က ကျွန်တော့်စိတ်ကို ကြည်လင်စေသည်။ သစ်နံ့၊ တောနံ့၊ တောင်နံ့၊ မွှေးပျံ့သော လေချိုက ကျွန်တော့်ရင်ကို အေးမြစေသည်။

ဥရောပတစ်ခွင်ကို အတော်ပင် နံ့စပ်အောင် ရောက်ဖူးခဲ့သော ကျွန်တော်သည် မြန်မာပြည် ဒေသ တိုင်းဆီ မရောက်ဖူးခဲ့သေး ...။ ရေးက စာ၌ ဖတ်၍ လွမ်းခဲ့ရသော ရှမ်းတောင်မြင့်ဆီ ယခု ကျွန်တော် ရောက်ခဲ့ပြီ။

ဆန်းသစ်သမျှ သာယာသော ရှုခင်းအထွေထွေကြောင့် ကျွန်တော်သည် စိတ်ရောလူပါ လန်းဆန်း လာ၏။

ခရီးသွားတိုင်း လူတို့၏ ဓမ္မတာမှာ ပန်းတိုင်ဆီ အမြန်ရောက်လိုဇောရှိသည်။ ရှမ်းပြည်နယ်သို့ တက်ရသောအခါမူ ဤဓမ္မတာဇော မရှိ။ တောတိုင်းသည် တင့်ရှုန်း၍ တောင်တိုင်းသည် အံ့ဘနန်းရှိ၏။ လမ်းသည်ပင် စခန်းမည်အောင် လွမ်းချင်ဖွယ်ရှိနေ၏။

ကလောအဝင်ဝမှ စ၍ ပျံ့သင်းသောရနံ့တို့ဖြင့် ထင်းရှူးတောများက ဆီးကြိုသည်။ ဗိုလ်မှူးကြီးဗထူး ခေါင်းချခဲ့ရာ မြေဖြစ်သော အောင်ပန်းအထိ တောင်ကုန်းမို့မို့တို့ထက် ထင်းရှူးတောများသည် မပြတ်ဘဲ ပေါ်ပေါ်လာတတ်၏။

ဟဲဟိုးလွန်၍ တောင်တန်းမြင့်မှ ဆင်းလာသောအခါ စိမ်းစိုကျယ်ပြောသော ညောင်ရွှေလွင်ပြင်ကို ဘွားကနဲ တွေ့ရ၏။

နေ့လယ် တစ်ချက်တီးကျော်ကျော်၌ ရထားကြီးသည် မောဟိုက်ပင်ပန်းစွာ ရွှေညောင်ဘူတာသို့ ဝင်ခဲ့၏။

ကျွန်တော်က ပြတင်းမှ ထွက်၍ ဘူတာဆီသို့ လှမ်းမျှော်ကြည့်မိသည်။ ဘူတာ၌ သက်ဆိုင်ရာ ခရီးသည်တို့ကို လာရောက်ကြိုဆိုနေသူတို့ အတန်များနေ၏။ သို့ရာတွင် ပရိသတ်တို့ကြား၌ ထင်ရှားလှသော လှိုင်၏အသွင်ကို ခဏမှာပင် တန်းမြင်ရသည်။

"လှိုင်ရေ ... အစ်ကိုမောင် ဒီမှာ ..."

ကျွန်တော်က လက်ပြနှုတ်ဆက်ရင်း အော်ပြောသည်။

လှိုင်သည် ရုတ်တရက်သော် အံ့သြဟန် ကျွန်တော့်ကို စိုက်ကြည့်နေသေးသည်။ ခဏတွင်မူ ကလေးငယ်တစ်ဦးပမာ ပေါ့ပါးရွှင်မြူးစွာ ပြေးကပ်လာ၏။

www.burmeseclassic.com



" ကြည့်စမ်း ... လှိုင်က လှမ်းကြည့်နေတာ ကြာလှပြီ။ အစ်ကိုမောင်ကြီးက ရုပ်ပြောင်းနေတော့ ရုတ်တရက် လှိုင် ဘယ်မှတ်မိမလဲ "

ကျွန်တော်က သဘောကျစွာ ရယ်မောမိသည်။

" လှိုင်လည်း ရုပ်ပြောင်းနေတာပါပဲ။ ဒါပေမယ့် အစ်ကိုမောင်က မှတ်မိပါတယ်။ ဟိုတစ်ခါတုန်းကလို လှိုင့်ကို အစ်ကိုမောင် လူမမှားပါဘူး ..."

လှိုင်က သူ့သွားဖြူဖြူလှလှလေးများ ပေါ်သည့်တိုင်အောင် ကျေနပ်စွာရယ်သည်။

" လူမှားစရာမှ ဒီမှာ မရှိဘဲကိုး ...။ ဘယ်လိုလုပ် မှားမလဲ၊ ဟွန်း ... သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး "

လှိုင်က ပြုံးစူစူ ပြောသည်။ သို့ရာတွင် ရယ်ရွှင်ပြဝန်းသော မျက်လုံးများက တလဲ့လဲ့ လွင်နေ၏။

" ဩော် ... လှိုင်ရယ် အစ်ကိုမောင်က တကယ်ပြောတာပါ။ နောက်ကို ဘယ်တော့မှ လူမမှားတော့ဘူး သိလား "

လှိုင်က ရယ်ရင်း မျက်စောင်းလေး မပီ့တပီ ထိုးသည်။

" ကဲပါ ... နောက်မှပြော၊ လှိုင်လည်း အစ်ကိုမောင့်ကို ရန်တွေ့စရာ အများကြီးရှိသေးတယ်။ အခု ပစ္စည်းတွေ ချရအောင်။ လှိုင် အမ်အက်(စ်) (ဆေးရုံအုပ်ကြီး)ကား ဆွဲလာတယ် "

ပြောပြောဆိုဆိုနှင့် လှိုင်သည် သွက်လက်စွာ ရထားတွဲပေါ်သို့ တက်လာခဲ့သည်။ လှိုင်နှင့်အတူ ဆရာဝန်မလေးနှစ်ဦးနှင့် ဆရာဝန်လေးတစ်ဦး ပါလာကြ၏။

ကျွန်တော့်တွင် ပစ္စည်းများများ မပါသဖြင့် တစ်ယောက်တစ်လက် ဆွဲယူနိုင်ကြသည်။ လေးလံသော စာအုပ်သေတ္တာ တစ်လုံးအတွက်သာ အလုပ်သမားနှစ်ဦး ခေါ်ရ၏။

လှိုင် ယူခဲ့သော ကားကြီးမှာ ကောင်ဆယ်(လ်) အမျိုးအစား ကားကြီးဖြစ်သည်။

ဆရာဝန်မလေးတစ်ဦးနှင့် ဆရာဝန်လေးမှာ ညားခါစ ဇနီးမောင်နှံဟု သိရသည်။ ပစ္စည်းများ တင်ပြီးသောအခါ သူတို့မောင်နှံနှင့် အခြားဆရာဝန်မလေးက နောက်ခန်း၌ တက်ထိုင်ကြ၏။

လှိုင်က ကားရှေ့ခန်းတံခါးကို ဖွင့်ပေးပြီး " တက်လေ အစ်ကိုမောင် "ဟု ဆိုသည်။

" နေပါဦး ဒရိုင်ဘာက ဘယ်မှာလဲ "

လှိုင်သည် ပြုံး၍ သူ့ကိုယ်သူ ညွှန်ပြပြီး ဖြေသည်။

" ဒရိုင်ဘာက လှိုင်ပေါ့ ...။ ဒီမှာ ဆရာကြီး ရွှေညောင်ကနေ တောင်ကြီးအထိ လူတစ်ယောက် သုံးကျပ် ယူတယ်။ ပစ္စည်းက နည်းနည်းများတော့ နှစ်ကျပ်ပိုပေးရမယ်နော်၊ ဈေးမဆစ်နဲ့ ...။ ကျေနပ်မှလိုက်၊ ဘယ့်နှယ်လဲ "

လှိုင်၏ ပြောဟန်လေးကြောင့် ကျွန်တော်သည် အားရပါးရ ရယ်မိသည်။

" လှိုင်ကိုယ်တိုင် မောင်းမလို့လား။ ပေးပါ ... အစ်ကိုမောင် မောင်းပါ့မယ် "

" နိုး ... နိုး ... မမောင်းဖူးတဲ့လမ်း မမောင်းရဘူးလေ။ ကဲပါ ... တက်စမ်းပါ။ လှိုင် တကယ် ကားခ မယူပါဘူး။ စေတနာယာဉ်ပါရှင် "

ကျွန်တော်သည် ဆက်လက်ရယ်မောပြီး ဘာမျှမပြောတော့ဘဲ ရှေ့ခန်းတွင် ဝင်ထိုင်သောအခါ လှိုင်က ကားကို မောင်းထွက်ခဲ့၏။

မိုးမရွာသော်လည်း တိမ်အုံ့၍ ရာသီမှာ အနည်းငယ် စိမ့်ချမ်းသည်။

ကားသည် ကွေ့ကာပတ်ကာနှင့် တောင်တန်းကို တက်လာ၏။

ကျွန်တော်သည် သိမ်မွေ့ညင်သာ ကျင်လည်စွာဖြင့် ကားမောင်းသူ လှိုင့်အား ကြည့်မိသည်။

အပြာရင့်ရောင်ပွင့်ရိုက် စိမ်းပြာနုအသွေး ပိုးပျော့ထဘီ၊ အင်္ကျီဖြူ၊ အင်္ကျီဖြူပေါ်၌ မီးခိုးရောင်ဖျော့ဖျော့ ရင်ခွဲဆွယ်တာ လက်တိုလေးကို ဝတ်ထား၏။ ဖြူဝင်းသွယ်ရှင်းသော လည်တိုင်လေးတွင် ရွှေဆွဲကြိုးမျှင်မျှင်

www.burmeseclassic.com



တစ်သွယ်ကို ဆင်ထား၏။ အရိုးအဆစ်မထင် လုံးဝန်းပြေပြစ်သော လက်ကလေးတွင် အနက်ရောင်ကြိုးတပ် ရွှေရောင်လက်ပတ်နာရီလေးကို ပတ်ထား၏။

ကျွန်တော်က စကားမပြောဘဲ ငြိမ်လျက်ပါလာသောကြောင့် တစ်ချက်လှည့်ကြည့်သော လှိုင့်မျက်လုံး များနှင့် ကျွန်တော့်မျက်လုံးများ ခေတ္တဆုံမိကြ၏။

" အစ်ကိုမောင် ... လှိုင့်ကို ဘာလို့ကြည့်ရတာလဲ "

" ဩော် ... လှိုင်ရယ် ...။ လှိုင်က အပျိုကြီးဖားဖားဖြစ်ပြီး လှနေလို့ပါ ..."

" ကြည့်စမ်း ... အစကတော့ လှိုင်က မလှဘူးပေါ့ ဟုတ်လား "

" ဟောဗျာ ... အကျကောက်နေပြန်ပြီ။ အစကလည်း လှိုင် လှပါတယ်။ ဒါပေမယ့် ရှမ်းပြည်နယ် ရောက်နေလို့လား မသိဘူး။ လှိုင်က အခု ပိုလှနေတယ်။ အစ်ကိုမောင်က အဲဒါ ပြောတာ ..."

လှိုင်၏ မျက်လုံးပြာလဲ့လဲ့များက စေ့လှန်လျက် ကျွန်တော့်ကို ကြည့်သည်။ ပြုံးရင်း သူ့ရွတ်နေကျ စကားကိုပင် ဆိုလိုက်ပါ၏။

" သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး ..."

❑

မှန်ပါ၏။ မောမြေခုံမြင့် ရှုတိုင်းတင့်သော ထင်းရှူးနှင့် ချယ်ရီမြို့တော်သည် ကျွန်တော့်အပေါ် ရောက်စဦးကပင် ဖော်ရွေနှစ်လိုစွာ ခင်မင်မှုဖြင့် ကြိုဆိုခဲ့ပါ၏။

ကျွန်တော် တာဝန်ထမ်းရသော စဝ်စံထွန်းဆေးရုံကြီးသည်ပင် ကျွန်တော့်အတွက် ပျော်ရွှင်ဖွယ်ဌာနကြီး ဖြစ်နေခဲ့ ပါ၏။ တည်နေရာက ရှုခင်းတင့်တယ်သာယာသည်။ အဆောက်အအုံက ခေတ်မီခန့်ညားလှပသည်။ ပစ္စည်းကိရိယာက စုံလင်ပြည့်စုံသည်။

ဆရာဝန်မည်သည်မှာ လူ့အသက်အတွက် ခုခံကာကွယ်ရန် သေမင်းနှင့် စစ်ခင်းရသူများ ဖြစ်ပါ၏။ ဤသို့ စစ်ခင်းရာ၌ အဓိကလက်နက်ဖြစ်သော ဆေးဝါးကိရိယာ တန်ဆာပလာ စုံစုံရသော် ယန္တရားတပ် ကုံကုံလုံလုံနှင့် ရှေ့တန်း စစ်မျက်နှာသို့ ထွက်ရသော စစ်သည်တော်တစ်ဦးကဲ့သို့ပင် ပျော်ရွှင်စိတ်ချခြင်းနှင့် ပြည့်နေ၏။

နေ့စဉ် ကြုံတွေ့နေရသော လူနာများမှာလည်း ချစ်ဖွယ်ရာ ရိုးသားသူများ ဖြစ်ကြသည်။ အသားတို့မှာ ဖြူ၍ အသံတို့မှာ ဝဲသည်။ နှလုံးသားအေးသူများ ဖြစ်ကြသဖြင့် အပြုံးတို့က စင်ကြယ်လှ၏။

ပေါင်းသင်းရသည်မှာလည်း ကိုယ့်ဆရာဝန်၊ ဆရာမချင်းသာ များသည်။ ကျွန်တော်တို့ ဆရာဝန်၊ ဆရာမများကား ထူးခြားသော အသက်မွေးဝမ်းကျောင်းပညာ၏ နှောင်ဖွဲ့မှုကြောင့် အချင်းချင်း စည်းစည်းရုံးရုံး ရှိသည်။ အပြန်အလှန် ရိုင်းပင်းကူညီမှုနှင့် ပွင့်လင်းရင်းနှီးသော ဆက်ဆံရေးသည်လည်း ရှိကြ၏။

ဆရာဝန်၊ ဆရာမချင်းသာမက အခြားသော အစိုးရအမှုထမ်းများနှင့် ပေါင်းသင်းဆက်ဆံရသည် မှာလည်း အဆင်ပြေလှပါ၏။ တောင်ကြီးမြို့သည် ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သောကြောင့် အစိုးရ ဌာနပေါင်းစုံ များလှသည်။ ဌာနပေါင်းစုံ များလင့်ကစား အမှုထမ်း၊ အရာထမ်းအချင်းချင်း ညီညွတ်သင့်မြတ်၍ တစ်ဦးနှင့်တစ်ဦး အထူးရိုင်းပင်းကူညီကြသည်။ မြို့ရွာအရေး၊ သာသနာ ဘာသာအရေးတို့ကိုလည်း စုပေါင်း လက်တွဲ လုပ်ဆောင်ရိုး ရှိကြ၏။

ကျွန်တော်တို့၏ ဆေးရုံအုပ်ကြီးနှင့် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးတို့က စ,၍ မြင့်မြတ်သော ကျင့်ဝတ်ကို စံပြထိန်းသိမ်းကြ၏။ မြို့ကြီးများ၌ ကျွန်တော် တွေ့ဖူးသည်မှာ ဆရာဝန်ကြီးဟုဆိုလျှင် အစိုးရ လုပ်ငန်းအပြင် ကိုယ်ပိုင်ဆေးခန်း ဖွင့်လျက် စီးပွားလမ်း ရှာတတ်ကြ၏။ တောင်ကြီးမြို့၏ ဆရာဝန်ကြီး

www.burmeseclassic.com



များကား ... ဤအကျင့်ကို လုံးဝရှောင်ရှားကြသည်။ သူတို့ဆေးခန်းကား သူတို့၏ ဆေးရုံကြီးများပင် ဖြစ်သည်။ သူတို့ဝင်ငွေကား အစိုးရက ပေးသော လစာသာ ဖြစ်ပါ၏။

" ဆရာဝန်တစ်ဦးအနေနဲ့ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းရင် နေ့ည နားစရာတောင် မရှိဘူး။ ကိုယ်ပိုင်ဆေးခန်းဖွင့် စီးပွားရှာဖို့ အချိန်ဘယ်လိုလုပ်ရမလဲ "

နှုတ်လည်းချို၍၊ အပြုံးလည်းချိုသော ခရိုင်ဆရာဝန်ကြီးသည် ဤသို့ ကျွန်တော့်ကို ရှင်းပြဖူး၏။

သူ ပြောသည်မှာ လက်တွေ့အမှန်ပင် ဖြစ်လေသည်။

တောင်ကြီးမြို့ရှိ မြို့ပြအရာရှိများ၊ ရဲဘက်အရာရှိများ၊ စစ်ဘက်အရာရှိများ၊ လမ်းပန်းဆက်သွယ်ရေး အရာရှိများသည် အခါအားလျော်စွာ ပူးပေါင်း၍ တောင်အောက်ကျေးရွာများသို့ ခရီးထွက်ကြ၏။ ထိုအခါ မျိုးတွင် ကျွန်တော်တို့ ဆေးရုံအုပ်ကြီးနှင့် ခရိုင်ဆရာဝန်ကြီးတို့ ပူးပေါင်း၍ ကျွန်တော်တို့ ဆရာဝန်များလည်း လိုက်ကြသည်။

ကားနှင့် သွားနိုင်သော နေရာများလည်း ရှိသည်။ တစ်တောင်ကျော် တစ်တောင်တက်၊ တစ်ရွာဝင် တစ်ရွာထွက်နှင့် ခြေလျင်သွားကြရသည့် နေရာများလည်း ရှိ၏။ ရောက်လေရာတွင် အခြားအရာရှိများက သူတို့တာဝန်ကို သူတို့ ထမ်းကြသကဲ့သို့ ကျွန်တော်တို့ကလည်း ရွာသူရွာသားများကို ဆေးကုကြသည်။ ဆေးရုံနှင့် ဝေးရာဒေသများဖြစ်သဖြင့် ရောဂါစုံကို တွေ့ကြရသည်။ တစ်ခါတစ်ရံ နေကုန်သည်အထိ ကုကြရ သော်လည်း တက်ညီလက်ညီ စေတနာညီကြသဖြင့် ပင်ပန်း၍ ပင်ပန်းမှန်း မသိ။ ရိုးအ၊ အယူသည်းသူ တောင်ပေါ်ကျေးရွာသားများ ခေတ်မီဆေးပညာကို ယုံကြည်အားကိုး အကုခံသည့်အတွက်ပင် ဝမ်းမြောက်ကြရ သေးသည်။

ဤသို့ လှည့်လည်မိသည့် ကျေးဇူးကြောင့် ဤတစ်သက်တွင် တစ်ကြိမ် ပြန်လည်ဆုံတွေ့ကြရမည် မထင်သူတစ်ဦးနှင့် ကျွန်တော် ပြန်လည်တွေ့ဆုံခဲ့ရပါ၏။

ရှမ်းပြည်နယ်သားတို့၏ ထူးခြားချက်တစ်ရပ်ကား ဘာသာရေးကို အထူးလေးစားကိုင်းရှိုင်းကြခြင်း ဖြစ်သည်။ တစ်ခါတစ်ရံ ချိုင့်ဝှမ်း၊ တောင်စောင်းတို့၌ တွေ့ရသော ရွာကလေးများမှာ ရွာဟူ၍ မဆိုသာ။ အိမ်ခြေ မပြောလောက်။ သို့ရာတွင် ဘုန်းကြီးကျောင်းများကား ဟိန်းနေအောင် ခန့်ညားစွာ ရှိနေ၏။ တစ်ပဲစု၍ တစ်မူးလှူ တို့ရှမ်းတောင်သူ မီနိုင်ရိုးလား ဟူသောစကား၏ မှန်ကန်ခြင်းကို သက်သေထူနေခြင်းပင် ဖြစ်လေသည်။

တစ်ချီတွင် ကျွန်တော်တို့သည် ဟိုပုံးနှင့် ဆီဆိုင်ကြားရှိ ပွန်ချောင်းဘက်သို့ ခရီးထွက်ခဲ့ကြသည်။ ဟိုပုံးမှ သုံးဆယ့်ငါးမိုင်အကွာ ဆီဆိုင်မရောက်မီ ဆယ့်နှစ်မိုင်ခန့်၌ **ဆိုင်းစောင်ရွာ**ရှိသည်။ ဆိုင်းစောင်မှ လမ်းခွဲ၍ ပွန်ချောင်းအရောက် မိုင်နှစ်ဆယ်ခန့် ဆက်သွားရသေးသည်။

လမ်းအရေးပိုင် ဦးမြင့်သောင်းတို့တစ်သိုက်က ပွန်ချောင်းတံတား ဆောက်လုပ်ရေးအတွက် အလုပ်များ နေခိုက် ကျွန်တော်တို့က ပတ်ဝန်းကျင်ကျေးရွာများသို့ လှည့်လည်ကြသည်။

တောင်ကုန်းတစ်ခုထက်မှ ငုံ့ကြည့်လိုက်သောအခါ ချိုင့်ဝှမ်းမြေပြင်၌ ဘုန်းကြီးကျောင်း တစ်ကျောင်းကို ဆီးမြင်ရသည်။

ကျွန်တော်သည် ဘုန်းကြီးကျောင်းဆီသို့ ရှေ့ရှုသွားကြသည်။ လမ်းမသိသဖြင့် ယောင်လည်လည် ဖြစ်နေကြပြီးနောက် စမ်းချောင်းလေးတစ်ခုဘေးရှိ မြေလမ်းလေးအတိုင်း လိုက်လာခဲ့ကြ၏။

အထက်ရှေ့တူရူမှ ရင်ဆိုင်လျှောက်လာကြသော ကိုရင်လေး သုံးပါးကို တွေ့ရသဖြင့် ကျွန်တော်က အရင်မေးမိ၏။

" ကိုရင် ... ဒီဘက်ကိုသွားရင် ဘယ်ရောက်မလဲ ... ရွာရောက်မလား ..."

ကိုရင်နှစ်ပါးမှာ မြန်မာစကား ကောင်းစွာတတ်ပုံမရ။ အဖြေမပေးဘဲ ကျွန်တော့်ကို ကြည့်၍ ရယ်နေသည်။ အကြီးဆုံး ကိုရင်တစ်ပါးကသာ အသံဝဲဝဲနှင့် ဖြေ၏။

www.burmeseclassic.com



" အဲဒီသွားရင် လူသေကုန်း ရောက်မယ် ..."

ကိုရင့်စကားကို နားမလည်သော ကျွန်တော်က ပြန်မေးရ၏။

" လူသေကုန်းဆိုတာ ဘာလဲ ကိုရင် ..."

ကိုရင်သည် ဘာပြန်ဖြေရမှန်း မသိဟန် ကျွန်တော့်ကို ပြန်စိုက်ကြည့်နေ၏။

ကျွန်တော့်အနီးတွင်ရှိနေသော ဗိုလ်ကြီးအုန်းရွှေက ရယ်ရင်း ဝင်ရှင်းပြ၏။

" ဟား ... ဟား ... ဆရာကလည်း ကိုရင်က ရှင်းရှင်းပြောတာ နားရှုပ်နေပြန်ပြီ၊ လူသေကုန်းဆိုတာ သင်္ချိုင်းကုန်းကို ပြောတာပေါ့ "

ထိုအခါမှ ကျွန်တော် သဘောပေါက်သွားသည်။ သင်္ချိုင်းကို လူသေကုန်းဟု ခေါ်ပုံကိုလည်း နှစ်ခြိုက်သဘောကျမိ၏။

" ကိုရင်က ဒါဖြင့် လူသေကုန်းက လာတာပေါ့ ...။ အဲဒီမှာ ကျောင်းရှိသလား "

ကိုရင်က ကျွန်တော့်ကို မျက်မှောင်ကြုတ်၍ ကြည့်ပြီးမှ ဖြေသည်။

" ကျောင်းက ဟိုအောက်ထဲမှာ အကြီးကြီး ... မမြင်ဘူးလား ..."

" သြော် ... သြော် ... မြင်ပါတယ် ...ဒါပေမယ့် ကိုရင် လူသေကုန်း ဘာသွားလုပ်တာလဲ ..."

" ဆရာတော်ဆီ သွားတာ ..."

" ဆရာတော်ဆီ သွားတာ၊ ဆရာတော်က အဲဒီမှာ ဘာလုပ်နေသလဲ "

" ဘာလုပ်ရမလဲ ... ဘုန်းကြီးအလုပ်လုပ်တာပေါ့ ..."

ကိုရင်သည် ဤသို့ ရှင်းလင်းပြတ်သားစွာဖြေပြီး ကျွန်တော်တို့ကို ကျော်လျက် ဆက်လက်ကြွသွားတော်မူလေ၏။

ကျွန်တော်တို့အသိုက်က ခေတ္တကြောင်ရပ်နေမိသည်။ ထို့နောက် လူသေကုန်းတွင် ဘုန်းကြီးအလုပ်လုပ်နေသည် ဆိုသော ဆရာတော်ကို ဖူးချင်ကြသဖြင့် ဆက်လျှောက်ခဲ့ကြ၏။

တစ်ဖာလုံခန့် လျှောက်မိကြသောအခါ မြေပုံမို့မို့တို့ကြောင့် သင်္ချိုင်းကုန်းမှန်း ထင်ရှားသော လူသေကုန်းသို့ ရောက်လာခဲ့ကြ၏။

လူသေကုန်းအလယ်တွင် တဲအိမ်ငယ်တစ်ခုကို တွေ့ရသည်။ တဲအိမ်ကပြင်စွန်းတွင် ထိုင်ရင်း ... အေးချမ်းငြိမ်သက်စွာ ပုတီးစိပ်နေသော သက်တော် ၅၀ ခန့်ရှိ ရဟန်းတော်တစ်ပါးကို ဖူးတွေ့ရသည်။

ကျွန်တော်တို့သည် မြေပြင်တွင်ပင် ပုဆစ်တုပ်၍ ဦးချရှိခိုးကြသည်။

ဦးချရှိခိုးပြီးနောက် ကျွန်တော်သည် ရဟန်းတော်၏ မျက်နှာကို မော့ဖူးမိသည်။ ထိုခဏတွင်ပင် ကျွန်တော့်နှုတ်မှလည်း အံ့သြဝမ်းသာစွာ ခေါ်မိသွား၏။

" ဦးဇင်း ...၊ ဦးဇင်း မဟုတ်လား ...၊ ဦးဇင်း ဦးပညာသာမိ မဟုတ်လား "

ရဟန်းတော်သည် မျက်လွှာကို ပင့်လျက် ကျွန်တော့်ကို ကြည့်သည်။

" အိမ်း ... မှန်တယ် ...။ ဒကာကကော ... ဘယ်သူလဲ "

ကျွန်တော်၏ ဝမ်းသာခြင်းမှာ အဆုံးမရှိတော့ ...။

" တပည့်တော် မောင်,ပါဘုရား ...။ အရှင်ဘုရားနဲ့ စစ်ကိုင်းကနေ တပ်မတော်ထဲ အတူဝင်သွားခဲ့တဲ့ မောင်ပါ "

ဦးဇင်း၏ မျက်နှာတော်တွင် အပြုံးရိပ် ဝင်သွား၏။ မျက်လုံးတော်များကလည်း အရောင်ဝင်းလာလျက် စကားပြန်တော်မူသည်။

" မောင် ... အလို ... ဟုတ်ပါရဲ့၊ ဦးဇင်း မမှတ်မိဘူးကွယ်။ နို့ အခု ဘယ်ကလာတာလဲ "

" တင်ပါ့ ...။ တပည့်တော် အခု ဆရာဝန်ကြီး ဖြစ်နေပြီ။ တောင်ကြီးက လာပါတယ် ဘုရား့ "

www.burmeseclassic.com



" ဩော် ... အင်း ... အင်း ...။ မောင်က ဖအေ့ခြေရာ နင်းသကိုး။ ဆရာဝန်ဆိုတာ ... သမ္မာအာဇီဝ မည်သကွဲ့။ သာဓုကွယ် ... သာဓု။ အခု ပြန်တွေ့ရတာ ဦးဇင်း ဝမ်းသာတယ်ကွယ် "

" တပည့်တော်က ပိုဝမ်းသာတာပေါ့ ဘုရား။ ဦးဇင်းကို အားလုံးက တော်လှန်ရေးမှာ ကျဆုံးသွားပြီ မှတ်နေကြတာ။ ဦးဇင်း ဘယ့်နှယ် ဒီရောက်နေသလဲ ..."

ဦးဇင်းက အသာအယာ ပြုံးတော်မူသည်။

" ဗိုလ်မှူးကြီးဗထူးတပ်နဲ့ ဒီဘက် ပါလာသပေါ့ကွယ် ...။ တော်လှန်ရေးပြီးတော့ ရဟန်းအောင် ပြန်ဝင်ပြီး ဒီမှာပဲ နေတော့တယ် "

ဦးဇင်းက အေးချမ်းစွာ မိန့်တော်မူသော်လည်း ကျွန်တော်က မကျေမချမ်းနှင့် ရန်တွေ့မိသည်။

" ဟာ ... ဦးဇင်း သိပ်နေနိုင်တာပဲ။ တစ်ခေါက်လောက်ဖြစ်ဖြစ် ပြန်ကြွခဲ့ဖို့ ကောင်းပါတယ်။ တပည့်တော်တို့ အားလုံးက စိတ်မကောင်းဖြစ်နေကြတာ ..."

ဦးဇင်းက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်သည်။ ယခင်က ဦးဇင်း၏ မျက်လုံးများသည် ကြည်လင်တောက်ပြောင်ရွှန်း၍ ရဲရင့်သည်။ ယခု မျက်လုံးတော်များက နက်နဲသိမ်မွေ့ အေးချမ်းသည်။

" ဘာလုပ်ဖို့ ပြန်လာရမလဲ မောင် ...။ ငယ်တုန်းက အလိုက်အထိုက် လောကီဝတ် ကျေပွန်ပြီးပြီ ...။ အခု ... ငါ့ခရီး ... ငါ ဆက်သွားနေတယ် ..."

ဦးဇင်း၏ စကားကြောင့် ရုတ်တရက် ကျွန်တော် ဘာမျှ ဆက်မလျှောက်နိုင်။ အတန်ကြာမှ မေးရသည်။

" ဒါထက် ... ဦးဇင်း ဘယ်မှာ သီတင်းသုံးလဲ "

" ရွာကျောင်းကြီးမှာ တစ်လှည့်၊ ဒီမှာ တစ်လှည့်ပဲ။ ကျောင်းကြီးမှာ သူတို့အတွက် ပရိယတ္တိနဲ့ ပရဟိတအလုပ် ငါလုပ်တယ်။ ဒီမှာတော့ ငါ့အတွက် ငါလုပ်တယ် ..."

ကျွန်တော်တို့အားလုံး ငြိမ်နေမိကြ၏။ ဦးဇင်းသည် ပုတီးကို ပြန်စိပ်ရန်ပြင်ရင်း မိန့်တော်မူသည်။

" ကဲ ... တွေ့ရတာ ဝမ်းသာပါတယ် မောင်။ ပြန်ပေဦးတော့။ ဦးဇင်းမှာ အဓိဋ္ဌာန်လုပ်ငန်း ရှိသေးတယ် "

ဦးဇင်း နှင်ထုတ်သဖြင့် ကျွန်တော့်ရင်မှာ ဆို့သွားမိသော်လည်း ပြန်မလျှောက်သာသောကြောင့် ဝတ်ဖြည့်ဦးချရ၏။

" တပည့်တော်တို့ တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးမှာ ရှိပါတယ် ဘုရား။ ပစ္စည်းလေးပါး ဒါယကာလို့ မှတ်တော်မူပါ "

ဦးဇင်းက ခေါင်းညိတ်သည်။

" အေး ... အေး ... သာဓု ... သာဓု ... သာဓု ... ဦးဇင်း မှတ်ထားပါ့မယ် "

ဦးဇင်းက မျက်လွှာချလျက် ပုတီးဆက်စိပ်သည်။

ကျွန်တော်က ဝမ်းသာခြင်းနှင့် ကြေကွဲမှုတို့ရောသော ရင်ဖြင့် နေရာမှ ခွာခဲ့ရ၏။

ကျွန်တော့်အဖော်များက ဦးဇင်း၏ အကြောင်းကို တစ်ယောက်တစ်ပေါက် မေးကြသည်။ ကျွန်တော်က ဦးဇင်း၏ အကြောင်းကို တစ်ချက်မှလွဲ၍ အကုန်ပြောပြသည်။

ကျွန်တော် မပြောဘဲ ချန်ရစ်ခဲ့သော အချက်မှာ လွမ်းဖွယ်ကောင်းသော ဦးဇင်း၏ တေးထပ် အကြောင်းပင် ဖြစ်ပါ၏။

**" ဒီလောကီမှောင်တွင်းတော့၊ ရှောင်ခွင်းလို့ပယ်ပြီ၊**
**သျှောင်ကင်းမဲ့ ကေသီငယ်၊ ဧကစီဆင်မြန်း။**
**သမုဒယ ဝဋ်ကြိုးနှောင်ကို၊ ဖွတ်တိုးပေါင် ဘုန်းမောင့်ရှယ်မှန်း "**

www.burmeseclassic.com



ဤတစ်ကြိမ်တွင်မူ ဦးဇင်းသည် လောကီအမှောင်ကို အမှန်တကယ် ရှောင်ခွင်း၍ ပယ်နိုင်လေပြီ။ သံသရာ ကရွတ်ကင်းကလည်း ဖွတ်အတင်း တိမ်းနိုင်ခဲ့လေပြီ။

မပယ်နိုင်၊ မတိမ်းနိုင်သူတို့အတွက်သာ ငိုကိန်းသည် စိမ်းကားစွာ အခါစောင့်လျက် အခွင့်မျှော်ကာ ရှိနေပါလိမ့်မည်တကား။

...sic.com

www.burmeseclassic.com



## ( ၃၃ ) မဖြောင့်ပျံ့လွင့် နှောင်ကြိုးဝင့်သည်

စဝ်စံထွန်းဆေးရုံကြီးဝင်းအတွင်း၌ ကျွန်တော်ကဲ့သို့ စပါယ်ရှယ်လစ်(စ်)(ထ်) ဆရာဝန်များအတွက် အိမ်မပေးပါ။ တောင်ကြီးမြို့ပေါ်တွင် မိမိဘာသာ အိမ်ရှာငှားနေရသည်။ အိမ်လခကိုမူ အစိုးရက ပေးပါသည်။

ရောက်စတွင် ကျွန်တော်သည် မိတ်ဆွေဆရာဝန်တစ်ဦး၏ အိမ်၌ ခေတ္တနေရသည်။ မကြာမီ ဖေဖေ တက်လာပြီး သူကိုယ်တိုင် စိတ်တိုင်းကျ အိမ်တစ်လုံးကို ရှာဖွေငှားပေးသည်။ အိမ်မှာ အထူးကောင်းမွန်သဖြင့် အစိုးရပေးသောနှုန်းထက် ဈေးပိုမိုကြီးသော်လည်း ဖေဖေက စိုက်ထုတ်အကုန်ခံကာ ငှားပေးခြင်း ဖြစ်လေသည်။

အိမ်လေးမှာ အမိုးစောက်စောက်၊ အုတ်စီ မီးခိုးခေါင်းတိုင်နီနီနှစ်သွယ်နှင့် လှပသော နှစ်ထပ် ကော့တိတ်(ချ်)လေး ဖြစ်သည်။ အခန်းဖွဲ့စည်းပုံ စနစ်ကျသောကြောင့် လုံလုံခြုံခြုံ နွေးနွေးထွေးထွေးရှိသည်။ မှန်ပြတင်းကြီးများ တပ်ထား သောကြောင့်လည်း အလင်းရောင်ကောင်းကောင်းရသည်။ ရှမ်းကောင်စီလမ်း၏ အပေါ်ပိုင်း တောင်ခြေတွင် တည်ရှိသောကြောင့် လွတ်လပ်အေးချမ်းဆိတ်ငြိမ်သည်။

ခေတ်မီသပ်ရပ်သော မော်တော်ကားဂိုဒေါင်မှာ အိမ်နှင့် တွဲလျက်ရှိသည်။ အိမ်နှင့် မလှမ်းမကမ်းတွင် နှစ်ခန်းတွဲ အိမ်ဖော်အလုပ်သမား တန်းလျားတစ်ခုလည်းရှိ၏။ ခြံဝင်းမှာ အတန်ကျယ်၍ ဂျပန်မျိုးသန့် မြက်ခင်းနှင့် စံပယ်၊ နှင်းဆီ၊ ဒေလီယာတို့ ပွင့်ဖူးနေသော ဥယျာဉ်လည်းပါ၏။ ခြံဝင်းဝ တံခါးဖြူတို့ တစ်ဖက် တစ်ချက်၌ ဖြူဖွေးဖြောင့်တန်းသော ပင်စည်၊ ရှည်သွယ်စိမ်းမြသောအရွက်သို့နှင့် တင့်တယ်လှပသော ယူကလစ်တပ်(စ်) ပင်ပျိုတစ်စုံစီ ရှိကြ၏။

တောင်ကြီးမြို့၏ ကျက်သရေဆောင်ဖြစ်သော တောင်ချွန်းရှိအပ်သည့် တောင်တန်းမြင့်သည် ကျွန်တော့်အိမ်ပေါ် စီးမိုးလျက် တည်ရှိနေသည်။ တောင်ခြေရှိ ထင်းရှူးတောတို့ သင်းရနံ့သည် လေလာတိုင်း မွှေးပျံ့လျက် အိမ်ဆီသို့ လွင့်လာတတ်သည်။

ဖေဖေသည် စိတ်တိုင်းကျအိမ်ကို ငှားပေးထားပြီး ပွန်ချောင်းရှိ ဦးဇင်းနှင့်အတူ သုံးရက်ခန့် သွားနေသည်။ ဦးဇင်းအပေါ် ဖေဖေ သံယောဇဉ်ကြီးသည်မှာ မဆန်း။ ဖေဖေနှင့် ဦးဇင်းမှာ ဖက်ဆစ်ဂျပန်၏ လောကငရဲခန်းတွင် အတူ ခံခဲ့ရဖူးသောသူများ မဟုတ်ပါလော။

ဖေဖေသည် သန်လျင်သို့ ပြန်သွားပြီးနောက် ကျွန်တော့်အိမ်ကို စီမံအုပ်ချုပ်ရန် ကိုမောင်ညိုနှင့် မမေစန်းတို့ကို လွှတ်လိုက်သည်။ ပီယာနိုကြီးအပြင် ဖီးယက်ကားကလေးတစ်စီးကိုပါ ပို့ပေးလိုက်၏။ ဆယ့်သုံးနှစ်သားရှိပြီဖြစ်၍ ခြောက်တန်းရောက်နေသော မမေစန်းနှင့် ကိုမောင်ညိုတို့၏ တစ်ဦးတည်းသော သား " မောင် "လည်း ပါကာ ကမ္ဘောဇ ကောလိပ်၌ ကျောင်းဆက်တက်၏။

ကျွန်တော့်ဘဝမှာ အစစ အဆင်ပြေနေသည်။ ငြိမ်းမောင် ပြောသကဲ့သို့ပင် ကျွန်တော်သည် ဤလောကမှ ထာဝစဉ် " ရ "နေသူ ဖြစ်ပါလေ၏။

တောင်ကြီးမြို့ ရောက်ကတည်းက ကျွန်တော်နှင့် လှိုင်သည် ခွဲမရအောင် တတွဲတွဲ ရှိနေကြသည်။ ငယ်စဉ်ကလေးဘဝမှစ၍ ကျွန်တော့်လက်ပေါ် ကြီးခဲ့သူ လှိုင့်အပေါ် ရှိရင်းစွဲ သံယောဇဉ်သည် ဘဝတူ အလုပ်တူဖြစ်သောကြောင့် ပိုမိုကြီးခဲ့ရ၏။ နွဲ့ဆိုး ဆိုးနိုင်ခွင့်ရှိလျက်က မနွဲ့မဆိုးဘဲ ချစ်စနိုးဖွယ်မှုယာ အကျင့်ကလေးများကြောင့် သနားစိတ်လည်း ပိုခဲ့ရပါ၏ ...။ ပိုခဲ့ရပါ၏။

အေးချမ်းရိုးသားသော တောင်ကြီးမြို့၏ လူမှုပတ်ဝန်းကျင်၌ ထူးထူးဆန်းဆန်း ပျော်ပါးဖွယ် ပွဲလမ်း သဘင်များ မရှိ။

အားလပ်နားနေချိန်တိုင်း လှိုင်နှင့် ကျွန်တော်သည် ရုပ်ရှင်အတူကြည့်ကြသည်။ ကျွန်တော်က ဘဝ သရုပ်ဖော်နှင့် အလွမ်းဇာတ်ကားများကို ကြိုက်သည်။ လှိုင်က ဟာသနှင့် စုံထောက်ကားများကို နှစ်သက်သည်။ တစ်ဦးအကြိုက် တစ်ဦးလိုက်ကြည့်ရာမှ တစ်ဦးကြိုက်သည်ကို တစ်ဦးက နှစ်ခြိုက် လာခဲ့ကြ၏။

www.burmeseclassic.com



ကျွန်တော့်ကားလေး ရောက်ပြီးသောအခါ၌ကား လှိုင်နှင့် ကျွန်တော်အတွက် လည်ပတ်ဖွယ်နေရာ တိုးတိုးလာခဲ့သည်။ ကလောကို ဆင်းသည့်အခါ ဆင်းကြသည်။ နာမည်ကျော် ပင်းတယလိုဏ်ဂူများဆီသို့ ဘုရားဖူးသွားသည့်အခါ သွားကြသည်။ အင်းလေးကန်တော်ဆီကိုမူ မကြာခဏ ရောက်ကြ၏။

ဘယ်မှသွားစရာမရှိလျှင် လှိုင်က ကျွန်တော့်အိမ်သို့ လာ၍ သူတတ်သရွေ့ မှတ်သရွေ့ကို စီမံချက်ကျွေးတတ်၏။ လှိုင့်လက်ရာကို မမေစန်းလက်ရာထက် သာသည်ဟု ကျွန်တော်က မှတ်ချက်ချသော် လှိုင်သည် ထုံးစံအတိုင်း " တော်တော် ပိုတဲ့ အစ်ကိုမောင်ကြီး "ဟု ဆိုလေ့ရှိသည်။

လှိုင်က ဂီတကို ဝါသနာ မပါလှ။ ကျွန်တော်ကမူ ယခုအထိ ဂီတနှင့်ကင်း၍ မနေတတ်သေး။

" ကိုကိုမောင်က ဘာလို့ ဂီတ ဝါသနာပါရတာလဲ "

လှိုင်သည် တစ်ကြိမ်က မေးဖူးသည်။

" ဩော် ... လှိုင်ရယ် ... တစ်ခုခု ဝါသနာပါတာကို ဘာလို့ ဝါသနာပါတယ်လို့ ဘယ်လိုလုပ်ပြောပြနိုင်မလဲ ..."

" မဟုတ်ဘူးလေ၊ ကိုကိုမောင်က ဆရာဝန်ကြီး မဟုတ်လား။ ဆရာဝန်နဲ့ ဂီတဟာ ဆက်စပ်နေတာကို လှိုင် အံ့ဩလို့ပါ "

" ဆရာဝန်နဲ့ ဂီတ ဆက်စပ်နေတာ အံ့ဩစရာ မဟုတ်ဘူး လှိုင်။ ဖေဖေလည်း ဂီတကို သိပ်မြတ်နိုးတာပဲ။ ပြီးတော့ အစ်ကိုမောင်တို့ ဆရာကြီး ဒေါက်တာဦးဘသန်းဆိုရင် ပတ္တလားတစ်လုံးနဲ့ ပျော်နေတယ်လေ။ သူ ပန်းမြိုင်လယ် ဖိန်းချားကြီးကို ရှင်းပြတာဟာ ဆာဂျရီလက်ချာပေးတာထက် ပိုကောင်းတယ် ..."

လှိုင်သည် တစ်စုံတစ်ခုကို သတိရဟန် ပြုံးပြီးဆို၏။

" ဟုတ်တယ် ... လှိုင်တို့ကိုလည်း သူတစ်ခါ ပြောပြဖူးတယ်။ ဆရာဝန်ဆိုတာ နှလုံးသား နူးညံ့ရမယ်တဲ့။ နှလုံးသား နူးညံ့အောင် ဂီတထက် အထောက်အပံ့ပြုတာ လောကမှာ မရှိဘူးတဲ့။ လှိုင်တို့ကတော့ သူ့ကို လေးစားတာနဲ့သာ နားထောင်နေရတာ သဘောကတော့ သိပ်မပေါက်ပါဘူး ..."

လှိုင်သည် ရိုးသားစွာ ဝန်ခံသဖြင့် ကျွန်တော်က စိတ်ရှည်စွာ ရှင်းပြမိ၏။

" ဆရာကြီးပြောတာ အမှန်ပဲ လှိုင်၊ ဂီတဟာ နှလုံးသားကို နူးညံ့စေတယ်။ ပြီးတော့ ဂီတကို နားမလည်ရင် ပညာတတ်တစ်ယောက်ဟာ ပညာတတ် ပြည့်ပြည့်ဝဝတစ်ဦး မဟုတ်သေးဘူး။ လှိုင် လက်ခံနိုင်ပါ့မလား "

" အို ... ဘာဖြစ်လို့ ..."

" ဘာဖြစ်လို့ ဆိုတာကို ရှင်းမပြခင် လှိုင် တစ်ခု စဉ်းစားကြည့်စမ်း ...။ ရာစုနှစ် တစ်ခေတ်မှာ တစ်ယောက်အဖြစ်သာ ထွန်းတဲ့ သိပ္ပံပညာကျော်ကြီး ပါမောက္ခအိုင်းစတိုင်းဟာ သူ့တယောလေး သူထိုးပြီး ဂီတနဲ့ ပျော်တတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးပဲ။ ပြီးတော့ လှိုင် ကောင်းကောင်းသိခဲ့တဲ့ ခန္ဓာဗေဒကိစ္စနဲ့ ရူပဗေဒပညာရှင်ကြီး ဟင်း(မ်)ကော့(တ်)ဟာလည်း ဂီတ မြတ်နိုးသူကြီးတစ်ဦးပဲ။ အခု ကမ္ဘာသုံး ဂီတသင်္ကေတ သံစဉ်စနစ်ဟာ ဟင်း(မ်)ကော့(တ်) တီထွင်ပေးခဲ့တာပဲ "

လှိုင်သည် မျက်လုံးပြာပြာလဲ့လဲ့များဖြင့် ကျွန်တော့်ကို ကြည့်ရင်း ငြိမ်နားထောင်နေသည်။

" ဒီသိပ္ပံပညာရှင်ကြီးတွေဟာ ဘာကြောင့် ဂီတကို တန်ဖိုးထားကြသလဲ။ အဖြေကတော့ ရှင်းတယ်။ ဝိုမိုအူနီဗာဆားလေ ( **Uomo Universale** )လို့ လက်တင်လိုခေါ်တဲ့ ပြည့်ဝတဲ့ လူသားကြီးတွေ ဖြစ်လို့ပဲ "

" အဲဒီ ပြည့်ဝတဲ့လူသားဆိုတဲ့ စကားအဓိပ္ပါယ်က ဘာလဲ ကိုကိုမောင် "

" ပြည့်ဝတဲ့ လူသားဆိုတာ နွားခြေရာခွက်ထဲက ဖားလိုလူ မဟုတ်ဘူးလို့ ဆိုလိုတယ်။ ဖီလိုဆိုဖီ အမြင်နဲ့ ကြည့်ရင် တစ်ခုနဲ့ တစ်ခု မှီငြမ်းမပြဘဲ သီးသန့်စစ်မှန်စွာ တည်နေတဲ့ ပရမတ်တရားကြီးသုံးဆူ ရှိတယ်။ တစ်ဆူက **သစ္စာတရား**၊ တစ်ဆူက **လှပတင့်တယ်ခြင်း**၊ တစ်ဆူက **ချစ်ခြင်းမေတ္တာ**။ လူပြိန်းတွေ

www.burmeseclassic.com



အနေနဲ့ ဒီတရားသုံးဆူကို အလွယ်တကူ သိတယ်လို့ ဆိုကောင်းဆိုမယ်။ အမှန်စင်စစ်က ဒီတရားသုံးဆူရဲ့ အဆုံးအစနဲ့ သဘောဓမ္မကို သိကြဖို့က မလွယ်ဘူး ”

“ အဲဒါနဲ့ စောစောက အစ်ကိုမောင် ပြောနေတာတွေနဲ့ဟာ ဘာဆိုင်လို့လဲ ”

“ ဆိုင်တယ် လှိုင်၊ သိပ္ပံပညာနဲ့ သိပ္ပံပညာရှင်တွေဟာ သစ္စာတရားလောက်ကိုသာ သိတာ။ အကြမ်းစားသစ္စာကိုပေါ့လေ။ ကျန်တဲ့တရားတွေကို ခန့်မှန်းသိနိုင်ဖို့က ဂီတအပါအဝင် ဝိဇ္ဇာအနုပညာတွေကို ဆည်းပူးလေ့လာဖူးမှ ဖြစ်မယ်။ နို့မို့ဖြစ်ရင် **ကာမအာရုံနဲ့ လှပတင့်တယ်ခြင်း**ကို မခွဲခြားတတ်သလို **ပေမတဏှာနဲ့ ချစ်ခြင်းမေတ္တာ**ကိုလည်း ရောထွေး တတ်ကြတယ် ”

လှိုင်သည် အပြုံးလေးရပ်ကာ ပါးစပ်လေးပွင့်လျက် ကျွန်တော့်ကို စူးစိုက်ကြည့်နေရှာ၏။

“ လှိုင် အစ်ကိုမောင့်ကို ဘာလို့ကြည့်နေတာလဲ ”

ထိုအခါမှ လှိုင်သည် ပြန်ပြုံး၏။

“ အစ်ကိုမောင် ပြောနေတာကို သဘောကျလို့ရယ်ပေါ့ ရှင်ရယ်။ အစ်ကိုမောင်က ဒီလိုဆိုတော့ ဖီလိုဆိုဖာကြီး ကျနေတာပဲ။ အစ်ကိုမောင် အပြောကောင်းတာနဲ့ လှိုင်တောင် ဂီတကို သင်ချင်လာပြီ ...”

“ လှိုင် တကယ်ပြောတာလား ”

“ တကယ်ပြောတာပေါ့ ...။ အစ်ကိုမောင်က လှိုင့်ကို သင်ပေးမလား ...”

“ သြော် ... လှိုင်ရယ် ... လှိုင် တတ်ချင်တယ်ဆိုရင် အစ်ကိုမောင်က သင်ပေးရမှာပေါ့ ... မဟုတ်ဘူးလား ”

“ ဟွန်း ... ပိုပြန်ပြီ၊ သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး ”

လှိုင့်အပြောလေးကြောင့် ကျွန်တော်သည် ကျေနပ်စွာ ရယ်လိုက်ရသည်။

ထိုနေ့မှစ၍ လှိုင့်ကို ကျွန်တော်က ပီယာနို သင်ပေးသည်။ သီချင်းကြီးများကိုလည်း စည်းဝါးနှင့် ဆိုတတ်အောင် သင်ပေးသည်။ လှိုင်ကလည်း စိတ်ပါဝင်စားစွာ သင်ယူသည်။

လှိုင် သီချင်း အတန်အသင့် ဆိုတတ်လာသောအခါ ကျွန်တော် အထူးပျော်ရွှင်မိသည်။ လှိုင့် သီချင်း ဆိုဟန်မှာ ကျွန်တော် ကောင်းစွာမှတ်မိသော ငယ်စဉ်က မြိုင်၏ ဆိုဟန်ကဲ့သို့ သာယာ၍ အမူအယာ လှပတင့်တယ်သည်။

မြိုင်ကို သတိရမိလေမှ တခြားတစ်ယောက်ကိုပါ သတိရလာမိသည်။ ထိုအခါမျိုး၌ သက်ပြင်းကိုသာ ချရပါ၏။

❑

လှိုင်နှင့် ကျွန်တော်တို့ နှစ်ဦးလုံးသည် လမ်းလျှောက်လည်း ဝါသနာပါကြသည်။

လှိုင်က ဆေးရုံဝင်းအတွင်း သူ့အတွက် ရရှိသော အိမ်တွင် အဖော်ဆရာမလေးနှစ်ဦးနှင့်အတူ နေသည်။ ကျွန်တော့်အိမ်နှင့် ဆေးရုံကြီးမှ နှစ်မိုင်နီးပါးခန့် ဝေးသည်။

ညနေတိုင်း၌ အလုပ်တာဝန် မရှိကြလျှင် ကျွန်တော်က လှိုင့်ကို ကားလေးနှင့် သွားခေါ်သည်။ အိမ်ရောက်လျှင် ပီယာနိုတီး၍ သီချင်းဆိုသည့်အခါဆိုကြသည်။ အေးအေးလူလူ လမ်းလျှောက်ထွက်ကြသည့် အခါ ထွက်ကြသည်။

တောနံ့ တောင်နံ့တို့ မွှေးသော တောင်ကြီးမြို့မှာလည်း လမ်းလျှောက်၍ အလွန်ကောင်းသည်။

ကျွန်တော့်ခြံဦးမှ လမ်းလေးတစ်သွယ်သည် တောင်ခြေတောတွင်းသို့ ဝင်သွားသည်။ တောင်နံရံနှင့် ချောက်ကြားမှ ကွေ့ကာဝိုက်ကာ မြှောင်ဆွယ်၍ တောင်တန်းအဆုံးအထိ ခရီးရှိသည်။ ဤလမ်းကလေးမျိုးကို တောင်ကြီးမြို့သူမြို့သားများက မီးတားလမ်းဟု ခေါ်ကြသည်။ တောမီးလောင်လျှင် မြို့ဆီ အလွယ်တကူ မကူးနိုင်ရန် တားခြားထားသော လမ်းကလေးများ ဖြစ်ကြ၏။ အောက်အရပ်မှ လာလည်သူများကမူ ချစ်သူ

www.burmeseclassic.com



လမ်းကြားဟု ခေါ်ကြ၏။ ဤနာမည်သစ်ကို တောင်ကြီးသူကို ယူသွားသော စာရေးဆရာ သော်တာဆွေ ပေးသွားသည်ဟု အချို့က ပြောကြသည်။

လိုင်နှင့် ကျွန်တော်တို့သည် မီးတားလမ်းအတိုင်း လျှောက်၍ ကျောက်ဆောင်တစ်ခုခုထက်တွင် ရပ်နားလျက် လှပသော မြို့၏ ရှုခင်းကို ကြည့်သည့်အခါ ကြည့်သည်။ ရှမ်းကောင်စီလမ်းအတိုင်း ဆင်း၍ အနောက်ဘက် တောင်ရိုးပေါ်ရှိ လွမ်းစေတီဆီသို့ သွားသည့်အခါ သွားသည်။

တစ်ညနေတွင် လိုင်နှင့် ကျွန်တော်သည် လွမ်းစေတီဘက်သို့ သွားရန် ထွက်ခဲ့ကြသည်။

ကျွန်တော့်ခြံဝင်း အပြင်ဘက် လမ်းဘေးမှစ၍ မြက်ခင်းတို့တွင် အလေ့ကျပေါက်သောပန်းတို့ ဖူးပွင့် ဝေစည်နေ၏။ သစ္စာပန်းဖြူ သစ္စာပန်းဝါတို့လည်း ပွင့်နေသည်။ တစ်ထပ်ဒေလီယာ၊ နှစ်ထပ်ဒေလီယာ တို့လည်း ရှိနေ၏။ အခြား အမည်မသိသော ပန်းရိုင်း ပန်းယဉ်တို့လည်း ပန်းမွှေ့ယာခင်းသည့်နှယ် ရောင်စုံ ဝင်းနေကြ၏။

ငြိမ်လျှောက်ရာမှ လိုင်သည် ...။

" ဟော ... ဟိုမှာ "ဟု ဆို၍ မြက်ခင်းစပ်သို့ ကပ်သွား၏။

" ဘာလဲ ... လိုင် ..."

လိုင်သည် လမ်းဘေးမြက်တို့ကြားရှိ အပင်ငယ်တစ်ပင်မှ အရွက်တစ်ရွက်ကို ခူးယူလိုက်သည်။

" ဒီမှာကြည့်စမ်း အစ်ကိုမောင် ... စွယ်တော်ရွက်ကလေး ..."

ကျွန်တော်က လိုင် ပြသည်ကို ထိတ်လန့်တကြား လှမ်းကြည့်မိ၏။

မှန်သည်။ စွယ်တော်ရွက်တစ်ရွက်တည်း။ နှစ်လွှာပေါင်း၍ တစ်ရွက်ဖြစ်နေသော စွယ်တော်ရွက် တစ်ရွက်တည်း။

" ကြည့်စမ်း အစ်ကိုမောင် ... စွယ်တော်ပင်ကလေးတွေမှ အများကြီးပဲ။ ဟိုမှာ တစ်ပင်၊ ဟောဟိုမှာ တစ်ပင် ..."

ယခင်ကမူ သတိမမူ၊ မမြင်မိ။ ယခု လိုင်ပြမှ ကျွန်တော့် ခြံဝင်းဆီအထိ လမ်းဘေးရေမြောင်းစပ်၌ အဆက် မပြတ်အောင် ပေါက်နေသော စွယ်တော်ပင်ကလေးများကို တွေ့ရသည်။

အပင်ပေါက်များသာ ဖြစ်လေသည်။ သို့ရာတွင် ရေမြေနှင့် မိုးကောင်းရာ ဖြစ်သဖြင့် အရွက်များက ကြီးမားဖားဝေ နေ၏။ လိပ်ပြာတောင်နှစ်လွှာမှာ မြသွေးရောင် ရွှန်းပြည့်စိုလွင်နေ၏။

" မလှဘူးလား ...၊ ရော့ ... အစ်ကိုမောင်က တစ်ဝက်ယူ၊ အို ... သနားပါတယ် မခွဲချင်ပါဘူး။ နေဦး ... လိုင် နောက်ထပ်တစ်ရွက် ခူးလိုက်ဦးမယ် ..."

ပြောပြောဆိုဆိုဖြင့် လိုင်သည် တစ်ရွက်ထပ်ခူးကာ ကျွန်တော့်ကို ပေးသည်။

စွယ်တော်ရွက်ကလေးကို ကိုင်ကာ ကျွန်တော် ငိုင်နေဆဲ လိုင်က အသာအယာ ရယ်မော၍ဆိုသည်။

" မမခိုင်ကလေ ... ဘာလို့လဲ မသိဘူး ...။ စွယ်တော်ရွက်ကလေးတွေကို သိပ်ချစ်တာ ... နေဦး ... လိုင် အခြောက်ခံပြီး ပို့လိုက်ဦးမယ် "

ကျွန်တော်တို့ ဆက်လျှောက်ခဲ့ကြသည်။ လမ်းတွင် လိုင်ကသာ စကားထိုထို ဆိုလာနိုင်သည်။ ကျွန်တော့်နှုတ်မှာမူ မသွက်လှ။

လွမ်းစေတီတော် ခြေရင်းတွင် ကျွန်တော်တို့ ရပ်လိုက်ကြ၏။

လွမ်းစေတီမှာ ထုံးဖြူဖြူဖွေးသော စေတီငယ်လေးတစ်ဆူသာ ဖြစ်သည်။ စေတီလေးသည် ကြီးမား ဝန်းဝိုင်း၍ အတန်မြင့်သော ဖိနပ်တော်၏ ဗဟိုတွင် တည်ရှိသည်။ ဤဖိနပ်တော်သည် စေတီဟောင်းတစ်ဆူ၏ ဖိနပ်တော်လော ...။ သို့မဟုတ် စေတီငယ်ကို ငုံမျိုတည်မည့် စေတီကြီး၏ မပြီးပြတ်သေးသော ဖိနပ်တော်လော ... မပြောတတ်။ မည်သို့ဖြစ်စေ တစ်ပိုင်းတစ်စ ကြွင်းကျန်နေလေသော သဏ္ဌာန်ပေါ်နေသည်။ ဤသဏ္ဌာန်သည်ပင် လွမ်းစေတီအသက်ဟု ကျွန်တော် ထင်သည်။

www.burmeseclassic.com



လွမ်းရခြင်းမည်သည် တစ်ပိုင်းတစ်စ ကြွင်းကျန်နေလေခြင်းပင် မဟုတ်ပါလော။

လှိုင်နှင့် ကျွန်တော်သည် လွမ်းစေတီတော်ကို ဦးချကြပြီး တောင်ထိပ်မှနေ၍ ရှုခင်းတို့ကို ငေးမျှော်ကြည့်မိကြ၏။

အရှေ့ဘက်မျှော်သော် မှိုင်းညို့ဆိုင်းဆို့သော တောင်တန်းပြာနှင့် တောင်တန်းပြာကို နောက်ခံပြုလျက် သစ်ရိပ် တောအုပ်တို့ကြားရှိ ခေါင်မိုးနီနီ၊ နံရံဖြူညိုဝါရွှေတို့နှင့် တိုက်တာအိမ်ခြေများ၊ အနောက်ဘက်သို့ မျှော်လေလျှင်မူ မြောက်စွန်း၌ ကျီးဖြူကန်၊ တောင်စွန်း၌ အင်းလေးကန်တို့၏ ငွေရောင်လက်သော ရေပြင်တို့၏ စိမ်းလန်းကျယ်ပြောသော ညောင်ရွှေလွင်ပြင်၊ အဝေးဆီတွင်မူ ဥဏှုဂ္ဂနေနတ် မေးတင်အပ်သော ဟဲဟိုးနယ်စပ်မှ တောင်လှိုင်း၊ တောင်တံတိုင်း။ မျှော်လေတိုင်း ရစ်သိုင်း မှုန်ဝေ လွမ်းဖွယ်ထွေလှပေသည်တကား ...။

လှိုင်က ငြိမ်နေရာမှ ဘာစိတ်ကူးရသည် မသိ၊ ကောက်ကာငင်ကာ မေး၏။

“ ဒီစေတီဟာ ဘာလို့ လွမ်းစေတီလို့ ခေါ်ရတာလဲ မသိဘူးနော် ... အစ်ကိုမောင် ”

“ သြော် ... လှိုင်ရယ်၊ လွမ်းသူက တည်ထားတဲ့စေတီမို့ လွမ်းစေတီလို့ ခေါ်တာဖြစ်မှာပေါ့လေ ”

“ မဟုတ်ဘူးလေ ... လှိုင် မေးတာက ဒီစေတီကို ဘယ်သူတည်ထားသလဲလို့ ”

“ ဒါတော့ အစ်ကိုမောင်လည်း ဒီရောက်တာမှ မကြာသေးဘဲ၊ ဘယ်သိပါ့မလဲ လှိုင်ရယ် ...”

လှိုင်က အသာအယာ ပြုံးသည်။ လေသည် အဟုန်မပြင်းတပြင်း တိုက်ခတ်လာနေသောအခါ ဖြူဝင်းသော လှိုင့်နဖူးထက်မှ ဆံခွေဆံနွယ်တို့သည် ယိမ်းနွဲ့တိမ်းပါး လှုပ်ရှားနေ၏။

“ လှိုင် ဘာပြုံးတာလဲ ”

လှိုင်က ကြည်လင်သာယာစွာ တစ်ချက်ရယ်လိုက်၏။

“ အစ်ကိုမောင် ...။ သေသွားပြီးရင် နောက်ဘဝဆိုတာ ရှိသလား ဟင် ...”

ကျွန်တော်သည် ဝင်လုဆဲ နေရောင်တွင် ရွှန်းမြပဝင်းနေသော လှိုင့်မျက်နှာလေးကို ငေးကြည့်လိုက်မိ၏။ လှိုင်ကမူ အထူးတလည် အလေးအနက် ရှိဟန်မတူ။ ပြုံးရွှင်ကြည်လင်လျက်ရှိ၏။

“ ပြောလေ ... အစ်ကိုမောင်ကြီး ...”

“ လှိုင်ရယ် ... ဒီမေးခွန်းကို အစ်ကိုမောင် ဘယ်လို အလွယ်တကူ ဖြေနိုင်ပါ့မလဲ။ အမေးနွားကျောင်းသား အဖြေ ဘုရားအလောင်းတဲ့ ”

လှိုင်က ချစ်စဖွယ်ပြုံးလျက် နှုတ်ခမ်းလေးစူပြီး မျက်စောင်းလဲ့လဲ့ထိုးသည်။

“ ဟွန်း ... သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး၊ လှိုင်က နွားကျောင်းသား၊ အစ်ကိုမောင်က ဘုရားလောင်းပေါ့ ... ဟုတ်လား ... ဒါဖြင့် ... အစ်ကိုမောင် ဘယ်တော့ တောထွက်မလဲ ...”

လှိုင့်စကားကြောင့် ရယ်မောပြီး ကျွန်တော်ကလည်း ပြန်နောက်သည်။

“ သြော် ... လှိုင်ရယ်၊ တစ်နေ့တော့ အစ်ကိုမောင် တောထွက်မှာပေါ့ ...။ တောမထွက်ခင် စိုးရိမ်လို့ အမှာစကားတစ်ရပ်တော့ ထားခဲ့ချင်တယ် ...”

“ အမှာစကား ထားခဲ့ဦးမယ်။ ဘယ်လိုလဲ ”

**“ သွားခါနီး မောင်ကြီးရယ်တဲ့ မှာခဲ့မယ်၊ ပန်းပင်ကို လူမဆွတ်စေနဲ့ကွယ် ... ကိုင်းညွတ်တတ်တယ် ...၊ ငွေစံပယ် လေသွယ်တော့ ကြိုင်မွှေး ...၊ မဆွတ်ကယ် မပန်ရအောင် ...၊ ဝင်းခြံကို လုံအောင်ပိတ်ပါ ( ကွယ် ...)၊ ဘုန်းစိတ်မအေး ...”**

ကျွန်တော်က သံနေသံထားနှင့် ဆိုပြသည်ကို ဆုံးအောင် နားထောင်ပြီးမှ လှိုင်သည် ရယ်၍ မှတ်ချက်ချ၏။

“ ဟင် ... အစ်ကိုမောင်ကလည်း ဒါ တောထွက်မယ့်လူ မှာတဲ့စကားမှ မဟုတ်ဘဲ ...”

“ မသိဘူးလေ ...။ အစ်ကိုမောင်သာ တောထွက်တော့မယ်ဆိုရင်တော့ ဒီလိုပဲ မှာမိမှာပဲ။ ပြီးတော့ ... တခြား မှာစရာ ကျန်သေးတယ်။ မကုန်သေးဘူး ...”

www.burmeseclassic.com



" ဟောရင့် ... ကျန်သေးတယ်။ မကုန်သေးဘူး ..."

" ဟုတ်တယ် မကုန်သေးဘူး။ လှိုင် နားထောင်မလား ..."

" အစ်ကိုမောင်ပြောရင် ... ဘယ်တုန်းက လှိုင် နားမထောင်လို့ လဲ .."

ကျွန်တော်က ကျေနပ်စွာပြုံးပြီး စာတစ်ပိုဒ် ထပ်ရွတ်ပြ၏။

**" တောခိုချင်စိတ်ကယ်နှင့်၊ သပိတ်ကိုလွယ်၊ သားရေနွယ်ကွယ့်ရှာတုန်း ...။**

**ချောင်အနီးမှာလ၊ မောင်ကြီး တစ္ဆေကိုက်လိမ့်မယ်၊ မင်းလိုက်ခဲ့ဦး ..."**

ဤအကြိမ်တွင်မူ လှိုင်သည် ခစ်ခစ်တက်ရယ်၍ ကျွန်တော့်လက်မောင်းကို သူ့လက်သီးလေးများနှင့် ထု၏။

" သိပ်ကြံကြီးစည်ရာပြောတဲ့ အစ်ကိုမောင်ကြီး ... ဟွန်း ... လှိုင်က အဟုတ်မှတ်လို့ နားထောင်နေတာ ..."

လှိုင်ထုသည်မှာ မနာပါ။ ထုသူကလည်း နာစေရန် စေတနာပါဟန် မတူပါ။

" အစ်ကိုမောင် နောက်နေတာနဲ့ လှိုင် မေးတာတောင် ဘယ်ရောက်သွားပါလိမ့်၊ အဲ ... နောက်ဘဝဆိုတာ ရှိသလားလို့၊ ဒီတစ်ခါ ကောင်းကောင်း ဖြေရမယ်နော် ..."

ကျွန်တော်က မျက်နှာထားကို တည်ပစ်ကာ ကောင်းကောင်းပင် ဖြေသည်။

" နောင်ဘဝ ရှိတယ်၊ မရှိဘူးဆိုတာ အစ်ကိုမောင် မဖြေနိုင်ပါဘူး လှိုင်။ ဒါပေမယ့် တစ်ခုတော့ အစ်ကိုမောင် စဉ်းစားမိတယ်။ ဒီလောကမှာ အကြောင်းမဲ့တဲ့ အကျိုးဆိုတာကို ရှာဖွေ မတွေ့ဖူးသေးဘူး။ အကြောင်းတကာအနက် လူသားတွေ ကြံကြ၊ ပြောကြ၊ ပြုကြတဲ့ ကံအကြောင်းထက် လေးနက်စူးရှ ထက်မြက်တဲ့ အကြောင်းတရားဆိုတာကိုလည်း မတွေ့နိုင်သေးဘူး။ ဒီသဘောရှိတဲ့ အကြောင်းတရားကျမှ အကျိုးမရှိနိုင်ဘူးလို့ ယုံရဖို့ဟာ ခက်နေတယ်။ ဒီလို ယုံရမယ် ဆိုရင်တော့ လူသားဆိုတာဟာ ရေ၊ မြေ၊ လေ ဓာတ်ကြီးစုံရုံနဲ့ မက်တာဘိုလစ်ဇင်း ( **Metabolism** )လို့ ခေါ်တဲ့ ရုပ်ဓာတ်အား အသွင်ပြောင်းလဲတဲ့ စက်ကိရိယာ ဖွဲ့စည်းပုံတစ်မျိုးသာ ဖြစ်နေလိမ့်မယ်။ လူဟာ ... စက်ကိရိယာ မဟုတ်သလို၊ အခြေခံအားဖြင့် ရုပ်ဓာတ်အား အသွင်ပြောင်းနေတဲ့ ကလာပ်စည်းဖွဲ့ပုံ တူညီတဲ့ သစ်ပင်တွေနဲ့ ခြားနားနေတာကိုလည်း လှိုင် သိသားပဲ။ လူ့ဘဝဆိုတာကို သစ်ရွက်များလို ... နရာကရင့်၊ ရင့်ရာကဝါ၊ ဝါရာကကြွေ၊ ကြွေရာက မြေဩဇာ သက်သက် ဖြစ်သွား ရတယ်လို့ အစ်ကိုမောင် မယုံနိုင်ပါဘူး "

" ဒါဖြင့် ... နောက်ဘဝရှိတယ်လို့ အစ်ကိုမောင် ယုံတယ်ပေါ့ "

" ဒီလိုတော့လည်း မဟုတ်ဘူး လှိုင်။ အမှန်ကို ဝန်ခံရရင် ရှိတာ၊ မရှိတာကို ယုံတာထက် ရှိတယ်လို့ ယုံချင်တယ်။ ရှိပါစေလို့လည်း ဆုတောင်းမိတယ် ..."

" အို ... ဘာဖြစ်လို့လဲ ..."

" ဘာဖြစ်လို့လဲဆိုတော့ မျှော်လင့်ချက် ရှိချင်လို့ပဲ လှိုင်၊ မျှော်လင့်ချက်ဆိုတာဟာလည်း အကောင်းအတွက် တောင့်တခြင်းပါပဲ။ တောင့်တတဲ့ ကောင်းခြင်းတွေ ရလာဖို့ ကောင်းသောအကြံ၊ ကောင်းသောအပြော၊ ကောင်းသောအပြုတွေနဲ့ ရင်းနှီးရတယ်။ အဲဒီ ရင်းနှီးသမျှကို သုဿန်မြေမှာ ရုပ်ခန္ဓာနဲ့အတူ မြှုပ်နှံပစ်ခဲ့ရမယ်ဆိုရင် လူ့ဘဝဟာ ဘာမှ အဓိပ္ပါယ် မရှိတော့ဘူး။ ချား(လ်)(စ်)ဒါဝင် ယုံကြည်သွားတဲ့ တိရစ္ဆာန်လောကမှာလို ကြီးသူက ငယ်သူကိုနိုင်၊ နိုင်သူက စိုးမိုးပြီး၊ ကိုယ်ကျိုးအတွက်ချည်းရှာ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ... ဆိုတဲ့ တရားတွေဟာ အလကားဖြစ်သွားမယ်။ ဒုလ္လဘဆိုတဲ့ လူ့ဘဝမှာ မြတ်နိုးစရာ၊ တန်ဖိုးထားစရာဟာ ဘာမှ ကျန်တော့မှာ မဟုတ်တော့ဘူး ..."

ကိုယ်ပိုင်ယုံကြည်ချက်နှင့် ပတ်သက်သောစကားကို ဆိုသည်ဖြစ်သဖြင့် ကျွန်တော့်သဏ္ဌာန်၌ မာန်ဝင်လာသည်။ စကား၌ အားဆောင်၏။

www.burmeseclassic.com



လှိုင်က ပါးစပ်ကလေး အဟောင်းသား၊ မျက်လုံးကလေး အပြူးသားနှင့် သနားစဖွယ် ကလေး တစ်ယောက်ပမာ နားထောင်နေရှာ၏။ ကျွန်တော့်စကား အဆုံးမှ မရဲတရဲပြုံးကာ ချိုသာစွာ ပြောသည်။

" လှိုင်က စကားအဖြစ်မေးတာ ... အစ်ကိုမောင်က အဘိဓမ္မာတွေ လျှောက်ပြောနေတော့ လှိုင် ဘာဆက်ပြောရမှန်းတောင် မသိတော့ဘူး "

ထိုအခါမှ ကျွန်တော်က သတိရကာ ပြုံး၍ဆိုရ၏။

" ဟုတ်ပါရဲ့၊ အစ်ကိုမောင်က ငါ့စကား နွားရ လျှောက်ပြောသွားလိုက်တာပါ။ ဆောရီး ... လှိုင်၊ ကဲ ... လှိုင် ပြောချင်တာ ပြောလေ "

" ဘယ်လိုလုပ် ပြောတော့မလဲ ... လှိုင့်စကားက အစပျောက်သွားပြီပဲဟာကို "

လှိုင်က ညည်းညည်းညူညူလေး ဆိုသဖြင့် ကျွန်တော်သည် လှိုင့်ပုခုံးလေးကို ပုတ်ပြီး ရယ်၍ အစဖော်ပေးရသည်။

" ဖြစ်ရလေ ... လှိုင်လေး ...။ ကဲ ...အစ်ကိုမောင် အစဖော်ပေးမယ် ... လှိုင်က ... လွမ်းစေတီကို ဘယ်သူ တည်ထားသလဲ ... လို့မေးတယ် ... အစ်ကိုမောင်က မသိဘူးလို့ ... ဖြေတယ်။ ဒီတော့ လှိုင်က ပြုံးပြီး နောက်ဘဝဆိုတာ ရှိလားလို့ မေးတယ်။ ကဲ ... ဆက်ပြောတော့လေ ..."

လှိုင် ခစ်ကနဲ ရယ်သည်။

" ဟော ... ရယ်ပြန်ပြီ။ ဘာလို့ရယ်တာလဲ ..."

" လှိုင်ပြောရင် ... အစ်ကိုမောင် ရယ်ဦးမှာ ..."

" မရယ်နဲ့ဆို ... မရယ်ပါဘူးဗျာ ...။ ပြောပါ ..."

" တကယ် ... မရယ်ရဘူးနော် ..."

" သြော် ... လှိုင်ရယ် ... မရယ်ပါဘူးဆိုမှပဲ "

လှိုင်သည် သူ့မျက်နှာလေးကို တည်လိုက်ပြီးနောက် ကျွန်တော် မည်သို့မျှ မမျှော်လင့်သောစကားကို ဆို၏။

" ဒီစေတီကို မြင်တော့ ... လှိုင်က မမခိုင် ပြောပြဖူးတဲ့ ပုံတစ်ခုကို သွားသတိရလို့ပါ ...။ အစ်ကိုမောင်လည်း သိပါတယ် ...။ ဟိုဒင်းလေ ဥစ္စာစောင့်မလေး ခင်မြိုင်နဲ့ သူ့ချစ်သူ တောသားလေး မောင်ညိုအကြောင်းဟာလေ ..."

ကျွန်တော် ဘာမျှမဖြေနိုင်ပါလေ ...။ လှိုင်ကသာ ဆက်ပြောသည်။

" အဲဒါ လှိုင်က အခု စဉ်းစားနေတာ ...။ ဒီစေတီကို ခင်မြိုင့် လွမ်းပြီး မောင်ညိုများ တည်ထား သလား မသိဘူးနော် ... အစ်ကိုမောင် "

ရုတ်တရက် ဖြစ်သွားသဖြင့် ငိုင်သွားမိပြီးမှ ကျွန်တော်သည် ရယ်သွမ်းသွေးလျက် ဆိုရ၏။

" အို ... လှိုင်ကလည်း၊ တောက်တီးတောက်တဲ့၊ ခင်မြိုင်တို့ မောင်ညိုတို့ဆိုတာဟာ ပုံထဲက လူတွေပါ။ တကယ် ရှိတာမှ မဟုတ်ဘဲ၊ ဘယ်လိုလုပ် ... စေတီတည်မလဲ ..."

လှိုင်က ရယ်ပြန်သည်။

" ဥစ္စာစောင့် ဆိုတာဟာ ... တကယ်ရှိသလား ... မပြောတတ်ဘူး။ ဒါပေမယ့် သူတို့ကို လှိုင် သိပ်သနားတာပဲ။ သိလား ... အစ်ကိုမောင် ..."

" လာပြန်ပြီ ... တစ်ယောက် "

" အဟုတ်ပြောတာ အစ်ကိုမောင်၊ ဥစ္စာစောင့်ဆိုတာဟာ ... သူတို့ ချစ်မြတ်နိုးတာ ... သူတို့ စောင့်နေ ရတဲ့ သူတွေပဲ။ တစ်နည်းအားဖြင့် ... မိန်းမသားတွေဟာ ဥစ္စာစောင့်တွေပဲ ... သိလား ..."

" ဘုရားရေ ...။ မိန်းမသားတွေဟာ ... ဥစ္စာစောင့်တွေ ...။ လှိုင်ကလည်း ကြံကြံဖန်ဖန်ကွယ် ..."

www.burmeseclassic.com



“ အစ်ကိုမောင် မယုံဘူးလား ...။ စဉ်းစားကြည့်လေ ... ဥစ္စာစောင့်ဆိုတာဟာ သူတို့အတွက် ဘယ်လိုမှ အသုံးမဝင်တော့တဲ့ ပစ္စည်းတွေကို မစွန့်နိုင်၊ မပစ်နိုင်ဘဲ စွဲစွဲလမ်းလမ်း စောင့်ရှောက်နေရတယ်။ သုံးနိုင် သုံးချင်လို့ ယူငင်ဖို့လာတဲ့ လူတွေကိုလည်း မပေးချင် မပေးနိုင်ဘဲ ခုခံတိုက်လှတ်ရသေးတယ်။ ဒီလိုပဲ တချို့ မိန်းမသားတွေဟာ နှောင်းလေပြီးဖြစ်တဲ့ တစ်စုံတစ်ရာကို မစွန့်ရက်ဘဲ သူတို့ရင်ထဲမှာ လျှို့ဝှက်မြှုပ်နှံပြီး ထိန်းသိမ်းစောင့်ရှောက်ထားတတ်ကြတယ်။ သူတို့တွေဟာ ဥစ္စာစောင့်တွေပဲပေါ့ ... မဟုတ်ဘူးလား ...”

“ ဒီလိုသဘောဆိုရင် ဟုတ်တာပေါ့ လှိုင် ... ဒါပေမယ့် ဒီသဘောကို လှိုင် ဘယ်လိုလုပ် သိသလဲ ...။ လှိုင့်ရင်ထဲမှာ လျှို့ဝှက်မြှုပ်နှံပြီး ထိန်းသိမ်းစောင့်ရှောက်ထားတာ ရှိနေလို့လား ...”

မွေးညင်းရှိမ်းရှိမ်းဖြင့် စိမ်းလက်စိုပြည်သော လှိုင့်ပါးလေးများ၌ ရက်သွေးတို့ ရဲသွား၏။

“ မဟုတ်တာ အစ်ကိုမောင်ကြီးကလည်း ...။ လှိုင် ဥစ္စာစောင့်မ မဖြစ်သေးပါဘူး။ ဖြစ်လည်း မဖြစ်ချင်ပါဘူး ...”

“ နို့ လှိုင်ပြောတာပဲ။ မိန်းမသားတွေဟာ ဥစ္စာစောင့်တွေပဲဆို ...”

သူ့စကားနှင့်သူ ပိတ်မိနေသောကြောင့် လှိုင်သည် ပါးစပ်ကလေး ဟလျက် မျက်လုံးများ ပြူးသွားသည်။ ခဏတွင်မူ လှိုက်လှဲစွာ ရယ်လိုက်သည်။

“ ကြည့်စမ်း အစ်ကိုမောင်က အကျကောက်နေတာကိုး ... လှိုင့်စကားမှ အစ်ကိုမောင်က ဆုံးအောင် နားမထောင်ဘဲနဲ့။ ဟွန်း မုန်းဖို့ကောင်းလိုက်တာ ...”

“ သြော် ... မုန်းတာကလည်း စောလိုက်တာ ...။ ကဲပါဗျာ ... မမေးတော့ပါဘူး။ ပြောသာပြော ... ဆက်ပြော။ အစက ပြန်ပြော ”

“ ကြည့် ... အစ်ကိုမောင်က လှိုင့်ကို နောက်နေပြန်ပြီ။ ဒီလိုဆိုရင် မပြောတော့ဘူး ”

“ ရော ... ခက်ပါပြီ ...။ လူလေးက သနားကမားနဲ့ ဒေါသက ကြီးလှချည်လား။ ကဲ ... ပြောပါ ... အစ်ကိုမောင် ကောင်းကောင်း နားထောင်ပါ့မယ် ...”

လှိုင်သည် တစ်စုံတစ်ခုကို လေးလေးနက်နက် ပြောလိုဟန် ခေတ္တ စဉ်းစားနေ၏။

“ လှိုင် ခုနက ပြောတာက မကြိုင်တို့လို အပျိုကြီးတွေကို ကြည့်ပြီး ပြောတာ။ အပျိုကြီးဆိုတာ သူတို့ရင်ထဲမှာ တစ်ခုခုကို လျှို့ဝှက်မြှုပ်နှံပြီး တစ်သက်လုံး စောင့်ရှောက်နေရတဲ့ ဥစ္စာစောင့်တွေပဲ မဟုတ်လား အစ်ကိုမောင် ...”

ကျွန်တော်က အသာရယ်မောမိသည်။

“ မမကြိုင် ရင်ထဲမှာ ဘာကို လျှို့ဝှက်မြှုပ်နှံထားလို့လဲ ”

“ ဒါတော့ ... လှိုင် ဘယ်သိမလဲ။ ဒါပေမယ့် ဒီလိုတစ်ခုခုကို လျှို့ဝှက်မြှုပ်နှံမထားဘဲ ဘယ်လိုလုပ် အပျိုကြီး ဖြစ်နေနိုင်မှာလဲ ”

လှိုင့်စကားသည် မှန်သည်ထင်၏။ ငြိမ်းမောင် စားထိုးခံရသော တန်ဆောင်မုန်းတစ်ညက ခြံတွင်း၌ ကျွန်တော့်ကို ပြောပြခဲ့သည့် ကြိုင်၏ စကားများကို သွားသတိရမိသည်။

ကျွန်တော်သည် အတန်ကြာ ငြိမ်စဉ်းစားနေမိသဖြင့် လှိုင်က မေးသည်။

“ ဟော ... အစ်ကိုမောင်ကြီး ... ဘာငိုင်သွားတာလဲ ...”

“ သြော် ... လှိုင်ပြောတာကို စဉ်းစားမိလို့ပါ။ ဟုတ်တယ် မမကြိုင် ရင်ထဲမှာ တစ်ခုခုကို လျှို့ဝှက် မြှုပ်နှံထားတာတော့ အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုမောင့်ကို တစ်ခါက သူပြောပြဖူးတယ် ”

“ အစ်ကိုမောင့်ကို မမကြိုင်က ပြောပြဖူးတယ် ...။ ဘာတွေပြောပြသလဲ ”

“ ကံကြမ္မာနဲ့ လောကဆိုတာ စိတ်ဓာတ်ကြီးတဲ့လူတွေကို သရော်လှောင်ပြောင်တတ်တယ်တဲ့။ ပြီးတော့ လူဆိုတာဟာ ပိုင်တာကို မပိုင်တယ်ထင်တယ်။ မပိုင်တာကို ပိုင်တယ်ထင်တယ်။ ရှိတာကို မရှိတာ

www.burmeseclassic.com



ထင်တယ်။ မရှိတာကို ရှိတယ်ထင်တယ်တဲ့။ ထင်တာတွေ လွဲလို့ ငိုရ၊ ရယ်ရမှန်းမသိ ဖြစ်တတ်တယ် ... တဲ့။ ငိုတာထက်စာရင် ရယ်နိုင်တာ၊ အနည်းဆုံး ပြုံးနိုင်တာဟာ အကောင်းဆုံး ထင်တယ်တဲ့ ..."

"အဲဒါ ... ဘာပြောတာလဲဟင် ... အစ်ကိုမောင် "

ကျွန်တော်က သိသယောင်ရှိလျက်နှင့် ဖြောင်လိမ်မိ၏။

" အစ်ကိုမောင် ဘယ်လိုလုပ်သိပါ့မလဲ။ လှိုင်ပြောသလိုပဲ သူ့စိတ်ထဲမှာ တစ်ခုခုကို လျှို့ဝှက်မြုပ်နှံ စောင့်ရှောက်ထားပုံရတယ်။ ဟုတ်တယ် ... မမကြိုင်ဟာ ဥစ္စာစောင့်တစ်ဦးပဲ ..."

"နို့ မမခိုင်ကကော ..."

ကျွန်တော်က လှိုင့်ကို အလန့်တကြား မော့ကြည့်မိသည်။

"ဘာပြောတယ် လှိုင် ..."

"မမခိုင်ကလည်း ဥစ္စာစောင့် သိပ်ဖြစ်ချင်တာပဲတဲ့။ သိလား အစ်ကိုမောင် ... ဒါပေမယ့် မမခိုင်တော့ အပျိုကြီး မဖြစ်ပါဘူး ထင်ပါတယ်နော် ..."

ကျွန်တော်သည် လှိုင့်မျက်နှာလေးကို စူးစိုက်အကဲခတ်ကြည့်မိသည်။ ကြည်လင်သော လှိုင့်မျက်နှာလေးသည် အပြစ်ကင်း သန့်စင်နေပါ၏။

"မဖြစ်ဘူး ထင်ပါတယ် ...။ မဖြစ်ပါစေနဲ့လို့လည်း အစ်ကိုမောင် ဆုတောင်းနေတယ် လှိုင်ရယ် ..."

လှိုင်သည် ကျွန်တော်၏ ဆုတောင်းကို ထောက်ခံဟန် တွေတွေလေး ငြိမ်နေပြီးမှ ရုတ်တရက် ကောက်မေးသည်။

"ဒါထက် ... မမခိုင်နဲ့ အစ်ကိုငြိမ်းမောင်ဟာ ယူကြမှာလားဟင် ... အစ်ကိုမောင် ..."

"ယူကြပါလိမ့်မယ်လို့ အစ်ကိုမောင် မျှော်လင့်မိတယ်။ တကယ်ဆိုတော့လည်း ခိုင့်မှာ အသည်းနှလုံး ရှိရင် ငြိမ်းမောင်အပေါ်မှာ မရက်စက်ထိုက်ဘူး ထင်တယ် လှိုင်ရယ် ..."

" မမခိုင်မှာ အသည်းနှလုံး ရှိပါတယ် ...။ ဒါကို လှိုင် သိပါတယ် ...။ ဒါပေမယ့် အစ်ကိုမောင် ... တင်မောင်ညွန့်ကိုကော ... မသနားထိုက်ဘူးလား "

"လှိုင်က တင်မောင်ညွန့်ကို သနားနေလို့လား ..."

လှိုင်က ဒေါသလေးနှင့် ပြန်အော်၏။ အသံလေးကလည်း မာနေသည်။

"အစ်ကိုမောင် ဘာပြောတာလဲ "

"ဟောဗျာ ...။ အစ်ကိုမောင်က ရိုးရိုးမေးတာပါ ..."

" ကြည့်စမ်း ... ပြောလေ ကဲလေပဲ။ လှိုင်ကလည်း ရိုးရိုးပြောတာပဲ။ တင်မောင်ညွန့်က တစ်ခါတစ်ခါ သိပ်မုန်းဖို့ကောင်းတယ်။ တစ်ခါတစ်ခါ သိပ်သနားဖို့ကောင်းတယ်။ သူက မမခိုင်က ဘာလို့ ဒီလောက်တောင် ချစ်တာလဲ မသိဘူး ..."

နေဝင်စ ပြု၏။ ကျွန်တော်ကလည်း ဤစကားစကို ဖြတ်ပစ်ချင်သည်။ မပြတ်လျှင် ဘယ်ဆီ ဆက်ဦးတည် လာဦးမည်မှန်း မသိ။ ထို့ကြောင့် စကားကို ပြတ်စေမည့် အမေးကို တမင်မေးသည်။

"သူများတွေ အကြောင်းချည်း သိပ်ပြောမနေနဲ့။ တော်တော်ကြာ လှိုင်လည်း အပျိုကြီးဖြစ်နေဦးမယ် "

အမှတ်တမဲ့ ဖြစ်သဖြင့် လှိုင်က သွက်လက်စွာ ဖြေသည်။

"လှိုင်က ဘာလို့ အပျိုကြီးဖြစ်ရမှာလဲ ...။ ဘယ်တော့မှ မဖြစ်သေးဘူး ..."

"ဟော ... ပေါ်တာပဲ တစ်ခါတည်း ...။ မှန်မှန်ပြောစမ်း ...။ လှိုင် ဘယ်သူ့ကို ကြိုက်နေသလဲ ..."

ဤအကြိမ်တွင် လှိုင်၏ ပါးလေးများတွင်သာမက တစ်မျက်နှာလုံး နီရဲသွားသည်။

" ကြည့်စမ်း ... ဘာလို့ လှိုင့်ဘက် လှည့်လာရတာလဲ။ ဟွန်း တော်တော်ဆိုးတဲ့ အစ်ကိုမောင်ကြီး။ သိပ် ... သိပ် ... သိပ် ... ဆိုးတဲ့ အစ်ကိုမောင်ကြီး။ ကဲ ... ကဲ ... ပြောဦး။ ပြောဦး မဟုတ်တာ ပြောဦး ..."

www.burmeseclassic.com



လှိုင်သည် သူ့လက်သီးဆုပ်ကလေးများနှင့် ကျွန်တော့်လက်မောင်းကို ထုသည်။ ဤအကြိမ်တွင် နာအောင် တကယ်ထုသည်။

“ အလယ်လယ် … နာပါတယ် လှိုင်ရာ။ အစ်ကိုမောင် နာတာက အရေးမကြီးပါဘူး …။ တော်တော်ကြာ လှိုင့်လက်ဖဝါးလေးတွေ ကျေနေပါဦးမယ် …။ အဲဒီတော့မှ ဥုံဖွလို့ အစ်ကိုမောင့်ကို အမန်းမခိုင်းနဲ့ …”

လှိုင်က ပြုံးမဲ့မဲ့နှင့် ကျွန်တော့်ကို မျက်စောင်းလဲ့လဲ့ ထိုးကြည့်ပြီး နှုတ်ခမ်းလေးများက လှုပ်လာသည်။ လှိုင်မပြောခင် လှိုင်ပြောမည့်စကားကို ကျွန်တော်က ဦးအောင်ရွတ်သည်။

“ သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး။ သိပ် … သိပ်ကိုပိုတဲ့ အစ်ကိုမောင်ကြီး ဟုတ်လား …”

ကျွန်တော်နှင့် လှိုင်သည် ပြိုင်တူရယ်မောမိကြပြီး လွမ်းစေတီတောင်ထိပ်မှ ယှဉ်တွဲ ပြေးဆင်းလာကြသည်။

အခြားတစ်ဖက်ရှိ ရပ်တော်မူဘုရား တောင်ကုန်းစောင်းတွင် တိုင်းရင်းသားလူငယ်တစ်ဦးက မယ်ဒလင်တီးနေ၏။ သူနှင့် ယှဉ်ထိုင်နေသော သူ့အဖော် သူငယ်ချင်းက အဆိုတော် ကိုမြကြီး၏ လွမ်းစေတီသီချင်းကို ဆွဲငင်လိုက်လှဲစွာ ဆိုသည်။

> **“ လွမ်းစေတီ …။ မယ်နဲ့ မောင် … ချစ်သဒ္ဒါမှုနဲ့ သစ္စာပြုပါသည်။ ချစ်သူငယ် သူ့အား … ဝေးပါပေါ့ဘုရားလို့ တမ်းတကာရည် … လွမ်းရပါပြီ … မယ့်ကိုရည်မှန်း … တည်ထားခဲ့မည် လွမ်းစေတီ …”**

www.burmeseclassic.com



## ( ၃၄ ) လှိုင့်အတွက် ချယ်ရီဦး

မောင်ရေ ...။

ဟိုတစ်နေ့က မောင့်ဆီက စာရတယ် ...။ လှိုင့်ဆီက စာကိုလည်း ရတယ်။

ချယ်ရီတွေ မပွင့်သေးတာမို့ မောင့်စာအိတ်ထဲမှာ ချယ်ရီပန်းအနွမ်းတွေ ပါမလာတာဘဲလို့ ခိုင် ယူဆမိတယ်။

ခိုင့်စကားကို ပြန်ပြင်ပါရစေ မောင် ...။ နွမ်းကာမှ နွမ်းပါစေ၊ မောင် ပို့လိုက်မယ်ဆိုရင် ချယ်ရီနွမ်းကိုပဲ လန်းတယ်လို့ ခိုင် မြင်ထင်ကြည့်ပြီး ကျေးဇူးတင် ဝမ်းသာမိပါမယ် မောင် ...။

ရှားသောအရာဟာ တန်ဖိုးကြီးသတဲ့ မောင်၊ ချယ်ရီပွင့်လန်းကို အဝေးကနေမှန်း လွမ်းရတဲ့ အခြေမှာမို့ ပွင့်နွမ်း ရရင်ပဲ ဆန်းပါပေတယ်လို့ ... စိတ်ဖြေမြတ်နိုးယုယမှာပါပဲ မောင် ...။

လှိုင်ကတော့ စွယ်တော်ရွက်ကလေးတွေ ထည့်ပေးလိုက်တယ် မောင်။ ထင်းရှူးနဲ့ ချယ်ရီပင်တွေသာ ရှိတယ်ထင်တဲ့ တောင်ကြီးမှာ စွယ်တော်ပင်လည်း ရှိမှန်းသိလို့ ခိုင် အံ့ဩတယ်။ ရေကောင်းမြေကောင်းမှာ ပေါက်ရလို့လားမသိဘူး၊ လှိုင် ပို့လိုက်တဲ့ စွယ်တော်ရွက်ကလေးဟာ ခိုင် တွေ့ဖူးသမျှထဲမှာ အဖွံ့ဆုံး၊ အထွားဆုံးနဲ့ အလှဆုံးပဲ ...။

မြေကောင်း၊ ရေကောင်းမှာ ပေါက်ဖွားရှင်သန်ရတဲ့ စွယ်တော်ပင်လေးတွေဟာ ကံကောင်းတယ်လို့ ဆိုရမှာပဲ မောင် နော် ...။

တောနဲ့ တောင်၊ လျှိုနဲ့ မြိုင်၊ ပွင့်ခေါင် ပွင့်မင်း၊ ပွင့်စုံခင်းပြီး ထုံသင်းကြိုင်လျှမ်း မြရောင်လွှမ်းတဲ့ ရှမ်းတို့ရဲ့ ပန်းမြို့တော် မောမြေဘုံခန်း ရဝေနန်းပေါ်မှာ စံမြန်းမွေ့လျော် ပျော်ဖွယ်အကြောင်းနဲ့ စုံသူအပေါင်းကိုလည်း ... ကံကောင်းတယ်လို့ပဲ ဆိုရမှာပဲ မောင်ရယ်နော် ...။

မောင့် မိခိုင်

လှိုင်နှင့် ကျွန်တော် လွမ်းစေတီရင်ပြင်ပေါ်၌ စကားထွေလာ ဆိုကြပြီးနောက် တစ်ပတ်ကျော်ကျော်ခန့်တွင် ခိုင့်ထံမှ အထက်ပါစာကို ရသည်။

စာ၌ ခိုင်သည် သူနှင့် ငြိမ်းမောင်တို့၏ ရေ့ရေးကို ထည့်မရေး။ အခြား ဘာကိုမျှလည်း ထည့်မရေး။ ခံစားမှုရှိမှ စာရေး၍ရသည်ဆိုသော ခိုင်သည် သူ့ခံစားမှုသက်သက်ကိုသာ ရေးလေခဲ့သည်။

ခက်သည်မှာ လူ့လောက၌ ခံစားမှုတစ်ခုတည်းနှင့် ကျင်လည်ရှင်သန်ခွင့် မရှိခြင်းသာ ဖြစ်ပါ၏။ ခံစားမှုတစ်ခုတည်းနှင့် ကျင်လည်ရှင်သန်ခွင့် မရှိပါဘဲလျက် သဘာဝတရားသည် အဘယ်ကြောင့် ခံစားတတ်သော နှလုံးသားကို ရင်၌ ထားပေးရပါမည်နည်း ...။ ထားပေးရပါမည်နည်း။

ဤအတွေးဖြင့် တစ်ညနေတွင် ကျွန်တော်သည် ခြံဝ၌ ရပ်လျက်ရှိနေခဲ့သည်။

ခြံပြင်ဘက် လမ်းဘေးမြက်ခင်းပြင်တွင် မြမြလွင်သော အရွက်ဖားဖားတို့နှင့် စွယ်တော်ပင်ပေါက်တို့သည် လေဝယ် တိမ်းပါး လှုပ်ရှားနေကြ၏။

" ကိုမောင်ညို ... ကိုမောင်ညို ..."

ကျွန်တော်က ခြံတွင်းသို့ လှမ်းခေါ်သည်။

ကိုမောင်ညိုက အပြေးကလေး ထွက်လာ၏။

" ဘာလဲ မောင် ... အလန့်တကြား "

" ဘာ(လ်)ကီ ပြန်သွားပြီလား "

www.burmeseclassic.com



ဘာ(လ်)ကီသည် ကျွန်တော်၏ ဂေါ်ရခါးလူမျိုး မာလီဖြစ်သည်။ နေ့တွင် အိမ်အလုပ်လုပ်၍ ညနေစောင်းလျှင် သူတို့လူမျိုးတွေ စုပေါင်းနေထိုင်သော စောစီရွာသို့ ပြန်လေ့ရှိ၏။

" မပြန်သေးဘူး မောင်။ မိုးကုန်ရင် ဒေလီယာနေရာမှာချဖို့ ပေါ်ပီမျိုးစေ့တွေ ရွေးနေတယ် ..."

" သွားခေါ်လိုက်စမ်းပါ၊ မြက်ရှင်းတဲ့ ဓားလည်း ယူခဲ့လို့ ..."

ကိုမောင်ညိုသည် ကျွန်တော့်ကို နားမလည်ဟန် တစ်ချက်ကြည့်ပြီး လှည့်ထွက်သွား၏။ မကြာမီပင် ဘာ(လ်)ကီသည် မြက်ခုတ်ဓားကို လက်တစ်ဖက်နှင့် ကိုင်ရင်း အခြားလက်တစ်ဖက်နှင့် ဆလံပေးလျက် ကျွန်တော့်ရှေ့တွင် ခြေစုံရပ်လာ၏။

" ဩော် ... ဘာ(လ်)ကီ ... ဟောဒီ မြက်တွေရော အပင်တွေရော အားလုံးခုတ်ပစ်စမ်းနော်။ ခုခုတ်၊ နက်ဖြန် စပြီး အမြစ်တွေ နုတ်ပစ်ပြီး မြက်ကောင်းမျိုးစေ့ ထပ်ချ၊ ကြားလား "

အမိန့်ကို နာခံ၍ တာဝန်ကို မငြင်းတတ်သော ဂေါ်ရခါးပီပီ ဘာ(လ်)ကီသည် မြက်ခင်းကို စတင်ခုတ်ထွင် ရှင်းလင်းသည်။

ကိုမောင်ညိုကသာ မကျေမနပ်နှင့် ပြော၏။

" မောင်ကလည်း ... ဒါ ခြံအပြင်ဘက်က မြူနီစီပယ်မြေပဲ။ ရှင်းချင်ရင် နက်ဖြန်မှ မြူအရာရှိချုပ် ဦးလေး ဦးချစ်ဆွေကြီးဆီ တယ်လီဖုန်း ဆက်လိုက်ပါလား ... သူ ချက်ချင်း ရှင်းပေးခိုင်းမှာပေါ့ "

" ဦးလေး ဦးချစ်ဆွေကြီးနဲ့ သူ့မြူအလုပ်သမားတွေက အားရတယ်မှ မရှိဘဲ။ တစ်ခါတလေ မောင်တို့ကလည်း မောင်တို့ တတ်နိုင်တဲ့ တာဝန်ကို မောင်တို့ဘာသာ ယူပြီး ကိုယ့်အိမ်ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးကို ကိုယ့်ဘာသာလည်း လုပ်ဦးမှပေါ့ "

ကိုမောင်ညိုသည် ဘာမျှမပြောတော့ဘဲ အိမ်ဆီသို့ ပြန်ဝင်သွား၏။

ဘာ(လ်)ကီသည် မြက်ခုတ်ဓားကို ဝေ့ကာလွှဲကာနှင့် သွက်လက်စွာ အလုပ်များနေ၏။

ထိုစဉ် ခရီးတိုပြေး တက္ကစီ လေးဘီးကားလေးတစ်စီး ထိုးဆိုက်လာ၏။ ကားပေါ်မှ လှိုင်ဆင်းလာသည်။

" ဟော ... လှိုင်က ရောက်လာပြီ။ အစ်ကိုမောင် အခုပဲ လာခေါ်တော့မလို့ "

လှိုင်က တောက်ပစွာ ချစ်စဖွယ် ပြုံးသည်။

" အစ်ကိုမောင် နေ့လည်ကနေ ညနေအထိ အော်ပရေးရှင်း (ခွဲစိတ်ကုသခြင်း) လုပ်သွားတာ ပင်ပန်းနေမှာပေါ့။ ဒါကြောင့် လှိုင့်ဘာသာ လာခဲ့တာ ..."

ကျွန်တော့်ကို ရှင်းပြပြောဆိုနေရာမှ လှိုင်သည် မြက်ခုတ်ဓားနှင့် အလုပ်များနေသော ဘာ(လ်)ကီထံ လှမ်းကြည့်၏။

" ဘာ(လ်)ကီက ဘာဖြစ်လို့ ခြံပြင် ထွက်ရှင်းနေရတာလဲ အစ်ကိုမောင် ..."

" အစ်ကိုမောင် ခိုင်းထားလို့ပါ ...။ ခြံတွင်းက လှသလောက် ခြံပြင်မှာ ရှုပ်နေတယ် လှိုင်။ ခြံပြင်ဆိုတာဟာလည်း ကိုယ့်အိမ်မျက်နှာစာပဲ မဟုတ်လား "

လှိုင်က ကျွန်တော်ပြောသည်ကို သဘောတူဟန် ခေါင်းညိတ်သည်။ သို့ရာတွင် ခဏချင်းမှာပင် မျက်လုံးလေး ပြူးလျက် အလန့်တကြားဆိုသည်။

" ဟော ... ရှင့် ... ကုန်ပါပြီ ..."

ကျွန်တော်က လှိုင့်ကို နားမလည်ဘဲ ပြန်မေးမိသည်။

" လှိုင်ကလည်း အလန့်တကြား ဘာပြောတာလဲ "

" စွယ်တော်ပင်လေးတွေ ... စွယ်တော်ပင်လေးတွေ ... ကုန်ပါပြီ ..."

လှိုင်သည် ဘာ(လ်)ကီအနားသို့ ပြေးသွားလျက် မြက်ခုတ်ခြင်းကို ရပ်ခိုင်း၏။

www.burmeseclassic.com



ဘာ(လ်)ကီ၏ ဓားချက်ကြောင့် မြက်များနှင့်ရောလျက် စွယ်တော်ပင်ကလေးများလည်း အပိုင်းပိုင်း ပြတ်ကာ ရှိနေသည်။

ဘာ(လ်)ကီက နားမလည်ဟန် ကျွန်တော့်ကိုတစ်လှည့်၊ လှိုင့်ကိုတစ်လှည့် ကြည့်နေဆဲ လှိုင်သည် အခုတ်မခံရသေးဘဲ ကျန်နေသေးသော စွယ်တော်ပင်ပေါက်ကလေးတစ်ပင်၏ အနီးတွင် ဒူးထောက် ထိုင်ချလိုက်သည်။

လှိုင်သည် စွယ်တော်ပင်ကလေးအား တိရစ္ဆာန်လေးတစ်ကောင်ကို ကိုင်သည့်အလား ယုယစွာကိုင်ရင်း ကျွန်တော့်ထံ လှမ်းပြော၏။

" တော်ပါသေးရဲ့ အစ်ကိုမောင်၊ ဟောဒီမှာ တစ်ပင် ကျန်နေသေးတယ်။ ဘာ(လ်)ကီရေ … သွားစမ်း၊ တူရွင်း သွားယူခဲ့စမ်း "

ထုံးစံအတိုင်း ဘာ(လ်)ကီသည် လှိုင့်အမိန့်ကို နာခံ၍ ခြံတွင်းသို့ ဝင်သွား၏။

ကျွန်တော်ကသာ လှိုင့်အပါး ကပ်သွားပြီး မေးသည်။

" ဘာလုပ်ဖို့ တူရွင်း ယူခိုင်းတာလဲ လှိုင် …"

" ဒီစွယ်တော်ပင်ကလေးကို တူးယူပြီး ခြံထဲမှာ ရွှေ့စိုက်မလို့ …"

" ဩော် … လှိုင်ရယ်၊ အပင်ပန်းခံလို့။ ဟိုဘက်လမ်းဘေးမှာ စွယ်တော်ပင်တွေ အများကြီး ရှိသေးတာပဲ ဥစ္စာ "

" လမ်းဘေးမှာရှိတာ လှိုင် သိသားပေါ့။ လမ်းဘေးပေါက်နေတာတောင် ဘယ်လောက်လှသလဲ။ ခြံထဲမှာ ယုယုယယ စိုက်ထားရင် ပိုလှမှာပေါ့။ ပိတောက်အကြောင်း ဆရာဇော်ဂျီစပ်ထားတဲ့ စာတစ်ပိုဒ် ရှိတယ်။ ဘာပါလိမ့်။ ဩော် … ဩော် … သူလည်းလေ လောကီသားပေမို့ … တဲ့။ စွယ်တော်ပင်ကလေး ဟာလည်း လောကီသားပေမို့၊ အယုအယ ခံချင်မှာပေါ့ … နော် …။ မဟုတ်လား … အပင်ကလေးရယ် …"

လှိုင်က စွယ်တော်ပင်ကလေးနှင့်ပင် စကားဆိုနေပြန်ချေ၏။

တူရွင်းနှင့် ဘာ(လ်)ကီ ပြန်ရောက်လာသောအခါ လှိုင်သည် အမြစ်များကို မထိခိုက်အောင် ညွှန်ကြား၍ တူးစေသည်။ တူးပြီးသောအခါ ခြံတွင်းသို့ ယူလာစေ၏။

" ဘယ်နားစိုက်ရမလဲ။ ဟော … အကြံရပြီ။ စွယ်တော်စင်ဆိုတာ နန်းဦးမှာ ရှိသတဲ့။ စွယ်တော်ပင် ဟာလည်း အိမ်ဦးမှာ ရှိရမှာပေါ့။ မဟုတ်ဘူးလား အစ်ကိုမောင်။ ဘာ(လ်)ကီ လာ … လာ ဒီနားမှာစိုက် "

လှိုင်သည် သူ့အဆိုသူပြု၊ သူ့ဘာသာသူ ထောက်ခံဆုံးဖြတ်၍ စွယ်တော်ပင်လေးကို ကျွန်တော့် အိမ်ဦး၌ စိုက်စေသည်။

ဘာမျှပြန်မပြောနိုင်သော ကျွန်တော်သည် လှိုင် လုပ်သမျှကို အလိုက်သင့်ကြည့်နေရသည်။

စွယ်တော်ပင်ကလေးကို မြေ၌ စိုက်ပြီးသောအခါ ဘာ(လ်)ကီက ရေလောင်းပန်းကရားလေးကို သွားယူ၏။

လှိုင်သည် ပန်းကရားကို လှမ်းယူပြီး သူကိုယ်တိုင် ရေလောင်းသည်။ ကိစ္စအားလုံးပြီးသောအခါ မိမိ ထင်ရာကို လုပ်ပြီးသဖြင့် ကျေနပ်သော ကလေးငယ်တစ်ဦးပမာ အသံလေးများထွက်အောင် ရယ်လိုက်၏။

" ကြည့်စမ်း အစ်ကိုမောင်။ ဝမ်းသာလွန်းလို့ စွယ်တော်ရွက်ကလေးတွေက လှိုင့်ကို လက်ခုပ် တီးပြနေတယ်။ လိပ်ပြာတောင်ခတ်တာနဲ့ မတူဘူးလား။ နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်နေတဲ့ ချစ်စရာ ကလေးတွေပါ။ မမခိုင် လာမှ ပြပြီး ကဗျာတစ်ပုဒ် စပ်ခိုင်းရဦးမယ် သိလား အစ်ကိုမောင် "

ကျွန်တော်က မဖြေနိုင်။ လှိုင် မမြင်အောင် မျက်နှာလွှဲ၍ သက်ပြင်းကိုသာ ရှိုက်လိုက်မိပါ၏။

❑

www.burmeseclassic.com



တောင်ကြီး၏ ဆောင်းရာသီသည် ငွေနှင်းမှုန်မှုန် ပန်းထုံထုံနှင့် ဆိုက်ရောက်လာသောအခါ မကြုံဖူးသူ ခိုက်ခိုက် တုန်အောင် အအေးဓာတ်လည်း ကဲလွန်းပြန်ခဲ့၏။

နိုင်ငံရေးရာသီသည်သာ မအေးပါ။

ဖဆပလ တစ်ခြမ်းကွဲအဖြစ်မှ ပြည်သူ့အသည်းကြားက မဲတစ်ပြားကို အများစုရယူ တန်ခိုးထွားလာသော ပထစ အဖွဲ့ကြီးသည် ဦး၊ ဗိုလ်၊ သခင်ဟူ၍ ကျော်ကြားမကောင်းအောင် ဖုံးဖိမရ သုံးခြမ်းထပ်ပဲ့တော့၏။

လွတ်လပ်ပြီးသည်မှာဘက် ဘယ်ခရီးကြမ်းတစ်လျှောက်တွင် ပြည်ထောင်စုအပေါ် တာဝန်သိစွာ သစ္စာရှိသော ကချင်ပြည်နယ်ဆီ၌ ဝမ်းနည်းဖွယ် လှုပ်ရှားထကြွမှုများ ပေါ်ပေါက်လာခဲ့၏။

ရှမ်းပြည်နယ်တွင်မူ ပြည်သူအများကို ဆယ်ရာစုနှစ် ကံကြွေးချ စနစ်ထမ်းပိုးအောက်မှ လွတ်မြောက်ခွင့် မပေးလိုကြသူ တစ်သိုက်က ဖက်ဒရယ်မူနှင့် မျက်လှည့်ပြကာ သီးခြားထောင်ထားရန် စည်းရုံးလှုပ်ရှားနေကြ၏။

ကြားရ၊ မြင်ရ၊ ကြုံရသမျှတို့၌ စိတ်ချမ်းသာဖွယ် တစ်ကွက်မျှ မရှိ။

ခေတ်အမြင်ရှိ၍ သမိုင်းစဉ်ကို မျက်ခြေမပြတ်သူအများက ပြောင်းလဲမှု တစ်စုံတစ်ရာကို စောင့်မျှော်ငံ့လင့်နေကြသည်။ စောင့်မျှော်ငံ့လင့်နေကြသော ပြောင်းလဲမှု ဆိုသည်မှာလည်း အကောင်းအတွက် ပြောင်းလဲမှုကိုသာ ဖြစ်သည်။ အခြေအမြစ်မှစ၍ တစ်ဟုန်ထိုး ပြောင်းလဲမှုမျိုးသာ ဖြစ်ပါ၏။

အကောင်းအတွက် အခြေအမြစ်မှစ၍ တစ်ဟုန်ထိုးပြောင်းလဲခြင်းဆိုသည်မှာ တော်လှန်ရေးပင် ဖြစ်ပါ၏။

တော်လှန်ရေးကို မျှော်မိကြသူအများတွင် ကျွန်တော်လည်း ပါသည်။ ဖာရာ၊ ထေးရာ၊ ဆွေးရာပျက်ရာ အပြည့်နှင့် ဤနိုင်ငံအိမ်အိုကို ပြုပြင်တည်ဆောက်ရန် အခြားနည်းလမ်း ဘယ်မမြင်။

ကံကောင်းသည်မှာ လူ့အသက်ကိုသာ ကိုင်တွယ်ကုသ ရန်းကန်နေရသော ကျွန်တော်တို့၏ ဆရာဝန်လောကဆီသို့ နိုင်ငံရေးဂယက်များသည် တိုက်ရိုက်ပုတ်ခတ်မလာ။ လူနာရောဂါကိုသာ ခွဲစိတ်ကုသတတ်သော ကျွန်တော်တို့၌လည်း ဤနိုင်ငံရေး နာတာရှည်ကြီးကို ကုသရန် ဆေးမရှိ။

အများပြည်သူတို့နည်းတူ အကောင်းအတွက် ပြောင်းလဲမှုကို မျှော်လင့်မိခြင်းသာရှိသည်။

ထိုနှစ် ဆောင်းအစတွင် သူငယ်ချင်း ဒေါက်တာတို့နှင့် လမ်းအရေးပိုင် ဦးမြင့်သောင်း အဆွယ်ကောင်းသဖြင့် ကျွန်တော် ဂေါက်သီး စ,ရိုက်သည်။ ဤကစားနည်းကား စွဲမိလျှင် အလွန်ဆိုး၏။ အားလပ်သည်နှင့် တစ်ပြိုင်နက် ဂေါက်ကွင်းသို့ မသွားဘဲ မနေနိုင်။ အခြေအနေ အကြောင်းကြောင်းကြောင့် ဂေါက်ကွင်းသို့ မသွားနိုင်သော ညနေမျိုး၌ပင် ခြံတွင်း မြက်ခင်းပေါ်တွင် လေ့ကျင့်ရိုက်နေမိတတ်သည်။

ကျွန်တော်နှင့် တပူးတွဲတွဲ မခွဲတမ်းရှိနေသူ လှိုင်သည် ဂေါက်သီးရိုက် ဝါသနာပါလာ၏။ လှိုင်ဝါသနာပါသောအခါ ကျွန်တော်ကလည်း တတ်သမျှ၊ မှတ်သမျှ တစ်ဆင့်သင်ပေးသည်။ မကြာမီ လှိုင်ကလည်း ကျွန်တော်နှင့် ဂေါက်ကွင်းသို့ မှန်မှန် လိုက်ပါတော့၏။

ချယ်ရီတို့ လှိုင်လှိုင်ပွင့်သော ဒီဇင်ဘာလနောက်ပိုင်း တစ်နေ့တွင် ကျွန်တော်သည် မည်သို့မျှ မမျှော်လင့်သော ကိုကို့ထံမှ စာတစ်စောင်ရသည်။ အလုပ်သည် ဘဝ၊ ဘဝသည် အလုပ်ဖြစ်နေသော ကျွန်တော့် ကိုကိုထံမှ စာဟူ၍ ရခဲသည်။ ကျွန်တော်တို့ ညီအစ်ကို၏ မေတ္တာနှောင်ဖွဲ့မှုသည် စာမှန်မှန်ရေးခြင်းကဲ့သို့ အပေါ်ယံဆက်ဆံရေးတို့၌ မတည်။ နှလုံးသားတို့၌သာ ရှိနေသော တူညီသည့် ယုံကြည်မှုတို့ပေါ်မှာသာ တည်နေသည်။ ထို့ကြောင့်ပင် ကိုကို့ထံမှ စာရသောအခါ ကျွန်တော် အံ့သြမိသည်။

အစပိုင်းတွင် ကိုကိုသည် မူမရှိ၊ လမ်းစဉ် မရှိသူတို့ နိုင်ငံတော်သဘော်ကြီး မာလိန်မှူး တက်ဖြစ်နေသောကြောင့် စိုးရိမ်ကြောင်း၊ အသက်သွေးပေါင်းများစွာ စတေး၍ တည်ထားရသော ပြည်ထောင်စုကြီးမှာမူ အမှားနှင့် လူမတရားတို့ကြောင့် ပျက်ပြားပြိုကွဲရမည်ကို မရှုရက်ကြောင်း ... စသည်တို့ကို ဖော်ပြထား၏။

www.burmeseclassic.com



စာနောက်ပိုင်းတွင် သူအဓိက ဆိုလိုရာကို သူ့ဝသီအတိုင်း လိုရင်းမိအောင် တိုတိုတုတ်တုတ်နှင့် ရေးထား၏။

အဲဒါတွေက … စကားစပ်လို့ ရေးမိတာပဲ။ ကိုကို ပြောချင်တာ တစ်ခုကတော့ ရှင်းရှင်းပဲကွာ …။

မောင့်ကို လှိုင်နဲ့ ပေးစားချင်တယ်။ ဘယ့်နှယ်လဲ …။

အရွယ်ရောက်ပြီး အလုပ်အကိုင် အတည်တကျ ရှိနေသူတိုင်း အိမ်ထောင်ပြုရတယ်။ ဒါဟာ လူ့ဝတ္တရားပဲ။ အဲ … လူ့မင်္ဂလာလည်း ဟုတ်တယ်ကွဲ့။

မောင့်မှာ ရာထူး … ဘွဲ့ထူးကောင်းကောင်းတွေ လက်ကိုင်ရှိနေပြီ။ ဒါတွေ လက်ကိုင်ပြု၊ လူပျိုကြီးလုပ်ပြီး ရှပ်နေမှာမျိုးကိုလည်း ကိုကို မကြိုက်ဘူး။

လှိုင်ဟာ … မောင်နဲ့ အသင့်တော်ဆုံးပဲလို့ ကိုကို ထင်တယ်။ ဖေဖေနဲ့ မေမေကလည်း သဘောတူတယ်။ မမမြိုင်ကလည်း သဘောတူတယ်။ ကိုကိုကလည်း သဘောတူတယ်ကွာ။

မောင့်မှာ တခြားချစ်သူရှိနေရင်တော့ သဘောပဲ။ မချစ်သူကိုတော့ မယူကြနဲ့။

မောင်တို့ချင်း သဘောမျှနိုင်ကြမယ်ဆိုရင်တော့ မြန်မြန် လက်ထပ်ကြစေချင်တယ်။ ကြီးကြီး ကျယ်ကျယ် အကုန်ခံ မင်္ဂလာဆောင်တာမျိုးတော့ မထောက်ခံချင်ဘူး။

လှိုင့်ဆီကိုလည်း မင်းမမမြိုင်က စာရေးလိုက်ပြီးပြီ။

**ကိုကို …**

ကိုကို့စာကြောင့် တစ်ညလုံးလိုလို ကျွန်တော် မအိပ်နိုင်။ မအိပ်နိုင်သည်မှာ စဉ်းစားရသောကြောင့် ဖြစ်သည်။

နောက်တစ်နေ့ အိပ်ရာမှ ထသောအခါ ကျွန်တော်သည် အိပ်မက်မှ လန့်နိုးလာသူပမာ ဖြစ်နေသည်။ စင်စစ်မူလည်း ကျွန်တော့်အတွက် အိပ်မက် မဟုတ်လေသော ဘဝကို အမှန်တရားဖြင့် ရင်ဆိုင်သင့်ချိန် တန်ပါလေပြီ။

ညနေတွင် လှိုင့်ကို ဖီးယက်ကားလေးဖြင့် ကျွန်တော် သွားခေါ်သည်။ ကားကို အိမ်၌ ထားခဲ့ပြီး လှိုင်နှင့် ကျွန်တော်သည် ကောင်စီလမ်းမကြီးအတိုင်း လျှောက်လာကြသည်။

လမ်းတစ်လျှောက်တွင် ချယ်ရီတို့က ပင်လုံးကျွတ် ပွင့်ဝေနေကြသည်။ လှိုင်က ထိုညနေ၌ အထူး နှုတ်နည်းနေ၏။ မျက်တောင်ကော့များကို စင်း၍ မျက်လွှာချရင်း အသာလျှောက်နေသည်။ ကျွန်တော် ကိုယ်တိုင်ကလည်း အတန်ကြာ နှုတ်ဆိတ်နေမိပြီးမှ စကားစ,ဆိုသည်။

“ မနေ့က … အစ်ကိုမောင် ကိုကို့ဆီက စာရတယ် … ”

လှိုင်က ဘာမျှမဖြေ။ ဆိတ်ငြိမ်မြဲ ဆိတ်ငြိမ်နေ၏။

“ အစ်ကိုမောင် ညက တစ်ညလုံး စဉ်းစားမိတယ်။ ဦးနှောက်နဲ့လည်း တိုင်ပင်တယ် လှိုင်၊ အသည်း နှလုံးကိုလည်း မေးကြည့်တယ်။ မိုးလင်းခါနီးမှာ အဖြေတစ်ခုရတယ်။ အဲဒီအဖြေကို လှိုင့်ကို ပြောပြချင်လို့ ”

လှိုင်သည် ကွက်ကနဲ ကျွန်တော့်ကို လှမ်းကြည့်သည်။ ဘာမျှတော့ မပြော။

“ အစ်ကိုမောင် ပြောနေတာကို လှိုင် နားလည်ရဲ့လား …။ မမမြိုင်ဆီက လှိုင်ကော … စာရပြီလား ဟင် …”

လှိုင်က တိုးတိုးပင် “ ရပါပြီ ”ဟု ဖြေသည်။

“ ဒီလိုဆိုရင် လှိုင် နားလည်ပါပြီ၊ ဒီတော့ … လှိုင့်သဘောက ဘယ်လိုလဲ ”

လှိုင်က ကျွန်တော့်ကို မော့ကြည့်သည်။

www.burmeseclassic.com



လိုင့်မျက်လုံးများက လဲ့လဲ့ပြာနေ၏။ လိုင့်မျက်လုံးများ လဲ့လဲ့ပြာကြောင်းကို ကျွန်တော် အကြိမ်ကြိမ် ဆိုခဲ့ပြီ။ ယခုလည်း ထပ်ဆိုရဦးမည်။

လဲ့လဲ့ပြာသော လိုင့်မျက်လုံးများသည် အရောင်လည်း တဖျပ်ဖျပ် တောက်ပသည်။ သန့်စင်ခြင်း၊ ကြည်လင်ခြင်း၊ ရွှင်ပျခြင်းတို့ကြောင့်လည်း ရီရွှန်းနေတတ်၏။ မျက်လုံးပြာနှင့် မွေးညင်းရှိမ်းသော လိုင့်မျက်နှာလေးကို မြင်ရသည်မှာ ရင်၌ ထာဝစဉ် အေးချမ်း၏။

ချယ်ရီဝင်းမိသော ထိုညနေ၏ ပတ်ဝန်းကျင်၌ လိုင့်မျက်နှာလေးသည် ခါတိုင်းထက် ပိုအေးချမ်းနေသည်။ လဲ့လဲ့ပြာသော မျက်လုံးများကလည်း ခါတိုင်းထက် ပိုတောက်ပနေပါ၏။

" ဖြေလေ ... လိုင် "

" အို ... လိုင် ဘာဖြေရမှာလဲ "

" လိုင့်သဘောကိုပဲ ဖြေပါ လိုင်ရယ် ..."

လိုင့်ပါးကလေးက ရဲနေသည်။ ရင်လေးက ဖိုနေ၏။

လိုင်သည် သက်ပြင်းလေးရှိုက်ပြီး နူးညံ့စွာဆို၏။

" လိုင်က ဖြေရမှာလား ... အစ်ကိုမောင်က ဖြေရမှာလား ... ပြောပါဦး ရှင်ရယ် "

ကျွန်တော်က ကျေနပ်သွားသည်။ ကျွန်တော့်မျက်လုံးများကလည်း ကောင်စီခန်းမရှေ့မှ ချယ်ရီပင်ပျို တစ်ပင်ကို မြင်သည်။

" ခဏနေဦးနော် လိုင် ..."

ကျွန်တော်သည် ကိုင်းနိမ့်သော ချယ်ရီပင်ပျိုထက် အလွယ်တကူ တက်လိုက်သည်။ ချယ်ရီဦးကို ခူးခဲ့သည်။

ကျွန်တော်က ချယ်ရီတစ်ခိုင်ကို လိုင့်ခေါင်းတွင် ပန်ပေးသည်။

" ကြည့်စမ်း၊ အို ... အစ်ကိုမောင် ဘာလုပ်တာလဲ။ လမ်းမကြီးမှာ လူတွေ မြင်ကုန်လိမ့်မယ် ..."

" လူတွေ မြင်အောင်ပဲ အစ်ကိုမောင် တမင် အဖြေပေးတာလေ။ ကဲ ... လိုင့်အလှည့် ဖြေတော့ ..."

လိုင်သည် မျက်စောင်းလေးထိုးပြီး ဆိုနေကျစကားကို ဆိုသည်။

" သိပ်ပိုတဲ့ အစ်ကိုမောင်ကြီး ...။ သိပ် ... သိပ် ... သိပ်ကို သူပိုတယ်။ ဟွန်း ... မုန်းတယ် ..."

လိုင်က လက်သီးလေးဖြင့် ကျွန်တော့်လက်မောင်းကို ထုသည်။ ကျွန်တော်က လိုင့်လက်ကလေးကို ဖမ်းကာ မလွှတ်ဘဲ ဆုပ်ကိုင်ထားလိုက်သည်။

နှင်းမှုန်လေးတို့ဝေ၍ ချယ်ရီပန်းတို့ ထိန်နေသော ထိုညနေတွင် လိုင်နှင့် ကျွန်တော်သည် တစ်ယောက်လက် တစ်ယောက်တွဲ၍ ဆက်လျှောက်ခဲ့ကြပါသည်။

❑

**" ဘုန်းချင်းတွေ့ဆုံ၊ ချစ်ရိပ်မြုံ၍၊ ကြေးမုံထင်ထင်၊ သွင်ပြင်လျလျ၊ နမလည်းကောင်း၊ ဆွေမပြောင်းသား၊ တောင်စောင်းလက်နီး၊ တစ်ပွင့်ထီးနှင့်၊ ညီးညီးတခြား၊ မယားပီပီ၊ ကလျာဏီဖြင့်၊ ငယ်ချီငယ်ပိုး၊ အမျိုးအချင်း၊ ဆွေညီမင်းတို့၊ ကျိုးကျင်းရယ်ပြုံး၊ ယဂင်ထုံးလျက် ..."**

သောဏဒိန်နတ်သားနှင့် သူ့သက်ထားတို့၏ မေတ္တာရိပ်မြုံကို ဖွဲ့ဆိုအပ်သော နေမိဘုံခန်းပျို့လာ အထက်ပါစာသည် လိုင်နှင့် ကျွန်တော့်အတွက်ပါ မှန်လာနေခဲ့ပါ၏။

မချစ်မိခင်ကပင် ကြင်နာပြီးသည်။ ချစ်ခဲ့ရပြန်တော့ အသည်းအူတုန် ကုန်ကုန်မြတ်နိုးမိသည်။

" ငယ်ချီငယ်ပိုး၊ အမျိုးအချင်း၊ ဆွေညီမင်း "မို့ သံယောဇဉ်ကြိုးကလည်း ပို၍သာ တင်းလာခဲ့သည်။

www.burmeseclassic.com



" တစ်ပွင့်တည်းနှင့်၊ ညီးညီးတခြား၊ မယားပီပီ "ဟု မဆိုနိုင်သေးသော်လည်း ဆိုပိုင်ခွင့် ရှိခဲ့လေပြီမို့ လှိုင်ကလည်း ကျွန်တော့်အပေါ် တီတာနွဲ့ဆိုးသမျှ ကြင်နာ၍လည်း ရိုကျိုးပါသည်။

ပေါက္ခရဏီ၊ နဒီရေကန် ဟူ၍မှ စာကိုကွန့်၍ အညွန့်မပိုလိုပါ။ သို့ရာတွင် " ရေကန်တန်ဆာ၊ စုံအင်္ဂါဖြင့်၊ ဟသံာဝမ်းဘဲ၊ ပျံဝဲလည်ယှက်၊ ကြင်ဖော်ဘက် "သည် အင်းလေး၊ ကျီးဖြူတည်းဟူသော ကန်မင်းနှစ်ဆူ၏ ရေပြင်ထက်ဝယ် … အားလပ်ရက်ရလေတိုင်း လှိုင်နှင့် ကျွန်တော်သည် အတိုင်းမသိ ပျော်ရွှင်ခြင်း ရှိခဲ့ပါသည်။

လှိုင်ကို ကျွန်တော်က ရှမ်းဘာသာ " စု "ဟူသော ချစ်သူဘွဲ့တပ်၍ ခေါ်သည်။ လှိုင်က ကျွန်တော့်ကို ကိုကိုဟု ပြင်ခေါ်၏။

ဤသို့လျှင် ထင်းရှူးနံ့သင်း၍ ချယ်ရီတို့ဝင်းရာ ကမ္ဘောဇမြို့တော်သည် ကျွန်တော်နှင့် လှိုင့်အတွက် ဘုန်းချင်းတွေ့ဆုံရာ ချစ်ရိပ်မြုံ မြေမဟာ ဖြစ်နေခဲ့ပါသည်။

ကျွန်တော့်ဆီ စာရေးစဉ်က သဘောမျှကြလျှင် မြန်မြန်ယူရန် ကိုကို အကြံပေးထားခဲ့သည်။

အမှန်မှာ လက်တွေ့ဆန်သော အကြင်လင်မယားဘဝထက် အငွေ့ဆန်သော ချစ်သူဘဝသည် ပိုမို သာယာလှပါ၏။ သို့မဟုတ် ပိုမိုသာယာသည်ဟု ကြားဖူးပါ၏။

လှိုင်နှင့် ကျွန်တော်သည် အငွေ့ဆန်သော ချစ်သူဘဝ၌ သာယာမေ့မူးလျက် ရှိခဲ့မိကြသည်။

တစ်ချိန်တွင် ငြိမ်းမောင် ရန်တွေ့ဖူးသည်ကစ၍ ကျွန်တော်သည် နေ့စဉ်သတင်းစာများကို မှန်မှန် ဖတ်သည်။ အလုပ်ဝတ္တရားကြောင့် နေ့လယ်၊ ညနေတို့၌ မတတ်နိုင်လျှင် အိပ်ရာမဝင်မီ ဖတ်သည်။ အနည်းဆုံး ဟိုလှန်သည်လှန်ပြီး အကြမ်း ကြည့်လေ့ရှိသည်။

တစ်ညတွင် ခက်ခဲသော အရေးပေါ်ခွဲစိတ်မှုတစ်ရပ်ကို ပြုအပြီး ပင်ပန်းစွာဖြင့် ကျွန်တော် အိမ်ပြန် ရောက်ခဲ့သည်။

အိပ်ရာမဝင်ခင် မမေစန်း အလိုက်သိစွာ ပေးလာသော ကြက်ဥ ဟတ်(ဖ်)ဘွိုင်နှင့် နွားနို့ပူပူတစ်ခွက်ကို စားသောက်ရင်း သတင်းစာများကို လှန်ကြည့်မိသည်။

ရွှေ့ဆောင်မြန်မာသတင်းစာကြီးတစ်စောင်၏ မျက်နှာဖုံးတွင် စာလုံးမည်းများဖြင့် ဖော်ပြထားသော သတင်းတစ်ရပ်က ကျွန်တော့်မျက်လုံးများကို ပြူးကျယ်စေသည်။

## သူပုန့်မိုင်းချက်မိ၍
## သစ်တောအရေးပိုင်တစ်ဦး ကျဆုံးခြင်း

ဤခေါင်းစဉ်အောက်၌ တောင်ငူသတင်းထောက်က ဖြစ်ခဲ့သမျှကို အသေးစိတ် ဖော်ပြထားသည်။

သစ်တောအရေးပိုင် ဦးတင်မောင်ညွှန့် ခေါင်းဆောင်သောအဖွဲ့သည် တောင်ငူ အရှေ့ဘက် သစ်ထုတ်လုပ်ရေး စခန်းများကို လိုက်လံစစ်ဆေးစဉ် ခရီးလမ်းတစ်ခု၌ သူပုန့်မိုင်း ထိသည်။ ချုံခိုတိုက်ခိုက်လာသော သူပုန်များကို ဦးတင်မောင်ညွှန့် ခေါင်းဆောင်၍ ပြန်လှန်ပစ်ခတ် ခုခံသည်။ သူပုန်များ ဆုတ်ခွာသွားရပါ၏။ သို့ရာတွင် ဦးတင်မောင်ညွှန့်နှင့် သစ်တော ဝန်ထောက်တစ်ဦး ကျဆုံးခဲ့ရရှာပါ၏။

ထိုညက တစ်ညလုံး ကျွန်တော် အိပ်မပျော် …။

နောက်တစ်နေ့တွင် လှိုင့်ကို အကြောင်းအကျိုး ရှင်းပြပြီး အလောင်းမြေမကျမီ တောင်ငူသို့ ကျွန်တော် ဆင်းပြေးသွားသည်။

မျှော်လင့်သည့်အတိုင်း တောင်ငူတွင် တင်မောင်ညွှန့်၏ မိဘများအပြင် ခိုင်နှင့် ငြိမ်းမောင်ကိုပါ တွေ့ရသည်။

www.burmeseclassic.com



ခိုင့်မျက်လုံးများမှာ ရဲ၍ မျက်ခွံများက မို့နေသည်။ ချစ်သူတစ်ဦး မဟုတ်သော်လည်း ချစ်နိုင်သူတစ်ဦး ဆုံးရှုံးရလေ သဖြင့် ခိုင် စိတ်ထိခိုက်မည်ကို ကျွန်တော် နားလည်မိပါသည်။

ငြိမ်းမောင်ကမူ ခေါင်းကြီးကျိုးလျက် ဘာစကားမျှ မဆိုနိုင်။

တင်မောင်ညွန့်၏ ဖခင်က ကျွန်တော့်ထံ ကပ်၍ ဆို့နင့်စွာဆို၏။

" ဆရာရယ် လူဆိုတာ သေမျိုးမို့ ကျွန်တော် ဖြေနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်သားကို မိုက်အောင် အလိုလိုက်မိခဲ့တဲ့ ကျွန်တော့်ကိုသာ ကျွန်တော် ခွင့်မလွှတ်နိုင်ဘူး "

ကျွန်တော်က အဘိုးကြီးကို စိတ်ပြေစေရန် ပြောခဲ့သည်။ တစ်နည်းအားဖြင့် အမှန်ကို ဆိုခြင်းလည်း ဖြစ်ပါ၏။

" တင်မောင်ညွန့်ဟာ မိုက်ခဲ့ဖူးပေမယ့် အခု သေခြင်းဟာတော့ မြင့်မြတ်သော သေခြင်းပါ ဦးရယ်။ သားတစ်ယောက်အနေနဲ့ ဦးတို့အပေါ် သူ ဆိုးမိကောင်း ဆိုးမိပေမယ့် တိုင်းပြည်ရဲ့ သားကောင်းတစ်ဦး အနေနဲ့တော့ အခု သူ့တာဝန်သူ ကျေပွန်သွားပါတယ်။ ဝမ်းမနည်းပါနဲ့လို့ ကျွန်တော် မပြောနိုင်ဘူး။ ဒါပေမယ့် ဂုဏ်တော့ယူစမ်းပါ ဦးရယ် ..."

တင်မောင်ညွန့်၏ အလောင်းကို မြေချချိန်၌ ကျွန်တော် ကိုယ်တိုင်ပင် မျက်ရည်မထိန်းနိုင်ခဲ့။

သူ့မိဘများနှင့်အတူ ကျွန်တော်၊ ငြိမ်းမောင်နှင့် ခိုင်သည် သူ့ခေါင်းပေါ်သို့ မြေစိုင်ခဲများကို တစ်လုံးချင်း ပစ်ပေါက်ထည့်ကြ၏။

ကျွန်တော့် နားတွင်မူ ...။

" ကျွန်တော် တောထဲတောင်ထဲမှာပဲ နေတော့မယ်၊ သိလား အစ်ကိုမောင်။ ကျွန်တော် တောထဲ တောင်ထဲမှာပဲ နေတော့မယ် "ဟူသော သူ့စကားများက ပြန်လည်ပဲ့တင်ထပ်နေသည်။

" နေရစ်လေတော့ ... တင်မောင်ညွန့်ရေ ... မင်းချစ်တဲ့ ... တောတောင်ထဲမှာ နေရစ်တော့။ တောနဲ့ တောင်တွေကြားမှာ မင်းဟာ ဒုက္ခပေးလေသူတော့ မဟုတ်နိုင်တော့ပါဘူး ..."

တင်မောင်ညွန့် ဈာပနအပြီး တောင်ငူတွင် ကျွန်တော်တို့ လမ်းခွဲကြသည်။

အခွင့်ရသဖြင့် ခိုင့်ကို ကျွန်တော် ဆိုမိသည်။

" မြင်ပြီလား ခိုင်။ တစ်ယောက်အတွက်တော့ မောင်တို့အားလုံး ငိုခဲ့ကြရပြီ ...။ ရှေ့ဆက် မငိုကြရပါစေနဲ့ ခိုင်ရေ ..."

❑

လှိုင်က ... ကျွန်တော့် ဖီးယက်ကားလေးကို မောင်း၍ ရွှေညောင်ဘူတာ၌ လာကြိုနေရှာ၏။

ရင်တွင်း၌ ခံစားမှုအထွေထွေ ပြည့်နေသောကြောင့် လမ်းတွင် လှိုင့်အား စကားများစွာ မပြောနိုင်ခဲ့ ...။

အိမ်သို့ ရောက်လျှင်ရောက်ချင်း ... လှိုင့်ကိုယ်လေးကို ရင်ခွင်တွင်း သွင်း၍ ကျွန်တော်က ပူပူဆာဆာ ပြောမိသည်။

" စုလှိုင်ရယ် ...။ ကိုကိုတို့ အမြန်ဆုံး လက်ထပ်ကြပါစို့ ...။ အမြန်ဆုံး လက်ထပ်ကြပါစို့ .."

နားမလည်ရှာသူကလေးက ကျွန်တော့်လည်ပင်းကို ယီးလေးခိုရင်း မေးသည်။

" အို ... လက်ထပ်ကြမယ်၊ ကြည့်စမ်း ကိုကို ဘာဖြစ်လာတာလဲ "

" ကိုကို ဘာဖြစ်လာတယ် မသိဘူး။ ဒါပေမယ့် ကိုကို ကြောက်တယ် စုလှိုင်ရယ်၊ ကိုကို ကြောက်တယ် "

" အို ... ကိုကို ကြောက်တယ်။ ကိုကိုက ဘာကြောက်တာလဲ "

www.burmeseclassic.com



" ကိုကို ကြောက်တာက လူ့ဘဝကြီးပဲ။ သက်တမ်းဆိုတာက တိုတိုလေး …။ ချစ်လိုတာက ကမ္ဘာကုန်တဲ့အထိ၊ အစိုးမရတဲ့ လောကမှာ … ကိုကို ဘာကိုမှ မစွန့်စားချင်တော့ဘူး စုလှိုင်ရယ် … ကိုကိုတို့ အမြန်ဆုံး လက်ထပ်ကြရအောင် "

လှိုင်သည် ပြုံးတစ်ချက် မဲ့တစ်ချက် အံ့ဩတစ်ချက်နှင့် ကလေးငယ်ပမာ ကျွန်တော့်ကို ကြည့်သည်။

" စုလှိုင် … ကိုကိုပြောတာ နားလည်ရဲ့လား "

" ဟင့်အင်း … နားမလည်ဘူး။ ဒါပေမယ့် ကိုကိုက မြန်မြန်လက်ထပ်ချင်တယ် မဟုတ်လား။ လာလေ … အခု သွားကြရအောင် "

သြော် … စုလှိုင်ရယ်။

ကျွန်တော်သည် ရင်ချင်းအပ်၍ လှိုင့်ကိုယ်လေးကို တင်းကျပ်စွာ ပွေ့ထားမိသည်။

" ကိုကိုတို့ အမြန်ဆုံးလက်ထပ်မယ် … သိလား။ ဒီနေ့တော့ မဟုတ်ဘူး လှိုင်ရယ် …၊ ဒါပေမယ့် အမြန်ဆုံး … နော် အမြန်ဆုံးပဲ "

လှိုင်က နှုတ်ဖြင့် အဖြေမပေး။ သူ့လက်ချောင်း သွယ်သွယ်များဖြင့်သာ ကျွန်တော့် ဆံပင်များကို ထိုးဆွ ပွတ်သပ်နေသည်။

ရင်ချင်းအပ်၍ လည်ချင်းယှက်ကာ ပွေ့ထားသည်မို့ တစ်ဦးမျက်နှာ တစ်ဦး မမြင်နိုင်ပါ။

ထာဝစဉ် လဲ့လဲ့ပြာနေသော မျက်လုံးလေးများသည် ရွှန်းမြနေပါလိမ့်မည်။

ကျွန်တော့် မျက်လုံးများမှ ကျနေသော မျက်ရည်ပေါက်များကိုမူ လှိုင် သိရှာမည် မဟုတ်။

ဤမျက်ရည်ပေါက်များ၏ အဓိပ္ပါယ်ကို ကျွန်တော်ကိုယ်တိုင်လည်း … မသိ …။

မသိ … မသိ …။

www.burmeseclassic.com



# ( ၃၅ ) လွမ်းစေတီဦး

ကျွန်တော်နှင့် လှိုင်သည် သင်္ကြန်မတိုင်မီ ဧပြီလဦး၌ လက်ထပ်ရန် စီစဉ်ကြသည်။

နှစ်သစ်ဦးကို ကြင်စဦး ဇနီးမောင်နှံအဖြစ် လှိုင်ရော ... ကျွန်တော်ပါ ဆီးကြိုလိုကြသည်။

ကိုကိုကဲ့သို့ပင် မင်္ဂလာအခမ်းအနားကို လှိုင်နှင့် ကျွန်တော်က မလိုဘဲ အပိုမချဲ့ချင်။ ချစ်၍ ပေါင်းသင်းကြရာတွင် နှလုံးသားမှ သစ္စာတို့သည်သာ စုလျားရစ်သီ ပိုင်ပိုင်ချည်နိုင်၏။ ဘဝတာတစ်ကွေ့ တွင်သာ မဟုတ်၊ ဗုဒ္ဓဘာသာဝင်များ အနေနှင့် အကြင်လင်မယား ဟူ၍ဖြစ်လျှင် ကာမဆယ့်တစ်ဘုံတွင် ကျင်လည်စုန်ဆန်ရလေသမျှ ပါရမီဖြည့်ဖက်အဖြစ် ရေစက်ဆုံ တွေ့ကြုံကြရန်က အရေးကြီးပါသည်။ အနာဂတ်တွင် မုန်းစိတ်မပြူ ... ပြုံးရိပ်မယူအယူနှင့် ဘုရားသွားအတူ ...၊ ကျောင်းသွားအတူ ကြည်ကြည်ဖြူဖြူ ရှိနိုင်ရေးကိုသာ ရှေ့ရှုကြသည်။ ပကာသန၊ အတုအယောင်ကို ထာဝရ ဆုတစ်ဆောင်ပမာ မမက်မောပါ။

မိရိုးဖလာ ဓမ္မတာအရမူ လူကြီးစုံရာ သက်သေထားလျက် တရားသူကြီး ရှေ့မှောက်တွင် မော်ကွန်းဝင် လက်မှတ်ထိုးမည်။ ခင်ရာဆွေမျိုး မိတ်သင်္ဂဟအပေါင်းကို အကျဉ်းချုံး ဧည့်ခံမည်။ ထို့နောက် ငပလီ ကမ်းခြေသို့ သွား၍ မင်္ဂလာဦးရက်များကို အေးချမ်းလွတ်လပ်စွာ သုံးမည်။

လူ့ဘဝမည်သည် မျှော်လင့်ခြင်းသာ ဖြစ်လေသည်။ ဤလူ့ရိပ်မြုံမှာလည်း ပေါင်းသည့်ဘုံ ဖြစ်လေ၍ ဆုံမှ ပြည့်လေသည်။ မောင်နှင့် မယ်ဟူ၍ ပေါင်းဆုံမိကြမှ လောကနိုင်ငံဝယ် လူမှုအင်္ဂါပြည့်ဝစွာနှင့် ခရီးစစ်ကို စတင်ချီလှမ်းနိုင်မည်။ သံသာကမ်းပန်းတိုင်အရောက် ခရီးတစ်လျှောက်တွင် ဝမ်းမြောက်ရွှင်ကြည် နွဲ့ကျင်လည် ပိုင်ရေးကို လှိုင်နှင့် ကျွန်တော်သည် ရည်တွေးတောင့်တ မျှော်လင့်ကြပါသည်။

ထို့ကြောင့်လည်း မင်္ဂလာပွဲကို အကျဉ်းချုံး၍ ရိုးရိုးအေးအေး ကျင်းပရန် နှစ်ဦးသဘောတူ ဆုံးဖြတ် ကြခြင်း ဖြစ်လေသည်။

ကျွန်တော်တို့ လက်မထပ်မီ နှစ်ရက်စော၍ ကျွန်တော့်ဘက်မှ ဖေဖေနှင့် မေမေ၊ လှိုင့်ဘက်မှ ဒေါ်လှယဉ်၊ ကြိုင်၊ ခိုင်တို့ ငြိမ်းမောင်နှင့် အတူ ရောက်လာကြသည်။

ကိုကိုနှင့် မြိုင်သာ မလာနိုင်ကြ။ ထိုအချိန်မှာ အများသိပြီး ဖြစ်သည့်အတိုင်း ဒုတိယ ခေတ်ပြောင်း တော်လှန်ရေးကြီး ပေါ်ပြီးစ,ပေတည်း။ ရန်ကုန်သို့ ပြောင်းရွှေ့၍ ကြီးလေးခက်ခဲသော တာဝန်များကို ထမ်းဆောင်နေရသော ကိုကို၌ ကိုယ်ရေးကိုယ်တာ ကိစ္စအတွက် အချိန်ပေးရန် အားလပ်ခွင့် မရှိ။ ကိုကို မအားလပ်လျှင် သူ့ချစ်ဇနီး မြိုင်မှာလည်း အားလပ်ရိုးမရှိ။

ကိုကိုနှင့် မြိုင် မလာနိုင်လင့်ကစား ရောက်သမျှလူကုန်မှာ ဆွေမျိုးစုံသလောက်ပင် ဖြစ်သောကြောင့် မင်္ဂလာအခါနှင့်အညီ ကျွန်တော့်အိမ်သည် စည်ကားသိုက်မြိုက်လျက် ပျော်ရွှင်ဖွယ် ပြည့်နေပါ၏။

ဖေဖေသည် ဆေးပြင်းလိပ်ကြီးခဲလျက် တပြုံးပြုံး ရှိနေသည်။ ဖေဖေ တပြုံးပြုံးရှိသဖြင့် ကျွန်တော် ပျော်မိပါသည်။ ကျွန်တော့်အပေါ် ကြင်နာသမျှ တာဝန်ကျေပွန်ခဲ့သူ ကျေးဇူးရှင် ဖခင်ဆန္ဒအတိုင်း ရွှေအိုး ထမ်းပြနိုင်ခဲ့သည့် သားတစ်ယောက်အဖြစ် ဂုဏ်လည်းယူမိပါသည်။ ဘဝ၏ နိဂုံးပိုင်းကို ရောက်ခဲ့ကြပြီ ဖြစ်သဖြင့် သံသရာရေးအတွက် ကြိုးပမ်းရန်မှတစ်ပါး ဤလောကမှ ကိုယ်ရေးကိုယ်တာ ဆုလာဘ်ပဏ္ဏာဟူ၍ အခြားဘာမျှ မမျှော်လင့်နိုင်ကြသော မိဘနှစ်ပါးအတွက် မိမိတို့၏ ကိုယ်စားလည်းဖြစ်၊ ကိုယ်ပွားလည်းဖြစ်သူ၊ ရင်သွေးသားသမီးသည် အစစအရာရာ မိမိတို့ မှန်းထားချက်နှင့်အညီ စိတ်တိုင်းကျ ဖြစ်လာသောအခါ ကျေနပ် နှစ်သိမ့်မှုသဘောကို စာဖွဲ့ပြ၍ ရဦးမည် မထင်ပါ။

ဤသို့ စာဖွဲ့ပြနိုင်သောသဘောကို ဖေဖေက နားလည်အောင် ပြောခဲ့သည်။

" ဖေဖေ ပြောပြီးသားစကားကို ထပ်ပြောရဦးမယ် မောင်၊ ဖေဖေ မသေချင်သေးဘူးကွဲ့ "

ခါတိုင်းဆိုလျှင် ဝမ်းသာမှုကို အလွန်အကျူး မပြတတ်သော ဖေဖေက အားရပါးရ ရယ်မောရင်း ဆိုသည်။

www.burmeseclassic.com



" သံယောဇဉ်ဆိုတာက ဖြတ်ပါမယ်ဆိုမှ တိုးတိုးလာတယ် …။ သံသရာကို ကြောက်မိအောင် ကြိုးစားပါမှ ဘဝဟာ မက်ဖို့ ပိုပိုကောင်းကောင်းလာတယ် … ဟား … ဟား … "

ဖေဖေ့စကားကြောင့် ကျွန်တော်ပါ လိုက်ရယ်မောမိသည်။

အားရအောင် ရယ်ပြီးမှ ဖေဖေက ဆက်သည်။

" အစကတော့ မောင့်အတွက် ဖေဖေ နောက်ဆုံးတာဝန်ကို ထမ်းပြီးရင် အေးရောထင်တာ …။ အင်း … အခုတော့ မြေးချီချင်သေးသဟေ့။ သားငယ်က မွေးတဲ့ မြေးအထွေးကို ချီချင်သေးတယ်။ တတ်နိုင်ရင် မြေးဆရာဝန်ဖြစ်တာ ကြည့်လိုက်ချင်သေးတယ်။ ဟဲ … ဟဲ … ဦးဇင်း ကြားရင်တော့ အပြစ်တင်လိုက်မယ့် အမျိုး … "

ဖေဖေ ကျေနပ်နှစ်သိမ့်နေသည့်နည်းတူ မေမေလည်း မြူးရွှင်နေ၏။

မေမေသည် လှိုင့်ကို ပွေ့ကာ ကြည်နူးမှုအပြည့်နှင့် တတွတ်တွတ် ဆိုသည်။

" မေမေက သမီးချောချောတစ်ယောက်ရရင် ကံကောင်းလှပြီ မှတ်တာ၊ ဟော အခု ချောချော နှစ်ယောက်ရပြီ။ ဒီမှာ ဒေါ်လှယဉ် မြိုင်နဲ့ လှိုင်ကို ရှင်မွေးထားပေမယ့် ကျွန်မသမီးတွေရှင့် သိလား … ကျွန်မလည်း ပိုင်တယ် "

ဒေါ်လှယဉ်က ပြုံးနေရှာ၏။

ချိုင်းထောက်ကြီးကို အားပြုလျှောက်ရသော ငြိမ်းမောင်ပင်လျှင် အထူးပေါ့ပါးသွက်လက်နေ၏။

" ဟေ့ကောင် … မောင်၊ ဘုရား … မင်းက သိပ်အံ့ဩဖို့ကောင်းတဲ့လူပဲ "

" နေပါဦး ငြိမ်းမောင်ရာ၊ ငါက ဘာတွေများ အံ့ဩစရာ လုပ်နေလို့လဲ "

" ဟေ … အစက ချစ်နိုင်သူတစ်ယောက် ရှိသေးတယ်ဆိုတော့ ငါ့မှာ ဇဝေဇဝါရယ်။ အရေးပေါ် စစ်ဆင်ရေးမို့ ငါ့လူတော့ ပစ်ကွင်းမရေရာဘူး ထင်နေတာ၊ အခုမှ မင်းက မတ်(ခ်)တိုင်း(မ်) လုပ်နေပြီး ဇီးရိုးအာဝါကျမှ တားဂက်ကို ဘူး(လ်)(စ်)အိုင်းမှန်အောင် ဆပ်(ပ်)ရိုက်(စ်)ရှော့(ထ်)နဲ့ ဒါရိုက်ဟစ်(ထ်) ချတာကိုး။ ဟား … ဟား … အင့် … ဟင့် … ဟင့် "

ကျွန်တော်က သူ့စကားကြောင့် ရယ်မောပြီးနောက် ပြန်မေး၏။

" ဒါထက် မင်းတို့ကော "

ငြိမ်းမောင်၏ မျက်နှာသည် တည်သွားပြီး မျက်မှောင်က ကြုတ်သွား၏။

" ဘာလဲ ငြိမ်းမောင်၊ စောသေးတယ်လို့ ဖြေဦးမလို့လား "

ထိုအခါမှ ငြိမ်းမောင်သည် လှုပ်ရှားလာသည်။

" အေးကွာ စောသေးတယ် … မင်းတို့ သားဦးရရင် ငါတို့ လက်ထပ်မယ်ကွာ ဟား …ဟား … ဟား … ဟား … "

ဤသို့လျှင် အားလုံးမှာ ပျော်ရွှင်နေကြသည်။

ကျွန်တော်က ခိုင့်ကို ဂရုတစိုက် အကဲခတ်မိသည်။

ခိုင့်မျက်နှာလေးမှာ အထူးကြည်ရွှင် လန်းဆန်းနေသည်ဟု မဆိုနိုင်စေ၊ အေးချမ်းတည်ငြိမ်လျက်ရှိ၏။ မပြုံးတပြုံး နှင့်လည်း ငယ်စဉ်က အဖြစ်တစ်ရပ်ကိုဖော်၍ သူ့ညီမကို စ,သည်။

" လင်ကို ဘုရား၊ သားကို သခင် … တဲ့။ မြန်မာစကားပုံ ရှိတယ်။ လှိုင်က အဲဒါကို ငယ်ငယ်ကလေး ကတည်းက နားလည်တာ သိလား မောင် … "

ခိုင် ဆိုလိုသည် ရိပ်မိသဖြင့် ကျွန်တော်က ပြုံးနေသည်။ နားမလည်သူ လှိုင်က ခိုင်နှင့် ကျွန်တော့် မျက်နှာများကို တစ်လှည့်စီကြည့်ပြီး မေးရှာသည်။

" အဲဒါ ဘာပြောတာလဲဟင် ကိုကို … "

" စုလှိုင် မမပြောတာ သူ့ပဲ ပြန်မေးကြည့်ပေါ့ "

www.burmeseclassic.com



လှိုင်သည် စကားထာ အဝှက်ခံရသော ကလေးငယ်တစ်ယောက်ပမာ ခိုင့်ဘက်လှည့်ပြီး မေး၏။

" မမခိုင် လှိုင့်ကို ဘာပြောတာလဲ ... ဟင် ..."

ခိုင်က တစ်ချက်ရယ်ပြီး စဉ်းစားသယောက် ငြိမ်နေသည်။

" ပြောလေ မမခိုင်၊ လှိုင်ငယ်ငယ်ကတည်းက ဘာလို့ လင်ကို ဘုရား ... သားကို သခင် ... လို့ နားလည်တယ်လို့ ပြောရတာလဲ ..."

ခိုင်သည် လှိုင့်မျက်လုံးလေးများကို စူးစိုက်ကြည့်လိုက်သည်။

" လှိုင် သိပ်ကြားချင်တာပဲ၊ မဟုတ်လား "

" ကြည့်စမ်း ... ဈေးကိုင်ပြန်ပြီ။ နို့ ဘာလို့ မမခိုင်က မပြောသလဲ ..."

" သြော် ... သတိရလို့ ပြောမိတာပေါ့ လှိုင်ရယ် ..."

" မမခိုင်ဘာသာ မမခိုင် မမေ့နိုင်ဘဲ သတိရနေ၊ ကဲ ... စိတ်တိုလာရော၊ ပြောပါဆိုဖြင့် မပြောဘဲနဲ့ ... ဟင်း ..."

လှိုင်က နှုတ်ခမ်းလေးစူ၍ သူ့အစ်မကို မျက်စောင်းထိုးရင်ဆိုသည်။ ခိုင့်မျက်နှာမှာ မသိမသာလေး လှုပ်ရှားသွားသည်။

ဘေးတွင် ငြိမ်ရပ်နေသော ငြိမ်းမောင်ကပါ စိတ်ဝင်စားဟန် ဝင်မေးသည်။

" ဟုတ်သားပဲ၊ ဟေ့ မောင် ... ခိုင် ဘာပြောတာလဲ .."

ကျွန်တော်က ခိုင့်ကို လှမ်းကြည့်ပြီး ဆိုရ၏။

" ပြောလိုက်လေ ခိုင် ... ခိုင်ကပဲ သွားစ,တာကိုး "

ထိုအခါမှ ခိုင်သည် ပြုံးရွှင်ရင်း ရှင်းပြသည်။

" ဟိုး ... ရှေးရှေးက သီတင်းကျွတ်တစ်လမှာပေါ့။ ဒီတုန်းက ငြိမ်းမောင်က ဆေးရုံမှာ လဲနေတယ်။ မောင်ရယ်၊ မမခိုင်ရယ်၊ မမကြိုင်ရယ်၊ မမမြိုင်ရယ်၊ ပြီးတော့ ... ကိုကိုရယ် မီးပွဲလျှောက်ကြည့်ကြတယ်။ မမမြိုင်နဲ့ ကိုကိုတောင် မကြိုက်ကြသေးဘူး ထင်ပါရဲ့နော် မောင် ..."

ကျွန်တော်က မဖြေဘဲ ငြိမ်နေသည်။ ခိုင်သည် ဘာကြောင့် ဤအကြောင်းတွေကို ပြန်ပြောရလေမှန်း မသိ။

ခိုင်ကသာ အေးအေးလူလူနှင့် ဆက်ပြောသည်။

" ပြီးတော့ တစ်အိမ်နဲ့ တစ်အိမ် လူငယ်တွေက လူကြီးတွေကို လိုက်ကန်တော့ကြတယ်။ ကိုကိုနဲ့ မောင်က ဖေဖေနဲ့ မေမေကို ကန်တော့ကြတယ်။ မမကြိုင် ခေါင်းဆောင်ပြီး မမခိုင်တို့က ဦးလေး၊ ဒေါ်ဒေါ်နဲ့ ကိုကို့ကို သွားကန်တော့ကြတာပဲ။ မမမြိုင်က အဲဒီကတည်းက ကိုကို့ကို ကန်တော့ရတယ် သိလား လှိုင် "

ငြိမ်နားထောင်နေရာမှ လှိုင်သည် မကျေနပ်ဟန် ဝင်မေး၏။

" အဲဒါနဲ့ စောစောက မမခိုင် ပြောတာနဲ့ ဘာဆိုင်လို့တုံး "

" သြော် ... လှိုင်ကလည်း ... ဆိုင်တာ ပြောမလို့ပေါ့။ မောင့်ကိုတော့ ကန်တော့မယ့်လူ တစ်ယောက်မှ မရှိဘူး ...။ မောင်က သိပ်ကြီးကျယ်တယ် သိလား လှိုင်။ မမခိုင်ကို သူ့ကန်တော့ခိုင်းတယ်။ မမခိုင်က သူငယ်ချင်းချင်း မကန်တော့နိုင်ပေါင်ဆိုတော့ လှိုင်ကလေ ... သုံးနှစ်၊ လေးနှစ်လောက်ပဲ ရှိဦးမယ်၊ မောင့်ကို ဝင်ပြီး ကန်တော့လိုက်တာ သုံးကြိမ်တောင် မကဘူး။ မမခိုင်က အဲဒါကို သွားသတိရလို့ပါ "

စကားအဆုံး၌ ခိုင်က သဲ့သဲ့ရယ်နေ၏။ လှိုင်သည် ပါးကလေးများ ရဲသွားလျက် " ကြည့်စမ်း ... မမခိုင်က ကြံကြံဖန်ဖန် ပြောတတ်တယ်။ ရှက်စရာကြီး ..."ဟု ဆို၍ ခိုင့်ကျောကို ထု၏။

သူတို့ညီအစ်မကို ကြည့်လျက် လိုက်လျောရယ်မောနေရသော်လည်း ကျွန်တော့်ရင်တွင်း၌မူ တစ်မျိုးကြီး ခံစားနေရပါ၏။

အတန်ကြာမှ လှိုင်သည် ရယ်မောလာပြီး မမျှော်လင့်သောစကားကို ရုတ်တရက် ဆိုသည်။

www.burmeseclassic.com



" မမခိုင်က အားကြီး စိတ်ကူးယဉ်တာပဲ။ အတော်ပါပဲ၊ အိမ်ခေါင်းရင်းမှာ လှိုင် စွယ်တော်ပင်လေး တစ်ပင် စိုက်ထားတယ်။ စွယ်တော်ရွက်ကလေးတွေက ချစ်စရာ၊ သနားစရာကလေးတွေ အဲဒါ ... မမခိုင် ကဗျာ စပ်ပေးမလား။ လာ ... လာ မမခိုင်၊ လှိုင် လိုက်ပြမယ် "

ခိုင့်အမူအယာသည် သိသိသာသာ တုန်လှုပ်သွား၏။ သို့ရာတွင် ဘာမျှမပြောဘဲ လှိုင် ဆွဲခေါ်ရာ နောက်သို့ ပါသွားသည်။

ငြိမ်းမောင်နှင့် ကျွန်တော်က ခြံဝသို့ ထွက်လာခဲ့ကြသည်။

ခြံဝင်းအပြင်ဘက်၌ မေမေ၊ ဒေါ်လှယဉ်နှင့် ကြိုင်တို့ ရပ်နေ၏။

ထိုညနေမှာ တောင်ကြီးမြို့သို့ အားလုံးရောက်ပြီးစ ညနေ ဖြစ်၏။ အားလုံးတို့တွင် ဖေဖေနှင့် ငြိမ်းမောင်သာ တောင်ကြီးကို ရောက်ဖူးပြီးသူပါသည်။

ဤအချိန်မျိုးတွင် ရန်ကုန်၌ ဒီဂရီ တစ်ရာခိုက်အောင် ပူပြင်းနေပေမည်။ တောင်ကြီးတွင်ကား ခြောက်ဆယ့်ငါးခန့်သာရှိသည်။

အဘွားကြီးနှစ်ဦးက အေးချမ်းမှုကို သဘောကျနေသည်။ ကြိုင်က တောတောင်ပန်းမန်နှင့် တင့်တယ်သော တောင်ကြီးမြို့၏ အလှကို ချီးမွမ်းဟန် ငေးမောကြည့်ရှုနေ၏။

နွေဦးအစက တစ်ပင် နှစ်ပင်စ သစ်ရွက်ကြွေသည်ကို မြင်ရသည်။ ရှာရှာဖွေဖွေ တမင်ကြည့်မှ မြင်ရခြင်းဖြစ်သည်။ အထူးသဖြင့် ဤတောင်ခြေတွင်မူ ဆောင်းရွက်ကြွေ သစ်တောများနှင့် ဆယ့်နှစ်ရာသီ စိမ်းလန်းသော အပင်များသာရှိလေ၍ ညိုဝါရွက်မွဲတို့ကို မမြင်နိုင်။

ယူကလစ်တပ်(စ်)ပင်တို့ကလည်း စိမ်းနေ၏။ ဆောင်းဆိုလျှင် တစ်ရွက်မကျန်ကြွေသော ချယ်ရီနှင့် ပန်းတမာများကလည်း စိမ်းနေ၏။ တြိဂံသီး တုညီညီတို့ကို ဆင်ထားသည့်မှတစ်ပါး ထင်းရှူးပင်တို့ သည်လည်း စိမ်းနေ၏။ နွေဦးတွင် ရွက်ကြွေသော စိန်ပန်းပြာပင်တို့ထက် မြရောင်နှင့် ခရမ်းရောင်နုသည် ရောယှက်တောက်လွှင်နေသည်။

လှိုင်နှင့် ခိုင်က ကျွန်တော်တို့ဆီ လျှောက်လာကြသည်။ ခိုင့်အမူအယာသည် မငိုင့်တငိုင် ဖြစ်နေမှန်း ကျွန်တော် သတိပြုမိသည်။

ခိုင်သည် တောနှင့် တောင်တို့ကို တစ်ချက်ငေးငေး လှည့်ကြည့်လိုက်ပြီး မမျှော်လင့်သောမှတ်ချက်ကို ချသည်။

" တောင်ကြီးက နာမည်သာ ကြီးတာပါ။ ဒီလောက်လည်း မလှဘူး "

ဘေးမှ လှိုင်က မျက်လုံးလေးပြူး၍ ဝင်မေးသည်။

" တောင်ကြီးက မလှဘူး ...။ ဟုတ်လား မမခိုင် "

" ဟုတ်တယ် ... နွေမကုန်သေးဘူး၊ ဒါပေမယ့် ဘယ်အပင်မှ သစ်ရွက်မကြွေတော့ဘူး။ ရွက်ဝါတွေ ကိုလည်း ဘယ်အပင်မှာမှ မမြင်တော့ဘူး ..."

ခိုင့်စကားကြောင့် လှိုင်သည် ပါးစပ်လေးဟ၍ ကျွန်တော့်ကို လှမ်းကြည့်ရှာသည်။

ကျွန်တော်က အမှတ်မထင် ရှင်းပြမိသည်။

" ကြွေတော့ ... ကြွေပါတယ် ခိုင် ...။ ဒါပေမယ့် နွေရက်ကြွေပင်က ဒီမှာရှားတော့ မသိသာဘူး။ ဪ ... ဒါထက် ဒီတောင်ပေါ်မှာ နွေဦးအစဆို ... စွယ်တော်တွေ ပွင့်တယ်။ ရွက်ဝါဝါကို မတွေ့ရပေမယ့် ပွင့်ဖြူဖြူတွေကတော့ ဖွေးနေတာပဲ "

ခိုင်သည် ကျွန်တော့်အိမ်နှင့် ကပ်လျက် အထက်မှ မိုးနေသော တောင်ချွန်းကြီးကို လှမ်းကြည့်နေ၏။

လှိုင်သည် တစ်စုံတစ်ရာကို သတိရဟန် ရွှင်မြူးစွာဆိုသည်။

" ဒါပေမယ့် ... မမခိုင် ...။ မမခိုင် သဘောကျမှာ တစ်ခုရှိတယ်။ လွမ်းစေတီလေ ... နော် ... ကိုကို "

ခိုင်က လှိုင့်ဘက် ရုတ်တရက် လှည့်၍မေးသည်။

www.burmeseclassic.com



" ဘာရယ် … လွမ်းစေတီ … ဟုတ်လား "

" ဟုတ်တယ် … အနောက်ဘက် တောင်ပေါ်မှာ ဒီလမ်းကနေ တည့်တည့်ဆင်းသွားရင် ရောက်တာပဲ။ ဟော … ဟော … ဟိုမှာကြည့် ဒီကတောင် လှမ်းမြင်နိုင်တယ် …"

ခိုင်သည် လှိုင် လှမ်းပြသော အနောက်ဘက်တောင်တန်းရှိ လွမ်းစေတီကို လှမ်းကြည့် ငြိမ်နေ၏။

" လွမ်းစေတီကို ဘယ်သူတည်ထားတာလဲ …"

ယခုအချိန်ထိ ဘေးတွင် ငြိမ်နေသော ငြိမ်းမောင်က ဝင်မေးသဖြင့် ကျွန်တော်က သံပြတ်နှင့် ဖြေသည်။

" ဘယ်သိမလဲကွာ …။ တည်ချင်တဲ့လူ တည်ထားမှာပေါ့ …"

ငြိမ်းမောင်က ရယ်နေခိုက် လှိုင်က သွက်လက်စွာ ပြော၏။

" ဘယ်သူ တည်ထားတယ်ဆိုတာ … လှိုင် သိတယ်။ ခင်မြို့အတွက် မောင်ညို တည်သွားတာလေ "

လှိုင့်စကားကြောင့် ကျွန်တော်တို့အားလုံး ဝိုင်းရယ်ကြသည်။ ခိုင်တစ်ယောက်သာ မရယ်။

စကားကောင်းနေကြသဖြင့် အေးမြလာသော ညနေကို သတိမပြုမိကြ။ ထိုစဉ် မိုးပေါက်ကလေးများ ရုတ်တရက် ကျလာ၏။

" ဟဲ့ … အမလေး … မိုးရွာဦးမှာလား …"

မေမေက မယုံနိုင်စွာ မေးသည်။

" တစ်ခါတလေ ဒီလိုပဲ ကျတတ်တယ်။ ရွာချင်လည်း ရွာတာပဲ မေမေ။ ဒါပေမယ့် ရွာခဲပါတယ် …"

မိုးပေါက်ကလေးများ ရပ်သွားသည်။ အချမ်းဓာတ်မူ ကဲလာ၏။

အဘွားကြီးနှစ်ဦးက " ချမ်းတယ်၊ ချမ်းတယ် …"ဟု အော်၍ ရှေ့ဆောင်ကာ အိမ်တွင်း ဝင်သွားသဖြင့် ကျွန်တော်တို့အားလုံး နောက်မှ လိုက်ခဲ့ကြ၏။

❑

မင်္ဂလာဆောင်ကို ကြီးကြီးကျယ်ကျယ် မစီမံထားသဖြင့် အိမ်သူအိမ်သားအားလုံး အလုပ်မများကြ။

လက်မှတ်ထိုးအပြီး ကျွေးမွေးရန်ကိစ္စကို တောင်ကြီးမြို့မှ နာမည်ကျော် ဆန်းမြင့်ကိတ်မုန့်တိုက်က တာဝန်ယူထားသည်။ လက်မထပ်မီ နောက်ဆုံးလူပျိုညအတွက် ညဉ်းလာကြသူ မိတ်ဆွေများအတွက် စထရင်းဟိုတယ်၌ ဧည့်ခံမည်။

ထိုညနေက လှိုင်ခေါင်းဆောင်၍ ခိုင်၊ မေမေ၊ ဒေါ်လှယဉ်၊ ဖေဖေနှင့် ငြိမ်းမောင်တို့က အနောက်တောင်ပေါ်ရှိ ရုပ်တော်မူဘုရားနှင့် လွမ်းစေတီကို ဖူးရန် ထွက်သွားကြသည်။

စထရင်းဟိုတယ် ဧည့်ခံပွဲသွားရန် အဝတ်အစားလဲ ထွက်ခဲ့သော ကျွန်တော်သည် ခြံဝ၌ တစ်ဦးတည်း ကျန်ရစ်သော ကြိုင့်ကို သွားတွေ့၏။

" ဟင် မကြိုင် လိုက်မသွားဘူးလား …"

ကြိုင်သည် မပြုံးမရယ်ဘဲ အေးချမ်းတည်ကြည်စွာ ကျွန်တော့်ကို ကြည့်၏။

" တောင်ပေါ်တက်ရမှာ ပင်ပန်းပါတယ်ကွယ် …။ ပြီးတော့ ဖူးရမှာကလည်း လွမ်းစေတီ … တဲ့။ လိုက်မသွားတော့ပါဘူး …"

" ဘာလဲ … မကြိုင်ကြီး … လွမ်းစေတီကို မဖူးရဲဘူးလား။ လွမ်းရမှာ ကြောက်တယ် ထင်တယ် "

ကျွန်တော်က ရယ်၍ နောက်ပြောသော်လည်း ကြိုင်သည် ပြန်မရယ်ဘဲ တည်ကြည်စွာ ဆိုသည်။

www.burmeseclassic.com



" လွမ်းစေတီကို ဘာလို့ မဖူးရဲရမှာလဲ မောင်၊ လွမ်းရမှာကိုလည်း မကြောက်ပါဘူး။ လွမ်းစရာဆိုတာ ရင်ထဲမှာ နေတာ၊ ဘယ်ကို သွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ၊ လွမ်းစရာရှိတဲ့လူက ရှိနေမှာပဲ။ မရှိတဲ့လူက ရှိမနေဘူး "

ကျွန်တော်သည် ငိုင်သွားမိသည်။ သဘာဝတ္တဗေဒကထိက မမကြိုင်ကို မရဲတရဲ ပြန်ကြည့်မိသည်။

ပင်ကိုအလှမပျက်သေးသော မမကြိုင်သည် အသက်အရွယ်၊ ပညာနှင့် လိုက်အောင် ခန့်တည်ခြင်း လွှမ်းနေသောကြောင့် သားနားရည်မွန်လျက်ရှိ၏။

အေးချမ်းသော်လည်း ဝေရီသော ကြိုင့်မျက်လုံးများကလည်း ကျွန်တော်၏ ရင်ကို စာဖတ်ဟန် စူးစိုက် ပြန်ကြည့်နေ၏။

ဤမျက်လုံးများက ဘာကို လျှို့ဝှက်ထားပါသနည်း။ ဤအကြည့်နှင့် ကြည့်နေသော ကြိုင်သည် ဘာစကားကို ပြောချင်နေပါသနည်း။

ကျွန်တော်သည် ဘာမျှ ပြန်မမေးမိ။ မမကြိုင်၏ မျက်လုံးများအောက်မှ ရှောင်ကာ ကားပေါ် အမြန် တက်၍ မောင်းထွက်လာခဲ့သည်။

စထရင်းဟိုတယ်ပါတီတွင် အလွန်ရင်းနှီးသော မိတ်ဆွေ ဆယ့်ငါးဦးသာ ရှိသည်။ သောက်တတ်သူ လက်ရွေးစင်များ ဖြစ်သောကြောင့် အားလုံးမူးကာ ပျော်ရွှင်နေကြသည်။

သူတို့အားလုံးက အနိုင်ကျင့်၍ ကျွန်တော့်ကို ဇွတ်အရက်တိုက်သည်။ ငြင်းရှောင်၍ မရသောအခါ ကျွန်တော်က သူတို့ ကျေနပ်အောင် သောက်ပြရသည်။

ကျွန်တော်သည် အရှိုင်းဖြစ်သော်လည်း ကျန်းမာရေးနှင့် ပြည့်စုံသူဖြစ်သောကြောင့် တစ်ခွက် နှစ်ခွက် ဆိုလျှင် ကိစ္စမရှိဟု ထင်သည်။ ဆရာဝန်ကြီးတစ်ဦးအနေနှင့် ကိုယ့်သတိကို ကိုယ်ယုံသည်။

သို့ရာတွင် တစ်ချီ အလိုလိုက်မိသည်နှင့် တစ်ပြိုင်နက် သူတို့က ပိုကဲလာသည်။

နှစ်ခွက်၊ သုံးခွက်၊ လေးခွက်၊ ငါးခွက်။

ညဉ့်ဆယ့်တစ်နာရီထိုးပြီးချိန် ပါတီပြီးသောအခါ ကျွန်တော် အတန်မူးနေပေပြီ။

သတိကောင်းဆဲဖြစ်သဖြင့် ကားကို ကောင်းကောင်းမောင်းကာ အိမ်အရောက် ပြန်နိုင်ခဲ့သည်။

အိမ်ဝ၌ လှိုင်တစ်ယောက်တည်း ဆီးကြိုနေသည်။

" ဖေဖေတို့ကော အိပ်ကုန်ကြပြီလား လှိုင် "

" ဟုတ်တယ်၊ အကျင့်မရှိဘဲ တောင်ပေါ်တက်လိုက်ကြရတော့ ပင်ပန်းသွားကြတယ် ထင်တယ်။ အိပ်ကုန်ကြပြီ "

ကျွန်တော်က လှိုင့်ကို ပြုံး၍ကြည့်သည်။ လှိုင်က ကျွန်တော်၏ မျက်လုံးများတွင် နှစ်ကိုယ်ခွဲ၍ ထွက်နေ၏။

" အား ... စုလှိုင်ရယ် ... ကိုကို မူးလိုက်တာ "

ကျွန်တော်က လှိုင့်ပုခုံးလေးကို ပွေ့ဆုပ်အားယူရင်း ပြောသည်။

" ဟင် ... ကိုကို သောက်လာတယ်။ ကြည့်စမ်း ... တော်တော်ဆိုးတဲ့ အစ်ကိုမောင်ကြီး "

လှိုင်က ချစ်စဖွယ်ရယ်ရင်းပြောသည်။

" ဒါဖြင့် ကိုကို မအိပ်လိုက်နဲ့ဦး။ နည်းနည်းလမ်းလျှောက်ကြည့်မလား "

" ဟုတ်တယ် ... ကိုကိုလည်း လမ်းလျှောက်ချင်တယ်။ စုလှိုင်နဲ့တွဲပြီး လမ်းလျှောက်ချင်တယ် "

ကျွန်တော်နှင့် လှိုင်သည် တစ်ဦးခါးကို တစ်ဦးဖက်ပြီး ခြံတွင်း၌ လမ်းလျှောက်ကြသည်။

လမ်းလျှောက်ရင်း လှိုင်၏ ခါးကလေးကို တင်းကြပ်စွာ ပွေ့လျက် ကျွန်တော်က ပြုံးမိသည်။

" ကိုကို ... ဘာပြုံးတာလဲ ..."

" သြော် ... ကိုကို တွေးမိလို့ပါ။ ဒီညဟာ ကိုကိုနဲ့ စုလှိုင်အတွက် ချစ်သူတွေအဖြစ် နောက်ဆုံးညပဲ "

www.burmeseclassic.com



" အို … ကိုကို ဘာပြောတာလဲ "

ကျွန်တော်က ရယ်မောမိ၏။

" မဟုတ်ဘူးလား၊ ဒီညဟာ ကိုကိုနဲ့ စုလှိုင်အတွက် ချစ်သူတွေအဖြစ် နောက်ဆုံးညပဲ။ နက်ဖြန်ကစ ချစ်သူတွေ မဟုတ်တော့ဘူး။ ကိုကိုက လင်၊ စုလှိုင်က ကိုကို့ ချစ်မယား။ ဒီတော့ …"

ကျွန်တော့်စကား မဆုံးလိုက်ရ၊ လှိုင်က သူ့လက်ဖဝါးလေးဖြင့် ကျွန်တော့်ပါးစပ်ကို ပိတ်လိုက်သည်။ မျက်စောင်း လဲ့လဲ့ထိုးရင်းလည်း မြစ်တားသည်။

" တော် … တော် … ကိုကို၊ လှိုင် နားရှက်တယ် "

လှိုင် စိုက်ထားသော စွယ်တော်ပင်လေးအနီးတွင် ကျွန်တော်တို့ ရပ်လိုက်ကြသည်။

ကျွန်တော်သည် ရင်ချင်းအပ်အောင် လှိုင့်ကို ပွေ့ယူလိုက်သည်။

ထို့နောက်တွင် ကျွန်တော့်မျက်လုံးများက အိမ်အပေါ်ထပ်ရှိ ပြတင်းတစ်ခုဆီ ရောက်လျက်သား ရှိနေ၏။

ပြတင်းမှ ခန်းဆီးသည် လျင်မြန်စွာ ကျသွားသော်လည်း လှုပ်ရှားကျန်ရစ်သည်။

ကျွန်တော်သည် လှိုင်နှင့် ကိုယ်ချင်းခွာလိုက်သည်။

" ကိုကို အိပ်ချင်ပြီ စုလှိုင်၊ အိမ်ထဲ ဝင်ကြစို့ …"

လှိုင်နှင့် ကျွန်တော်တို့ အိမ်ဆီ လျှောက်လာခိုက် မိုးပေါက်ကလေးများ တစ်ပေါက် နှစ်ပေါက် ကျလာကြသည်။

" မိုးရွာဦးမလား မသိဘူး ကိုကို …"

ကျွန်တော် ကောင်းကင်သို့ မော့ကြည့်သည်။

" လသာနေသေးသားပဲ၊ တစ်ပေါက် နှစ်ပေါက်ပဲ ထင်ပါတယ် "

အပေါ်ထပ် အခန်းတစ်ခု၌ လှိုင်တို့ ညီအစ်မ၊ သားအမိ စုအိပ်ကြသည်။ အခြားအခန်း၌ ဖေဖေနှင့် မေမေတို့ အိပ်ကြသည်။

အောက်ထပ် အခန်းတစ်ခုတွင် ငြိမ်းမောင်နှင့် ကျွန်တော်တို့ အိပ်ကြ၏။

လှိုင့်နဖူးလေးကို နမ်းကာ နှုတ်ဆက်ပြီး ကျွန်တော် အိပ်ရာဝင်ခဲ့သည်။

ငြိမ်းမောင်ကား တရှူးရှူးဟောက်ကာ အိပ်မောကျနေပေပြီ။

ကျွန်တော်က ဝတ်ထားသော ဥရောပဝတ်စုံတို့အနက် အပေါ်ကုတ်အင်္ကျီကိုသာ ချွတ်ပြီး ခုတင်ထက် လှဲလိုက်သည်။

ခေါင်းအုံးပေါ် ခေါင်းချလိုက်မိချိန်တွင် ပိုမိုမူးယစ်လာသည်။

ခဏတွင်ပင် တစ်လောကလုံးကို မေ့၍ ကျွန်တော် အိပ်ပျော်သွားသည်။

❑

အိပ်မက်ထဲတွင် ရေမွန်းနေ၏။ ရေနက်ထဲကူးလေ ရေနစ်လေ ဖြစ်နေသည်။ ငြိမ်းမောင်က ကျွန်တော့် ပုခုံးကို ကိုင်၍ ဖွတ်ဖက်ထားသောကြောင့် လှုပ်ရှား၍မရ။ ဖွတ်ရုန်းကန်တက်သဖြင့် ခေတ္တ ရေပြင်ထက် ပေါ်လာ၏။ ငြိမ်းမောင်အသံကို ကြားရသည်။

" မောင် … မောင် … မောင် …"

ကျွန်တော်တို့ နှစ်ဦးလုံး ပြန်နစ်သွားကြပြန်သည်။

ငြိမ်းမောင်ကို ရေအောက်၌ တွန်းလွှတ်လိုက်ပြီး ရေပြင်ထက်တွင် ကျွန်တော်တစ်ဦးတည်းပေါ်ကာ အသက်ရှူလိုက်ရသည်။

ကျွန်တော့်ပါးပြင်ကို ခပ်ကြမ်းကြမ်း ရိုက်ပုတ်သည်ကို ခံစားရ၏။ ဖေဖေ့အသံကလည်း ပေါ်လာသည်။

www.burmeseclassic.com



" မောင် ... ထစမ်း ...။ မြန်မြန်ထစမ်း ..."

ကျွန်တော်သည် အိပ်ရာမှ လူးလဲထလိုက်၏။

မီးရောင်ကြောင့် ရုတ်တရက် မျက်လုံးများ ကျိန်းသွားသည်။

မျက်လုံးများ ဖွင့်နိုင်သောအခါ ပထမဆုံး မြင်ရသည်မှာ စိုးရိမ်တကြီးနှင့် ငုံ့ကြည့်နေသော ဖေဖေ့ မျက်နှာကြီး ဖြစ်ပါ၏။ ခဏတွင်ပင် ထိတ်လန့်တုန်လှုပ်နေသော မေမေ၊ ဒေါ်လှယဉ်၊ ကြိုင်နှင့် လှိုင့် မျက်နှာများကို မြင်ရသည်။

ကျွန်တော်သည် လုံးဝအိပ်ချင်ပြေသွားသည်။

" ဘာလဲ ... ဘာဖြစ်ကြလို့လဲ ..."

ကျွန်တော့်အမေးကို လှိုင်က ဦးစွာဖြေသည်။

" မမခိုင် ... မမခိုင် မရှိတော့ဘူး ..."

ကျွန်တော်သည် ငေါက်ကနဲ ထထိုင်မိ၏။ ထိုအခိုက်တွင် အပြင်၌ မိုးသည်းထန်စွာ ရွာနေကြောင်း ကျွန်တော် သတိပြုမိ၏။

ထိတ်လန့်စွာဖြင့် ကျွန်တော်က အော်သည်။

" ငြိမ်းမောင်ကော ... ငြိမ်းမောင်ကော ... ဟင် ..."

ဖေဖေက ပြန်လည်တည်ငြိမ်လာပြီဖြစ်သော အသံနှင့် ဖြေသည်။

" ငြိမ်းမောင်လည်း မရှိဘူး။ ခိုင့်နောက်လိုက်သွားတယ် ထင်တယ်။ သူ လူတွေကို နှိုးသေးတယ် ထင်တာပဲ။ အသံလိုလိုတော့ ကြားမိတယ်ကွာ။ ဖေဖေ့အပြစ်ပဲ။ အားလုံးထဲမှာ ဖေဖေ သတိထားဖို့ အကောင်းဆုံး။ ပင်ပန်းတာနဲ့ အိပ်ပျော်သွားတာ။ ကဲ လာ ... လာ သွားကြရအောင် ..."

ကျွန်တော်တို့အားလုံး အိမ်ပြင်သို့ ထွက်လာခဲ့ကြသည်။

မိုးက ပြင်းပြင်းထန်ထန်နှင့် သည်းသည်းမည်းမည်းပင် ရွာနေ၏။ အရေးထဲ တစ်အိမ်လုံးတွင် လက်နှိပ်ဓာတ်မီး နှစ်ခုသာရှိသည်။

ကျွန်တော်တို့က လူနှစ်စု ခွဲသည်။ သို့ရာတွင် ဘယ်ဆီ လိုက်ရှာရမှန်း မသိ။

သတိကောင်းသော ဖေဖေက မြေပြင်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်စုံစမ်းသည်။

" မောင် ... လာ၊ ဒီမှာကြည့်စမ်း ငြိမ်းမောင် ချိုင်းထောက်ရာတွေ မဟုတ်လား "

ကျွန်တော်က ဖေဖေ ပြသည်ကို ကြည့်မိသည်။

မှန်သည်၊ မြေပျော့ရာ၌ ငြိမ်းမောင်ချိုင်းထောက်ရာများ ထင်ကျန်ရစ်သည်။

ဖေဖေနှင့် ကျွန်တော်သည် ချိုင်းထောက်ရာများအတိုင်း လိုက်ခဲ့သည်။

ကျွန်တော့်ခေါင်းဆီသို့ အသိဉာဏ်တစ်ရပ်သည် ချက်ချင်းဝင်လာ၏။

ကျွန်တော်သည် ဖေဖေ့လက်မှ လက်နှိပ်ဓာတ်မီးကို လုယူပြီး ဆိုမိ၏။

" ကျွန်တော် သိပြီ၊ ဖေဖေတို့ လိုက်ခဲ့ကြ "

ဤမျှသာဆိုပြီး ကျွန်တော်သည် လွမ်းစေတီဘက်သို့ အားသွန်ပြေးခဲ့သည်။

မိုးဒဏ်၊ လေဒဏ်ကြောင့် ထင်းရှူး၊ ပွင့်ယား၊ ပန်းတမာနှင့် ချယ်ရီပင်ကြီးများသည် လှုပ်ရှား ယိမ်းယိုင် ညည်းညူ နေကြသည်။

မိုးထဲလေထဲတွင် ကျွန်တော် ပြေးသည်။ ခြေကုန်သုတ်၍ ပြေးသည်။ ပြေးရင်းလည်း လက်နှိပ် ဓာတ်မီးနှင့် ဟိုဟိုသည်သည် ထိုးကြည့်မိ၏။

ကမ္ဘောဇကောလိပ်ဘေးရှိ ရေအိုင်ပြွန်သည် ရေတံခွန်ပမာ တဟဲဟဲ စီးကျနေ၏။

ကျွန်တော်က မနားဘဲ ဆက်ပြေးသည်။ လွမ်းစေတီတောင်ခြေ ရောက်သည်အထိ ဆက်ပြေးသည်။

တောင်ခြေမှ တောင်ထိပ်သို့ ကျွန်တော်က လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

www.burmeseclassic.com



တောင်ထိပ် မရောက်တရောက်၌ ငြိမ်းမောင်သည် ချိုင်းထောက်ကြီးကို အားပြုလျက် ခက်ခဲပင်ပန်းစွာ တက်နေ၏။

" ငြိမ်းမောင်ရေ ဆက်သွား ... ဆက်သွား ငါ လိုက်လာပြီ ..."

ကျွန်တော်သည် နောက်ဆုံးရှိသမျှ အားကုန်သွန်၍ တောင်ထိပ်သို့ ပြေးတက်လာ၏။

ကျွန်တော် တောင်ထိပ်သို့ ရောက်၍ ငုံ့ကြည့်လိုက်သောအခါ တစ်ဖက် တောင်ဆင်ခြေလျှောအတိုင်း ငြိမ်းမောင်သည် မယုံနိုင်ဖွယ် လျင်မြန်ခြင်းတို့ဖြင့် ဆင်းနေသည်။

ငြိမ်းမောင် ရှေ့ရှုသွားရာ တောင်ဆင်ခြေလျှောအဆုံး ကမ်းပါးစွန်း၌ ဖြူဖွေးသော သဏ္ဍာန်လေး တစ်ခုသည် လက်များကို ရှေ့တန်းလျက် ရပ်နေ၏။

ကျွန်တော်သည် အသံကုန်ဟစ်၍ အော်သည်။

" နိုင် ... နိုင် ... နိုင်ရေ ... မောင် လာပြီ၊ နိုင့်မောင် လာပြီ "

သို့ရာတွင် ကျွန်တော့်အသံကို ထစ်ချုန်းပစ်ခွင်းလိုက်သော မိုးကြိုးသံက လွှမ်းသွား၏။ ဝင်းဝင်း လက်သွားသော လျှပ်စီးရောင်တွင် ကမ်းပါးစွန်း၌ လက်ကလေးနှစ်ဖက် ရှေ့တန်းကာ ရပ်နေသော နိုင့်ကို နောက်ဆုံး မြင်လိုက်ရ၏။

ကျွန်တော်သည် တောင်ထိပ်မှ တစ်ဟုန်ထိုး ဆင်းပြေးသည်။ ကိုယ့်အရှိန် ကိုယ်မသတ်နိုင်သော ငြိမ်းမောင်ကို အချိန်မီ ဖမ်းမိပြီး မြေပေါ် အတူလှဲချလိုက်ရ၏။

ကျွန်တော်တို့နှစ်ဦးသည် လေးငါးပတ် လိမ့်သွားပြီး ကမ်းပါးစွန်းရှိ ကျောက်စွယ်တစ်ခုနှင့် ခံကာ ရပ်သွားသည်။

ကမ်းပါးစွန်း၌ နိုင်မှု မရှိပြီ ...။

ကျွန်တော်က လွင့်စင်သွားသော လက်နှိပ်ဓာတ်မီးကို အရေးတကြီး ရှာသည်။ ကံအားလျော်စွာ ကျွန်တော်တို့ မလှမ်းမကမ်း၌ သွားတွေ့၏။

ကျွန်တော်နှင့် ငြိမ်းမောင်သည် ကမ်းပါးစွန်း၌ တစ်ဦးကို တစ်ဦးဖက်ရင်း တုန်လှုပ်စွာ ရပ်နေကြသည်။

ကမ်းပါးစွန်းမှ ချောက်အခြေဆီသို့ ရေများ တဟောဟော စီးဆင်းကျနေသည်။

ကျွန်တော်က ချောက်အခြေဆီ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

ဝေးလံသော အောက်ခြေတွင် ခွေခွေလေး လျောင်းလဲလျက်ရှိနေသော နိုင့်ကို တွေ့ရပါသတည်း ...။ တွေ့ခဲ့ရပါသတည်း။

❑

စဝ်စံထွန်းဆေးရုံကြီးသို့ ရောက်ခဲ့ပြီးသည့် အချိန်မှစ၍ ကျွန်တော်သည် လူနာပေါင်းများစွာ၏ အသက်ကို ကယ်ခဲ့ဖူးသည်။ မရဏမင်းနှင့် စစ်ခင်းပြိုင်ရာ၌ တစ်ကြိမ်မျှ ကျွန်တော် မရှုံးဖူးသေး။

ယခုမူ သူ့အလှည့်ရောက်၍ ကျွန်တော် လက်မြှောက်အရှုံးပေးရမည်ကဲ့သို့ ရှိနေပါသည်။

ကျွန်တော် အရှုံးပေး၍ သူ့လက်တွင်း အပ်နှင်းရဖွယ်ဖြစ်နေသော လူနာမှာ ကျွန်တော့် အချစ်ဆုံးသူ တစ်ယောက် ဖြစ်နေသည့်အတွက်သာ အသည်းက နာလှပါ၏။

သတိပြန်လည်မလာသေးသော နိုင့်ကို သွေးသွင်းပေးထားရ၏။ ဤသွေးတို့သည် နိုင့်အသက်ကို ကယ်ယူရန် မလွယ်မှန်း ကျွန်တော်သာ အသိဆုံးဖြစ်ပါ၏။ အသိဆုံးဖြစ်၍ နလုံးကြေလုရှိသည်။

ကျွန်တော်နှင့်အတူ နိုင့်ဘေးတွင် ဖေဖေ ရှိသည်။ လှိုင် ရှိသည်။

ကျွန်တော်တို့အပေါ် ဖခင်ပမာ ကြင်နာသော ဆေးရုံအုပ်ကြီးကိုယ်တိုင်လည်း ရှိနေသည်။

www.burmeseclassic.com



ကျွန်တော်တို့အားလုံးသည် တစ်စတစ်စ အသက်ရှုမြန်လာကာ လှုပ်ရှားနေသော ခိုင့်ရင်ကို နောက်ဆုံး မျှော်လင့်ချက်အဖြစ် ကြည့်နေကြသည်။

ခိုင့်နှလုံးခုန်သံ မြန်လာသကဲ့သို့ ကျွန်တော်တို့ နှလုံးများကလည်း ခုန်နေကြသည်။ ခိုင့်အသက်ရှူသံ ပြင်းလာသကဲ့သို့ ကျွန်တော်တို့ အသက်ရှူသံများကလည်း ပြင်းလာကြသည်။

နှစ်၊ လ၊ ရက်ပမာ တွက်ဆရသော စက္ကန့်များ အဆုံး၌ ကျွန်တော်တို့၏ အနိမ့်ဆုံး မျှော်လင့်ချက်သည် ပြည့်ဝ လာ၏။

ခိုင့်နှုတ်ခမ်းလေးများက လှုပ်လာ၏။ ခိုင့်မျက်တောင်ကော့များကလည်း ပင်ပန်းစွာ တစ်ချက် ပွင့်လာပြီး ပြန်မှိတ် သွား၏။

ကျွန်တော်သည် ခိုင့်လက်တစ်ဖက်ကို ဆုပ်ကာ ခေါ်မိသည်။

“ ခိုင် ...၊ ခိုင်ရေ ...”

မှိတ်ဆင်းကျသွားသော မျက်တောင်ကော့ကြီးများက အသာအယာ ပြန်တက်လာသည်။

“ ခိုင် ...၊ ခိုင်ရေ ... မောင် ခေါ်နေတယ်လေ ... ကြားရဲ့လား ”

ဤအကြိမ်တွင်မူ မျက်တောင်ကော့များ ပြန်မပိတ်၊ မျက်လုံးများ၌ မှေးမှိန်သော အရောင် ထွက်လာသည်။ နှုတ်ခမ်းလေးများ လှုပ်လာပြီး တိုးညင်စွာ ဖျော့တော့သော ခေါ်သံကြားရသည်။

“ မောင် ...”

“ ဟုတ်တယ် ခိုင် ... မောင် ခေါ်နေတယ်လေ ... ခိုင့်မောင် ခေါ်နေပါတယ် ”

ခိုင့်အသံ ပြန်ထွက်မလာ။ ခိုင့်လျှာလေးက သွေ့ခြောက်သော နှုတ်ခမ်းများကို လျက်လာသည်။

ကျွန်တော်က လှိုင့်ကို လှမ်းကြည့်သည်။

လှိုင်က ခိုင့်ပါးစပ်တွင်းသို့ ရေပေါက်များ တစ်စက်စီ ချပေးသည်။ ထိုစဉ် လှိုင့်မျက်လုံးများမှ မျက်ရည်များလည်း တစ်ပေါက်စီ လိမ့်ဆင်းကျလာနေ၏။

ဖေဖေက နေရာမှ ထွက်ခွာသွားသည်။ ဆေးရုံအုပ်ကြီးလည်း လိုက်ပါသွားသည်။

လှိုင်သည် ရေစက်ချပေးခြင်းကို ရပ်လိုက်ပြီး သူ့အစ်မကို ပါးချင်းအပ်လျက် ဆိုရှာသည်။

“ မမခိုင် ... သတိရပြီနော် ...။ လှိုင် စကားပြောနေတယ် ...။ လှိုင့်ကို မှတ်မိရဲ့လား ...”

ခိုင့်လက်တစ်ဖက်သည် ဖြည်းညင်းစွာ မြှောက်တက်လာပြီး လှိုင့်ကျောကို ပွတ်သပ်သည်။ နှုတ်မှလည်း တိုးညင်း အားပျော့လင့်ကစား ပီပြင်ပြတ်သားသော စကားသံ ရှေးဦးစွာ ပေါ်လာ၏။

“ လှိုင် ... ညီမလေး ... မမခိုင် ... မှတ် ... မှတ် ... မှတ်မိတယ် ”

လှိုင်သည် အံကြိတ်ထား၏။ စကားမှ မပြန်နိုင်ဘဲ ခိုင့်ကိုသာ ပါးချင်းပွတ်၍ မျက်ရည်ပေါက်ပေါက် ကျနေသည်။ လှိုင့်မျက်ရည်ပေါက်များက ခိုင့်ပါးပေါ်သို့ ကျနေ၏။

ခိုင့်လက်ချောင်းကလေးများက လှိုင့်ပါးကို စမ်းသပ်ကြည့်သည်။

“ လှိုင် ငိုနေသလား။ ဘာဖြစ်လို့ ငိုရလဲကွယ် ...”

ကျွန်တော်သည် လှိုင့်ကို သတိပေးမည် ပြုသည်။ သို့ရာတွင် နောက်ကျသွားပေပြီ။

သေခြင်းတရားကို မဆန်းစွာ ရင်ဆိုင်နေခဲ့သော ဆရာဝန်မတစ်ဦး၏ ဘဝကို လှိုင် မေ့သွားဟန် ရှိသည်။ ကလေး တစ်ယောက်ပမာ ရှိုက်ဖိုငိုကြွေး၍ ဆိုသည်။

“ လှိုင် ငိုနေပါတယ် မမခိုင်၊ လှိုင့်ကို ခွင့်လွှတ်ပါ။ လှိုင် ဘာမှမသိဘူး၊ လှိုင် တကယ် ဘာမှ မသိဘူး။ အို ... လှိုင် ... တကယ် ဘာမှ မသိပါဘူး မမခိုင် ”

ကျွန်တော်သည် လှိုင့်ပုခုံးလေးကို ဆွဲယူပွေ့ထူသည်။ လှိုင်သည် သူ့ဘဝကို သူသတိရသွားဟန် တူသည်။ မျက်ရည်များကို သုတ်ပစ်ပြီး ဖွတ်အတင်းပြုံးလျက် သူ့အစ်မကို အထက်မှ မိုးစီးလျက်ဆိုသည်။

“ မမခိုင်၊ လှိုင် ခဏသွားဦးမယ်။ ကိုကိုနဲ့ စကားပြောနေဦးနော် ...။ လှိုင် သွားတော့မယ် ...”

www.burmeseclassic.com



လှိုင်သည် မျက်နှာကို လက်ဝါးနှင့် အုပ်လျက် အခန်းတွင်းမှ ထွက်ပြေးသည်။

ကျွန်တော်သည် ခိုင့်လက်ကလေးကို ပြန်လည်ဆုပ်ကိုင်မိသော်လည်း ဘာစကားမျှ မဆိုနိုင်ဘဲ မျက်နှာကလေး ကိုသာ ငုံ့ကြည့်မိသည်။

" မောင်လား ..."

" ဟုတ်တယ် ခိုင် ..."

" လှိုင် သွားပြီလား ..."

" သွားပါပြီ ခိုင် ..."

ခိုင့်မျက်လုံးများမှ မျက်ရည်များ စီးကျလာ၏။ ကျွန်တော် ဆုပ်ကိုင်ထားသော သူ့လက်ကို ရုန်း၍ ကျွန်တော့် လက်မောင်းကို သူပြန်ဆုပ်၏။ ထို့နောက် ပြုံးဝှေ့ဝှေ့ဖြင့် မမေ့နိုင်အောင် ဆိုသည်။

" လှိုင် သွားပြီနော် ... သြော် ... ခိုင်လည်း သွားတော့မယ် မောင် ..."

" အို ... ဘာတွေပြောနေတာလဲ ခိုင်ရယ် ..."

ခိုင်က မျက်ရည်ကြားမှ ပြုံးရှာ၏။

" ခိုင်ပြောတာကို မောင် နားလည်ပါတယ် ... ခိုင် သွားရတော့မယ်။ မောင် ... မောင့်ကို ခိုင် နှုတ် ... နှုတ် ... ဆက်တယ် ..."

" အို ... ခိုင်ရယ် "

ခိုင်က ပြုံးပြန်ရှာသည်။ ကျွန်တော့်လက်မောင်းကို ဆုပ်ထားသော ခိုင့်လက်များက ပိုတင်းကျပ် မြဲမြံလာသည်။

" ခိုင်ပြောတာကို မောင် နားလည်ပါတယ်။ ခိုင့်ကို မညာပါနဲ့နော် မောင်။ ခိုင့်ကို မောင် ဘယ်တုန်းကမှ ညာလို့ မရခဲ့ဘူး "

ကျွန်တော်သည် နှုတ်ခမ်းကို ပြတ်လုမတတ် သွားဖြင့် ခဲထားမိသည်။

" မောင် ..."

" ခိုင် ... ခိုင်ရေ "

" ခိုင် ... နောက် ... နောက်ဆုံး ... ပြော ... ပြောခဲ့မယ်၊ မောင့်ကို မညာဘူး၊ ခိုင် ... မောင့် ... မောင့် ... ကို ဘယ်တုန်းကမှ မ ... ညာခဲ့ဘူး "

ခိုင့်မျက်နှာတွင် မျက်ရည်တို့ ရွှဲနေ၏။

ကျွန်တော့်မျက်လုံးများမှ မျက်ရည်တို့ကိုလည်း ကျွန်တော် တား၍မရ။

ခိုင်ကသာ ပင်ပန်းစွာဖြင့် ဆက်ပြောသည်။ မပြောရန် ကျွန်တော် မတားမြစ်နိုင်၊ တားမြစ်ရန်လည်း မလိုပါတော့။

" မောင့်ကို ခိုင် မညာပါဘူး။ မောင့်ကို ခိုင် ... ချစ်တယ်။ သိပ် သိပ် ချစ် တယ် "

ဘာကိုမျှ ကျွန်တော် မဆိုနိုင်။ ဆို၍လည်း မရ။ အံကြိတ်၍သာ ခံနေရ၏။ ခိုင်ကသာ ဆွေးမြေ့ မဆုံးအောင် ပြောနေသည်။

" မောင်ကလည်း ခိုင့်ကို ချစ်ပါတယ်။ ဒါကို ခိုင် သိတယ်။ ခိုင့်ကို မညာပါနဲ့ မောင်။ ခိုင့်ကို ချစ်တယ်လို့ ပြောစမ်းပါ မောင်။ နောက်ဆုံးအနေနဲ့ ပြောစမ်းပါ မောင်ရယ် "

ခိုင့်စကားကြောင့် ကျွန်တော် ငိုင်သွားမိသည်။ ရှိသမျှလေသော အားတို့ကို ယူကျုံးရသည်။ နှလုံးသားမှ ရနိုင်သော အဖြူစင်ဆုံး စကားကို ရွေး၍ ကြိုးစားပြောရသည်။

" ခိုင် ကြားချင်တဲ့စကားကို မောင်ပြောပါ့မယ် ခိုင် ...။ ဒါပေမယ့် မောင့်စကားဆုံးအောင် နားထောင်ပါ "

ခိုင်က နှုတ်ဖြင့် မဖြေ။ ကျွန်တော့်လက်မောင်းကိုသာ တင်းအောင် ပြန်ဆုပ်လိုက်၏။

www.burmeseclassic.com



" မောင် အခု ငိုနေတယ် နိုင်။ ဒါကို မောင် မညာတော့ပါဘူး။ အစကတည်းက မောင် မငိုချင်ခဲ့ပါဘူး။ ဘယ်သူ့ကိုမှလည်း မငိုစေချင်ခဲ့ပါဘူး။ ဒါကို နိုင် အသိဆုံးပါ "

နိုင်က အသိအမှတ်ပြုဟန် ကျွန်တော့်လက်မောင်းကို ညှစ်ပြရှာ၏။

" ချစ်ပါတယ် နိုင်ရယ် ...။ နိုင့်ကို မောင် သိပ်ချစ်ပါတယ်။ ဒါပေမယ့် ငိုရတဲ့ အချစ်မျိုးနဲ့ ချစ်ပါတယ်လို့ မောင် မပြောပါရစေနဲ့တော့။ မငိုရတဲ့ သူငယ်ချင်းချစ်နဲ့ပဲ ချစ်လိုက်ပါရစေ။ သံသရာ အဆက်ဆက် ပြန်ဆုံတွေ့တဲ့ရက်အထိ နိုင့်ကို သူငယ်ချင်းအဖြစ်နဲ့ပဲ မောင် ... ဆက်ချစ်ပါရစေ နိုင် ..."

စင်းမှေးထားသော နိုင့်မျက်တောင်ကော့များက ခေတ္တ ပွင့်ပုံလာသည်။ နိုင့်မျက်လုံးပြာများ၌ နောက်ဆုံးပွင့်သော ကြယ်ရောင်၊ လရောင်ကို ကျွန်တော် မြင်လေရသည်။

နိုင့်နှုတ်ခမ်းသည် တဖြည်းဖြည်း ရွှေ့လျက် အပြုံးပန်းပွင့်လာသည်။

မျက်တောင်ကော့များ ပြန်ပိတ်သွားသည်။ ကြယ်ရောင်၊ လရောင်တို့လည်း ပျောက်သွား၏။ ကျွန်တော့်လက်မောင်းကို ဆုပ်ထားသော နိုင့်လက်သည်လည်း ပြေကျသွားသည်။

နိုင့်နှုတ်ခမ်းမှ အပြုံးပန်းသည်သာ ပွင့်လန်းရှင်သန် ကျန်ရစ်ပါလေ၏။

ကျွန်တော်သည် နိုင့်လက်ကလေးနှစ်ဖက်ကို နိုင့်ကိုယ်ပေါ်တွင် ယှက်ခတ် တင်ပေးသည်။ ခြေရင်းမှ စောင်ကိုလည်း မျက်နှာအုပ်သည်အထိ လွှမ်းခြုံပေးလိုက်သည်။ နိုင်၏ ဝါဝင်းသော မျက်နှာလေးကို စောင်ဖြင့် မအုပ်မိမီ ... နဖူးလေးကို နမ်း၍ တောင်းပန်မိသည်။

" မောင့်ကို ခွင့်လွှတ်ပါ နိုင် ..."

ကျွန်တော်သည် အခန်းအပြင်ဘက်တွင် ထွက်၍ ဆရာဝန်တစ်ဦး၏ သမာဓိနှင့်အညီ တည်ငြိမ်စွာ ကြေညာရပါ၏။

" နိုင် ... ဆုံးသွားပါပြီ ..."

သူတို့ဆီမှ ဘာမျှ မေးခွန်းတို့မလာမီ ကျွန်တော့်ရုံးခန်းသို့ ကျွန်တော် မပြေးရုံတမည် သွက်သွက် ထွက်လာခဲ့၏။

စားပွဲပေါ်တွင် မျက်နှာမှောက်၍ ကျိတ်ရှိုက်နေမိသည်။

မည်မျှကြာအောင် ကျိတ်ရှိုက်နေမိသည် မသိ ...။ ကြမ်းပြင်ကို တဒေါက်ဒေါက်နှင့် ထောက်ဝင်လာသော အသံကို ကြားရသောကြောင့် မော့ကြည့်လိုက်မိသည်။

ချိုင်းထောက်ကြီးကို အားပြုလျက် ငြိမ်းမောင်သည် မားမားကြီး ရပ်နေ၏။

ကျွန်တော်က နေရာမှထကာ သူ့ကို ရင်ဆိုင်သည်။ သူက ခနဲ့ညားတည်ကြည်စွာပြုံးလျက် ကျွန်တော့်ကို စိုက်ကြည့်နေ၏။

" မင်း ဘာကိုပြုံးတာလဲ ငြိမ်းမောင်။ ငါ့ကို လာသရော်တာလား။ မင်း သိတယ်။ မင်း ကောင်းကောင်း သိတယ်။ နိုင် သေရတာမှာ ငါဟာ အဓိကတရားခံ သိလား ...။ နိုင့်ကို ငါသတ်တာ သိလား ... ဟေ့ ... ငြိမ်းမောင် "

ငြိမ်းမောင်၏ အပြုံးသည် ပိုမိုကျယ်ဝန်း နက်ရှိုင်းလာသည်။ မျက်လုံးများ၌ မျက်ရည်ဝိုင်းနေသော်လည်း တည်ငြိမ်စွာဖြင့် သူက ဆို၏။

" နိုင့်ကို မင်း သတ်ခဲ့တယ်ပဲ ဆိုပါစို့ ...။ ဒါပေမယ့် **တခြားသူငယ်ချင်းတစ်ယောက်ကို မင်း ချစ်လွန်းလို့ မင်း နိုင့်ကို သတ်ခဲ့ရတာ** ...။ ငါ ဒါကို လာတောင်းပန်တယ် မောင် "

သူက မျက်ရည်ဝိုင်းလျက် ပြုံးရင်း ကျွန်တော့်ကို တည်ငြိမ်စွာ စိုက်ကြည့်နေသည်။

ကျွန်တော်က သူ့ကို မယုံကြည်နိုင်စွာ ခေတ္တ ငေးကြည့်မိသည်။

www.burmeseclassic.com



နောက်ခဏတွင်မူ ငြိမ်းမောင်၏ ခါးကိုဖက်ကာ ကျွန်တော်သည် ကလေးငယ်တစ်ယောက်ပမာ ချုံးပွဲချ ငိုကြွေးမိပါလေသတည်း။

www.burmeseclassic.com



## ( ၃၆ ) နှမပြာဝင်း နေရစ်မင်း

ဘဝဟူသည်ကို သစ်ရွက်နှင့် ပမာပုံခိုင်း၍
နှိုင်းစတမ်းဆိုပါလျှင် ...

တစ်ရိုးတံအလွှာငယ် တစ်ဆယ်မကနှင့်
ကြွယ်လှသော စိန်ပန်းရွက်နှယ် ဘဝမျိုးလည်း ရှိသည်။

တစ်ညှာတွင် တစ်လွှာရှိ၍ ဤတစ်လွှာပင်တစ်ရွက်မည်သော
ညောင်ရွက်ကဲ့သို့ ဘဝမျိုးလည်း ရှိပါ၏။

ခိုင်နှင့် ကျွန်တော့်ဘဝမှာမူ ...
နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်ရသည့်
စွယ်တော်ရွက်ပမာသာ ဖြစ်ခဲ့ရသည်။
တစ်လွှာကြွေခဲ့လေပြီမင့် တစ်ရွက်မမည်လေတော့သော
အထီးကျန် ဤဘဝငယ် ...

ကြယ်ကြွေကို လည်ကာကောက်သည့် တစ်ယောက်သော သူရူးပမာ ခိုင့်ဂူဘေးတွင် ရပ်ရင်း ကျွန်တော်သည် ရှည်လျားသည့် ဤဇာတ်လမ်းကို အသည်းကြွေလုလုဖြင့် ပြန်လည်တ,သ သတိရနေမိပါသည်။

သွားလေသူတစ်ဦးဖြစ်သည့် တင်မောင်ညွန့်ကို တစ်ချိန်က မေတ္တာတရားနှင့် ဥပါဒါန်တရားကို ခွဲခြားလျက် ကျွန်တော် ပြောကြားခဲ့ဖူးသည်။ ယခုမူ ကျွန်တော့်စကားများက ကျွန်တော့်ကို ပြန်လှန် သရော်လှောင်ပြောင်နေလေပြီ။

သိလျက်နှင့်လေ၊ ဝိပါက်ကြမ္မာ ထင်ရဲ့ဟု ကိုယ့်ဆင်ခြေ ကိုယ်ပေး၍ အေးကွက် ရှာကြည့်ပြန်ပါသော်လည်း ကိုယ့်နှလုံးသားက ကိုယ့်တရားကို ကိုယ်ပြန်လည် လက်မခံနိုင်လေပြီ။

အိပ်မက်ဆိုး မှတ်ထင်ချင်ပါလျက်နှင့် မမှတ်နိုင်လေပါသော ဤသမုဒယဇာတ်လမ်းသည် အလွမ်းနှင့် တခန်းရပ်ခဲ့သည်မှာ တစ်နှစ်ပြည့်ခဲ့ပါပြီ။ တစ်နှစ်လည်ခဲ့ပါပြီ။ တစ်နှစ်လည်ခဲ့ပါလေသဖြင့် ရွက်ဝါရွက်ကြွင်းတို့က မြေဆီသို့ သက်ဆင်းနေကြပါလေပြီ။

စွယ်တော်ရွက် တစ်လွှာပမာ ခိုင့်ခမျာ ကြွေသက်ခဲ့ရလေပြီးသည့်နောက်တွင် ကျွန်တော့်ဘဝမှာလည်း တစ်ရွက် မမည်ပါလေတော့။ တစ်ရွက်မမည်ပါလေတော့ ...။

ကျွန်တော့် ချယ်ရီဦးကို တစ်ကြိမ်က ကြည်နူးစွာ ခေါင်း၌ ဆင်ခဲ့ဖူးသည့် လိုင်တစ်ယောက်လည်း ကျွန်တော့်ထံပါးမှ ပြေးခွာပျောက်ကွယ် သွားခဲ့ပါပြီ။ သွားခဲ့ပါလေပြီ။

တစ်ယောက်သူ၏ ဈာပနသည် ကျန်တစ်ယောက်သောသူနှင့် ကျွန်တော်တို့၏ မင်္ဂလာကိုပါ ပြာချ သင်္ဂြိုဟ်ခဲ့သည်မှာ မဆန်းဟုသာ စိတ်ဖြေယူရသည်။

သံသာလေကမ်းတိုင်၊ တူပြိုင်ကာကူးပါမည်ဟု ဘဝကိုပင် မပိုင်ပါပဲလျက်က ပို၍မနိုင်ရာဖြစ်သည့် သံသရာ အနာဂတ်ကို ကြိုတင်အစိုးရ မင်းမူမိသဖြင့် ကံကြမ္မာက သရော်လှောင်ပြောင်သည့်အတွက် ကျိတ်ရှိုက်ရင်းက ခေါင်းစင်း အရှုံးပေး သည်းခံရပါလေသည်။

သူကလေးမှာ ငယ်ရွယ်သူမို့ မမှန်းပါဘူး ဆိုလျက်က အဆုံးတိုင် ခွဲကြဖို့ မျက်ရည်လည်ရွဲ အသည်းနင့်နင့် နှုတ်ဆက်စဉ်အခါ၌လည်း သုညဘဝတို့ ရောက်ပြီမင့် … အနုတ်လက္ခဏာကို မကြောက်သာ ပြီကြောင့် အသည်း အောင့်လျက်နှင့် ခေါင်းငိုက်ကာ ကျိတ်ရှိုက်ရင်း ခွင့်လွှတ်လိုက်ရ ပြန်ပါလေသည်။

" ကိုကို့ကို လှိုင် သိပ်ချစ်ပါတယ်။ အို … သိပ်ချစ်လို့ပဲ စုလှိုင် ခွဲပါရစေတော့ ကိုကိုရယ် …

ကေသရာဇာ ခြင်္သေ့မင်းတို့မည်သည် တစ်ဂူမှာ နှစ်ကောင် မအောင်းဘူး …တဲ့၊ ဒီလိုပဲ မိန်းမသား ဆိုတာ အသည်းနှလုံးတစ်ခုထဲမှာ နှစ်ယောက် အတူမနေနိုင်ဘူး ကိုကို …။

ကိုကို့အသည်းနှလုံးလိုဏ်ဂူဟာ လှိုင့်တစ်သက်မှာ နေနားတော့မယ်လို့ မြတ်နိုးမှတ်ယူမိတဲ့ စခန်းသာ ဖြစ်ခဲ့တယ် ကိုကို …။ ဒါပေမယ့် ဒီစခန်းသာမှာ လှိုင့်ထက် ဦးရုံမက ဘဝကို ခေါင်းချသွားခဲ့တဲ့ မမခိုင်က ရှိနှင့်ပြီးပါပြီ ကိုကို။

လှိုင် ပြုံးရယ်မယ်ကြံတိုင်း မမခိုင်ရဲ့ ရှိုက်သံတွေ ပဲ့တင်ထပ်နေမယ့် ဒီစခန်းဂူချောင်မှာ လှိုင် ဘယ်လိုလုပ် ပျော်အောင်နေဝံ့ … နေရဲပါ့မလဲ …။ ဟင် … ကိုကို …။

လှိုင် သိပ်ချစ်တဲ့ ကိုကို့ကို လှိုင် ရှိသေစွာ ကန်တော့ခဲ့တယ်။

ကိုကို့ကို လှိုင် ပြောပြဖူးခဲ့တဲ့ ဥစ္စာစောင့်ဘဝကိုပဲ လှိုင် ရွေးချယ်လိုက်တယ် …။

မိခိုင်ကို ချစ်သလို မိလှိုင်ကိုလည်း ခွင့်လွှတ်ပါ။ လှိုင့် … ကိုကိုမောင် "

လှိုင် …၊ သို့မဟုတ် … ကျွန်တော်က ချစ်မဝ … ချစ်စနီး ခေါ်ခဲ့ရသော စုလှိုင် …။

ခွင့်လွှတ်ပါသည် လှိုင် …။ အချစ်ဆိုသည်မှာ ဘဇာဟူ၍ မသိပါပြီ လှိုင်။ ကိုယ့်အချစ်ကိုပင် ကိုယ်မသိနိုင်သည့် ဘဝမို့ သူ့အချစ်ကို အပြစ်လည်း မမြင်ထင်နိုင်ပါ။ သနစ်လည်း မဆင်ခြင်ပိုင်ပါ …။

အချစ်မည်သည်ကို ပိုင်ဆိုင်ခြင်းအဖြစ်ဖြင့် မမှတ်ယူနိုင်သော် … ခွင့်လွှတ်ခြင်းအဖြစ်နှင့် ကြည်ဖြူ မှတ်ယူရပါမည် စုလှိုင် …။

စိတ်မနာဘဲ ပြေးရှာသူကလေးကို ဝေးရာမှပင် ကျွန်တော် ခွင့်လွှတ်နေရပါသည်။ ခွင့်လွှတ်နေရပါ၏။

ခိုင့်ဈာပနအပြီးတွင် လှိုင်သည် ခွင့်ရက်ရှည် ယူသွားသည်။ ခွင့်စေ့ပြန်သော် ပုသိမ်သို့ ပြောင်းသွားသည်။

ပြဿနာတို့ မရှင်းနိုင်အောင် ရှုပ်သဖြင့် အထုပ်မပြေနိုင်ဘဲ ခွဲကြရစဉ်အခါက ဖေဖေသည် ကျွန်တော့်ကို အနားယူ၍ သန်လျင်သို့လိုက်ရန် ခေါ်ခဲ့သည်။

သန်လျင်သို့ ကျွန်တော် မလိုက်ရဲပါ။ အတိတ်ကာလ၏ အိပ်မက်ပမာ ခြောက်လှန့်လေမည်ဖြစ်သော လွမ်းစရာတို့ကို ရင်မဆိုင်ရဲသည့်နည်းတူ ပစ္စုပ္ပန်၌ကြွင်းသော ဥပါဒါန်သရုပ်ဖြစ်သော ခိုင့်ဂူဘေး၌လည်း ဆွေးလျက်နှင့် ငိုမနေရဲပါ။ အနာဂတ် အတွက်လည်း ပရမတ်သစ္စာကို မြင်နိုင်သမျှ ကြည့်နိုင်ရေးအတွက် ဦးဇင်းထံသို့မှ ပြေးဝင်ခိုမှီးခဲ့ပါသည်။

အမှားဘဝ သောကဝဋ်အထွေထွေမှ တရားပြတိုင်းလည်း မကျွတ်မကြေနိုင်ပါ။

ရွက်ဝါကြွေသော ဤနွေတွင် ခိုင့်ဂူဘေးသို့လာ၍ တွေဝေငိုင်မောရသည်။

မစိုပြည်သော အထီးကျန် ဤဘဝ၌ ခိုင့်ကိုသာ တိုင်တည်လွမ်းရသည်။

**" ပတ်ဝန်းကျင်ကို မမြင်ချင်၊ မကြားချင်၊ မသိချင်ပါ ခိုင် …။ ပစ္စုပ္ပန်မှာလည်း မောင် မပျော်ပါဘူး ခိုင် …။ အနာဂတ် ဆိုတာကိုတော့ တွေးမိတိုင်း ကြောက်လန့်မိတယ် မိခိုင်ရယ် … "**

မမြင်ချင်သော်လည်း ပတ်ဝန်းကျင်ကို ကျွန်တော် မြင်နေရသည်။

ကျွန်တော် မြင်နေရသော ပတ်ဝန်းကျင်မှာ လေငင်တိုင်းရိုင်းရိုင်းသဲသဲ ဝဲဝဲလွင့်လွင့်၊ ဆင့်ဆင့် ဆက်ဆက် ကြွေသက်နေသော ရွက်ဝါရွှေ မြေသည့် နွေလရက်ဆည်းဆာရိပ် ပြာရီရီတည်း။ ကျွန်တော် ရပ်တည်နေရာမှာ မြေပုံမို့မို့ အုတ်ဂူညို့ညို့တို့ဖြင့် မှို့အသရေ မရှိပါလေသော သချိုင်းမြေသာတည်း။

www.burmeseclassic.com



ရွက်ဝါဆိုသည်မှာ ဇာတ်လမ်းဆုံးခန်းတွင် လွမ်းတေးမဆိုဘဲ ငိုပွဲကို ဟန်အမူအရာဖြင့် သယ်ယူတတ်သည့် ရာသီ၏ ကချေသည်များသာဖြစ်ပါ၏။

ရာသီကချေသည်တို့၏ ငိုပွဲကို အသည်းကြွေလုဖြင့် ရှုမြင်နေရင်း ကျွန်တော်သည်သာ မငိုရဲပါ။

**" ငိုချင်ပါရဲ့ ခိုင် ...။ ဒါပေမယ့် ဆိတ်ငြိမ်တဲ့ ခိုင်ရဲ့ ဝိညာဉ်လောကဟာ မောင့်ရဲ့ ငိုရှိုက်သံတွေကြောင့် နှောင်းဘဝသောက ပဲ့တင်ချက်နဲ့ မပျက်စီးစေလိုဘူး မိခိုင် ...။ မိခိုင်တစ်ယောက် ဖြစ်လေရာဘဝမှာ ငြိမ်းချမ်းပါစေလို့ မောင် ဆုတောင်းတယ် ..."**

ကျွန်တော်သည် ခိုင်၏ ဂူထက် ခိုင် ချစ်သော စံပယ်ပန်းများကို ကြဲရင်း စိတ်တွင်း ရေရွတ်နေမိသည်။

နေက စောင်းလာသည်။ ဆိတ်သုဉ်းသော လူသေကုန်းထက် အမှောင်ရိပ်တို့ မသိမသာ စိုးမိုးဝင်ရောက်စပြုလာ၏။

ကျွန်တော်သည် သက်ပြင်းကို ရှိုက်ပြီး ခိုင့်ဂူဘေးမှ လေးဆေးအားလျော့စွာ ထွက်ခွာလာခဲ့သည်။

တောင်ကမူ မြေမြင့်တစ်ခုထက် အရောက်တွင် တဒေါက်ဒေါက် ပေါ်ထွက်လာသောအသံကို ကျွန်တော် ကြားရသည်။

မြူဆိုင်းသော ပတ်ဝန်းကျင်ကို နောက်ခံပြုကာ ကျွန်တော်ရှိရာသို့ ချိုင်းထောက်ကြီးကို အားပြုလျက် တက်လာသည့် လူတစ်ဦးကို လှမ်းမြင်ရသည်။

" ငြိမ်းမောင်၊ အို ... ငြိမ်းမောင် သူငယ်ချင်း ... မင်း ပြန်လာတယ် "

ငြိမ်းမောင်သည် လက်တစ်ဖက်ဖြင့် ချိုင်းထောက်ကြီးကို အားပြုလျက် အခြားလက်တစ်ဖက်ဖြင့် ကျွန်တော့်ပုခုံးကို ကိုင်ကာ အေးချမ်းစွာ ဆို၏။

" ငါ ပြန်လာခဲ့ပါပြီ သူငယ်ချင်း ...၊ မင်းအိမ်ကို ငါရောက်တော့ ဦးဇင်းလည်း မင်းကို လာစောင့်နေတာ တွေ့ရတယ်။ တစ်နှစ်လည်တဲ့နေ့မို့ မင်း ဒီမှာ ရှိမှာပဲဆိုပြီး တို့ လိုက်လာကြတယ်။ ငါလည်း ပင်စင်ယူခဲ့ပြီ သူငယ်ချင်း၊ မင်းနဲ့ အတူနေဖို့ ငါ လာခဲ့တယ်လေ "

ကျွန်တော်သည် ဝမ်းသာအားရဖြင့် ငြိမ်းမောင်ကို ပွေ့ဖက်ရင်း မေးမိသည်။

" ဒါဖြင့် ... ဦးဇင်းရော ..."

" ဦးဇင်းက သင်္ချိုင်းကုန်း အပေါက်ဝ ဟိုအပြင်ဘက်မှာ စောင့်နေတယ် "

ကျွန်တော် လှမ်းကြည့်လိုက်သောအခါ သင်္ချိုင်းကုန်းအပြင်ဘက်၌ စိမ်းလန်းသော တောတောင်သစ်ပင်များကို နောက်ခံပြုလျက် တည်ကြည်စွာ ရပ်နေသော ဝါဝင်းသည့် ဦးဇင်း၏ အသရေတော်ကို ဖူးမြင်တွေ့ရသည်။

နေလုံးကား ဟဲဟိုးတောင်တန်းများနောက်ကွယ်၌ ဝင်စပြုလေပြီ ...။

သင်္ချိုင်းမြေတွင် အရိပ်တို့ကျကာ အမှောင်လွှမ်းစပြုလေပြီ။

အရှေ့တောင်တန်းထက်တွင် ထွက်ပြူစ ငွေလပြည့်ဝန်းကို တွေ့ရသည်။

ငြိမ်းမောင်နှင့် ကျွန်တော်သည် တစ်ဦးခါးကို တစ်ဦးဖက်ရင်း ခိုင်၏ ဂူလေးကို ပြိုင်တူ ငေးကြည့်လိုက်မိကြသည်။

ကျွန်တော်တို့ နှစ်ဦးလုံး စကားမဆိုနိုင်ကြပါ။ ဆိုစရာ စကားများတို့ ရင်၌ အပြည့်ရှိကြပါသည်။ နှုတ်တို့မှသာ အသံထွက် မရေရွတ်ရဲ။

ငြိမ်းမောင်က အဘိဓမ္မာဆန်စွာ သူ့ရင်တွင်း၌ ဘာကို ရေရွတ်နေရှာမည်ဟု ကျွန်တော် မသိ။

ကျွန်တော်ကသာ စိတ်တွင်းမှ တိုးတိုးတိတ်တိတ် ကျိတ်၍ နှုတ်ဆက်ရပါ၏။ ခိုင့်ကို နှုတ်ဆက်ရပါ၏။

www.burmeseclassic.com



" ချစ်ရိပ်ပွင့်ကို
လုလင့်ဘာသာ
ပျူငှာဆန်းဆို
လွမ်းလိုလိုနှင့်
သံချိုမြမြ
နှမပြာဝင်း
နေရစ်မင်းဟု ..."
နေရစ်မင်းဟု ...၊ နေရစ်မင်းဟု ...။

❑❑❑

တက္ကသိုလ်ဘုန်းနိုင်
၂၂၊ ၅၊ ၆၄